www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည့်

# ချယ်ရီ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၈၈ နိုဝင်ဘာ ၂၀၁၃



တာဝန်ခံစာတည်း

**မျိုးမြင့်ညိမ်း**

စာတည်း

**လင်းနိုင်ဦး**

အမှုဆောင် စာတည်း

**မသီတာ**(စမ်းချောင်း)

သတင်း စာတည်း

**ခင်လေးမြင့်**

ရွှေပန်းချီ
ဇော်ဝင်း
(ဂျက်ပျော်သီး)
ဆန်နီညိမ်း
ဖေညွန့်ဝေ
မုတ်သုံ
မြင့်မောင်ကျော်
မျိုးမြင့်
လှမြင့်ဆွေ
လင်းဝဏ္ဏ
ဇော်မောင်
ဝင်းတင့်
မောင်နိုး၊ စိုးအောင်
အောင်ကျော်
ဖေသစ်တည်
ရန်နိုင်ဦး၊ ထွန်းအံ့
Win Iszudia

၂၄ နှစ်ပြည့်

ဓာတ်ပုံ-ခင်လေးမြင့်

ချက်နှာဖုံးဓာတ်ပုံ ကိုလင်း(Studio-K) ရှေ့ဒီဇိုင်း ခိုင်ဇင်ထွန်း၊ ဖြိုးဦးပိုင် ရှေ့ဓာတ်ပုံ ကိုလင်း(Studio-K)
လင်းနိုင်ဦး၊ ခင်လေးမြင့် ရှေ့စာစီစာပြု - ချစ်နှင်းဖြူ၊ နိုင်ခွန်အား စိမ်းလဲ့စံ၊ မိုးမိုးမြင့် စာပြင် - ကျော်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com



# ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၈၀ နိုဝင်ဘာ ၂၀၁၃

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်


**သူ့ကိုအခရေး**

၆။ အောင်သန်းထွန်း
ရွှေရစ်သူမှ ရွှေချစ်သူသို့

၁၂။ ဝင်းငြိမ်း
ရွှေမင်းသား၊ ရွှေမင်းသမီး

၁၈။ ခင်လေးမြင့်
သည်းခံမှုများနဲ့ နေတိုး

**One Minute Interview**

၂၈။ ခင်လေးမြင့်
အိန္ဒြာကျော်ဇင်
စိုးမြတ်နန္ဒာ

**လှူမှုဝန်းကျင်**

၃၂။ အယ်ဒီတာ
၂၀၁၂ ခုနှစ် အကယ်ဒမီ
စာရင်းဝင် ရုံတင်ပြသခဲ့တဲ့
ဇာတ်ကားများ

၄၂။ လင်းနိုင်ဦး
ခင်လေးမြင့်
စင်ပေါ်မှာ
သီချင်းဆိုတဲ့အခါ

၅၈။ ခင်လေးမြင့်
ဘဝမှာ မှတ်မှတ်ရရဆိုတာ
မရှိတဲ့ ပြေတီဦး

၇၀။ ခင်လေးမြင့်
ရောသမဖက်ရှင်များ

**ရွှေရုပ်ရှင်**

၇၆။ ခင်လေးမြင့်
ပျော်ပြီးရင်းပျော်

၈၂။ လင်းနိုင်ဦး
အနုဘစ်
ဆင်းနိနံပါတ် ၁၀

**နိုင်ငံတကာစာမျက်နှာ**

ဇာနည်ညီမိုး ၆၂။
ကက်သရင်းပြောတဲ့
သား ဂျက်ဆင်

ဝင်းငြိမ်း ၇၄။
ရမ္မက်ဇော

ရာပြည့် ၉၀။
One Direction Interview

ဒိုဟာအောင်၊ NY၊ ၁၀၀။
ဂျန်နီဖာဂါနာ

**ရွှေဂီတ**

နေဝင်းမြင့် ၁၃၂။
ထိလုမိုးဆီ တိမ်သို့မီသား
(မာမာအေးနှင့်
တွေ့ဆုံခြင်း)

**အင်တာဗျူး**

ဝင်းငြိမ်း ၁၀၆။
ဒဂုန်တာရာနှင့်
တွေ့ဆုံခြင်း

**ရွှေနှလုံးသား**

ပိုင်ဒွေး၊သချ်၊ ၁၂၆။
နွေနှင်းဆီ

**ရွှေဝတ္ထု**

၁၅၄။ လှဝင်းကြည်၊ချ်၊
နွေလေရူးနှင့်
မြေလူးရွက်ကြွေများ

၁၆၂။ မိုးလမင်း
သက်နှလုံးသွယ်တွင်
စွဲထင်ခဲ့သောရွှေပုံရိပ်

၁၇၄။ ပန်းရေချိုး၊မိုးကုတ်၊
မျက်နှာမသစ်ဘဲ
နေရဲလား

၁၈၆။ မောင်နှင်းပန်း
အရိုင်းည

၂၀၂။ ညီမယ်လေး
ပညာအမှောင်

၂၁၀။ မိမိုး
ကီး

၂၁၈။ နန္ဒာမိုး၊ဆင်ဖြူကျွန်း၊
မြို့မေတ္တာ

၂၂၄။ မိုးကျော်ဇင်
ရန်ကုန်မြစ်၏တစ်နေရာ

၂၃၂။ နေဇင်လတ်
မှတစ်ပါး အခြားရှိသည်ဟု
ဆိုပါလျှင်


www.burmeseclassic.com

www.burmeseclassic.com




ရွှေသုတ

၈၄။ မေဃာဦး
မသေခင်သွားရမယ့်
နေရာပေါင်းတစ်ထောင်(၆)

၁၂၀။ မဂ်ဏာရှေမောင်း
စာကောင်းကင်က
လင်းလက်ကြယ်

၁၄၆။ မြဲမြဲ
လူများ အဖြစ်အပျက်များ
ပွဲတော်နေ့ရက်များ

၁၆၀။ မောင်ခင်မင်(ဓနုဖြူ)
မြန်မာပြော အင်္ဂလိပ်ပြော(၂)

၁၇၀။ မောင်သန်းဆွေ(ထားဝယ်)
မြန်မာစာပေမှ
မော်ကွန်းခေါ်သော
ကဗျာရှည်

၁၈၀။ မြင့်သန်း
ပါမောက္ခ မေးလား
မရေးသားခဲ့သော
စာပေဆိုတာ ဘာလဲ

၂၇၂။ နေဘုန်းလတ်
နိုင်ငံအတွက် PEN
ကမ္ဘာမြေအတွက် PEN

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
သုမောင် ၁၁၆။

အသက်ကြီးတတ်ကြပါ
စေသတည်း
ရွှေဝတ္ထုရှည်စ/ဆုံး
ဆေ ၁၉၂။


ဆက်ထုံးများ၏
အဆုံးသတ်
ရွှေအခန်းဆက်ဝတ္ထုရှည်
ခင်ခင်ထူး ၂၇၆။

တောမင်းသမီး
ရသစာတမ်း
ပန်းချီပါမြူ ၁၄၀။
လိပ်ပြာ

ရွှေအသစ်
................... ၂၄၆။
................... ၂၅၂။
................... ၂၅၆။
................... ၂၆၂။
................... ၂၆၆။



အယ်ဒီတာအဖွဲ့-
တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅
Email :
nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ
ဦးညာဏ်လှိုင် (၀၅၂၅၃)၊ ဇမ္ဗူတလုပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊
၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးညာဏ်လှိုင် (၃၇၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - ဇမ္ဗူတလုစာပေ၊
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail :
zabutalu@gmail.com

www.burmeseclassic.com

www.burmeseclassic.com

# ၂၄ နှစ်ပြည့် နှစ်ပတ်လည် စီစဉ်သူ ရဲ့ အမှာစကား

၂၄ နှစ်ပြည့်သွားပြန်ပါပြီ။ ပြန်စဉ်းစားကြည့်တော့ မနေ့တစ်နေ့ကလိုပါပဲ။ ပေဖူးလွှာမဂ္ဂဇင်းမှာ အင်တာဗျူးတွေ၊ ပေါ့ပ်ဆောင်းပါးတွေ ရေးနေရင်း အသစ်ထွက်လာတဲ့ မဟေသီမဂ္ဂဇင်းကိုလည်း အားဖြည့်ခဲ့ဖူးပေမဲ့ ကိုယ်ပိုင်မဂ္ဂဇင်းမရှိတာကြောင့် အဲဒီကာလတုန်းက စာပေစိစစ်ရေးရဲ့မူဖြစ်တဲ့ 'တင်ထုတ်' လုပ်လို့ရတယ် ဆိုတာကြောင့် ရွှေအမြုတေနာမည်နဲ့ မဂ္ဂဇင်းတစ်စောင် စပြီးဖန်တီးဖြစ်ပါတယ်။ ပေါ့ပ် အသားပေးပြီး စာဖတ်ပရိသတ်ရအောင် စုစည်းခဲ့ရာက ခုတော့ ၂၄ နှစ်သားအရွယ် ရသမဂ္ဂဇင်းအဖြစ်ကို ရောက်လာခဲ့ပါပြီ။

ရသစာပေ ဖွံ့ဖြိုးရေးအတွက် အယ်ဒီတာဘဝမှာ ကျင်လည်ရင်း ရွှေအမြုတေစာပေဆုကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းကာ ၈ ကြိမ်တိုင်ခဲ့ပါပြီ။ တည်ထောင်ချီးမြှင့်ခဲ့တာ ရွှေအမြုတေမဂ္ဂဇင်း ၁၀ နှစ်ပြည့်စဉ်ကာလတုန်းက ရန်ကုန်မြို့ အင်းလျားကန်စောင်းမှာရှိတဲ့ ရွှေရှမ်းကန်စားသောက်ဆိုင်မှာ ၁၀ နှစ်ပြည့်အမှတ်တရ ညစာစားပွဲ ကျင်းပခဲ့စဉ် ကျွန်တော် ရွှေအမြုတေမဂ္ဂဇင်းကို ဘယ်လောက်ကြာကြာလုပ်နိုင်ပါ့မလဲလို့ သံသယရှိခဲ့ဖူးပါတယ်။ ကျန်းမာရေးကြောင့် တစ်ကြောင်း၊ ငွေရေးကြေးရေးကြောင့်တစ်ကြောင်း ဖြစ်ပါတယ်။ ပရိသတ်အားပေးမှုကြောင့်တစ်ကြောင်း ဖြစ်ပါတယ်။ ရသစာပေလိုင်းကို ကူးပြောင်းလာရာမှာ စာဖတ်ပရိသတ်များက အရှိန်အဟုန်မပျက် ဆက်လက်အားပေးခဲ့ကြတာကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ၁၀ နှစ်ပြည့်စဉ် ကာလတုန်းက ကျွန်တော့်ကိုယ်ပွားတစ်ယောက်လို အားထားရတဲ့ ကျွန်တော့်ညီ မျိုးမြင့်ညီမ်းက ပုဒ်မ ၅(ည)နဲ့ ထောင်တွင်းမှာ ရှိနေတာမို့ ကျွန်တော် တစ်ယောက်တည်းရုန်းကန်ခဲ့ရတာပါ။ အခုတော့ အစစအရာရာ မျက်နှာလွှဲရတဲ့ ညီဖြစ်သူက စိတ်တိုင်းကျဖန်တီးပေးနေပြီဖြစ်လို့ ကျွန်တော့်မှာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ၂၄ နှစ်ပြည့်

ရုပ်စုံမဂ္ဂဇင်း

ဖွားနှက် ၂၈၈၊ နိုဝင်ဘာ၊ ၂၀၁၃

စာမူရွေးချယ်ရေးအပိုင်းလောက်သာ တာဝန်ရှိပါတော့တယ်။ ဒါကြောင့်လည်း ရေးချင်တဲ့ဘာသာပြန်စာအုပ်တွေကို ရေးခွင့်ရလာပါတယ်။ နောက်ထပ်ရေးချင်တာတွေကလည်း တန်းစီနေပါရဲ့။ ကျန်းမာရေးက အခြေအနေပေးရင်တော့ ရေးချင်တာတွေကို တဝကြီးရေးသွားချင်ပါသေးတယ်။ ပုံနှိပ်စာအုပ်များ ခေတ်စနစ်တွေ ပြောင်းလာတာကြောင့် ရွှေအမြုတေ အခြေအနေယိုင်နဲ့လာကြတယ်ဆိုပေမဲ့ အခိုင်အမာဆက်လက်အားပေးနေကြခြင်းကိုက ပရိသတ်များကတော့ ကျွန်တော်တို့အပေါ်မှာ ထားရှိတဲ့စေတနာမေတ္တာကြောင့်ဆိုတာ နားလည်တဲ့အတွက် ကျေးဇူးတင်ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က လက်ရှိနေရာမှာသာ ရပ်တည်မနေဘဲ ကမ္ဘာနဲ့ အဆင့်မီထုတ်ဝေနိုင်အောင် ဒစ်ဂျစ်တယ်ပိုင်းကိုလည်း ကြိုးစားဆောင်ရွက်နေပါတယ်။ ပြည်ပစာဖတ်သူများ Apple Store မှတစ်ဆင့် အလွယ်တကူဝယ်ယူဖတ်ရှုနိုင်အောင်လည်း စီစဉ်နေပြီဖြစ်လို့ မကြာခင်မှာ အဆင်ပြေတော့မှာ ဖြစ်ပါတယ်။ ရွှေအမြုတေမဂ္ဂဇင်းကို အွန်လိုင်းပရိသတ်များ အခမဲ့ဒေါင်းလုပ်ဆွဲပြီး ဖတ်နိုင်အောင် ၈ နှစ်လုံးလုံး ကျွန်တော် တင်ပေးခဲ့ဖူးပါတယ်။ ဒါပေမဲ့ တင်တဲ့အလုပ်ကို လုပ်ပေးတဲ့ကြားခံကုမ္ပဏီက အဆင်မပြေတာကြောင့် လောလောဆယ် မဖတ်နိုင်ကြသေးတာကိုလည်း သည်းခံဖို့ မေတ္တာရပ်ခံလိုက်ပါတယ်။ ၂၄ နှစ်ကို ကျော်ဖြတ်ပြီးတဲ့နောက် ငွေရတုဖြစ်တဲ့ ၂၅ နှစ်မြောက်ကို ဆင်နွှဲနိုင်ပါရစေလို့ ဘုရားသခင်ထံမှာ ဆုတောင်းပါတယ်။ စာဖတ်ပရိသတ်များကလည်း ကျွန်တော် တောင်းတဲ့ဆုပြည့်စေဖို့ ဝိုင်းဝန်းမေတ္တာပို့ပေးကြပါလို့ တောင်းဆိုပါရစေ။ စာဖတ်ပရိသတ်များအားလုံးကို လေးစားစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင် မေကဗျာ

# မြန်မာဇာတ်လမ်းတွဲ စတင်ရိုက်ကူး

မြန်မာနိုင်ငံမှ ထုတ်လွှင့်နေတဲ့ ရုပ်မြင်သံကြားအစီအစဉ်များမှာ ကိုရီးယားဇာတ်လမ်းတွဲများ လွှမ်းမိုးနေတာကို ဖောက်ထွက်နိုင်ရေးအတွက် မြန်မာဇာတ်လမ်းတွဲများ ရိုက်ကူးကြဖို့ ပြင်ဆင်နေကြရာ SKY Net မှ ပွဲဦးထွက်အဖြစ် အရာရာတိုင်းထက် အမည်ရှိ ဇာတ်လမ်းတွဲကို ဒါရိုက်တာ နေပိုင်က စတင် ရိုက်ကူးတဲ့ အထိမ်းအမှတ်အဖြစ် စက်တင်ဘာလ ၂၈ ရက်နေ့ နံနက် ၁၀ နာရီက စင်ထရယ်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ ❑

## သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၈၈၊ နိုဝင်ဘာ၊ ၂၀၁၃

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com



# ဒုတိယအဆင့် အကယ်ဒမီရွေးချယ်ရေးအဖွဲ့

ယခင်အစိုးရလက်ထက်က မြန်မာ့ရုပ်ရှင်တွေ့ချွန်ဆုပေးပွဲမှာ ဘယ်သူတွေက ဘယ်ကိုရွေးချယ်တယ်ဆိုတာ သိခွင့်မရခဲ့ပေမဲ့ အစိုးရသစ်လက်ထက်မှာတော့ ပွင့်လင်းမြင်သာမှုရှိနေပါပြီ။ ရုံတင်ပြသတဲ့ ၁၇ ကားအနက် ၇ ကားကို ပထမအဆင့်က ရွေးချယ်ပေးခဲ့ကြပြီး (ရွေးချယ်ခံရတဲ့ကားများစာရင်းကို ၂၀၁၂ ခုနှစ် အကယ်ဒမီစာရင်းဝင် ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားများ စာမျက်နှာ ၃၂ မှာကြည့်ပါ။)ဒုတိယအဆင့်က စိစစ်ရွေးချယ်နေကြပါပြီ။ ဒီအဆင့်မှာ ဒါရိုက်တာ ဦးနှင်းမိုး၊ ဒါရိုက်တာ ဦးဇော်ထက်၊ ဒါရိုက်တာ ဦးမျိုးဇော်အောင်၊ ဦးဇေမြင့်ဦး(မောင်ပုံ)၊ ဇာတ်ညွှန်း ဒေါ်ခင်လေးသိမ့်၊ ဆရာ ချစ်ဦးညို၊ တည်းဖြတ် ဦးဆွေဆက်၊ သရုပ်ဆောင် ဦးရွှေအောင်၊ ဦးစိုးသိမ်းထွဋ်၊ ဂီတာ ဦးမောင်မောင်လတ်၊ ဦးလှဆန်းဦး၊ အသံ ဦးအေးမြင့်၊ ဦးကိုမြင့်(သမန်းကျား)၊ စာရေးဆရာ နွမ်ဂျာသိုင်း၊ ရုပ်ရှင်ဝေဖန်ရေးဆရာ ဦးမြတ်နိုင်နဲ့ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးဝင်းသူတို့ ပါဝင်ဆောင်ရွက်နေကြပါတယ်။ □



www.burmeseclassic.com

www.burmeseclassic.com



# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၈၈၊ နိုဝင်ဘာ၊ ၂၀၁၃

## အကယ်ဒမီ မယ်လိုဒီ ကားပြန်ရိုက်ပြီ

BURMESE CLASSIC .com

၂၀၁၁ ခုနှစ်အတွက် **ထာဝရအလင်းတန်းများ** ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရခဲ့တဲ့ မယ်လိုဒီက ရုပ်ရှင်အလုပ်ကို ဆက်မလုပ်တော့ဘူးလို့ ဆိုခဲ့ပေမဲ့ အောက်တိုဘာလ ၇ ရက်နေ့ကစတင်ပြီး မော့စ် ဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မောင်ဗေဒါ ရိုက်ကူးတဲ့ **ကောင်းကင်ထက်က မြစ်တစ်စင်း** ဗီဒီယိုကားတစ်ကားမှာ မော့စ်ရဲ့သားဖြစ်သူ ထိုက်စံနဲ့တွဲဖက်သရုပ်ဆောင်နေပါပြီ။ ဆရာသမားဖြစ်တဲ့ အကယ်ဒမီ ထွန်းအောင်ဇော် ရိုက်ကူးတဲ့ ရီမြင့် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ရာက ဦးမော့စ်ရဲ့သားကို ကူညီတဲ့အနေနဲ့ ရိုက်ကူးဖြစ်တာပါလို့ ဆိုပါတယ်။ ❑

သရုပ်ဆောင်- အကယ်ဒမီ မယ်လိုဒီ



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ မောင်သာရ

မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ ဥက္ကဋ္ဌ ဖြစ်သူ ပန်တျာဦးမြကြည်က လစ်လပ်သွားတဲ့ အတွင်းရေးမှူးနေရာကို စည်သူအကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်းအား အများသဘောတူ ခန့်အပ်လိုက်ကြောင်း စာနယ်ဇင်းများအား အသိပေးပြောကြား လိုက်ပါတယ်။ ❏

## စည်သူအကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်း သဘင်အစည်းအရုံး အတွင်းရေးမှူးဖြစ်လာ

## ဆရာကြီး မောင်သာရ ဝတ္ထုများ ဝယ်ယူ

အမေရိကန်ပြည်ထောင်စုမှာ ရောက်ရှိနေတဲ့ စာရေးဆရာကြီးမောင်သာရရဲ့ **ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း** ဝတ္ထုကို ဒါရိုက်တာ ဗိုင်းက ဗီဒီယိုကားအဖြစ် ရိုက်ကူးဖို့အတွက် ဝယ်ယူခဲ့ပါတယ်။ **ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း** က ဒါရိုက်တာ မောင်ဝဏ္ဏရဲ့ပထမဆုံး ရုပ်ရှင်ကားဖြစ်ခဲ့ပြီး အဲဒီကားမှာ မြတ်လေး၊ မြတ်မွန်တို့ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ ဒါရိုက်တာ မောင်ဝဏ္ဏ ပထမဆုံး အကယ်ဒမီ ရရှိခဲ့ပါတယ်။

ဒါရိုက်တာ ညီညီထွန်းလွင်ကတော့ ဆရာကြီး မောင်သာရရဲ့ **ထမီကျွတ်၍ လွှတ်လိုက်သည်** ဝတ္ထုကို ဗီဒီယိုအဖြစ် ရိုက်ကူးဖို့ ဝယ်ယူခဲ့ပါတယ်။ ဒီဝတ္ထုကို ညီညီထွန်းလွင်ရဲ့ဖခင်ဖြစ်သူ ရွှေဒုံးထွန်းလွင်က ဇာတ်ညွှန်းရေးဖွဲ့ပြီး ဒါရိုက်တာ တင်အောင်မြင့်ဦးက **ချစ်လိုက်ရတာ မသည်းအူ** အမည်နဲ့ ရုပ်ရှင်ကားအဖြစ်ရိုက်ကူးကာ ထွန်းထွန်းဝင်း၊ ခင်သန်းနုတို့ ပါဝင် သရုပ်ဆောင်ခဲ့ပါတယ်။ အောင်မြင်တဲ့ ရုပ်ရှင်ကား တစ်ကား ဖြစ်ခဲ့ဖူးပါတယ်။

❏




စည်သူအကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်း



www.burmeseclassic.com

www.burmeseclassic.com



## သရုပ်ဆောင် ပြန်လုပ်တော့မယ့် 'ထူး'


၂၀၀၉ ခုနှစ်ကတည်းက သရုပ်ဆောင်အလုပ်ကို နားပြီး ဒူဘိုင်းကို ထွက်ခွာသွားခဲ့တဲ့ သရုပ်ဆောင် ထူးက ၂၀၁၃ စက်တင်ဘာလမှာ မြန်မာနိုင်ငံကို အပြီးပြန်လာပါပြီ။ စိန်ငွေး၊ လပ်ကီးပဲလေ့စ်၊ 145 ဗီဒီယိုထုတ်လုပ်ရေးတို့နဲ့ ဗီဒီယိုဇာတ်ကား ၁၀ ကား ရိုက်ကူးထားခဲ့ပြီး ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ထားဖူးပါတယ်။ သုံးနှစ်လောက် သရုပ်ဆောင်လောကနဲ့ ဝေးကွာပေမဲ့ အနုပညာ သရုပ်ဆောင်အလုပ်ကို မစွန့်လွှတ်နိုင်တဲ့အတွက် မြန်မာပြည်ကို အပြီးပြန်လာပြီး ဇာတ်ကားတွေ ပြန်ရိုက်တော့မယ်လို့ ထူးက ဆိုပါတယ်။ □

သူတို့အရေး



www.burmeseclassic.com

www.burmeseclassic.com



## အိမ့်ချစ်ရဲ့အချစ်ရေး

အိမ့်ချစ်က ဒုတိယမြောက် တစ်ကိုယ်တော် စီးရီး ဖြစ်တဲ့ *အချစ်ရေး* စီးရီးကို ၂၀၁၃ နိုဝင်ဘာ ၁၆ ရက်မှာ ထွက်ဖို့ စီစဉ်ထားပါတယ်။ Featuring အနေနဲ့ ချစ်ကောင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ကျော်ထွဋ်ဆွေ၊ နိုင်းဝမ်း၊ သန်းနိုဖြိုးနဲ့ ပြည့်ဖြိုးပိုင်တို့က သီဆိုထားကြပါတယ်။ အိမ့်ချစ်ရဲ့ *အချစ်ရေး*လို့ ကြားလိုက်ရင် လူတိုင်းစိတ်ဝင်စားမယ်ထင်တာကြောင့် စီးရီးနာမည်ကိုပေးဖြစ်တာဖြစ်ပါတယ်။ တေးရေးအနေနဲ့ နောင်နောင် (SF)၊ SP သားကြီး၊ စိုင်းစိုင်းခမ်းလှိုင်၊ သားသား၊ ကျော်ထွဋ်ဆွေ၊ နိုင်းဝမ်း၊ သန်းနိုဖြိုးနဲ့ အိမ့်ချစ်တို့က ရေးသားထားကြပါတယ်။ အောင်ဖြစ်သူ ချစ်ကောင်းနဲ့ မောင်ဖြစ်သူ ပြည့်ဖြိုးပိုင်တို့နဲ့ ဆိုထားတဲ့ သီချင်းတစ်ပုဒ်ကို ထည့်ထားပြီး အိမ့်ချစ်ကိုယ်တိုင် ရေးသားထားတယ်လို့ သိရပါတယ်။

■ အောင်သန်းထွန်း



www.burmeseclassic.com

သို့
**ဦးဝင်းငြိမ်း၊ အယ်ဒီတာချုပ်**
ရွှေအမြုတေမဂ္ဂဇင်း

ဆရာခင်ဗျာ။ ကျွန်တော် လေးစားစွာ စာရေးလိုက်ပါတယ်။ ဆရာ ကျန်းမာချမ်းသာစွာရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ် ခင်ဗျာ။

ယခုတစ်ကြိမ်နဲ့ဆို ကျွန်တော် စာမူပို့တာ ခုနစ်ကြိမ်၊ ရှစ်ကြိမ်ရှိပါပြီ။ ရွှေအမြုတေမှာ စာမူတစ်ပုဒ် ရွေးချယ်ခံရဖို့က နှစ်နဲ့ချီ စောင့်ရပါတယ်။ ပထမဆုံးပို့တဲ့စာမူဆိုရင် တစ်နှစ်ကျော်ရှိပါပြီ။ အကျိုးအကြောင်း မသိရသေးပါဘူး။ ဖုန်းဆက်ကြည့်တော့ စာမူကဏ္ဍာ ခွဲမပို့ရင် ရောနေမယ်လို့ ပြောပါတယ်။ အခုတော့ ခေါင်းစဉ်အောက်မှာ ကိုယ်ပို့တဲ့ကဏ္ဍာကိုပါ တွဲရေးပေးလိုက်ပါတယ်။ ကျွန်တော် ပို့ထားတဲ့စာမူတွေက ဝတ္ထုတိုရော၊ ရသစာတမ်းတွေပါ ပါပါတယ်။ တခြားမဂ္ဂဇင်းတွေမှာလည်း ရေးစပြုနေပေမဲ့ ကျွန်တော့်စာမူကို ရွှေအမြုတေ မဂ္ဂဇင်းမှာ မြင်ချင်တဲ့အတွက် ကြိုးစားပြီး ရေးပို့နေပါတယ် ခင်ဗျာ။ ရွှေအသစ်ဝတ္ထုတိုကဏ္ဍာက လတိုင်း ဖော်ပြပေးနေလို့ ကိုယ့်စာမူ ရွေး/မရွေးကို သိနိုင်ပါတယ်ဆရာ။ ဒါပေမဲ့ ရသစာတမ်းကျတော့ ရွေး/မရွေးကို ဘယ်အချိန်လောက်ကျမှ သိနိုင်ပါသလဲ ဆရာ။ ဘယ်လိုနည်းနဲ့ သိနိုင်ပါသလဲ ဆရာ။ ဖုန်းဆက်ကြည့်လို့ ရနိုင်မယ့် အချိန်ကို သိချင်ပါတယ်။ ကျွန်တော့်စာမူလေးတွေကို ရွေး/မရွေးဆိုတာထက် အကြောင်းပြန်တဲ့အထဲမှာ ပါရင်ကိုပဲ ကျေနပ်ပါပြီဆရာ။ အခုထိတော့ အကြောင်းပြန်တဲ့ ပြန်ကြားလွှာထဲမှာလည်း မပါသေးပါဘူး။ နောက်လည်း ဆက်ပြီး ကြိုးစားရေးသားပြီး ပေးပို့နေပါဦး မယ်ခင်ဗျာ။

ဆရာနှင့်တကွ စာပေကို ချစ်မြတ်နိုးတဲ့ ရွှေအမြုတေ ဝိုင်းတော်သားအားလုံး ကျန်းမာချမ်းသာပြီး ရွှေအမြုတေ


ခင်သန္တာ၊ လင်းစက်နှယ်၊ မောင်ရေချမ်းနဲ့ မင်းဝေဟင်

www.burmeseclassic.com

မဂ္ဂဇင်းလည်း အခုထက်မက အောင်မြင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်ဆရာ။

လေးစားလျက်

ဥညြ၊ချယ်ရီမြေ၊

*ကျွန်တော်တို့ဆီကိုသာ မဟုတ်ပါဘူး၊ ဘယ်မဂ္ဂဇင်းတိုက်ကိုပဲ ပို့ပို့၊ ကိုယ် ပို့ချင်တဲ့ကဏ္ဍခွဲခြားပြီး ခေါင်းစဉ်တပ်ထားမှသာ စနစ်တကျ ဖြစ်ပါလိမ့်မယ်။ ဥပမာ ရွှေအသစ်ကို ပို့ချင်တာ၊ ခေါင်းစဉ်မပါရင် ရိုးရိုးရွှေဝတ္ထုအနေနဲ့ စာရင်းသွင်းလိုက်ပါလိမ့်မယ်။ ဒါကြောင့် ရွှေး/ပယ် သိသင့်သိထိုက်တဲ့ အချိန်ကို ကျော်ပြီး ဆရာ့စာမူ အကျိုးအကြောင်းမသိ ဖြစ်နေတာဖြစ်ပါလိမ့်မယ်။ ရသစာတမ်းနဲ့ ပတ်သက်လို့တော့ သီးခြားအကြောင်းပြန်ပေးဖို့ အစီအစဉ်မရှိပါဘူး။ သိချင်ရင် ရုံးကို ဖုန်းဆက်ပြီး မေးလို့ရပါတယ်။*

❑

သို့

ဆရာဦးဝင်းငြိမ်းခင်ဗျား

၂၀၁၃၊ အောက်တိုဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းရဲ့ ရွှေအသစ်ကဏ္ဍမှာ ဖော်ပြခြင်းခံရတဲ့ စာရေးဆရာမ အသင်ဆိုသူဟာ ကလောင်သစ် ဟုတ်ပါရဲ့လား။

ဘာဖြစ်လို့လဲဆိုတော့ အသင်ဆိုတဲ့ ကလောင်အမည်နဲ့ လုံးချင်းဝတ္ထု(ကျွန်တော့်အထင်)ရှစ်အုပ်လောက် စေတနာစာပေက ထွက်ပြီးဖြစ်လို့ပါ။ ဆရာတို့အနေနဲ့ လုံးချင်းတွေထုတ်ပြီးသား ကလောင်ဟောင်းကြီးကို ကလောင်သစ်လို့ထင်ပြီး ရွေးမိမှာစိုးလို့ပါ။ အမည်တူတာဆိုရင်တော့ တစ်မျိုးပေါ့ လေ။

လေးစားစွာဖြင့်

ကိုမြင့်အောင်

ကသာမြို့။

*ဆရာမ အသင်က ပထမဆုံး ရွှေအသစ်ကဏ္ဍမှာ ဖော်ပြခံရစဉ်က 'Aသဉ်' ကလောင်နာမည်နဲ့ ဖော်ပြခံခဲ့ရတာပါ။ ကလောင်နာမည်နဲ့ ပတ်သက်ပြီး ကျွန်တော် ဘဝင်မကျဘူးပြောလို့ 'အသင်'လို့ ပြောင်းထားတာပါ။ ကျွန်တော်ကပဲ စာဖတ်နည်းလို့လား မသိဘူး။ လုံးချင်းဝတ္ထု ၈ အုပ်လောက် ထွက်ပြီးတဲ့ 'အသင်'ကို မသိပါ။ တကယ်လို့ လုံးချင်းဆရာမ ရှိတယ်ဆိုရင် ရွှေအသစ်က ဆရာမ 'အသင်'က နောက်ထပ်တစ်ကြိမ် နာမည်ပြောင်းပေးပါလိမ့်မယ်။ ဥပမာ 'အသင်(ရွှေ)'လိုမျိုးပေါ့။*

❑

သို့

**လေးစားရပါသော လေးလေးငြိမ်း**

လေးလေးငြိမ်းနှင့်အတူ ရွှေတစ်မိသားစုလုံး စာပေတာဝန်တွေကို ဆတက်ထမ်းပိုးတိုးပြီး ထမ်းရွက်နိုင်ပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်လိုက်ပါတယ်။ လေးလေးငြိမ်းဆီ စာမရေးဖြစ်တာ ကြာခဲ့ရတဲ့အပြင် ရွှေနဲ့အဆက်ပြတ်သွားခဲ့တာ ၂၀၁၁ လလယ်လောက် ကတည်းကနေ ၂၀၁၃ အထိဆိုပါတော့လေ။ ရွှေကို ၂၀၁၃ ဇူလိုင်ကစပြီး ပြန်ဖတ်ဖြစ်ပါတယ်။ အဋ္ဌမအကြိမ် ရွှေအမြုတေ စာပေဆုပေးပွဲကြီးကို စုံစုံလင်လင် သိခွင့်ရလို့ ကျေးဇူးအရမ်းတင်ရပါတယ်။ ဩဂုတ်လ ရွှေမျက်နှာဖုံးကို မကြီးစိုးဖြစ်ပါစေလို့ ဆုတောင်းခဲ့တာ ဆုတောင်းပြည့်သွားလို့ ဝမ်းသာခဲ့ရပါတယ်။ စက်တင်ဘာအတွက် လူငယ်တွေအကြိုက် မျက်နှာဖုံးတင်ပေးထားလို့ တစ်မျိုးဆန်းသစ်နေရပါတယ်။ ၂၀၁၃ရဲ့ ရွှေတွေကိုလည်း ကျွန်တော် ပြန်ဖတ်ဖြစ်ခဲ့ပါတယ်။ ဆရာ ဇေဦးယျာရဲ့ **ကြယ်စင်သစ်ကို လင်းတဲ့ရင်ခွင်**၊ ဆရာမ ငွေဇင်ယော်ဦး(မိုးကုတ်)ရဲ့ **ဒီရေကျချိန်** ဝတ္ထုတွေကို အရမ်းပဲ နှစ်သက်မိပါတယ်။ လေးလေးရေ ရွှေအသစ်တွေကလည်း တစ်လထက်တစ်လ ခေါင်ခေါင်မြည်နေတော့ မအံ့ဩ မချီးကျူးဘဲ မနေနိုင်ပါဘူး။ ရသစာပေ ရှင်သန်တိုးတက်လာမယ့် နိမိတ်လို့ ဆိုရတော့မှာပါ။ ၂၀၁၃ မှာ ဓမ္မဘောဂီ အရှင်ဝိရိယ(တောင်ခွန်း)ရဲ့ ဆောင်းပါးနှစ်ပုဒ်ကို ဖတ်ဖြစ်ခဲ့ပါတယ်။ ဆရာတော်ရဲ့ ဆောင်းပါးတွေက တကယ့်ကို အနှစ်သာရပြည့်ဝပြီး လူတိုင်း





www.burmeseclassic.com

www.burmeseclassic.com

ဖတ်သင့်၊ လိုက်နာသင့်တဲ့အကြောင်းတွေပါပဲ။ ဖြစ်နိုင်မယ်ဆိုရင် ဆရာတော်ရဲ့ ဆောင်းပါးတွေကို မကြာမကြာ မြင်တွေ့ချင်ပါတယ်။ စက်တင်ဘာမှာ ရွှေအသစ်တွေဖြစ်တဲ့ မင်းတုန်းမောင်စိမ်းလွင်ရဲ့ **ပန်းနိမိတ်**၊ ဆရာရေအေးရဲ့ **နှစ်ပွင့်ပန်း** ဝတ္ထုတို နှစ်ပုဒ်က အမျိုးသမီးတွေအတွက် သတိပေး မီးမောင်းထိုးပြလိုက်သလို ခံစားလိုက်ရပါတယ်။ ဆရာမ မဟူရာ(လှိုင်ကော်)ရဲ့ **နှစ်စုံသောအဝတ်**က ခံစားချက်လွယ်သူတွေအတွက် ထိခိုက်ကြေကွဲစွာ ခံစားရပါတယ်။ လေးလေးရေ မင်္ဂလာရွှေမောင်းကိုလည်း ကျေးဇူးအရမ်းတင်နေမိပါတယ်။ ရွှေမောင်းရဲ့ စာညွှန်းတွေကိုဖတ်ပြီး စာတွေကို ပိုပြီး ဖတ်လာဖြစ်လို့ပါ။ လေးလေးရဲ့ ရှမွက်ဇောကလည်း ဆွဲဆောင်မှုအပြည့်ရှိလို့ ကြိုက်နှစ်သက်ရပါတယ်။ စာရှည်သွားရင် နားလည်ပေးပါလို့ တောင်းဆိုရင်း…

ရွှေရဲ့ပရိသတ်တစ်ဦး
လှိုင်းထက်၊ရခိုင်၊

*အားပေးမှုအတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ဒီလဆိုရင် ရွှေအမြုတေက ၂၄ နှစ်ပြည့်ပါပြီ။ ဆက်ပြီးလည်း အားပေးပါဦးလို့။*

❑

မနေနိုင်၊ မထိုင်နိုင် ရေးပို့လိုက်ပြန်ပါပြီ…
**ဆရာဦးဝင်းငြိမ်းရေ**

ဒီလိုပါ ရွှေအသစ် ရွှေအသစ်နဲ့ တသစ်သစ်ဖြစ်နေတာ ဘဝင်မကျမိတာလေး စဉ်းစားမိလို့ပါ။ အရင်အသစ်တွေတုန်းကတော့ သတိမထားမိပေမဲ့ ဆရာ အောင်ဖြိုးကျော်(ပခုက္ကူ)မှာတော့ သတိထားမိစရာ ဖြစ်လာတယ်။ ရွှေအသစ်နဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေကို အတော်များများသိပေမဲ့ အသက်အရွယ်ကန့်သတ်ချက် ရှိတာတော့ မတွေ့မိပါဘူး။

ကျွန်တော့်အနေနဲ့ အသက်အရွယ် ကန့်သတ်ချက်ရှိစေချင်ပါတယ်။

အသက် ၄၀ ပတ်ဝန်းကျင် အရွယ်တွေဆိုတာအသစ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ မလိုက်ဖက်ပါဘူး။ အသက်ကြီးတဲ့သူတွေဟာ အသက်ငယ်တဲ့သူတွေထက် စာရေးရာမှာ အားသာချက်ရှိပါတယ်။ အသစ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့လိုက်ဖက်တဲ့ အသက်အရွယ်ကန့်သတ်ချက်ထားဖို့ ဆရာ ဦးဝင်းငြိမ်းကို တိုက်တွန်းချင်ပါ


နေဝင်း၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ နန်းသူဇာ၊ Bobby Soxer, ဆိမ့်ချစ်နဲ့ နန်းမြတ်ဖြိုးသင်းနဲ့ မိစန္ဒီ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

ပြောလက်စနဲ့ မထူးတော့ပါဘူး ဆရာ ဦးဝင်းငြိမ်းရေ။ ဒါကတော့ 'ရွှေ'ဆုပေးပွဲနဲ့ပတ်သက်တာပါ။ ဆုရတဲ့ စာမူတွေကို စစ်ကြည့်ရင် အောက်တိုဘာလ နောက်ပိုင်းလတွေ အများစုဖြစ်နေပါတယ်။ နောက်ပိုင်းလတွေမှာပါတဲ့ စာမူတွေကပဲ ကောင်းတာလား၊ ဒါမှမဟုတ် ဆုပေးပွဲနီးမှပဲ စာမူတွေကို မှတ်ပုံမှီးတိုက် လိုက်ဖတ်ကြတာလား မသိတော့ပါဘူးဗျာ။

အပြုသဘောနဲ့ ဒီစာကို ရေးလိုက်တာပါ။ 'ဘာကောင်လဲ ဟာ'လို့ အထင်ခံရရင်လည်း မတတ်နိုင်ဘူးပေါ့။

စေတနာဖြင့်

ကိုရွှေချစ်သူ

*ဘာကောင်လဲ ဟာ လို့တော့ မထင်ပါဘူး။ စာရေးတယ်ဆိုတာ အသက်အရွယ်နဲ့ မဆိုင်ဘူးလို့ ကျွန်တော် ခံယူပါတယ်။ လူငယ်တစ်ယောက်နဲ့ လူကြီးတစ်ယောက် အတွေးအခေါ် ရင့်သန်မှုချင်း မတူဘူးဆိုပေမဲ့ လူကြီးတိုင်းလည်း စာရေးတတ်တာ မဟုတ်ပါဘူး။ လူငယ်တိုင်းလည်း စာဝါသနာပါသည့်တိုင်အောင် စာမျက်နှာပေါ် ရောက်လာဖို့ ခဲယဉ်းပါတယ်။ ဒါကြောင့် စာမရေးဖူးသေးတဲ့ ကလောင်ရှင်မှန်သမျှကို အသက်အရွယ်မရွေး (ရွှေအသစ်)လို့ပဲ သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ ဒီလ ရွှေအသစ်မှာ ဖော်ပြထားတဲ့ ဆရာ မောင်ကျော်လင်း ဆိုရင် ၁၉၅၄ ခုနှစ်က မွေးဖွားသူလို့ သိရပါတယ်။ သူ့ပထမဆုံးစာမူပေးပို့စဉ်က 'ရေဝေးမရောက်ခင်တော့ စာမျက်နှာထက်မှာ ပါချင်ပါတယ်'လို့ ရေးခဲ့ပါတယ်။ ဒါကြောင့် အသက်အရွယ်မရွေး ရွှေအသစ် သတ်မှတ်တာကို ကျေနပ်လောက်ပြီ ထင်ပါတယ်။*


*ရွှေအမြုတေ စာပေဆုနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်တော် တို့ ဆုရွေးချယ်ရေးအဖွဲ့က တစ်လကိုတစ်ကြိမ် အစည်းအဝေးထိုင်ပြီး ကောင်းနိုးရာရာများကို အဆိုပြုထားကြပါတယ်။ သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ်၊ ကိုးလတစ်ကြိမ် ဆန်ခါတင်ရွေးကြပါတယ်။ မေလမှာတော့ နောက်ဆုံးရွေးချယ်ခြင်း ပြုလုပ်ပါတယ်။ အားလုံးက ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီးနွားကျောင်းနေကြတာပါ။ ရသစာပေ ဖွံ့ဖြိုးရေးအတွက် စေတနာနဲ့ ဆောင်ရွက်ပေးနေကြခြင်းပါ။ ဘယ်သူမှ မပေးတဲ့တာဝန်ကို ထမ်းဆောင်ရာမှာ ပြီးစလွယ် ဘယ်သူမှမလုပ်ကြဘူးဆိုတာ ဆရာ ကိုရွှေချစ်သူ သိစေချင်ပါတယ်။*

❑

သို့

**ဆရာဦးဝင်းငြိမ်း**

ရွှေအမြုတေကို အစဉ်တစိုက် အားပေးလာတာ နှစ် ၂၀ နီးပါး ရှိပါပြီ။ ကဏ္ဍပေါင်းစုံကို ကြိုက်နှစ်သက်ပြီး တစ်ပုဒ်မကျန်အောင် ဖတ်လေ့ရှိသူပါ။ ဆရာဦးဝင်းငြိမ်းကို အပူကပ် အကူအညီ တောင်းခွင့်ပြုပါ။ 'ရွှေ'မှာသမိုင်းဆောင်းပါးများ ရေးနေသော မောင်သန်းဆွေ(ထားဝယ်)၏ ဆောင်းပါးစာအုပ်များကို နှစ်သက်၍ လက်လှမ်းမီသမျှ ဖတ်ရှုခဲ့ပါသည်။ ကျွန်တော့်ထံတွင် ဆရာမောင်သန်းဆွေ(ထားဝယ်)၏ စာအုပ်အချို့ ဝယ်ယူစုဆောင်းထားပါသည်။ **ထီးအရိပ် နန်းအရိပ်၊ ထီးစကား နန်းစကား၊ ကုန်းဘောင်အလွန်-၁၊ ကုန်းဘောင်အလွန်-၂** စသည်တို့ဖြစ်ပါသည်။ မြန်မာ့သမိုင်းအတွက် တန်ဖိုးရှိသော စာအုပ်များဖြစ်၍ ဝယ်ယူစုဆောင်းခဲ့ပါသည်။ ကျွန်တော် သိချင်တာက ကုန်းဘောင်အလွန်အမှတ်-၃ ထွက်ပါပြီလား? ထွက်လျှင် မန္တလေးမှာရှိသော မည်သည့်စာပေတိုက်မှာ ဝယ်၍ရနိုင်ပါသလဲ? ကုန်းဘောင်အလွန်-၁၊-၂ကိုထုတ်သော ရာပြည့်စာအုပ်တိုက်(ရန်ကုန်)သို့ ဖုန်းဖြင့်ဆက်သွယ်ရာတွင် ၀၁-၇……မှာ ဆက်သွယ်၍ မရပါ။ ၀၁-၂……ကို ဆက်သွယ်မေးမြန်းရာတွင်လည်း ပုဂ္ဂလိကဆေးခန်းတစ်ခုသို့ ရောက်သွားပါ၍ မေးမြန်းဆက်သွယ်ခွင့် မရခဲ့ပါ။ သူရဿ မဂ္ဂဇင်းတွင် အခန်းဆက်ရေးခဲ့သော ဆင်ဖြူမရှင်မိဖုရားကြီး၊ နန်းမတော် မယ်နုစသည့် ဆောင်းပါးများကို လုံးချင်းထုတ်ရန် အစီအစဉ် ရှိမရှိကိုလည်း သိချင်ပါသည်။ ဒုဝန်ကြီး





www.burmeseclassic.com

www.burmeseclassic.com

အဖြစ် တာဝန်ထမ်းဆောင်နေသော ဆရာမောင်သန်းဆွေ(ထားဝယ်) မအားလပ်နိုင်သည်ကို သိပါသော်လည်း မျှော်လင့်နေသည်မှာ ကြာပြီမို့ လို့ ဘယ်နေရာကိုမှ ဆက်သွယ်မေးမြန်းလို့ မရပါသဖြင့် ဆရာ ဦးဝင်းငြိမ်းသို့ အပူကပ် အကူအညီတောင်းရခြင်း ဖြစ်ပါသည်။ ဆရာ နားလည်ခွင့်လွှတ်ပေးမည်ဟု မျှော်လင့်မိပါသည်။

E.mail လိပ်စာ ရှိသော်လည်း ကျွမ်းကျင်စွာ မသုံးတတ်သည့် ခပ်တုံးတုံးမို့ စာတိုက်ကနေတစ်ဆင့်ပဲ ပို့လိုက်ပါသည် ဆရာ။

အလွန်ညံ့သော ကျွန်တော့်လက်ရေးကိုလည်း သည်းခံခွင့်လွှတ်ပြီး ဖတ်ပေးပါဆရာ။ ဆရာ ကျန်းမာရွှင်လန်းပြီး မြန်မာ့ရသစာပေအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေဆရာ။ စာလုံးပေါင်းမှား ပါခဲ့လျှင်လည်း ခွင့်လွှတ်ပေးပါ။

ရွှေအမြုတေ အခွန့်ရှည်ပါစေကြောင်း
ဆန္ဒပြုလျက်
ကိုကျော်စွာ၊မိုးကုတ်မြို့၊

သို့

လေးစားရပါသော…
ဆရာ ဦးဝင်းငြိမ်း

ကျွန်တော်က စာပေဝါသနာရှင်ဖြစ်ပြီး ရွှေအမြုတေကိုလည်း နှစ်သက်သူတစ်ယောက်ပါ။ စာအုပ်စာပေမျိုးစုံ ဖတ်လေ့ရှိပြီး စာဖတ်သက် အတန်အသင့်ရလာတော့ စိတ်ထက်သန်လာရာကနေ စာရေးသူတစ်ယောက်ဖြစ်ဖို့အထိ ကြိုးပမ်းနေသူလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပထမဆုံးပေးစာနဲ့ ရင်ဖွင့်လိုက်ပါရစေ။

ရွှေအမြုတေကို နှစ်သက်ရင်းစွဲရှိခဲ့ရာမှာ "၂၀၁၃၊ မေ" စာအုပ်ကို ကိုယ်ပိုင်ဝယ်ယူဖတ်ရှုခဲ့ပါတယ်။ အရင်ကတော့ ရွှေကို ကြိုးကြားကြိုးကြား(ကြုံရင်ကြုံသလိုသာ) ငှားဖတ်ခဲ့ရပါတယ်။ အခုတော့ ထဲထဲဝင်ဝင် ဖတ်ရှုပြီး ပြောချင်တာတွေလည်း ပြောပါရစေတော့…။

၂၀၁၃၊ မေ ရွှေထဲမှာ ဝန်ကြီးချုပ် ဦးနုရဲ့ သ-က-အ-လပြဇာတ်ကို ခေတ်နဲ့အညီ ပြန်ဖတ်ရလို့ ဝမ်းသာမိပါတယ်။ ဆောင်းပါးရှင် "ဖေသိန်းမြင့်"ဆိုတာ ကွယ်လွန်သူ


ရိုင်းရိုင်းခမ်းလှိုင်နဲ့ အကယ်ဒမီ သက်မွန်မြင့်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာကြီး ဦးသိန်းဖေမြင့်ပဲလား၊ သက်ရှိကလောင်သစ်တစ်ယောက်ပဲလားလို့ ဇဝေဇဝါတွေးမိပါတယ်။

ဆရာ မောင်သန်းဆွေ(ထားဝယ်)ရဲ့ **သိုးကလေး** ဆောင်းပါးမှာ…

သိုးကလေး
ပုပ္ပါးနတ်တောင်
အခေါင်မြင့်ဖျား
စုံတော့ပြား၌
နတ်ရှားကြိုင်သို့
ခါတန်ပွင့်သည်

ရွှေနှင့်ယိုးမှား ပန်းစကား… ဆိုတဲ့ အကိုးကဗျာ ပါပါတယ်။ အဲဒီကဗျာမှာ "စုံတော့ပြား၌၊ နတ်ရှားကြိုင်သို့၊ ခါတန်ပွင့်သည်" ဆိုတဲ့ အပိုဒ်များ မှားနေတယ်လို့ ထင်ပါတယ်။ ရွှေမှာ ကဗျာကဏ္ဍမပါတာ မဂ္ဂဇင်းတွေကြားမှာ ထင်ရှားပြီးသားပါ။ ဒါကြောင့် ကဗျာအနေနဲ့ တည်းဖြတ်မှု လျော့ခဲ့လေသလား တွေးစရာပါ။ ဆရာ မောင်သန်းဆွေ ဆောင်းပါးထဲမှာဆိုခဲ့သလို ဒီကဗျာကို ရှေးရေးကဗျာအဖြစ်နဲ့ ကျွန်တော်





ချမ်းချမ်း

တို့လို စာပေနဲ့ပတ်သက်ပြီး(ကဗျာအထူး)လိုက်စားသူများအတွက် လေးစားအားကျခဲ့ရတဲ့ ကဗျာတစ်ပုဒ်ပါ။ ဒီကဗျာကို မှတ်သားမိစေတာက ကာရန်တွေကြောင့်ပါ။ ဖော်ပြခဲ့တဲ့အပိုဒ်တွေမှာ ကာရန်မဲ့နေတာကြောင့် အခုခေတ် မော်ဒန်သမားတွေက "ရှေးကတည်းက ကာရန်မဲ့ရေးတာ ရှိခဲ့တယ်" လို့ ဝိဝါဒဖြစ်သွားရင် မကောင်းပါ။ ဆရာ မောင်သန်းဆွေ ဆောင်းပါးဟာ ရှေးအသုံးအနှုန်း(ပေါရာဏ)စကားကို သမိုင်းဆိုင်ရာနဲ့ လေ့လာသုံးသပ်ပြတဲ့ (အမှားကို အမှန်တင်ပြတဲ့) စာမို့ အမှားပါနေတာ မကောင်းဘူးလို့ ချေင့်မရဲ တွေးမိပါတယ်။

စာပေမှာ တိကျခြင်း၊ မှန်ကန်ပြတ်သားခြင်းသာ အခရာကျတယ်လို့ ယူဆထင်မြင်နေတတ်တဲ့ (ကျွန်တော့်ရဲ့လက်မှာ ရူးနေတဲ့) သံသယဆူးငြောင့်ကို ဖယ်ရှားပေးစေလိုပါတယ်။

ကျေးဇူးတင်စွာဖြင့်
မောင်လူဖွေး(ပန်းလောင်မြေ)
ကူမဲ

*ကိုကျော်စွာ(မိုးကုတ်)နဲ့ မောင်လူဖွေး(ပန်းလောင်မြေ) တို့ရဲ့အမေးများကို ဆရာ မောင်သန်းဆွေ(ထားဝယ်)ထံ ပေးပို့ပေးခဲ့ရာ ဆရာက အောက်ပါအတိုင်း ဖြေကြားပေးထားပါတယ်။*

*ဆရာဦးဝင်းငြိမ်းခင်ဗျား*

*ကိုကျော်စွာ(မိုးကုတ်)အမေးကို ပြန်ဖြေရန်မှာ ကျွန်တော့်စာအုပ် ထီး…နန်း…. စီးရီး၌ ထီးအရိပ်နန်းအရိပ်၊ ထီးစကားနန်းစကားအပြင် ထီးရနံ့နန်းရနံ့၊ ထီးသတင်းနန်းသတင်း၊ ထီးအငွေ့နန်းအငွေ့၊ ထီးလေနန်းလေ ဟူ၍ လေးအုပ်ကျန်ပါသေးသည်။ ကုန်းဘောင်အလွန်(၁-၂)အပြင် ကုန်းဘောင်အလွန် အမှတ်(၃)ဟူ၍ မထွက်ပါ။ ကုန်းဘောင်အလွန် အမှတ် (၃)အစား "နောက်ဆုံးကုန်းဘောင်"ဟူ၍ နေရီရီစာအုပ်တိုက်မှ မကြာမီထွက်ပါမည်။ သူရဇ္ဇမဂ္ဂဇင်းတွင် အခန်းဆက်ရေးခဲ့သော နန်းမတော်မယ်နုနှင့် ဆင်ဖြူမရှင် ဆောင်းပါးများနှင့် ပတ်သက်၍ လုံးချင်းစာအုပ်များ ထွက်ပြီးဖြစ်ပါသည်။ နန်းမတော်မယ်နု ရှင်းတမ်းစာအုပ်ကို ပညာရွှေတောင်စာအုပ်တိုက်မှ ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် ထွက်ပြီးဖြစ်ပါသည်။ ဆင်ဖြူမရှင် လုံးချင်းစာအုပ်ကို အားမာန်သစ်စာပေမှ ၂၀၁၂ ဇန်နဝါရီလတွင် ထုတ်ခဲ့ပါသည်ဟု ဖြစ်ပါသည်။*

*မောင်လူဖွေး(ပန်းလောင်မြေ)၏ အမေးနှင့်ပတ်သက်၍ ပြန်ဖြေရန်မှာ "စုံတော့ပြား၌" မဟုတ်ပါ။ "စုံတောပြား၌" ဟူ၍ ဖြစ်ပါသည်။ "နတ်ရှားကြိုင်သို့" မဟုတ်ပါ။ "နံ့ရှားကြိုင်သို့"ဟူ၍ဖြစ်ပါသည်။ ကွန်ပျူတာရိုက်သူ၏ အမှားဖြစ်ပါလိမ့်မည်။*


*မောင်သန်းဆွေ(ထားဝယ်)*

■ *ဝင်းငြိမ်း*



www.burmeseclassic.com

www.burmeseclassic.com



# သည်းခံမှုရှားရဲ့ နေတိုး


ခင်လေးမြင့်

ဓာတ်ပုံ-ကိုလင်း(Studio-K)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်
အပြည့်အဝ
နားလည်
ခွင့်လွှတ်
ပေးနိုင်ပါတယ်
ခွင့်လွှတ်နိုင်တဲ့
သည်းခံနိုင်တဲ့
စိတ်ကတော့
ပိုများတယ်
လူတစ်ယောက်ရဲ့
စိတ်ကို
သိဖို့ဆိုတာတော့
နည်းနည်းတော့
ခဲယဉ်းမယ်လို့
ထင်တယ်

အချိန်ရာသီတွေ ကုန်လွန်မြန်ဆန်တာ ဘယ်သူမှ ငြင်းလို့မရပါဘူး။ ရွှေအမြုတေရဲ့ အထူးထုတ်ကာလ နိုဝင်ဘာလကို ပြန်လည်ရောက်ရှိလာတာ မြန်တယ်လို့ ခံစားရလို့ပါ။ ၂၀၁၂ နိုဝင်ဘာလ ရွှေအမြုတေမဂ္ဂဇင်းရဲ့မျက်နှာဖုံးကို နေတိုးနဲ့ ရိုက်ကူးဖြစ်သလို ၂၀၁၃ နိုဝင်ဘာအတွက် ရွှေအမြုတေ မျက်နှာဖုံးကိုလည်း နေတိုးနဲ့ပဲ ရိုက်ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ နေတိုးရဲ့အိမ်မှာ ရိုက်ဖြစ်ခဲ့ပေမဲ့ ဒီနှစ်မှာတော့ ဒေါက်တာ စိုးသူရဝင်းရဲ့YAMAHA စန္ဒရားအရောင်းပြခန်းမှာ ရိုက်ဖြစ်ခဲ့ပါတယ်။ ရိုက်ကူးမယ့် နေရာများနဲ့ လိုက်ဖက်အောင် နေတိုးရဲ့ ဝတ်စုံများကို ဒီဇိုင်နာ မင်းသက်စံ (Sweet & Smart) က ပြင်ဆင် ကူညီပေးခဲ့ပါတယ်။

နေတိုးဆိုတာ အနုပညာသရုပ်ဆောင်လောကမှာ ထိပ်ဆုံးဆိုတဲ့ နေရာကို ရောက်ရှိနေသူဖြစ်ပါတယ်။ ဒီလိုနေရာကို ရောက်အောင်လည်း ၁၀ နှစ်ကျော်လောက် အချိန်တွေ ရင်း



www.burmeseclassic.com

www.burmeseclassic.com

နှီးခဲ့ရတာပါ။ နေတိုးက သူ့ရဲ့ အနုပညာလုပ်ရှားမှုအတွက် ဓာတ်လမ်းတွေကို သေချာစိစစ်သလို ရိုက်ကူးရေးအတွက် လိုအပ်တဲ့ စက်ပစ္စည်းတွေကို ယေယ်ယူစုဆောင်း အသုံးပြုသူလည်း ဖြစ်ပါတယ်။ ကင်မရာတွေ၊ ရိုက်ကူးရေးမီးတွေ၊ မိတ်ကပ် အသုံးပြုလုပ်ချက်တွေအတွက် အသုံးပြုနိုင်တဲ့ ပစ္စည်းတွေကိုလည်း ဝယ်ယူစုဆောင်းတဲ့သူပါ။ နေတိုးက သရုပ်ဆောင်အလုပ်အပြင် ဂီတနဲ့ပတ်သက်တဲ့ သီချင်းသီဆိုတာကိုလည်း တစ်ခါတလေ လုပ်ဆောင်ဖြစ်နေပါတယ်။ City FM နှစ်ပတ်လည်ပွဲနဲ့ ဓာတ်ကားအချို့အတွက် ဓာတ်ဝင်သီချင်းတွေ သီဆိုဖြစ်ပါတယ်။ အဲဒီလို သီဆိုရင်းကနေပဲ ၂၀၁၃ ခုနှစ် နိုဝင်ဘာလလောက်မှာ ရိန်မိုးနဲ့တွဲဖက်သီဆိုထားတဲ့ စီးရီးတစ်ခွေ ထွက်ရှိလာတော့မှာပါ။ ဗီဒီယိုဓာတ်ကား အချို့မှာ နေတိုး၊ ရိန်မိုးတို့ကိုယ်တိုင် သီဆိုထားကြတဲ့ သီချင်းတွေကို စုစည်းပြီး Story Face အမည်နဲ့ စီးရီးထွက်ရှိမှာ ဖြစ်ပါတယ်။

**ဓာတ်ဝင်သီချင်းတွေဖြစ်တဲ့အတွက် ဗီဒီယိုဓာတ်ကား ဘယ်နကားက သီချင်းတွေကို စုစည်းထားတာလဲ။**

၂၀၁၁ ခုနှစ်ကနေ ၂၀၁၃ အထိ ထွက်တဲ့ ဓာတ်





www.burmeseclassic.com

www.burmeseclassic.com




ကားတွေထဲက သီချင်းတွေကို အများဆုံးရွေးထားတာပါ။

**အဲဒီထဲကမှ သီချင်းတွေ ရွေးချယ်မှုကရော ဘယ်လို လုပ်လဲ။**

ဇာတ်ကားထွက်ပြီဆိုရင် ပရိသတ်ရဲ့ Comment တွေရှိတယ်လေ၊ တချို့ ဇာတ်ကားထဲက သီချင်းတွေ နားထောင်မိပြီးရင် ဘယ်ကားမှာ ပါတာလဲဆိုတာလဲ မေးကြတယ်။ ကျွန်တော်တို့က ဇာတ်ကားအတွက် သီးသန့်ရေးပြီး လုပ်ထားတဲ့ သီချင်းတွေဖြစ်တော့ တချို့ပရိသတ်တွေက ရှိပြီးသား သီချင်းတွေ ထည့်တယ်လို့ပဲ ဒီဘက်ခေတ်မှာ မြင်ကြတယ်။ ဟိုအရင်ခေတ်ကဆိုရင် သီချင်းခွေတွေဆိုတာ ဇာတ်ကားထဲမှာဆိုပြီးမှသာ အပြင်မှာ နားထောင်ခဲ့ကြရတာ။ ကျွန်တော်တို့ဖြတ်သန်းတဲ့ ၁၁ နှစ်၊ ၁၂ နှစ်ကြားထဲမှာ အရှင်းဆုံးပြောရရင် စီးရီးထဲက သီချင်းတွေကိုသုံးတာ ပိုများတယ်ဆိုတော့၊ အရှင်းဆုံးပြောရရင် ဇာတ်ဝင်သီချင်းကို ကိုယ့်ဘာသာလုပ်ပြီး ဇာတ်ကားအတွက် အလိုက်ဖက်ဆုံးဖြစ်အောင် ကိုယ့်အိုင်ဒီယာနဲ့ ကိုယ်ဘာသာ သံစဉ်ရှာပြီး သီချင်းတွေလုပ်ရတာလည်း ဝါသနာပါတယ်။ International ပုံစံဆိုရင်လည်း သူတို့ဆီမှာ ဒီလိုမျိုး ဇာတ်ဝင်သီချင်းတွေကို ဥပမာ - Titanic လိုမျိုးဆိုရင် ဒါဟာ ဇာတ်ကားထဲက သီချင်းပဲ။ ဒီလိုမျိုး ဖြစ်စေချင်တာ။ ရုပ်ရှင်ဇာတ်ကားကြီးတွေလည်း အဲဒီလိုမျိုးဖြစ်စေချင်တယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ အဲဒီလိုမျိုး ကားကြီးတွေမှာ သီချင်းတွေ အရမ်းပေါက်တာမျိုး မရှိသေးဘူး။ ဗီဒီယိုမှာ ကျွန်တော်တို့ စလုပ်ကြည့်တာ၊ စလုပ်ကြည့်တော့ ပရိသတ်ရဲ့ အားပေးမှုတွေ တွေ့ရတော့ ဒါလေးတွေကို အခွေအနေနဲ့ စုစည်းပြီး ပြန်လုပ်ပေးတဲ့ သဘောပါပဲ။

**အခုနောက်ပိုင်းမှာ ထွက်ပြီးသား စီးရီးတွေထဲက သီချင်းတွေကို သုံးတာရယ်၊ ဇာတ်ဝင်သီချင်းသီးသန့် မဖန်တီး ဖြစ်တာတွေက အချိန်ကြောင့်လား၊ ငွေကြောင့်လား၊ အနုပညာဖန်တီးမှု အားနည်းလို့လား။**

ဘယ်လိုကြောင့်လဲဆိုတော့ အရှင်းဆုံး ပြောရရင် ကားတစ်ကားပေါ်မှာထားတဲ့ လူတစ်ယောက်ရဲ့ထားတဲ့ စိတ်နဲ့ တန်ဖိုးနဲ့တော့ ဆိုင်တာပေါ့။ အဓိကကတော့ အရှင်းဆုံးပြောရရင် ဗီဒီယိုတွေ စပေါ်လာတဲ့ အချိန်က စခဲ့တယ်လို့ ထင်ပါတယ်။ ဗီဒီယိုတွေ စပေါ်လာတဲ့ အချိန်တုန်းကဆိုရင် ဒီကားထဲမှာ ဒီအကြောင်းအရာလေးတွေ စဉ်းစားပြီးတော့မှ ဒီသီချင်းနဲ့ လိုက်တယ်၊ ဟိုသီချင်းနဲ့လိုက်တယ်၊ တကယ်တမ်း ကြည့်မယ်ဆိုရင် ရေးထားပြီးသား သီချင်းတစ်ပုဒ်က ဇာတ်ကားနဲ့ အံဝင်ခွင်ကျ ဖြစ်ဖို့ဆိုတာ မလွယ်ဘူး။ သီချင်းတစ်ပုဒ်ကို ဒါရိုက်တာကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် မဖန်တီးနိုင်တော့တာမျိုးလည်း ဖြစ်ကောင်းဖြစ်မယ်။ Music ကို နားလည်တဲ့ဟာလည်း ဖြစ်ကောင်းဖြစ်မယ်။ သီချင်းကို ဖန်တီးမယ့်လူက ဇာတ်ကားတစ်ကားအတွက် Music Director မရှိဘူး။ Music Director မရှိတဲ့အခါကျတော့ အခုတီးရတဲ့ နောက်ခံတီးလုံးဆိုတာလည်း တကယ်တမ်းပြောရရင် ကိုယ်ပိုင်တီးတယ်ဆိုတာထက် ရှိပြီးသားတီးလုံးတွေကို ထည့်လိုက်တဲ့ဟာတွေ၊ ဒါတွေဆိုရင် ဒီဘက်ခေတ်မှာကျတော့ မလုပ်သင့်တဲ့ဟာမျိုးတွေပေါ့။ အများကြီး ကျွန်တော်တို့ တွေ့ရတယ်။ ဒီဟာတွေက နောက်ပိုင်းမှာ မူပိုင်ခွင့်ဥပဒေတွေ ဘာတွေ ဆုတ်ပြန်တာမျိုးရှိရင် တစ်နည်းမဟုတ်တစ်နည်းနဲ့ Own Creation ဖြစ်မယ့် အနုပညာကိုပဲ ပိုပြီး ရှင်သန်လာမယ်လို့ ကျွန်တော် မြင်တယ်။ အဲဒီအတွက်ကို ကျွန်တော်တို့က အရှင်းဆုံးပြောရရင် ကိုယ်တိုင် ဖန်တီးခဲ့တဲ့အနုပညာတွေက ကိုယ့်စိတ်ကြိုက်၊ ကိုယ့်ရင်ထဲက ထွက်ပေါ်လာတဲ့ အနုပညာကိုပဲပရိသတ်ကိုပိုပြီး ကျွန်တော့်အနေနဲ့ပေးဖြစ်တယ်။

**ဇာတ်ကားတွေအတွက် ဇာတ်ဝင်သီချင်း သုံးတော့မယ်ဆိုရင် ဘယ်လောက်ထိ ဂရုစိုက် ရွေးချယ်ဖြစ်လဲ။**

အခွေထွက်မယ့် သီချင်းတွေဆိုရင် Own Tune တွေက ၉၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ဇာတ်ကားတစ်ကားကို ရိုက်လိုက်ပြီးမှ သီချင်းလုပ်တာ ပိုများတယ်။ အရင်တုန်းက ရုပ်ရှင်တွေက တစ်ပြိုင်နက်တည်း လုပ်ကြတယ်။ အခု ကျွန်တော်တို့လုပ်တဲ့ ပုံစံက ဇာတ်ကားရိုက်လိုက်တယ်။ အဲဒီကားရဲ့ Theme Song လိုချင်သလား။ တစ်ဦးတစ်ယောက်ကို ရည်ညွှန်းပြီး ရေးချင်တာလား၊ ဒီ အကြောင်းအရာရဲ့ Subject ကို ပေါ်လွင်အောင် သီချင်းရေးရတာမျိုးရှိတယ်။ Subject ကို ပေါ်လွင်အောင် ရေးပြီးမှ Music ကို စဉ်းစားရတာမျိုးရှိတယ်။ ကိုယ်တိုင် Guide Line နည်းနည်းတော့ ပေးရတာရှိတယ်။ ကိုယ်ဖြစ်ချင်တဲ့ဟာနဲ့ တေးရေးဆရာနဲ့ ညှိရတယ်။ အရှင်းဆုံး ပြောရရင် စကားလုံးတွေက နည်းနည်းလွယ်တဲ့ ဟာမျိုးတွေတော့ မဟုတ်ဘူး။ မှတ်ရနည်းနည်းခက်တယ်။ အကြောင်းအရာတွေက အရှုပ်ကိုပို့ရတဲ့ စကားလုံးတွေ ဖြစ်တဲ့အခါကျတော့ တစ်ခါတလေကျ

www.burmeseclassic.com

www.burmeseclassic.com

Detail တွေ ရေးရတဲ့ဟာမျိုးတွေရှိသလို ကဗျာဆန်ဆန်၊ ဒဿနဆန်ဆန် ရေးပြရတဲ့ဟာမျိုးတွေ လည်းရှိတယ်။ တေးရေးကတော့ အများဆုံးကိုကေလတ်မိုးရေးတယ်။ ဆိုတာကတော့ ကိုရိန်မိုးဆိုတယ်။ သူ တို့ကတော့ ဇာတ်လမ်းပြောပြပြီး ကျွန်တော်က အပ်တာမျိုး မဟုတ်ဘူး။ ကျွန်တော်တို့ ဖြစ်ချင်တဲ့ အကြောင်းအရာကို ဝတ္ထုလိုပုံစံမျိုးပေါ့၊ ဒီလိုအကြောင်းအရာလေးတွေ ရှိချင်တယ်၊ ဒီလိုအကြောင်း အရာမျိုးတွေ လိုချင်တယ်ဆို ပြီး Guide Line လေးပေးတယ်။ ပေးလိုက်တဲ့အပေါ်မှာ စကားလုံးလှအောင် ပြန်စဉ်းစားတယ်။ တစ်ခါတလေကျရင် ကျွန်တော်က အကြောင်းအရာပဲ ပေးလိုက်တယ်။ သူတို့ဘာသာသူတို့ သံစဉ်တွေနဲ့လုပ်တာရှိတယ်။ တချို့ကျတော့ ကျွန်တော်က သံစဉ်ပုံစံတွေ ပြောပြတာရှိတယ်။ မျိုးစုံပေါ့။

**ရိန်မိုးနဲ့ နှစ်ယောက်တွဲ စီးရီးဆိုပေမဲ့ စီးရီးမှာ နေတိုးရဲ့ သီချင်းက ၅ ပုဒ်၊ ရိန်မိုးက ၉ ပုဒ်ပါတယ်။ နှစ်ယောက်တွဲဆိုရင် ညီတူညီမျှ ထည့်ကြတာလေ၊ ဘယ်လိုကြောင့်လဲ။**

အဓိကကတော့ ဒီထဲမှာ သီချင်းတွေက အရှင်းဆုံးပြောရရင် ကျွန်တော် ဇာတ်ဝင်သီချင်းဆိုခဲ့တဲ့ဟာက ပိုနည်းတယ်။ အဲဒါကြောင့် စုလိုက်တဲ့အခါ အဲဒီလောက် ပဲရတယ်။ ဒါပေမဲ့ ကျွန်တော်က တချို့သီချင်းတွေကျတော့ ဇာတ်ကားထဲမှာ ရိန်မိုးဆိုတာ ကို အခွေထဲမှာကျတော့ နှစ်ယောက်တွဲ လုပ်တာမျိုးရှိတယ်။

**အရင်က ဇာတ်ဝင် သီချင်းတွေကို ကိုယ်တိုင်ဆို ဖြစ်ခဲ့တာ ဘယ်လိုကြောင့်လဲ။**

ကိုယ်တိုင် ဆိုဖြစ်ခဲ့တာက အဓိကကတော့ ဒီသီချင်းကို ကိုယ်နဲ့လိုက်မယ်လို့ ယူဆတာလည်းပါတယ်။ ပြီးတော့ ဒီသီချင်းကို ဆိုချင်တဲ့ စိတ်အရမ်းဖြစ်တာလည်း ပါတယ်။ နောက်တစ်ခုက ဇာတ်ကားအရ ကိုယ်ဆိုမှ ဖြစ်မယ့် သီချင်းမျိုး၊ ဥပမာ ကိုယ်ကိုယ်တိုင် ဂစ်တာတီးပြီး ဆိုပြရတဲ့ သီချင်းမျိုးဖြစ်တဲ့ ဟာမျိုးကျတော့ ကိုယ်ကိုယ်တိုင်ဆိုလိုက်တော့တယ်။ အရင်တုန်းက အချစ်ငှက်ကို ရိန်မိုး ဆိုတယ်။ နောက်ပိုင်း ဒီလို ရည်ရွယ်ချက်လေးတွေထားတဲ့အခါကျတော့ ကိုယ်ကိုယ်တိုင်လည်း နည်းနည်းလေး လုပ်ထားတဲ့ သဘောပါပဲ။

**၃ နှစ်အတွင်း ဆိုထားတဲ့၊ ရှိထားတဲ့ သီချင်းတွေကို ဒီအချိန်မှာ ထုတ်သင့်ပြီ**





www.burmeseclassic.com

www.burmeseclassic.com

**ထင်လို့လား၊ ဘယ်လိုကြောင့် ထုတ်ဖြစ်တာလဲ။**

မဟုတ်ဘူး။ အဓိကက ပရိသတ်က အခွေအဖြစ် အမှတ်တရ ထွက်စေချင်တယ်။ ဓာတ်ကားထဲမှာပါပြီး သူတို့ ဘယ်မှာဝယ်ရမှန်း မသိဘူး။ ပြီးတော့ ဓာတ် ကားထဲကဟာက Audio က အရမ်း Clear မဖြစ်ဘူးဆိုတဲ့ အခါကျတော့ ဒီလိုမျိုး မှတ်မှတ်ရရ လိုချင်တယ်။ ပရိသတ်က စီးရီးတစ်ခုအနေနဲ့ သီချင်းလေးတွေစုပြီး ထုတ်ပါလား ဆိုတဲ့ အကြံဉာဏ်ပေးမှုလေးတွေနဲ့ ထွက်တာ။ အမှန်ကတော့ လိုက်လျောပေးတဲ့ သဘောပေါ့။ ပရိသတ်အတွက်ရော ကိုယ့်အတွက်ရောပေါ့။ ပရိသတ်နဲ့ ကိုယ့်ကြားမှာ အမှတ်တရလေး ဖြစ်စေချင်တဲ့ သဘောပါ။

**နေတိုးနဲ့ ပရိသတ်ကြားမှာ အမှတ်တရ ဖြစ်စေချင်တာကို နေတိုးတစ်ယောက်တည်း ဘာကြောင့် မဆိုတာလဲ။**

အချိန် သိပ်မရှိလို့။ အချိန် ဆိုတာက စီးရီးတစ်ခုကို လုပ်ဖို့ပါ။ တစ်ချိန်ချိန်မှာ တော့ စဉ်းစားထားတဲ့ ဟာတော့ ရှိတယ်။ Solo Album လုပ်ဖို့တော့ ရှိတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ အဲဒီလောက်ထိ ပေးဖို့အတွက် အခွင့်အရေးက ဒီဘက်က လုပ်နေရတဲ့ ရုပ်ရှင်က နိစ္စဓူဝ ဖြစ်နေတော့ မလွယ်ဘူး။ ဒါပေမဲ့ ၂၀၁၄ ထဲမှာတော့ ရိုက်ကူးမှု ပုံစံပြောင်းသွားရင်၊ အချိန် ပိုလာရင်တော့ သီချင်းလေးတွေ လုပ်ဖြစ်မယ်။ ပန်းချီကားလေးတွေ ရေးဖြစ်မယ်။ အနုပညာထဲကမှ ကိုယ်ဝါသနာပါတဲ့ တစ်ဦးတစ်ယောက်တည်း လုပ်လို့ရတဲ့ဟာမျိုးလေးတွေ ပိုလုပ်ဖြစ်လာမှာပေါ့။

**အခုနောက်ပိုင်း ပန်းချီကို လုံးဝမဆွဲဖြစ်ဘူးပေါ့။**

မရေးဖြစ်ဘူး။ လုံးဝကို မဆွဲဖြစ်တာ။ စိတ်ထဲမှာ ပန်းချီဆွဲချင်တယ်။ ဒါပေမဲ့ အချိန်အားဖြင့် မရဘူး။

**နေတိုးရဲ့ အနုပညာ သက်တမ်း ၁၀ နှစ်ကျော် အတွင်းမှာ ဟုတ်တာရော၊ မဟုတ်တာရောသတင်း တွေ ထွက်လာတယ်။ အဲဒီအပေါ် ခံနိုင်ရည်ရှိအောင် ဘယ်လို အင်အားတွေ မွေးခဲ့ရတာမျိုး ရှိလဲ။**





www.burmeseclassic.com

www.burmeseclassic.com

ထွေထွေထူးထူး ခံနိုင်ရည်ကို အဲဒီလို မွေးမြူရတာမျိုး မရှိပါဘူး။ စိတ်ရှုပ်ထွေးရတာမျိုးတော့ ရှိတယ်။ ခဏခဏ ပြောပါတယ်။ အဆိုးဖြစ်ဖြစ်၊ အကောင်းဖြစ်ဖြစ် အရမ်းဝမ်းသာပြီး ကိုယ့်ရဲ့အောင်မြင်မှုတစ်ခုသော်လည်း ကောင်း၊ ကျရှုံးမှုတစ်ခုသော်လည်းကောင်း ကျွန်တော် အချိန်အကြာကြီး ခံစားဖြစ်မှာ မဟုတ်ဘူး။ အဲဒီအပေါ်မှာ သိပ်ပြီး ဖက်တွယ်နေမှာ မဟုတ်ဘူး။ လုပ်စရာရှိတဲ့ဟာကို ပိုဦးစားပေး လုပ်ဖြစ်သွားမှာပါ။

**မော်ဒယ်လ် မင်းသမီးတစ်ယောက်က နေတိုးကို အရမ်းကြိုက်လို့ဆိုပြီး ထွက်လာတယ်။ နေတိုးအနေနဲ့ အဲဒီအပေါ် တုံ့ပြန်တာထက်၊ ပြောကြတဲ့အပေါ် ခံနိုင်ရည်ရှိအောင် ဘယ်လိုလုပ်ခဲ့ရလဲ။**

ကျွန်တော်တို့ ဖြတ်သန်းမှုမှာတော့ ဒါမျိုးတွေက အရှင်းဆုံးပြောရရင် အနည်းနဲ့အများကတော့ ရှိကြတာပေါ့။ ဒါပေမဲ့ ကျွန်တော်ပြောတာက သတင်းဆိုတာ နည်းနည်းလေးကို များများလုပ်ချင်တာမျိုးလည်း ရှိတယ်။ အရှင်းဆုံးပြောရရင် ဖြစ်ခဲ့တဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး ဖြစ်ခဲ့သလောက် မဟုတ်ခဲ့ပါဘူး။ အချိန်ကပဲ ကျွန်တော့်ကို ဆုံးဖြတ်ပေးသွားတာပေါ့။ အခုအချိန်မှာလည်း အချိန်ကပဲ ဆုံးဖြတ်ပေးသွားလို့ ဒီလိုအခြေအနေမျိုး ဖြစ်သွားတယ်လို့ ကျွန်တော် မြင်ပါတယ်။

**နေတိုးကို အဲဒီလို အရှုံးအရှုံးဖြစ်တဲ့သူတစ်ယောက်နဲ့ ထိပ်တိုက်တွေ့ရမယ်ဆိုရင် နေတိုး ဘယ်လို ဖြေရှင်းပေးမလဲ။**

ကျွန်တော်က တစ်ခါတလေကျရင် ကိုယ့်စိတ်ကိုကိုယ် နားမလည်တဲ့ အပိုင်းတွေ ရှိတယ်။ ကိုယ့်စိတ်ကို ကိုယ်မြင်နေရတယ်ဆိုပေမဲ့ ကိုယ့်စိတ်ထဲမှာဖြစ်နေတဲ့ အကြောင်းအရာတွေ တစ်ခါတလေကျရင် ပြန်မလိုက်လျောနိုင်တဲ့ အပိုင်းမျိုး ဥပမာ ကိုယ်က တစ်ခုခု လုပ်ချင်တယ်၊ တစ်နေရာသွားချင်တယ်ဆို ဒီနေရာက သွားသင့်တဲ့နေရာလား၊ မသွားသင့်တဲ့ နေရာလားဆိုပြီး ဆုံးဖြတ်တယ်။ မသွားသင့်တဲ့ နေရာဆိုရင် သွားချင်စိတ် ရှိရင်တောင်မှ ကိုယ့်စိတ်ကိုပြန်ပြီး Control ပြန်လုပ်တယ်။ စောစောက ပြောသလို ကိုယ့်ကို Crazy ဖြစ်တယ်၊ ရှုးသွပ်တဲ့ဟာမျိုးတွေ တွေ့လာရင်တောင် ကျွန်တော့်စိတ်ကနေ ကျွန်တော် ဆုံးဖြတ်မယ်။ ဒီဟာသည် လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား၊ ဖြစ်သင့်လား၊ မဖြစ်သင့်ဘူးလားပေါ့။ အဲဒီအပေါ်မှာပဲ မူတည်မယ်လို့ ကျွန်တော်မြင်တယ်။ ဖြစ်ပေါ်လာတဲ့ အကြောင်းအရာ တစ်ခုအပေါ်မှာ ဆုံးဖြတ်ချက်က ပြောင်းလဲသွားနိုင်တယ်။



**လူတစ်ယောက်ရဲ့စိတ်ကိုဘယ်လောက်ထိ နားလည်ခွင့်လွှတ်ပေးနိုင်မှုရှိလဲ။**

ကျွန်တော် အပြည့်အဝ နားလည်ခွင့်လွှတ်ပေးနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခွင့်လွှတ်နိုင်တဲ့၊ သည်းခံနိုင်တဲ့ စိတ်ကတော့ပိုများတယ်။ လူတစ်ယောက်ရဲ့ စိတ်ကိုသိဖို့ ဆိုတာတော့ နည်းနည်းတော့ ခဲယဉ်းမယ်လို့ ထင်တယ်။ ခွင့်လွှတ်နိုင်တဲ့၊ သည်းခံနိုင်တဲ့ဟာကတော့ လူတိုင်းမှာ အမြဲတမ်းရှိသင့်တဲ့ စိတ်တစ်ခုပဲ။

**ခွင့်လွှတ်နိုင်မှုက အတိုင်းအတာ တစ်ခုထိတော့ ရှိလိမ့်မယ်ထင်တယ်။**

ဟုတ်ကဲ့၊ အများဆုံးတော့ ကျွန်တော် ခွင့်လွှတ်နိုင်တာ ပိုများပါတယ်။

**နေတိုးမှာ ချစ်သူရည်းစား မရှိတာကြောင့် ဒီလို သတင်းတွေ ထွက်လာတယ်လို့ ပြောနိုင်မလား။**

အဲဒီလိုကြောင့်ရယ်လို့လည်း ကျွန်တော် မမြင်ပါဘူး။ အရှင်းဆုံးပြောရရင် ဆက်စပ်ပတ်သက်မှုတွေလည်း ရှိတော့ ရှိခဲ့တာပေါ့။ ဒါပေမဲ့ ထွက်ပေါ်လာတဲ့ သတင်း တိုင်းတော့ မဟုတ်ပါ ဘူး။ ကောလာဟလ အနေနဲ့ဆို ကျွန်တော့် ကို ဂျီပုန်းကြီးလား မသိဘူးတို့ ဘာတို့ ပြောကြတယ်။ မျိုးစုံ အဲဒီလိုမျိုး တွေလည်း ပြောကြ တာဆိုတော့ ဒါက လူတစ်ကိုယ် စိတ် တစ်မျိုးပဲပါပဲ။ ပြောပိုင်ခွင့်ရှိပါတယ်။

**ကိုယ်မဟုတ်တာကို အပြောခံရတဲ့ဟာ အဲဒါဟာ မဟုတ်ကြောင်း သက်သေပြချင်သေးလား။**

အဲဒီလိုမျိုးရယ်တော့ မဟုတ်ပါဘူး။ ကိုယ် ကောင်းရင် ခေါင်းမရွှေ့ဘူး ဆိုတဲ့ စကားပုံလည်း ရှိတာပဲ လေ။ အဲဒီတော့ အဓိကက လူတွေက တစ်ခုခုပြောတိုင်း ကိုယ်လိုက်လုပ်ပြစရာ မလိုပါဘူး။ ဥပမာ ဒီအကြောင်းအရာတစ်ခုက ကိုယ်လက်မခံရင် ကိုယ့်ဆီကို မရောက်ဘူး။ ရှင်းရှင်းပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငယ်ငယ်တုန်းကဆိုရင် ဘုရားစာတွေဖတ်တာ တော်တော်များတယ်။ အဓိကကတော့ ပုံပြင်ဆန်တဲ့ဟာမျိုးတွေပေါ့။ ဘုရားဟောထဲမှာ ပါတဲ့ဟာမျိုးလေးတွေပေါ့။ အဲဒီထဲမှာလည်း ပါတယ်လေ။ လူတစ်ယောက်က ကိုယ့်ကိုလက်ဆောင်တစ်ခုပေးတယ်ဆိုရင် အဲဒီလက်ဆောင်ကို ကိုယ်လက်မခံဘူးဆိုရင် ကိုယ့်ဆီမှာ မရှိဘူး။ သူ့ဆီမှာပဲ ရှိနေမှာပဲ။ လူတစ်ယောက်က ကိုယ့်ကို ဘယ်လောက်ပဲ လာလုပ်လုပ် ကိုယ်က အဲဒါကို လက်မခံရင် ကိုယ့်ထဲကို အဲဒီအပူက မရောက်ဘူး။ ကိုယ့်ကို တိုက်ခိုက်ချင်တဲ့ဟာပဲဖြစ်ဖြစ်၊ ကိုယ့်ကို ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ကိုယ့်ဆီကို လာပေးတဲ့အရာတစ်ခုက ကိုယ်လက်မခံရင် သူ့ဆီမှာပဲ ရှိနေတာပဲလေ။ အရှင်းဆုံး ပြောရရင် သူ့စိတ်ထဲကနေ ထုတ်ပစ်နိုင်မှသာလျှင် အဲဒီစိတ်က ပျောက်သွားမှာပေါ့။ အဲဒီတော့ ကိုယ်လက်မခံနိုင်ဖို့အတွက် အရေးကြီးဆုံးပါပဲ။ ကိုယ်က ဒါကို လက်ခံသင့်တယ်၊ လက်မခံသင့်ဘူးက ကိုယ့်စိတ်ပေါ်မှာပဲ မူတည်တယ်။ အဲဒီတော့ ကိုယ့်စိတ်ချမ်းသာမှုအတွက် ကိုယ်ပဲလုပ်လို့ရသလို သူ့စိတ်ချမ်းသာမှုအတွက် သူပဲ လုပ်လို့ရမယ် မြင်တယ်။

ယောကျ်ား မဟုတ်ဘူး။ ဂျီပုန်းလို့ ပြောတာကို ပြန်ကြားရတဲ့အချိန် စိတ်ထဲမှာ ထောင်းခနဲတော့ ဖြစ်သွားမှာပေါ့။

အကျိုးအကြောင်း သိလျှော့စွာတော့ ရှိတာပေါ့။ စိတ်ထဲမှာတော့ နည်းနည်းထောင်းခနဲဖြစ်တယ်ဆိုတာထက် အဲဒါ မကြိုက်ဘူးပေါ့။ ဒီလိုပြောတယ်၊ ဘာ့ကြောင့်လဲတော့ မသိဘူးပေါ့။ ရည်းစားလည်း မရှိဘူးဆိုတော့ ပြောမှာပေါ့လေ ဆိုတာလောက်ပါပဲ။ သူ့အပေါ်မှာ နာကြည်းမုန်းတီးတဲ့စိတ်မျိုး၊ ဒီကောင်ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုတဲ့ စိတ်မျိုးတော့ မရှိဘူး။ ဒီထက်မက ပြင်းထန်တဲ့ဟာဖြစ်လာရင်တော့ရှိမှာပေါ့နော်။ သဘောတစ်ခုကလေ၊ ဒီထက်မက ပြန်းထန်တဲ့အရာမျိုး၊ ကိုယ့်ကို သွေးထွက်သံယိုဖြစ်စေမယ့်ဟာမျိုး ဖြစ်လာရင်တော်မှ ဒါက ကိုယ့်ရဲ့ဝဋ်ကြွေးတစ်ခုလို့ပဲ သတ်မှတ်မှာပဲ။

စကားလုံးနဲ့ ထိုးနှက်တာထက် လူကို ကိုယ်တိုင်လာ ထိုးနှက်တာ ဘယ်ဟာက ပိုပြီး ခံပြင်းဖို့ကောင်းလဲ။

ခံပြင်းတဲ့စိတ်မျိုး မရှိပါဘူး။ အဓိကကတော့ သည်းခံစိတ်မွေးတယ်။ ဘယ်အရာမှာမဆို သည်းခံစိတ်မွေးတယ်။ အဓိကကတော့ ဘာသာတရားအပေါ် ယုံကြည်ကိုးစားမှု၊ အလေးအနက်ထားမှုတွေလည်း ရှိကောင်းရှိမှာပေါ့။ လူတစ်ယောက်ထားရမယ့် စိတ်ဓာတ်သဘောတရားတွေကို အဘိုးအဘွားတွေက ငယ်ငယ်လေးကတည်းက သွန်သင်ဆုံးမပေးတဲ့အခါကျတော့ ကိုယ့်ခေါင်းထဲမှာ အမြဲတမ်း မှတ်မိနေတဲ့ဟာတွေရှိတယ်။ အရာရာကို ဒီလိုမျိုးဘာသာတရားနဲ့ပဲ လုံမြဲအောင်ကျွန်တော်နေပါတယ်။

နေတိုးက ၂၀၁၁ ဝါကျွတ်ရင် မင်္ဂလာသတင်းကြားရမယ်ဆိုတာကတော့ မဟုတ်ပါဘူးလို့ ငြင်းပါတယ်။ အခုအချိန်မှာ ချစ်သူမရှိပေမဲ့ အိမ်ထောင်ကတော့ ပြုမှာပါလို့ဆိုပါတယ်။ နေတိုးက နိုဝင်ဘာလထဲမှာ အောင်တိုင်းကျော်၊ မိုးဝ ဗီဒီယိုထုတ်လုပ်ရေးတို့နဲ့ ဇာတ်ကားများ ရိုက်ကူးဖို့ စီစဉ်ထားပါတယ်။ နေတိုးရဲ့ ဂီတလှုပ်ရှားမှုအချို့နဲ့ ယောကျ်ားအစစ် မဟုတ်ပါဘူးဆိုတဲ့ အပြောများနဲ့ ပတ်သက်တာတွေကို ဖတ်ရှုရတဲ့ ရွှေအမြုတေ ပရိသတ်များ ကျေနပ်မယ်လို့ ယူဆပါတယ်။ ရွှေအမြုတေ မဂ္ဂဇင်းအတွက် အချိန်ပေးဓာတ်ပုံရိုက်ကူးပေးတဲ့ နေတိုး၊ ဒီဇိုင်နာ မင်းသက်စံ၊ ဓာတ်ပုံကို လင်း(Studio-K)တို့ကို ကျေးဇူးအထူး တင်ရှိပါတယ်။ YAMAHA Showroom မှာ ဓာတ်ပုံရိုက်တဲ့အခါ အလုပ်ချိန်ကုန်လွန်တဲ့အထိ မညည်းမညူနဲ့ စောင့်နေပေးရှာတဲ့ လိုအပ်တာများကို ကူညီပေးတဲ့ YAMAHA Showroom က ညီမလေးများ၊ မောင်လေးများ၊ အစ်ကိုများနဲ့ ဒေါက်တာ စိုးသူရဝင်းတို့ကို ကျေးဇူးအထူး တင်ရှိကြောင်း ဆိုပါရစေ။ ■

ခင်လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com



# ပြေတီဦးအတွက် မွေးနေ့လက်ဆောင် ဘာပေးရမှန်း မသိဘူးဆိုတဲ့ အိန္ဒြာကျော်ဇင်

ခင်လေးမြင့်

ကျောက်ကပ်မှာ ကျောက်တွေ့တာရယ်၊ ဒုတိယသားသမီးထပ်ယူဖို့ အစီအစဉ်များနဲ့ ၂၀၁၃ ခုနှစ် ဧပြီလကုန်ကစပြီး ဇာတ်ကား ရိုက်တွေ နားထားတဲ့ အိန္ဒြာကျော်ဇင်က ၂၀၁၃ခုနှစ် အောက်တိုဘာမှာတော့ ဇာတ်ကားတွေ ပြန်လည်ရိုက်ကူး လာပါတယ်။ တစ်လကိုတစ်ကားနှုန်း ရိုက်ကူးဖို့ စီစဉ်ထားတဲ့ အိန္ဒြာကျော်ဇင်ကို မေးမြန်းဖြစ်တာက-

**ဇာတ်ကားတွေ မရိုက်ဘူးလို့ ဆုံးဖြတ်တဲ့အချိန်မှာ ကိုယ်ရရှိထားတဲ့ အောင်မြင်မှုကို လက်လွှတ်လိုက်ဖို့ တော်တော်လေး စဉ်းစားခဲ့ရတာမျိုး ရှိခဲ့သေးလား။**

အဲဒါတွေကို အူဝဲ သိပ်မတွက်ပါဘူး။ ငါဘယ်နှနှစ်တောင် လုပ်ခဲ့ရတယ် ဆိုတာမျိုး မစဉ်းစားခဲ့ပါဘူး။ ဒီလောက်လုပ်ခဲ့ပြီး ဒီလိုရပ်လိုက်ရင် ဘာဖြစ်သွားမလဲ ဆိုတာတွေ အူဝဲ သိပ်မတွက်တတ်ဘူး။ လောလောဆယ်မှာ ဘယ်လိုလေးလုပ်ရင် အဆင်ပြေနိုင်မလဲဆိုတဲ့ အပေါ်မှာပဲ စဉ်းစားပြီးတော့ လုပ်တယ်။ ကိုယ့်ရဲ့အောင်



www.burmeseclassic.com

www.burmeseclassic.com

မြင်မှုအတွက်နဲ့မြော်တာလည်း မရှိဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင်အောင်မြင်မှုကို လိုချင်လို့ နဲ့မြော်တယ်ဆိုတာမျိုး မရှိဘူး။ အုဝဲစိတ်ထဲမှာ အဲဒီလိုမျိုးရှိမနေဘူး။ ရှိမနေဘူးဆိုတာက ကိုယ်လုပ်တဲ့ အလုပ်တစ်ခုကိုပရိသတ်ကို အကောင်းဆုံးပေးဆပ်ချင်တယ်။ အဲဒီစိတ်နဲ့ပဲ အုဝဲ လုပ်လာတာ အဲဒီ Effect ကတော့ ပြန်ရပါတယ်။ ရုပ်လိုက်ရင်အောင်မြင်မှု လျော့သွားမလားဆိုတာမျိုးသိပ်မရှိဘူး။ ရုပ်လိုက်တဲ့ အချိန်တုန်းကလည်း ငါ ဒီလို ရုပ်လိုက်မှပဲ အဆင်ပြေမယ်ဆိုပြီး အုဝဲ ခဏနားခဲ့တာပါ။

**သမီးလေးနဲ့ အနုပညာအလုပ် ယှဉ်ရင် သမီးလေးကို ပိုပြီးဦးစားပေးဖြစ်မယ်ထင်တယ်။ အဲဒါဟုတ်လား။**

အဲဒီလို ဖြစ်သွားတာ ဟုတ်ပါတယ်။ ဒီလိုအချိန်မှာ ဒီလိုအခြေအနေဖြစ်သွားတာက တစ်ကြောင်း၊ ဒါပေမဲ့လည်း အုဝဲတို့လုပ်ခဲ့တဲ့ နှစ်ကလည်း အများကြီးပဲ။ ကိုယ်က ဒီလိုအသက်အရွယ် ဒီလိုအချိန်မှာ ဒီလိုမျိုးဘဝလေးကို ဖန်တီးခဲ့တယ်။ ဖန်တီးပြီးတဲ့အခါမှာလည်း အုဝဲ ထင်တယ်လေ။ အုဝဲရဲ့ မိသားစုလေးကိုတော့ ပိုပြီး ဦးစားပေးသင့်တယ်လို့ ထင်တယ်။ ရှေ့မှာလည်း နှစ်ပေါင်းများစွာ ပေးဆပ်ခဲ့တယ်။ အလုပ်တွေလုပ်ခဲ့တယ်ဆိုတော့ နောက်ပိုင်းမှာ အဲဒီလောက်ကြီးမလိုအပ်တော့ဘူးလို့ ထင်တယ်။ ကလေးအတွက်၊ မိသားစုအတွက် ပိုပြီးအချိန်ပေးသင့်တယ်လို့ အုဝဲ ထင်ပါတယ်။

**ဇာတ်ကားတွေကို တစ်လတစ်ကားနှုန်းရိုက်ဖို့ စီစဉ်ထားတာဖြစ်တဲ့အတွက် အရင်တုန်းကရိုက်ကူးမှုပုံစံနဲ့ ဘယ်လိုကွာခြားသွားတာမျိုးရှိဦးမလဲ။**

ဇာတ်လမ်းတွေကိုတော့ နည်းနည်းလေးကြိုပြီးပေးခိုင်းထားတာလေးတွေ ရှိတယ်။ အရင်တုန်းကလည်း ဇာတ်လမ်းကြိုပေးပါတယ်။ ပေးတယ်ဆိုပေမဲ့ တစ်ခါတလေကျရင် ဖြစ်တတ်တယ်။ ကုမ္ပဏီကရက်ကို ကြိုယူထားတယ်။ ကြိုယူထားပြီးတော့မှ ရိုက်ရက်နီးတော့မှ ဇာတ်ညွှန်းရေးဆရာ မပြီးတာတို့၊ ဇာတ်လမ်းရွေးလို့မရတာတို့ ဖြစ်တတ်တယ်။ တစ်ခါ




တလေကျရင် သန်ဘက်ခါလိုရိုက်ရမယ်ဆိုရင် ဒီနေ့လို နေ့မှ ဇာတ်လမ်းသိရတာမျိုးတွေရှိတယ်။ အဲဒီအချိန်မျိုးမှာ သဘောမကျတာမျိုးတွေ ဖြစ်တတ်တယ်။ ဒါပေမဲ့လည်း ရိုက်လိုက်ရတာတွေရှိတယ်။ ပြန်ပြင်ဖို့အချိန်မရှိ တော့လို့ ဇာတ်ပြန်ရွေးချင်တယ်ပြောရင်လည်း အချိန်မရတော့ဘူး။ သိပ်စိတ်တိုင်းမကျဘဲ ရိုက်လိုက်ရတာတွေ ရှိတယ်။ အခုနောက်ပိုင်းတော့ အတတ်နိုင်ဆုံး အုဝဲဇာတ်လေးတွေကို ကြိုပေးခိုင်းတယ်။ အောင်သီရိဗီဒီယိုထုတ်လုပ်ရေးဆိုရင် ဇာတ်လမ်းတွေ ဖတ်ဖို့ အချားကြီးပေးထားတယ်။ အဲဒီအထဲကနေ ရွေးဖို့ပါ။ အဲဒီလို ကြိုဖတ်ရတဲ့ အခါကျတော့ ကိုယ်လည်းဇာတ်လေးတွေ ရွေးရတာအဆင်ပြေတာ ပေါ့။ ဒါပေမဲ့ အုဝဲစကားကို အကုန်မပြောချင်ပါဘူး။ အထူးသဖြင့် ဒီရုပ်ရှင်လောကမှာကအမြဲတမ်းကြီး Perfect ဖြစ်တယ်ဆိုတဲ့ဟာမျိုး မရှိဘူးဆိုတာကကိုယ်တစ်ယောက်တည်းအတွက်ပဲ ကြည့်လို့မရဘူး။ ဪ ငါကတော့ ဇာတ်ကောင်းကောင်းပဲ ရိုက်မယ်။ ဇာတ်တွေ ဖတ်မယ်။ ဇာတ်တွေလာပေးဆိုပြီး ငါ့အတွက်ဆိုတာမျိုး ကိုယ့်တစ်ယောက်တည်းအတွက် ကြည့်လို့မရဘူး။ သဘောအားဖြင့် အတူတူလုပ်တဲ့ ဒါရိုက်တာတွေ၊ မင်းသားတွေရှိမယ်။ အဘက်ဘက်ကိုတော့ နည်းနည်းလေးတော့ကြည့်ပေးရမယ်။ အကုန်လုံး သူ့အခက်အခဲ၊ ကိုယ့်အခက်အခဲ ရှိကြတယ်။ အဲဒါလေးတွေတော့ ကိုယ်ကအားလုံးစုပြီးလုပ်ရတာဖြစ်တဲ့အတွက် အားလုံးအတွက်ကိုတော့ အုဝဲ ကြည့်ပေးတယ်။ ကိုယ့်တစ်ယောက်တည်းအတွက်တော့ ဘယ်တော့မှ မလုပ်ဘူး။

**ရုပ်ရှင်ကားကြီးရိုက်ဖို့ စီစဉ်ထားတာ ရှိသေးလား။**

လောလောဆယ်တော့ စီစဉ်ထားတာ မရှိသေးပါဘူး။

**နိုဝင်ဘာလမှာ ကျရောက်မယ့် ပြေတီဦးရဲ့ မွေးနေ့အတွက် အရင်နှစ်ကလိုပဲ တင်းနှစ်နဲ့ပတ်သက်တဲ့ပစ္စည်း ပေးဖို့ စီစဉ်ထားသေးလား။**

ဒီနှစ်က ပေးစရာ မလိုတော့ဘူးလို့ ထင်တယ်။ အဲဒီတော့ မပေးတော့ရင် ကောင်းမယ်လို့ထင်တယ်။ သူ့မှာလည်း တင်းနစ်နဲ့ပတ်သက်တဲ့ပစ္စည်းတွေ စုံနေပြီဆိုတော့ ဘာပေးရမှန်း မသိဘူး။ ■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အနုပညာအလုပ်၊ သရုပ်ဆောင်အလုပ်ကို လျှော့လုပ်ဖြစ်နေပြီး Karat ပိုးထည်ဆိုင်အတွက် အလုပ်ပိုလုပ်ဖြစ်နေသူက စိုးမြတ်နန္ဒာပါ။ အခုလောလောဆယ်မှာတော့ **မြစ်ဝှက်ထားတဲ့ ပန်းဒေဇီ** ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ဖြစ်နေတဲ့ စိုးမြတ်နန္ဒာကို မေးမြန်းဖြစ်တာက…

**စီးပွားရေးဘက်ကို အာရုံစိုက်ဖြစ်တာက သားလေး မြတ်သောမောင် ကြောင့်လား၊ ဘယ်လိုကြောင့်လဲ။**

အဲဒီလိုလည်း မဟုတ်ပါဘူး။ သားအတွက်ရယ် မဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်တဲ့ အရွယ်မှာ အခြားစီးပွားရေး တစ်ခုကိုလုပ်တဲ့ သဘောပါပဲ။

**ကားရိုက်လည်း ကျဲလာတော့ ဇာတ်ကားရွေးချယ်မှု အပိုင်းကရော ဘယ်လိုရှိလဲ။**

နယ်တွေဆိုရင်တော့ မသွားဖြစ်ဘူး။ ရိုးရိုးလေးပဲ ပြောရရင် Mood ဝင်ရင် ရိုက်လိုက်တယ်ပေါ့။ ဇာတ်လမ်းလေးဖတ်လို့ Mood ဝင်ရင် ရိုက်လိုက်တယ်။ အခုနောက်ပိုင်း ဒါဒါရဲ့ အခုပုံစံနဲ့ လိုက်တဲ့ပုံစံ Mood ဝင်တယ်။ အငြိမ်ပုံစံမျိုးပေါ့။ ဒါဒါက အမေခန်းလည်း ရိုက်လို့မရသေးဘူး။ အစ်မပုံစံလေးတွေ ဖြစ်နေတော့ နည်းနည်းလေး ခထားချဲထားတဲ့သဘောပါ။

**လက်ရှိစီးပွားရေးကို ထပ်တိုးချဲ့ဖို့ အစီအစဉ်ရှိသေးလား။**

အခုဆိုင်က တော်တော်လေး အလုပ်လုပ်ရပါတယ်။ အောင်မြင်တယ်လည်း ပြောလို့ရပါတယ်။ အဲဒီတော့ ဆိုင်ကိစ္စတွေကိုပဲ များသောအားဖြင့် လုပ်ဖြစ်တယ်။ ခရီးသွားတယ်။ ဆိုင်အတွက် ပစ္စည်းတွေ သွားဝယ်တယ်။ အဲဒီလို ဘဝလေးကို နည်းနည်း သာသာယာယာ ရှိနေတယ်ပေါ့။

**အနုပညာအလုပ်နဲ့ စီးပွားရေးအလုပ်နယ်ပယ်ချင်း ခံစား**




**ချက်ချင်း မတူဘူးနော်။**

Feeling ချင်း မတူပါဘူး။ အနုပညာအလုပ်ကလည်း ၅ ရက်ဆို ၅ ရက်၊ ၆ ရက်ဆို ၆ ရက် မိုးလင်းက မိုးချုပ်ဒီမှာပဲ။ အနုပညာအလုပ်နဲ့ အခြားအလုပ် ခွလုပ်လို့ မရဘူးလေ။ ဆိုင်ကျတော့ Stress ကင်းတာပေါ့။

**အနုပညာရှင်လုပ်တဲ့ စီးပွားရေးမို့လို့ လူတွေပိုပြီး စိတ်ဝင်စားတယ်လို့ ပြောရမလား။**

ဟုတ်ပါတယ်။ အဲဒီအပေါ်မှာ အများကြီး မူတည်ပါတယ်။ ၈၀ ရာခိုင်နှုန်းလောက်ပါတယ်လို့ ပြောလို့ရပါတယ်။ ဝယ်ယူအားပေး သူတွေအပေါ်ထားတဲ့ စေတနာလည်း ပါတာပေါ့။ အနုပညာသမားတစ်ယောက်ဖြစ်တဲ့အတွက် စီးပွားရေးလုပ်တဲ့ အလုပ်အပေါ် အထောက်အကူ အများကြီး ဖြစ်ပါတယ်။

**ဒါဒါအနေနဲ့ စီးပွားရေးနဲ့ အနုပညာအလုပ်တစ်ခုခုကို ရွေးဖို့ ဆုံးဖြတ်ရတော့မယ် ဆိုရင် ဘယ်လိုလုပ်မလဲ။**

တစ်ခုခုကို ဆုံးဖြတ်ရမယ်ဆိုရင် ဆုံးဖြတ်မှာတော့ မဟုတ်ဘူး။ ဆုံးဖြတ်ရမယ့် အနေအထားမျိုးလည်း ရှိမှာ မဟုတ်ဘူးလေ။ အခုလုပ်နေတဲ့ပုံစံမျိုးလေးပဲ လုပ်ဖြစ်မှာပါ။ ကားရိုက်ဘက် နည်းသွားတဲ့သဘောရှိပေမဲ့ တစ်ခါတစ်လေတော့လည်း ရိုက်မှာပါ။

**ဒါဒါရဲ့ လက်ရှိအသက်အရွယ်က ငယ်သေးတော့ နောက်အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိသေးလား။**

အဲဒါနဲ့ပတ်သက်လို့ ဘာမှ မစဉ်းစားထားသေးပါဘူး။ အခုအချိန် ဒါဒါ့မှာ ဘာအစီအစဉ်မှ မရှိဘူး။ ဒါဒါ စီးပွားရေးတွေ လုပ်နေတယ်။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးပဲ နေချင်တယ်။ ဒါပေမဲ့ နောင်ဆိုတာမျိုးကို ကိုယ်က မပြောတတ်တဲ့အခါကျတော့ ဘယ်တော့မှ အိမ်ထောင်မပြုပါဘူးဆိုတဲ့စကားမျိုးကိုလည်း အာမဝန်ခံပြီး မပြောပါဘူး။ နောက်ဘာဖြစ်မလဲဆိုတာ ကိုယ်လည်း မသိဘူး။

စိုးမြတ်နန္ဒာ ကားရိုက်နည်းတဲ့အတွက် အစ်မဖြစ်သူ စိုးမြတ်သူဇာက ဆူတယ်လို့ သိရပါတယ်။ ■

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ၂၀၁၂ ခုနှစ် အကယ်ဒမီစာရင်းဝင် ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားများ

| စဉ် | ဇာတ်ကားအမည် | ထုတ်လုပ်ရေး | ဒါရိုက်တာ | တေးဂီတ | [illegible] |
|---|---|---|---|---|---|
| ၁ | အချစ်ကွိုင် | မာန်ထက်ချီ | ဒေါနု | ဦးဝင်းကို | [illegible] |
| ၂ | မေခင်ကညာ | ရွှေမင်းသမီး | ကိုဇော်(အရဏ်ဦး) | ဦးဝင်းကို | [illegible] |
| ၃ | ချစ်တယ်ပြောမှ လွှတ်မယ် | ကမ်းထရီးစတား | ကိုဇော်(အရဏ်ဦး) | ဦးဝင်းကို | [illegible] |
| ၄ | ငါ မင်းကို… | ခင်စပယ်ဦး | ဉာဏတင်စိုး | တိုးတိုးနိုင်ထွန်း | [illegible] |
| ၅ | လက်ပံ ★ | စိန်ငွေး | ဝိုင်း | မင်းသူရ | [illegible] |
| ၆ | မော်ကင်းဥဒါန်း ★ | လပ်ကီးဆဲဗင်း | ဝေမှိုင်းညို | ဇော်မျိုးထွဋ် | [illegible] |
| ၇ | သွား လူဆိုး ဒါမျိုးတော့ တတ်တယ် | ထားဝယ် | ညီညီထွန်းလွင် | ခင်မောင်ကြီး | [illegible] |
| ၈ | နှစ်ပင်လိမ်တဲ့ ရည်းစားစာ | စိမ်းဝါနီ | ညီညီထွန်းလွင် | ခင်မောင်ကြီး | [illegible] |



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းလဲလာတဲ့ အစိုးရအဖွဲ့သစ်လက်ထက်မှာ အစဉ်အဆက်က ပြန်ကြားရေးဝန်ကြီးဌာနကသာ ချီးမြှင့်ပေးလေ့ရှိတဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၂၀၁၃ ခုနှစ်အတွက်က စတင်ပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တာဝန်ယူရွေးချယ်ချီးမြှင့်ပေးဖို့ စီစဉ်နေပြီဖြစ်လို့ ၂၀၁၃ ခုနှစ် မကုန်ဆုံးခင် ၂၀၁၂ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ပြန်ကြားရေးဝန်ကြီး ဌာနက ချီးမြှင့်ပေးလိမ့်မယ်လို့ ယူဆရပါတယ်။ ၂၀၁၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ရာမှာ စာရင်းဝင် ၁၇ ကားကို ပထမအဆင့်၊ ဒုတိယအဆင့် နှစ်ဆင့်စိစစ်ရွေးချယ်ကြမှာဖြစ်ပြီး နောက်ဆုံးအဆင့်မှာတော့ ခုံသမာဓိအဖွဲ့က အတည်ပြုပေးမှာလို့သိရပါတယ်။ ဒီနှစ် စာရင်းဝင်တဲ့ ၁၇ ကားမှာ နှစ်ချို့ကားတစ်ကားဖြစ်တဲ့ **မော်ကင်းဥဒါန်း** နဲ့ ရိုက်ကူးချိန် ၆ နှစ် ကြာမြင့်တဲ့ **ကယန်းအလှ** တို့လည်း ပါဝင်လာပါတယ်။ ၂၀၁၂ ခုနှစ်အတွက် စာရင်းဝင်ခဲ့ပေမဲ့ ၂၀၁၃ အောက်တိုဘာလအထိ ရန်ကုန်၊ မန္တလေး အစရှိတဲ့ မြို့ကြီးများမှာ **အမွေခံထိုက်သူဖြစ်ပါစေ** ကတော့ မပြသရသေးပါဘူး။ ကျန်ကားများ ရုံတင်ပြသပြီးဖြစ်ပါတယ်။ ဒီနှစ် ထူးချွန်ဆု ရွေးချယ်ရေးအဖွဲ့မှာ အနုပညာရှင်များ၊ စာရေးဆရာများ၊ ရုပ်ရှင်ဝေဖန်ရေးဆရာများလည်း ပါဝင်ထားကြတာဖြစ်တဲ့အတွက် ပရိသတ်အကြိုက်နဲ့ ကိုက်ညီတဲ့ဆုများဖြစ်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ကြိုတင်ရင်ခုန်ခံစားနိုင်ဖို့ စာရင်းဝင် ၁၇ ကားနဲ့ပတ်သက်တဲ့ အချက်အလက်များကိုစုစည်းတင်ပြပေးလိုက်ပါတယ်။

■ **အယ်ဒီတာအဖွဲ့**

| [illegible] | ဇာတ်ပို့ | ဇာတ်ညွှန်း | သရုပ်ဆောင်များ |
|---|---|---|---|
| [illegible] | ကျောက်ဖြူ (ပဒေသာ) | မြမြင့်မိုရ် | ရန်အောင်၊ ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ အရိုင်း၊ အောင်ဇော်မင်း၊ ဘိုဘို၊ ကောင်းစံ၊ လင်းမောင်၊ နေမင်းဖြိုး၊ နေဖြိုးအောင်၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ အင်ကြင်း၊ ဆုမွန်၊ မျိုးမျိုးခိုင်၊ နှင်းယုဉ်မြင့်မိုရ်၊ ရွှန်းပြည့်ပိုင်၊ လမင်းကဗျာ၊ ခိုင်ခိုင်၊ အေးမြတ်သီဟန် |
| [illegible] | ကျောက်ဖြူ (ပဒေသာ) | နေစိုးသော် | ရန်အောင်၊ ရဲအောင်၊ ခန့်စည်သူ၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ ဝတ်မှုံရွှေရည် |
| [illegible] | ကျောက်ဖြူ (ပဒေသာ) | နေစိုးသော် | နေတိုး၊ ရန်အောင်၊ ဝေဠုကျော်၊ မိုးဒီ၊ ကုသိုလ်၊ ကင်းကောင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်၊ စိုးမြတ်နန္ဒာ၊ မေသဉ္ဇာဦး၊ ဥမ်းပုံကြီး |
| [illegible] | ဇော်မြင့် | လက်ာညို၊ အရိုး | လူမင်း၊ ပြေတီဦး၊ ကျော်ကျော်ဗို၊ မော့စ်၊ ခင်လှိုင်၊ ကင်းကောင်၊ ပိုးဖြူ၊ ငှက်ပျောကြော်၊ အရိုင်း၊ အိန္ဒြာကျော်ဇင်၊ မိုးဟေကို၊ နွဲ့နွဲ့စန်း |
| [illegible] | ကိုတိုး | သီဟစိုး | ပြေတီဦး၊ ဇော်ဦး၊ လင်းလက်ဟိန်း၊ ဦးဇော်မှိုင်း၊ ဦးခိုင်တင်၊ စိုးမြတ်သူဇာ၊ ဖွေးဖွေး၊ ပိုးနှင်းဖြူ၊ ဒေါ်ဖြိုး၊ ဆုဝတီ၊ ယွန်းယွန်း |
| [illegible] | ကိုကိုဌေး | ဝေမှိုင်းညို | ကျော်ဟိန်း၊ နိုင်းနိုင်း၊ လူမင်း၊ သူထူးစံ၊ ညွန့်ဝင်း၊ နန္ဒာလှိုင် |
| [illegible] | သန်းညွှန့် (ပန်းသာ) | လွင်မင်းအံ့ | ကျော်ရဲအောင်၊ ပြေတီဦး၊ နေမင်း၊ ဗေလုဝ၊ ခင်လှိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ ဦးခိုင်တင်၊ စိုးမြတ်သူဇာ၊ ပုလဲဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်စိုးပိုင်၊ မတူး၊ ခင်မို့မို့အေး၊ မျိုးမျိုးခိုင်၊ ဒေါ်စန်းစန်းဝင်း |
| [illegible] | ကျောက်ဖြူ (ပဒေသာ) | မျိုးကိုမျိုး | ပြေတီဦး၊ ရန်အောင်၊ ရဲအောင်၊ ကျော်ကျော်ဗို၊ စိုးမြတ်သူဇာ၊ ခိုင်နှင်းဝေ၊ ဝတ်မှုံရွှေရည်၊ မြင့်မြင့်ခိုင် |



www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ဇာတ်ကားအမည် | ထုတ်လုပ်ရေး | ဒါရိုက်တာ | တေးဂီတ | တ[illegible] |
|---|---|---|---|---|---|
| ၉ | ဥ ★ | ရွှေတောင် | ကိုဇော် (အရုဏ်ဦး) | ဦးဝင်းကို | [illegible] |
| ၁၀ | ကယန်းအလှ ★ | အောင်ကိုလတ် | အောင်ကိုလတ် | နေသစ်မိုး၊ သော်တာအောင် | [illegible] |
| ၁၁ | အလန်းလွန် အလွန်လန်း | လူစွမ်းကောင်း | ညီညီထွန်းလွင် | ခင်မောင်ကြီး | [illegible] |
| ၁၂ | တိမ်မင်းသမီးရဲ့ဒဏ္ဍာရီ ★ | ငွေလမင်း | နေပိုင် | အောင်ဆန်းဝင်း | [illegible] |
| ၁၃ | ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ | ဖီးနစ် | သိန်းဟန် (ဖီးနစ်) | သိန်းလွင် (မနမိုး) | [illegible] |
| ၁၄ | အမုန်းမီးတောက် ★ | မင်း | ကျော်ဇ | ဦးဝင်းကို | [illegible] |
| ၁၅ | အမွေခံထိုက်သူ ဖြစ်ပါစေ ★ | စိန်ရတနာ | ရွှေပြည်ကတုံး | ဦးဝင်းကို | [illegible] |
| ၁၆ | ဟတ်ထိတယ်-၂ | လပ်ကီးဆဲဗင်း | ညွန့်မြင့်မာ ညီညီအောင် | ထက်ရှိန်နှင့်အဖွဲ့ | [illegible] |
| ၁၇ | အထာသစ်နဲ့ နှစ်ခါချစ်မယ် | လူစွမ်းကောင်း | ညီညီထွန်းလွင် | ခင်မောင်ကြီး | [illegible] |



★ ကြယ်ပွင့်ပြထားတဲ့ ရုပ်ရှင်ကားများက ပထမအဆင့် စိစစ်မှုမှာ ရွေးချယ်ခံရပြီး ဒုတိယအဆင့်သို့ တက်သွားပြီဖြစ်ကြောင်း ကြားသိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



| [illegible] | ဇာတ်ပုံ | ဇာတ်ညွှန်း | သရုပ်ဆောင်များ |
|---|---|---|---|
| [illegible] | ကျောက်ဖြူ (ပဒေသာ) | နေစိုးသော် | ကျော်ရဲအောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊ ရဲအောင်၊ မိုးဒီ၊ ရှက်တယ်၊ပေါ်လေး၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာ၊ သင်ဇာဝင့်ကျော်၊ မေသဥ္ဇာဦး၊ ချောရတနာ |
| [illegible] | အောင်ကိုလတ် | Hector Carosso | ဖရန့်စစ်၊ ထွန်းလွင်အောင်၊ ခင်မာဝင်း၊ နွယ်နီဝင်း၊ မူနှင်းမိုင်၊ မူမေရီ |
| [illegible] | သန်းညွှန့် (ပန်းသာ) | လွင်မင်းအံ့ | နေတိုး၊ ဗေလုဝ၊ ဒိန်းဒေါင်၊ ဇော်ဝင်းနိုင်(မန်း)၊ သင်ဇာဝင့်ကျော်၊ မယ်လိုဒီ၊ ဝတ်မှုံရွှေရည်၊ စိုးပြည့်သဇင်၊ နန်းဆုရတီစိုး၊ ချမ်းမီမီကို၊ ပွင့်၊ ခရစ္စတီးနား |
| [illegible] | ဦးကျော်ညွှန့် ဦးဇော်မြင့် | ငြိမ်းမင်း | ဟိန်းဝေယံ၊ ရဲအောင်၊ နေအောင်၊ ဇော်ဦး၊ ထွန်းထွန်းဝင်း၊ နဝရတ်၊ ထွန်းအိန္ဒြာဗို၊ ခင်မို့မို့အေး၊ ဠွမ်းပုံကြီး၊ ယွန်းယွန်း၊ ဝင်းမင်းသန်း |
| [illegible] | သန်းညွှန့် (ပန်းသာ) | အကြည်တော် | ကျော်ရဲအောင်၊ ဟိန်းဝေယံ၊ ခင်လှိုင်၊ ဆင်မ၊ ခိုင်သင်းကြည်၊ မယ်လိုဒီ၊ အေးသီတာ၊ ဠွမ်းပုံကြီး၊ နှိုင်းယှဉ်မြင့်မိုရ် |
| [illegible] | ကျောက်ဖြူ (ပဒေသာ) | မြင့်ဦးဦးမြင့် | ရဲအောင်၊ ခန့်စည်သူ၊ ဟိန်းဝေယံ၊ စွမ်း၊ မင်းရာဇာ၊ ထွန်းထွန်းဝင်း၊ ဇော်ဦး၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်၊ မေသက်ခိုင်၊ မြတ်ကေသီအောင်၊ ချိုပြုံး |
| [illegible] | အောင်မြင့်ဦး | ရွှေပြည်ကတုံး | ကျော်ရဲအောင်၊ မင်းရာဇာ၊ အားသစ်၊ ဗေလုဝ၊ ဒိန်းဒေါင်၊ အောင်လွင်၊ ဇော်ဇော်အောင်၊ စံလင်း၊ နဝရတ်၊ နဒီဝင့်နိုင်၊ မေပန်းချီ၊ ဒေါ်မြင့်မြင့်ခင်၊ ထိုက်ဆုဝင်း၊ တက္ကသိုလ်ဠွမ်းပုံ |
| [illegible] | ဇော်မြင့် | နေစိုးသော် | ရန်အောင်၊ ရဲအောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ထွန်းထွန်း၊ ထွန်းအိန္ဒြာဗို၊ မိုးယုစံ၊ သင်ဇာဝင့်ကျော် |
| [illegible] | သန်းညွှန့် (ပန်းသာ) | လွင်မင်းအံ့ | ရန်အောင်၊ မင်းမော်ကွန်း၊ နေတိုး၊ စိုးမြတ်သူဇာ၊ ဝတ်မှုံရွှေရည်၊ ချစ်သုဝေ၊ ကြည်လဲ့လဲ့ဦး |



www.burmeseclassic.com

www.burmeseclassic.com



# ပျော်ပြီးရင်းပျော်

ခင်လေးမြင့်

Lucky Boss ဗီဒီယိုထုတ်လုပ်ရေး အတွက် ဒါရိုက်တာ သီဟတင်သန်းက ပျော်ပြီးရင်းပျော် ဗီဒီယိုဇာတ်ကားကို ယုန်လေး၊ ကြက်ဖ၊ ခင်လှိုင်၊ ရတနာမိုင်၊ ဆူဇီ၊ ပန်းအိ၊ တက္ကသိုလ် ဌမ်းပုံ၊ ကြာစိ စတဲ့ သရုပ်ဆောင်များနဲ့ ရိုက်ကူးထားပါတယ်။ ဒါရိုက်တာ သီဟတင်သန်းက ပျော်စရာကြီးဆိုတဲ့ ဇာတ်ကားကို ဒွေး၊ သားညီ၊ ခွဲနိုင်ဝင်း၊ မိုးပြည့်ပြည့်မောင်၊ သဇင် စတဲ့ သရုပ်ဆောင်များနဲ့ ရိုက်ကူးဖူးပါတယ်။ ဒီဇာတ်ကားနဲ့ ဆက်စပ်မှု မရှိပေမဲ့ ပျော်ပြီးရင်းပျော်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကားကလည်း
ဟိုတယ်တစ်ခု အတွင်းမှာ
ဖြစ်ပျက်တဲ့ အဖြစ်အပျက်များကို
ရိုက်ကူးထားတာဖြစ်ပါတယ်။
**ပျော်ပြီးရင်းပျော်** ဗီဒီယို
ဇာတ်ကားက ဟိုတယ်တစ်ခုမှာ
လာရောက်တည်းကြတဲ့သူတွေမှာ
ရှိသင့် ရှိထိုက်တဲ့ နားလည်မှု၊
လုပ်သင့်လုပ်ထိုက်တဲ့
တောင်းဆိုမှုတွေရယ်၊ ဟိုတယ်မှာ
Management လုပ်တဲ့သူတွေရဲ့
တာဝန်ဝတ္တရားများကို
ပညာပေးအနေနဲ့ မဟုတ်ဘဲ
ပျော်စရာဖြစ်အောင်
ရိုက်ကူးထားတာ ဖြစ်ပါတယ်။
**ပျော်စရာကြီး** ဇာတ်ကားကိုစတင်

www.burmeseclassic.com

www.burmeseclassic.com

ရိုက်ကူးချိန်က ပျော်စရာကြီး ၁၊ ၂၊ ၃ လောက်ထိရိုက်ဖို့ စီစဉ်ထားပေမဲ့ အခုအချိန်မှာ ပျော်စရာကြီးဆိုတဲ့ စီးရီးနာမည်လည်းရှိလာတာကြောင့် **ပျော်ပြီးရင်းပျော်** ဆိုပြီးဇာတ်ကားနာမည်ပေးထားတာဖြစ်ပါတယ်။ **ပျော်စရာကြီး** ၁၊ ၂၊ ၃၊ ၄၊ ၅ ကို မင်းသားတစ်ယောက်ချင်းစီနဲ့ ရိုက်သွားချင်ခဲ့တာ။ အကယ်၍ မင်းသားတစ်ယောက်တည်းနဲ့ သွားမယ်ဟေ့ဆိုလည်း ဇာတ်ကားက တစ်ခုချင်းစီပဲ ဖြစ်ချင်တယ်။ သို့သော် ဟိုတယ်၊ အနားယူစခန်း၊ အပန်းဖြေစခန်း၊ လူတွေအတွက် စိတ်အပန်းဖြေမယ့် နေရာမှာ အဲဒီလိုလူတွေကို Service ပေးရတဲ့လူတွေ နေရာကပဲ ကျွန်တော်က ရိုက်ပြချင်တာ။ ရယ်စရာဆိုတာထက် ပျော်စရာပဲ ဖြစ်ချင်တယ်။ ပျော်ပြီးရင်းပျော်-၁၊ နောက်ထပ် ၂ -၃ တွေလုပ်မယ်။ ဒီသရုပ်ဆောင်တွေနဲ့ ဖြစ်မလားဆိုတာတော့ မသေချာသေးဘူး' လို့ ဒါရိုက်တာ သီဟတင်သန်းက ဆိုပါတယ်။ **ပျော်ပြီးရင်းပျော်** ဗီဒီယိုဇာတ်ကားမှာ ယုန်လေးက ဖခင်ရဲ့ စေခိုင်းမှုနဲ့ ဖခင်ရဲ့ဟိုတယ်မှာ စီမံခန့်ခွဲမှု လုပ်ဆောင်နေတဲ့သူအဖြစ် သရုပ်ဆောင်ထားပါတယ်။ ခင်လှိုင်က စုပါထီပေါက်လို့ ပိုက်ဆံထုတ်ဖို့ ရန်ကုန်လာရင်း ဟိုတယ်မှာတည်း၊ ပိုက်ဆံသုံးတဲ့သူအဖြစ် သရုပ်ဆောင်တာပါ။ ရတနာမိုင်ကတော့ အဆိုတော် ရတနာမိုင်အဖြစ် သရုပ်ဆောင်ထားပါတယ်။ ဆူဇီကတော့ ယုန်လေးရဲ့ ချစ်သူအဖြစ် သရုပ်ဆောင်ထားပြီး တက္ကသိုလ်ငွမ်းပုံက ဟိုတယ်ရဲ့ ဧည့်ကြိုဌာနမှာ အလုပ်လုပ်တဲ့သူအဖြစ် သရုပ်ဆောင်ထားပါတယ်။ ကြက်ဖက ဟိုတယ်ရဲ့ မန်နေဂျာဖြစ်သလို ရက်ပ်သီချင်းတွေ ရေးတဲ့သူအဖြစ် သရုပ်ဆောင်ထားပါတယ်။ **ပျော်ပြီးရင်းပျော်** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့သူတွေက သူတို့အရပ်ဒေသအလိုက် Celebrities ဖြစ်နေတဲ့သူ၊ သူ့ပရိသတ်နဲ့သူ ရှိနေသူဖြစ်တာကြောင့် ရိုးရိုးကြီးရိုက်ရင် မကောင်းတဲ့အတွက် ဟာသ၊ ရယ်စရာပုံစံမျိုး ဒါရိုက်တာ သီဟတင်သန်းက ရိုက်ကူးထားပါတယ်။

ယုန်လေးက ရှေ့မှာ ဇာတ်ကားတွေ ရိုက်ဖူးထားပေမဲ့ ဒီလို ရယ်စရာဇာတ်




www.burmeseclassic.com

www.burmeseclassic.com

ကားမျိုး ရိုက်ထားတာ မရှိပါဘူး။ ရှေ့ပိုင်းမှာ လူမိုက်ပုံစံမျိုးတွေ သရုပ်ဆောင်ဖူးထားပေမဲ့ ဒီကားမှာတော့ ယုန်လေးက တော်တော်လေး သရုပ်ဆောင်နိုင်တယ်လို့ သိရပါတယ်။ "ပွင့်ပွင့်လင်းလင်း ပြောရရင် ယုန်လေးက အိုက်တင်မလုပ်တတ်ဘူးလို့ ကျွန်တော်ကြားတယ်ဗျ။ ကျွန်တော် ပြန်ရောက်ကတည်းက ယုန်လေးနဲ့ ခင်ခင်မင်မင် ပေါင်းဖြစ်သွားတယ်။ ရှေ့မှာလည်း ယုန်လေးနဲ့ ရိုက်ထားပြီး နာမည်ကျော်ထားတာ နှစ်ပုဒ်ရှိပါသေးတယ်။ အဲဒီမှာ ဇာတ်လမ်းပုံစံရိုက်တော့ လုပ်နိုင်ပါလားဆိုပြီး လေ့လာမိတယ်။ ဒါပေမဲ့ ဒီဇာတ်တစ်ခုလုံးကျရင် နည်းနည်းလေးစောင့်ကြည့်၊ လိုတိုးပိုလျှော့ လုပ်ပေးရမယ်ထင်ပေမဲ့ သူသရုပ်ဆောင်နိုင်ခဲ့ပါတယ်။ သူ့ကို ဖားပြီးပြောတာ မဟုတ်ဘူး။ သူ့ကို ဖားလို့လည်း ဘာမှ မဖြစ်ဘူး။ သီဟတင်သန်းလည်း သီဟတင်သန်း၊ ယုန်လေးလည်း ယုန်လေးပဲ။ အရမ်းControl လုပ်စရာမလိုဘူး။ တစ်ခုပဲ စိတ်ပူတာလွန်တယ်၊ ကြိုတွေးတာများတယ်။ အဲဒီအပေါ်မှာတော့ ဝေဖန်အကြံပြုစရာ မရှိဘူး။ သူ့သဘောပေါက်အောင် ပြောပြဖို့တော့ လိုတယ်"လို့ ဒါရိုက်တာ သီဟတင်သန်းက ယုန်လေးရဲ့ သရုပ်ဆောင်မှုနဲ့ပတ်သက်ပြီး ပြောပြပါတယ်။ ဆုဇီက ပထမဆုံး သရုပ်ဆောင်တာ ဆိုပေမဲ့ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ထားနိုင်တယ်လို့ သိရပါတယ်။ **ပျော်ပြီးရင်းပျော်** ဗီဒီယိုဇာတ်ကားရိုက်ကူးရေးအတွက် ပင်ပန်းပေမဲ့ တော်တော်လေးကျေနပ်၊ ပျော်ပြီးရင်းပျော်မယ်လို့ ဒါရိုက်တာ သီဟတင်သန်း





www.burmeseclassic.com

www.burmeseclassic.com



က ယူဆထားပါတယ်။

**ပျော်ပြီးရင်းပျော်** ဇာတ်ကားအတွက် ဇာတ်လမ်းနဲ့ ရိုက်ကွင်းဇာတ်ညွှန်းကို သီဟတင်သန်းက ရေးထားပြီး ဇာတ်ညွှန်းကို မင်းညီက ရေးသားထားပါတယ်။ ယုန်လေးက **ကိုယ့်သမိုင်းကိုယ်ရေးကြသူများ** ဇာတ်ကားကစပြီး သရုပ်ဆောင်ဖြစ်နေခဲ့တာပါ။ **ပေါက်တော့ပေါက်တယ်၊ သူမသည် မျောက်တစ်ကောင်ဖြစ်သည်၊ နောက်ဆုံး မဟုတ်သော** စတဲ့ ဇာတ်ကားတွေမှာ ပါဝင်သရုပ်ဆောင်ထားပါသေးတယ်။ ရတနာမိုင်ကတော့ ဇာတ်ကားတွေ ရိုက်ထားဖူးပေမဲ့ ဆူဇီကတော့ ဇာတ်ကားမရိုက်ဖူးသေးပါဘူး။ယုန်လေး၊ သီဟတင်သန်း၊ Lucky Boss မှ ဦးသိန်းဇော်တို့ရဲ့ တောင်းဆိုမှု၊ တိုက်တွန်းမှုတွေနဲ့ သရုပ်ဆောင်ထားတာပါ။ "အရမ်း Heavy လုပ်ရတဲ့ ပုံစံမျိုးမပါဘူး။ ပေါ့ပေါ့ပါးပါးပဲဆိုလို့ ရိုက်ဖြစ်တာပါ။ သိပ်လည်းသရုပ်မဆောင်ရပါဘူး။ ယုန်လေးနဲ့ ဖုန်းပြောတာလောက်ပါပဲ။ ဆူဇီရဲ့ ဂီတသက်တမ်း ၇ နှစ်ကျော် ၈ နှစ်မှာ မှတ်မှတ်ရရ သရုပ်ဆောင်ဖူးတဲ့ဇာတ်ကားလည်း ဖြစ်ပါတယ်" လို့ ဆူဇီက သရုပ်ဆောင်မှုနဲ့ပတ်သက်ပြီး ပြောပြပါတယ်။ **ပျော်ပြီးရင်းပျော်** ဇာတ်ကားမှာအထူးသရုပ်ဆောင်အနေနဲ့ မိုင်ကလည်း ပါဝင်သရုပ်ဆောင်ထားပြီး ယုန်လေးရဲ့ အမေအဖြစ် သရုပ်ဆောင်ထားပါသေးတယ်။ ကြည့်ရှုတဲ့ ပရိသတ်တွေ ပျော်ပြီးရင်းပျော်နိုင်မယ်လို့ ဒါရိုက်တာ သီဟတင်သန်းက မျှော်လင့်ထားပါတယ်။ ■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com



# စင်မြင့်ပေါ် သီဆိုတဲ့အခါ...

**အငဲ**

**သီချင်းဆိုတဲ့ အချိန်တိုင်း အခုအချိန်ထိ စိတ်လှုပ်ရှားမှု ရှိနေတုန်းပဲလား။**

စင်ပေါ်မတက်ခင်အထိတော့ ကာလဒေသအလိုက် အဲဒီအချိန်မှာ ခန္ဓာကိုယ်အထူးသဖြင့် ကိုယ့်လည်ပင်း၊ အသံကျန်းမာရေးခြေအနေအလိုက် စိတ်က အမျိုးမျိုးဖြစ်နေပါတယ်။ ဒါပေမဲ့ စင်ရှေ့ကိုထွက် မိုက်ခရိုဖုန်းရှေ့ရောက်ပြီး Band ကလည်းတီးနေတဲ့အချိန် ကိုယ်စဆိုရမယ့်သီချင်း Music Intro ကြားရပြီဆိုတာနဲ့ အဲဒီသီချင်းတွေနဲ့ ကိုယ်နဲ့တစ်သားတည်းဖြစ်အောင် ကြိုးစားသီဆိုပါတယ်။ စိတ်လည်းထားတတ်၊ နေသားလည်းကျနေပါပြီ။

**စင်ပေါ်မှာ သီချင်းဆိုနေရင်း အခြားအကြောင်းအရာကို စဉ်းစားမိတာမျိုး ရှိခဲ့ဖူးလား။**

တခြားတော့ မရှိပါဘူး။ ဟိုအရင်ကတော့ ဘာတွေများ ဖြစ်မလဲဆိုပြီး Worry, Tension တွေ များတယ်၊ Stage Frigh ကတော့ အခုထက်ထိ ကြောက်တတ်နေတုန်းပါပဲ၊ နောက်တော့လည်း စိတ်က တောင်တွေး၊ မြောက်တွေး အာရုံပျက်မှာစိုးတော့ မျက်လုံးကို အမြဲမှိတ်ပြီး ဆိုတတ်တဲ့အကျင့် ဖွဲ့လာပါတယ်။ ဒါကြောင့်လည်း ပရိသတ်က မျက်လုံးဖွင့်ပြီးဆိုဖို့ တောင်းဆိုတာ ခဏခဏခံရပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com



## လေးဖြူ

အခုချိန်ထိ Show ဆိုတဲ့ အခါတိုင်း ခံစားရတဲ့ ခံစားမှု ဘယ်လိုရှိလဲ။

အခါတလေ တစ်ခါနဲ့ တစ်ခါတော့ မတူနိုင်ပါဘူး။

စင်ပေါ်မှာ သီချင်းဆိုနေရင်းနဲ့ အခြားအကြောင်းအရာကို စဉ်းစားမိတာမျိုး ရှိဖူးလား။

ဆိုနေတဲ့အချိန်မှာတော့ စိတ်ကိုမပျံ့လွင့်အောင် သီချင်းထဲမှာပဲ နစ်သားဖြစ်တာ များပါတယ်။ ☐



www.burmeseclassic.com

www.burmeseclassic.com



# စင်မြင့်ပေါ် သီဆိုတဲ့အခါ...

## ထွန်းအိန္ဒြာဗို

အခုချိန်ထိ Show ဆိုတဲ့အခါတိုင်း ခံစားရတဲ့ ခံစားမှု ဘယ်လိုရှိလဲ။
ခင်ပေါ်တက်ခါနီးတိုင်း ရင်တုန်တယ်။ အခု အချိန်ထိပါပဲ။
သီချင်းဆိုတာ အချိန်ဘယ်လောက်ပဲ ကြာလာ ကြာလာ
စင်ပေါ်တက်ခါနီးတိုင်း ရင်တုန်တာကတော့ မပျောက်ပါဘူး။
စင်ပေါ်ရောက်လို့ ပရိသတ်ကိုမြင်ပြီး နှုတ်ဆက်စကားပြောလိုက်တာနဲ့
အေးအေးဆေးဆေး ဖြစ်သွားတော့တာပဲ။
စင်ပေါ်မှာ သီချင်းဆိုနေရင်းနဲ့ အခြားအကြောင်းအရာကို စဉ်းစားမိတာမျိုး ရှိဖူးလား။
ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမဲ့ တော်တော် ရှားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ဖြူဖြူကျော်သိန်း

**အခုချိန်ထိ Show ဆိုတဲ့ အခါတိုင်း ခံစားရတဲ့ ခံစားမှု ဘယ်လိုရှိလဲ။**

Show ဆိုတိုင်း စိတ်လှုပ်ရှားရတယ်။ အရင်တုန်းကလည်း စိတ်လှုပ်ရှားခဲ့ရသလို အခုချိန်ထိလည်း စိတ်လှုပ်ရှားနေတုန်းပါပဲ။

**စင်ပေါ်မှာ သီချင်းဆို နေရင်နဲ့ အခြားအကြောင်း အရာကို စဉ်းစားမိတာမျိုး ရှိဖူးလား။**

သီချင်းဆိုနေရင်း တခြားအကြောင်းအရာတွေ စဉ်းစားတာမျိုးတော့ မဖြစ်ဖူးပါဘူး။ သီချင်းဆိုနေရင်း ပျော်စရာကောင်းတဲ့ သီချင်းဆိုရင် အဲဒီပျော်စရာကောင်းတဲ့မူဒ်၊ လွမ်းစရာကောင်းတဲ့ သီချင်းဆိုရင် လွမ်းစရာကောင်းတဲ့မူဒ်နဲ့ သီချင်းစာသားထဲမှာပဲ စီးမျောပြီး တော့သွားတယ်။ ဆတ်ဆလူးခါရမယ့်ဟာဖြစ်မယ်ဆိုရင်လည်း ဆတ်ဆလူး ခါနေတာပေါ့။ ကိုယ့်အနေနဲ့ နောက်ကျောလုံရတဲ့ ပွဲဖြစ်ရင်တော့ ပိုပြီး လှိုင်းကပ်တာပေါ့။ တီးတဲ့လူတွေရော၊ အသံထွက်တဲ့အပိုင်းမှာရော ကောင်းနေတယ်ဆိုရင်တော့ အဆိုတော်တစ်ယောက်အတွက် အဲဒီဟာက အရမ်းမှုပိုတယ်။ တစ်ခါတလေကျတော့ အဲဒါကို တအားကြီး ဂရုမစိုက်ကြတဲ့အတွက် အဆိုတော်တစ်ယောက်က ကိုယ်တစ်ယောက်တည်း အသံကောင်းရုံ၊ ဆိုတတ်ရုံနဲ့ မပြီးဘူး။ တီးဝိုင်းကလည်းကောင်းပြီး အဆိုတော်နဲ့လှိုင်းကပ်ရုံနဲ့မပြီးသေးဘူး။ ကြားရတဲ့ အသံထွက်ပေါ်မှာမူတည်ပြီးကောင်းရင်ကောင်းသလို၊ မကောင်းရင်လည်းစိတ်ညစ်စရာ ကြုံဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# စင်မြင့်ပေါ် သီဆိုတဲ့အခါ...

ပိုင်းစုခိုင်သိန်း

**Show ဆိုတဲ့ အချိန်တိုင်း အခုအချိန်ထိ စိတ်လှုပ်ရှားမှု ရှိနေသလား။**

ပွဲစတက်ချင်းမှာ စိတ်လှုပ်ရှားမှုရှိတယ်။ အရင်တုန်းကဆိုရင် ပိုပြီး စိတ်လှုပ်ရှားတယ်။ ပရိသတ်များရင် အားပိုရှိတယ်။ ဆိုရတာ ပိုကောင်းတယ်။

**စင်ပေါ်မှာ သီချင်းဆိုနေရင်း အခြားအကြောင်းအရာကို စဉ်းစားမိတာမျိုး ရှိခဲ့ဖူးပါသလား။**

စဉ်းစားတာမျိုး ရှိပါတယ်။ တစ်ခါတလေပါ။ တွေးမိတဲ့အကြောင်းအရာက စင်အောက်မှာ ပရိသတ်တွေ လုပ်နေတာ တစ်ခုခုကို တွေ့ပြီး တွေးမိတာပါ။ နောက်ထပ်တွေးတာက နောက်တစ်ပုဒ် ဆိုရင်းမှာ ပရိသတ်ကို ဘယ်လိုစကားမျိုး ပြောရမလဲ၊ Performance ဘယ်လို လုပ်ရမလဲဆိုတာတွေ တွေးမိတာပါ။ ❑



www.burmeseclassic.com

www.burmeseclassic.com



## မျိုးကြီး

စင်ပေါ်မှာ သီချင်းဆိုတဲ့ အခါတိုင်း စိတ်လှုပ်ရှားမှု ရှိတုန်းလား။

င်ပေါ်မှာ သီချင်းဆိုတဲ့ အခါတိုင်း ပျော်ပါတယ်။ ပျော်ရွှင်စွာ သီချင်းဆိုရတာကို နှစ်သက်ပါတယ်။ ရှိပါဘူး။ စင်ပေါ်မှာ ဆိုတဲ့အခါတိုင်း ပျော်ပါတယ်။

Show ဆိုတဲ့အခါတိုင်း တခြားအကြောင်းအရာကို စဉ်းစားမိတာမျိုးရှိလား။

ခြားအကြောင်း အရာတွေးမိတာ မရှိပါဘူး။ စာသားကို အမြဲ ဂရုစိုက်နေရတဲ့အတွက် အကြောင်းမှ မစဉ်းစားမိပါဘူး။ ❑



www.burmeseclassic.com

www.burmeseclassic.com



# စင်မြင့်ပေါ် သီဆိုတဲ့အခါ...

## စိုင်းစိုင်းခမ်းလှိုင်

**အခုချိန်ထိ Show ဆိုတဲ့အခါတိုင်း ခံစားရတဲ့ ခံစားမှု ဘယ်လိုရှိလဲ။**

ကျွန်တော်တို့ သူငယ်တန်းကတည်းက စာမေးပွဲကို ဖြေလာလိုက်တာ ၁၀ တန်း စာမေးပွဲဖြေတော့လည်း ရင်ခုန်တာပဲ။ တက္ကသိုလ်ရောက်တော့လည်း ရင်ခုန်တာပဲ။ မာစတာတက်ရင်လည်း ရင်ခုန်တာပဲ။ အပြင်မှာ IES တို့၊ TOEFL တို့၊ SAD တို့ဖြေတော့လည်း ရင်ခုန်ကြတာပဲ။ အဲဒီလိုပါပဲ ကျွန်တော် အရင်ကတည်းက သီချင်းဆိုရမယ့်ရက်၊ စင်ပေါ်တက်ရမယ့်နေ့ရဲ့ မနက်ဆိုလည်း ရင်ခုန်တာပါပဲ။

**စင်ပေါ်မှာ သီချင်းဆိုနေရင်းနဲ့ အခြားအကြောင်းအရာကို စဉ်းစားမိတာမျိုး ရှိဖူးလား။**

ကျွန်တော့်ဘဝမှာတော့ ရာနှုန်းပြည့်နီးပါးလောက် စင်ပေါ်မှာ သီချင်းဆိုနေရင် စင်ပေါ်မှာပဲ အာရုံစုစည်းလေ့ ရှိပါတယ်။ ဆိုနေရင်းနဲ့ အခြားကိုစိတ်ရောက်သွားတာမျိုးကတော့ တော်တော်ကိုရှားပါတယ်။ သီချင်းတစ်ပုဒ်ချင်းမှာ ခံစားချက်နဲ့ဆို ရတဲ့သီချင်းတွေမှသာ သီချင်းပေါ်မှာလိုက်ပြီး Mood ဝင် သွားတာလောက်ပဲ ရှိပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com



## ဖြိုးကြီး

**... Show ဆိုတဲ့ အခါတိုင်း အခုအချိန်အထိ ဘယ်လိုခံစားရလဲ။**

... ဆိုတဲ့ အခါတိုင်း ... ခံစားရချက်က အရင်အတိုင်းပဲ အပြောင်းအလဲ သိပ်မရှိသေးပါဘူး။
... ရှိနေတဲ့ Show ဆိုတိုင်းမှာ ခံစားရချက်က အရင်အတိုင်းပဲ ... ဆိုပြချင်တယ်၊ ပျော်စေချင်တယ်။
... ဖြစ်လို့လဲဆိုတော့ ကိုယ်က အဆိုတော်ဖြစ်လို့ ပရိသတ်ကို ဆိုပြချင်တယ်၊ ...
... ကြောင့် ခံစားရတာထက် အကောင်းဆုံး ဆိုပြနိုင်ဖို့ပဲ စဉ်းစားမိပါတယ်။

**... ပေါ်မှာ သီချင်းဆိုရင်း အခြားအကြောင်းအရာတွေကို စဉ်းစားမိတာမျိုးရှိလား။**

... အတိုင်းပြောရရင် ငယ်ငယ်တုန်းကတော့ အလွမ်းသီချင်းဆိုလို့ရှိရင် လွမ်းရတဲ့အကြောင်းတို့
... ဆိုတာမျိုးကို အရင်တုန်းက တကူးတက လိုက်ရှာဖူးပါတယ်။ အသံသွင်းနေရင်ပဲဖြစ်ဖြစ်၊
... ပေါ်မှာ ဆိုနေရင်ပဲဖြစ်ဖြစ် ပျော်စရာသီချင်းဆိုရင်လည်း အပျော်၊ လွမ်းစရာဆိုရင်လည်း အလွမ်း၊
... ထိန်စရာရှိရင်လည်း အကြမ်း၊ အမြဲတမ်း စိတ်ထဲကနေ တကူးတကလုပ်ဖြစ်တယ်။ ခုက လုံးဝ မှားတယ်။
... ညာဆိုတာ လုပ်ယူလို့ မရဘူး။ သူ့ဟာသူ ဖြစ်လာတာပါ။ ☐



www.burmeseclassic.com

www.burmeseclassic.com



# စင်မြင့်ပေါ် စိတ်ကူးတွေအခါ...

## စန္ဒီမြင့်လွင်

**Show ဆိုတဲ့ အခါတိုင်း အခုအချိန်အထိ ဘယ်လိုခံစားရလဲ။**

စင်ပေါ်တက်ခါနီးတိုင်း ရင်တုန်တာထက် ရင်ခုန်နေတုန်းပဲ။ ပရိသတ်အားပေးပါ့မလားရယ် စင်ပေါ်ရောက်ရင် ဆိုရမယ့်သီချင်းတွေ၊ လုပ်ရမယ့်ဟာတွေ စဉ်းစားတယ်။ ဒါပေမဲ့ စင်ပေါ်ရောက်ရင် အဲဒီလို စဉ်းစားတာတွေက မေ့သွားတာပဲ။ အကတိုက်ထားတွေလည်း မေ့သွားတော့ အကအဖွဲ့တွေ ဒုက္ခရောက်ရတယ်။

**စင်ပေါ်မှာ သီချင်းဆိုရင်း အခြားအကြောင်းအရာတွေကို စဉ်းစားမိတာမျိုးရှိလား။**

သီချင်းအကြောင်းပဲ စဉ်းစားဖြစ်ပါတယ်။ အခြားအကြောင်း မစဉ်းစားမိပါဘူး။ ပရိသတ် အခြေအနေက အားပေးပါ့မလား၊ ပရိသတ်အချို့က မကြိုက်လို့ ဘယ်လိုလုပ်ပြနေလဲဆိုတာတွေပဲ စင်ပေါ်မှာ စဉ်းစားမိတာပဲရှိပါတယ်။ ❑



www.burmeseclassic.com

www.burmeseclassic.com



## လွှမ်းပိုင်

Show ဆိုတဲ့အချိန်တိုင်း အခုအချိန်အထိ စိတ်လှုပ်ရှားတုန်းလား။

Show ဆိုတဲ့အခါတိုင်း အခုအချိန်ထိ စိတ်လှုပ်ရှားတုန်းပဲ။ အလှည့်ရောက်မှ ပရိသတ်ကျသွားမှာ၊ အီးသွားမှာ စိုးရိမ်တယ်။

စင်ပေါ်မှာ ဆိုနေရင်းနဲ့ အခြားအကြောင်းအရာကို တွေးမိတာမျိုးရှိလား။

Show ဆိုရင်း Show နဲ့ မဆိုင်တဲ့ကိစ္စတွေ မတွေးမိဘူး။ တွေးမိတာက ပရိသတ်အနေအထား ဘယ်လိုရှိလဲ၊ ဆိုတာကို အားပေးတဲ့သူ များလား၊ များတယ်ဆိုရင် ဘယ်လိုစကား ပြောရမလဲဆိုတာပဲ စဉ်းစားတယ်။

ပြီးချင်းပြီးလို့ ပရိသတ်ကို ဘယ်လိုစကားမျိုး ပြောလိုက်ရင် ပရိသတ်တွေ ပိုကြွလာမယ်ဆိုပြီး စဉ်းစားတာပဲရှိပါတယ်။

■ လင်းနိုင်ဦး၊ ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရယ်ဒီလား၊
အသံရှင် ဖျော၊
မီးနဲ့ LED မီးကို
ဝါးဝါးလေး လေလာမယ်၊
အားလုံး အိုကေဆို
ရိုက်လိုက်မယ်၊
ဒိုး...
ဆင်းနံပါတ် ၁၀
ကဒ် ဝမ်း။
နောက်း။
အရှေ့ကြည့်လိုက်...

ဆိုဒီကာကို ခင်းပါနဲ့။ ဆိုဒီကာမှာ
ဖယောင်းဆီးပါး ကပ်နေလို့ပါ။
၈ ညီ။ ။ ဗျာ... ဟား ဟား ဟား
ဒီသုံး ဘာတွေလာပြော နေတာလဲ မသိဘူး။
ကဒ်၊ ကဒ် ဆိုတော့။ ဆက်ရိုက်မယ်။
ဆင်းနံပါတ် ၁၀ ကဒ် တူး။


# အာရုံးဘာစ်
## ဆင်းနံပါတ် -၁၀

ကောင်းမိုးဦး




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



*ကားပေါ်မှာ ကြောက်စရာ ကောင်းတဲ့ပုံရိပ်တစ်ခု အုပ်မိုးနေတယ်။ အဲဒီ ပုံရိပ်က သေခြင်းတရားကို ကိုယ်စားပြုတဲ့ပုံရိပ်ပါ။ ကဒ်၊ ရပြီ။ နောက်တစ်ကဒ် ဆက်ရိုက်မယ်။*

ဒါကတော့ အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေး အတွက် ဒါရိုက်တာ လူမင်း ရိုက်ကူးပေးနေတဲ့ **အနူးဘစ်** (**Anubis**) ရုပ်ရှင်ဇာတ်ကားရဲ့ ဆင်းန်နံပါတ် ၁၀ ကို ဗဟန်းမြေပဒေသာကျွန်း အတွင်းက စားသောက်ဆိုင်မှာ ရိုက်ကူးနေကြတဲ့ ဇာတ်ဝင်ခန်းပါ။ ကင်မရာမန်းအဖြစ် ဇော်မင်းက ရိုက်ကူးပေးနေပြီး RED ကင်မရာနဲ့ ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။

ဒီဇာတ်ဝင်ခန်းမှာ လူမင်းကလွဲရင် အဓိကသရုပ်ဆောင်အားလုံးပါဝင်ပြီး စားသောက်ဆိုင်ရဲ့တစ်နေရာမှာ နေတိုးကို ကြည့်နေတဲ့ ဝတ်မှုံရွှေရည်ကလည်းတစ်ယောက်တည်း ထိုင်နေပါတယ်။ ဆိုင်တစ်နေရာက စားပွဲမှာ ရွှေမှုံရတီနဲ့ သူငယ်ချင်းတစ်ဦးတို့ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့စားသောက်နေကြပြီး နေတိုးက အဲဒီဝိုင်းကိုသွားကာ ရွှေမှုံရတီရဲ့ကားပေါ်မှာ မြင်ရတဲ့ မကောင်းဆိုးဝါးပုံရိပ်ကို သူတွေ့နေရတဲ့အကြောင်း ရွှေမှုံရတီကို သွားပြောတဲ့အတွက် ရွှေမှုံရတီနဲ့ သူငယ်ချင်းများက ဘိုးတော်လိုလို၊ အကြားအမြင်ဆရာလိုလို လာပြောနေတဲ့အတွက် ဝိုင်းပြီး လှောင်လိုက်ကြတာပါ။ နေတိုးက သူမြင်တာကို ပြောပြပေမဲ့ ရွှေမှုံရတီရဲ့သူငယ်ချင်းများက ရွဲ့ပြီး အထက်လမ်းလား၊ အောက်လမ်းလား။ ကျွန်တော်တို့ကတော့ ပန်းဆိုးတန်းဆိုရင် အောက်လမ်းပဲ သိတယ်လို့ ပြန်ပြောလိုက်ကြတဲ့ ဇာတ်ဝင်ခန်းကို ရိုက်ကူးခဲ့ကြတာ ဖြစ်ပါတယ်။

**အနူးဘစ်** ရုပ်ရှင်ဇာတ်ကားမှာတော့ လူမင်း၊ နေတိုး၊ ဝတ်မှုံရွှေရည်၊ နေဆန်း စတဲ့ အဓိကသရုပ်ဆောင်များနဲ့အတူ မြင့်မြတ်လည်း အဖွင့်ဆင်းန်မှာ ဧည့်သည်သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ပေးထားပါတယ်။ အဖွင့်ဆင်းန် လူငယ်များ ပျော်ပါးကြတဲ့ Underground ပါတီပွဲ ကျင်းပကြတဲ့ ဆင်းန်ကို သုံးညတိုင်တိုင် ရိုက်ကူးခဲ့ကြတာဖြစ်ပါတယ်။ အဲဒီဆင်းန်ကိုတော့ တာမွေမြို့နယ်မှာရှိတဲ့ Sky Star ဟိုတယ်ဝင်း အတွင်းက အဆောက်အဦတစ်ခုမှာ ရိုက်ကူးခဲ့တာဖြစ်ပြီး လူငယ်များ ကားပြိုင်မောင်းကြတဲ့ ဇာတ်ဝင်ခန်းများနဲ့ ပါတီပွဲမှာ ပျော်မြူးနေကြပုံများကို ရိုက်ကူးခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအတွက် ဒါရိုက်တာအဖြစ်ဆောင်ရွက်တဲ့ လူမင်းက ပြိုင်ကားအစီး ၃၀ လောက် အကူအညီတောင်းခဲ့တဲ့နေရာမှာ ရန်ကုန်မြို့ပေါ်က အကောင်းစား ပြိုင်ကား အစီး ၂၀ ကျော်လာရောက် ကူညီပေးခဲ့ကြတဲ့အတွက် အဲဒီဆင်းန်တစ်ဆင်းန်ကိုပဲ စိတ်တိုင်းကျဖြစ်အောင် အဲဒီနေရာမှာ သုံးညညဆင်းန်ရိုက်ကူးခဲ့ရတယ်လို့ သိရပါတယ်။


ဒီလိုရိုက်ကူးရခြင်းက အဖွင့်ဆင်းန်မှာကိုပဲ ပရိသတ်များ စိတ်ဝင်တစားရှိသွားစေဖို့ အခုလို ရိုက်ကူးရတာဖြစ်တယ်လို့ ဒါရိုက်တာ လူမင်းက ဆိုပါတယ်။ လူမင်းက သူ့ရဲ့ပထမဦးဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်တဲ့ **ကျန့်စစ်မင်း** ဇာတ်ကားတုန်းကလည်း ငွေကြေးအကုန်အကျခံပြီး ကြီးကျယ်ခမ်းနားစွာ ရိုက်ကူးတင်ဆက်ပေးနိုင်ခဲ့ပါတယ်။ အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးက လူမင်းကို ဒါရိုက်တာအဖြစ် ကားတစ်ကားရိုက်ကူးပေးဖို့ တောင်းဆိုခဲ့တာ ကြာပြီဖြစ်ပေမဲ့ လူမင်းက ဇာတ်လမ်းကို စိတ်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းမကျတာနဲ့ ၂ နှစ်လောက်ကြာသွားပြီး အခုအခါမှာတော့ သူ စိတ်တိုင်းကျဇာတ်လမ်းလေးတွေ့ရှိသွားတဲ့အတွက် ရိုက်ကူးရတာဖြစ်တယ်လို့ လူမင်းက ပြောပြခဲ့ပါတယ်။ လူမင်းက ရှေ့က **ကျော်စစ်မင်း** ကို ကြီးကျယ်ခမ်းနားစွာ ရိုက်ကူးပေးခဲ့တာကြောင့် နောက်တစ်ကားကို ဘယ်လိုရိုက်မလဲလို့ ဇာတ်စဉ်းစားရင်းနဲ့ ရာဇဝင်တွေရော၊ ဂန္ထဝင်တွေသာမက ခေတ်ပေါ်တွေပါ စဉ်းစားခဲ့ပေမယ့် ဇာတ်က ရှာမရခဲ့ လူမင်းက သူကိုယ်တိုင်ဒါရိုက်တာ လုပ်မယ်ဆိုတော့ သူ့ကို လွှမ်းမိုးနိုင်မယ့် ဇာတ်ကိုမှ ရိုက်ချင်တဲ့အတွက် တစ်နေ့ Junction Square မှာ သားသမီးနှစ်ယောက်ကို 3D ကားတစ်ကား သွားပြရင်းနဲ့ အဲဒီမှာ အဖြေတွေ့ခဲ့တယ်လို့ လူမင်းက ပြောပြခဲ့ပါတယ်။ ဘာတွေ့ခဲ့လဲဆိုတော့ မြန်မာကားနဲ့ နိုင်ငံခြားကားတွေ တင်ပြတဲ့အခါမှာ မြန်မာကားကို ပရိသတ်အားပေးတာ လူဝင်နည်းပြီး နိုင်ငံခြားကားမှာပဲ လူတွေ တိုးနေကြတယ်။ အဲဒါကို မခံချင်စိတ်ဖြစ်သွားတယ်။ နောက်ပြီးတော့ ဒီနေ့ လူငယ်တွေက ရုပ်ရှင်ကို စိတ်ပါဝင်စားမှု အားနည်းလာတဲ့အတွက် မြန်မာရုပ်ရှင်က ကျဆင်းလာတာ တွေ့ရတယ်။ အရင်တုန်းကတော့ လူငယ်ပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် ရုပ်ရှင်ကြည့်ဖို့ စိတ်အားထက်သန်တဲ့အတွက် ရုပ်ရှင်ကြည့်ခြင်းဆိုတာလည်း အခန်းကဏ္ဍတစ်ခုပါတယ်။ မြန်မာကားမှာ လူမဝင်တာ၊ စိတ်ဝင်စားမှုနည်းတာ ဒီနေ့ခေတ်လူငယ်တွေနဲ့လည်း အများကြီးဆိုင်တဲ့အတွက် မြန်မာကားကို မြန်မာပရိသတ်ကြိုက်အောင်၊ နောက်မျိုးဆက်တွေ မြန်မာကားမကြည့်ဘူးဆိုပြီး ဂုဏ်ယူစွာ ပြောတတ်နေကြတာကို အဲဒီကလေးတွေ ကြည့်ချင်စိတ်ရှိလာအောင် ဒီဇာတ်လမ်းကို ကိုယ်တိုင်ဖန်တီးပြီး ရိုက်ကူးတာ ဖြစ်တယ်လို့ လူမင်းက ပြောပြပါတယ်။






www.burmeseclassic.com

www.burmeseclassic.com



**အနူးဘစ်** လို့ အမည်ပေးရခြင်းက ဒီနာမည်ကို မြန်မာလိုစဉ်းစားဖြစ်တဲ့ ပိရမစ် ဆိုတဲ့စကားလိုပါပဲ။ ပိရမစ်ကို မြန်မာလိုပြန်ဖို့ဆိုရင် စာကြောင်းလေးငါးကြောင်းလောက် ပြန်ရမယ်။ **အနူးဘစ်** ဆိုတာလည်း အီဂျစ်စကားလုံးပါပဲ။ ဒီကားကြည့်လိုက်ရင်တော့ ဘာကိုပြောချင်တယ်ဆိုတာ ပြောပြလိုက်တာထက် ပိုပြီး ရှင်းသွားမယ်လို့ လူမင်းက ပြောပြခဲ့ပါတယ်။


ဒီဇာတ်ကားကို တစ်လလောက် အချိန်ယူပြီး ရိုက်ကူးသွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ဒီဇာတ်ကားမှာ လူမင်းက ရွှေမှုံရတီရဲ့ဖခင်နေရာက သရုပ်ဆောင်သွားမှာဖြစ်ပြီး နေတိုး၊ ဝတ်မှုံရွှေရည်နဲ့ ရွှေမှုံရတီတို့က ဇာတ်လမ်းတွေ ရှိနေကြတယ်။ ဒီကားက ခေတ်ဆန်ဆန်နဲ့ စိတ်ဝင်စားမှု ရှိမယ့်အပြင် ရိုက်ချက်တွေနဲ့ပါ ဖမ်းစားသွားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာကျော်ဇင်နဲ့ ပြေသုဒြာ

# ဘဝမှာမှတ်မှတ်ရရဆိုတာ မရှိတဲ့ ပြေတီဦး

ခင်လေးမြင့်

၂၀၁၃ နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ပြေတီဦးရဲ့ မွေးနေ့ ကျရောက်မှာ ဖြစ်ပါတယ်။ မွေးနေ့နဲ့အတူ မှတ်မှတ်ရရဖြစ်စေဖို့ ၂၀၁၀ အောက်တိုဘာလမှာပဲ ပြေတီဦးက ပြေတီဦး ပညာရေးဖောင်ဒေးရှင်းကို စတင်တည်ထောင်ပြီး ဆေးတက္ကသိုလ်တက်ဖို့ ငွေကြေးလိုအပ်သူများကို စတင်ထောက်ပံ့မှုပေးခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၃ နိုင်ဝင်ဘာ ၃၀ ရက်မှာ ပြေတီဦး ပညာရေးဖောင်ဒေးရှင်းက ထောက်ပံ့ထားတဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ တွေ့ဆုံဖို့ စီစဉ်ထားပါတယ်။ ၂၀၁၃ ထဲမှာပဲ ပြေတီဦး ပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေအဖြစ် ဖျော်ဖြေပွဲ တစ်ပွဲလုပ်ဖို့ စီစဉ်ထားတာပါ။ အငြိမ့်၊ ပြဇာတ်ရယ် မဟုတ်ဘဲ ဂီတဖျော်ဖြေပွဲလုပ်မှာဖြစ်ပြီး ပြေတီဦး ပညာရေး ဖောင်ဒေးရှင်းအဖွဲ့ဝင်များနဲ့ သေချာတိုင်ပင် စီစဉ်သွားမှာ ဖြစ်ပါတယ်။ ဂီတဖျော်ဖြေပွဲမှာမှ ပရိသတ်တွေ စိတ်ဝင်စားတဲ့ တင်ဆက်မှုများနဲ့ တင်ဆက်မှာ ဖြစ်ပါတယ်။

**ပြေတီဦးပညာရေး ဖောင်ဒေးရှင်း ရန်ပုံငွေအတွက် လုပ်မယ့်ပွဲဖြစ်တာကြောင့် ကိုယ်တိုင်ပါဝင် သီဆိုဖျော်ဖြေမှာလား။**

ကျွန်တော်ကတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိပါဘူး။ သီချင်းဆိုဖို့လည်း ကိုယ့်အတွက်က အဆင်မပြေ၊ စီစဉ်သူအနေနဲ့ လုပ်မယ်ဆိုပြန်တော့လည်း ဖောင်ဒေးရှင်းအဖွဲ့ဝင်တွေရဲ့ ဆုံးဖြတ်ချက်က လိုသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရဲ့သဘောထားပေါ်မှာလည်း အများကြီး မူတည်တာပေါ့၊ စီစဉ်သူအနေနဲ့ မဟုတ်ဘဲ တစ်ခုမဟုတ် တစ်ခု ပါရမယ်ဆိုရင် ဘယ်လိုပါရမလဲ စဉ်းစားရဦးမှာပေါ့။

**ဖောင်ဒေးရှင်းက ထောက်ပံ့ထားတဲ့ကလေးတွေရဲ့ တောင်းဆိုမှုပေါ်မူတည်ပြီး ဖျော်ဖြေတင်ဆက်ပေးဖို့ရှိမလား။**

ကလေးတွေကတော့ အထူးတလည်တောင်းဆိုမှာမျိုး မရှိပါဘူး။ တချို့ကလေးတွေဆို ဖောင်ဒေးရှင်းမှာ ပြောကြတာရှိတယ်။ ကျွန်တော်တို့အရင်က အငြိမ့်တွေကရတာ၊ ပြဇာတ်တွေ ကရတာရှိတယ်။ စင်ပေါ်မှာ ပင်ပင်ပန်းပန်း လုပ်ရတယ်၊ ပေါတောတောတွေလည်း လုပ်ရတယ်။ အဲဒါကို ကြည့်ပြီး သူတို့တွေက မျက်ရည်တောင် ကျတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေအတွက်ကို အစ်ကိုတွေက ပေါတောတော အလုပ်တွေတောင် လူတွေအများကြီးရှေ့မှာ လုပ်ရပါလားဆိုပြီး စိတ်မကောင်း ဖြစ်မိတယ်လို့ ပြောကြတာမျိုးတွေရှိတယ်။ သူတို့ဘက်က တောင်းဆိုမှုရယ်မျိုးတော့ ရှိမှာမဟုတ်ပါဘူး။

**သီချင်းဆိုဖူးတာ ရှိပေမဲ့ အဲဒီပွဲမှာ သီချင်းဆိုဖို့ ယုံကြည်မှု ဘယ်လောက်ရှိမလဲ၊ ဖောင်ဒေးရှင်းက ကလေးတွေကလည်း သီချင်း ဆိုပါလို့ တိုက်တွန်းရင်ပေါ့။**

ဆို ဆိုရင်လည်း ဆိုရမှာပါပဲ။ ပြဿနာမရှိပါဘူး။ ကျွန်တော်တို့က Confidence အားကောင်းတာမျိုး မဟုတ်ဘူးဆိုပေမဲ့ ကျွန်တော်တို့က အဆိုတော်မှ မဟုတ်တာ၊ သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့အတွက် ကောင်းမှာလည်း မဟုတ်ဘူး။ မှန်မှာလည်း မဟုတ်ဘူးဆိုတာ သေချာတယ်။ သေချာပေမဲ့လည်း ပြဿနာ မရှိပါဘူး။ ဒါကိုလည်း ပရိသတ်က နားလည်ပြီးသား ဖြစ်မှာပါ။ သရုပ်ဆောင်ဖြစ်လျက်နဲ့ အဆိုပါကောင်းတဲ့ သူတွေလည်း အများကြီးရှိတယ်လေ၊ သူတို့ကိုဆိုရင်လည်း လိုက်လိုက်လှဲလှဲ အားပေးမှာဖြစ်သလို မကောင်းတဲ့ သူတွေအတွက်လည်း ပြဿနာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သရုပ်ဆောင်အနေနဲ့ပဲ ကြည့်ကြမှာကိုး၊ အဆိုတော်အနေနဲ့ ကြည့်မှာမှ မဟုတ်တာ။

**မွေးနေ့မှာပဲ တည်ထောင်ထားတဲ့ ဖောင်ဒေးရှင်းရှိတဲ့အတွက် ဟိုးအရင်က မွေးနေ့အပေါ်ခံစားတဲ့ ခံစားမှုနဲ့အခုမွေးနေ့မှာခံစားရတဲ့ ခံစားမှုကွာခြားသေးလား။**

ကလေးတွေနဲ့ပတ်သက်လာတဲ့ အခါကျတော့ သူတို့အတွက်လုပ်ပေးရတဲ့ စိတ်၊ သူတို့နဲ့ပတ်သက်ပြီးရတဲ့ ပီတိ၊ စိတ်ချမ်းသာမှု အဲဒါတွေကတော့ မတူနိုင်ဘူးပေါ့။ အစတုန်းကတော့ မွေးနေ့ကို မသိလိုက် မသိဘာသာ ကုန်ဆုံးသွားတဲ့နှစ်တွေရှိသလို အပျော်အပါးနဲ့ ကုန်ဆုံးသွားတဲ့နှစ်တွေလည်း ရှိတာပေါ့။ အခုဆိုရင် ကိုယ့်မွေးနေ့လေး ရောက်တိုင်းမှာကောင်းမှုကုသိုလ်လေးတစ်ခုကို အမြဲတမ်းလုပ်လေ့လုပ်ထနဲ့ တွဲပြီးဖြစ်နေတဲ့အတွက်ကြောင့်မို့ ပိုပြီးကျေနပ်ပါတယ်။

**ကိုပြေတီဦးက သမီးလေးရထားတဲ့သူတစ်ယောက်ဖြစ်တာကြောင့် နောင်အချိန်များမှာ ကိုယ့်မွေးနေ့ကို သတိမရတော့ဘဲ သားသမီးတွေရဲ့မွေးနေ့ကိုပဲ ပိုဦးစားပေးဖြစ်မယ့်သူ ဖြစ်လာမလား။**

မွေးနေ့ဆိုရင် ကိုယ့်မွေးနေ့ကအစ ဘယ်သူ့မွေးနေ့မှ မှတ်မထားတတ်တဲ့ အထဲမှာ ပါတယ်။ မွေးနေ့ကို မှတ်ထားတာတို့အလေ့အကျင့်ရှိတာလည်း ကောင်းပါတယ်။ ကျွန်တော်က အဲဒါလေးတွေကို သိပ်ပြီးမှတ်မထားတတ်ဘူး။ အဲဒါထက် အရေးကြီးတဲ့ အပိုင်းတွေကိုပဲ စိတ်ဝင်စားတယ်။ ဥပမာ-သမီးလေးဆိုရင် သူ့အတွက်က ဘာတွေလိုအပ်မှာလဲ၊ သူ့အတွက်ကိုယ်အချိန်ပေးဖို့လိုလား၊ ကိုယ်ဘယ်လို အချိန်ပေးမလဲ၊ ဒီထက်ပိုပြီး အဓိပ္ပာယ်ရှိတဲ့ဟာတွေကိုပဲ စိတ်ဝင်စားတယ်။ လူဆိုတာတစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားတာ မတူဘူး။ ဒီလိုမွေးနေ့လေးတွေ အမှတ်တရရှိတာ၊ တခြားအမှတ်တရတွေကို မှတ်တတ်တာ၊ တန်ဖိုးထားတတ်တာလည်း ရှိမှာပေါ့။ လူဆိုတာ တစ်ယောက်နဲ့တစ်ယော[illegible] မတူပါဘူး။ ကျွန်တော်ကတော့ မွေးနေ့တို့ဘာတို့ကို မှတ်မှတ်ရရ မရှိတတ်ဘူး[illegible] ဘဝမှာ မှတ်မှတ်ရရ ဆိုတာလည်း သိ[illegible] မရှိတတ်ဘူး။

***နိုဝင်ဘာလထဲမှာပဲ လက်ပံ ရုပ်ရှင်ဇာတ်ကားကို စင်ကာပူမှာ သွားပြတဲ့အခါ ကိုပြေတီဦးလည်း လိုက်မှာဆိုတော့ ပရိသတ်တွေရဲ့ တုံ့ပြန်မှု ဘယ်လောက်လိုချင်လဲ။***

စင်ကာပူက ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး သူတို့ရင်ထဲက စကားတွေကိုကြားရတာ အရမ်းတန်ဖိုးရှိတယ်။ သူတို့ရင်ထဲမှာ ဘာတွေဖြစ်နေလဲ၊ သူတို့ရင်ထဲမှာ ဘာတွေပြောချင်နေလဲဆိုတာ ကျွန်တော်တို့အနေနဲ့သိရဖို့ အရမ်းခက်ခဲတယ်။ အဲဒီလိုမျိုးတွေ့တဲ့အခါ၊ ပြောကြတဲ့အခါ ကျွန်တော်တို့အတွက်က အရမ်းတန်ဖိုးရှိတယ်။ အဲဒါမျိုးကို မျှော်လင့်တယ်။ ဒီကားနဲ့ပတ်သက်လို့ တုံ့ပြန်တဲ့မျှော်လင့်ချက်ဆိုတာကတော့ မြန်မာပြည်မှာပြတုန်းကလည်း အောင်မြင်ထားပြီးသားဆိုတဲ့အတွက် ဒီလိုကားမျိုးက အရမ်းစိတ်ပူစရာ မရှိပါဘူး။ ဟိုမှာရှိတဲ့ ပရိသတ်တွေကလည်း လက်ခံကြမှာပဲ။ စင်ကာပူမှာရှိတဲ့ မြန်မာတွေကိုပဲပြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့က နိုင်ငံတကာကို ထိုးဖောက်တာမျိုးလည်း မဟုတ်သေးဘူး။ ဒါတွေက နိုင်ငံခြားမှာရှိတဲ့ ကိုယ့်မြန်မာလူမျိုးကို ပြနိုင်တဲ့အဆင့်မျိုးပဲရှိသေးတယ်။ ကျွန်တော်တို့ ရုပ်ရှင်ကားတွေထဲမှာ နိုင်ငံတကာကို ပြနိုင်တဲ့ အဆင့်မျိုးဆိုတာ ဖြစ်မလာသေးပါဘူး။

***လက်ပံ* ဇာတ်ကားမှာ သရုပ်ဆောင်မှုနဲ့ပတ်သက်ပြီး ပရိသတ်ဆီက ဝေဖန်မှုရယ်၊ နောင်အခါ အဖေပုံစံသရုပ်ဆောင်မယ်ဆိုရင် ထပ်ပြင်ဆင်ရမယ့်ဟာတွေက ဘာတွေများ ဖြစ်လာမလဲ။**

အဲဒီမှာ နှစ်ပိုင်းကွဲတယ်ဗျ။ သာမန်မဟုတ်သော ထူးခြားတဲ့ဇာတ်ကောင်စရိုက်တွေကို သရုပ်ဆောင်တိုင်းမှာ ပရိသတ်က နှစ်မျိုးနှစ်စား ကွဲလေ့ရှိတယ်ဗျ။ အခု ကျွန်တော် သရုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

သားတဲ့ အဖေပုံစံမှာဆိုရင် နှစ်ပိုင်းရှိတယ်။ အိုက်တင်ပိုင်းနဲ့ စကားအပြောအဆို၊ လေယူလေသိမ်း။ ဒီအိုက်တင်ပိုင်းတွေမှာကတော့ အားလုံးက တစ်ညီတစ်ညွတ်တည်း လက်ခံကြတယ်။ ဒါပေမဲ့ နိုင်ယာလော့ခ်ပိုင်းမှာကျတော့ ကြိုက်တဲ့သူရှိသလို မကြိုက်တဲ့သူရှိတယ်။ ကြိုက်တဲ့သူက ဘယ်သူကကြိုက်သလဲဆိုတော့ တစ်ကားလုံးကို ဒီတစ်မျိုးတည်း ထိန်းပြီးပြောတဲ့အတွက်ကြောင့် ပညာရှင်ပိုင်းတွေက ကြိုက်တယ်။ ဥပမာ အန်တီဒေါ်ဆွေဇင်ထိုက်တို့စသဖြင့်ပေါ့ ပညာရှင်တွေက ဒါကိုလက်ခံကြတယ်၊ သဘောကျတယ်။ ပရိသတ်အပိုင်းမှာကျတော့ အဲဒါမျိုးကိုကြိုက်တဲ့သူရှိသလို မကြိုက်တဲ့သူရှိတယ်။ ဘာကြောင့်လဲဆိုတော့ ကြားနေကျ ပြေတီဦးရဲ့အသံမျိုးမဟုတ်ဘူး။ လူကြီးတစ်ယောက်ရဲ့ပုံစံမျိုး ပြောင်းပြီးပြောတာဖြစ်တဲ့အတွက် သူတို့နားထဲကို ရှောရှောရှူရှူ မဝင်ဘူး။ ကန့်လန့်ဝင်တယ်။ အဲဒီလိုဆိုတော့ အပိုင်းတွေက နှစ်ပိုင်းကွဲနေတယ်။ တကယ်လို့ပြင်မယ်ဆိုရင် ဘာပြန်ပြင်ရမလဲဆိုတော့ မိုးရိုးကိုယ့်ရဲ့ ပုံမှန်အသံနဲ့ပဲ သရုပ်ဆောင်ကြည့်ရမှာပေါ့။ ဒါပေမဲ့ အဲဒီလို သရုပ်ဆောင်ပြန်ကြည့်တဲ့အခါမှာလည်း နှစ်ပိုင်းပြန်ကွဲနိုင်တယ်။ ခုနပြောသလို လူငယ်တစ်ယောက်ရဲ့ အသံမျိုး ပေါက်နေတယ်။ လူကြီးတစ်ယောက်ရဲ့ ဟန်ပန်မျိုး လုံးဝပါမလာဘူးဆိုပြီး အဲဒီအချိန်ကျရင် ထပ်ကွဲဦးမှာပဲ။ ဘယ်လိုပြောမလဲဆိုတော့ ကျွန်တော်တို့ကိုယ်တိုင်က အဖေတစ်ယောက်နေရာမှာ ဝင်သရုပ်ဆောင်တဲ့အခါ ကိုယ့်အသက်က အဲဒီအရွယ်ထက် အများကြီးငယ်သေးတယ်။ ဒါကို မတူတူအောင် လိုက်တုတဲ့အခါ လိုအပ်ချက်တွေဆိုတာတော့ရှိမှာပဲ။ နောက်တစ်ချက်က မိတ်ကပ်၊ မိတ်ကပ်က အရေးအကြောင်းတွေ ထည့်မယ်၊ ဆံပင်အဖြူတွေ ထည့်မယ်ဆိုရင် ရှိတဲ့ပစ္စည်းလေးနဲ့ အလွယ်တကူ လုပ်လိုက်တာ၊ ဘယ်နည်းနဲ့မှ အသက်ကြီးတဲ့ လူတစ်ယောက်ရဲ့ပုံ ဖြစ်မသွားနိုင်ဘူး။

နိုင်ငံခြားမှာဆိုရင် ဒီလိုအသက်အရွယ်အတွက် သူတို့သုံးတဲ့ပစ္စည်းတွေက သဘာဝကျကျ ကြီးရင့်တဲ့ပုံစံမျိုးဖြစ်သွားစေတယ်။ ပံ့ပိုးမှုတွေက အများကြီးလိုအပ်နေသေးတော့ သရုပ်ဆောင်တစ်ယောက်ရဲ့ သရုပ်ဆောင်မှုတစ်ခုတည်းနဲ့ပဲ အဲဒီဇာတ်ကောင်စရိုက်ကို ပုံဖော်လို့မရဘူး။ ဘေးကနေပါဝင်ပံ့ပိုးတဲ့ပစ္စည်းတွေနဲ့ဆိုရင် ကြည့်လိုက်တာနဲ့ ဒီလူကြီးက အသက်ကြီးသွားပါလားဆိုပြီး ဖြစ်စေနိုင်တာတွေ ရှိတယ်။ ကျွန်တော်တို့ဆီမှာ ကိုယ်ကိုယ်တိုင်ရဲ့လိုအပ်ချက်တွေလည်းရှိသလို တခြားလိုအပ်ချက်တွေလည်း ရှိနေသေးတာပေါ့။


အကယ်ဒမီ ပြေတီဦး

**၂၀၁၃ လည်း ကုန်ခါနီး ပြီဆိုတော့ ၂၀၁၃ ထဲမှာ ရုပ်ရှင်ဘယ်နှကား ရိုက်ဖြစ်လဲ။ ၂၀၁၄ ထဲမှာရော ဘယ်နှကား စီစဉ်ထားလဲ။**

ကျွန်တော် ၂၀၁၃ ထဲမှာ ၃ ကား ရိုက်မယ်လို့ လက်ခံထားတယ်။ ဒါပေမဲ့ ၂ ကားပဲ ရိုက်ဖြစ်လိုက်တယ်။ တစ်ကားကို နှစ်ကုန်ပိုင်းမှာရိုက်ဖို့ပြောတယ်။ အမှန်တကယ်က ပြီးလောက်တာတည်းက ရိုက်ဖြစ်မယ့်ကား၊ ဆက်တင်ပိုင်း အဆင်မပြေတာနဲ့ အောက်တိုဘာ၊ နိုဝင်ဘာမှာ ရိုက်ဖို့ပြောထားတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ဗီဒီယိုပရိုဂျူဆာတွေက လိုအပ်တဲ့ကားအရေအတွက် မပြည့်တဲ့အခါ သူကနည်းတယ်၊ ငါက နည်းတယ်ဆိုတော့ အဲဒါကို ဖြည့်ပေးရင်း၊ ဖြည့်ပေးရင်းနဲ့ ရုပ်ရှင်ကားကြီးက ၂၀၁၄ နှစ်ဆန်းပိုင်းကို ရွှေ့ဖြစ်သွားလိမ့်မယ်။

နိုဝင်ဘာလမှာ ကျရောက်မယ့် မွေးနေ့၊ လှူပ်ရှားမယ့် အနုပညာလှုပ်ရှားမှုများနဲ့ ပတ်သက်ပြီး ပြေတီဦးရဲ့ ပြောစကားများ ဖြစ်ပါတယ်။ ဇာတ်ကား ရိုက်ရင်း အချိန်ပေး ပြောကြားပေးတဲ့ ပြေတီဦးကို ကျေးဇူးတင်ရှိပါတယ်။


■

ခင်လေး…



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ရဲ့မိခင်
ကက်သရင်းဂျက်ဆင်

ကက်သရင်းနဲ့ မိုက်ကယ်

# ကက်သရင်း ပြောတဲ့ သား ဂျက်ဆင်

ဇာနည်ညီမိုး

ကမ္ဘာ့စံချိန်များကို မှတ်တမ်းတင်ထားတဲ့ Guinness Book of World Records စာအုပ်မှာ မိုက်ကယ်ဂျက်ဆင်ကို အအောင်မြင်ဆုံး ဖျော်ဖြေရေးသမားတစ်ဦးအဖြစ် မှတ်တမ်းတင်ဖော်ပြခဲ့ပါတယ်။ မိုက်ကယ်က မကွယ်လွန်မီအချိန်အထိ ဂရမ်မီဆု ၁၃ ဆု ဆွတ်ခူးရရှိခဲ့ပြီး သူ့အယ်လ်ဘမ်များက ကမ္ဘာမှာ အချပ်ရေ သန်း ၇၅၀ ကျော် ရောင်းချခဲ့ပြီးဖြစ်လို့ပါပဲ။ ၁၉၈၂ ခုနှစ်က သီဆိုဖြန့်ချိခဲ့တဲ့ Thriller ဆိုရင် အခုထက်ထိ ရောင်းကောင်းနေဆဲဖြစ်ပါတယ်။

မိုက်ကယ်က အသက် ၁၁ နှစ်အရွယ်မှ ၃၀ အရွယ်အထိ လော့စ်အိန်ဂျလိစ်၊ အန်စီနိုမှာ နေထိုင်ခဲ့ပါတယ်။ နေထိုင်ခဲ့တဲ့ ခြံကြီးက အရင်တုန်းက ဖခင်ဖြစ်သူ ပိုင်ဆိုင်ခဲ့တာဖြစ်ပြီး မိုက်ကယ်က ဖခင်ထံမှ ဝယ်ယူကာ သူ့စိတ်တိုင်းကျပြင်ဆင်ထားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်ကျမှ Neverland Ranch ကိုပြောင်းသွားခဲ့တာဖြစ်ပေမဲ့ အသက် ၃၀ အရွယ်အထိ နေထိုင်ခဲ့တဲ့ ခြံကြီးကတော့ သူ့အငွေ့အသက်တွေ ရှိနေဆဲပါပဲ။ ဒီခြံမှာ ကလေးတွေ ပျော်ရွှင်နိုင်အောင်လို့ Disney Land ပုံစံမျိုး၊ နာရီစင်ကြီးတစ်ခုနဲ့ ပန်းမျိုးစုံစိုက်ပျိုးထားတဲ့ ပန်းခင်းကြီးကလည်း ကလေးများအကြိုက်ပါ။ ခြံဝမှာ 'သင့်စိတ်ကူးအိပ်မက်တွေရဲ့လမ်းအတိုင်း လျှောက်သွားလိုက်ပါ' လို့ ရေးသားထားပြီး နောက်တစ်ခုကတော့ 'ဒီနေရာကို ရောက်လာရင် ငွေကြယ်ပွင့်များကို ထိတွေ့လိုက်ပါ' လို့ ရေးဆွဲထားပါတယ်။ ဩဂုတ်လ ၂၉ ရက်နေ့ဟာ ပေါ့ပ်ဘုရင်လို့ တင်စားခံခဲ့ရတဲ့ မိုက်ကယ်ဂျက်ဆင်ရဲ့ ၅၅ နှစ်မြောက် မွေးနေ့ဖြစ်တာကြောင့် Hello မဂ္ဂဇင်းကြီးက မိုက်ကယ်ရဲ့မိခင်ဖြစ်သူ ကက်သရင်းဂျက်ဆင်နဲ့ တွေ့ဆုံပြီး ရေးဖွဲ့ဖော်ပြထားတာကို ရွှေအမြုတေပရိသတ်များအတွက် ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

မိုက်ကယ်ဂျက်ဆင်က ပြောင်းရွှေ့သွားတဲ့ Neverland ခြံကြီးမှာ ကလေး

www.burmeseclassic.com

များအတွက် အပျော်ရွှင်ဆုံးဖြစ်စေဖို့ သူ့စိတ်ကူးကို အကောင်အထည်ဖော်ရာမှာ ပထမဆုံး လုပ်ဆောင်ပေးခဲ့တာကတော့ ကလေးများအကြိုက် သကြားလုံးဆိုင်လေးတစ်ဆိုင်ကို ဖွင့်လှစ်ပေးခဲ့ခြင်းပါပဲ။ မီးရောင်စုံများ ထွန်းညှိပေးထားတဲ့အပြင် အသေးစားတိရစ္ဆာန်ရုံကလေးလည်း ဆောက်လုပ်ပေးထားပါတယ်။ ဒီတိရစ္ဆာန်ရုံထဲမှာ ကုလားအုတ်၊ မြွေအစရှိတဲ့တိရစ္ဆာန်များအပြင် မိုက်ကယ်ရဲ့အချစ်တော်ဖြစ်တဲ့ ချင်ပန်ဇီမျောက်ကလေး ဘာဘာလ်လည်း ရှိပါတယ်။


ပရင့်စ်မိုက်ကယ်၊ ပဲရစ္စ၊ ပရင့်စ်နဲ့ အဘွား ကက်သရင်းဂျက်ဆင်

အခုတော့ ဒီတိရစ္ဆာန်တွေ မရှိတော့ပါဘူး။ ဒါပေမဲ့ မိုက်ကယ်ရဲ့လက်ရာဖြစ်တဲ့ ဒီတိရစ္ဆာန်ရုံကလေးနဲ့ ပန်းခြံတို့ကို မိခင်ဖြစ်သူ ကက်သရင်းက ခြေရာလက်ရာမပျက် ဆက်လက်စောင့်ရှောက်ထားပါတယ်။

'ဒီနေရာကို သူ အင်မတန်ချစ်တာလေ။ မီးရောင်စုံတွေကို နေရာတိုင်းမှာ ဖွင့်ထားတယ်။ သစ်ပင်တွေပေါ်မှာရော၊ လျှောက်လမ်းနံဘေးတွေမှာပါ ထွန်းညှိထားတာက Disney Land အတိုင်းပါပဲ။ ဂျပန်နိုင်ငံမှာသာ တွေ့နိုင်တဲ့ ရေပူစမ်းကလေး၊ ရေတံခွန် အစရှိတာတွေကလည်း သူ့စိတ်ကူးနဲ့ လုပ်ခဲ့တာတွေမို့ ခြေရာလက်ရာမပျက်အောင် ထိန်းသိမ်းထားပါတယ်' လို့ ကက်သရင်းက ဆိုပါတယ်။

ကက်သရင်းက အသက် ၈၃ နှစ်ရှိပြီး ဂျက်ဆင်မိသားစုမှာ အရေးပါအရာရောက်ဆုံး မိခင်ကြီး ဖြစ်ပါတယ်။ သက်ရှိထင်ရှား သားသမီး ၈ ယောက်၊ မြေး ၂၆ ယောက်၊ မြစ် ၁၁ ယောက်တို့ထွန်းကားခဲ့ပြီးလည်း ဖြစ်ပါတယ်။ လက်ရှိမှာ ကက်သရင်းမိသားစုတို့က မိုက်ကယ်ပိုင်ဆိုင်ခဲ့တဲ့ ဒီနေရာမှာ မနေကြဘဲ ဒီခြံကြီးကို မိသားစုအရေးကိစ္စ စုစည်းစရာရှိတော့မှသာ လာရောက်စုစည်းကြတဲ့နေရာအဖြစ် ထားရှိပါတယ်။

မိသားစုကြီးကို စုစည်းအုပ်ချုပ်နေတဲ့ ကက်သရင်းရဲ့မျက်နှာက ကြင်နာတတ်တဲ့သူအဖြစ်ပေါ်လွင်နေတာကြောင့် မိသားစုတစ်ခုလုံးက ချစ်ခင်ကြတယ်ဆိုတာလည်း ထင်ရှားလှပါတယ်။ သူမရဲ့ညာလက်ရုံးလို့ ပြောလို့ရတဲ့တူတော်သူ တာရန့်က 'မိသားစုမှာရှိတဲ့သူအားလုံး ကက်သရင်းကို ချစ်ကြတယ်။ ကျွန်တော်လည်း သူ့ကို အမေတစ်ယောက်လိုချစ်တယ်' လို့ ဆိုပါတယ်။ တာရန့်ကို မိုက်ကယ်က ၂၀၀၅ ခုနှစ်မှာ မိခင်ကြီးအား စောင့်ရှောက်ဖို့နဲ့ သွားလေရာမှာ လိုက်ပါပေးဖို့ ခန့်ထားခဲ့တာဖြစ်ပါတယ်။

မိုက်ကယ်ရဲ့မွေးနေ့ကျရောက်တဲ့ ရက်သတ္တပတ်တုန်းကလည်း တာရန့်က မိုက်ကယ်ရဲ့ဇာတိချက်ကြွေဖြစ်တဲ့ အင်ဒီယားနားပြည်နယ်က Gary သို့ပို့ဆောင်ပေးခဲ့ပါတယ်။ သူ့မွေးရပ်မြေမှာ မိုက်ကယ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ရန်ပုံငွေပွဲများ ကျင်းပရာသို့ ကက်သရင်း တက်ရောက်ခဲ့ခြင်းပါ။ ပရိသတ်တွေက ကက်သရင်းကို တွေ့မြင်ရဖို့ ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ စောင့်နေခဲ့ကြတယ်လို့ တာရန့်က ဆိုပါတယ်။

'ဒီနေရာက ကျွန်မအတွက် ပျော်စရာကောင်းတဲ့ အမှတ်တရတွေ အများကြီးရှိခဲ့တဲ့နေရာပေါ့' လို့ ကက်သရင်းက ဆိုပါတယ်။ အခု အသက် ၈၅ နှစ်ရှိပြီဖြစ်ပြီး လာ့စ်ဗီဂတ်စ်မှာ နေထိုင်တဲ့ ခင်ပွန်းသည် ဂျိုးဂျက်ဆင်နဲ့ နေထိုင်ခဲ့ကြပုံများကို ပြန်ပြောင်းအောက်မေ့နေပုံရပါတယ်။ ဒီနေရာကနေ မိသားစုလိုက် ၁၉၇၁ ခုနှစ်မှာ ကယ်လီဖိုးနီးယားသို့ ပြောင်းရွှေ့ခဲ့ကြပြီး Jackson 5 လို့အမည်ပေးထားတဲ့ သူတို့ညီအစ်ကိုများအဖွဲ့ ပထမဆုံး သီဆိုထုတ်လုပ်လိုက်တဲ့ I Want You Back ဆင်ဂဲလ်ဓာတ်ပြားက

www.burmeseclassic.com

www.burmeseclassic.com

အရောင်းရဆုံးနံပါတ်တစ်ဖြစ်ခဲ့ပါတယ်။ မိုက်ကယ်တစ်ကိုယ်တော်ခွေပြားနဲ့ အကွက်ဆန်းတီထွင်ခဲ့တဲ့ Thriller နဲ့ Off The Wall ခွေပြားများလည်း ဆက်တိုက်အောင်မြင်ခဲ့တာပါ။

အန်စီနိုသို့ မိုက်ကယ်ရဲ့ကလေးသုံးယောက်ဖြစ်တဲ့ ပရင့်စ်(အခု အသက် ၁၆ နှစ်)၊ ပဲရစ္စ(အခု အသက် ၁၅ နှစ်)၊ ပရင့်စ်မိုက်ကယ်-၂(အခု အသက် ၁၁ နှစ်)တို့ကို ၂၀၀၉ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ မိုက်ကယ် ဆေးရုံမှာ ကွယ်လွန်ပြီးတော့ ခေါ်ဆောင်လာခဲ့ပုံကို ကက်သရင်းကဒီနေ့ဖြစ်ပျက်နေတာလို မျက်စိထဲမှာ ပြက်ပြက်ထင်ထင် မြင်ယောင်နေဆဲပါ။


မိုက်ကယ်ဂျက်ဆင်နှင့်မိသားစုဝင်များအမှတ်တရ

လွန်ခဲ့တဲ့ ၃ နှစ်က စတင်ပြီး မိုက်ကယ်ရဲ့ကလေးများကို ကက်သရင်းက မြေးဖြစ်သူ တီဂျေ(သားတစ်ဦးဖြစ်တဲ့ တီတိုက မွေးခဲ့တာပါ။)နဲ့ တွဲဖက်အုပ်ထိန်းသူအဖြစ် တရားရုံးတော်က ခန့်အပ်ခဲ့တာကြောင့် မြေးများကို အုပ်ထိန်းနေပါတယ်။ သူ့ဘဝမှာ ဘယ်တော့မှ မြေးတွေကို အုပ်ထိန်းရတဲ့အဘွား ဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ဘူးလို့လည်း ဆိုပါတယ်။

နေ့စဉ်နဲ့အမျှ သားဖြစ်သူ မိုက်ကယ်ကို သတိရစိတ်နဲ့ မျက်ရည်ကျလေ့ရှိတဲ့ ကက်သရင်းက 'ဘယ်အရာကမှ ကျွန်မသားကို အစားမထိုးနိုင်ပါဘူး။ နေ့စဉ်နဲ့အမျှ သားအကြောင်းကို တွေးပြီး မျက်ရည်ကျခဲ့ရပါတယ်။ သူ အင်မတန်ချစ်တဲ့ သားသမီးတွေဆီကနေ ရုတ်တရက် ခွဲခွာသွားခဲ့ရတယ်။ ဒီကလေးတွေက သူ ပိုင်ဆိုင်တဲ့တစ်ခုတည်းသော ရတနာကလေးတွေပါ။ မိုက်ကယ်က ဖခင်ကောင်းတစ်ယောက်ဖြစ်သလို သားကောင်းတစ်ဦးလည်း ဖြစ်ပါတယ်'လို့ ကက်သရင်းက ဆိုပါတယ်။

လွန်ခဲ့တဲ့ ၂ နှစ်က မိုက်ကယ်ကိုယ်ပိုင်ဆရာဝန်အဖြစ် ငှားရမ်းထားခဲ့တဲ့ ဆရာဝန် ကော်နတ်မူရေးက မိုက်ကယ်ဂျက်ဆင် အိပ်ပျော်စေဖို့အတွက် ခွဲခန်းသုံး မေ့ဆေးကို နေ့စဉ်ထိုးပေးခဲ့ရာက ဆေးလွန်သွားပြီး LA မှာ ငှားရမ်းနေထိုင်တဲ့ အိမ်မှာ ကွယ်လွန်ခဲ့ရခြင်းပါ။ မိုက်ကယ်ဂျက်ဆင် ကွယ်လွန်သွားတဲ့သတင်းက ကမ္ဘာတစ်လွှားမှ တေးချစ်သူများကို တုန်လှုပ်ချောက်ချားသွားစေခဲ့ပါတယ်။

မိုက်ကယ်ဂျက်ဆင်ကို တရားမဝင် ဆေးထိုးပေးမှုကြောင့် ကော်နတ်မူရေးကို တရားရုံးက ထောင်ဒဏ်လေးနှစ် ချမှတ်ခဲ့ပါတယ်။ ထောင်တွင်းမှာ ကောင်းမွန်စွာ နေထိုင်မှုကြောင့် မူရေးက အောက်တိုဘာလမှာ ထောင်မှ လွတ်တော့မှာဖြစ်ပါတယ်။ မိုက်ကယ်ဂျက်ဆင်နဲ့ ဖျော်ဖြေပွဲများ စာချုပ်ချုပ်ဆိုထားတဲ့ AEG Live ကုမ္ပဏီနဲ့လည်း ကက်သရင်းတို့မိသားစု တရားရုံးမှာ ရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဒီအမှုကို ကက်သရင်းတို့နိုင်သွားခဲ့ရင် အမေရိကန်ဒေါ်လာတစ်ဘီလျံထက်မနည်း လျော်ကြေးရလိမ့်မယ်လို့ ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါတယ်။

ဒီအမှုရင်ဆိုင်ရာမှာ ကက်သရင်းက ရုံးချိန်းတိုင်း တက်ရောက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် ဧပြီလက စတင်ရင်ဆိုင်ကြရာမှာ မိုက်ကယ်ဂျက်ဆင်ရဲ့ သား ပရင့်စ်နဲ့ သမီး ပဲရစ္စတို့ရဲ့ မိခင်ဖြစ်တဲ့ ဒယ်ဘီရိုဝီနဲ့ ပရင့်စ်တို့ကိုလည်း သက်သေအဖြစ် ထည့်သွင်းထားပါတယ်။

အင်တာဗျူးတွေ့ဆုံရာမှာ ကက်သရင်းက ခုံညားလှတဲ့ ကုလားထိုင်တစ်လုံးပေါ်မှာထိုင်ရင်း မျက်ရည်တတွေတွေနဲ့ သူ့သားကို တမ်းတတာ ဘယ်တုန်းကမှ မပြောခဲ့ဖူးတဲ့ မိုက်



www.burmeseclassic.com

www.burmeseclassic.com



အဘွား ကက်သရင်းနဲ့အတူ တွေ့ရတဲ့ မြေးမလေး ပဲရစ္စ

ကယ်ရဲ့နောက်ဆုံးနေ့အကြောင်း၊ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များကို လိင်ဆက်ဆံမှု ၄ မှု စွပ်စွဲခံရပုံ(ဒီအမှုတွေက ၂၀၀၅ ခုနှစ်မှာ ပလပ်ခဲ့ပါတယ်။) မိုက်ကယ်ဟာ ပရင့်စ်နဲ့ ပဲရစ္စတို့ရဲ့ဖခင်မဟုတ်ဘူးလို့ စွပ်စွဲကြပုံ၊ ဖွန်လအတွင်းက မြေးဖြစ်သူ ပဲရစ္စ ကိုယ့်ကိုယ်ကို သေကြောင်းကြံခဲ့ပုံများကို ပွင့်လင်းစွာ ထုတ်ဖော်ပြောခဲ့ပါတယ်။

'မြေးမလေးက အခုတော့ကောင်းရာမွန်ရာမှာ နေထိုင်နေရပါတယ်။ ဆယ်ကျော်သက်တစ်ယောက်အနေနဲ့ လိုအပ်တဲ့အကူအညီတွေကိုလည်း ရရှိနေပါတယ်။ စိတ်ကျရောဂါဖြစ်လို့ သူ့အတွက် လိုအပ်တဲ့ကုသမှုတွေကိုလည်း လုပ်ပေးနေကြတယ်။ ဒီနှစ် ဒီဇင်ဘာလလောက်ဆိုရင်တော့ အိမ်ပြန်နိုင်ပြီထင်ပါတယ်'လို့ ဆိုပါတယ်။

ကက်သရင်းရဲ့အိမ်မှာ မြေးများက ဆယ်ကျော်သက်တွေဖြစ်ပြီး ဆူသံညံသံ၊ ရယ်သံမောသံ၊ ငြင်းသံခုံသံများနဲ့ အမြဲဝေစည်နေခြင်းကိုက ကက်သရင်းကို ပျော်ရွှင်ချမ်းမြေ့စေပုံ ရပါတယ်။ ကက်သရင်းက မိုက်ကယ်ဂျက်ဆင်နဲ့ ပတ်သက်ပြီး ဖြေဆိုရာမှာ ကွယ်လွန်သူတစ်ယောက်အကြောင်း ပြောနေတာနဲ့မတူဘဲ ခဏနေ အိမ်ပြန်လာတော့မယ့် သားအကြောင်းပြောနေသလို ဖြေဆိုခဲ့တာဖြစ်ပါတယ်။

**အန်စီနိုကို ပြန်လာရတော့ စိတ်ထဲမှာ ဘယ်လိုများ ခံစားရပါသလဲ။**

ကျွန်မရဲ့အမှတ်ရစရာပျော်ရွှင်မှုတွေက ဒီနေရာမှာ အများကြီးရှိပါတယ်။ ကလေးတွေက အိမ်ကြီးကိုလှည့်ပတ်ပြီး အပျော်စီးရထားနဲ့ ပျော်နေကြတာကို မျက်စိထဲမှာ မြင်ယောင်မိတယ်။ ခြံထဲမှာ လိမ္မော်ပင်နဲ့ သံပရာပင် ၁၈ ပင်ရှိတယ်။ ရေကူးကန်ရှိတယ်။ ဒီရေကူးကန်က အိုလံပစ်အားကစားပွဲတွေမှာ သုံးတဲ့ ရေကူးကန်အရွယ်ပါ။ ရေကူးကြ၊ ပျော်ကြနဲ့ တစ်ချိန်လုံး ကလေးတွေရဲ့အသံကို ကြားနေရတာပါ။ မိုက်ကယ်ကလည်း ဒါကိုကျေနပ်နေတာလေ။

ကျွန်မတို့ စိတ်ပူတာတစ်ချက်ပဲရှိတယ်။ အဲဒါက ဘာလဲဆိုတော့ သားကိုချစ်ကြတဲ့ ပရိသတ်များထဲက မိန်းကလေးတွေပါပဲ။ သူတို့က ခြံအပြင်ကနေ တစ်ချိန်လုံးစောင့်နေကြတာ။ ကျွန်မက… လူ သိပ်မများဘူးဆိုရင်တော့ ခြံထဲ… ဝင်လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီလို… ခွင့်ပေးလိုက်ပြန်ရင်လည်း မပြန်ကြ… တော့ဘူး။ ခြံထဲမှာ ပေပြီး ထိုင်နေကြ… တယ်။ တစ်ခါတလေ ကျွန်မကိုယ်တိုင်… ကားပေါ်တင်ပြီး သူတို့ကို အိမ်တိုင်ရာ… ရောက် လိုက်ပို့ပေးခဲ့ရဖူးတယ်။ ခြံထဲ… မှာ ညအိပ်ညနေ နေလို့တော့ မဖြစ်ဘူး… လေ။ သူတို့အမေတွေက ဘယ်လိုများ… ထိန်းကျောင်းနေကြသလဲဆိုတာ ကျွန်မ… တော့ မတွေးတတ်ပါဘူး။

**မိုက်ကယ်နဲ့ပတ်သက်ပြီး အမှတ်… ရစရာတွေထဲက တစ်ခုလောက်ပြောပြ… ပါလား။**

သားက မျက်အိမ်ကြီးတယ်။ ငယ်… ငယ်ကတည်းက လူကောင်သေးပေမဲ့ သူ့မျက်အိမ်က ကြီးတဲ့အတွက် ကမ္ဘာ… ကျော်ဖြစ်လာတော့လည်း သူက ကျွန်မ… ရင်ခွင်ထဲမှာမှီပြီး ခြံထဲမှာ ကလေးတွေ… ပျော်ပျော်ရွှင်ရွှင် ကစားနေကြတာကို… အင်မတန်နှစ်ခြိုက်ခဲ့တယ်။ ကျွန်မ ရင်… ခွင်ထဲကနေ ကလေးတွေ ပျော်နေတာ… ကို မြင်ရရင် သူလည်း ပျော်နေတာပဲ။ ကလေးတွေကို စ၊ ကလေးတွေက သူ့… ကို ပြန်စ။ အဲဒီလိုနေခဲ့တာ။

သူ့အကြောင်းတွေးလိုက်တိုင်း သူ့… ရယ်သံကို ကျွန်မ ပြန်ပြီးကြားယောင်မိ… တယ်။ ဒါကြောင့် တစ်ခါတလေတော့… သူကလေးတွေကို ထိန်းတဲ့ ရဝမ်ဒါအမျိုး… သမီး ဂရေ့စ်ကို သားက အမြဲတမ်း… အဲဒီလိုပျော်နေတာပဲလားလို့တောင် မေး… မိပါတယ်။ ကျွန်မစိတ်ထဲမှာ ကျွန်မ… စိတ်ချမ်းသာအောင် သားက ပျော်ချင်… ယောင်ဆောင်ပေးနေတာလားလို့ တွေး… မိလို့ပါ။

သူ့ကို စွပ်စွဲမှုတွေ အမျိုးစုံလုပ်ကြ… တယ်။ ဒါတွေနဲ့ ပတ်သက်ပြီး သားက 'သူတို့ဘာကြောင့် ကျွန်တော့်ကို ဒီလို… လုပ်ချင်ရတာလဲလို့ ကျွန်မကို မေးတတ်… ပါတယ်။ ကမ္ဘာပေါ်မှာ ကျွန်တော်အချစ်… ဆုံးက ကလေးတွေပါပဲ။ ကလေးတွေ… ကို နာကျင်စေမယ်ဆိုရင် ကျွန်တော့်…



www.burmeseclassic.com

www.burmeseclassic.com

သက်ကောက်ဝတ်ကို ကျွန်တော် ဖြတ်ခစ်လိုက်နိုင်ပါတယ်'လို့ သားက ပြောခဲ့တယ်။

**မိုက်ကယ်က သူ့သားသမီးတွေကို ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ ပြောပြပါလား။**

သားကတော့လေ သူ့ကိုယ်သူ ကလေးလိုအောက်မေ့ပြီး သူ့ကလေးတွေနဲ့ ကစားနေတတ်တာ။ တစ်ခါတလေ သူ့သားသမီးတွေနဲ့ တူတူပုန်းတမ်း ကစားနည်းလိုမျိုးတွေကိုတောင် ကစားချင်ကစားနေတာပါ။ တစ်ခါတလေကျတော့ စာအုပ်တွေ ဖတ်ပြတယ်။ စာကြည့်တိုက်တွေကို ခေါ်သွားပြီး စာဖတ်စေတယ်။ ပြဇာတ်တွေကိုလည်း သွားတတ်ကြပါတယ်။

ကလေးတွေက ပြင်ပကမ္ဘာကို သိပ်ရောက်ဖူးတာမဟုတ်တော့ သားက သူ့ကလေးတွေကို အတတ်နိုင်ဆုံး ပြင်ပက လူတွေနဲ့ ထိတွေ့ပေးချင်ပုံ ရပါတယ်။ သူ ကိုယ်တိုင်ကလည်း အပြင်လူတွေနဲ့ သိပ်ပြီး ပတ်သက်ခဲ့တာမှ မဟုတ်ဘဲ။ ဒါနဲ့ ပတ်သက်ပြီး ကျွန်မခင်ပွန်းသည်က သားကို လုပ်ငန်းမှာ ဂရုစိုက်ဖို့တောင် သတိပေးခဲ့ဖူးပါတယ်။

တကယ်လည်း သူ့အဖေ စိုးရိမ်သလို သူ ယုံကြည်စိတ်ချပါတယ်ဆိုတဲ့ သူတွေက လူလိမ်လူကောက်တွေ ဖြစ်နေတယ်လေ။ မိတ်ဆွေယောင် ဆောင်နေပေမဲ့ မိတ်ဆွေအစစ်တွေမှ မဟုတ်ဘဲ။ ဒါကို သူ သိသွားတဲ့အခါ ဘယ်သူ့ကိုမှ မယုံတော့ဘူး။ ဒါကြောင့် ကျွန်မကို 'ကမ္ဘာပေါ်မှာ ကျွန်တော် အယုံရဆုံးသူက တစ်ယောက်ပဲ ရှိတော့တယ်။ အဲဒါက မေမေပါ'လို့ ပြောခဲ့ဖူးတယ်။

**ခင်ဗျားနဲ့ မိုက်ကယ်က မိသားစုထဲမှာ ထူးထူးခြားခြား တွယ်တာမှုရှိတယ်နော်။**

ဟုတ်တယ်။ သားနဲ့က ပိုပြီးတွယ်တာသလိုပဲ။ တစ်ခါတလေ သားအမိနှစ်ယောက် တယ်လီဖုန်းနဲ့ နာရီပေါက်စကားပြောတတ်ကြတယ်။ သားက လည်း ကျွန်မ လိုချင်တာမှန်သမျှ ဖြည့်ဆည်းပေးတယ်။ သားကို ကျွန်မ ချစ်တဲ့အချက်တစ်ခုက သူဟာ ဘယ်တော့မှ မမောက်မာဘူး။ ကျွန်မသားမို့ ကျွန်မပြောတာ မဟုတ်ပါဘူး။ သူ့လိုအောင်မြင်မှုမျိုးနဲ့ ဘယ်သူမှ သူလောက် ရိုရိုကျိုးကျိုး ရှိနိုင်မယ် မထင်ပါဘူး။ လမ်းမှာ တောင်းရမ်းနေတဲ့လူတစ်ယောက်ယောက်တွေ့ရင် ကားရပ်ပြီး သူ့အိတ်ထဲမှာ ပါသမျှ အကုန်ပေးတာ။ ဒေါ်လာ သုံး၊လေးရာကတော့ အသာလေးပဲ။ တစ်ခါတလေ အဲဒီထက် များသေးတယ်။

**မိုက်ကယ်က သူနဲ့အတူ သားသမီးတွေကို အပြင်ခေါ်တဲ့အခါ မျက်နှာဖုံးတွေ ဝတ်ခိုင်းခဲ့တယ်။ ခင်ဗျားကတော့ မဝတ်ခိုင်းဘူး။ ဘာဖြစ်လို့ပါလိမ့်။**

မိုက်ကယ် ကတော့ သူ့သားသမီးတွေကို အင်မတန်ကို လုံလုံခြုံခြုံ အုပ်ထိန်းခဲ့တာပါ။ ကျွန်မကတော့ သူ့လိုကလေးတွေကို သီးခြားကမ္ဘာထဲမှာ မထားချင်ဘူး။ သားက သူတို့ကို အပြင်လူတွေ မမြင်ဖူးအောင် မျက်နှာဖုံး ဝတ်စေခဲ့တာက သူ့မှာ ခိုင်လုံတဲ့အကြောင်း ရှိပါတယ်။ သူတို့ကို မိုက်ကယ်ရဲ့သားသမီးတွေမှန်းမသိတော့ ကလေးတွေ အနေနဲ့ သူတို့ချည်း အပြင်ထွက်တဲ့အခါမှာ မမှတ်မိကြတော့ လွတ်လွတ်လပ်လပ် ရှိတာပေါ့။

**မိုက်ကယ်ရှိစဉ်တုန်းက ပရင့်စ်နဲ့ ပဲရစ္စတို့ကို ကျောင်းမပို့ဘဲ အိမ်မှာပဲ စာသင်ခိုင်းခဲ့တယ်။ အခုတော့ ကျောင်းပို့ထားတယ်။ ဘာကြောင့်ပါလဲ။**

ပထမတော့ ပဲရစ္စက အထက်တန်းကျောင်းကို မသွားချင်ဘူး။ ဒါပေမဲ့ ပရင့်စ် ကျောင်းတက်တာမြင်တော့ သူလည်း လိုက်တက်ချင်စိတ်ပေါက်လာလို့ ကျောင်းမှာ ထားခဲ့တာပါ။ အငယ်ဆုံးကောင်လေး ဘလန်ကက်ကတော့ အခုထက်ထိ ကျောင်းမသွားချင်သေးဘူးတဲ့လေ။ အိမ်မှာပဲ ခေါ်ပြီး သင်ပေးနေရတယ်။ သူက ရှက်တတ်တယ်။ ဝမ်းကွဲညီအစ်ကို မောင်နှမတွေနဲ့ နေရတာကို အင်မတန်ပျော်တာ။ သူတို့ဆုံကြပြီဆိုရင် အင်တာနက်နဲ့ ကစားကြတာ မပြီးနိုင်တော့ဘူး။



မိုက်ကယ်ရဲ့အိမ်အတွင်းနံရံများမှာ
အမှတ်တရဓာတ်ပုံများနဲ့ အလှဆင်ထားပါတယ်



www.burmeseclassic.com

www.burmeseclassic.com

**ကလေးတွေကို ထိန်းကျောင်းတဲ့နေရာမှာ တခြားသူတွေရဲ့ အကူအညီ ရရဲ့လား။**

ကျွန်မကိုယ်တိုင် အုပ်ထိန်းခဲ့ပါတယ်။ ဟိုတုန်းကတော့ ဘယ်သူ့အကူအညီမှ မလိုပါဘူး။ ဒါပေမဲ့ အခုတော့ အသက်ကြီးလာပြီဖြစ်လို့ တချို့ကိစ္စတွေအတွက် အကူအညီလိုလာတယ်။ ကလေးတွေနဲ့ ပတ်သက်ရင် ကျွန်မမြေးဖြစ်တဲ့ တီဂျေက ကျွန်မကို ကူညီပါတယ်။ အထူးသဖြင့်တော့ ကျောင်းပြင်ပကိစ္စတွေအတွက် သူ အကူအညီအများကြီး လိုတာပေါ့။ တီဂျေနဲ့ ကလေးတွေက ရုပ်ရှင်သွားကြည့်ကြတယ်။ ပရင့်စ်နဲ့ ဘလန်ကက်ကို ဂျူဂျစ်ဆုနဲ့ ကရာတေးသင်တန်းတွေ လိုက်ပို့ပေးတယ်။ ကလေးတွေက သူတို့အဖေလို မြွေကိုလည်း ချစ်တတ်ကြတယ်။

ကျွန်မတို့မှာ ဝန်ထမ်းတွေ ရှိပါတယ်။ ဒီဝန်ထမ်းတွေက ကလေးတွေကိစ္စမှန်သမျှကို လုပ်ပေးတာဖြစ်ပေမဲ့ အခုတော့ ကျွန်မက ကလေးတွေကို စည်းကမ်းပေးတဲ့အနေနဲ့ သူတို့အခန်းကို သန့်ရှင်းရေးကိစ္စ သူတို့ကိုယ်တိုင် လုပ်ခိုင်းထားပါတယ်။ အတင်းအကျပ်ခိုင်းတာတော့ မဟုတ်ပါဘူး။ အကျိုးအကြောင်းပြောပြပြီး သူတို့ကို ခိုင်းတာပါ။

**သူတို့က သူတို့အဖေ မိုက်ကယ်အကြောင်း ပြောလေ့ရှိသလား။**

ပဲရစ္စကတော့ တစ်ချိန်လုံးပြောနေတာပဲ။ သူ့အခန်းထဲက နံရံမှာဆိုရင် သူ့အဖေပုံတွေ အများကြီး ကပ်ထားတာ။ သူ့ကို ကျွန်မ အန်စီနိုကို ခေါ်လာတော့ သူ့အတွက် အိပ်ခန်းတစ်ခန်း စီစဉ်ထားပြီး ဒီအခန်းက သမီးအတွက် ကြိုက်တာလုပ်တော့ဆိုတော့ ဘွားဘွား နံရံပေါ်မှာ ဒက်ဒီပုံတွေ ကပ်ချင်တယ်လို့ ပြောပြီး ကပ်ခဲ့တာပဲ။ အိမ်ပြန်ပြင်တော့လည်း ပဲရစ္စက သူ့အဖေ့ပုံတွေကို သေသေချာချာ ပြန်ခွာယူထားတာ။

**မိုက်ကယ် ကွယ်လွန်သွားတာနဲ့ ပတ်သက်ပြီး သားသမီးတွေထဲမှာ ပဲရစ္စက စိတ်အထိခိုက်ဆုံးထင်တယ်။**

ဟုတ်တယ်။ သူက အဖေကို အင်မတန်ခင်တွယ်တာ။ အဖေက စတူဒီယိုတွေဘာတွေသွားပြီး သီချင်းသွင်းနေရင်လည်း အဖေ ပြန်မလာမချင်း မအိပ်ဘဲ စောင့်တတ်တယ်။ သူ့အဖေခုတင်နံဘေးမှာရှိတဲ့ ဆိုဖာပေါ်မှာ အိပ်ရင်း စောင့်တတ်တဲ့ကလေး။

**၂၀၀၅ ခုနှစ်က မိုက်ကယ်ကို အရွယ်မရောက်သေးတဲ့ ကလေးသူငယ်များနဲ့ လိင်ဆက်ဆံမှုအတွက် ရုံးတင်စစ်ဆေးခံခဲ့ရတယ်။ အဲဒီတုန်းက ရုပ်မြင်သံကြားအစီအစဉ်တွေကနေ ထုတ်လွှင့်နေတော့ သူ့ကလေးတွေ ဘယ်လိုခံစားရလဲ။**

အဲဒီတုန်းက သူက ကလေးတွေအခန်းထဲက ရုပ်မြင်သံကြားစက်ကို Disney လိုင်း ဒါမှမဟုတ် ကလေးများလိုင်းကိုသာ ကြည့်လို့ရအောင် လုပ်ထားတယ်။ သားအနေနဲ့ သူ့အပေါ်မှာ မဟုတ်မတရားစွပ်စွဲကြတာကို သူ့ကလေးတွေ မကြားစေချင်ဘူးလေ။ အခုတော့ သူတို့လည်း ကြားမှာပေါ့။ ဒါပေမဲ့ ဒါတွေဟာ လီဆယ်မှုတွေဆိုတာကို သူတို့နားလည်မှာပါ။ သားက ကလေးတွေကိုမြင်ရင် ချစ်တတ်တယ်။ အဲဒီလိုချစ်တတ်တဲ့စိတ်က သူ့ကို နှိပ်စက်သွားခဲ့တာပဲ။ လူတိုင်းက သူ့လို မဖြောင့်မှန်ကြဘူးလေ။

**မိုက်ကယ်ရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ မာ့ခ်လက်စတာက ပရင့်စ်နဲ့ ပရစ္စတို့ဟာ မိုက်ကယ်ရဲ့ကလေးတွေ မဟုတ်ဘူး။ DNA စစ်ကြည့်ဖို့လိုမယ်လို့ ပြောခဲ့တာနဲ့ ပတ်သက်ပြီး ဘယ်လိုများ သဘောရပါသလဲ။**

(အချိန်အတော်ကြာကြာ စဉ်းစားပါတယ်။) အဲဒီကလေးကလည်း ကလေးသရုပ်ဆောင်ပဲ မဟုတ်လား။ Oliver ဇာတ်ကားမှာ သရုပ်ဆောင်ခဲ့တာလေ။ သူ ပြောတာကို ကြားဖူးပါတယ်။ ဒီစကားနဲ့ ပတ်သက်လို့ကတော့ ကျွန်… အနေနဲ့ စဉ်းစားစရာအကြောင်းမရှိသလို သူ့ကို တွေ့ဖို့လည်း အစီအစဉ်မရှိပါဘူး။

**ကလေးတွေက သူ့အဖေ ခြေရာ… နင်းပြီး ဖျော်ဖြေရေးလောကထဲ ဝင်ချင်ကြတယ်လို့ ဆိုကြပါတယ်။ ဟုတ်ပါ… သလား။**

(ရယ်လျက်)ပရင့်စ်က ဒါရိုက်တာနဲ့ ထုတ်လုပ်သူ လုပ်ချင်သတဲ့လေ။ ဒါ… ကြောင့် USC(University of Southern California)က ဆရာတစ်ယောက် ငှား… ထားတယ်လေ။ ပဲရစ္စကတော့ ဂီတ… သမားတစ်ယောက် ဖြစ်ချင်တာ။ သူ… လည်း သင်နေပြီ။ ဂစ်တာနဲ့ ဒရမ်တီး… တာ ဆရာနဲ့ သင်နေတယ်။ အဆိုလည်း… အကောင်းသား။ သူ့ကျောင်းမှာ တီးဝိုင်း… ထောင်ထားတယ် ပြောတယ်။ အငယ်… ကောင်လေး ဘလန်ကက်ကတော့ သူ… သူငယ်ချင်းတွေလာရင် ရုပ်ရှင်ရိုက်… တယ်။ အဲဒါကို အစ်မလုပ်တဲ့ ပဲရစ္စက… တည်းဖြတ်သတဲ့လေ။

**ခင်ဗျား အနေနဲ့ ကလေးတွေ… အပေါ်ကို သုံးသပ်ပေးပါဦး။**

ကလေးတွေက အင်မတန်လိမ္မာ… တဲ့ကလေးတွေပါ။ သူတို့အဖေ ပြုစုပျိုး… ထောင်သွားသလို အင်မတန် ရိုကျိုးပါ… တယ်။ ဒီနေ့ခေတ် ကလေးတွေက ရို… ကျိုးမှုဆိုတာ နည်းသွားပြီ။ မိုက်ကယ်ရဲ့… ကလေးတွေကတော့ ဖအေ သင်ကြား… ပေးခဲ့တဲ့အတိုင်း လိမ္မာယဉ်ကျေးကြပါ… တယ်။ ဒီခေတ်ကလေးတွေက တယ်… လီဖုန်းကိုယ်စီနဲ့ အမြဲတမ်းအလုပ်ရှုပ်နေ… ကြတာ။ ကျွန်မတော့ နားမလည်နိုင်ပါ… ဘူး။

ပရင့်စ်က မိန်းကလေးမိတ်ဆွေ… ရှိနေပြီ။ အဲဒီတော့ သူ့မိန်းကလေးဆီကို တစ်ချိန်လုံး ဖုန်းဆက်နေတာ။ သူက… တကယ့်ဆယ်ကျော်သက်အရွယ်ဆိုတော့ ဟမ်ဘာဂါလည်း ကြိုက်တယ်။ Cokes လည်း ကြိုက်တယ်။ သူငယ်ချင်းတွေ… နဲ့ လည်ရပတ်ရတာလည်း မ…နိုင်… အောင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ပဲရစ္စကတော့ မော်တလီခရူးမျိုးစေ့ ချပြီး ဒီနေ့ကလေးတွေ ရူးသွပ်နေကြ တဲ့ Gothic ယဉ်ကျေးမှုမှာ စီးမျောနေ တယ်။ ဝတ်တာကလည်း အနက်၊ နှုတ် ခမ်းဆိုးတော့လည်း အနက်။ ကျွန်မက တော့ အဲဒီလိုပြင်ဆင်တာကို မကြိုက်ပါ ဘူး။ တစ်ခါတော့ သူ့အစ်ကို ပရင့်စ်က နင် ဒီပုံစံနဲ့ ကျောင်းမသွားရဘူး ပြော လိုက်လို့ သူ့အစ်ကိုစကားတော့ နား ထောင်ပါတယ်။

တစ်ခါတုန်းကလည်း ပဲရစ္စက သူ့ ဆံပင်ဖြတ်ချင်သတဲ့လေ။ ကျွန်မက မဖြတ်ရဘူး တားထားတာ။ သူက ဘွား ဘွားကလည်း ကျောင်းမှာဆိုရင် အားလုံး ဆံပင်အတိုတွေနဲ့။ သမီးတစ် ယောက်တည်း ဆံပင်ရှည်ကြီးနဲ့ ဖြစ်နေ လို့ ဖြတ်ချင်တယ်လို့ ပူဆာတာကြောင့် ဖြတ်ခွင့်ပေးခဲ့ရတယ်။

**ပဲရစ္စက ဖွန်လတုန်းက ကိုယ့် ကိုယ်ကို သေကြောင်းကြံစည်ခဲ့တဲ့ အတွက် ဆေးဝါးကုသမှုခံယူနေရတယ် လို့ သိရပါတယ်။ ဒီအဖြစ်အပျက်က ခင်ဗျားကို တုန်လှုပ်သွားစေမယ် ထင်ပါ တယ်။ အခု သူ ဘယ်လိုနေသေးလဲ။**

တော်တော်လေး ကောင်းလာပါ ပြီ။ ကုထုံးတွေကလည်း ကောင်းတယ် လေ။ ဒီသတင်းကြားလိုက်ရတော့ မြေး ကလေးအတွက် ကျွန်မ အရမ်းကို ခံစား ခဲ့ရပါတယ်။ မြေးတွေအားလုံးကို ပျော် နေတာပဲ မြင်ချင်ပါတယ်။ သူ့အဖေဆုံး တဲ့ညတုန်းကဆိုရင် ပဲရစ္စက သမီး ဘက်ဒီကို သွားကြည့်ချင်တယ်။ သူ မရှိ ဘဲနဲ့ သမီး မနေချင်ဘူးလို့ ပြောပြီး ငို ခဲ့တာ။

**သူ ဒီလိုလုပ်လိုက်တာဟာ သူ့ အတွက် အကူအညီလိုအပ်နေပြီလို့ ပြော လိုက်တာနဲ့ မတူဘူးလား။**

ဟုတ်ပါတယ်။ သတင်းကြား ကြားချင်း ကျွန်မ နှလုံးသွေးရပ်မတတ် ခံခဲ့ရပါတယ်။ ကလေးက ငယ်သေး တယ်လေ။ အခုတော့ မြေးလေးကို အင် တာနဲ့ကောင်းမွန်တဲ့နေရာမှာ ဆရာဝန် ကြီးတွေက ကုထုံးအသစ်တွေနဲ့ ကုသမှု ပေးနေပါတယ်။ အဲဒီနေရာမှာ သူလိုပဲ စိတ်ဝေဒနာ ခံစားနေကြရတဲ့ ကလေး တွေလည်း ရှိတယ်လို့ သိရပါတယ်။

**ခင်ဗျား သွားလည်လို့ရသလား။**

မိသားစုလာလည်လို့ရအောင် ဝေ ဒနာရှင်ကလေးက စည်းကမ်းတကျ နေ ပြမှ ရပါတယ်။ မြေးလေးကလည်း အိမ်ပြန်ချင်လှပြီတဲ့။

**ပဲရစ္စက သူ့အမေ ဒယ်ဘီရိုဝီနဲ့ တော်တော်လေး ပတ်သက်မှုရှိတယ် နော်။ အဲဒီလိုဖြစ်အောင် ခင်ဗျား တိုက် တွန်းခဲ့တာလား။**

ဩော် ဟုတ်ပါတယ်။ ပရင့်စ်ရော ပဲရစ္စပါ သူတို့အမေနဲ့ နီးစပ်မှုရှိအောင် ကျွန်မ အားပေးခဲ့ပါတယ်။ ပဲရစ္စက အမေကို ချစ်ပေမဲ့ ပရင့်စ်ကတော့ အခုထက်ထိ သူ့အမေနဲ့ ရင်းနှီးမှု မရ သေးပါဘူး။ ကလေးတွေအနေနဲ့ သူတို့ အမေနဲ့ တရင်းတနှီး ရှိရမယ်လေ။ ကျွန်မကိုယ်တိုင်ကလည်း ဒယ်ဘီနဲ့ သိပ် မရင်းနှီးသေးဘူး။

**မိုက်ကယ်ရဲ့ နောက်ဆုံးကာလ များမှာ ခင်ဗျားနဲ့ ဘယ်လောက်ဆက် သွယ်မှုရှိခဲ့သလဲ။**

သားနဲ့ ကျွန်မတို့မိသားစုတစ်စု လုံး နောက်ဆုံးတွေ့ခဲ့ကြတာကတော့ မေလမှာပါ။ မိုက်ကယ်က ဇွန်လမှာ ဆုံး တာလေ။ အဲဒီတုန်းက ကျွန်မသမီး အငယ်ဆုံး ဂျက်နက်က ကျွန်မတို့ဇနီး မောင်နှံရဲ့ မင်္ဂလာသက် နှစ် ၆၀ ပြည့် အဖြစ် မိသားစုတွေ ဆုံရအောင်လို့ စိတ် ကူးရခဲ့တယ်။ အဲဒါက အောက်တိုဘာ လမှာ ကျရောက်မှာပါ။

ကျွန်မကတော့ ဒီလိုနှစ်ပတ်လည် ပွဲတွေဘာတွေ မလုပ်ချင်ဘူး။ ဒါပေမဲ့ ဂျက်နက်က ဇွတ်အတင်းခေါ်နေတာ ကြောင့် ကျွန်မ Gary ကနေ ပြန်လာခဲ့ ရတယ်။ အဲဒီမှာ မိုက်ကယ်ကိုလည်း မိသားစုတစ်စုလုံး နောက်ဆုံးတွေ့ခွင့်ရ ခဲ့တာဖြစ်လို့ အခုတော့ ဂျက်နက်ကို တောင် ကျေးဇူးတင်ရပါသေးတယ်။

**မိုက်ကယ် ဆုံးပြီဆိုတာ ခင်ဗျား ဘယ်လိုသိလိုက်ရသလဲ။**

ကျွန်မ သားသမီးအားလုံးက သူ ဆုံးသွားပြီဆိုတာကို ကျွန်မ မသိအောင် ဖုံးထားကြပြီး ဆေးရုံကို လာပါလို့သာ ခေါ်ခဲ့ကြတယ်။ ဆေးရုံရောက်တော့ ကျွန်မက 'မိုက်ကယ် ဘယ်မှာလဲ။ သူ့ အခန်းကို သွားချင်တယ်။ သူ့ကို ကြည့် ချင်တယ်' လို့ ပြောတာတောင် သူတို့ က မပြောကြသေးပါဘူး။ သူတို့ညီအစ် ကိုမောင်နှမတစ်တွေ ဒီမကောင်းသတင်း ကို ဘယ်သူစပြောမယ်ဆိုတာ ညှိမရဖြစ် နေပုံရပါတယ်။

နောက်ဆုံးမှာတော့ ဖရန့်ခ်ဒီလီယို (မိုက်ကယ်ရဲ့မန်နေဂျာဟောင်း)က ကျွန်မအနားကို ရောက်လာပြီး မိုက် ကယ်ကို ဘယ်လိုကုသမှုတွေ ပေးနေ ကြကြောင်း ပြောတယ်။ ဒီတော့ ကျွန်မ က 'သူ အဲဒီအခက်အခဲတွေကို ကျော် လွှားသွားနိုင်ပြီလား' လို့ မေးလိုက်တော့ ဖရန့်ခ်က 'ဟင့်အင်း' လို့ တစ်ခွန်းပဲ ဖြေ ပါတယ်။

သူ့အဖြေကြားပြီးတဲ့နောက် ကျွန်မ ဘာဖြစ်သွားသလဲ မသိတော့ပါဘူး။ မိုက်ကယ့်ကလေးတွေရယ်၊ သမီး လာ တိုရာရယ်၊ သား ဂျာမိန်းရယ် မိုက်ကယ် ကိုသွားကြည့်ကြဖို့ အားမွေးကြပါတယ်။ ကလေးတွေက သားကို ဖက်ထားကြ တယ်။ ဒီမြင်ကွင်းမျိုးကို ကျွန်မ တစ် သက်မှာ မေ့နိုင်တော့မှာမဟုတ်သလို လုံးဝမမှတ်မိချင်တဲ့ မြင်ကွင်းဖြစ်ခဲ့ပါ တယ်။

**ခင်ဗျားအနေနဲ့ သူ့ပရိသတ်တွေက မိုက်ကယ်ဟာ ဘယ်လိုလူစားမျိုးရယ် လို့ သတိရစေချင်ပါသလဲ။**

မိုက်ကယ်ဟာ အင်မတန်နှိမ့်ချရို ကျိုးတဲ့ကလေးတစ်ယောက်ပါ။ ချစ် တတ်ပြီး ရက်ရောသူတစ်ယောက်လည်း ဖြစ်ပါတယ်။ ဘာအလုပ်ပဲလုပ်လုပ် အကောင်းဆုံးဖြစ်အောင် လုပ်ပါတယ်။ ဒါကြောင့်လည်း သူ့ပွဲတွေ၊ သူ့အကတွေ ဟာ အောင်မြင်ခဲ့တာပါ။ အဲဒါအပြင် သူဟာ လူတိုင်းကို ချစ်တတ်သူ ဖြစ် တယ်ဆိုတာ သတိရကြစေချင်ပါတယ်။

■ **စာနည်းညီမ်း**



www.burmeseclassic.com

www.burmeseclassic.com



# ဈောသမ ဖက်ရှင်များ



တေးသံရှင် သားစိုးနဲ့ ငယ်ငယ်တို့ ဦးစီးဖွင့်လှစ်တဲ့ ရွှေပိုးနန်းတော်ရဲ့ တစ်နှစ်ပြည့်အခမ်းအနားကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့က ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ PARKROYAL ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ ရွှေပိုးနန်းတော်က မြန်မာ့ရိုးရာ ချိတ်ဒီဇိုင်းများကို ဖန်တီးရောင်းချတာဖြစ်ပြီး တစ်နှစ်ပြည့်အခမ်းအနားမှာ မြန်မာ့ရိုးရာဝတ်စုံဒီဇိုင်းများအပြင် ဆန်းသစ်လှပတဲ့ ဒီဇိုင်းများကိုလည်း တင်ဆက်ပြသပေးခဲ့ပါတယ်။ တင်ဆက်ပြသခဲ့တဲ့ ဖက်ရှင်များကို အနုပညာရှင်များက ဝတ်ဆင်ပြသပေးခဲ့တာဖြစ်ပါတယ်။

■ ခင်လေးမြင့်

www.burmeseclassic.com


www.burmeseclassic.com
FASHION FASHION FASHION FASHION FASHION
မိုးပြည့်ပြည့်မောင်
ဆုပန်ထွာ
ဝဿဝင်
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အချိန်သည်
လူကိုမစောင့်
ဆိုတဲ့
ဆိုရိုးစကား ရှိပေမဲ့
ကျွန်တော်က
ဒီစကားကို
ပြင်လိုက်ချင်ပါတယ်
အချိန်သည်
လူကိုမစောင့်
သို့သော်
လစ်ဇ်ကို
စောင့်သည်
(ရစ်ချတ်ဘာတန်)

ယခင်လမှအဆက်...
**အခန်း(၅)**
**အအေးထဲက အပြန်**
ကျွန်မကိုယ်ကျွန်မ
ရုပ်ရှင်မင်းသမီး
အဲလစ်ဇဘက်တေလာ
ဆိုတာထက်
ရစ်ချတ်ဘာတန်ရဲ့ဇနီးဆိုတာကို
နှစ်သက်မိပါတယ်။
**အဲလစ်ဇဘက်တေလာ**
ပဲရစ်ကနေ ဂျနီဗာကို
ကလေးထိန်းနှစ်ယောက်၊
ကလေးလေးယောက်၊
ခွေးငါးကောင်၊
အတွင်းရေးမှူးနှစ်ယောက်၊
လိပ်တစ်ကောင်၊ ကြောင်တစ်ကောင်၊
အဝတ်အစားသေတ္တာပေါင်း ၁၄၀ နဲ့
သွားရမယ်ဆိုရင် ခင်ဗျား
နှစ်သက်နိုင်ပါ့မလား။
**ရစ်ချတ်ဘာတန်**
ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး
အဲလစ်ဇဘက်တေလာရဲ့
ခင်ပွန်းသည်ဖြစ်တဲ့
ရစ်ချတ်ဘာတန်ရဲ့အလုပ်ကို
ဖော်ပြပါဆိုလို့ရှိရင်
လစ်ဇ်ရဲ့နောက်တော်ပါးက
တကောက်ကောက်လိုက်ရသူလို့
ပြောလိုက်ရင်
ပြီးပြည့်စုံမယ်ထင်ပါတယ်။
သူတို့နှစ်ယောက်
အိမ်ထောင်ကျစကနဦးကာလများမှာ
မရပ်မနား ခရီးသွားခြင်းအားဖြင့်
ကုန်ဆုံးစေခဲ့တယ်လို့ ဆိုရပါမယ်။
ရောက်လေရာဒေသမှာ
ကြယ်ငါးပွင့်ဟိုတယ်များ၊
နောက်တော်ပါးက လိုက်ပါလာတဲ့



# ရမ္မက်ဆေ



www.burmeseclassic.com

www.burmeseclassic.com



The Sandpiper ဇာတ်ကားထဲက
လစ်ဇ်ပုံတူပန်းပုရုပ်နဲ့အတူ ဘာတန်နဲ့ လစ်ဇ်



The Spy Who Came in from the Cold ရုပ်ရှင်ဇာတ်ကားထဲက
ရစ်ချတ်ဘာတန်နဲ့ ကလေယာ်ချာဘလူးမ်

ခြေရံသင်းပင်းများ စသဖြင့် အုံနဲ့ကျင်းနဲ့ တစ်နိုင်ငံပြီးတစ်နိုင်ငံ လှည့်လည်နေထိုင်ခဲ့ကြတာပါ။ ဒါက အသက် ၁၀ နှစ်အရွယ် MGMရုပ်ရှင်ကုမ္ပဏီကြီးမှာ နေထိုင်ခဲ့ရတဲ့ လစ်ဇ်အတွက်တော့ သူ့ဘဝပုံမှန်လုပ်နေကျပုံစံပဲလို့ ဆိုနိုင်ပါတယ်။အသက် ၁၀ နှစ်အရွယ် ကတည်းက MGM ရဲ့ပြန်ကြားရေးမှူးတွေ၊ ဆံပင်ပြုပြင်သူတွေ၊ မိတ်ကပ်ပြင်ဆင်ပေးသူတွေစသဖြင့် ဝိုင်းဝိုင်းလည်နေတဲ့ ခြေရံသင်းပင်းများကြားမှာ ကျင်လည်ခဲ့ရတာကြောင့် ဘာတန်ရဲ့ဇနီးရုပ်ရှင်မင်းသမီး လစ်ဇ်ဖြစ်လာချိန်မှာလည်း ဒီလိုနေရတာဟာ သူ့အတွက်တော့ မဆန်းလှပါဘူး။ အဲဒါအပြင် သူရောက်လာတယ်ဆိုရင် ပျာပျာသလဲ ခရီးဦးကြိုပြုပြီး သူ့လုံခြုံရေးကိုပါ စောင့်ရှောက်ကြတဲ့ဟိုတယ်လုံခြုံရေးဝန်ထမ်းများဟာလည်း လစ်ဇ်အတွက်တော့ မထူးဆန်းလှပါဘူး။ သူရောက်လေရာမှာ ဝိုင်းဝိုင်းလည်တဲ့ ပရိသတ်များ(တချို့က ပရိသတ်မဟုတ်ပါဘူး။ လစ်ဇ်ကို မလိုလားသူများသာ ဖြစ်ပါတယ်။) ကြားကနေ ကာကွယ်ပေးကြပါတယ်။

Vogueမဂ္ဂဇင်းကြီးမှာ ဘာတန်က လစ်ဇ်ရဲ့ခင်ပွန်းသည်ဘဝမှာ တစ်ချိန်လုံးခရီးသွားနေရတာနဲ့ ပတ်သက်ပြီး Travelling with Elizabeth, by Her Husband Who Loves Her in Spite of ။ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ဖူးပါတယ်။ ဘာတန်က အဖွင့်မှာရော အပိတ်မှာပါ (ဘုရားသခင်ကယ်တော်မူပါ)လို့ ညည်းခဲ့တာပါ။

လစ်ဇ်နဲ့ ခရီးသွားနေရတာဟာ သက်သောင့်သက်သာရှိလှပေမဲ့ တစ်နည်းအားဖြင့်တော့ နာကျင်မှုဝေဒနာကို ခံစားနေရသလိုပါပဲ။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် ကျွန်တော်က တစ်နေရာတည်းမှာ အတည်တကျ အောက်ချနေတတ်တဲ့သူဖြစ်ပြီး လစ်ဇ်ကတော့ ကျွန်တော်နဲ့ ပြောင်းပြန် ဖြစ်နေလို့ပါပဲ။ ကျွန်တော် လစ်ဇ်ကို ချစ်ပါတယ်။ ဒါပေမဲ့…ထပ်ပြီးပြောလိုက်ပါရစေ။ ဒါပေမဲ့… သူက သွားစရာရှိတာ၊ လုပ်စရာရှိတာကို နောက်ဆုံးအချိန်အထိ အချိန်ဆွဲတတ်လို့ပါပဲ။ အမြဲတမ်းစိတ်စောနေတတ်တဲ့ ကျွန်တော့်အတွက် ရင်မောစရာပါ။ တစ်နေရာသွားဖို့အရေး သန့်စင်ခန်းထဲမှာ သူ ဝင်နေတာက တော်တော်ကြီးကို ကြာတတ်ပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲကြာကြာ သူ့ကြောင့် လေယာဉ်လွတ်သွားတာမျိုး၊ ရထားချိန် လွတ်သွားတာမျိုး ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ သူ့ကို စောင့်ရင်း စိတ်မောနေရတဲ့ ကျွန်တော့်မှာသာ နှလုံးရောဂါရမတတ် ခံစားရပါတယ်။ တစ်ခါတလေ စောင့်နေရင်းနဲ့ ဆာလွန်းလို့ အူလိမ်နေခဲ့ရတာမျိုး အကြိမ်ကြိမ်အခါခါကြုံရပါတယ်။ အချိန်သည် လူကိုမစောင့် ဆိုတဲ့ ဆိုရိုးစကား ရှိပေမဲ့ ကျွန်တော်က ဒီစကားကို ပြင်လိုက်ချင်ပါတယ်။ အချိန်သည် လူကိုမစောင့် သို့သော် လစ်ဇ်ကို စောင့်သည်။

ဒီဆောင်းပါးမှာ ဘာတန်က သူ့ဘဝ မွေးဖွားကြီးပြင်းခဲ့ရပုံကိုလည်း တစ်စိတ်တစ်ဒေသဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့က မီးရထားနဲ့ ဝေးတဲ့နေရာမှာ နေရတဲ့သူတွေဆိုတော့ လန်ဒန်ကို သွားတဲ့ ရထားကြီး ထွက်သွားတိုင်း ငေးမောကြည့်ခဲ့ရတာပါ။ ဒီရထား[illegible]ပေါ် ကျွန်တော် တက်ပြီး စီး[illegible]

www.burmeseclassic.com

www.burmeseclassic.com

လိုက်တဲ့အချိန်မှာတော့ မွေးရာဇာတိကို ပြန်မရောက်တော့ပါဘူးလို့ ဆိုပါတယ်။ သာမန်လူတန်းစားက ပေါက်ဖွားခဲ့တဲ့ ဘာတန်က သူကိုယ်သူ လစ်ဇ်ရဲ့ဝန်စည်စလယ်များ သယ်ဆောင်ပေးရတဲ့အလုပ်သမားတစ်ယောက်လိုလည်း စဉ်းစားခဲ့ဖူးပါတယ်။ တကယ်လို့ ဝန်စည်စလယ်တွေကို သယ်ပေးရတဲ့အလုပ်သမားဆိုရင်လည်း လစ်ဇ်က မုန့်ဖိုးပဲဖိုးကလေးပေးပြီး သူ့ခေါင်းကို ပွတ်သပ်ကာ နှစ်သိမ့်ပေးမယ့်သူဖြစ်လိမ့်မယ်လို့ ထင်ခဲ့ပါတယ်။ အခုတော့ ဒီလိုဘဝမဟုတ်ဘဲ လစ်ဇ်ရဲ့ခင်ပွန်းသည်၊ ဘာသာရေးအရဆိုရင်လည်း အိမ်ထောင်ရေးဖောက်ပြန်သူအဖြစ် လက်တွဲဖော်ဖြစ်နေခဲ့ပါပြီ။ ဇနီးဖြစ်သူနဲ့အတူ တစ်နေရာမှာ သုံးလထက် ပိုမနေဘဲ နယူးယောက်၊ လန်ဒန်၊ ပဲရစ်၊ ရောမ၊ ဆန်ဖရန်စစ္စကို၊ ပွာတိုဗာလာထြာ၊ ဂတ်စတပ်၊ အိုင်ယာလန်နဲ့ ဘာတန်ရဲ့ဇာတိမြေ ဝေလပြည်နယ်တို့မှာ တစ်လှည့်စီပြောင်းပြီး နေထိုင်ခဲ့သူဖြစ်နေပါပြီ။

တစ်နေရာမှာ သုံးလသာနေပြီး တစ်နေရာပြီးတစ်နေရာ ပြောင်းနေတဲ့ လစ်ဇ်အတွက် အကျိုးဆက်ကတော့ ရောက်လေရာဟိုတယ်များမှ ဝန်ထမ်းများက အပြည့်အဝဂရုစိုက်ကြပြီး လိုတာထက်ပိုပြီး မ,နေကြခြင်းပါပဲ။ ဒါနဲ့ပတ်သက်လို့ ဘာတန်က ʻသူ့ကို မ,နေတော့ ကျွန်တော်ကလည်း သူ့ကို အမြဲပြုံးပြီး အနည်းအကျဉ်း အမ,ခံရတာပေါ့ʼ လို့ ဆိုပါတယ်။ အဲဒါအပြင် ရောက်လေရာ နေရာတိုင်းမှာ နေရာဒေသရဲ့ အကောင်းဆုံးအစားအသောက်တွေကို စားသုံးကြပါတယ်။ ညရောက်ပြီဆိုရင်တော့ သူတို့တည်းနေကျ လန်ကက်စတာ၊ ဒေါ်ချက်စ်စတာ၊ ရီဂျင်ဆီစတဲ့ ဟိုတယ်ကြီးများရဲ့အိပ်ခန်းထဲမှာ သူတို့နှစ်ယောက်သာ ရှိကြပြီး အကောင်းဆုံးအစားအသောက်တွေကို စားသုံးလေ့ရှိပါတယ်။ ʻဒီနိုင်ငံရောက်လို့ ဒီနိုင်ငံက အစားအသောက်ကိုသာ စားလိမ့်မယ်လို့ ထင်ပါနဲ့။ စိတ်ကူးပေါက်တဲ့နိုင်ငံက စားချင်တဲ့အစားအသောက်ကို မှာယူစားသုံးတတ်တာ လစ်ဇ်ရဲ့အကျင့်ပါပဲʼ လို့လည်း ဘာတန်က ရေးသားခဲ့ပါတယ်။

ဟိုလေးတကျော် အချစ်ဇာတ်လမ်းဖြစ်ပွားပြီးနောက် တရားဝင်လက်ထပ်ခဲ့ကြတာ ၃ နှစ်နီးပါး ရှိခဲ့ပါပြီ။ ဒါပေမဲ့ ပါပါရာဇီတွေ၊ ပရိသတ်တွေကတော့ သူတို့နှစ်ယောက် သွားလေရာနောက်ကနေ တကောက်ကောက်လိုက်နေကြဆဲပါပဲ။ တစ်ခါတုန်းက ပွာတိုဗာလာထြာမှာ လေယာဉ်ကွင်းထဲ လာရောက်စောင့်ဆိုင်းကြတဲ့ ပရိသတ်များကြားမှာ လစ်ဇ်ရဲ့ဖိနပ်တစ်ဖက် ပျောက်သွားခဲ့တာကို ကြုံခဲ့ဖူးတယ်လို့ ဘာတန်က ဆိုပါတယ်။ ʻလူအုပ်ကြားမှာ တစ်ယောက်နဲ့တစ်ယောက် ကွဲသွားကြတယ်။ ဘယ်သူ့ဘယ်သူမှလည်း မကယ်နိုင်ကြဘူး။ ကျွန်တော်တို့နားမလည်တဲ့ဘာသာစကားတွေနဲ့ အော်ဟစ်နေတဲ့ လူအုပ်ကြားကို ရောက်နေတာပါ။ အဲဒီကြားထဲက လစ်ဇ်ကို သူတို့ မ,ထုတ်သွားကြပြီး ဖိနပ်တစ်ဖက် ပါမလာတော့ဘူးʼ လို့ ဖော်ပြခဲ့ပါတယ်။

အခုဆိုရင် လစ်ဇ်ဟာ ကမ္ဘာ့သူတစ်ယောက်ဖြစ်ပေမဲ့ နိုင်ငံမဲ့တဲ့သူဖြစ်နေပါပြီ။ ဟိုတယ်များမှာသာ လှည့်လည်နေထိုင်ပြီး ဘယ်နိုင်ငံမှာမှ အတည်တကျနေထိုင်လေ့ မရှိပါဘူး။ တစ်ခါတစ်ရံမှာတော့ လစ်ဇ်က အမေရိကန်နိုင်ငံသားအဖြစ် ခံယူလိုက်ရင် ကောင်းမလားလို့ စဉ်းစားတတ်ပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ အသက် ၉ နှစ်အရွယ်ကတည်းက မွေးရာဇာတိမြေကို စွန့်ခွာခဲ့ပြီး လော့စ်အိန်ဂျလိစ်က MGM ကုမ္ပဏီကြီးမှာသာ နေခဲ့ရတာကိုး။ ဒါပေမဲ့ နိုင်ငံကူးလက်မှတ်မှာတော့ MGM လို့ ရေးလို့မရဘူးလေ။ နိုင်ငံတစ်ခုအမည် ပါဝင်ရမှာပေါ့။ သူ


The Sandpiper
ဇာတ်ကားထဲက
လစ်ဇ်နဲ့ ဘာတန်

www.burmeseclassic.com

www.burmeseclassic.com


က ဂတ်စ်စတပ်နဲ့ ပွာတိုဗာလာထြာမှာ အိမ်တွေ ပိုင်ဆိုင်ပေမဲ့ အမေရိကန်ပြည်ထောင်စုနဲ့ အင်္ဂလန်ကို ရောက်ရင်တော့ ဟိုတယ်များမှာသာ တည်းခိုလေ့ရှိပါတယ်။ အများအားဖြင့် ရီဂျင်ဆီနဲ့ ဒေါ်ချက်စ်စတာမှာ တည်းလေ့ရှိတာပါ။ ဝေလပြည်နယ်ရောက်ရင်တော့ များပြားလှတဲ့ ဘာတန်ရဲ့အမျိုးများရှိရာမှာ တည်းခိုနေထိုင်လေ့ရှိပါတယ်။ ဘာတန်အတွက်က တစ်ကမ္ဘာလုံး လှည့်လည်သွားလာပြီး နေရတာကို စိတ်လှုပ်ရှားပေမဲ့ ရုပ်ပိုင်းဆိုင်ရာကတော့ ပင်ပန်းတယ်လို့ ထင်ပါတယ်။ သူကိုယ်တိုင်က တစ်နေရာရာမှာ အတည်တကျကိုယ်ပိုင်အိမ်နဲ့ နေချင်တဲ့ဆန္ဒရှိပါတယ်။

နောက်တစ်ချက်ကတော့ ဒီအချိန်မှာ ဘာတန်က ရုံပြည့်ရုံလျှံအောင်ပွဲခံနိုင်တဲ့ မင်းသားတစ်လက်အဖြစ် ရုပ်ရှင်လောကက လက်ခံနေပြီဖြစ်တဲ့အတွက် ဘယ်နေရာမှာပဲ နေနေ၊ နေလို့ဖြစ်တဲ့အနေအထား ရှိနေခြင်းပါပဲ။ ဘာတန်ကိုယ်တိုင်က အခုလို အောင်မြင်မှုသရဖူဆောင်းလာနိုင်အောင် ဖန်တီးပေးခဲ့သူက လစ်ဇ် ဖြစ်တယ်ဆိုတာ ရာနှုန်းပြည့်ယုံကြည်ပါတယ်။ ဝေလပြည်နယ်သားသာမန်ကျောက်မီးသွေးတွင်းတူးသမားမိသားစုက ပေါက်ဖွားလာခဲ့ပေမဲ့ ကမ္ဘာကျော်ရုပ်ရှင်မင်းသားတစ်လက်ဖြစ်လာအောင် ဖန်တီးပေးနိုင်ခဲ့သူက လစ်ဇ် ဖြစ်တယ်လို့ ခံယူပါတယ်။

၁၉၆၄ ခုနှစ် ဇွန်လမှာ The Night Iguana ရုပ်ရှင်ဇာတ်ကား ရုံတင်တော့ သတင်းစာများက ဘာတန်ဟာ ဘယ်ကားမှာပဲ သရုပ်ဆောင်သည်ဖြစ်စေ၊ ရုံပြည့်အောင် ဆွဲဆောင်နိုင်တဲ့ မင်းသားတစ်လက်ဖြစ်တယ်လို့ ဝေဖန်သံတွေ ပေါ်ထွက်စေခဲ့ပါတယ်။ သူ အရင်သရုပ်ဆောင်ခဲ့တဲ့ Cleopatra နဲ့ The V.I.Ps ဇာတ်ကားများတုန်းကတော့ ကြိုက်သူနဲ့ မကြိုက်သူ နှစ်မျိုးနှစ်စား ရှိခဲ့ပါတယ်။ အခုနောက်ပိုင်းမှ ဘာတန်ကို အားလုံးက လက်ခံခဲ့ကြတာပါ။ ဘာတန်ကို လစ်ဇ်က မြှောက်စားပေးနေချိန်မှာ ရုပ်ရှင်လောကကို ၂ နှစ်လုံးလုံး ကျောခိုင်းထားခဲ့တာပါ။ ဒါကြောင့် ရုံပြည့်ရုံလျှံ မင်းသမီးဘဝကနေ နံပါတ် ၇ နေရာကို ရောက်ရှိသွားခဲ့ပါတယ်။ ဒါပေမဲ့ လစ်ဇ်ကတော့ ဂရုမစိုက်ပါဘူး။ သူက ရုပ်ရှင်မင်းသမီးဘဝကို ငြီးငွေ့နေပြီး ရုပ်ရှင်မင်းသား ရစ်ချတ်ဘာတန်ရဲ့ဇနီးမယား ဘဝမှာ ပျော်မွေ့နေပါတယ်။ အောင်မြင်မှုဆိုတာကို သူ ရခဲ့ဖူးပါပြီ။ အခု ခဏလောက် ဘာတန်ရဲ့ရင်ခွင်မှာ မှေးစက်နားခိုပါရစေဦး။

လစ်ဇ်ကိုယ်တိုင် ဘာတန်နဲ့ တွဲဖက်ပြီး ကဗျာရွတ်ဆိုကာ အစွမ်းပြဖို့ အခွင့်အရေးတစ်ခု ရခဲ့ပါတယ်။ ၁၉၆၄ ခုနှစ် မေလစောစောပိုင်းမှာ ဘာတန်က ခရစ္စတိုဖာမာလိုဝီ ရိုက်ကူးထုတ်လုပ်မယ့် Doctor Faustus ဇာတ်ကားကို အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်မှာ ရိုက်ကူးဖို့ ရှိလာပါတယ်။ ဒီဇာတ်ကားမှာ လစ်ဇ်က Helen of Troy အဖြစ် အခန်းအနည်း‌ငယ် ပါဝင်သရုပ်ဆောင်ရမှာပါ။ ဒီနေ[illegible]မှာ လစ်ဇ်က ရုပ်ရှင်ပရိသတ်အတွ[illegible] စိတ်ကူးတစ်ခု ရရှိသွားပြီး ရုပ်ရှင်ကာ[illegible] တစ်ကား အမေရိကားမှာ ရိုက်ကူး[illegible] ဆုံးဖြတ်လိုက်ပါတယ်။

၁၉၆၄ ခုနှစ်မှာ လစ်ဇ်ရဲ့ဘဝက[illegible] ဘဝသစ်တစ်ခု စသလိုဖြစ်ခဲ့ပါပြီ။ သူ[illegible] ဟာ အလှကို ဗန်းပြပြီး ကမ္ဘာကိုအောင်[illegible] နိုင်တဲ့မင်းသမီးတစ်လက်ဘဝကနေ[illegible] ယောကျ်ားသားများအတွက် အန္တရာယ်[illegible] များလှတဲ့ မိန်းမသားတစ်ယောက်အဖြ[illegible]


The Sandpiper ဇာတ်ကားဟာ သရုပ်ဆောင်နှစ်ယောက် အိမ်ထောင်ရေး ဖောက်ပြန်မှုကို ကျောရိုးယူပြီး ရိုက်ကူးထားတာပါ

ရောက်ရှိနေခဲ့ပါပြီ။ ဒီဇာတ်ရုပ်ကို လစ်[illegible] က BUtterfield 8 ဇာတ်ကားမှာ ကလို[illegible] ရာဝမ်းဒရက်စ် ဆိုတဲ့ဇာတ်ကောင်အဖြ[illegible] သရုပ်ဆောင်ရမှာပါ။

သူတို့နှစ်ယောက် အတူသရု[illegible] ဆောင်နိုင်မယ့် ဇာတ်လမ်းပေါင်းမျာ[illegible] စွာကိုလည်း စဉ်းစားခဲ့ကြပါတယ်[illegible] မက်စ်ဝဲလ်အင်ဒါဆင်ရဲ့ Anne of t[illegible] Thousand Day မှာ လစ်ဇ်က အင်္ဂ[illegible] လန် အဖြစ် သရုပ်ဆောင်ပြီး ဘာတန်[illegible] အဋ္ဌမမြောက် ဟင်နရီအဖြစ် သရု[illegible] ဆောင်ဖို့ စဉ်းစားခဲ့ပါတယ်။ ဒါပေ[illegible] လစ်ဇ်နဲ့ မရိုက်ဖြစ်ပါဘူး။ လစ်[illegible] စိတ်ကြိုက်ဖြစ်တဲ့ ဇာတ်ညွှန်းရေး[illegible] တင်နက်ဆီဝီလျံရဲ့ This [illegible]orpety [illegible] Condemned အပါအဝင် တခြားထု[illegible]



www.burmeseclassic.com

www.burmeseclassic.com

လုပ်ရေးတစ်ခုက ရိုက်ကူးမယ့် Carson McCuller ရဲ့ဝတ္ထုဇာတ်လမ်းဖြစ်တဲ့ Reflections in a Golden Eye ဇာတ်လမ်းလည်း ပါဝင်ပါတယ်။ ဒီဇာတ်လမ်းမှာတော့ လစ်ဇ်က မိတ်ဆွေဟောင်းတစ်ဦးဖြစ်တဲ့ မောင်ဂိုမာရီက လစ်ဖ်နဲ့ တွဲဖက်သရုပ်ဆောင်ဖို့ပါ။ အဲဒါအပြင် ကလစ်ဖ်နဲ့တွဲပြီး ဘရော့ဒ်ဝေးဇာတ်ရုံပေါ်မှာ The Owl and the Pussycat ပြဇာတ်ကဖို့အထိ စီစဉ်ပါတယ်။ ဒီပြဇာတ်မှာတော့ လစ်ဇ်က ပြည့်တန်ဆာမတစ်ဦးအဖြစ် သရုပ်ဆောင်ဖို့ ဖြစ်ပါတယ်။

ဒါပေမဲ့ နောက်ဆုံးမှာတော့ MGM ရန်ဆိုဟော့ဖ်နဲ့ နိုဘာ့ခ်တို့ရဲ့ဆက်ဆံရေးက အဆင်မပြေတာကြောင့် ဒီဇာတ်လမ်းက လစ်ဇ်အတွက် ဖြစ်သွားခဲ့တာပါ။

ဒီကားရိုက်ဖို့ ကမ်းလှမ်းလိုက်တော့ လစ်ဇ်တို့မောင်နှံရဲ့ထုံးစံအတိုင်း ဈေးခေါ်ပါတော့တယ်။ လစ်ဇ်က သရုပ်ဆောင်ခ ဒေါ်လာ တစ်သန်း၊ ဘာတန်က သရုပ်ဆောင်ခ ဒေါ်လာ ၅ သိန်း ရမှာဖြစ်တဲ့အပြင် ရုံတင်ပြသလို့ ရတဲ့ ဝင်ငွေပေါ်က ၂၀ ရာခိုင်နှုန်းကိုလည်း ပေးရမှာဖြစ်လို့ သူတို့ဇနီးမောင်နှံက ဒီကားပေါ်ကနေ ဒေါ်လာသန်းပေါင်းများစွာ ရရှိမှာပါ။ ဘာတန်ကို ခြေလှမ်းချင်လာပါတယ်။ တခြားဇာတ်လမ်းတွေကို စိတ်ဝင်စားရင်း လစ်ဇ် ပါဝင်သရုပ်ဆောင်မယ့် Macbeth ဇာတ်ကားကိုလည်း မျှော်လင့်ခဲ့တဲ့အပြင် The Sandpiper ဇာတ်ကားနဲ့ သူ့ပွဲဦးထွက် ဒါရိုက်တာအလုပ်ကို လုပ်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ လစ်ဇ်က သူ့အဆိုပြုချက်ကို ပယ်ချလိုက်ပြီး သူမကို MGM ရုပ်ရှင်ကုမ္ပဏီကြီးက ရိုက်ကူးတဲ့ Father of the Bride ဇာတ်ကားနဲ့ Father's Little Dividend ဇာတ်ကားများမှာ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ဖူးတဲ့ ဒါရိုက်တာ ဗင့်ဆင့်မင်နယ်လီကို ရွေးချယ်ခဲ့ပါတယ်။


ရုပ်ရှင်မင်းသမီး အဲလစ်ဇဘက်တေလာ


ရုပ်ရှင်မင်းသမီး ကလဲယားဘလုမ်းနဲ့ ရစ်ချတ်ဘာတန်

ရုပ်ရှင်ကုမ္ပဏီကြီးအတွက် The Flight of the Sandpiper ဇာတ်ကားကို ရိုက်ဖြစ်ခဲ့ပါတယ်။ ဒီဇာတ်ကားက အောင်မြင်မှုအပြည့်အဝရနေတဲ့ ထုတ်လုပ်သူမာတင်ရန်ဆိုဟော့ဖ်ရဲ့ဇာတ်လမ်းဖြစ်ပြီး ဇာတ်ညွှန်းကိုတော့ မိုက်ကယ်လ်ဝီလ်ဆင်က ရေးဖွဲ့တာပါ။(ရုံတင်ပြသရာမှာတော့ ဒီကားနာမည်က The Sandpiper သာ ဖြစ်ခဲ့ပါတယ်။)အမှန်ကတော့ ဒီကားကို ရန်ဆိုဟော့ဖ်က ရုပ်ရှင်မင်းသမီး ကင်မ်နိုဘာ့ခ်နဲ့ ရိုက်ကူးဖို့ စိတ်ကူးခဲ့တာပါ။ ဇာတ်လမ်းက ပန်းချီဆရာမတစ်ဦးရဲ့ဇာတ်လမ်းဖြစ်ပြီး အဲဒီအချိန်မှာ နိုဘာ့ခ်ကလည်း ပန်းချီကားများကို စိတ်ဝင်စားတဲ့ မင်းသမီးအဖြစ် နာမည်ကြီးနေချိန်ဖြစ်ပါတယ်။ ဒါပေမဲ့က ဇာတ်ညွှန်းကိုတော့ မကြိုက်ပါဘူး။ ဒါပေမဲ့ 'ငွေအတွက် ရိုက်ရမှာပဲပေါ့' လို့ ဆိုခဲ့ပါတယ်။

The V.I.Ps ဇာတ်ကား ရုံတင်ပြသစဉ်က ရုပ်ရှင်ဝေဖန်ရေးဆရာများ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဘာတန်အတွက်ကတော့ အောင်မြင်မှုအသေအချာရခဲ့ပါတယ်။ ငွေကြေးအားဖြင့်လည်း သူ မျှော်မှန်းထားသလို ရရှိခဲ့တာ အမှန်ပါပဲ။ နယူးယောက်မြို့မှာ တင်ဆက်ကပြခဲ့တဲ့ Hamlet ပြဇာတ်ကလည်း ၁၃၆ ပွဲကခဲ့ရတာဖြစ်လို့ ဘာတန်အတွက်ကတော့ အချိုပေါ်သကာလောင်းသလို အောင်မြင်မှုတွေ ရပြီးရင်းရရင်းပါပဲ။ ဒါကြောင့် သူက သရုပ်ဆောင်အလုပ်အပြင် ဒါရိုက်တာအလုပ် MGM နဲ့ တွဲပြီး အလုပ်လုပ်တယ်ဆိုပေမဲ့ လစ်ဇ်က ဘာတန် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့မင်းသမီးကို MGM က ငှားရမ်းသုံးစွဲတဲ့ပုံစံမျိုးသာ စာချုပ်ချုပ်ဆိုပါတယ်။ ရုပ်ရှင်ဇာတ်ကားများမှာ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခွင့်မရတဲ့ ဘာတန်က စင်တင်ပြဇာတ်မှာ ဒါရိုက်တာအဖြစ် ဆောင်ရွက်ခွင့်ရဖို့ စီစဉ်လာပြန်ပါတယ်။ ဒီတစ်ခါမှာတော့ ဘာတန်က သူ တစ်ယောက်တည်း ဒါရိုက်တာလုပ်ဖို့ထက် အောက်စဖို့ဒ်တက္ကသိုလ် အနုပညာအသင်းတုန်းက ရှိတ်စပီးယားရဲ့ပြဇာတ်မှာ သူ့ကို ပထမဆုံးပွဲထုတ်ပေးခဲ့တဲ့ ဆရာဖြစ်သူ ဆာနီဗီလ်ကော့ဂ်ဟီလ်ရဲ့ တွဲဖက်အဖြစ် လုပ်ရှားဖို့ ကြိုးစားလာခြင်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

The Sandpiper ရုပ်ရှင်ဇာတ်ကားက ဘာတန်နဲ့လစ်ဇ်တို့ တရားဝင်လက်ထပ်ပြီးတဲ့နောက်မှာ ပထမဆုံး တွဲဖက်သရုပ်ဆောင်ကြမယ့် ရုပ်ရှင်ကားဖြစ်ပါတယ်။ ဇာတ်ကားရဲ့အဓိကဖမ်းစားထားတဲ့ စကားတစ်ခွန်းကတော့ 'အစကတည်းက သူတို့နှစ်ယောက် ပေါင်းစည်းမှုဟာ အမှားလို့ သိထားကြပြီး ဒီပေါင်းစည်းမှုဟာလည်း ကြာရှည်ခိုင်မြဲမှာမဟုတ်ဘူး' ဆိုတဲ့ စကားပါပဲ။ Le Scandale ဇာတ်ကား ရိုက်ကူးစဉ်ကစတင်ခဲ့တဲ့ သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကို ဒီကားက ကျောရိုးယူထားခြင်းဆိုရင်လည်း မမှားပါဘူး။ ဒါပေမဲ့ ဇာတ်လမ်းမှာ ဘာတန်က အိမ်ထောင်ပျက်များကို တရားဝင်ဖြစ်အောင် လက်ထပ်ပေးတဲ့ ဘုန်းတော်ကြီး ဒေါက်တာ အက်ဒဝပ်ဟေးဝစ်အဖြစ် သရုပ်ဆောင်ရပါတယ်။ ဒီဘုန်းတော်ကြီးက အင်မတန်ချောမောလှပတဲ့ အနုပညာရှင်ကလေး လော်ရာရေးနော်လ် ကို တွေ့တဲ့အခါ အချစ်ကြီးချစ်မိသွားပုံကို ရေးဖွဲ့ထားပါတယ်။ လော်ရာအဖြစ် လစ်ဇ်က သရုပ်ဆောင်ပါတယ်။ လော်ရာရဲ့တရားမဝင် ၉ နှစ်အရွယ် သားကလေးအဖြစ်ကိုတော့ ရုပ်ရှင်မင်းသား ဂျိမ်းစ်မေဆင်နဲ့ သူ့ဇနီး ပန်မီလာတို့က မွေးဖွားတဲ့ကလေး မော်ဂန်မေဆင်က သရုပ်ဆောင်ခဲ့ပါတယ်။ ဒီကားမှာ နောက်ထပ်အရေးပါတဲ့နေရာမှာ ပါဝင်သရုပ်ဆောင်သူတစ်ဦးကတော့ လော်ရာရဲ့ အချစ်ဟောင်းအဖြစ် သရုပ်ဆောင်တဲ့ ဆမ်မီဒေးဗစ်ဂျူနီယာပါပဲ။ ဒီဇာတ်ကား ရိုက်ကူးတဲ့ ၁၉၆၄ ခုနှစ် ပတ်ဝန်းကျင်တုန်းက လူဖြူလူမည်းချစ်ဇာတ်လမ်းများကို အမေရိကန်ပြည်သူလူထုက သိပ်လက်မခံကြသေးပါဘူး။ လစ်ဇ်နဲ့ ဘာတန်တို့ရဲ့ဖြစ်ရပ်မှန် ဇာတ်လမ်းကို အခြေတည်ထားတာကြောင့် စစ်ဘဲလ်ဘာတန်နေရာမှာ အီဗာမာရီစိန့်ကို သရုပ်ဆောင်စေပါတယ်။ ဘာတန်က တာဝန်အရ လုပ်ဆောင်ရင်း စွဲမက်သွားသူနဲ့ မိသားစုကြားမှာ ဗျာများရတဲ့သူပါ။

ဒီကားမှာ နောက်ထပ်စိတ်ဝင်စားစရာကောင်းတဲ့အချက်တစ်ခုကတော့ အနုပညာသမားတစ်ဦးဖြစ်တဲ့ လော်ရာအဖြစ် သရုပ်ဆောင်တဲ့ လစ်ဇ်ရဲ့ကိုယ်လုံးတီး ပန်းပုအထုခံတဲ့အခန်းပါပဲ။ သူ့ပုံကို ပေါင် ၂၂၀၀ ရှိတဲ့ သစ်တုံးနဲ့ သစ်သားပန်းပုအဖြစ် ထုခဲ့တာပါ။ ပန်းပုဆရာနာမည်က အက်ဒမန်ကာရာ ဖြစ်ပါတယ်။ ရုပ်ရှင်ထဲမှာ ပန်းပုဆရာအဖြစ် မင်းသားကြီး ချားလ်စ်ဘရော့စန်က သရုပ်ဆောင်ထားပါတယ်။ ဒီလိုပန်းပုအထုခံတဲ့အတွက် ယောက်ျား(ဘာတန်)က ပန်းပုဆရာအပေါ်မှာ သဝန်တိုစိတ်တွေပေါ်ပေါက်ခဲ့ရပါတယ်။ ပိတ်ကားပေါ်မှာတော့ ဒီအခန်းကို ပြသရာမှာ လစ်ဇ်ရဲ့ပေါင်ရင်းအထိသာ ပြသတာ ဖြစ်ပါတယ်။ လစ်ဇ်က ကလီယိုပါထရာ ဇာတ်ကားမှာလည်း ရုံရှေ့တော်များနဲ့ ရေချိုးတဲ့အခန်းမှာ ကိုယ်လုံးတီး အရိုက်ခံခဲ့ဖူးပါတယ်။ ဒါကြောင့် The Sandpiper ဇာတ်ကားမှာ ကိုယ်လုံးတီး ပန်းပုအထုခံတဲ့အခန်းကို သရုပ်ဆောင်ပေးရတာ မဆန်းလှပါဘူး။ အဲဒီခေတ်ကာလမှာ ရုပ်ရှင်မင်းသမီးတော်တော်များများက သူတို့ရင်သားများကို ပိတ်ကားထက်မှာ ဖော်ပြဖို့ရာ ဝန်မလေးကြတော့တဲ့အချိန်ဖြစ်ပေမဲ့ လစ်ဇ်ကတော့ သူ့ကိုမွေးထုတ်ခဲ့တဲ့ MGM ရုပ်ရှင်ကုမ္ပဏီကြီးက သင်ကြားပေးခဲ့တဲ့အတိုင်း မလိုအပ်ရင် အဝတ်ချွတ်ပြဖို့ဝန်လေးနေဆဲပါပဲ။ The Sandpiper ဇာတ်ကားမှာ ပန်းပုအထုခံတဲ့အခန်းဟာ အမျိုးသားပရိသတ်များအတွက် ဆွဲဆောင်မှုရှိတဲ့ဇာတ်ဝင်ခန်းတစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

ဒီဇာတ်ကားကို ရိုက်ကူးဖို့အတွက် MGM ရုပ်ရှင်ကုမ္ပဏီကြီးက လော်ရာရဲ့နေအိမ်အဖြစ် ရိုက်ကူးဖို့ ဒေါ်လာ ၃၅၀၀၀ အကုန်အကျခံကာ မှန်နဲ့သစ်များနဲ့သာ ဆောက်လုပ်ထားတဲ့အိမ်တစ်ဆောင်ကို သီးခြားဖန်တီးပေးခဲ့ပါတယ်။ ဒီအိမ်တည်ဆောက်ထားတဲ့နေရာက ကမ်းပါးယံအစွန်းမှာဖြစ်တဲ့ ပင်လယ်ကြီးကို အပေါ်စီးက မြင်နေရတဲ့အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်တာဖြစ်လို့ လစ်ဇ်ရဲ့စိတ်ကြိုက် အိမ်တစ်ဆောင်ဖြစ်ခဲ့ပါတယ်။ ရိုက်ကူးထုတ်လုပ်မှုကုန်ကျစရိတ် ဒေါ်လာ ၅ သန်း ရှိခဲ့ပြီးမစ္စတာနဲ့ မစ္စဘာတန်မိသားစုအားလုံးရဲ့တာဝန်ကိုလည်း ကုမ္ပဏီက ယူခဲ့ရတာပါ။ ကလေးလေးယောက်(မိုက်ကယ်လ်၊ ခရစ္စတိုဖာ၊ လီဆာနဲ့ မာရီယာ)၊ ဘာတန်အတွက် လိုအပ်တာတွေ ပြင်ဆင်ပေးဖို့ ဝန်ထမ်းတစ်ဦးဖြစ်တဲ့ ဘော့ပ်ဝီလ်ဆင်နဲ့ဇနီး၊ ထမင်းချက်တစ်ယောက်၊ ရှေ့နေတစ်ဦးနဲ့ အတွင်းရေးမှူးများကိုပါ MGM ကုမ္ပဏီကြီးက တာဝန်ယူရပါတယ်။

အောက်တိုဘာလ ၅ ရက်နေ့ထုတ် Hollywood Reporter သတင်းဌာနကထုတ်ပြန်တဲ့သတင်းမှာ MGM ရုပ်ရှင်ကုမ္ပဏီကြီးက The Sandpiper ရဲ့အတွင်းခန်းတွေကို ရိုက်ကူးဖို့အတွက် ပဲရစ်မြို့သို့ သွားရောက်ရိုက်ကူးမှာဖြစ်ပြီး အချိန်ကာလအားဖြင့် ရက်သတ္တပတ်ခြောက်ပတ် မှန်းထားတယ်လို့ ဖော်ပြခဲ့ပါတယ်။ နောက်နှစ်လအကြာမှာ သူတို့ကပဲထုတ်ပြန်တဲ့သတင်းက ပြည်ပမှာ သွားရောက်ရိုက်ကူးခြင်းက ဘာတန်ပေးဆောင်ရမယ့်အခွန်ကိုရှောင်ဖို့အတွက်ဖြစ်တယ်လို့ ဆိုပြန်ပါတယ်။ ရုပ်ရှင်ကားတစ်ခုလုံးကို အမေရိကန်ပြည်ထောင်စုမှာ ရိုက်ကူးမယ်ဆိုရင် ဒီကားပေါ်က ရရှိမယ့်ဝင်ငွေအပေါ်ကို အခွန်စည်းကြပ်မှာ ဖြစ်တာကြောင့် သူတို့ဇနီးမောင်နှံအနေနဲ့ တချို့ဇာတ်ဝင်ခန်းများကို ပြည်ပမှာ သွားရောက်ရိုက်ကူးခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ သတင်းဌာနရဲ့အဆိုအတိုင်း ဘာတန်မိသားစုတို့ဟာ Queen Elizabeth ဇိမ်ခံသင်္ဘောကြီးနဲ့ ထွက်ခွာသွားခဲ့ကြပြီး ပဲရစ်မြို့ရဲ့ လန်ကက်စတာဟိုတယ်မှာ တည်းခိုနေထိုင်ကြပါတော့တယ်။ သူတို့ဇနီးမောင်နှံဟာ နိုင်ငံအသီးသီးမှ စည်းကြပ်တဲ့အခွန်ငွေရှောင်လိုတာကြောင့် အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုမှာ အခြေချနေထိုင်လို့ မဖြစ်သလို ဗြိတိန်နိုင်ငံမှာလည်း အခြေချနေထိုင်လို့ မရပါဘူး။ ဗြိတိန်မှာဆိုရင် ဘာတန်ဟာ ဝင်ငွေခွန်အများဆုံးပေးရတဲ့ အမျိုးသားသရုပ်ဆောင်တစ်ဦးဖြစ်ပါတယ်။ သူက ဗြိတိန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားခွင့်ရပြီး ဗြိတိန်နိုင်ငံမှာ တစ်နှစ်လျှင် ရက် ၉၀ ပြည့်အောင် မနေသူဖြစ်တာကြောင့် အခွန်ကင်းလွတ်ခွင့် ရခဲ့ပါတယ်။ လစ်ဇ်ကတော့ ဗြိတိန်နဲ့ အမေရိကန်ပြည်ထောင်စု နှစ်နိုင်ငံလုံးရဲ့ နိုင်ငံကူးလက်မှတ်တွေ ကိုင်ဆောင်ထားသူပါ။ သူလည်း ဘာတန်လို ဘယ်နိုင်ငံမှာမှ ရက် ၉၀ ပြည့်အောင် နေထိုင်သူမဟုတ်တဲ့အတွက် အခွန်ကင်းလွတ်ခွင့်ရနေခဲ့ပါတယ်။

ပဲရစ်မှာ The Sandpiper ဇာတ်ကားရဲ့ဇာတ်ဝင်ခန်းများ ရိုက်ကူးမှာဆိုတော့ လစ်ဇ်ရဲ့ပုံတူ ပန်းပုရုပ်ကြီးကို ဘာကူးတက သယ်ဆောင်ရပါတယ်။ ပျက်စီးမကျိုးပဲ့စေဖို့အပြင် ရာသီဥတုပြောင်းလဲမှုဒဏ်လည်း မခံရအောင် ပန်းပုရုပ်ကို အပူအအေးသမမျှတအောင် ဖန်တီးထားတဲ့အခန်းမှာ ထားရှိသယ်ဆောင်ရပါတယ်။ ပန်းပုရုပ်ကို Queen Mary သင်္ဘောကြီးနဲ့ သယ်ဆောင်ရာမှာ လန်ဒန်မြို့မှ Lloyds အာမခံကုမ္ပဏီကြီးက ဒေါ်လာတစ်သိန်းနဲ့ အာမခံထားရှိပြီး သယ်ဆောင်ခဲ့တာပါ။ အထွတ်အမြတ်ထားရှိတဲ့ ရုပ်တုတစ်ခုလို သယ်ဆောင်ခဲ့ကြရတာဖြစ်ပြီး ပြင်သစ်နိုင်ငံကို ရောက်ရှိတဲ့အခါ စာနယ်ဇင်းသမားများကို ပြသခဲ့ပါသေးတယ်။

ဒီရုပ်ရှင်ကားကို ၁၉၆၅ ခုနှစ် ဇူလိုင်လမှာ ရုံတင်ပြသတော့ မျှော်လင့်ထားသလို အောင်မြင်မှုအပြည့်အဝ မရခဲ့ပါဘူး။ The New Yorker သတင်းစာ၊ မဂ္ဂဇင်းတို့က ပျစ်ပျစ်နှစ်နှစ်ဝေဖန်ခဲ့ပါတယ်။ ဘာတန်နဲ့လစ်ဇ်တို့ အိမ်ထောင်ရေးဖောက်ပြန်ကြတာကို ဆင်ခြင်လက်တွေနဲ့ ပိတ်ကားပေါ် တင်ပြတဲ့ကားလို့ သုံးသပ်ကြတဲ့အပြင် အင်မတန်မိုက်မဲညံ့ဖျင်းတဲ့ ရုပ်ရှင်ကားလို့လည်း ဆိုကြပါတယ်။ The Saturday Review သတင်းစာကတော့ လစ်ဇ်ဝတ်စုံပေါင်း ၂၂ စုံ လဲတဲ့ရုပ်ရှင်ကားလို့ သြဘာပေးခဲ့ပါတယ်။

ရုပ်ရှင်ကားတစ်ကားလုံး ခြုံကြည့်မယ်ဆိုရင် အင်မတန်ကြည့်လို့ကောင်းတဲ့ ရှုခင်းများနဲ့ သရုပ်ဆောင်မှုပီပြင်လှတဲ့ဇာတ်ကောင်တို့ရဲ့သရုပ်ဆောင်မှုများကို တွေ့ရမှာဖြစ်ပေမဲ့ ဇာတ်အရ စိတ်ဝင်စားစရာနည်းပါးတယ်လို့ သုံးသပ်ကြပါတယ်။ နောက်တစ်ချက်ကတော့ ဒါရိုက်တာရဲ့ စီစဉ်ညွှန်ကြားရိုက်ကူးမှုတွေ ကောင်းပေမဲ့ ကလီယိုပါထရာအဖြစ် သရုပ်ဆောင်ခဲ့တဲ့ လစ်ဇ်ကို ပရိသတ်များက သာမန်မိန်းမတစ်ယောက်အဖြစ် မြင်မပေးနိုင်ကြဘဲ ဘုရင်မအဖြစ်သာ စိတ်ထဲမှာ စွဲထင်နေကြခြင်းကြောင့်လည်း ဖြစ်ပါတယ်။

ဘာတန်အတွက်ကတော့ ရှင်းပါတယ်။ အစကတည်းက ဒီဇာတ်ညွှန်းကို သူ မကြိုက်ဘဲ ငွေရဖို့တစ်ခုတည်းအတွက်ကြောင့်သာ သရုပ်ဆောင်ခဲ့ရတာပါ။ သူတို့ဘဝအဖြစ်အပျက်နဲ့ အနီးစပ်ဆုံးတူညီနေတာကြောင့်လည်း တချို့စကားလုံးများမှာ သူတို့ပြောနေကျစကားများနဲ့ ခပ်ဆင်ဆင်တူတာကို တွေ့ရပါတယ်။

တစ်ဖက်မှာ ပြန်ကြည့်ပြန်တော့ ဘာတန်က နှစ်ရှည်လများ ပေါင်းဖက်ခဲ့တဲ့ ဇနီးသည် စစ်ဘဲလ်နဲ့ သမီးလေးနှစ်ယောက်ကို သူ ကျောခိုင်းစွန့်ခွာခဲ့ရတာနဲ့ပတ်သက်ပြီး စိတ်မလုံလှပါဘူး။ အထူးသဖြင့် သူ့အကူအညီ အမြဲတစေလိုအပ်နေတဲ့ သမီးလေး ဂျက်ဆီကာကို စွန့်ပစ်ခဲ့ရတာနဲ့ ပတ်သက်ပြီး တွေးမိတိုင်း စိတ်မကောင်းဖြစ်နေခဲ့တာပါ။ ဒါကြောင့် သရုပ်ဆောင်ခများများစားစားရလာတဲ့အချိန်မှာ သူ့ညီအစ်ကို မောင်နှမများဆီကို ထောင်ပေါင်းများစွာ ပေးပို့ထောက်ပံ့ပေးခဲ့ပါတယ်။ နှစ်ပတ်လည်နေ့များ၊ ခရစ္စမတ်ကာလများမှာလည်း လက်ဆောင်တွေပေးပို့ခဲ့ပါတယ်။

ဘာတန်က သူ့ညီအစ်ကိုတွေကို ကျောက်မီးသွေး တွင်းတူးသမားဘဝတွေကနေ လွတ်မြောက်စေချင်တာကြောင့် ကူညီထောက်ပံ့တာဖြစ်သလို သူတစ်ယောက်တည်း ကောင်းစားအောင် ဒီဘဝကနေ ရုန်းထွက်လာခဲ့တယ်လို့လည်း ခံစားမိတာကြောင့် သူတတ်နိုင်တဲ့ဘက်က ထောက်ပံ့နေခြင်းဖြစ်ပါတယ်။ သူ့ညီဖြစ်တဲ့ ဂရေဟမ်ကိုတော့ သူ ပါဝင်သရုပ်ဆောင်ရတဲ့ ရုပ်ရှင်ဇာတ်ကားများမှာ သူ့ကိုယ်စား အစားထိုးဝင်ရောက်ရိုက်ကူးနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ မိသားစုထဲမှာ သူ လေးစားအတုယူခဲ့ရတဲ့ အစ်ကိုကြီး အိုင်ဖော်ကိုတော့ Celigny မှာရှိတဲ့ သူ့အိမ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ပေးထားခဲ့ပါတယ်။ ဒီအိမ်က စစ်ဘဲလ်နဲ့သူ လမ်းခွဲကြပြီးတဲ့နောက်မှာ သူ ရထားခဲ့တဲ့အိမ်ပါ။ အဲဒါတွေအပြင် ဘာတန်က သူ့အပေါ်မှာ ကျေးဇူးရှိတယ်လို့ ယူဆရသူများကိုလည်း အတတ်နိုင်ဆုံး ကူညီထောက်ပံ့ပါတယ်။ သူ့ရဲ့လက်ဦးဆရာတစ်ဆူဖြစ်တဲ့ အမ္ဗလင်းဝီလျံရဲ့သားဖြစ်တဲ့ ဘရွတ်ခ်ဝီလျံကိုတောင် ခေါ်ယူပြီး သူ့ကိုယ်ရံတော်အဖြစ် ခန့်ထားပေးပါတယ်။ သူ ဖောက်ပြန်ခဲ့တာတွေနဲ့ပတ်သက်ပြီး ဒီလိုကျေးဇူးဆပ်တဲ့နည်းတွေနဲ့ ဖြေဖျောက်ဖို့ ကြိုးစားပေမဲ့ သူ့စိတ်ထဲမှာ စွဲထင်နေတဲ့ အမည်းစက်ကို မပျောက်ပျက်နိုင်တာကြောင့် အရက်ကို အဆက်မပြတ် သောက်သုံးနေခဲ့ပါတယ်။

လစ်ဇ်ဘက်က ကြည့်ရင်တော့လည်း ခံစားရတာတွေရှိပါတယ်။ The Sandpiper ဇာတ်ကားမှာ ပြောလိုက်ရတဲ့ ဇာတ်ဝင်စကားတစ်ခွန်းက လျှာဖျားကနေ ပြောလိုက်ရတယ်ဆိုတာထက် အသည်းနှလုံးထဲက ပေါ်ထွက်လာတဲ့ စကားဖြစ်တယ်လို့ ယူဆရပါတယ်။ ဇာတ်ဝင်ခန်းက ဟေးဝစ်ကို လော်ရာက ယောကျ်ားတွေအပေါ်မှာ သူ ဘာကြောင့် မယုံကြည်တာလဲဆိုတာ ပြောပြတဲ့အခန်းပါ။ 'ယောကျ်ားတွေက ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

အသက် ၁၂ နှစ်အရွယ်ကတည်းက ချက်ပိုင်းဆွေ ဂျူလီကျူဆေတတ် ကြည့်ခဲ့ပြီး ကျွန်အသားတွေကို ပွတ်သပ်ကိုင်တွယ်ခဲ့ကြတယ်။ အဲဒီကတည်းက ယောက်ျားဆိုတဲ့ အတွေ့အထိကို ကျွန်မသိခဲ့ရတယ်။ ဒါပေမဲ့ သူတို့အတွေ့အထိမှာ မေတ္တာဆိုတာ ပါမလာခဲ့ဘူး'ဆိုတဲ့ စကားပါ။ လစ်ဇ်ရဲ့ဘဝမှာ ယောက်ျားများစွာကို ကြုံခဲ့ဖူးပေမဲ့ ဘာတန်နဲ့ မိုက်တော့ဒ်ကိုတော့ သူ စုံစုံမက်မက် ဖက်တွယ်ထားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်က သူ့ကို ချစ်တယ်လို့ ယုံကြည်ခြင်းကြောင့်ပါပဲ။

The Sandpiper ရုံတင်ချိန်မှာ ဝေဖန်ရေးဆရာတွေက အမျိုးစုံဝေဖန်ကြတယ်။ အထူးသဖြင့် လစ်ဇ်ရဲ့ဝဖီးနေတဲ့ ခန္ဓာကိုယ်အချိုးအစားကို ပစ်မှတ်ထားပြီး ဝေဖန်ကြသူတွေလည်း ရှိပါတယ်။ ဘယ်သူတွေ ဘာပဲပြောပြော ဒီကားက အမြတ်အစွန်းဒေါ်လာ ၁၄ သန်း ရရှိခဲ့တာကြောင့် MGM ရဲ့ဝင်ငွေစံချိန်တင်ထားတဲ့ The Unsikable Molly Brown ရဲ့စံချိန်ကို ကျိုးသွားစေခဲ့ပါတယ်။ အဲဒီကားမှာက လစ်ဇ်ရဲ့ပြိုင်ဘက်တစ်ဦးဖြစ်တဲ့ ဒယ်ဘီရေနိုးလ် ပါဝင်သရုပ်ဆောင်ခဲ့တာပါ။ The Sandpiper ဟာ သရုပ်ဆောင်နှစ်ယောက် အိမ်ထောင်ရေးဖောက်ပြန်မှုကို ကျောရိုးယူပြီး ရိုက်ကူးခဲ့တာဖြစ်ပေမဲ့ အံ့မခန်းဝင်ငွေရရှိခဲ့တာကြောင့် သူတို့ဖောက်ပြန်မှုကို ရပ်ရှင်ကြည့်ပရိသတ်များက ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ကြပြီလားလို့ သုံးသပ်စရာဖြစ်လာခဲ့ပါတယ်။

ပဲရစ်မှာ နေထိုင်စဉ် သူတို့ဇနီးမောင်နှံက လန်ကက်စတာ ဟိုတယ်မှာ အထပ်နှစ်ထပ် ငှားရမ်းထားလိုက်ပါတယ်။ တစ်နိုင်ငံမှတစ်နိုင်ငံ လှည့်လည်သွားလာနေရတဲ့ ဂျစ်ပစီများလို ဖြစ်နေတဲ့ သူတို့မိသားစုမှာ အင်မတန်အဆော့သန်တဲ့ မယားပါသားများဖြစ်တဲ့ မိုက်ကယ်လ်၊ ခရစ္စတိုဖာ၊ သမီး လီဆာတော့ဒ်အပြင် သူတို့မွေးစားထားတဲ့တင်ပါးဆုံရိုးရောဂါသည်လေး အသက် ၄ နှစ် အရွယ်ရှိ မာရီယာဘာတန်လည်း ပါဝင်ပါတယ်။ ဒီကလေးတွေအတွက် ပညာသင်ကြားပေးဖို့ ဆရာတစ်ဦးကို ငှားရမ်းထားပါတယ်။ ဒီဆရာကလည်း သူတို့သွားလေရာ လိုက်နေရတာပါ။ ပညာသင်ကြားပေးတဲ့ဆရာက ကလေးတွေအပေါ်မှာ မိဘများက လျစ်လျူရှုထားသလိုဖြစ်နေတဲ့အတွက် အုပ်ထိန်းသူ ရှိသင့်တယ်လို့ အကြံပြုပါတယ်။ ဒါကြောင့် ဘာတန်က သားယောက်ျားလေးများအနေနဲ့ မိသားစုသွားရာကို တကောက်ကောက်လိုက်နေမယ့်အစား တစ်နေရာရာမှာ ကျောင်းအိပ်ကျောင်းစား ထားသင့်တယ်လို့ တွေးမိပါတယ်။ ဒါပေမဲ့ လစ်ဇ်ကတော့ သူ့သားသမီးတွေကို သူနဲ့သာ ရင်အုပ်မကွာ ထားချင်ပါတယ်။

နောက် ဆယ်စုနှစ်အကြာမှာ ဘာတန်မိသားစုများရဲ့ မိတ်ဆွေလည်းဖြစ်၊ ကိုယ်ပိုင်ဓာတ်ပုံဆရာလည်း ဖြစ်လာတဲ့ ဂျီးရားနီဘူဇာချီရဲ့အဆိုအရဆိုရင် လစ်ဇ်က ဂျက်ဆီကာကလေးကို သူတို့ဆီခေါ်ထားပြီး သူနာပြုဆရာမတစ်ယောက် သီးခြားထားပေးချင်ပါတယ်။ သူတို့မိသားစုကြီးဆိုတာကလည်း လူနည်းနည်းနောနောမှ မဟုတ်တာ။ ဒစ်ဟမ်လေနဲ့ သူ့အဖော် ဂျွန်လီး(အမျိုးသားအတွဲ)၊ ဘာတန်ရဲ့ဝေယျာဝစ္စလုပ်တဲ့ ဘော့ဝီလ်ဆင်နဲ့ဇနီး၊ လစ်ဇ်ရဲ့မိတ်ကပ်သမား ရွန်ဘာကလေ၊ လက်ဖွဲ့သမားဟောင်း သက်တော်စောင့်ဖြစ်တဲ့ ဘော်ဘီလာဆေးလ်၊ ပြင်သစ်လူမျိုး ယာဉ်မောင်း ဂတ်စတန်၊ ဆရာမလည်းဖြစ်၊ အုပ်ချုပ်သူလည်း ဖြစ် အတူနေသူနာပြုအဖြစ်လည်း ဆောင်ရွက်ပေးနေတဲ့ မာရီယာတို့ ပါဝင်ကြပါတယ်။ နောက်ထပ် သူနာပြုဆရာမတစ်ယောက် ငှားရဦးမယ်ဆိုရင်လည်း သူတို့အနေနဲ့ တတ်နိုင်ပါတယ်။ ကိုယ်ပိုင်ကုမ္ပဏီနှစ်ခုကနေ ခန့်မှန်းခြေ တစ်နှစ်ကို ဒေါ်လာ သန်း ၅၀(ယခုခေတ် ဒေါ်လာ သန်း ၃၅၀) လောက် ဝင်ငွေရှိနေပါတယ်။

ဒါပေမဲ့ ဘာတန်က လစ်ဇ်အကြံ ပေးသလို သမီး ဂျက်ဆီကာကို Long Island မှာရှိတဲ့ မသန်မစွမ်းစခန်းမှာ ထားရှိရာကနေ ခေါ်ယူဖို့ သဘောမတူ ပါဘူး။ အကြောင်းတစ်ခုကတော့ မိခင် ဖြစ်တဲ့ စစ်ဘဲလ်က သူ့သမီးကို ခေါ်ယူ ခွင့်ပေးမှာ မဟုတ်လို့ပါပဲ။ ဒီလို ခွင့် မပြုတာကလည်း ဘာတန်နဲ့ သူ့ကြားမှာ တစ်မျှင်တည်းသော သံယောဇဉ်ကြိုး မျှင်က ဂျက်ဆီကာသာ ဖြစ်လို့ မပေး ခြင်းဖြစ်လိမ့်မယ်လို့ ဘူဇာချီက တွေ့ပါ တယ်။ ဒီလို သံယောဇဉ်ကလေး ရှိနေ ခြင်းက တစ်ချိန်ချိန်မှာ ခင်ပွန်းဟောင်း ဘာတန် သူ့ဆီပြန်လာလိမ့်မယ်လို့ စစ် ဘဲလ်က မျှော်လင့်ကောင်းမျှော်လင့်နိုင် ပါတယ်။ လစ်ဇ်ဆိုတဲ့ မိန်းမက ခေါင်း မာတဲ့နေရာမှာ နှစ်ယောက်မရှိသလို လူ တစ်ယောက်ရဲ့ပျော့ကွက်ဟာကွက်ကို လည်း ရှာတတ်ဖွေတတ်နှိုက်ထုတ် တတ်သူဖြစ်တာကြောင့် ဘာတန်ရဲ့သံ ယောဇဉ်ကို သူတစ်ယောက်တည်းဆီမှာ သာ ပုံထားနိုင်အောင် အပြင်မှာရှိနေတဲ့ ဂျက်ဆီကာကို အနားရောက်အောင် ခေါ် လိုခြင်းပါပဲ။ ဘာတန်အနေနဲ့ သမီး အတွက် လိုအပ်တဲ့ငွေကြေးမှန်သမျှ ပံ့ပိုး ပေးနိုင်တာဖြစ်ပေမဲ့ ကိုယ်ဖိရင်ဖိ မပြု စုနိုင်ခြင်းကို တစိမ့်စိမ့်တွေးပြီး စိတ်မ ကောင်းဖြစ်နေတယ်ဆိုတာကိုလည်း လစ်ဇ်က နားလည်ထားတဲ့အတွက် ဒီ စိတ်ကူးကို အကောင်အထည်ဖော်ဖို့ ကြိုး စားခဲ့ခြင်းပါပဲ။

ဘာတန်ဘက်က ကြည့်မယ်ဆိုရင် သရုပ်ဆောင်အလုပ်တွေလုပ်ရတယ်။ ငွေရတယ်။ အောင်မြင်မှုတွေ ရတယ်။ ဒါပေမဲ့ သံယောဇဉ်ရှိတဲ့ ဒုက္ခိတသမီး ကလေးနဲ့ ကွေကွင်းနေရခြင်းက သူ့ အတွက် သောကမီးဖြစ်စေပါတယ်။ ဒီ သောကမီးကို ငြိမ်းသတ်ဖို့ ကြိုးစားနိုင် တဲ့နည်းက တစ်နည်းသာ ရှိပါတယ်။ အဲဒါကတော့ လောကကြီးကို မေ့နေ

www.burmeseclassic.com

အောင် အရက်သောက်နေခြင်းပါပဲ။ ဒါကြောင့် ၁၉၆၆ ခုနှစ် ဖေဖော်ဝါရီလမှာ ရိုက်ကူးတဲ့ The Taming of the Shrew ဇာတ်ကားမှာ တွဲဖက်သရုပ်ဆောင်ရတဲ့ ရုပ်ရှင်မင်းသား မိုက်ကယ်လ်ယော့ခ်က ဘာတန်ကို 'ဝေလခွေးမည်းတစ်ကောင်' လို့ သုံးသပ်ပါတယ်။ မိုက်ကယ်လ်ယော့ခ်ကိုယ်တိုင်က ဝေလသွေးနှောသူ ဖြစ်ပေမဲ့ ဘာတန်ရဲ့အနုပညာကို နှမြောသောအားဖြင့် ဒီလိုသုံးသပ်လိုက်ခြင်းပါ။ 'သူဟာ ပီတာအိုတူးလ်နဲ့ ခေတ်ပြိုင်မင်းသားတစ်လက်ပဲ။ ဒါပေမဲ့ သူလည်း ပီတာလိုပဲ အရက်သောက်ပြီး ကိုယ့်ကိုယ်ကိုဖျက်ဆီးနေတာ။ တကယ်တော့ သူတို့ဟာ ဘာမှမဖြစ်လောက်တဲ့ ချည်မျှင်လေးတစ်ချောင်းနဲ့ ကိုယ့်ကိုယ်ကို ကြိုးဆွဲချနေကြတာ' လို့လည်း မိုက်ကယ်လ်က ဆိုပါတယ်။

စိတ်ဓာတ်ပျက်ပြားနေတဲ့ ဘာတန်ကို နှစ်သိမ့်မှုပေးနိုင်ဖို့ လစ်ဇ်က ပြင်သစ်မှာ ဘာတန်အတွက် အကောင်းစား ဝတ်စုံ ၃၇ စုံဝယ်ပေးခဲ့ပါတယ်။

၁၉၆၅ ခုနှစ် ဇန်နဝါရီလမှာ ဘာတန်မိသားစုကြီး လန်ဒန်မြို့ကို ပြန်သွားကြပြီး သူတို့အကြိုက်ဆုံးဟိုတယ်ဖြစ်တဲ့ ချိန်ကလိန်းလမ်းက ဒေါ်ချက်စတာဟိုတယ်မှာ တည်းခိုကြပါတယ်။ ဟိုတယ်ပိုင်ရှင်ကြီးဖြစ်တဲ့ မာကျော်ရီလီးက သူတို့မိသားစုအတွက် အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးပါတယ်။ သွားရေးလာရေးကအစ စားသောက်ဆိုင်သွားရာမှာ နေရာကြိုတင်မှာကြားတဲ့ကိစ္စ၊ ဝေလပြည်နယ်က အမျိုးများလာရောက်ရင်လည်း တည်းခိုဖို့ကိစ္စ၊ သူတို့အခန်းများမှာ လိုလေးသေးမရှိ ဖြည့်ဆည်းပေးရေးအထိ မာကျော်ရီက တာဝန်ယူပါတယ်။ ဘာတန်ရဲ့အမျိုးတွေလာလို့ တည်းခိုစရာ အခန်းမကျန်တော့ရင်တောင် မာကျော်ရီက ရှိပြီးသားဧည့်သည်တွေကို နှင်ပေးတဲ့အထိ စွမ်းဆောင်ခဲ့တာပါ။ သူ ဒီလိုလုပ်ပေးတာက ကမ္ဘာကျော်ဇနီးမောင်နှံဖြစ်တဲ့ ဘာတန်နဲ့လစ်ဇ်တို့နဲ့ ရင်းနှီးမှုရအောင်လို့သာ ဖြစ်ပါတယ်။

ဘာတန်က The Spy Who Came in from the Cold ရုပ်ရှင်ဇာတ်ကား ရိုက်ကူးဖို့ လက်ခံလိုက်ပါတယ်။ ဒီဇာတ်ကားမှာ တွဲဖက်သရုပ်ဆောင်ရမယ့် မင်းသမီးက လစ်ဇ်နဲ့ မတွေ့ခင် ချစ်ကျွမ်းဝင်ခဲ့ဖူးတယ်လို့ သတင်းကြီးခဲ့ဖူးတဲ့ ရုပ်ရှင်မင်းသမီး ကလယ်ရာဘလူးမ် ဖြစ်ပါတယ်။ ဒီမင်းသမီးနဲ့ တွဲပြီး သရုပ်ဆောင်ရမယ်ဆိုတာကိုတော့ လစ်ဇ်က မကြည်ဖြူလှပါဘူး။ သူ သိထားတာက ကလယ်ရာနဲ့ ဘာတန်တို့ တစ်ချိန်တုန်းက ချစ်ကျွမ်းဝင်ခဲ့ကြဖူးပြီး ကလယ်ရာနဲ့ လမ်းခွဲကြပြီးတဲ့နောက်မှ သူနဲ့ တွေ့ခဲ့တယ်ဆိုတာပါပဲ။

ကလယ်ရာ ဆိုတာကလည်း လစ်ဇ်လိုပဲ ဆံပင်အနက်ရောင်နဲ့ ရုပ်ချောတဲ့မင်းသမီးတစ်လက်ပါ။ ဒါပေမဲ့ ကလယ်ရာက လစ်ဇ်ထက် သာတဲ့အချက်တစ်ခုကတော့ လန်ဒန်ဇာတ်ခုံများပေါ်မှာလည်း အောင်မြင်ခဲ့သူဖြစ်ပြီး ဂုဏ်သိက္ခာရှိတဲ့ မင်းသမီးအဖြစ် ထင်ပေါ်ခဲ့ပါတယ်။ ကလယ်ရာနဲ့ ဘာတန်တို့က ၁၉၄၉ ခုနှစ်မှာ The Lady's Not for Burning ပြဇာတ်အတွက် လူတွေ့စစ်ဆေးစဉ်က ဆုံခဲ့ကြတာပါ။ ဒီပြဇာတ်ကို ဒါရိုက်တာ ဂျွန်ဂီးလ်ဘတ်က စီစဉ်တင်ဆက်ခဲ့တာဖြစ်ပြီး လန်ဒန်မြို့ အနောက်ပိုင်းက Globe ဇာတ်ရုံကြီးမှာ ကပြခဲ့တာပါ။ လူတွေ့စစ်ဆေးရာမှာ ဘာတန်နဲ့ ကလယ်ရာတို့က တစ်တွဲ ကျပါတယ်။ ထိုင်ပြီး စကားပြောရတာဖြစ်ပေမဲ့ မြင်မြင်ချင်း ဆွဲဆောင်မှုအားကောင်းတယ်ဆိုတာကို ကလယ်ရာ မှတ်မိခဲ့ပါတယ်။ အဲဒီတုန်းက ပထမဆုံးအကြိမ်တွေ့ခဲ့တာကိုပဲ မမေ့နိုင်အောင် ရှိခဲ့တာကို နောင် ၄၆ နှစ်အကြာ ၁၉၉၅ ခုနှစ်မှာ သူကိုယ်တိုင်ရေးခဲ့တဲ့ Leaving a Doll's House မှာ ဒီလိုဖော်ပြခဲ့ပါတယ်။

'...ဒီနေ့ထက်ထိ ကျွန်မ မမေ့နိုင်သေးတဲ့ မြင်ကွင်းကတော့ သူ ထိုင်ရမယ့်ကုလားထိုင်မှာ ယောက်ျားပီပီသသထိုင်နေတဲ့မြင်ကွင်းပါပဲ။ အသားအရေက ခပ်ကြမ်းကြမ်း၊ မျက်နှာပေါ်မှာ ကျောက်ပေါက်မာ ခပ်သဲ့သဲ့ ရှိနေပေမဲ့ အစိမ်းရောင်သူ့မျက်လုံးတွေက ဆွဲဆောင်အားအပြည့်ရှိပါတယ်။ သူ့ကို မြင်လိုက်ကတည်းက ထူးထူးခြားခြားချောတဲ့ ယောက်ျားတစ်ယောက်ပဲလို့ ကျွန်မ မှတ်မိလိုက်တယ်'တဲ့။ တကယ်တော့ အဲဒီအချိန်မှာ ဘာတန်က စစ်ဘဲလ်နဲ့ လက်ထပ်ဖို့ရာ စီစဉ်ထားပြီးဖြစ်တဲ့အပြင် အသက်အရွယ်အားဖြင့် ၂၃ နှစ်ရှိပါပြီ။ သူတို့နှစ်ယောက်တွဲပြီး သရုပ်ဆောင်ရတဲ့ပြဇာတ်က နယ်လှည့်ပြီး ရက်သတ္တပတ် ၁၁ ပတ်ကြာအောင် ကပြခဲ့ရပါတယ်။ ပြဇာတ်တစ်ဖွဲ့သားလုံးက ဘာတန်နဲ့ ကလယ်ရာတို့ ငြိစွန်းနေကြပြီဆိုတာ ရိပ်မိခဲ့ကြပါတယ်။ ဘာတန်နဲ့စစ်ဘဲလ်တို့ လက်ထပ်ပြီးတဲ့နောက်မှာလည်း ပြဇာတ်က ဆက်လက်ကပြနေရဆဲဖြစ်ပြီး ကပြရာသို့ စစ်ဘဲလ်က မကြာခဏလိုက်လာလေ့ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ကလယ်ရာက သူ့စာအုပ်မှာ 'ကျွန်မတို့နှစ်ယောက် ဇာတ်လမ်းက စမကခင်ကတည်း ပြည်ဖုံးကားချခဲ့ပါပြီ' လို့ ရေးသားခဲ့ပါတယ်။

ပြဇာတ်ကပြနေတဲ့ တစ်လျှောက်လုံး သူတို့နှစ်ယောက် ချစ်ကြိုးသွယ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဘာတန်က စစ်ဘဲလ်အပေါ်မှာ ပစ်ပစ်ခါခါပြုတဲ့အထိတော့ သစ္စာမဖောက်ခဲ့ပါဘူး။ နောက်လေးနှစ်အကြာမှာ ဘာတန်က လန်ဒန်မြို့ ဝါတာလူးလမ်းပေါ်မှာရှိတဲ့ Old Vic ဇာတ်ရုံမှာ ရှိတ်စပီးယားပြဇာတ်တွေ လေးပုဒ်အထိ ကပြခဲ့ရပါတယ်။ အဲဒီအချိန်မှာ ကလယ်ရာကလည်း ပြဇာတ်လေးပုဒ်စလုံးမှာ မင်းသမီးအဖြစ် တွဲဖက်သရုပ်ဆောင်ရတာကြောင့် သူတို့အချစ်ရေးဟာ ဖွဲမီးများလို တငွေ့ငွေ့ ရှိနေခဲ့တာပါ။ အခုတစ်ကြိမ် ရုပ်ရှင်ရိုက်ကူးရာမှာ ပြန်ဆုံကြမယ်ဆိုတော့ လစ်ဇ် စိတ်ပူမယ်ဆိုရင်လည်း ပူလောက်စရာပါပဲ။

*(ဆက်လက်ဖော်ပြပါမည်)* ■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မသေခင် သွားရမယ့် နေရာပေါင်း တစ်ထောင်(၆)

ဓမ္မာဦး



Delos Theatre

ဂရိပြည် (Greece)

ကျွန်မ ဂျာမနီပြည်အကြောင်း ရေးခဲ့စဉ်က သီးသန့်ခေါင်းစဉ်ငယ် မတပ်ခဲ့ပါဘူး။ ဂရိပြည်အကြောင်းရေးတော့မှ သက်ဆိုင်ရာတိုင်းပြည်ရဲ့ခေါင်းစဉ် အောက်မှာရေးရင် ပိုအဆင်ပြေမယ်လို့ ယူဆခဲ့လို့ ဒီလကစပြီး မသေခင်သွားရမယ့် နေရာပေါင်း တစ်ထောင်ကို တိုင်းပြည်ခေါင်းစဉ်ငယ်နဲ့ ရေးသွားပါ့မယ်။ ဂရိပြည်က ဒဏ္ဍာရီတွေ များလွန်းလို့ ဒဏ္ဍာရီတို့တိုင်းပြည် အမည်နဲ့ ကျွန်မ ခရီးသွားဆောင်းပါးတွေ ရေးခဲ့ဖူးပါတယ်။ ကျွန်းတွေက အလွန်များတဲ့ ဂရိပြည်ကတော့ သမိုင်းဝင် နေရာတစ်ခုဖြစ်ရုံမက ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကိုလည်း စတင်ခဲ့ရာ တိုင်းပြည်ပါ။ ဂရိတိုင်းပြည်မှာ ကျွန်းပေါင်း တစ်ထောင့်လေးရာလောက်ရှိပြီး ကျွန်းပေါင်း နှစ်ရာနှစ်ဆယ့်ခုနစ်ခု မှာတော့ ရိုဆော့တွေ၊ အပန်းဖြေစခန်းတွေ၊ လူတွေ နေထိုင်ကြပါတယ်။ ကျွန်မကတော့ အငြိမ်းစားယူပြီးတဲ့အခါမှာ ဂရိကျွန်းတွေ တစ်ခုပြီးတစ်ခုသွားတဲ့ Cruise ခေါ်တဲ့ ဇိမ်ခံသင်္ဘောကြီးနဲ့ တစ်လလောက်သွားဖို့ ကြံရွယ်ထားပါတယ်။ မသေခင် လုပ်သွားချင်တဲ့ စာရင်းကို Bucket List သို့မဟုတ် ဆွဲပုံးထဲက စာရင်းလို့ တင်စားခေါ်လေ့ရှိတာပါ။ ကျွန်မရဲ့ဆွဲပုံးထဲက စာရင်းတွေထဲမှာ ဂရိကျွန်းတွေဆီ သွားမယ့်စာရင်းက ထိပ်ဆုံးပါပဲ။ လူတိုင်း မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြသလို ပိုအသက်ရှည်အောင်လည်း

www.burmeseclassic.com

www.burmeseclassic.com

မျှော်လင့်ချက်တွေကို ဆွဲဆန့်ပေးနိုင်ပါရဲ့။

**CRETE(ခရိကျွန်း)**


ဂရိပြည်ရဲ့ကျွန်းတွေမှာ အကြီးဆုံးဖြစ်သလို စိတ်ဝင်စားစရာနဲ့ ဆွဲဆောင်မှုအကောင်းဆုံးရှိတဲ့ ကျွန်းလည်းဖြစ်သတဲ့။ ခရိကျွန်းမှာ မီနိုဝင် (Minoan) ယဉ်ကျေးမှုမွေးဖွားရာနေရာတစ်ခုပေါ့။ မီနိုဝင်ယဉ်ကျေးမှုက ဥရောပမှာ ပထမဆုံး ခေတ်ရှေ့ပြေးတဲ့ ယဉ်ကျေးမှု ဖြစ်ခဲ့ပါတယ်။ နိုစိုစ်(Knossos) မြို့တော်ကို ၁၉၀၀ ခုနှစ်မှာ တူးဖော်နိုင်ခဲ့တာလေ။ နိုစိုစ်မြို့တော်ကတော့ ဒဏ္ဍာရီဆန်တဲ့ ဘုရင်မီနိုစ်(Minos)က အုပ်စိုးခဲ့ပြီး သူ့ရဲ့မိဖုရားက သားတော် မီနိုတော (Minotaur)ကို (လူတစ်ပိုင်း နွားတစ်ပိုင်း)မွေးခဲ့သတဲ့။ အဲဒီနတ်ဘုရား မီနိုတောကို နန်းတော်ရဲ့အောက်ဘက် ဝင်္ကပါဆန်တဲ့ လှိုဏ်ဂူနေရာမှာ ထားခဲ့ပြီး လူတွေကိုသတ်ပြီး ယဇ်နတ်ပူဇော်ခဲ့တဲ့ ဓာတ်လမ်းက စိတ်ဝင်စားစရာပေါ့။ အဲဒီနန်းတော်ကြီးကို ဘီစီ ၁၇၀၀ ကတည်းက တည်ခဲ့ပေမဲ့ နန်းတော်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ၊ ကျယ်ပြန့်အချိုးကျပုံက အခုခေတ်ပုံစံအတိုင်း ဖြစ်နေတာပါ။ နံရံနဲ့အမိုးတွေမှာ ရုပ်တုတွေနဲ့ တန်ဆာဆင်ထားပုံတွေက ရုပ်လုံးကြွသက်ဝင်လှုပ်ရှားလှပါရဲ့။ ရှေးဟောင်းသုတေသနပညာရှင်တွေကတော့ နိုစိုစ်နန်းတော် ပြန်လည်ပြုပြင်ရေးမှာ အငြင်းပွားနေဆဲပါပဲ။ ၂၀ ရာစု အစပိုင်းမှာ ရှေးဟောင်းသုတေသနပညာရှင် ဆာအာသာအီဗင်စ်ရဲ့မှန်းဆပြုပြင်မှုတွေကတော့ အကောင်းဆုံးလို့ သတ်မှတ်ကြဆဲပါ။

အထူးသဖြင့် တော်ဝင်မိသားစုတွေ နေထိုင်ခဲ့တဲ့ အခန်းတွေကတော့ နန်းတော်အတွင်း ဖိမ်ကျကျနဲ့ နေခဲ့မယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်သလို လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးထောင်ခုနှစ်ရာကျော်ကတည်းက မီနိုဝင်လူမျိုးတွေက လေးထပ်တိုက်ဆောက်ခဲ့၊ အခန်းတွေဖွဲ့ပြီး နေခဲ့ကြတာလေ။ မီနိုဝင်တွေရဲ့ဘဝက ငြိမ်းချမ်းပြီး ထူးခြားစွာ ခေတ်ရှေ့ပြေးခဲ့တာ အမှန်ပါပဲ။ မီနိုဝင်တို့အိမ်အပြင်မှာ ဆင်ယင်ထားတဲ့ ပန်းပုတွေနဲ့ ရတနာပစ္စည်းတွေက ရှေးဟောင်းကမ္ဘာ့လက်ရာတွေကို ကျော်လွှားနိုင်ခဲ့ပါရဲ့။ အခုအခါ ဟီရာခ်လိုင်ယွန် (Heraklion) ရှေးဟောင်းသုတေသနပြတိုက်မှာ ပြသထားပါတယ်။

အဲဒီနန်းတော်နားမှာရှိတဲ့ Phaistos (ဖာစ်တိုစ်)နန်းတော်ကတော့ ရှေးဟောင်းအနုပညာလက်ရာတွေ ထုံးမီးစံကျ မတိမ်းမယွင်း ထိန်းသိမ်းထားတာမျိုးကို လေ့လာချင်သူတွေအတွက်တော့ နေရာကောင်းတစ်ခုပေါ့။ နိုစိုစ်နန်းတော်နဲ့ တစ်ချိန်တည်းလောက်မှာ တူးဖော်ခဲ့ပေမဲ့ ဘာတစ်ခုကိုမှ ပြန်လည်ပြုပြင်ထားခြင်းမရှိဘဲ မူလလက်ရာအတိုင်း တွေ့နိုင်ပါတယ်။

ခရိကျွန်းမှာ ရင်သပ်ရှုမောဖွယ်ကောင်းအောင် သဘာဝအလှလည်း ရှိပါသေးရဲ့။ အဲဒီနေရာကတော့ ဆာမာရီယာ(Samaria)ချောက်ကြီးပါပဲ။ ဥရောပမှာ အရှည်ဆုံး လျှိုမြောင်ကြီးပေါ့။ နာမည်ကြီးတဲ့ ချောက်ကြီးထဲကို တောင်ခါးပန်းကနေ ဆင်းရတာ ပင်ပန်းလှသတဲ့။ အဖြူရောင် တောင်တန်းလို့ ခေါ်တဲ့ တောင်ပေါ်ကနေ ပေသုံးထောင် အနက်ကို ဆင်းခဲ့ရတာလေ။ ပထမ တစ်မိုင်မှာတော့ သစ်သားလှေကားတွေက မြွေလိမ်မြွေကောက်ဖြစ်နေတာပါ။ နောက်ပိုင်း ဆယ့်တစ်မိုင်လောက်ကတော့ လမ်းသိပ်မဆိုးဘဲ တောင်ပေါ်မှာပေါက်တဲ့ စမုန်ဖြူ(Thyme)နဲ့အော်ရီဂါနို(Oregano)ခေါ်တဲ့ဟင်းခတ်အမွှေးအကြိုင်ပင် အရိုင်းတွေရဲ့အနံ့က သင်းပျံ့နေတာတဲ့။

အဲဒီချောက်ကြီးထဲ သွားတဲ့ခရီးမှာ ကံကောင်းရင် ဦးချိုကြီးနဲ့ တောင်







www.burmeseclassic.com

www.burmeseclassic.com

ဆိတ်အရိုင်းတွေကို တွေ့နိုင်ပြန်တာပါ။ ချောက်ကြီးရဲ့ခရီးမှာ အထူးခြားဆုံး နေရာကတော့ သံဂိတ်ဝဖျားလို့ အမည်ရတဲ့နေရာကို ဖြတ်ကြရတာပါပဲ။ ကိုးပေလောက်သာကျယ်တဲ့ နေရာအတွင်း ကတ်ကတ်သတ်သတ်နဲ့ ဝင်ခဲ့ကြရတာကိုး၊ ချောက်ကြီးရဲ့ အကျဉ်းမြောင်းဆုံးနေရာ ဖြစ်ပြီး တစ်ဖက်စီမှာတော့ ချွန်ထက်တဲ့ ကျောက်နံရံ(အမြင့်ပေနှစ်ထောင်)တွေ ရှိနေတာလေ။ ငါးနာရီကနေ ခုနစ်နာရီလောက်ချောက်ကြီး အောက်ဘက်ဆုံးကို ဆင်းလာတဲ့အခါ လစ်ဘီယမ်(Libyan) ပင်လယ်ရေအေးထဲမှာ ဝင်စိမ်ပြီး ပင်လယ်ဘေးက ရွာလေးတွေမှာ နားနိုင်တာပါ။ အမြင့်ကနေ ပင်လယ်ထဲ ခုန်ဆင်းချင်ရင်တော့ ချာနီယာ(Chania)လို့ခေါ်တဲ့ သမိုင်းဝင်သင်္ဘောဆိပ်ရှိတဲ့နေရာကို သွားရမှာတဲ့။

ခရိကျွန်းမှာ သွားသင့်တဲ့နေရာနောက်တစ်ခုကတော့ အီလောင်ဒါမဲရ်(Elounda Mare) ဟိုတယ်ပါပဲ။ တောင်စောင်းလှေကားထစ်မှာ ဆောက်ထားပြီး မီရာဘယ်လာ(Mirabella) ပင်လယ်အော်နဲ့ အဝေးက တောင်တန်းအလှတွေ ကောင်းကောင်းမြင်နိုင်တာပါ။ ဟိုတယ်တွေရဲ့ ဆွိ(Suites)အခန်းတွေမှာ သီးသန့်ပန်းခြံနဲ့ ရေကူးကန်ငယ်လေးတွေ ရှိနေသလို စိမ်းပြာရောင် ပင်လယ်ဆီကိုလည်း ဟိုတယ်ကနေ အလွယ်တကူ သွားနိုင်သတဲ့။ ဒီဟိုတယ်ကတော့ မြောက်ပိုင်း ဥရောပရဲ့ ကြွယ်ဝမှုရယ်၊ ကျွန်းရဲ့ ရိုးသားမှုရယ်ကို ပေါင်းစပ်ထားပါတယ်။ ဟိုတယ်ပတ်ဝန်းကျင်မှာ မယ်ဒီတေရေးနီယမ်ရဲ့ တင့်တယ်လှပမှုနဲ့ ရိုးရာတွေကို ရောင်ပြန်ဟပ်နေပေမဲ့ ဟိုတယ်အတွင်းမှာတော့ ဂရိလက်ရာ အကောင်းဆုံး ပရိဘောဂတွေရဲ့ မွမ်းမံထားရုံမက အစားအသောက်ကလည်း လက်ဖျားခါလောက်ပါရဲ့။

အီလောင်ဒါမဲရ် ဟိုတယ်မှာ အကောင်းဆုံး စားသောက်ဆိုင်သုံးဆိုင်ရှိသလို ပင်လယ်လေ တိုက်ရိုက်တိုက်ခတ်နေတဲ့ဟိုတယ်အပြင်ဘက်မှာလည်း ညစာစားနိုင်သတဲ့။ အထူးသဖြင့် ပင်လယ်စာတွေ အလွန်လတ်ဆတ်ပြီး ဝိုင်တွေရဲ့စာရင်းကလည်း စုံလွန်းတာလေ။

ကျွန်မ ခရိကျွန်းကို မရောက်ခဲ့ဖူးပါဘူး။ ခရိကျွန်းရဲ့ မီးပြတိုက်ရှိရာကိုတော့ ဂရိကျွန်းတစ်ခုကနေ လှမ်းမျှော်ကြည့်ခဲ့ဖူးပါရဲ့။ အလွန်လွမ်းစရာကောင်းတဲ့ မြင်ကွင်းကို ကျွန်မ မြင်ယောင်ဆဲပေါ့။

**MYKONOS AND DELOS**

Mykonos(မီကိုနို့စ်)ကျွန်းကတော့



Delos Temple

www.burmeseclassic.com

www.burmeseclassic.com

ဂရိပြည်မှာ သက်ဝင်လှုပ်ရှားလှတဲ့ ပါတီပွဲကျွန်းလို့တောင် အမည်တပ်နိုင်ပါရဲ့။ ဥရောပခရီးသည် အတော်များများ၊ လူငယ်နဲ့ဟန်ကြီးပန်ကြီးနိုင်သူတွေပါမကျန် မိုးအလင်း ကခုန်ကြတဲ့နေရာတွေက မီကိုနို့စ်မှာ အများကြီးပေါ့။ ပထမဆုံး အလည်ရောက်သူများကို သွေးဆောင်ဖြားယောင်းနိုင်စွမ်းရှိသလို နောက်ထပ်မလာချင်အောင်စိတ်ပျက်စေမှုမျိုးကိုလည်း ပေးနိုင်စွမ်းရှိသတဲ့။

ပို့စ်ကတ်ဓာတ်ပုံတစ်ခုလို ဖြစ်နေတဲ့ ချိုရာ(Chora) အရပ်မှာတော့ အိမ်တွေကို အဖြူရောင်ဆွတ်ဆွတ်ဖြစ်အောင် သန့်စင်ထားတာမို့ မျက်လုံးကျိန်းစရာကောင်းလှပါတယ်။ အိမ်တွေကို ပြုပြင်ထိန်းသိမ်းထားတာရယ်၊ လမ်းတွေ သန့်ရှင်းနေတာတွေက လက်ဖျားခါစရာပေါ့။

မီကိုနို့စ်ကျွန်းမှာတော့ မြို့ပြဆန်တဲ့ ကလပ်တွေ၊ လိင်တူဆက်ဆံသူတွေရဲ့ ဘားတွေ၊ ကိုယ်လုံးတီးနဲ့ ရေကူးနိုင်တဲ့ သီးသန့် ကမ်းခြေတွေနဲ့အတူ ဂရိရိုးရာ အနည်းငယ်ကို ရောမွှေထားတာကို တိုးရစ်တွေ နှစ်သက်ပြီး ဝင်လာမစဲ ဖြစ်နေတယ်ဆိုပါတော့။ ချောက်သွေ့ပြီး ကျောက်တောင်ထူထပ်တဲ့ကျွန်းမှာ ခေတ်ဟောင်း လေရဟတ်ကြီးတွေနဲ့အတူ ဘုရားကျောင်းကြီး၊ ဘုရားကျောင်းငယ်ပေါင်း လေးထောင်လောက် ရှိတာပါ။ မြို့လယ်မှာတော့ သကြားလုံးတွေနဲ့တူတဲ့ လေးထောင့်အိမ်တွေ ကျပ်နေပေမဲ့ အိမ်တွေရဲ့တံခါးတွေနဲ့ အမိုးခုံးတွေမှာ အပြာရောင်တောက်တောက် ဆေးသုတ်ထားတာရယ်၊ စက္ကူပန်းအနီနဲ့ပန်းရောင်တွေက ဝေဆာနေတာရယ်ကြောင့် တိုးရစ်ရာသီမှာ လူတွေအုတ်အုတ်ကျက်ကျက် ဖြစ်နေတာလေ။

လမ်းကျဉ်းအကွေ့အကောက်တွေ များတာမို့ တစ်ချိန်က ပင်လယ်ဓားပြတွေကို မျက်စိလည်စေခဲ့တာပါ။ အဲဒီလို လမ်းကျဉ်းအကွေ့အကောက်တွေက ပင်လယ်လေ တိုက်ရိုက်တိုက်ခတ်မှုကိုလည်း ကာကွယ်စေနိုင်သတဲ့။ ပင်လယ်ဓားပြတွေက မီကိုနို့စ်ကျွန်းကို



Mykonos

၁၈ ရာစုနဲ့ ၁၉ ရာစုတွေမှာ ခြေရှုပ်ခဲ့ပေမဲ့ အခုအချိန်မှာတော့ တိုးရစ်တွေက အမိုးသာပါတဲ့ စားသောက်ဆိုင်တွေ၊ အရက်ဆိုင်တွေ၊ အဆင့်မြင့် အဝတ်အထည်အရောင်းဆိုင်တွေနဲ့ မြို့ခံအိမ်တွေငှားပြီး ခြေရှုပ်နေကြပါရဲ့။ ကျွန်းမှာ ကျက်စားနေတဲ့ Pelican(ငှက်ကြီးဝန်ပိုငှက်) တွေက ယဉ်ပါးနေပေမဲ့ စိတ်ပုပ်တဲ့ အဘိုးအိုလိုလို၊ လာဘ်ကောင်လိုလိုနဲ့ ရေပေါ်မှာ ဟန်ရေးပြပြီး အလုပ်များနေပုံကလည်း ကြည့်လို့ ကောင်းနေပါတယ်။

မီကိုနို့စ်ကျွန်းကတော့ ၁၀ × ၇ မိုင်သာ ကျယ်ဝန်းတဲ့ကျွန်းပါ။ ဇိမ်ခံသင်္ဘော(Cruise Ship)က တိုးရစ်တွေ တစ်နေ့တစ်နေ့ ထောင်နဲ့ချီ သင်္ဘောငယ်လေးတွေနဲ့ ရောက်လာခဲ့တာကို ရှောင်ချင်ရင်တော့ မြို့လယ်နဲ့ နှစ်မိုင်လောက်ဝေးတဲ့ ပင်လယ်ကမ်းခြေကို သွားပြီး ကီဗိုတို့စ်ကလပ် ဟိုတယ်မှာ နားနေနိုင်ပါတယ်။ မီကိုနို့စ်ကျွန်းရဲ့ အကောင်းဆုံးနားခိုရာနေရာတစ်ခုပေါ့။ ဒါမှမဟုတ် မီကိုနို့စ်နားက ဒီလို့စ်(Delos) ကျွန်းကို သင်္ဘောငယ်လေး စီးပြီး သွားနိုင်တာပါ။

သေးငယ်ပြီး လေတိုက်ကြမ်းတဲ့ ဒီလို့စ်ကျွန်းကတော့ ဒဏ္ဍာရီထဲက အပိုလို(Apollo)ရဲ့ မွေးဖွားရာ ဇာတိကျွန်းပါပဲ။ အပိုလိုနတ်ဘုရားကတော့ အမှန်တရားနဲ့ အလင်းရောင်ကို ချုပ်ကိုင်သူဖြစ်ပြီး သူ့ရဲ့ အမြွှာညီမဖြစ်သူ အာတီမစ်(Artemis)ကတော့ လနတ်ဖုရားမဖြစ်ပါတယ်။ ဘီစီ ၁၀၀၀ လောက်ကတည်းက ရှေးဟောင်းလူမျိုးတွေဖြစ်တဲ့ အိုင်အိုနီယန်းစ်(Ionians)တွေက ဒီလို့စ်ကျွန်းမှာ နေထိုင်ခဲ့ရုံမက သူတို့ရဲ့ ဘာသာရေးဆိုင်ရာ ဗဟိုဌာနအဖြစ်လည်း သတ်မှတ်ခဲ့တာတဲ့။ စစ်မဟာဗျူဟာကျတဲ့နေရာဖြစ်တာရော၊ လွ... ဝှက်တဲ့ နတ်ဘုရားတွေရဲ့ ကာကွယ်မှု ရတဲ့နေရာလို့ ယုံကြည်တဲ့နေရာကြောင့်


www.burmeseclassic.com

www.burmeseclassic.com



ကျွန်းတစ်ခုလုံးနီးပါးလို့ တင်စားရအောင်ကို ကြီးမားတဲ့အမိုးပွင့်ဇာတ်ရုံကြီးက တစ်မိုင်ခွဲရှည်တာပါ။ တကယ့်ကို ရှေးဟောင်းသုတေသနဆိုင်ရာစာအုပ်ကြီးဖွင့်ထားသလိုပါပဲ။ ရှေးဟောင်းအဆောက်အဦအပြိုအပျက်တွေ၊ ကြွေစကပ်ပန်းချီတွေနဲ့အတူ နွေဦးမှာတော့ ပန်းရိုင်းတွေ လှိုင်လှိုင်ပွင့်တဲ့နေရာပေါ့။

၁၉ ရာစုကတည်းက ရှေးဟောင်းယဉ်ကျေးမှုတွေ ဒီလို့စ်ကျွန်းမှာ ဖော်ထုတ်နေတာ ယနေ့တိုင်ပါပဲ။ အထူးသဖြင့် အလွန်ကျော်ကြားတဲ့နေရာကတော့ ခြင်္သေ့များရင်ပြင်ပေါ့။ ဘီစီ ၇ ရာစုကတည်းက တည်ထားခဲ့တဲ့ စကျင်ကျောက်ဖြူနဲ့ ခြင်္သေ့ကြီးကိုးကောင်မှာ ငါးကောင်က မူလလက်ရာမပျက် ကျန်ရှိဆဲပါပဲ။ ဒီလို့စ်ကျွန်းရောက်သူတိုင်း ဓာတ်ပုံရိုက်ရမယ့်နေရာတစ်ခုပါ။ အဲဒီ



Knosos Palace - Crete

ဒီလို့စ်ကျွန်းက အေဂျီယန်ပင်လယ် (Aegean)မှာ အဓိက သင်္ဘောဆိပ်အနေနဲ့ရော၊ ကျွန်တွေရောင်းဝယ်ဖောက်ကားမှုပြုလုပ်ရာအရပ်အနေနဲ့ရော အထော်လေးကြွယ်ဝချမ်းသာခဲ့ပါတယ်။ ဘီစီ ၇၀ နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနဲ့ လျစ်လျူပြုခြင်းခံခဲ့ရတာလေ။

ခြင်္သေ့အုပ်စုထဲက တစ်ကောင်ကတော့ ဗင်းနစ်မြို့(အီတလီပြည်)အဝင်ဝမှာ ရှိနေဆဲဖြစ်သလို ဂရိတိုင်းပြည်ကလည်း ပြန်ပေးဖို့ တောင်းဆိုနေဆဲပါပဲ။

ကျွန်မ မီကိုနို့စ်ကျွန်းကို ရောက်ခဲ့စဉ်က ဂျက်ကီအို(Jackie O)ဆိုတဲ့ စားသောက်ဆိုင်ကို တွေ့ခဲ့ရပါတယ်။ US သမ္မတကတော်ဟောင်း ဂျက်ကလင်းကနေဒီက ဂရိသင်္ဘောသူဌေးကြီးနဲ့ လက်ထပ်ခဲ့ပြီး ဂျက်ကီအိုနာစစ်ကို အတိုကောက် ဂျက်ကီအိုလို့ ခေါ်ခဲ့တာလေ။ မီကိုနို့စ်ကျွန်းမှာ ဂျက်ကီအိုက လာရောက် အပန်းဖြေလေ့ရှိသတဲ့။ အိုနာစစ်ရဲ့ ကိုယ်ပိုင်ပင်လယ်ကမ်းခြေရှိခဲ့တဲ့ ကျွန်းပါပဲ။

**SANTORINI**

ဆဲန်တိုရီနီကျွန်းကတော့ ဂရိကျွန်းစုသွားရောက်ခဲ့ကြသူတိုင်းရဲ့ အနှစ်သက်ဆုံးကျွန်းအဖြစ် နံပါတ်တစ်မှာ ရှိဆဲပေါ့။ အေဂျီယမ်ပင်လယ်ထဲက ကျွန်းပေါင်းများစွာထဲမှာ ဆဲန်တိုရီနီရဲ့ သဘာဝအနေအထားကိုက ဘယ်ကျွန်းနဲ့မှ မတူပါဘူး။ ဒီကျွန်းရဲ့ တရားဝင်အမည်က သီရာ(Thira)ဖြစ်ပါတယ်။ ကျွန်မညီမကတော့ မာမာမီယာ (Mama Mia)ကျွန်းလို့ အမည်ပေးထားတာပါ။ မာမာမီယာရုပ်ရှင် အဲဒီကျွန်းမှာ ရိုက်ကူးခဲ့တာလေ။ နောက်အမည်တစ်မျိုးကတော့ ဥရောပအလယ်ခေတ်ကာလတုန်းက သူတော်စင် အိုင်ရင်းကို အဂတိလိုက်စားမှုနဲ့ အီတာလျံတွေက ဒီကျွန်းကို ပို့ထားတာမို့ စိန့်အိုင်ရင်း ကျွန်းလို့ ရှေးအခါက အမည်တွင်ခဲ့ပါတယ်။

မည်သို့သော အမည်တွေ စုံနေပါစေ ဗိမ်ခံသင်္ဘောကြီးက လူတွေ၊ ကျွန်းတစ်ကျွန်းကနေတစ်ကျွန်း သွားလာနေတဲ့လူတွေ ဂရိကျွန်းတွေကို လှည့်လည်သွားတဲ့စာရင်းထဲမှာ ရောက်အောင်သွားရမယ့်ကျွန်းအဖြစ် ပါဝင်နေတာပါ။ ဒါပေမဲ့ ကျွန်းကလူတွေ အများကြီးကို လက်ခံထားဖို့နေရာ မရှိပါဘူး။ ဗိမ်ခံသင်္ဘောပေါ်က လူတွေကတော့ နာရီပိုင်းလောက်သာ နေခွင့်ရှိပါတယ်။ နွေရာသီမှာတော့ ဆဲန်တိုရီနီတစ်ကျွန်းလုံးက ငှားလို့ရတဲ့ အခန်းမှန်သမျှ အပြဲတမ်း လူပြည့်နေလို့ပါပဲ။

နောက်လမှာ ဆဲန်တိုရီနီကျွန်းအကြောင်း ဆက်ရေးပါဦးမယ်။


မုဒိတာတရားပွားများကြပါစေ။

■ မေတ္တာဦး



www.burmeseclassic.com

www.burmeseclassic.com



# One Direction INTERVIEW

ရာပြည့်

ဆယ်ကျော်သက်မိန်းကလေး ပရိသတ်တွေ သည်းသည်းလှုပ် နှစ်သက်ကြတဲ့ ကမ္ဘာကျော် ဗြိတိသျှလူငယ်ဂီတအဖွဲ့ One Direction ရဲ့အဖွဲ့သားတွေကို G.Q မဂ္ဂဇင်းက ဆောင်းပါးရှင် Jonathan Heat က One Direction အဖွဲ့ တီးခတ်ဖျော်ဖြေနေတဲ့ လန်ဒန်မြို့ O₂ Arena က ပွဲခင်းထဲအထိ သွားရောက်တွေ့ဆုံပြီး မေးမြန်းခန်းတစ်ရပ် ပြုလုပ်ခဲ့ပါတယ်။

တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ်မှာ One Direction အဖွဲ့သား ငါးယောက်ကိုသာမက သူတို့တစ်တွေရဲ့ မှတ်တမ်းရုပ်ရှင် **This Is Us** ကို ပွဲခင်းထဲမှာ ရိုက်ကူးပေးသူ ဒါရိုက်တာ Morgan Spurlock, သီချင်းတွဲဖက်ရေးသားသူ Julian Bunetta နဲ့ အဖွဲ့ရဲ့မန်နေဂျာ Harry Magee တို့ကိုပါ တွေ့ဆုံမေးမြန်းခဲ့တာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




ပရိသတ်တစ်သောင်းရှိတဲ့ လူပင်လယ်ကြီးထဲမှာ ပွင့်ဟာနေတဲ့ ပါးစပ်အစုံပေါင်းများစွာ
ရာနဲ့ချီတဲ့ အပြုံးရောင်မျက်လုံးအစုံတွေ၊ လေထဲမှာ မြှောက်ပြထားတဲ့
လက်ဖဝါး လေးသောင်းကျော်တို့နဲ့အတူ ထောင်နဲ့ချီတဲ့
မိန်းကလေးပရိသတ်တွေဟာ One Dierction ရဲ့
သီချင်းစာသားတွေထဲမှာ၊ သံစဉ်တွေထဲမှာ တိမ်းညွတ်မိန်းမောနေကြပါတယ်
'ဒီတစ်ညလုံး မင်းနဲ့အတူနေချင်ပြီ'လို့
စင်ပေါ်ကဆိုလိုက်ရင်ပဲ ပရိသတ်မှာ သည်းသည်း လှုပ်နေကြပါတော့တယ်



www.burmeseclassic.com

www.burmeseclassic.com



One Direction အဖွဲ့သားတစ်ဦး Harry Styles

စက်တင်ဘာလထုတ်အဖြစ် တင်ဆက်မယ့် GQမဂ္ဂဇင်းကို အွန်လိုင်းပေါ်မှာ ဩဂုတ်လဆန်းကတည်းက တင်ပေးခဲ့တဲ့အပြင် One Direction အဖွဲ့သားတစ်ယောက်ချင်းစီရဲ့ ပုံတွေနဲ့ မဂ္ဂဇင်းအဖုံးကို ငါးမျိုးလုပ်ပြီး One Direction ပရိသတ်တွေကို ဆွဲဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ တွေ့ဆုံမေးမြန်းခန်းထဲမှာ Harry Styles ရဲ့ ကိုယ်ရေးကိစ္စတွေကို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းရေးသားလာတာကို ဖတ်လိုက်ရတဲ့ ပရိသတ်တွေက GQ မဂ္ဂဇင်းအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်လာခဲ့ကြပါတော့တယ်။

လူမှုကွန်ရက်တွေပေါ်ကနေ ခြိမ်းခြောက်ကြိမ်းမောင်းမှု အမျိုးမျိုး ပြုလုပ်ခဲ့သလို GQ ဝန်ထမ်းတွေကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း သတ်ပစ်မယ်ဆိုတဲ့အထိ ပရိသတ်ရဲ့ဒေါသပေါက်ကွဲမှုက ပြင်းထန်ခဲ့ပါတယ်။ အွန်လိုင်းတစ်ခုလုံးပေါ်မှာ One Direction ပရိသတ်တွေရဲ့ ကြိမ်းမောင်းခြိမ်းခြောက်သံတွေ ဆူညံသွားလောက်အောင် ဖြစ်စေခဲ့ရတဲ့ GQ မဂ္ဂဇင်းဆောင်းပါးရှင် Jonathan Heat ရဲ့ One Direction နဲ့ တွေ့ဆုံခန်းကို ဂီတချစ်သူတွေအတွက် တင်ဆက်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

ဆယ်ကျော်သက် မိန်းကလေးဂီတပရိသတ်ရဲ့အသည်းစွဲဗြိတိသျှလူငယ်ဂီတအဖွဲ့ One Direction အကြောင်းမှတ်တမ်းရုပ်ရှင်ကို **This Is Us** အမည်နဲ့ ရိုက်ကူးတင်ဆက်ခဲ့သူ ဒါရိုက်တာ Morgan Spurlock က One Direction ရဲ့သီချင်းတွေကို နားဆင်ရတဲ့အခါမှာ ဆယ်ကျော်သက် မိန်းကလေးတွေရဲ့ ခန္ဓာကိုယ်မှာ တုံ့ပြန်ဖြစ်ပေါ်ပုံတွေကို သိပ္ပံနည်းကျ ဆန်းစစ်လေ့လာပြီး သူ့ရဲ့ မှတ်တမ်းရုပ်ရှင်ထဲမှာ ရှင်းလင်းပြောကြားပေးဖို့ ဆရာဝန်တစ်ဦးကို ခေါ်ယူခဲ့ပါတယ်။ **Super Size Me, Where In the World Is Osama Bin Laden?** အစရှိတဲ့ ဇာတ်ကားတွေကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ Morgan Spurlock ဟာ အဲဒီအချက်ကို သူ့ရဲ့မှတ်တမ်းရုပ်ရှင် **This Is Us** မှာ အမိအရ ရိုက်ကူးပြချင်ခဲ့တာပါ။ ဆရာဝန် ခေါ်ယူတာတောင်မှ စိတ်ကူးအသစ်အဆန်းတွေနဲ့ အလုပ်လုပ်တတ်တဲ့သူ ရအောင်လို့ အမေရိကက မခေါ်ခဲ့ဘဲ ဥရောပဘက်က ဆရာဝန်ကိုသာ ရွေးချယ်ခေါ်ယူခဲ့တယ်လို့လည်း Morgan Spurlock က GQမဂ္ဂဇင်းနဲ့ တွေ့ဆုံခန်းမှာ ရယ်ရယ်မောမော ပြောကြားခဲ့ပါတယ်။

Spurlockနဲ့ တွေ့ဆုံမေးမြန်းနေချိန်မှာ အဲဒီလို သိပ္ပံနည်းကျ စမ်းသပ်ချက်တွေဟာ ပရိသတ်တွေအတွက် စိတ်ဝင်စားစရာ ဖြစ်မယ်ဆိုတာ သံသယမရှိပေမဲ့ မှတ်တမ်းရုပ်ရှင်ထဲမှာ မပါမဖြစ် ဖြစ်ရလောက်အောင် ဖြစ်နေပုံကို အံ့အားသင့်မိခဲ့ရပါတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ဆယ်ကျော်သက် မိန်းကလေးတွေ အရည်ပျော်ကျမတတ် ဖြစ်ရအောင် လွှမ်းမိုးနိုင်လွန်းတဲ့ One Direction လူငယ်ဂီတအဖွဲ့ရဲ့အစွမ်းဟာ အံ့မခန်းရှိတယ်ဆိုတာကို သိလာခဲ့ရပါတယ်။

လန်ဒန်မြို့ $O_2$ Arena အားကစားကွင်းအတွင်းမှာ One Direction အဖွဲ့ရဲ့ ဖျော်ဖြေမှုကို လာရောက်အားပေးဖို့ ရောက်ရှိနေတဲ့ အရွယ်စုံမိန်းကလေးတွေဟာ One Direction ကလွဲပြီး ဘာကိုမှ အလေးမထားသူတွေပါ။ သူတို့ဟာ ဂန္ထဝင်ရော့ခ်ဂီတအဖွဲ့ Rolling Stones ကိုလည်း အလေးမထားကြပါဘူး။ အသားကပ်ဘောင်းဘီတွေ၊ ဘောင်းဘီ



www.burmeseclassic.com


www.burmeseclassic.com

အပွဲတွေ ဝတ်ဆင်ရာကနေ One Direction အဖွဲ့သားတွေလိုပဲ ဂျင်းဘောင်းဘီကိုသာ ပြောင်းလဲဝတ်ဆင်လာကြတဲ့ ဝတ်စားဆင်ယင်မှုဆိုင်ရာ အလေ့အထသံသရာလည်ပုံကိုလည်း ဂရုမပြုကြပါဘူး။ သူတို့တစ်တွေ အလေးထားဆုံးကတော့ One Direction အဖွဲ့သားတွေဖြစ်တဲ့ Harry, Zayn, Niall, Louis နဲ့ Liam တို့ကို သူတော်စင်တွေအလားကောင်းချီးပေး ဟာစ်ကြွေးကြဖို့သာပဲဖြစ်ပါတယ်။

ကွင်းထဲမှာတော့ အရွယ်စုံ မိန်းကလေးပရိသတ် နှစ်သောင်းလောက်ရဲ့ အော်ဟစ်အားပေးသံတွေက ဗုံးတစ်လုံးပေါက်ကွဲတဲ့ အလားပါပဲ။ ၂၀၁၀ ခုနှစ်တုန်းက ကျင်းပခဲ့တဲ့ The X Factor ရုပ်/သံအဆိုပြိုင်ပွဲမှာ ပြိုင်ပွဲစီစဉ်တင်ဆက်သူ ဂီတဂုရုကြီး Simon Cowell က ပေါင်းစပ်ဖွဲ့စည်းပေးခဲ့တဲ့ One Direction ရဲ့ လူငယ်လေး ငါးယောက်ဟာ သူတို့ရဲ့ ဖန်တီးရှင်ကိုယ်တိုင် မျှော်သင့်ထားတာထက်တောင် ပိုပြီး အောင်မြင်နေတဲ့ ယောကျာ်းကြီးတွေ ဖြစ်နေပြီပေါ့။ One Direction ဟာ Starbucks, Coca-Cola, Facebook တို့လိုပဲ လူမှုကွန်ရက်တွေပေါ်ကနေ ကမ္ဘာကျော်တွေ ဖြစ်လာခဲ့ကြတာပါ။ အခုဆို Twitter စာမျက်နှာထက်မှာ One Direction ရဲ့ ပရိသတ်ပေါင်း ၁၃ သန်းလောက် ရှိနေပါပြီ။ ဒါတောင်မှ သူတို့တစ်ဦးချင်းစီရဲ့ ပရိသတ်အရေအတွက်ကို ထည့်တွက်ထားသေးတာ မဟုတ်ပါဘူး။

1D ရဲ့ ပွဲဦးထွက် အယ်လ်ဘမ်ဟာ အမေရိကရဲ့ Billboard အရောင်းဇယားနံပါတ် 'တစ်' နေရာကို ၂၀၁၂ ခုနှစ်၊ မတ်လမှာ ရယူနိုင်ခဲ့ပါတယ်။ ဒီလိုပွဲဦးထွက် အောင်မြင်မှုမျိုးကို ဘယ် UK ဂီတအဖွဲ့မှ မရဖူးခဲ့ပါဘူး။ Beatles, Rolling Stones, ColdPlay, Mumford & Sons အစရှိတဲ့ ကမ္ဘာကျော် ဗြိတိသျှဂီတအဖွဲ့တွေဟာ သူတို့ရဲ့ ပွဲဦးထွက် အယ်လ်ဘမ်နဲ့ အမေရိကရဲ့ Billboard အရောင်းဇယားမှာ နံပါတ် 'တစ်' နေရာ မရခဲ့ကြဖူးပါဘူး။ ဒီမှာတင် မရပ်သေးပါဘူး။ သူတို့ရဲ့ ဆင်ဂဲလ်သီချင်း ဓာတ်ပြားချပ်ရေ ၁၉ သန်းရောင်းချခဲ့ရပြီး ၂၀၁၁ ခုနှစ်ထုတ် ပထမအယ်လ်ဘမ် *Up All Night* နဲ့ ၂၀၁၂ ခုနှစ်ထုတ် ဒုတိယအယ်လ်ဘမ် *Take Me Home* နှစ်ခုပေါင်း ရောင်းအားဟာ အယ်လ်ဘမ်ချပ်ရေ ဆယ်သန်းအထိ ရှိပါတယ်။ အခုလအတွင်းမှာလည်း သူတို့ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ပေးထားတဲ့ **This Is Us** အမည်ရ မှတ်တမ်းရုပ်ရှင်ကို ရုံတင်ပြသဦးမှာဖြစ်တဲ့အပြင် တတိယမြောက် အယ်လ်ဘမ်ကိုလည်း အသံသွင်းနေပါပြီ။ ဒါတင်မကသေးပါဘူး၊ စတာလင်ပေါင် သန်းနဲ့ချီပြီး ဝင်ငွေရှာပေးမယ့် လုပ်ငန်းနယ်ပယ်ကလည်း ကျယ်သည်ထက် ကျယ်လာခဲ့တာ သူတို့ရုပ်ပုံပါတဲ့ ထမင်းဘူးထုတ်တာကအစ ကိုယ်တိုင်ထုတ်လုပ်တဲ့ ရေမွှေးတံဆိပ်အဆုံး များပြားကျယ်ပြန့်လွန်းလှပါတယ်။ သူတို့တစ်တွေရဲ့ ရည်မှန်းချက်၊ ဒါမှမဟုတ် သူတို့ကို စီမံခန့်ခွဲပေးနေတဲ့ သူတွေရဲ့ ရည်မှန်းချက်တွေကတော့ အတိုင်းအဆမရှိအောင်ကို များပြားလှပုံရပါတယ်။

မျှော်မှန်းချက် ကြီးမားလှတဲ့ ဒါရိုက်တာ Spurlock ရဲ့ **This Is Us** အမည်ရ 3D မှတ်တမ်း ရုပ်ရှင်ဇာတ်ကားရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ရိုက်ကူးဖို့ ပြင်ဆင်ထားတဲ့ ပွဲကြည့်စင် အထပ်ထပ်ပါ $O_2$ Arena အားကစားကွင်းဝိုင်းကြီးထဲမှာတော့ အခါတိုင်းညထက်ပိုပြီး ထူးခြားနေတာ တွေ့ရပါတယ်။ အရွယ်အစား ကြီးမားလှတဲ့ F65 ရုပ်ရှင်ရိုက်ကူးရေး ကင်မရာကြီးတွေကိုလည်း အပျိုမလေးတွေရဲ့ မျက်ရည်တစ်ပေါက်၊ ရှက်





www.burmeseclassic.com

www.burmeseclassic.com

သွေးဖြာနေတဲ့ ပါးပြင်တစ်ခု၊ ညစ်တီးညစ်ပတ် ရေးထားတာလေးတွေ အပါအဝင် မိန်းကလေးပရိသတ်လက်ထဲက လက်လုပ် ဆိုင်းဘုတ်လေးတွေအဆုံး၊ တစ်ခုမှ မလွတ်တမ်း ရိုက်ကူးနိုင်လောက်အောင် နေရာချထားပါတယ်။ ပရိသတ်တစ်သောင်းရှိတဲ့ လူပင်လယ်ကြီးထဲမှာ ပွင့်ဟနေတဲ့ ပါးစပ်အစုံပေါင်းများစွာ ရာနှုန်းချီတဲ့ အဖြူရောင် မျက်လုံးအစုံတွေ၊ လေထဲမှာ မြှောက်ပြထားတဲ့ လက်ဖဝါး လေးသောင်းကျော်တို့နဲ့အတူ စတိုင်းနယ်စပ်ကို ဖြတ်ရတာထက်တောင် ဆိုးပါသေးတယ်။ တွေ့ဆုံမေးမြန်းရာမှာလည်း အကန့်အသတ်တွေ ရှိပါသေးတယ်။ 1D အဖွဲ့သား ငါးယောက်ကို နှစ်ကြိမ်ခွဲ တွေ့ဆုံမေးမြန်းရမှာဖြစ်ပြီး တစ်ကြိမ်ကို ၁၅ မိနစ်အထိပဲ ခွင့်ပြုထားပါတယ်။ Liam နဲ့ Niall ကို အရင်တွေ့ရမှာဖြစ်ပြီး Louis, Zayn နဲ့ Harry တို့ကို ဒုတိယအသုတ်အဖြစ် တွေ့ဆုံရမှာဖြစ်ပါတယ်။ တစ်ယောက်ကို ခြောက်မိနစ်လောက်ပဲ မေးမြန်းခွင့်လာကြသလိုပါပဲ။ သူတို့ဟာ ယဉ်ကျေးပျူငှာကြပြီး သူတို့ရဲ့ အောင်မြင်မှုကိုတောင် အမှတ်မထားဘဲ ပျော်ပျော်ပါးပါး နေနေကြတာ တကယ်တော့ သူတို့ပြောမယ့် စကားတွေဟာ အဝတ်လဲခန်းရဲ့ နံရံလေးဖက်အပြင်ကို ကျော်ထွက်ပြီး အကျိုးသက်ရောက်မှုတွေ ဖြစ်လာလိမ့်မယ်ဆိုတာကို အမှုမဲ့ အမှတ်မဲ့ ဖြစ်ပုံရပါတယ်။

တွေ့ဆုံမေးမြန်းခန်း ပြုလုပ်တဲ့ညဟာ $O_2$ Arena မှာ ဖျော်ဖြေမယ့် ခြောက်




ထောင်နဲ့ချီတဲ့ မိန်းကလေးပရိသတ်တွေဟာ One Dierction ရဲ့ သီချင်းစာသားတွေထဲမှာ၊ သံစဉ်တွေထဲမှာ တိမ်းညွတ်မိန်းမော နေကြပါတယ်။ 'ဒီတစ်ညလုံး မင်းနဲ့အတူနေချင်ပြီ' လို့ စင်ပေါ်ကဆိုလိုက်ရင်ပဲ ပရိသတ်မှာ သည်းသည်းလှုပ်နေကြပါတော့တယ်။

1D အဖွဲ့သားတွေကို တွေ့ဆုံမေးမြန်းဖို့အတွက် ပွဲမစခင်လေးကမှ $O_2$ Arena ကို ရောက်ရှိလာတဲ့ စာရေးသူကို ဓာတ်စင်နောက်က ကိုက်ငါးဆယ်လောက် အကွာမှာရှိတဲ့ အဝတ်လဲခန်းဆီကို တာဝန်ခံတွေက ခေါ်ဆောင်သွားခဲ့ပါတယ်။ လမ်းတစ်လျှောက် စစ်လိုက်၊ ဆေးလိုက်ပုံကတော့ အစွရေးနဲ့ပါလက်ရပါမယ်လို့ဆိုရာရောက်တဲ့ အပြင် 'မမေးရ' လို့ ကြိုတင်သတ်မှတ်ထားတဲ့ အကြောင်းအရာလေးတွေလည်း ရှိပြန်ပါသေးတယ်။ Harry နဲ့တွေ့ရင် Taylor Swift အကြောင်း မေးခွင့်မရှိပါဘူး။ ဒီလိုပဲ Zayn နဲ့တွေ့ရင် အခုနှစ် အစောပိုင်းတုန်းက ဖြစ်ခဲ့တဲ့ သူ့ရဲ့ ဓာတ်လမ်းလေးတစ်ပုဒ်နဲ့ပတ်သက်ပြီး မေးမြန်းခွင့်မရှိပါဘူး။ အသက် ၁၉ နှစ်စီရှိကြပြီဖြစ်တဲ့ Liam Payn နဲ့ Niall Horan တို့နှစ်ဦးဟာ ပေါ့ပေါ့ပါးပါး အားကစားဝတ်စုံကိုယ်စီ ဝတ်ဆင်ထားကြပြီး လွတ်လွတ်လပ်လပ် ခုန်ပေါက်မြူးထူးနေလိုက်ကြတာ အင်နီမေးရှင်း ဓာတ်ကားတွေထဲက လူသားဓာတ်ရုပ်တွေ အပြင်ကို ထွက်ညထဲက ပဥ္စမမြောက်ညပါ။ ဒါပြီးရင် 1D အဖွဲ့သားတွေဟာ ဥရောပ၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျ၊ နယူးဇီလန်စတဲ့ နိုင်ငံတွေမှာ ရှစ်လအတွင်း ပွဲချီပေါင်း ၁၂၈ ပွဲတိတိ ဖျော်ဖြေရမှာဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်းခန်းကို စီစဉ်ထားတဲ့အတိုင်း Liam နဲ့ Niall တို့နှစ်ယောက်နဲ့ စခဲ့ပါတယ်။

**GQ: နိုင်ငံပေါင်းစုံက ပရိသတ်တွေကြားမှာ မတူကွဲပြားတာ တစ်ခုခုကိုများ သတိပြုမိပါသလား။**

**Liam:** အမှန်အတိုင်းပြောရရင်တော့ ကျွန်တော် သတိမပြုမိပါဘူး။ ကျွန်တော့်အထင်ပြောရရင် ကျွန်တော်တို့ရဲ့ ပရိသတ်

www.burmeseclassic.com

www.burmeseclassic.com

အားလုံးဟာ သူ့အတိုင်းအတာနဲ့ သူတော့ အရူးအမူး ဖြစ်ကြတာပါပဲ။ မရပ်မနား စတမ်းကို အရူးအမူးဖြစ်ကြတာပါ။

**Niall:** သူတို့တွေကတော့ တကယ့်အရူးအမူးပဲ။ကျွန်တော် မြင်မိသလောက်ကတော့ အသံကုန် အော်ဟစ်နေတဲ့ မျက်နှာတွေဟာ ပင်လယ်ကြီးလိုပဲ။ တောင်အမေရိကမှာဆို ပိုတောင်ကဲသေးတယ်။ ပွဲခင်းအပြင်ဘက်မှာ တစ်ချိန်လုံး ကပွဲလုပ်နေတာလေ။

**GQ: အယ်လ်ဘမ်အသစ်နဲ့ပတ်သက်ပြီး ဘာများ ပြောပြနိုင်ပါသလဲ။ အယ်လ်ဘမ်အသစ်မှာ ဂီတအမျိုးအစားရော ပြောင်းဖို့ရှိပါသလား။**

**Niall:** အယ်လ်ဘမ်အသစ်ထုတ်မယ့်ရက်ကို သတ်မှတ်မထားရသေးပါဘူး။ အချိန်ထပ်ယူပြီး သီချင်းသစ်တွေ ထပ်သွင်းဖို့လည်း လုပ်နေပါတယ်။ အယ်လ်ဘမ်သစ်က နည်းနည်းတော့ ဟဲဗီးဆန်မယ်၊ ရော့ခ်ပိုဆန်မယ်ပေါ့။ နည်းနည်းလေးပိုပြီး အေးတဲ့သီချင်းလေးတွေ ပါမှာပါ။

**Liam:** ဒါကိုပဲ သီချင်းသံအသစ် အဖြစ် သတိပေးလိုက်တာလို့ မှတ်ရမှာပေါ့။

**GQ: ဒီလို ပြောင်းလဲတာဟာ 1D ရဲ့ ပုံရိပ်ကနေ ခွဲထွက်တဲ့ ခြေလှမ်းတစ်လှမ်းလို့ ဆိုနိုင်မလား။**

**Niall:** ကျွန်တော်တို့ကတော့ တကယ့်ကို ရိုးရိုးသားသားပါပဲ။ ကျွန်တော်တို့ တစ်တွေဟာ ဘဝကိုယ်စီရှိကြတဲ့ လူငါးယောက်လေ။

**Liam:** ကျွန်တော်တို့ ရှိနေတဲ့ လုပ်ငန်းနယ်ပယ်နဲ့ ရထားတဲ့ပရိသတ် အမျိုးအစားထဲမှာ ငယ်ရွယ်ခြင်းဆိုတဲ့ အတွေးကနေ ဘယ်တော့မှ လွတ်မြောက်မှာ မဟုတ်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ဆိုလိုတာက ဘယ်လိုပဲဖြစ်ဖြစ် ဘယ်သူက အသက်ကြီးချင်မှာလဲ။ ကျွန်တော်လည်း မကြီးချင်ဘူး။ ငယ်ငယ်တုန်းက ကြည့်ရတဲ့ အဆိုတော် Donny Osmond ရဲ့ မှတ်တမ်းရုပ်ရှင်အကြောင်း သတိရမိတယ်။ အဲဒီထဲမှာ သူက အမြဲတမ်း သပ်သပ်ရပ်ရပ်နဲ့ တကယ့်လူကြီးလူကောင်းတစ်ယောက်ပဲလေ။ ကျွန်တော်တို့လည်း သူ့လို ဖြစ်ချင်ဖြစ်မှာပေါ့။ ကျွန်တော်တို့ရဲ့ လက်ရှိပုံရိပ်ကနေ ခွဲထွက်တယ်ဆိုတာတောင် သူ့လို ဖြစ်ချင်ဖြစ်နိုင်သေးတာပဲဆိုတော့ အဲဒါကို ဘာဖြစ်လို့ ကျွန်တော်တို့ ဟန့်တားချင်ရမှာလဲ။

**Niall:** ကျွန်တော်တို့က ကိုယ့်မှာရှိတဲ့အတိုင်း ဘယ်လိုလူဖြစ်နေတယ်ဆိုတဲ့အတိုင်း သွားလိုက်ရုံပဲလေ။ သာမန်လူတွေလိုပဲ ရှိပါစေ။ ကျွန်တော်ကတော့ လူတွေ မျှော်လင့်ထားတဲ့ ပုံစံမျိုးနဲ့ မနေချင်ပါဘူး။

**GQ: ညှဉ့်ခံပွဲတွေ၊ အရက်သေစာ သောက်စားတာတွေနဲ့ ပတ်သက်လို့ နယ်လှည့်ဖျော်ဖြေပွဲ ထွက်ရာမှာ ဘယ်လို စည်းကမ်းတွေ ထားပါသလဲ။**

**Niall:** ကျွန်တော်တို့ကတော့ ပြောရလောက်အောင် ခရီးသွားရတာမျိုး မရှိသေးလို့ ဒီမေးခွန်းကို နောက်လတွေကျမှပဲ မေးစေချင်ပါတယ်။ အမေရိက နယ်လှည့်ပွဲထွက်ခဲ့တဲ့ မနှစ်က ပွဲစဉ်တစ်လျှောက်လုံးမှာတော့ ကျွန်တော်တို့အားလုံး အရွယ်ရောက်တဲ့ အသက်အရွယ် မဟုတ်ကြသေးတာကြောင့် ဘာညှဉ့်ခံပွဲမှ မလုပ်ခဲ့တာ တကယ်ပါ။

**Liam:** ညှဉ့်ခံပွဲလား၊ ညှဉ့်ခံပွဲတွေ လုပ်ရလောက်အောင် ကျွန်တော်တို့မှာ အချိန်မရပါဘူး။ ကျွန်တော်က တစ်ကိုယ်တည်းသမားလည်း မဟုတ်ဘူးလေ။ အခုလို ပြောတာမျိုးက ကျွန်တော့်ကို ဒုက္ခရောက်သွားစေနိုင်တယ်နော်။

**Niall:** ကျွန်တော်တို့က ပွဲပြီးတာနဲ့ တည်းခိုရာကို တန်းပြန်တာပဲ။ မိန်းကလေးတွေနဲ့ ဆုံတွေ့ပြီး ညှဉ့်ခံပွဲတက်ချင်ပေမဲ့ မလုပ်ဖြစ်ပါဘူး။

**Liam:** ကျွန်တော်တို့အတွက် စီစဉ်ပေးမယ့်လူများ လိုနေလို့လား။

**Niall:** တစ်ခုပြောမယ်။ Brit ဂီတထူးချွန်ဆုပေးပွဲမှာ တွေ့ခဲ့တဲ့ Ellie Goulding ဆို ဘယ်လိုနေမလဲ။ ဝိုး သူက သိပ်ပြီး ကြည့်လို့ကောင်းတာပဲ။

**Liam:** ထားလိုက်ပါ Niall ရာ။

**Niall:** ကောင်းပြီလေ၊ မင်းရော ဘယ်လိုလဲ၊ ဒါပေမဲ့ သူ့မှာချစ်သူရှိတယ်နော။

**GQ: ဘယ်လိုသီချင်းမျိုးကို ရေးဖြစ်ချင်ပါသလဲ။**

**Naill:** The Eagles ဂီတအဖွဲ့ရဲ့ *Hotel California* သီချင်းပါ။

**Liam:** အဆိုတော် Jay-Z ရဲ့ 99 Problems ပေါ့။

One Direction အဖွဲ့ရဲ့ သီချင်းရေးသားပုံ၊ နာမည်ကျော်သီချင်းတွေ ဖန်တီးပုံဟာလည်း တခြားနာမည်ကျော် ပေါ့ပ်ဂီတအဖွဲ့တွေရဲ့ ရေးသားဖန်တီးပုံနဲ့ အလားတူပါပဲ။ ဘာမှထူးခြားလှတယ်လို့တော့ မရှိပါဘူး။ ဝေဖန်တတော့ မဟုတ်ပေမဲ့ ဆယ်ကျော်သက်မိန်းကလေးတွေနဲ့ အရွယ်ရောက်ပြီး လူကြီးပရိသတ်တချို့ဟာ ပေါ့ပ်သီချင်းတွေ ရေဒီယိုပေါ်ကို ဘယ်လိုရောက်လာတယ်ဆိုတာ ဂရုပြုကြလေ့မရှိဘဲ အမှုမဲ့အမှတ်မဲ့နေတတ်ကြသူတွေပါ။ သူတို့က သီချင်းတစ်ပုဒ် နာမည်ကြီးပြီဆိုရင် နာမည်ကြီးသီချင်းလို့ပဲ သိထားကြတာ။

ပေါ့ပ်အဖွဲ့တွေက အဖွဲ့ရဲ့နာမည်ကို အသိအမှတ်ဖြစ်စေတဲ့ သီချင်းကိုယ်စီရှိကြတယ်။ 1 D မှာက အဖွဲ့သားငါးယောက်စလုံး အသံကောင်းတဲ့ ပါရမီရှင်တွေဖြစ်ပေမဲ့ ရေဒီယိုမှာ နာမည်ကျော်သီချင်းမရှိဘူး။ အဲဒါက သူတို့ရဲ့ ပြဿနာပဲ။ ဂီတလောကဆိုတာက သက်တမ်းသိပ်ရှည်ရှည်နေရဖို့ မလွယ်ဘူး။ 1 Dဟာ သူတို့ရဲ့ဆယ်ကျော်သက်ပရိသတ်အဝန်းအဝိုင်းလေးထဲမှာပဲ ရှိနေတာ သူတို့ရဲ့ပရိသတ်တွေ အသက်အရွယ်ရလာတာနဲ့အမျှ 1 Dက သူတို့ရဲ့ ဂီတသာလျှင် ထားရစ်ခဲ့ရမယ့် အမွေဖြစ်လာမှာပါ။

ဒါကို 1 D ရဲ့ စီမံခန့်ခွဲမှုအရပ်ရပ်ကို နောက်ကွယ်ကနေ စီစဉ်ဆောင်ရွက်ပေးနေသူ Harry Magee က သိထားပါတယ်။ 1 D အဖွဲ့သားတွေ အရွယ်ရောက်လူကြီးတွေ ဖြစ်လာကြတဲ့အခါ အဖွဲ့ကနေ ခွဲထွက်တာမျိုးမဖြစ်အောင် ပေါင်းစည်းထိန်းသိမ်းထားပေးနိုင်မှာက



www.burmeseclassic.com

သူတို့ရဲ့ ဂီတပဲဖြစ်တယ်လို့ Harry Magee က ဆိုပါတယ်။ 1 D ဂီတအဖွဲ့ရဲ့ အောင်မြင်မှုပမာဏဟာ မျှော်လင့်မထားတဲ့ အတိုင်းအတာဖြစ်တယ်လို့လည်း သူက ဆိုပါတယ်။ 1 Dနဲ့ ပတ်သက်ပြီး တာဝန်ထမ်းဆောင်ပေးနေကြတဲ့ အုပ်ချုပ်ရေးဝန်ထမ်းတွေ၊ ကိုယ်စားလှယ်တွေကနေ လိုင်စင်ရကုန်ပစ္စည်းထုတ်သူတွေ၊ လက်လီရောင်းချသူတွေအထိ အားလုံးသောသူတွေဟာ ဒီလောက်အောင်မြင်မှုကြီးမားတဲ့အဖွဲ့မျိုးနဲ့ တစ်ခါမှ အလုပ်မလုပ်ခဲ့ကြရဖူးသူတွေပဲလို့လည်း ဆိုပါတယ်။ သက်တမ်းနှစ်ဆယ့်ငါးနှစ်ကျော် ရပ်တည်နိုင်တဲ့ ဂီတအဖွဲ့တွေ ရှိကောင်းရှိနိုင်ပေမဲ့ 1 D အဖွဲ့လောက် ဈေးကွက်ကျယ်ပြန့်မှာ မဟုတ်ဘူးလို့လည်း Harry Magee က ပြောပြခဲ့ပါတယ်။ အထူးသဖြင့် ဖျော်ဖြေပွဲလက်မှတ်တွေ ရောင်းချတဲ့နေရာမှာ၊ အမှတ်တရပစ္စည်းတွေ ရောင်းချရာမှာ 1 Dကို မီကြမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ 'အမေရိကန်ပြည်ထောင်စုအတွင်း ပြီးခဲ့တဲ့နှစ်က ဖျော်ဖြေခဲ့သမျှနေရာတိုင်းမှာ အမှတ်တရပစ္စည်းတွေ ရောင်းချရတဲ့စံချိန် ကျိုးခဲ့ပါတယ်။ ဥရောပမှာလည်း အလားတူပါပဲ။ Backstreet Boys, Justin Bieber, Michael Jackson, Metallica ရော့ခ်ဂီတအဖွဲ့နဲ့ Live Aid ရဲ့ပွဲစဉ်တွေအားလုံးရဲ့ အရောင်းစံချိန်တွေကို ချိုးနိုင်ခဲ့ပါတယ်။ ရုံပွဲတွေမှာလည်း ပွဲကြည့်စင်တွေ ထပ်တိုးစေခဲ့ရပြီး သူများပွဲစဉ်တွေထက် ပိုများတဲ့ပရိသတ်တွေကို ဖျော်ဖြေပေးခဲ့ရပါတယ်'

'ဒါပေမဲ့ အဲဒီအားသာချက်တွေအားလုံးကို အရည်အသွေးကောင်းတဲ့ ဂီတနဲ့ အခြေပြုဆောက်တည်ထားရမှာပါ။ သူတို့တွေထဲက တစ်ယောက်ယောက်သာ တစ်ကိုယ်တော်ခွဲထွက်မယ်ဆိုရင် ကျွန်တော် အံ့ဩမိမှာပါ။ ကျွန်တော်တို့ 1 D အတွက် တစ်နှစ်ခွဲကနေ ၂ နှစ်စာလောက်ရှိမယ့် စီမံကိန်းတစ်ရပ် ချထားပြီးဖြစ်ပြီး သူတို့အားလုံးလည်း ပါဝင်ဖို့ သဘောတူထားပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအချက်ကို အမြဲတမ်းရင်ထဲမှာရှိနေအောင် ထိန်းသိမ်းတတ်ရပါမယ်။ သူတို့မှာ ရေဒီယို နာမည်ကြီးသီချင်းတွေ သိပ်မရှိဘူး။ သူတို့ရဲ့ ပထမဆုံးပွဲဦးထွက် ဆင်ဂဲလ်သီချင်းဖြစ်တဲ့ *What Makes You Beautiful* သီချင်းဟာ ဆယ်ကျော်သက်မိန်းကလေးတွေ အင်မတန်သဘောကျတဲ့ ဂန္တဝင်ပေါ့ပ်သီချင်းကောင်းတစ်ပုဒ်ပါ။ ဒါပေမဲ့ ဂီတက အရာရာကို အမြဲတမ်းမောင်းနှင်နေတာ မဟုတ်ဘူးဆိုတာလည်း သိထားရပါမယ်။ ဒီအတွက် ကျွန်တော်တို့ ကြိုးစားပမ်းစားလုပ်ရပါမယ်။ နာမည်ကြီးသီချင်းတွေရှိဖို့ လိုအပ်ပါတယ်။ ကိုယ့်ရဲ့သီချင်းတစ်ပုဒ်က ကိုယ့်ရဲ့အမာခံပရိသတ်ထက်ကျော်လွန်ပြီး တခြားသူတွေကပါ ကြိုက်နှစ်သက်တာမျိုးကို လူတိုင်းမျှော်လင့်မှာပါ။ ဒါဟာ 1 D ရဲ့ မျှော်လင့်ချက်လည်း ဖြစ်ပါတယ်။ သီချင်းကောင်းတွေ၊ ဓာတ်ပြားကောင်းတွေ ထုတ်နိုင်ဖို့ဆိုတာဟာ 1 D အဖွဲ့ရဲ့ အဓိကမျှော်မှန်းချက်လည်း ဖြစ်ပါတယ်' လို့ Harry Magee က ပြောပြသွားခဲ့ပါတယ်။

ဒါပေမဲ့ အမှတ်မထင်ကြားခဲ့ရတဲ့ အံ့အားသင့်စရာလေးတစ်ခုလည်း ရှိပါသေးတယ်။ Harry Magee ဟာ 1 D ရဲ့ ဖျော်ဖြေပွဲတွေကိုသွားတိုင်း မပျက်မကွက် မမေ့မလျော့ ဆောင်ယူသွားတတ်တဲ့ပစ္စည်းလေးတစ်ခုရှိတယ်လို့ ဆိုခဲ့တာပါ။ အဲဒီပစ္စည်းလေးက ဆူညံသံတွေ မကြားရအောင် နားမှာတပ်ထားရတဲ့ Earplug တစ်စုံပဲ ဖြစ်ပါတယ်။ အသံတွေက ဆူလွန်းလို့တဲ့လေ။

One Direction ဂီတအဖွဲ့နဲ့ ၂ နှစ်လောက်ကာလအတွင်း တွဲလိုက်၊ ခွဲလိုက်ဖြစ်နေတဲ့ လော့စ်အိန်ဂျလိစ်အခြေစိုက် ဓာတ်ပြားလည်းထုတ်၊ သီချင်းလည်းရေးတဲ့ အသက် ၃၀ နှစ်အရွယ်ရှိ Julian Bunetta နဲ့ တွေ့ဆုံမေးမြန်းရာမှာတော့ 1 D ရဲ့ ဓာတ်ပြားအယ်လ်ဘမ်အသစ်အကြောင်း ပြောဖြစ်ခဲ့ကြပါတယ်။ အယ်လ်ဘမ်အသစ်အတွက် သီချင်းရေးတာနဲ့ အသံသွင်းတာတွေကို ၂၀၁၃ ခု၊ ဇန်နဝါရီလလောက်ကတည်းက စခဲ့ကြတယ်လို့ Julian Bunetta က ရှင်းပြပါတယ်။ 'ဓာတ်ပြားသစ်ကတော့ ကြာဦးမယ်လို့ သိထားပါတယ်။ ကိုယ်တွေက အောင်မြင်ချင်တာကလည်း တစ်ကြောင်း၊ 1 D အဖွဲ့သားတွေက မှတ်တမ်းရုပ်ရှင်ရိုက်ကူးပေးနေကြရတာလည်းတစ်ကြောင်း၊ ကမ္ဘာလှည့်ဖျော်ဖြေပွဲတွေ တင်ဆက်နေကြရတာလည်း တစ်ကြောင်းတို့ကြောင့် အခုလို အချိန်ကြာခဲ့ရတာပါ။ သူတို့တွေ အားလပ်တဲ့အချိန်က ညနေခင်းလေးပဲ ရှိတယ်။ ညနေခင်းအစောပိုင်းအချိန်တွေလောက်ပဲ အားကြတယ်လေ၊ ကလေးတွေက တော်တော့်ကို အလုပ်များကြရှာတာပါ'

ဒီလိုဆိုတော့ အဲဒီ ပေါ့ပ်ဂီတရဲ့ လူငယ်ငါးယောက်မှာ အများစုက သီချင်းရေးတဲ့ အတတ်ပညာနဲ့ အတွေ့အကြုံမရှိပါဘဲနဲ့ Lady Gaga တို့ Daft Punk တို့လို လူတွေရဲ့နာမည်ကျော်သီချင်းတွေနဲ့ ယှဉ်ပြိုင်နိုင်လောက်တဲ့ သီချင်းကောင်းတွေကို ဘယ်လိုများရေးကြသလဲလို့ Bunetta ကိုမေးဖြစ်ပါတယ်။

Bunetta က 'ရေးတာကတော့ နည်းမျိုးစုံပဲ။ ကျွန်တော်တို့ 1 D အဖွဲ့နဲ့ အတူ အတော်ကြာကြာနေဖူး၊ စကားပြောဖြစ်ဖူးတယ်လေ။ တစ်ယောက်ယောက်က လက်ကွက်တစ်ခုခု၊ တေးသွားတစ်ခုခု စိတ်ကူးရလိုက်တယ်ဆိုရင် လက်ကိုင်ဖုန်းထဲမှာ ချက်ချင်းအသံသွင်းထားလိုက်တယ်။ တစ်ခါတလေဆို သီချင်းတစ်ပုဒ်ကိုရေးတာ ခဏလေးရယ်။ လန်ဒန်မှာ ကြုံခဲ့တဲ့တစ်ခေါက်တုန်းကဆို အားလုံးသဘောကျပြီး သီချင်းတစ်ပုဒ်လို့ ဆိုနိုင်တဲ့အဆင့်ရောက်ဖို့ နှစ်ရက်ပဲကြာတယ်' လို့ ပြောပြခဲ့ပါတယ်။

အသံဖမ်းစတူဒီယိုထဲမှာရော သူတို့တွေ ဘယ့်နှယ်နေကြသလဲလို့လည်း မေးဖြစ်ပါတယ်။ Bunetta က ... အဖွဲ့

www.burmeseclassic.com

သားငါးယောက်အနက် Louis, Liam နဲ့ Harry တို့ သုံးဦးနဲ့သာ တွဲဖက်ပြီး သီချင်းရေးဖူးတယ်လို့ ဆိုပါတယ်။ 'Harry က လွတ်လွတ်လပ်လပ် ဖန်တီးရတာ သဘောကျတယ်။ သူ့ကို ဂစ်တာကော့ဒ်တချို့ ချပေးလိုက်တာနဲ့ တကယ့်ကိုကောင်းတဲ့ဟာတွေရအောင် လုပ်လာတတ်တယ်။ Louis ကတော့ ဂီတထုတ်လုပ်ရေးမှူးတစ်ယောက်ပုံစံ ပိုပေါက်တယ်။ Niall ကတော့ အားလုံးသိတဲ့အတိုင်း ဂစ်တာတီးနိုင်တယ်လေ။ Liam လည်း ခေတ်ပြားသစ်ထဲက သီချင်းတစ်ပုဒ်မှာ ဘေ့စ်ဂစ်တာဝင်တီးပေးဖို့ စနေပါပြီ'

Bunetta ပြောကြားချက်တွေထဲမှာ အလေးအနက်ပြောတာ တစ်ခုရှိပါတယ်။ အဲဒါက 1 D အဖွဲ့သားတွေဟာ တီးခတ်တဲ့ တူရိယာတွေကို အသံညှိရာမှာ အလိုအလျောက် အသံညှိပေးတဲ့ Auto-Tune စနစ်ကို အသုံးမပြုကြဘူးဆိုတာပဲ ဖြစ်ပါတယ်။

1 D အဖွဲ့ဟာ ပင်ကိုအရည်အချင်းရှိသလို သူတို့နောက်မှာ လုပ်ငန်းဆိုင်ရာအခြေခံမှု၊ ဘောင်တွေလည်း ထိန်းသိမ်းပေးမယ့်သူတွေ ရှိတယ်။ သူတို့လိုတာက လက်တွေ့ဘဝမှာ သူတို့ကို ကိုယ်စားပြုမယ့်အရာလိုတာပဲ ဖြစ်တယ်။ သီချင်းတွေက သူတို့တစ်တွေရဲ့ အကြောင်းတွေပဲ။ သူတို့မှာ ပရိသတ်ရှိတယ်။ လောလောဆယ်မှာတော့ အဲဒီပရိသတ်ရဲ့ နားဆင်မှုကိုရနေမှာပေါ့။ ဒါပေမဲ့ သူတို့ရဲ့သီချင်းတွေကို ဖြည်းဖြည်းချင်း ပြောင်းလဲတိုးတက်လာစေရမှာပါ။ အဲဒီမှာ စွန့်စားရတာလေးတွေလည်း ရှိလာမယ်။ သူတို့ရဲ့အသက်အရွယ်နဲ့ ပတ်သက်လို့ လူငယ်တွေဖြစ်တယ်ဆိုတဲ့အပေါ် သူတို့က ရိုးရိုးသားသားရှိကြတယ်။ သူတို့ဟာ ဘေးအိမ်က သပ်သပ်ရပ်ရပ် ဝတ်စားတတ်တဲ့ လူငယ်လေးတွေလို မဟုတ်ကြတော့ဘူး။ ရော့ခ်စတားတွေ ဖြစ်လာကြပြီ။ သူတို့ရဲ့ခေတ်ပြားသစ်က အဲဒီအချက်ကို ဆင်ဟပ်ပြပါလိမ့်မယ်။ သူတို့ဟာ ကမ္ဘာ့အနှံ့ခရီးဆန့်ပြီး ပရိသတ်အမြောက်အမြားကို လှည့်လည်ဖျော်ဖြေရင်း အတွေ့အကြုံသစ်တွေ ရလာကြမယ်။ အဲဒီလိုကောင်းတဲ့အချက်တွေလည်း ရှိသလို မကောင်းတဲ့အချက်တွေလည်း ပေါ်လာဦးမယ်။ အိမ်မကပ်ရသလောက်ဖြစ်လာတဲ့အတွက် အထီးကျန်ခံစားလာရမယ်။ သူတို့ရဲ့ကျော်ကြားမှုတွေကို ချစ်တာမဟုတ်ဘဲ လူကို တကယ်ချစ်တဲ့ မိန်းကလေးတွေလည်း တွေ့ဖို့လိုလာဦးမှာပါ။ ဒါတွေဟာ လူတိုင်းကြုံတွေ့ရမယ့်အရာတွေ ဖြစ်သလို သူတို့တစ်တွေလည်း ရင်ဆိုင်ဖြတ်သန်းကြရဦးမှာပဲ။ မိန်းကလေးပရိသတ်ကိစ္စမှ မဟုတ်ပါဘူး။ ဒါတွေဟာ လူသားတစ်ယောက်ဖြစ်ခြင်းရဲ့ အဓိကကျတဲ့အပိုင်းကို ဖြတ်တောက်တဲ့အရာတွေပဲ။

1 D အဖွဲ့သားငါးယောက်ထဲမှာ အငယ်ဆုံးဖြစ်တဲ့ Harry ကတော့ ပြင်ပကမ္ဘာက Tween လို့ခေါ်တဲ့ ၁၀ နှစ်နဲ့ ၁၂ နှစ်ကြား မိန်းကလေးပရိသတ်နဲ့ ပိုပြီးအထိအတွေ့ရှိသူပါ။ Harry ဟာ Take That ဂီတအဖွဲ့က Robbie Williams လိုပဲ အပြင်ထွက်လည်ရတာကြိုက်တယ်။ လုံခြုံရေးအစောင့်တွေ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ တခြားအဖွဲ့သားတွေ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ Harry ကတော့ အပြင်ထွက်လည်တတ်သူပါ။ သူက ပရိသတ်တွေရဲ့ ရော့ခ်စတားပဲလေ။ Kate Moss, Jamie Hince, Rita Ora, Cara Delevigne နဲ့ Nick Grimshaw စတဲ့ အပေါင်းအသင်းတွေနဲ့ ညလုံးပေါက် ထွက်လည်တာမျိုးလည်း ရှိတယ်။ Grimshaw ဆိုတာက ရေဒီယိုအစီအစဉ်မှူးတစ်ယောက်ဖြစ်ပြီး သူ့ပရိသတ်သန်းနဲ့ချီပြီး ရှိပါတယ်။ အသက်က ၂၉ နှစ်ပါ။ Grimshow နဲ့ Harry တို့ဟာ တော်တော်လေးကို အပေါင်းအသင်းဖြစ်ခဲ့ကြပါတယ်။ အဝတ်အစားအတူဝတ်၊ ညလုံးပေါက် အတူလည်ကြပတ်ကြနဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းကြလွန်းလို့ သာမန်ခင်မင်မှုမျိုး မဟုတ်လောက်ဘူးလို့တောင် ကောလာဟလတွေ ပြောကြပါသေးတယ်။

Harry က မိန်းကလေးမိတ်ဆွေပေါများရာမှာလည်း Russell Brand အတိုင်းပဲ။ အဆိုတော်ကြီး Rod Stewart ရဲ့ သမီးတွေကနေ ရုပ်/သံတင်ဆက်သူ Caroline Flack အလယ်၊ Taylor Swift နဲ့ **Made in Chelsea** ဇာတ်လမ်းထဲက ရွှေရောင်ဆံပင်နဲ့ ကောင်မလေးအဆုံး Harry ရဲ့ မိန်းကလေးမိတ်ဆွေတွေက များမှများပဲ။ X Factor ရုပ်/သံအဆိုပြိုင်ပွဲ ချန်ပီယံဆုရ အဆိုတော် Matt Cardle နဲ့ တွဲဖက်ပြီး ITV ရဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်တစ်ရပ်မှာ ပါဝင်ဖျော်ဖြေပေးခဲ့တုန်းက Harry ဟာ ရုပ်/သံပရိသတ် ၁၉.၄ သန်းရဲ့ ရှေ့မှောက်မှာတင် Cardle ကို နှစ်ကိုယ်ကြားစကားပြောခဲ့တာလည်း အမှတ်ရမိကြမှာပါ။ Harry Styles ဟာ 1 D အဖွဲ့သားတွေထဲမှာ မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ဆုကို မွေးကတည်းက ပြည့်လာတဲ့ တစ်ယောက်တည်းသောသူပဲ ဖြစ်ပါတယ်။ ပရိသတ်ကို သံလိုက်တစ်ခုလို ဆွဲငင်ရာမှာ သူများတွေ လိုက်မမီနိုင်အောင် အားကောင်းတဲ့ Harry ဟာ တစ်ကိုယ်တော်ခွဲထွက်နိုင်တဲ့အင်အားရှိသူပါ။

ပရိသတ်တွေ သိပ်မသိသေးတဲ့ Harry Styles ရဲ့ အကြောင်းအရာ တချို့ကိုလည်း ဒါရိုက်တာ Morgan Spurlock က ပြောပြခဲ့ပါသေးတယ်။ Harry က ငွေကြေးတော်တော် ချမ်းသာလာတော့ အိမ်တွေ၊ မြေတွေဝယ်ထားပြီး ရွှေလည်း ဝယ်စုထားတယ်လို့ Spurlock က ဆိုပါတယ်။ 'သူတို့တစ်တွေက ငွေကြေးစီမံခန့်ခွဲရာမှာ စမတ်ကျတယ်။ ငွေမဖြုန်းဘူး။ သိုသိုသိပ်သိပ် နေတတ်တယ်။ Harry ဟာ လောလောဆယ်မှာ သူဝယ်ထားတဲ့အိမ်က ပြန်ပြီး မွမ်းမံပြင်ဆင်နေတာမို့လို့ **This Is Us** မှတ်တမ်းရုပ်ရှင်ထုတ်လုပ်ရေး တာဝန်ခံတစ်ဦးဖြစ်တဲ့ သူ့ရဲ့မိတ်ဆွေ Ben Winston ရဲ့ အိမ်မှာ လိုက်နေတယ်။ Ben နဲ့ Harry တို့က သိတာကြာပြီလေ။ မိသားစုဝင်တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်လို ဖြစ်နေတာ။ တစ်ရက်က This Is Us အတွက် Harry မနက် အိပ်ရာထပုံလေး ရုပ်ရှင်ရိုက်ရအောင်လို့ Ben ရဲ့ အိမ်ကို မနက်အစောကြီး ရောက်သွားတယ်။ အပေါ်ထပ်တက်ပြီး အိပ်ခန်းထဲဝင်လိုက်တော့ Harry လွတ်လွတ်လပ်လပ်အိပ်နေပုံကြည့်ပြီး နားထဲမှာ သူ့ရဲ့ မိန်းကလေးပရိသတ် ၁၈သန်းလောက်ရဲ့ အော်ဟစ်အားပေးသံတွေ ကြားလိုက်ရသလိုပဲ'။

Harry ဟာ အနုပညာပစ္စည်းတွေကိုလည်း တန်ဖိုးထားစုဆောင်းတဲ့ အလေ့အထရှိသူပါ။ Harry အတွက် အနုပညာပစ္စည်းတချို့ကို နာမည်မဖော်ဘဲ ဝယ်ပေးခဲ့ရတဲ့ လန်ဒန်အခြေစိုက် အနုပညာပစ္စည်းရောင်းချသူတစ်ဦးက GQ မဂ္ဂဇင်းကိုပြောပြရာမှာ တိရစ္ဆာန်အသေတွေကို ရုပ်လုံးသွင်းပြီး ပန်းပုရုပ်အဖြစ် ပြုလုပ်တဲ့ပညာရှင် Polly Morgan ရဲ့လက်ရာ ရုပ်လုံးသွင်းပန်းပုတွေကို စတာလင်ပေါင် တစ်သောင်း၊ နှစ်သောင်းဝန်းကျင် ပေးဝယ်ခဲ့ကြောင်း၊ Polly ဟာ မော်ဒယ်လ် Kate Moss နဲ့ တခြား ပေါ့ပ်စကားတွေ သဘောကျတဲ့ ပညာရှင်ဖြစ်လို့ Harry ကလည်း သူ့လက်ရာတွေ လိုက်ဝယ်တာ အံ့အားသင့်စရာတော့ မဟုတ်ကြောင်း၊ ပန်းပုဆရာ Ben Turnbull ရဲ့ ပန်းပုလက်ရာနှစ်ခုကိုလည်း ဝယ်ယူခဲ့သေးကြောင်း၊ Ben ရဲ့ ပန်းပုရုပ်တစ်ရုပ်က လက်ဝှေ့အိတ်တွေလက်မှာ စွပ်ထားတဲ့ ယေရှုခရစ်တော်ရဲ့ပုံဖြစ်ပြီး နောက်တစ်ခုက မျက်မှန်တစ်လက်ရဲ့နောက်မှာ သေနတ်တစ်လက် ချထားတဲ့ရုပ်တုဖြစ်ကြောင်း၊ ပန်းပုရုပ်တွေဟာ စတာလင်ပေါင် တစ်သောင်းအထက် တန်ကြေးရှိကြောင်း၊ Turnbull ရဲ့ လက်ရာ ဓာတ်ပုံတွေကိုလည်း Harry က ဝယ်ယူစုဆောင်းကြောင်း၊ အသက်ငယ်ရွယ်တဲ့ အနုပညာပစ္စည်းစုဆောင်းသူ တစ်ယောက်အနေနဲ့ သေးလှတဲ့ပမာဏ မဟုတ်သလို တခြား ငယ်ရွယ်သူတွေ စိတ်ဝင်စားလေ့ရှိတဲ့ ပန်းချီကား ဝယ်ယူစုဆောင်းတာမျိုးထက် ပန်းပုရုပ်တုတွေ စုဆောင်းတာကလည်း တစ်မျိုး အမြင်တင့်စေခဲ့ကြောင်း၊ Harry ဟာ ဂေါ်သစ်ဟန်ကို နှစ်သက်သူလည်းဖြစ်ကြောင်း ဖော်ပြပါရှိခဲ့ပါတယ်။

Harry Styles ကို One D အဖွဲ့က ကြောက်စရာကောင်းလောက်အောင် အကာအကွယ်ပေးထားတာလည်း အံ့အားသင့်စရာ မဟုတ်ပါဘူး။ တွေ့ဆုံမေးမြန်းဖို့ ကျန်နေသေးတဲ့ နောက်ဆုံးယောက်တစ်သုတ်ကို စောင့်ဆိုင်းရင်း စဉ်းစားမိတာက ဒီတွေ့ဆုံခန်းကနေ အကျိုးအမြတ်အရဆုံးဖြစ်မှာက Harry Styles ပဲဖြစ်မယ်ဆိုတာပါ။ ဒီလို စဉ်းစားရင်းနဲ့ပဲ Harry တို့ သုံးယောက်ကို စတင် မေးမြန်းခွင့်ရခဲ့ပါတယ်။

**GQ: စင်ပေါ်မှာ ဖျော်ဖြေတဲ့အလုပ်က အရင်ထက် လွယ်လာပြီလား။**

**Harry:** လွယ်တယ်လို့တော့ လုံးလုံး မထင်မိဘူး။ ကြောက်စိတ်နဲ့ ဇောချွေးပြန်နေခဲ့တာပေါ့။ အစောပိုင်း ဖျော်ဖြေခဲ့တဲ့ စင်မြင့်ပွဲတွေမှာ အမှားတွေလည်း ရှိခဲ့တော့ လန့်နေခဲ့မိတာပေါ့။ နောက်တော့ ကိုယ့်အနေအထား ကိုယ်သိပြီး ကိုယ်ဘာလုပ်နေတယ်ဆိုတာ သိသွားတဲ့အခါ ပျော်စရာဖြစ်လာတာပါပဲ။ ပွဲတိုင်းပွဲတိုင်းဟာ တစ်ခုနဲ့တစ်ခု မတူကြဘူးဆိုတော့ ကောင်းကောင်းနားရတယ်လို့ မရှိပါဘူး။ တစ်ခါတလေ ဒီည လက်ဖက်ရည်လေးတစ်ခွက်လောက် သောက်ရပါမလားတောင် တွေးပြီး အံ့သြမိတယ်။

**GQ: Harry နဲ့ Nick Grimshaw တို့အကြောင်း ကောလာဟလတွေ ပြောနေကြတာ ဘယ်လိုသဘောရပါသလဲ။**

**Harry:** ဘယ်လို ကောလာဟလမျိုးပါလိမ့်။

**GQ: Harry တို့နှစ်ယောက်ကို စုံတွဲတွေလို့ ပြောနေကြတာလေ။**

**Harry:** အိုး တကယ်လား။ ကျွန်တော်ဖြင့် သိတောင် မသိပါဘူး။ ကျွန်တော်တို့ ချိန်းတွေ့တဲ့ချစ်သူတွေ မဟုတ်ပါဘူး။ ရိုးရိုးခင်တဲ့ သူငယ်ချင်းမိတ်ဆွေသက်သက်ပါပဲ။

**G.Q: ဒီလိုဆို Harry က လိင်တူချစ်သူ မဟုတ်ဘူးပေါ့။**

**Harry:** လိင်တူချစ်သူတဲ့လား။ ကျွန်တော်က တွေးတောင် မတွေးမိပါဘူး။ သူတို့ ပြောသလို မဟုတ်တာတော့ လုံးဝ သေချာပါတယ်။

**G.Q: အဲဒီကောလာဟလစကားတွေ လွန်ကြူးလှတယ်လို့ရော မခံစားမိဘူးလား။**

**Harry:** တချို့ကတော့ ရယ်စရာကောင်းတယ်။ တချို့ကတော့ အခြေအမြစ် လုံးဝမရှိဘူး။ တချို့ကျတော့ ဒေါသဖြစ်စရာပဲ။ ကောလာဟလတွေကို အရေးလုပ် ပြန်ပြောနေတဲ့သူတွေထဲမှာ ကျွန်တော် မပါချင်ဘူးလေ။ Twitter စာမျက်နှာပေါ်မှာ နာမည်ကျော် အနုပညာရှင်တစ်ယောက်က 'ဒီသတင်း မမှန်ပါဘူး' လို့ ဖြေရှင်းတာမျိုး ကျွန်တော်မကြိုက်ဘူး။ တကယ် ဒေါသဖြစ်စရာ ကောင်းတာက ကိုယ်နဲ့ ပတ်သက်တဲ့သူက တစ်ယောက်ယောက်နဲ့ တစ်နေရာရာကို သွားတာမျိုးကို သတင်းစာမျက်နှာတွေပေါ်မှာ ရေးကြတာပဲ။ ဒါတွေက ကိုယ့်အပေါ် ဘယ်လို အမြင်ရှိတယ်ဆိုတာလည်း အကျိုးသက်ရောက်မှုရှိပါတယ်။ တကယ့်ကို ဒေါသဖြစ်စရာပါပဲ။

**G.Q: လူငယ်တစ်ယောက်အနေနဲ့ လမ်းကြောင်းလွဲချော်သွားတာမျိုးဖြစ်မှာကိုရော စိုးရိမ်ပါသလား။**

**Harry:** မပူပါဘူး။ ကျွန်တော်က အရက်ကို စွဲစွဲလမ်းလမ်း သောက်တတ်သူ မဟုတ်ပါဘူး။ တကယ် မဟုတ်တာပါ။ ပွဲပြီးလို့ အိမ်ပြန်ရောက်တဲ့အခါ ဘီယာလေး တစ်ပုလင်း ဖွင့်သောက်ပြီး အပန်းဖြေတတ်သူ မဟုတ်ပါဘူး။ သူငယ်ချင်းတွေနဲ့ ထွက်လည်တဲ့အခါမျိုး၊ အားလပ်ရက်ရတဲ့အခါမှသာ သောက်တတ်တာပါ။ ကျွန်တော် အရက် မကြိုက်ပါဘူး။

**G.Q: အောင်မြင်မှုတွေနဲ့ရော ငြိမ်း နေသားကျလာပြီလား။**



www.burmeseclassic.com

www.burmeseclassic.com

**Harry:** လူတစ်ယောက်ဟာ အောင်မြင်မှုဆိုတဲ့အရာနဲ့ ဘယ်တော့မှ နေသားကျသွားမယ်လို့ ကျွန်တော်တော့ မထင်ဘူး။ ဒါပေမဲ့ အဲဒီလို အရာတွေကို ဘယ်လိုခွဲခြားထားရမယ်၊ ဘယ်လောက်အကွာအဝေးမှာ ထားရမယ်ဆိုတာတွေကိုတော့ ကျွန်တော် သိနေပါပြီ။ ကျွန်တော်က ဘာမှ ဖုံးကွယ်စရာ မရှိသူပါ။ ဒါကို အလုပ်တစ်ခုလို့ မြင်ခြင်းဟာ… ဆိုလိုတာက ကျွန်တော် နောက်ကို ခြေတစ်လှမ်းပြန်ဆုတ်နိုင်တယ်။ အခု ခင်ဗျားရှေ့မှာ၊ သတင်းစာမျက်နှာတွေပေါ်မှာ ကျွန်တော် ရှိနေတယ်။ ဒါပေမဲ့ အဲဒါဟာ ကျွန်တော့်ဘဝအားလုံး မဟုတ်ဘူး။ လူတစ်ယောက်ဟာ အလုပ်ထဲမှာသာ အလုံးစုံမြုပ်နှံထားမယ်ဆိုရင် အဲဒီလူ ရူးသွားမှာပဲ။ ကျွန်တော်ကတော့ ရူးဘူး၊ မရူးသေးဘူး ဆိုပါတော့။

**G.Q: Harry နဲ့ အတူ အိပ်ခဲ့တဲ့လူ ဘယ်နှယောက်လောက် ရှိပြီလဲ။**

**Harry:** သိတာပေါ့။ ကိုယ်နဲ့ အိပ်ခဲ့တဲ့သူ ဘယ်နှယောက်ဆိုတာ။

**G.Q: အဲဒါ ဘယ်လောက်ရှိမလဲ။**

**Harry:** ဒါကိုတော့ ကျွန်တော် လုံးဝမပြောနိုင်ဘူးဘဲ။

**G.Q: အကြမ်းဖျင်းလောက် ခန့်မှန်းလို့ရမယ့်ကိန်းတစ်ခုလောက်ပြောနိုင်မလား။**

**Harry:** မပြောနိုင်ပါဘူး။

**G.Q: တစ်ရာထက် နည်းသလား၊ များသလားလို့သာ ဖြေပေးပါ။**

**Harry:** မဖြေနိုင်ပါဘူး။

**G.Q: ဒီလိုဆို တစ်ရာမကဘူးပေါ့။**

**Harry:** မဟုတ်တာ၊ တစ်ရာတော့ မရှိပါဘူး။

**G.Q: ငါးဆယ်အောက်ဆိုရင်ရော။**

**Harry:** ဟုတ်ကဲ့ ငါးဆယ်အောက်ပါ။

**G.Q: သုံးဆယ်ထက် နည်းသလား။**

**Harry:** ကျွန်တော် မဖြေနိုင်ဘူး။ ကျွန်တော့်ကို ချောင်ပိတ်မေးနေတာပဲ။

**G.Q: လုပ်စမ်းပါ Harry, ရှော့ခ်စတား နှစ်ယောက်ပဲဟာ။ အိုကေ တစ်ဆယ်အောက်ဆိုရင်ရော။**

**Harry:** ဟုတ်တယ်၊ နှစ်ယောက်တည်း။ ကျွန်တော်နဲ့ အိပ်ခဲ့တာ နှစ်ယောက်ပဲ ရှိတယ်။

**G.Q: မယုံဘူးနော်။**

**Harry:** ကောင်းပြီလေ။ ဒါတော့ ကျွန်တော့် အဖြေပဲ။ ကြိုက်သလိုသာ အဓိပ္ပာယ်ကောက်ပါ။

အဲဒီအချိန်မှာပဲ အခန်းထဲကို Zayn နဲ့ Louis တို့ ဝင်လာကြပါတယ်။ Harry ကတော့ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နဲ့ပါ။ သူက ခင်စရာကောင်းသလို ပျော်လည်း ပျော်တတ်သူပါ။ မိန်းကလေးတွေ ဘာကြောင့် သဘောကျတာလဲဆိုတာ အလွယ်တကူ သိနိုင်ပါတယ်။ တကယ်လို့ One Direction အဖွဲ့သားသူတို့ရဲ့ပရိသတ်ကို ချဲ့ထွင်ချင်တယ်ဆိုရင် သူတို့အကြောင်း ဘယ်လို ထုတ်ပြောရမလဲဆိုတာ သိအောင်လုပ်ထားဖို့တော့ လိုပါတယ်။ ဒါမှမဟုတ် သူတို့အကြောင်း ပြောပြပေးမယ့်သူတွေကို ခွင့်ပြုပေးရမှာပေါ့။ Zayn နဲ့ Louis တို့ ရောက်လာတော့ တီးဝိုင်းနဲ့ပတ်သက်တဲ့ ကိစ္စတွေပဲ ပြန်မေးဖြစ်ပါတယ်။

Zayn Malik ကို မွတ်ဆလင်တစ်ယောက်အဖြစ် ကြီးပြင်းခဲ့ရပုံ မေးမယ်လုပ်တော့ ဘာသာရေးအကြောင်းတွေ မပြောချင်ဘူးလို့ ပိတ်လိုက်ပါတယ်။ ဘာဖြစ်လို့ မပြောချင်ရတာလဲလို့ မေးပြန်တော့ မပြောချင်ရုံသက်သက်ပါပဲလို့ Zayn က ဆိုပါတယ်။ ကောင်းပြီလေ၊ ဒီတော့ ပေါ့ပ်အကြောင်းတွေပဲ ပြန်မေးရမှာပေါ့။

**G.Q: နောက်ဆုံးဝယ်ဖြစ်ခဲ့တဲ့ ဓာတ်ပြားက ဘယ်သူ့ဓာတ်ပြားလဲ။**

**Zayn:** အဆိုတော် Robin Thicke ရဲ့ *The Evolution of Robin Thicke* ပါ။

**G.Q: One Direction အနေနဲ့ ကြော်ငြာ မလုပ်ပေးဘူးလို့ သတ်မှတ်ထားတာများ ရှိပါသလား။**

**Louis:** လက်နက်တွေပေါ့။ သီးခြားသတ် မှတ်ထားတာမျိုး မရှိပေမဲ့ One Direction သေနတ်ဆိုတာမျိုးတော့ မနိုပ်ဘူးပေါ့။

**G.Q: ချစ်သူရှိတဲ့သူတွေအနေနဲ့ နယ်လှည့်ပွဲတွေ ထွက်တဲ့အခါ တစ်ယောက်ဆိုတစ်ယောက်ဆိုတဲ့စနစ်ကို ထိန်းသိမ်းရခက်ခဲနေမလား။**

**Louis:** ခက်ခဲမယ် မထင်ပါဘူး။ ကိုယ်နဲ့ တစ်ညလောက် ရင်ခုန်ခံစားပြီး အတူလိုက်မယ့် မိန်းကလေးမျိုးဟာ ကျွန်တော်တို့အိမ်ကိုပါအောင် ခေါ်သွားချင်တဲ့ဘဝလက်တွဲဖော် မိန်းကလေးမျိုးနဲ့ ပုံစံချင်း မတူပါဘူး။

**G.Q: One Direction ကို ဘယ်လို အမှတ်ရ ကျန်ရစ်နေစေချင်ပါသလဲ။**

**Zayn:** Bradford မြို့မှာ ကျွန်တော်တို့ရဲ့ ပုံတူရုပ်တုတွေ စိုက်ထူစေချင်ပါတယ်။ သူတို့ စိုက်ထူပေးမှာပါ။ မဟုတ်သေးဘူး။ ကျွန်တော်က ပေါ့ပ်ယဉ်ကျေးမှုကို ပြောင်းပစ်ချင်တာ။

**Louis:** နောက်ခံအကတွေ မပါတဲ့ ယောက်ျားလေး ဂီတအဖွဲ့အနေနဲ့လား။

**Niall:** သတိရနေကြတယ်ဆိုရုံနဲ့တင် ကောင်းနေပါပြီ။

**Liam:** Brit ဂီတ ထူးချွန်ဆုရတာလည်း ကောင်းတာပဲ။ နောက်တစ်ခါ ထပ်ရရင်ရော ဘယ်လိုလဲ။

**Niall:** Backstreet Boys နဲ့ New Kids on the Block အဖွဲ့တွေ ပြီးခဲ့တဲ့လတွေမှာ ပြန်လာတော့ ဘာလုပ်ခဲ့လဲသိလား။ သူတို့က နယ်လှည့်ဖျော်ဖြေရေးတွေကို ကွင်းပြင်ကြီးတွေမှာ လုပ်ခဲ့ကြတာ။ အဲဒီလိုလုပ်ပြီး ပရိသတ်က အမှတ်ရနေစေချင်တာ။

**Liam:** ကောင်းသားပဲ။ အဲဒီလိုပွဲမျိုး ဆယ်နှစ် တစ်ခါလောက် လုပ်ကြမယ်လေ။

**Niall:** ကဲ Wembley ကွင်းမှာလည်း လက်မှတ်တွေ ရောင်းလို့ကုန်ပြီ။ အိမ်ထဲဝင်ပြီး လက်ဖက်ရည်သောက်ကြစို့။ ■

**ရာပြည့်**

***Ref:Pop Inc Story by Jonathan Head, Portraits by Platon, Styling by Luke Day G.QMagazine, September Issue.***

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ညီအစ်မတွေထဲမှာ သူ့ကိုယ်သူ ရုပ်အဆိုးဆုံးပါလို့ ဝန်ခံတဲ့ မင်းသမီးက 'ကျွန်မအမေလောက် ရှင်းရှင်းလင်းလင်းနေတတ်သူ တစ်ယောက်မှ မတွေ့ဖူးပါဘူး။ သူ့ဘဝမှာ ဆံပင်ဆိုးတာတို့ ပေါင်းတင်တာတို့ ကောက်တာတို့မရှိဘူး နားပေါက်တောင် မဖောက်ထားဘူး (အင်တာဗျူးဆရာမက ဆေးမင်ကြောင်ရောလို့ သိသိကြီးနဲ့ မေးလိုက်တော့ မင်းသမီး ဂျန်နီဖာက သူ့မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသလို လန့်ဖျပ်သွားရင်း) အိုး နိုးနိုး ကျွန်မတို့ လုံးဝ ဘယ်လုပ်လို့ရမလဲ'လို့ ဖြေပါတယ်

# ဂျန်နီဖာဂါနာ

ရီတာအောင်၊ NY၊

Jennifer Garner ဆိုတဲ့ မင်းသမီးက ဟောလိဝုဒ် အသိုင်းအဝိုင်းမှာ နာမည်ကောင်းနဲ့ ရပ်တည်နေနိုင်သူပါ။ ဒါပေမဲ့ ဂျန်နီဖာ လက်ခံရိုက်ကူးလိုက်သမျှ ရုပ်ရှင်ထဲက ကာရိုက်တာ အများစုက မိန်းမဆိုးတစ်ယောက် ဖြစ်နေတာချည်းပါပဲ။ အခုတော့ အဲဒီအတိတ်ဖြစ်စဉ်တွေကို သူ ကျော်လွှန်သွားနိုင်ခဲ့ပြီ။ လက်ရှိမှာ အခုလက်ထပ်ထားတဲ့ ခင်ပွန်းသည် ဘယ်သူဘယ်ဝါရဲ့ ဇနီးမယားတစ်ယောက်သာဆိုတဲ့ အနေအထားမျိုး ဖြစ်မသွားရအောင် ကြိုးစားရပ်တည်နေပါတယ်။ Allure မဂ္ဂဇင်းအတွက် ပင်တိုင်ဆောင်းပါးရှင် Judith Newman က ဂျန်နီဖာနဲ့ တွေ့ဆုံစကားပြောခဲ့ပါတယ်။ မင်းသမီး ဂျန်နီဖာက လက်ရှိ Draft Day ဆိုတဲ့ရုပ်ရှင်ကို ဒါရိုက်တာ Ivan Reitman နဲ့ ရိုက်ကူးနေပါတယ်။ ဇာတ်ဝင်ခန်းတွေကို နယူးယောက်မြို့ မန်ဟက်တန်နဲ့ အိုဟိုင်းရိုးပြည်နယ် Cleveland မြို့ထဲတို့မှာ တည်ထားပါ တယ်။ ဂျန်နီဖာနဲ့အတူ မင်းသားချော Kevin Costner နဲ့ Frank Langella တို့ ပါဝင်သရုပ်ဆောင် နေကြတယ်။ မေလ ၈ ရက်နေ့ကနေ စတင်ရိုက်ကူးကြပြီး ၂၀၁၄ နှစ်ဆန်းပိုင်းမှာ ရုံတင်ပြသနိုင်ဖို့ စီစဉ်ထားကြပါတယ်။ အင်တာဗျူးဆရာမ ဂျူးဒစ်သ်နယူးမန်းနဲ့





www.burmeseclassic.com

www.burmeseclassic.com



သမီးနှစ်ယောက်၊ သားတစ်ယောက် မွေးဖွားပိုင်ဆိုင်ထားပြီဖြစ်တဲ့ တန်အက်ဖလေက်ခ်နဲ့ ဂျန်နီဖာ

ချိန်းထားတဲ့နေ့က Cleveland မြို့ ကောလိပ်ဝင်းအတွင်းရိုက်ကွင်းရှိနေခဲ့တယ်။ ဂျူးဒစ်သ်က 'ကျွန်မ ရောက်သွားတဲ့အချိန်မှာ မင်းသမီးက အသည်းအသန်ပြေးလို့လွှားလို့ သရုပ်ဆောင်နေပါတယ်။ ဒါရိုက်တာက "Cut"လို့အော်မှ သူ ရပ်လိုက်တာ။ ပြီးလည်းပြီးရော သူ ထော့နင်း၊ ထော့နင်းနဲ့ လမ်းလျှောက်လာပါတယ်။ သူ စီးထားတဲ့ ဖိနပ်က ၆ လက်မလောက် အမြင့်ရှိတယ်' လို့ ဆိုပါတယ်။

အမျိုးသမီးနှစ်ယောက်သား သရုပ်ဆောင်များ အနားယူ အဝတ်လဲဖို့ စီစဉ်ပေးထားတဲ့ Trailer အတွင်း အတူဝင်သွားကြတယ်။ အထဲရောက်မှ ဂျန်နီဖာက 'ဒီအမြင့်ကြီး စီးထားရမှတော့ ယုန်တစ်ကောင်လို ခုန်နေဖို့ကလွဲလို့ ဘာမှ လုပ်လို့မရဘူး။ ပုံမှန်အားဖြင့်တော့ ကျွန်မလေ့ကျင့်ခန်းအတွက် ရှူးဖိနပ်လေး ပြေးတဲ့အခါ ကျွန်မခြေဖဝါးနဲ့ အရွတ်တွေ နာကျင်မှုမဖြစ်အောင် ဂရုစိုက်ပါတယ်'တဲ့။ ဂျန်နီဖာ ပါဝင်သရုပ်ဆောင်ခဲ့ဖူးတဲ့ Alias ရုပ်သံစီးရီး၊ Daredevil (၂၀၀၃)၊ Elektra (၂၀၀၅)စတဲ့ ရုပ်ရှင်တွေမှာဆို ကစ်ဘောက်ဆင်၊ နန်ချပ်ကူတို့ကို ကျွမ်းကျင်တဲ့ ပညာရှင်လူစွမ်းကောင်းမကြီး အဖြစ် တွေ့ခဲ့ကြရတာပါ။ အခုတော့ ဂျန်နီဖာက High-Heel မြင့်မြင့်တွေစီးရတဲ့ လှပကြော့ရှင်းသော အမျိုးသမီး ကာရိုက်တာတွေကို စိတ်ဝင်စားနေပါတယ်။ 'ကျွန်မ အဲဒီကာရိုက်တာမျိုးနဲ့ လိုက်ဖက်ညီတင့်တယ်မယ့် ကိုယ်နေဟန်ထားရှိအောင် အာရုံစိုက်နေပါတယ်။ သားသမီး ၃ ယောက်နဲ့ဆိုတော့ ခက်ခဲပါတယ်'တဲ့။

သူမရဲ့ ပထမအိမ်ထောင်မှာ မင်းသား Scott Foley ဖြစ်ပြီး ၁၉၉၈ ခုနှစ်က Felicity ရုပ်သံစီးရီးရိုက်ရင်း တွေ့ဆုံခဲ့ကြတယ်။ ၂၀၀၄ မှာ တရားဝင်လမ်းခွဲ၍ Daredevil ရုပ်ရှင်ရိုက်ကွင်းမှာ မင်းသားချော Ben Affleck နဲ့ ချစ်သူတွေ ဖြစ်လာကြတယ်။ ၂၀၀၅ ခုနှစ် ဂျန်နီဖာ ၃၃ နှစ်မြောက် မွေးနေ့မှာ လက်ထပ်ခွင့် တောင်းခဲ့တယ်။ အခုအခါ သူမတို့ ဇနီးမောင်နှံ၌ သမီး ၂ ယောက် Violet နဲ့ Seraphina၊ သား ၁ ယောက် Samuel တို့ မွေးဖွား ပိုင်ဆိုင်ထားပြီးပါပြီ။

သားငယ် ဆမ်မြူရယ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကမွေးပြီး ရင်သွေး ၃ ယောက်နဲ့ အိမ်မှာသာ အနားယူနေထိုင်ခဲ့တယ်။ တစ်နှစ်ကျော်ကျော်ကြာမှ သူမရဲ့ အသက်မွေးဝမ်းကျောင်း အနုပညာအလုပ်ကို ပြန်လုပ်ရှားလာခဲ့ပါတယ်။ နိုဝင်ဘာလ ၁ ရက်နေ့မှာ ရုံတင်ဖို့ အသင့်ဖြစ်နေတာက မင်းသား Matthew McConaughey နဲ့ တွဲဖက်



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ထားတဲ့ **Dallas Buyers Club** ရုပ်ရှင်ပါ။ ကနေဒါနိုင်ငံ၊ တိုရန်တို နိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှာ ပြသပြီးသွားပါပြီ။

၁၉၈၆ ခုနှစ်က အမေရိကန်ပြည်ထောင်စု Texas ပြည်နယ် ဒါးလက်စ်မြို့က HIV ဝေဒနာသည် Ron Woodroof ရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းကို ရိုက်ပြခဲ့တာပါ။ မင်းသမီး ဂျန်နီဖာက ၄င်းဝေဒနာသည်ကို ကူညီတဲ့ ဆရာဝန်မလေး Eve ... မင်းသား မက်သရူးက ဝေဒနာသည်အဖြစ် သရုပ်ဆောင်ထားခဲ့တယ်။ လူ့လောကမှာ ရက်ပေါင်း ၃၀ သာ အသက်ရှင် နေထိုင်ခွင့်ရတော့မယ်လို့ သတ်မှတ်ခံထားရတဲ့ ရောဂါသည်က အမေရိကန်ပြည်ထောင်စုအတွင်း ခွင့်ပြုထားတဲ့ ဆေးဝါးတွေနဲ့ ဘယ်လိုကုကု အသက်သာတာကြောင့် နိုင်ငံအတွင်း တရားမဝင် ခွင့်မပြုတဲ့ ဆေးဝါးတွေ နည်းမျိုးစုံ ဖြင့် ရှာဖွေကုသခံတဲ့ အကြောင်းပါ။ အဲသလို ကုသခံလိုက်တာ ရက် ၃၀ သာခံမယ့် လူနာက ရက်ပေါင်း ၂၁၉၁ ရက်(၆-နှစ်)ရှည်ကြာအောင် နေခွင့်ရသွားခဲ့တယ်။ တကယ့်အပြင်ဘဝမှာ ၄င်း Ron Woodroof က ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက်မှာ ကွယ်လွန်သွားတာဖြစ်ပါတယ်။

'သတ္တိရှိရှိ၊ စိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင်နဲ့ အရှိအတိုင်း၊ အတုံးလိုက်၊ အတစ်လိုက်ကို လုပ်ပြသွားခဲ့တာ။ တစ်ခါတလေ မက်သရူး သရုပ်ဆောင်နေတာကို ကြည့်ရတာကိုတောင် ကြောက်လာတယ်။ ဇာတ်လမ်းအရ သူက တစ်နေ့တခြား ပိန်ချုံးချည့်နဲ့လာရတာလေ။ သူက လိုအပ်တဲ့ အနေအထား ဖြစ်လာအောင် အစားကို စည်းနဲ့ကမ်းနဲ့ ထိန်းချုပ်စားတာ။ အဆက်မပြတ်တော့ စားနေတာပဲ၊ ဒါပေမဲ့ တစ်နေ့ကို ကယ်လိုရီ ... ပဲ သူ့ ခန္ဓာကိုယ်ထဲ အဝင်ခံတယ်' လို့ ပြောပြပါတယ်။

တိုက်ခိုက်သတ်ပုတ်နေတဲ့ ဇာတ်ကောင်တွေနဲ့ နာမည်ရခဲ့တယ်ဆိုပေမဲ့ ၂၀၀၇ ခုနှစ်မှာ ရိုက်ခဲ့တဲ့ **Juno** ရုပ်ရှင်ထဲက ဗက်နက်ဆာ ကာရိုက်တာကို ဘယ်သူမှ မေ့မထားနိုင်ပါဘူး။ သားသမီး မရနိုင်တဲ့၊ မြူနေတဲ့ မိန်းမတစ်ယောက်အဖြစ် သရုပ်ဆောင်ခဲ့တာ ကောင်းလွန်းလို့ ဆန်ခါတင်စာရင်းမှာ ဆုကြီး ၂ ဆု လျာထားခံခဲ့ရသူပါ။

ဂျန်နီဖာက ဧပြီလ ၁၇ ရက်နေ့မှာ အသက် ၄၁ နှစ် ပြည့်ခဲ့ပြီးပါပြီ။ ဟောလီဝုဒ် အသိုင်းအဝိုင်းက အခြားသော ၄၀ ကျော် အမျိုးသမီးကြီးများနည်းတူ ဘဝရဲ့ မှတ်တိုင်များလည်း ကျော်လွှားခဲ့ပါပြီ။ ဒါပေမဲ့ မျက်နှာပြင်ခွဲစိတ်ကုသခံခြင်း တစ်ခုမှ မလုပ်ရသေးပါဘူး။ 'ကျွန်မက ဘယ်အရာမှ ကြာရှည်မမြဲဘူးဆိုတာကို ကောင်းကောင်းနားလည်တဲ့အရွယ် ရောက်နေပါပြီ။ ဒီတော့ ကိုယ်ရောက်နေတဲ့နေရာကို သတိနဲ့ ဆင်ခြင်ကြည့်တတ်ရပါမယ်' ဆိုပြီး ပြောပြတဲ့ မင်းသမီးကို အင်တာဗျူးဆရာမက Botox (အသားအရေတင်းအောင်ထိုးတဲ့ဆေး)သုံးဖို့ကိုရောလို့ မေးကြည့်ပါတယ်။ ဂျန်နီဖာက အဲဒါကို စမ်းသပ် သုံးကြည့်ဖို့လည်း အနည်းငယ်ကြောက်လန့် စိုးရိမ်နေပုံပါ။ 'ကျွန်မနဖူးကြီးက အကျယ်ကြီးလေ၊ အပျဉ်လိုက်ကြီး ရေခဲတောင်ကြီးလို ဖြစ်မနေစေချင်ဘူး' လို့ ရှင်းပြပါတယ်။

သူမ ကျင်လည်နေတဲ့ သရုပ်ဆောင် အသိုင်းအဝိုင်းမှာပဲ ဂျန်နီဖာနှစ်သက် စံထားတဲ့ မင်းသမီးကြီးက Annette Bening ပါ။ သူတို့နှစ်ယောက်နဲ့အတူ မင်းသားကြီး Al Pacino ပါဝင်မယ့် Imagine ဆိုတဲ့ ရုပ်ရှင်လည်း ၂၀၁၄ ရုံတင်ပြနိုင်ဖို့ ရိုက်ကူးရေး စတင်တော့မှာပါ။ အန်းနက်ကိုရော၊ ဂျန်နီဖာ




အကောင်းဆုံး ဇာတ်ကားဆုအဖြစ် Argo ရုပ်ရှင်နဲ့ ခင်ပွန်းသည် အော်စကာဆုရတဲ့ပွဲကိုတော့ ဂျန်နီဖာ တက်ခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်ထွက်ကြတဲ့ ဘန်အက်ဖလက်ခ်တို့မိသားစု

ကိုပါ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးက 'တော်တော်စိတ်တူပါတယ်။ ဟာသဉာဏ်ရှိတာ၊ တူညီတဲ့ ရည်ရွယ်ချက်ရှိတာ' လို့ ဝေဖန်ပါတယ်။ ဂျန်နီဖာ့အမြင်ကတော့ မင်းသမီးကြီး အန်းနက်က ဟောလိဝုဒ်မှာ မဖြစ်နိုင်ဘူး ထင်တာကို ရအောင်လုပ်ပြနိုင်သူလို့ အထင်ကြီးလေးစားစိတ် ရှိခြင်းဖြစ်ပါတယ်။ အန်းနက်က သူမထက် အသက်လည်း ၂၀ ကျော်ကြီးရုံမက သူမတို့ လက်ထပ်စဉ်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေခဲ့တဲ့၊ မြာအလွန်ပွေလှတဲ့ မင်းသားကြီး Warren Beatty နဲ့ လက်ထပ်ပေါင်းသင်းခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပါပြီ။ မိန်းမကိစ္စနဲ့ နာမည်ကြီးတဲ့သူ တစ်ယောက်ကို နှစ် ၂၀ ကျော် အိမ်ထောင်မြဲအောင် ထိန်းသိမ်းနိုင်ကာ သားသမီး ၄ ယောက်ကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ခြင်းကို ဂျန်နီဖာ အားကျခြင်းပါ။

သူမက ဒါးလက်စ်ရုပ်ရှင် ရိုက်နေစဉ် အငယ်ဆုံး ရင်သွေးလေးကို ရိုက်ကွင်းခေါ်သွားခဲ့တယ်။ 'အမေ့နို့ရည်ကို ရနိုင်သလောက် Pumpနဲ့ထုတ်၊ စုထားပြီး သားလေးနိုးချိန်မှာ တိုက်ရတယ်' လို့ ပြောပြပါတယ်။ အခုတော့ လုပ်ငန်းခွင် ပြန်ရောက်လာတာ အတန်ငယ် နေသားကျလာပါပြီလို့ ရှင်းပြနေရင်း ခင်ပွန်းဖြစ်သူ မင်းသား ဘန်အက်ဖလက်ခ်ဆီ Text Message ပို့၊ သမီးတွေရဲ့ ဘာသင်တန်း၊ ညာသင်တန်းတွေရဲ့ အချိန်ဇယားတွေ ညှိနေကြပါတယ်။ ပြီးတော့ သူမရဲ့ တယ်လီဖုန်းပေါ်က ဒုတိယသမီးလေး Seraphina ရဲ့ ရွှေမင်းသမီးဝတ်စုံလေးနဲ့ ဓာတ်ပုံကို ဂုဏ်ယူဝင့်ကြွားစွာ ပြသပါသေးတယ်။

ဂျန်နီဖာက ငယ်စဉ်ကတည်းက မိခင်စိတ်ရှိသူ မိန်းကလေးတစ်ယောက်ဖြစ်ခဲ့တယ်။ 'ကျွန်မငယ်ငယ်က သွားလေရာ ကလေးရုပ်ကလေး တပွေ့ပွေ့၊ တပိုက်ပိုက်နဲ့။ ပြီးတော့ ဆယ်ကျော်သက်အရွယ်မှာ သူငယ်ချင်းတစ်ယောက်နဲ့အတူ ကလေးထိန်းအလုပ် လုပ်ခဲ့ကြသေးတယ်။ တစ်နာရီ နှစ်ဒေါ်လာ ဝင်ငွေရခဲ့တယ်' လို့ ဆိုပါတယ်။

Texas ပြည်နယ်မှာ မွေးခဲ့ပေမဲ့ ဖခင်ရဲ့ အလုပ်ကြောင့် West Virginia မှာ ပြောင်းရွှေ့ ကြီးပြင်းခဲ့ရတယ်။ ဖခင်က ဓာတုအင်ဂျင်နီယာ၊ မိခင်က အင်္ဂလိပ်စာပြဆရာမဖြစ်ကာ မွေးချင်းညီအစ်မ ၃ ယောက်မှာ ဂျန်နီဖာက အလတ်မကလေး ဖြစ်ခဲ့တယ်။ စည်းကမ်းကြီးပြီး ရိုးရှင်းစွာ နေတတ်တဲ့ မိဘတွေကြောင့် တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းတက်ရပါတယ်။ မိတ်ကပ်မလိမ်းရ၊ ဘီကီနီမဝတ်ရပေ။ နားဖောက်ဖို့ကိုပင် အသက် ၁၆ နှစ် အရွယ်မှ ခွင့်ပြုခဲ့ပါတယ်။ အိုဟိုင်းရိုးပြည်နယ်ရှိ Denison တက္ကသိုလ်မှ အနုပညာနဲ့ သက်ဆိုင်တဲ့ ဘွဲ့ရရှိခဲ့တယ်။ ငယ်စဉ်က ဘဲလေးအက သင်ခဲ့ပေမဲ့ ပရော်ဖက်ရှင်နယ် အဆင့်အထိ ဖြစ်ချင်စိတ် မရှိခဲ့ပါ။ ရုပ်ရှင်သရုပ်ဆောင်တစ်ယောက် အဖြစ်လည်း စိတ်ပင်မကူးခဲ့ပါ။ သူမက 'ကျွန်မက ဆရာဝန်တစ်ယောက်(သို့ မဟုတ်) စာကြည့်တိုက်မှူးတစ်ယောက် ဖြစ်ချင်ခဲ့တာ' လို့ ပြောပါသေးတယ်။

ဒါပေမဲ့ ဂျန်နီဖာတို့ မိသားစုအားလုံး ပြဇာတ်ကို နှစ်သက်ကြတယ်။ မြို့မှာလာကတဲ့ ပြဇာတ်မှန်သမျှ တစ်ခုမှ အလွတ်မပေးစတမ်း အားပေးကြည့်ရှုခဲ့ကြတယ်။ စနစ်ကြီးတဲ့ မိဘနှစ်ပါးက သမီးတစ်ယောက်ချင်းစီအတွက် အဝတ်အစားဖိုး တစ်နှစ် ဒေါ်လာ ၄၀၀ လို့ သတ်မှတ်ပေးထားခဲ့တယ်။ 'ကျွန်မတို့ အဲဒီငွေနဲ့ ဆောင်းတွင်းဝတ် ကုတ်အင်္ကျီ၊ အတွင်းခံ၊ ဖိနပ်ကအစ ဝယ်ကြရတယ်။ ဒီတော့ ကျွန်မတို့ သူများကလေး အခကြေးငွေယူပြီး ထိန်းရုံမက ရေခဲမုန့်လည်း ရောင်းဖူးတယ်။ ဘုရားကျောင်းမှာ ကော်ဖီငှဲ့ပေးရတဲ့အလုပ်၊ အထည်ဆိုင်တွေမှာလည်း အလုပ်လုပ်ရတယ်။ ပြီးတော့ ဘဲလေးအက သင်တန်းကို လာတဲ့ သင်တန်းသူ အသစ်ကလေးတွေကိုလည်း ဝိုင်းသင်ပေးခဲ့ရတယ်' လို့ ရှင်း

www.burmeseclassic.com

www.burmeseclassic.com

ပြခဲ့ပါတယ်။

ညီအစ်မတွေထဲမှာ သူ့ကိုယ်သူ ရုပ်အဆိုးဆုံးပါလို့ ဝန်ခံတဲ့ မင်းသမီးက 'ကျွန်မအမေလောက် ရှင်းရှင်းလင်းလင်းနေတတ်သူ တစ်ယောက်မှ မတွေ့ဖူးပါဘူး။ သူ့ဘဝမှာ ဆံပင်ဆိုးတာတို့၊ ပေါင်းတင်တာတို့၊ ကောက်တာတို့ မရှိဘူး။ နားပေါက်တောင် မဖောက်ထားဘူး။(အင်တာဗျူးဆရာမက ဆေးမင်ကြောင်ရေးလို့ သိသိကြီးနဲ့ မေးလိုက်တော့ မင်းသမီး ဂျန်နီဖာက သူ့မျက်နှာကို ဖြတ်အရိုက်ခံလိုက်ရသလို လန့်ဖျပ်သွားရှင်း) အိုး နီးနီး ကျွန်မတို့ လုံးဝ ဘယ်လုပ်လို့ရမလဲ'လို့ ဖြေပါတယ်။

၁၉၉၄ ခုနှစ်မှာ နယူးယောက်မြို့ကို ပြောင်းလာကြပြီး မကြာခင် ဂျနီဖာ ပြဇာတ်မှာ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တယ်။ အဲဒီကတစ်ဆင့် ရုပ်သံစီးရီးတွေမှာ အစွမ်းပြခွင့်ရလာတယ်။ မင်းသား Ashton Kutcher ရဲ့ ချစ်သူကောင်မလေးအဖြစ် **Dude, Where's My Car?** ရုပ်သံရုပ်ရှင်မှာ ပါဝင်ခဲ့ရတယ်။

ဒုတိယခင်ပွန်းဖြစ်လာမယ့် ဘန်အက်ဖလက်ခ်နဲ့ ၂၀၀၁ ခုနှစ်ကတည်းက **Pearl Harbor** ရုပ်ရှင်ရိုက်ရင်းနဲ့ ဆုံခဲ့ဖူးပေမဲ့ အဲဒီအချိန်က သူမမှာလည်း ပထမအိမ်ထောင်နဲ့ ပေါင်းတုန်း၊ မင်းသား ဘန်အက်ဖလက်ခ်ကလည်း မင်းသမီး Jennifer Lopez နဲ့ ဇာတ်ရှိန်မြင့်နေကြတုန်း အချိန်အခါဖြစ်ခဲ့တယ်။

ဖူးစာဖက်လို့ ပေါင်းဖြစ်ကြတဲ့ သူတို့နှစ်ယောက်နဲ့ ပတ်သက်လို့ အစပိုင်းမှာ အတင်းအဖျင်းစာစောင်တွေရဲ့ ချိုးနှက်ရေးသားမှုကို အလူးအလဲ ခံခဲ့ကြရတယ်။ ခင်ပွန်းသည် ဘန်အက်ဖလက်ခ်ကို ဘယ်လိုထင်မြင် သဘောထားသလဲဆိုတော့ 'သူက ကျွန်မ ထင်ထားတာထက် အရပ်ကြီးက ရှည်တယ်။ မှန်းဆထားတာထက်လည်း ရုပ်ချော၊ ကြည့်ကောင်းလာတယ်။ ပြီးတော့ **Pearl Harbor** ရိုက်နေစဉ်ကတည်း ကျွန်မ သတိထားမိတယ်။ သူ ရိုက်ကွင်းမှာရှိနေရင် အခြားသရုပ်ဆောင်တွေက ပိုကောင်းနေသလိုပဲ။ သူက လူကောင်းတစ်ယောက်ဖြစ်တာနဲ့ အညီ သူ့ပတ်ဝန်းကျင်က လူတွေကိုလည်း နမူနာကောင်းပြပြီး ဦးဆောင်သွားတတ်တယ်။ အခက်အခဲ တစ်ခုခု ဆိုရင်တောင် သူရှိနေရင် လွယ်လွယ်ကူကူ ပြေလည်အောင် ရှင်းနိုင်စွမ်းရှိတယ်။ အဲဒါလေးကို သတိရနေပြီး တော်တော်စွမ်းဆောင်နိုင်တဲ့သူပဲလို့ သဘောကျမိတယ်။ ဒါပေမဲ့ တစ်နေ့ သူ့ကို လက်ထပ်ရလိမ့်မယ်လို့ မထင်ခဲ့ပါဘူး'တဲ့။

ဇနီးမောင်နှံ နှစ်ယောက်တွဲပြီး ရုပ်ရှင်တစ်ခုတည်းမှာ တွေ့ကြရဦးမလားလို့ မေးတဲ့မေးခွန်းကို 'သိပ်တော့ အဓိပ္ပာယ် မရှိလှဘူး။ သူ ရုပ်ရှင်တစ်ကားကို ဒါရိုက်တာလုပ်ရိုက်ကူးနေပြီဆိုရင် ကျွန်မ သူ့ကို အထူးဂရုစိုက် ဖေးမရတယ်။ ကျွန်မတို့ မိသားစုကြီးရဲ့ တာဝန်ကိုလည်း ဦးဆောင်ရတယ်။ တကယ်ပါ။ ဇနီးမောင်နှံ နှစ်ယောက် ရုပ်ရှင်တစ်ကားတည်းမှာ တစ်ပြိုင်နက် ပါဝင်တာ အဆင်မပြေလှပါဘူး'တဲ့။ အခြားသရုပ်ဆောင်တွေ ဥပမာ မင်းသားကြီး Spencer Tracy နဲ့ Katharine Hepburn စုံတွဲ၊ Humphrey Bogart နဲ့ Lauren Bacall စုံတွဲတွေလည်း အတူရိုက်ခဲ့တာ ကို ယှဉ်ပြတော့ 'မှန်ပါတယ်၊ သူတို့တုန်းကနဲ့ အခု အခြေအနေ မတူကြပါဘူး'လို့ ငြင်းပါတယ်။

ဆုပေးပွဲ အခမ်းအနားများကို တောင် သူမတို့ ဇနီးမောင်နှံအတူတွဲ မတက်ကြပါဘူး။ အကောင်းဆုံး ဇာတ်ကားဆုအဖြစ် **Argo** ရုပ်ရှင်နဲ့ ခင်ပွန်းသည် အော်စကာဆုရတဲ့ပွဲကိုတော့ ဂျန်နီဖာတက်ခဲ့ပါတယ်။ နှစ်ယောက်အတူတွဲမတက်ရတဲ့ ပွဲတွေအတွက် 'တစ်ခါတလေတော့ ကျွန်မ မနှစ်သက်ဘူးရှင်။ ကျွန်မဝတ်ထားတဲ့ ဖိနပ်က သိပ်မြင့်ရင် သူ့လက်မောင်းကို မှီတွယ်ဖို့ သိပ်လိုအပ်တာကို'လို့ အရွှန်းဖောက်ပါတယ်။

တစ်နေ့နေ့မှာ မင်းသား ဘန်အက်ဖလက်ခ် နိုင်ငံရေးလောကထဲ ဝင်လာလိမ့်မယ်လို့ ထင်မြင်ယူဆချက်တွေ ကြားနေရတဲ့အတွက် အဲဒီလိုဖြစ်လာရင် မင်းသဘောထား ဘယ်လိုရှိလဲလို့ မေးကြည့်တဲ့အခါ 'အခုလက်ရှိတော့ နိုင်ငံရေးလောကပြင်ပမှာနေတာက လူတွေအားလုံးအတွက် သူ ပိုအလုပ်လုပ်နိုင်တယ်လို့ ခံစားရတယ်'တဲ့။ သူ နိုင်ငံရေးလောကထဲ တစ်နေ့နေ့ ဝင်သွားခဲ့ရင် ကျွန်မ အံ့သြမလားဆိုရင်တော့ 'ဟင့်အင်း၊ မအံ့သြပါဘူး'လို့ ဖြေပါမယ်။ ဒါပေမဲ့ အခုတော့ သူ မဝင်နိုင်သေးပါဘူး'တဲ့။ ■

**ရီတာအောင်၊NY၊**



ဂျန်နီဖာ လက်ခံရိုက်ကူးလိုက်သမျှ ရုပ်ရှင်ကားတိုင်းမှာ ဇာတ်ကောင်စရိုက်ဟာ မိန်းမဆိုးတစ်ယောက် ဖြစ်နေတာကို အများဆုံးတွေ့ရပါတယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကဗျာ၊ ဝတ္ထု၊ ဝေဖန်ရေးနဲ့စာပေသဘောတရားတွေ ရေးတဲ့ ဆရာကြီး ဒဂုန်တာရာနဲ့ တွေ့ဆုံပေးဖို့ အစီအစဉ်ရှိခဲ့တာတော့ ကြာပါပြီ။ အကြောင်းကြောင်းကြောင့် မဆုံဖြစ်နိုင်ဘဲ ရှိနေရာက ဒီလအတွက်တော့ မဖြစ်မနေစီစဉ်ကြမယ်ဆိုပြီး နိုဝင်ဘာလ ၂ ရက်နေ့က ဆရာကြီးနေထိုင်ရာ မှော်ဘီမြို့မှာ စာတည်းအဖွဲ့နဲ့အတူ သွားရောက်တွေ့ဆုံခဲ့ပါတယ်။

အသက် ၇၀ နီးနေပေမဲ့ ဆရာ့ကို ကြည့်ရတာ သူ့ကဗျာတွေ၊ စာတွေလို နုပျိုလန်းဆန်းနေဆဲပဲ။ သုံးနာရီနီးပါး စကားပြောဖြစ်ခဲ့ကြတဲ့အထဲက စာပေနဲ့ပတ်သက်တဲ့ ဆရာ့အတွေ့အကြုံ၊ အယူအဆတွေကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

❑

**စာပေလောကထဲ ရောက်လာပုံကပဲ စလိုက်ကြရအောင် ဆရာ။**

ကျွန်တော် စာပေလောကထဲ ရောက်လာပုံကတော့ သိပ်ထူးထူးထွေထွေ မရှိလှပါဘူး။ ဒါပေမဲ့ ကျွန်တော် ငယ်စဉ်ကတည်းက ဝါသနာပါခဲ့တာက စာပေမဟုတ်ဘူး။ ဂီတနဲ့ပန်းချီဝါသနာပါခဲ့တာ။ ဖြစ်ချင်တာက စန္ဒရားဆရာ၊ ပန်းချီဆရာ။ စာပေလောကထဲဝင်ဖို့ လုံးဝစိတ်ကူးမရှိခဲ့ဘူး။

ရတုပိုဒ်စုံကဗျာတစ်ပုဒ်ရေးလိုက်တာ ဒဂုန်မဂ္ဂဇင်းက ဖော်ပြပေးလိုက်တော့ အဲဒီကစပြီး စာပေလောကထဲ ရောက်သွားတာပါပဲ။ အဲဒီအရင်ကတော့ တက္ကသိုလ်သိပ္ပံမဂ္ဂဇင်းမှာတော့ စကားပြေ(ဝတ္ထု)တစ်ပုဒ် ပို့ထားတာရှိတယ်။ အဲဒီတုန်းက ကျွန်တော်က ရှစ်တန်းကျောင်းသား။ ကျောင်းမှာသင်ရတဲ့ အိပ်(ချ)ဂျီဝဲ(လ)ရဲ့ Treasure

# ဒဂုန်တာရာ
## နှင့်
## တွေ့ဆုံခြင်း
### ဝင်းငြိမ်း

in the Forest ထဲက ကောက်နုတ်ချက်လေးကို မြန်မာဟန်ကလေးနဲ့ မှီးရေးတဲ့သဘောပါပဲ။ အဲဒါက ပါတော့ပါတယ်ဗျ။ ဒါပေမဲ့ ကဗျာနောက်မှပါမှန်းသိရတယ်။ နောက်ပြီး အဲဒီမဂ္ဂဇင်းကလည်း ကျွန်တော့်ဝတ္ထုပါပြီးတဲ့နောက် ဆက်မထွက်တော့ ကျွန်တော်ကလည်း ပါမှန်းကို မသိလိုက်ဘူး။ သူတို့ကလည်း အကြောင်းမကြားဘူး။ နောက်တစ်နှစ်လောက်နေမှ သိရတာ။

ကဗျာပါတယ်ဆိုတာ ချက်ချင်းသိရတော့ ကဗျာတွေပဲ ဆက်ရေးဖြစ်နေတယ်။ စကားပြေကို သိပ်မရေးဖြစ်ခဲ့ ဘူး။

**ဆရာ အဲဒါ ဘယ်နှခုနှစ်လောက် ကပါလဲ။**

၁၉၃၄။ ကဗျာကလည်း ခင်ဗျားတို့ငယ်တဲ့သူတွေတော့ ဖတ်ဖူးမှာ မဟုတ်ဘူး။ ရှေးနည်းရေးဟန်နဲ့ရေးတာ။ ပါဠိတွေ၊ ပေါရာဏတွေနဲ့ရေးတော့ အယ်ဒီတာတွေ တောင် ဘုန်းကြီးလူထွက် အောက်မေ့နေတာ။ အဲဒီကနေ ရန်ကုန်ကျောင်းရောက်တော့ ဝတ္ထုတွေဖတ်၊ စကားပြေတွေဖတ်နဲ့ အမြင်လည်းကျယ်လာတော့ စကားပြေ၊

၂၀၁၃ ခုနှစ်
ဩဂုတ်လ ၁၉ ရက်နေ့တွင်
စာရေးဆရာ ဒဂုန်တာရာသည်
အောင်ပန်းမြို့တွင်
ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။
၁၉၈၆ ခုနှစ် ဒီဇင်ဘာ၊
၁၉၈၇ ခုနှစ် ဇန်နဝါရီ၊
၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလထုတ်
ပေဖူးလွှာမဂ္ဂဇင်းတို့တွင်
ဖော်ပြခဲ့သည့်
'စာဖတ်သူများနှင့် တွေ့ဆုံခြင်း'
ကဏ္ဍတွင်
ဆရာဒဂုန်တာရာအား
ဆရာဝင်းငြိမ်းက
တွေ့ဆုံမေးမြန်းခဲ့သည်များကို
ရွှေအမြုတေ
စာဖတ်ပရိသတ်အတွက်
ပြန်လည်ဖော်ပြ
လိုက်ပါသည်။
သရုပ်ဖော်ပုံကို
ပန်းချီ မြင့်မောင်ကျော်
ရေးဆွဲပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုတိုတွေ ရေးဖြစ်သွားတာ။ ရေးတာကလည်း ဘာရယ်တော့ မဟုတ်ပါဘူး။ ရေးချင်စိတ်ပြင်းပြနေလို့ ရေးလိုက်တာပါပဲ။

အဲဒီကနေ ၁၉၄၁ ခုနှစ်လောက်မှာ **မေ** ဝတ္ထုထုတ်ဖြစ်တယ်။ ဒါလည်း မှီးရေးတဲ့ဝတ္ထုတစ်ပုဒ်ပါ။ စာရေးဆရာ Beverly Nichols ရဲ့ **Self** ဆိုတဲ့ ဝတ္ထုကို မှီးထားတာပါ။ ရေးတာကတော့ ၁၉၃၈-၃၉ ခုနှစ်လောက်ကတည်းက ရေးခဲ့ပြီး ၁၉၄၁ ခုနှစ်ကျမှ နဂါးနီကနေ ထုတ်ဖြစ်တယ်။ အဲဒါကို အကြောင်းပြုပြီးတော့ စာပေလောကထဲကို ရောက်တယ်လို့ ပြောနိုင်မယ်ထင်ပါတယ်။

**ဆရာ ကဗျာစရေးတော့ အသက်ဘယ်လောက်ရှိပါပြီလဲ။**

စပါတော့ ကျွန်တော့်အသက် ဆယ့်လေးငါးနှစ်ပဲ ရှိသေးတယ်။

**စရေးတုန်းက ကလောင်နာမည်က။**

မြိုင်သဇင်။

**ဒီကလောင်နာမည်နဲ့ ဘယ်နှနှစ်လောက် ရေးဖြစ်သလဲ ဆရာ။**

၂ နှစ်၊ ၃ နှစ်လောက်ပဲဗျ။ နောက်တော့ ဒီကလောင်နာမည်လည်း မကြိုက်တာနဲ့ အခုလက်ရှိကလောင်နာမည်ကို ပြောင်းခဲ့တာပဲ။

**ဒဂုန်တာရာဆိုတဲ့ ကလောင်နာမည်ယူဖြစ်ခဲ့တဲ့ သီးခြားအကြောင်းများရှိပါသလား။**

အဲဒါကတော့ တော်တော်တွေးယူရလိမ့်မယ်ဗျ။ တာရာဆိုတာ ကြယ်မဟုတ်လား။ အဲဒီတာရာဆိုတဲ့ စကားလုံးလေးကို သဘောကျတယ်။ ဒါလောက်ပါပဲ။ သိပ်ကြီးကြီးကျယ်ကျယ်အကြောင်းတော့ မရှိပါဘူး။

ကျွန်တော် ရေးခဲ့တဲ့ 'တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ' ဆိုတဲ့ ဝတ္ထု ရှိတယ်။ အဲဒီမှာ ကျွန်တော်က ဘာရေးထားသလဲဆိုတော့ ကျွန်တော့်သက်တမ်းမှာ မီခဲ့တဲ့ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကို ရေးတယ်။ လူငယ်တွေရဲ့အခန်းကဏ္ဍကို ရေးတော့ ဇာတ်ကောင်ကလည်း လူငယ်ဘဝကပဲ စထားတယ်။

**ရှေ့က ဒဂုန်ဆိုတာကတော့ ဒဂုန်မဂ္ဂဇင်းကိုအကြောင်းပြုပြီး ယူတာပဲ ထင်ပါတယ်။**

ဟုတ်ပါတယ်။

**ဆရာ ကဗျာစရေးတော့ ဘယ်လိုပုံစံတွေက စရေးခဲ့ပါသလဲ။**

ရတုပိုဒ်စုံက စရေးခဲ့တာပဲ။ လေးလုံးစပ်ပုံစံပေါ့။ အချညီ၊ အချီညီ၊ ပဒညီလို့လည်း ခေါ်တယ်။ သုံးပိုဒ်စလုံး စကားပါဒချင်းလည်း ညီရတယ်။ တခြားလေးလုံးစပ်ပုံစံဝင်တာတွေလည်း ရေးပါတယ်။ လူးတားတို့၊ ချေင်းတို့၊ ရှေးရေးလေးချိုးတို့ပေါ့။ ဒါလည်း ရှေးရိုးပုံစံတွေပါပဲ။ ဦးကြီးတို့။ ဘယ်သူတို့ရေးခဲ့တယ်။ သံချိုတော့ နည်းနည်းပဲရေးတယ်။ နောက် ရှစ်ဆယ်ပေါ် တေးထပ်၊ ထပ်တွန့်ရှစ်ဆယ်ပေါ် အဲဒါမျိုးတွေပေါ့ဗျာ။

**အကြောင်းအရာအနေနဲ့ကော ဆရာ။**

ပထမဆုံး ရတုပိုဒ်စုံခေါင်းစဉ်တပ်ထားတာကိုက **တို့ဗမာအကြောင်းဘွဲ့ ထုတ်ဩဘာ မင်္ဂလာရတုပိုဒ်စုံ** လို့ တပ်ထားတယ်။ ဒေါင်းမင့်သီဟာ၊ သောင်းခွင့်ဒီပါပေါ့ဗျာ။ ရှေးဗမာတွေရဲ့သမိုင်းကြောင်းကို ရတုပိုဒ်စုံနဲ့တင်စားရေးထားတာပါပဲ။

**ဆရာရေးတဲ့ကဗျာတွေမှာ အများအားဖြင့် သမိုင်းကြောင်းတွေပဲနော်။**

အဲ၊ အများအားဖြင့်လို့တော့ မပြောတတ်ဘူးဗျ။ ရေးတော့ရေးတာပဲ။ ဒီဘက်ခေတ်မှာလည်း အကြောင်းအရာစုံအောင်တော့ ရေးပါတယ်။ သမိုင်းကြောင်းလို့ ပြောရင်လည်းရမယ့်ဟာတွေလည်း ပါတာပေါ့ဗျာ။ ဥပမာ **မတ်လတော်လှန်ရေး** ဆိုရင် သမိုင်းကြောင်း ခေါင်းစဉ်တပ်ရင် ရမလားမပြောတတ်ဘူး။

**ဆရာက ကဗျာအများကြီးရေးခဲ့တာဆိုတော့ ကဗျာနဲ့ပတ်သက်တာပဲ ဆက်မေးချင်ပါတယ်။ ကဗျာဆိုတဲ့ ဝေါဟာရကို ဆရာ ဘယ်လိုအဓိပ္ပာယ်ဖွင့်ပါသလဲ။**

ကဗျာကို တိုတိုရှင်းရှင်း အဓိပ္ပာယ်ဖွင့်ရရင်တော့ ရင်ခုန်သံပေါ့ဗျာ။ ရင်ခုန်သံစိတ်ရဲ့ခံစားချက်ကို လက်ာစာလုံးနဲ့ ဖော်ပြတာဟာကဗျာပေါ့။

**ဒါဆို ကဗျာဆိုတာဟာ မိမိရဲ့ရင်ခုန်သံကို ဖွင့်ဟရုံသက်သက်ပဲလား။**

ကဗျာဆိုတာ ရင်ထဲမှာ ခံစားမှုရှိလာမှ ရေးလို့ရတာမျိုး။ ခံစားမှုဆိုတာကို ရုပ်ပိုင်းနဲ့ပြောရင်တော့ ရင်ခုန်လာတာပေါ့။ ရင်ခုန်စေတဲ့အကြောင်းအရာဆိုတာ အမျိုးမျိုးရှိနိုင်တာပဲ။ တစ်ယောက်နဲ့တစ်ယောက်တော့ တူမှာ မဟုတ်ဘူးပေါ့။

**ကဗျာဆရာတစ်ယောက်ဟာ မိမိကဗျာကတစ်ဆင့် စာဖတ်သူကို တစ်စုံတစ်ရာ Message ပေးနိုင်ဖို့ရော တာဝန်မရှိဘူးလား။**

အဲဒါကတော့ ကျွန်တော် ရေးခဲ့တဲ့ကဗျာတွေ မှတ်မိသလောက် ပြောရရင် ကိုယ်ခံစားသလို တစ်ပါးသူ ခံစားရအောင် စာဖတ်ပရိသတ်ကို ပြောတာပဲ ရှိတယ်။ မျှဝေခံစားစေချင်တဲ့ သဘောပေါ့ဗျာ။ ကိုဝင်းငြိမ်းပြောတဲ့ Message ဆိုတဲ့ စကားလုံးကတော့ နည်းနည်း ကြီးကျယ်သလို ကျွန်တော်ထင်တယ်။ Message ဆိုတဲ့ စကားလုံးကို ဘယ်လိုအဓိပ္ပာယ်ပြန်မလဲတော့ ကျွန်တော် မသိဘူး။ ခံစားမှုဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

နေရာမှာလည်း ဥပမာ ကျွန်တော်ရေးတဲ့ **မတ်လတော်လှန်ရေး** ကဗျာဆိုပါတော့ဗျာ။ ကျွန်တော်ရေးတဲ့အချိန်မှာ ဖက်ဆစ်တော်လှန်ရေးအချိန်ကာလ နွေရာသီရဲ့အမှတ်အသားလေးတွေ၊ သီကျိုးသံလေးတွေ၊ အပွင့်နီနီလေးတွေ ပွင့်နေတယ်။ အဲဒါလေးမြင်ရတော့ သတိရလာလို့ ရေးလိုက်တာပဲ။

အဲဒါကို Message လို့ဆိုတာတော့ ကျွန်တော် မသိဘူး။ ကျွန်တော်အထင်ကတော့ ကိုယ့်ကဗျာဖတ်တဲ့ပရိသတ် (သို့မဟုတ်)ဝေဖန်ရေးဆရာတွေက (ဝေဖန်ရေးဆရာကတော့ သရုပ်ခွဲပြီး နာမည်တပ်ပေးကြတာပေါ့ဗျာ။)ဒီကဗျာဆရာက ဘယ်လိုကဗျာမျိုးတွေ ရေးတယ်ပေါ့လေ။ အဲဒီလို နာမည်တပ်ဖို့အတွက်ဖြစ်မယ်။ ကျွန်တော်ရေးတဲ့သူအနေနဲ့ကတော့ Message ပေးဖို့ရယ်လို့ သတ်သတ်ရေးတာ မဟုတ်ပါဘူး။

**ကဗျာမှာ ဘယ်လိုအင်္ဂါရပ်တွေ ပါရမလဲဆရာ။**

ကဗျာကို အကြမ်းဖျင်းပိုင်းရင် နှစ်ပိုင်းရှိတယ်။ ပထမအပိုင်းက အကြောင်းအရာ၊ မိမိခံစားရတဲ့အကြောင်းအရာပေါ့ဗျာ။ ဒါကိုကဗျာနဲ့ရေးမယ်ဆိုရင် ဒုတိယအချက်က အဖွဲ့အနွဲ့ပေါ့။ ကဗျာဆိုတော့ စကားပြေနဲ့တော့ မတူဘူးပေါ့။ သူက စကားလုံးလေးတွေ ရွေးရတယ်။ ဒီစကားလုံးလေးတွေ ဖွဲ့နွဲ့ဖို့အတွက် အနေအထား။ ကျွန်တော်ကတော့ အကြမ်းအားဖြင့် အဲဒီလို နှစ်ပိုင်းခွဲခြားတယ်။

**အကြောင်းအရာနဲ့ ပုံသဏ္ဌာန် ဘယ်ဟာဦးစားပေးသင့်သလဲ။**

ဒါကတော့ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်၊ ၄၀ လောက်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ပြဿနာပဲ။ ကျွန်တော်တို့စာရေးစလူငယ်တွေအတွင်းမှာ အကြောင်းအရာနဲ့ ပုံသဏ္ဌာန် ဘယ်ဟာ ဦးစားပေးသင့်ဆိုတာ အငြင်းပွားခဲ့ကြတယ်။ အကြောင်းအရာအဓိကဆိုသူတွေရှိသလို ပုံသဏ္ဌာန်အဓိကဆိုသူတွေလည်းရှိတယ်။ ကျွန်တော့်အတွေ့အကြုံစာရေးသက်အရပြောရရင် စကားပြေရော၊ ကဗျာမှာပါ အကြောင်းအရာနဲ့ပုံသဏ္ဌာန်ဟာ နှစ်ခုလုံးအရေးကြီးတာပဲ။ ဘယ်သူက ဘယ်သူ့ထက် ပိုပြီးအရေးကြီးတယ်လို့ပြောလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းအရာနဲ့ ပုံသဏ္ဌာန်ဆိုတာ တစ်ခါတည်းထွက်လာတာ။ အကြောင်းအရာဆိုတာကတော့ ခေါင်းထဲမှာ စဉ်းစားလို့ရလာတဲ့ဟာပေါ့ဗျာ။ ဒါကိုစာလုံးအဖြစ်နဲ့ ဖွဲ့နွဲ့ရေးရတာ။ ဒီစာလုံးကိုဖတ်မှလည်း ဘယ်အကြောင်းအရာရေးတာပဲဆိုတာ သိရတာ။ အဲဒီတော့ အကြောင်းအရာနဲ့ ပုံသဏ္ဌာန်နှစ်ခုစလုံးဟာ အရေးကြီးပါတယ်။

**တစ်ခါတုန်းက ကဗျာနဲ့ပတ်သက်ပြီး ဆရာ ပြောဖူးတာရှိတယ်။ ကာရန်ဟာ အတွေးရဲ့လက်အောက်ခံတဲ့။ အဲဒါနဲ့ပတ်သက်ပြီး ဆရာ ရှင်းပြပေးပါဦး။**

အဲဒါ ဟုတ်တယ်။ ကဗျာဖွဲ့တဲ့အခါကျတော့ အကြောင်းအရာခံစားချက်ကို အရင်စဉ်းစားတာပဲ။ အဲဒီအကြောင်းအရာ ရတော့မှ စကားလုံးရွေးပြီး ဖွဲ့ရတယ်။ အဲဒီလိုဖွဲ့နွဲ့တော့မှ ကာရန်ဆိုတာ ပေါ်လာတာပဲ။ ဒါကြောင့် ကာရန်ဟာ အတွေးရဲ့လက်အောက်ခံလို့ ကျွန်တော် ပြောတာပါ။

**ဒီနေ့လူငယ်တွေရဲ့ကဗျာတွေကော ဆရာ ဖတ်မိမလား မသိဘူး။ ကာရန်မဲ့ကဗျာနဲ့ပတ်သက်ပြီး ဆရာ ဘယ်လိုသဘောထားပါသလဲ။**

ကာရန်မဲ့ကဗျာလို့ ခေါ်တဲ့ကဗျာအမျိုးအစားတွေ ပေါ်လာတာကတော့ ကျွန်တော်မှတ်မိသလောက်ပြောရရင် ၁၅ နှစ်၊ အနှစ် ၂၀ လောက်ရှိပါပြီ။ ဒီကဗျာတွေကို ကာရန်မဲ့ကဗျာလို့ခေါ်တဲ့သူက ဘယ်လိုအဓိပ္ပာယ်နဲ့ခေါ်သလဲတော့ မသိဘူး။ ကာရန်ကတော့ မမဲ့ဘူး။ ကာရန်တွေ ပါနေတယ်။ ကာရန်ပါပုံပါနည်းကတော့ ရှေးဟန်အတိုင်းတော့ မဟုတ်ဘူး။ လွတ်လွတ်လပ်လပ်ကာရန်တွေကို ယူချင်သလို ယူထားတယ်။ အဲဒီတော့ ရှေးဟန်ကြိုက်တဲ့သူ၊ ဒါမှမဟုတ် ဒီကဗျာတွေကို မကြိုက်တဲ့သူတစ်ယောက်ယောက်ကပဲ ဒီကဗျာတွေကို ကာရန်မဲ့ကဗျာလို့ အမည်ပေးလိုက်ဟန်တူပါတယ်။ ကာရန်မဲ့ဆိုပေမဲ့ ကာရန်မမဲ့ပါဘူး။

## စာဖတ်သူများ(နှင့်) တွေ့ဆုံပေးခြင်း

**ကဗျာနဲ့ စကားပြေ ခံစားမှုချင်း ဘယ်လိုခြားနားမှု ရှိပါသလဲ။**

ခံစားမှုတစ်ခု ရင်ထဲရောက်လာလို့ ဒါကိုကဗျာနဲ့ဖွဲ့မှ ဖြစ်မယ်ဆိုရင် ကဗျာနဲ့ရေးလိုက်တာပဲ။ ဒီလိုအကြောင်းအရာတစ်ခုပဲ ဝတ္ထုနဲ့ရေးမှဖြစ်မယ်ဆိုရင် ဝတ္ထုရေးလိုက်တာပဲ။ ဝတ္ထုရေးမှဖြစ်မယ့် အကြောင်းအရာတစ်ခုကို ကဗျာနဲ့မရေးဘူး။ အဲဒီလိုပဲ ခံစားမှုကိုကဗျာနဲ့ရေးမှ ကိုဖြစ်မယ်ဆိုရင်တော့ ကဗျာနဲ့ရေးချလိုက်တာပဲ။

ကျွန်တော်က စကားပြေရော၊ ကဗျာပါ ရေးနေတဲ့သူဆိုတော့ ကဗျာအတွက် သီးသန့်ခံစားချက်ရှိတယ် ထင်တယ်။ ဟိုတလောက ရေးလိုက်တဲ့ **မိမိကိုယ်ကို မဲဇာသို့ပို့ခြင်း** ဆိုရင် အဲဒါ ကဗျာကိုရေးရမှ ဖြစ်တဲ့ခံစားချက်ပဲ။ အဲဒါကို ဝတ္ထုလည်း မရေးချင်ဘူး။ တခြားဝတ္ထုဟန်မျိုးလည်း မရေးချင်ဘူး။

**ဆရာတစ်ယောက်က ပြောဖူးတယ်။ အကြောင်းအရာတစ်ခုကို ကဗျာနဲ့ပြောတာထက် စကားပြေနဲ့ ပြောတာ ပိုပြီးထိရောက်တယ်တဲ့။ ဆရာ ဘယ်လို သဘောရပါသလဲ။**

အဲဒါကတော့ ပြောလို့မရဘူးဗျ။ စကားပြေ၊ ရသစာပေ၊ အဲ ဝတ္ထုပဲဆိုကြပါစို့ဗျာ။ ဥပမာတစ်ခု ကျွန်တော်ပြောပြမယ်။ ကျွန်တော် ရေးခဲ့တဲ့ **'တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ'** ဆိုတဲ့ ဝတ္ထုရှိတယ်။ အဲဒီမှာ ကျွန်တော်က ဘာရေးထားသလဲဆိုတော့ ကျွန်တော့်သက်တမ်းမှာ မီခဲ့တဲ့ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို ရေးတယ်။ လူငယ်တွေရဲ့ အခန်းကဏ္ဍကိုရေးတော့ စာတ်ကောင်ကလည်း လူငယ်[illegible] စထားတယ်။

အဲဒီမှာ ခေတ်တစ်ခေတ်[illegible] အမျိုးသားလွတ်မြောက်ရေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရေးခေတ်ကြီးတစ်ခေတ်လုံးကို ရေးရတယ်။ အဲဒါကို ကဗျာနဲ့ရေးလို့မရဘူးလားလို့ မေးစရာရှိတယ်။ ရေးရင်ရတော့ရတယ်။ ဒါပေမဲ့ အခန်းကဏ္ဍတစ်ခုစီပဲ ရေးလို့ရမယ်။ ခေတ်ကြီးတစ်ခေတ်လုံးကိုတော့ ရေးလို့မရနိုင်ဘူး။ လှုပ်ရှားမှုတစ်ခုလုံးကို ပေါ်လွင်အောင်ရေးဖို့ကျတော့ စကားပြေနဲ့ရေးမှ ဖြစ်မယ်ဆိုပြီး ဝတ္ထုပုံစံရေးခဲ့တာပဲ။ အဲဒီအထဲက အကွက်တစ်ကွက်ဖြစ်တဲ့ခုနက ပြောတဲ့မတ်လတော်လှန်ရေးလိုဟာမျိုးကျတော့ ကဗျာနဲ့ရေးလို့ဖြစ်တာပေါ့။

**ကဗျာကောင်းတစ်ပုဒ် ဆိုတာကော ဘယ်လိုဟာမျိုးလဲ ဆရာ။**

ကဗျာကောင်းတစ်ပုဒ်ဆိုတာ ကျွန်တော့်အတွက် ပြောရရင် ဖတ်ပြီး ရင်ခုန်လာစေတဲ့ကဗျာဟာ ကဗျာကောင်းတစ်ပုဒ်ပဲ။ ဖတ်ပြီး ခံစားမှုပေါ်မလာဘူး၊ ရင်တဒိတ်ဒိတ် ခုန်မလာဘူးဆိုရင်တော့ ကဗျာကောင်းမဟုတ်ဘူးပေါ့။

ကဗျာကောင်းမကောင်းဆိုတာ ခွဲခြားပြောရတာ တော်တော်တော့ခက်ပါတယ်။ ခံစားချက်ချင်းက တစ်ယောက်နဲ့တစ်ယောက် တူမှာမှ မဟုတ်ဘဲကိုး။

**ဒီနေ့ထွက်နေတဲ့ မဂ္ဂဇင်းတိုင်းမှာ ကဗျာကို တစ်ခန်းတစ်ကဏ္ဍအနေနဲ့ ဖော်ပြနေကြတယ်။ ကဗျာရေးတဲ့လူငယ်တွေလည်း တော်တော်ပေါ်ထွက်လာပါတယ်။ ဆရာ့အနေနဲ့ ဒီနေ့ခေတ်ပြိုင် လူငယ်ကဗျာဆရာတွေရဲ့ အရေးအသား အပေါ်မှာ ဘယ်လိုများမြင်ပါသလဲ။**

ဒီနေ့မဂ္ဂဇင်း နှစ်ဆယ်ကျော်သုံးဆယ်ထွက်နေတယ်။ ကျွန်တော်မဂ္ဂဇင်းဖတ်ရင် စဖတ်တဲ့ကဏ္ဍက ကဗျာပဲ။ ကဗျာဖတ်ပြီးမှပဲ တခြားဖတ်ချင်တဲ့ စာတွေဖတ်တယ်။ ကဗျာရေးတဲ့လူတွေကလည်း လူငယ်တွေများတယ်။ ဒီနေ့ ခေတ်လူငယ်တွေရဲ့ ရင်ခုန်သံကို နားထောင်ချင်ရင် ကဗျာဖတ်ရမယ်လို့ ကျွန်တော် နားလည်ထားတယ်။ ဒီနေ့သမိုင်းခေတ်ကို သူတို့ဘယ်လိုခံစားရသလဲဆိုတာ သိချင်လို့ ဒီနေ့ခေတ်ပြိုင်ကဗျာဆရာတွေရဲ့ကဗျာတွေကို ဖတ်တာပဲ။ ကျွန်တော် အကုန်လုံး ဖတ်တယ်။

သူတို့အရေးအသား အဖွဲ့အနွဲ့ကိုလည်း ကြိုက်ပါတယ်။ လွယ်လွယ်ပုံစံနဲ့ သူတို့ခံစားချက်ကို ရေးပြနေကြတာပါပဲ။

**ဟိုတုန်းက စာရေးဆရာအသင်းမှာ စာရေးဆရာဆိုတဲ့ စကားလုံးကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြတယ်ဆိုတာ ဒီနေ့ လူငယ်တွေ သိရအောင် ရှင်းပြပေးပါဦး ဆရာ။**

စာရေးဆရာအသင်းဆိုတာ စပေါ်တာကတော့ ၁၉၄၀ ထင်တယ်။ စာရေးဆရာကြီးအိပ်ချ်ဂျီဝဲလ် ဩစတြေးလျကို သွားရင်း မြန်မာပြည်ကို ဝင်တော့ ဧည့်ခံဖို့အတွက် စာရေးဆရာတွေစုကြတယ်။ အဲဒီကစပြီး စာရေးဆရာတွေ စုမိသွားကြပြီးတော့ တို့စာရေးဆရာအသင်းဖွဲ့မှပဲဆိုပြီး ဖွဲ့ကြတာပဲ။ အဲဒီအတောအတွင်းမှာပဲ ဆရာကြီး ပီမိုးနင်း ကွယ်လွန်သွားတော့ ဆရာကြီး ဈာပနအတွက် စာရေးဆရာတွေ စုမိကြတယ်။ အဲဒီမှာ စာရေးဆရာများအစည်းအရုံးဆိုပြီး ဖွဲ့ကြတယ်။ ဥက္ကဋ္ဌက ဒီးဒုတ်ဦးဘချို။

တစ်ခါ ဂျပန်ခေတ်ကျတော့ ‘စာရေးဆရာများအသင်း’ ဆိုပြီးဖွဲ့ကြတယ်။ အဲဒီမှာ အသင်းဝင်တွေအတွက် စည်းမျဉ်းအနေနဲ့ ဘာရေးထားသလဲဆို တော့ ‘စာအုပ်သို့မဟုတ် စာတမ်းတစ်ခုခုရေးသားသူသည် စာရေးဆရာဖြစ်သည်’ လို့ ရေးထားတယ်လို့ ထင်တယ်။ အဲဒီလို တစ်ခုခုရေးခဲ့တဲ့လူက စာရေးဆရာအသင်းဝင်ဖြစ်နိုင်တယ်ဆိုတဲ့သဘောမျိုးပေါ့ဗျာ။ စာအုပ်စာတမ်းလို့ဆိုထားတော့ စာတမ်းဆိုတဲ့အဓိပ္ပာယ်ကြည့်လိုက်ရင်စာကြောင်းသုံးကြောင်းနဲ့လည်း စာတမ်းဆိုတာဖြစ်နိုင်တာပဲ။

> ခေတ်တစ်ခေတ်လုံး၊ အမျိုးသားလွတ်မြောက်ရေး
> တော်လှန်ရေးခေတ်ကြီးတစ်ခေတ်လုံးကို ရေးရတယ်။
> အဲဒါကို ကဗျာနဲ့ ရေးလို့မရဘူးလားလို့
> မေးစရာရှိတယ်။ ရေးရင် ရတော့ရတယ်။
> ဒါပေမဲ့ အခန်းကဏ္ဍတစ်ခုစီပဲ ရေးလို့ရမယ်။
> ခေတ်ကြီးတစ်ခေတ်လုံးကိုတော့ ရေးလို့မရနိုင်ဘူး။

စာရေးတဲ့သူအားလုံး စာရေးဆရာ ဖြစ်နေတယ်။ စာဆိုတာလည်း အမျိုးစုံရှိတာပဲ။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်လို့ခေါ်တဲ့စိတ်ကူးနဲ့ ဖွဲ့နွဲ့ရေးသားတဲ့စာတွေ (နောင်တော့ ဒါတွေကို ရသစာပေလို့ခေါ်တယ်။)အပြင် သိပ္ပံနဲ့ဆိုင်တဲ့ဆပ်ပြာချက်နည်းတို့၊ အဝတ်လျှော်ပုံ၊ ဗေဒင်စတဲ့စာတွေအားလုံး အကျုံးဝင်နေတယ်။ အဲဒီတော့ စာရေးဆရာအသင်းမှာ လူပေါင်းစုံ ရှိတာပေါ့။ စာရေးဆရာအသင်းမှာလည်း အပြိုင်အဆိုင်အားစုကြတာတွေ ရှိတယ်။ အဲဒီတုန်းက ၁၉၅၀ ပြည့်နှစ်ကျော်ကျော်ပေါ့။

အဲဒီလိုစည်းရုံးကြတဲ့အခါကျတော့ စာရေးဆရာအသင်းဆိုတာ ပီပီသသ မဖြစ်တော့ဘူး။ ဒီအထဲမှာ နိုင်ငံရေးသမားတွေကလည်း ပါနေတယ်။ သူတို့ကလည်း နိုင်ငံရေးသမား မပါရဘူးလို့မှ မဆိုဘဲကိုး။ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတော့ ဒီကိစ္စကို ရှင်းမှပဲဆိုပြီး ကော်မတီလေးတစ်ခုဖွဲ့လိုက်တယ်။ ၁၉၅၈ ခုနှစ်လောက်မှာထင်တယ်။ ဒီကော်မတီက စာရေးဆရာဆိုတဲ့စကားရဲ့အဓိပ္ပာယ်ဖွင့်ဆိုဖို့ပေါ့။ အဲဒီမှာ ဘယ်သူပါသလဲဆိုတော့ ကျွန်တော် မှတ်မိသလောက်ပြောရရင် ဆရာဇော်ဂျီ၊ မင်းသုဝဏ်၊



www.burmeseclassic.com

www.burmeseclassic.com

ဦးသိန်းဖေမြင့်၊ မောင်ထင်၊ နောက်ကျွန်တော်။ အစည်းအဝေးမှာ စာရေးဆရာဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို စဉ်းစားကြတယ်။

စဉ်းစားတာတော့ အင်္ဂလိပ်လိုအဓိပ္ပာယ်ဖွင့်ဆိုချက်လည်း စဉ်းစားကြတာပဲ။ အင်္ဂလိပ်ကတော့ Imaginative Writer အဲဒါမျိုးတွေရှိတာပေါ့ဗျာ။ အဲဒီမှာ လူ့ဘဝ အကြောင်းအရာကို ရသပါအောင် ရေးသူသည် စာရေးဆရာ၊ ရသစာပေရေးသူသည် စာရေးဆရာဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရလာတယ်။ အဲဒီကစပြီး ရသစာပေဆိုတဲ့ စကားလုံးကိုလည်း စသုံးလာကြတယ်။ ဒီစကားလုံးကိုပေးတဲ့သူက ကျွန်တော် မှတ်မိ သလောက်ပြောရရင် ဆရာမင်းသုဝဏ်ပဲ။

ရှေးတုန်းကတော့ စာပေရှေ့မှာ ရသထည့်စရာမလိုဘူး။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်ပဲ ရှိတာကိုး။ နောက်တော့မှ ရသစာပေဆိုတဲ့စကားလုံးကို သုံးပြီး ရသစာပေရေးသူသာ စာရေးဆရာ၊ ရသစာပေရေးသူသာ စာရေးဆရာအသင်းဝင်ဖြစ်ရမယ်ဆိုတာ ဖြစ်လာ တာပေါ့။ ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ကြောင့် အရင်လို လူစုလို့မရတော့ဘူး။ ရသစာပေ ရေးသူတွေသာ အသင်းဝင်ဖြစ်လာတယ်။ ဒါကြောင့် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ ကိုက်ပွဲထဲက ရလာတဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုရင်လည်း မမှားပါဘူး။

**ရသစာပေဆိုတာ ဘာလဲ ဆရာ။**

ရသစာပေဆိုတာ ခံစားမှုရှိတဲ့စာပေ။ ဆန်းအလင်္ကာကျမ်းတွေမှာတော့ ပါပါ တယ်။ ရသကိုးမျိုး၊ ဆယ့်တစ်မျိုး စသဖြင့်ပါတယ်။ မြန်မာလိုခေါ်တော့ ခံစားမှု၊ ပါဠိလိုခေါ်တော့ ရသ၊ အဲဒီလို အာရုံခံစားမှုကို ဖွဲ့နွဲ့တာဟာ ရသစာပေပေါ့။

**အခုကျွန်တော်တို့ စာပေမှာ စိတ်ကူးနဲ့ ဖွဲ့နွဲ့တဲ့စာပေနဲ့ ဘဝသရုပ်ဖော် စာပေဆိုပြီး နှစ်ပိုင်းရှိနေပါတယ်။ Realism ကို ဘဝသရုပ်ဖော်လို့ဆိုကြတယ်။ အဲဒီဘဝသရုပ်ဖော် စာပေနဲ့ပတ်သက်လို့ကော ဆရာ ဘယ်လိုသဘောရပါသလဲ။**

အခု ကိုဝင်းငြိမ်း ပြောတဲ့ Realism ဘဝသရုပ်ဖော်စာပေဆိုတဲ့ အခေါ်အဝေါ် ဝေါဟာရကို ၁၉၄၈ လောက်ကစပြီး သုံးကြတယ်။ လွတ်လပ်ရေးရပြီးစအချိန်ပေါ့။ လွတ်လပ်ရေးရတယ်ဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပြီဆိုတဲ့သဘော ပေါ့။ ရှေးတုန်းကတော့ ကိုလိုနီ။ ကိုလိုနီဆိုတာက သူများလက်အောက်ခံပေါ့။ လွတ်လပ်လာပြီဆိုတော့ နိုင်ငံရေးတင်မဟုတ်ဘဲ စာပေယဉ်ကျေးမှု၊ အနုပညာဘက် မှာ နိုးကြားလာပြီး ကိုယ့်ဘာသာရပ်တည်တဲ့အဓိပ္ပာယ်ရှိတယ်။

စာပေဘက်မှာ နိုးကြားလာတော့ သဘောတရားတွေလည်း များလာတယ်။ စာပေသဘောတရားတွေ အငြင်းပွားလာတာတွေလည်း ရှိတယ်။ စာပေအမျိုးအစား ကွဲပြားလာတာတွေ၊ စာပေဝေဖန်ရေးတွေ ထွန်းကားလာပြီး ဝေါဟာရတွေလည်း ကွဲပြားလာတယ်။ အဲဒီမှာ ခုနက ကိုဝင်းငြိမ်းပြောတဲ့ ဘဝသရုပ်ဖော်စာပေဆိုတဲ့ ဝေါဟာရက ဝေဖန်ရေးသမားတွေအတွက် ပေါ်ထွက်လာတယ်။

ကျွန်တော်တို့ကတော့ Realism သရုပ်ဖော်စာပေဝါဒလို့ အများဆုံးသုံးတယ်။ ဒီလိုသုံးရတဲ့အကြောင်းကလည်း(သရုပ်)ဆိုတာ ပါဠိလို(သရူပ) (တူသော)လို့ အဓိပ္ပာယ်ရတယ်။ ဝတ္ထု၊ ကဗျာရေးတဲ့နေရာမှာ တူအောင်ရေးရမယ်။ လူ့အကြောင်း ရေးရင် လူနဲ့တူအောင် ရေးရမယ်။ လူ့ရဲ့သဘာဝနဲ့ ကိုက်ညီရမယ်။ အဲဒီအဓိပ္ပာယ်က Realism နဲ့သွားပြီးကိုက်ညီတယ်။ ဒါကြောင့် ကျွန်တော်က သရုပ်ဖော်စာပေ၊ သရုပ် ဖော်ဝါဒဆိုတာ ကြိုက်တယ်။ Realsim ကို ဒဿနဝေါဟာရဘက်က ကြည့်ရင်လည်း တကယ်ရှိနေတာဆိုတဲ့ အဓိပ္ပာယ်ရတယ်။ တကယ်ရှိတဲ့ အကြောင်းအရာကိုတူအောင် ရေးတာ သရုပ်ဖော်စာပေပဲပေါ့။ ဒါကြောင့် ကျွန်တော်ကတော့ ကြိုက်တယ်။

**ဒါဆို ဘယ်လူတန်းစား အကြောင်းပဲဖြစ်ဖြစ် သဘာဝနဲ့ကိုက်ညီအောင် ရေးနိုင် ရင် သရုပ်ဖော်စာပေဖြစ်မှာပဲပေါ့။ မဖြစ်နိုင်ဘူးလား ဆရာ။**

ဒါမေးသင့်တဲ့ မေးခွန်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကဗျာတို့၊ ဝတ္ထုတို့ဆိုတာ

## စာဖတ်သူများ၏ တွေ့ဆုံပေးခြင်း

လူ့အကြောင်း ရေးတာပဲ။ အထူးသဖြင့် ဝတ္ထုဆိုတာ လူ့အကြောင်း ရေးတာ။ လူဆိုတာလည်း လူတန်းစားအမျိုးမျိုး ရှိတာပဲ။ မှုရှင်ရှိသလို ဆင်းရဲသား လည်း ရှိတာပဲ။ မှုရှင်လည်း လူပဲ။ ဆင်းရဲသားလည်း လူပဲ။ လူတွေ အကြောင်းရေးတဲ့စာရေးဆရာက မှုရှင် အကြောင်း ရေးစရာတွေ့ရင်လည်း သူ ရေးမှာပဲ။ သူ သိရှိတဲ့မှုရှင်ဖြစ်စေ၊ အလုပ်သမား၊ လယ်သမားဖြစ်စေ၊ လူ တန်းစားအမျိုးစုံအကြောင်း သူရေးမှာပဲ။

အဲဒီလို လူတန်းစားအမျိုးမျိုး အကြောင်း ရေးကြတဲ့အခါမှာ စာပေ အမျိုးအစားတွေခွဲလိုက်ကြတယ်။ အထူး သဖြင့် အနောက်နိုင်ငံတွေမှာပေါ့ဗျာ။ ဆိုရှယ်လစ်နိုင်ငံတွေ ပေါ်ထွန်းလာတဲ့ အခါကျတော့ မှုရှင်သရုပ်ဖော်စာပေ (ဒါက မှုရှင်ရဲ့ဘဝအကြောင်းရေးတာ) ဆင်းရဲသားအလုပ်သမား၊ လယ်သမား လူတန်းစားအကြောင်း သရုပ်ဖော်ရေး တဲ့စာပေကို ဆင်းရဲသားသရုပ်ဖော်စာ ပေဆိုပြီး ခွဲခြားလိုက်ကြတယ်။

အဲဒါကြောင့် သရုပ်ဖော်စာပေဆို တာ ဆင်းရဲသားအကြောင်းရေးမှ မဟုတ်ပါဘူး။ မှုရှင်အကြောင်းလည်း ဖြစ်နိုင်ပါတယ်။

**သရုပ်ဖော်စာပေကနေတစ်ဆင့် တက်ပြီး ဆိုရှယ်လစ်သရုပ်ဖော်စာပေ ဆိုတာ ရှိလာပြန်တယ်။ အဲဒီဆိုရှယ်လစ် သရုပ်ဖော်စာပေဆိုတာကကော ဘာလဲ ဆရာ။**

ဒါလည်း မေးသင့်တဲ့မေးခွန်းတစ် ခုပါပဲ။ ဆိုရှယ်လစ်သရုပ်ဖော် စာပေ ရယ်လို့ စပြီး သုံးခဲ့တဲ့သူက မက်ဇင် ဂေါ်ကီပဲ။ ၁၉၃၀ ပတ်ဝန်းကျင်လောက် က ဆိုဗီယက်ယူနီယံမှာ ကျင်းပတဲ့ စာရေးဆရာများ ညီလာခံမှာစပြီး သုံးခဲ့ တဲ့ အသုံးအနှုန်းပဲ။ ရှေးတုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအသုံးအနှုန်းမျိုး မရှိခဲ့ဘူး။

ဒါကို အဓိပ္ပာယ်ဖွင့်ရမယ်ဆိုရင် ရိုးပါတယ်။ ဆိုရှယ်လစ် စနစ်ထူထောင်တဲ့ခေတ်က လူ့ဘောင်အဖွဲ့အစည်းအကြောင်းရေးတဲ့စာပေဟာ ဆိုရှယ်လစ်သရုပ်ဖော်စာပေပါပဲ။ ဒီလိုအဓိပ္ပာယ်ဖွင့်ပါတယ်။

ဆိုရှယ်လစ်စနစ်မထူထောင်တဲ့နိုင်ငံတွေမှာလည်း ဆိုရှယ်လစ်သရုပ်ဖော်စာပေလို့ ခေါ်ကြတာရှိသေးတယ်။ အဲဒါကျတော့ ဘယ်လိုအဓိပ္ပာယ်ဖွင့်သလဲဆိုတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ထူထောင်ဖို့ လမ်းကို ရှေးရှုတဲ့အကြောင်းအရာ၊ ရည်ရွယ်ချက်ပါတဲ့စာပေလို့ ဆိုကြတယ်။ ဒါတော့ ဂေါ်ကီကပြောခဲ့တာ မဟုတ်ဘူး။ နောင်မှာ ဝေဖန်ရေးဆရာတွေက သတ်မှတ်တဲ့ သတ်မှတ်ချက်ပဲ။

**ဒါဆိုရင် ဆိုရှယ်လစ် သရုပ်ဖော်စာပေဆိုတာ ဆိုရှယ်လစ်ပန်းတိုင်ကို ဦးတည်တဲ့ရည်ရွယ်ချက်တော့ ပါရမှာပေါ့။**

ပါရမှာပေါ့။

**ဆိုရှယ်လစ် သရုပ်ဖော်စာပေနဲ့ ဘဝသရုပ်ဖော်စာပေ ဆိုတာကော ဘာကွာခြားသလဲ။**

ဘဝသရုပ်ဖော် ဆိုတဲ့စကားကို ကျွန်တော်ကတော့ သိပ်မသုံးဘူး။ အသုံးနည်းတယ်။ သရုပ်ဖော်စာပေဆိုတာကို အများနားလည်အောင် ပိုပြီးတော့ ရှင်းအောင် ဘဝတစ်လုံးတိုးလိုက်တာနဲ့တူတယ်။ ဘဝဆိုတာနဲ့ တစ်ပြိုင်နက် ဆင်းရဲသားလို့ မြင်လို့မရဘူး။ ဘဝဆိုတာ အသက်ရှင်နေတဲ့ လူတစ်ယောက်ရဲ့အကြောင်းပဲ။ ဒီတော့ ဆင်းရဲချင် ဆင်းရဲမယ်။ ချမ်းသာချင် ချမ်းသာမယ်။ မှူးရင်ကလည်း မှူးရင်ဘဝပဲ။ ဆင်းရဲသားကလည်း ဆင်းရဲသားဘဝပဲ။ အဲဒီတော့ ဘဝဆိုတဲ့စကားလုံးရဲ့အဓိပ္ပာယ်က ပြားနေတယ်။ ရောနေတယ်။ နှစ်ခုစလုံး ယူလို့ရတယ်။ ဒါကြောင့် ဘဝသရုပ်ဖော်စာပေဆိုတာ လူတွေရဲ့အကြောင်းရေးထားတဲ့စာပါပဲ။ သရုပ်ဖော်စာပေထက် ဘဝတစ်လုံး ပိုပေမဲ့ အဓိပ္ပာယ်အတူတူပါပဲ။ ဘာမှ မထူးခြားပါဘူး။

**Realism မှာ Active Realism နဲ့ Passive Realism ရယ်လို့ခွဲထားသေးတယ် မဟုတ်လား ဆရာ အဲဒါ ရှင်းပြပေးပါဦး။**

အဲဒါလည်း ဂေါ်ကီတို့ခေတ်က ဆိုဗီယက်မှာစပြီး ခွဲခြားခဲ့ကြတာပါပဲ။ စာပေ... နှစ်မျိုးခွဲခြားကြတယ်။ Romanticism နဲ့ Realism, Romanticism ကိုတော့ စိတ်ကူးယဉ်စာပေပေါ့။ အဲဒီစိတ်ကူးယဉ်စာပေကို တစ်ခါ Active Romanticism တက်ကြွ... စိတ်ကူးယဉ်စာပေနဲ့ Passive Romanticism ငြိမ်သက်တဲ့စိတ်ကူးယဉ်စာပေလို့ ... တယ်။ သရုပ်ဖော်စာပေမှာလည်း တက်ကြွတဲ့ သရုပ်ဖော်စာပေနဲ့ ငြိမ်သက်တဲ့သရုပ်ဖော်စာပေရယ်လို့ ခွဲကြတယ်။

**စာပေဝေဖန်ရေးတစ်ခုမှာ ကျွန်တော် ဖတ်လိုက်ရဖူးတာ တစ်ခုရှိတယ်။ ဆိုရှယ်လစ်သရုပ်ဖော်စာပေမှာ ရှေ့ပိုင်းက အကျဉ်းအကျပ်၊ အခက်အခဲတွေကို ရေးပြီး... နောက်ပိုင်းမှာ ဒီအခက်အခဲတွေက လွတ်မြောက်သွားတာကို ရေးပေးရမယ်တဲ့။ ... အယူအဆနဲ့ပတ်သက်ပြီး…။**

အဲဒီအယူအဆက ဒီလိုဗျ။ ခုနက မေးခွန်းနဲ့ တစ်ဆက်တည်း ဖြစ်နေတယ်... ဆင်းရဲသားအကြောင်းဖွဲ့တယ်ဆိုပါတော့။ ရှေ့မှာ ဆင်းရဲတာတွေချည်း ပီသအောင် သရုပ်ဖော်ရေးထားတယ်။ ဒါပေမဲ့ သူက ဆင်းရဲခြင်းက လွတ်မြောက်အောင် ဘာ... မလုပ်ဘဲငြိမ်နေမယ်ဆိုရင် ဒါ Passive Realism ပဲ ဖြစ်မယ်။ ငြိမ်သက်နေတဲ့ သရုပ်ဖော်ပေါ့။ ဒါမှမဟုတ်ဘဲ ဆင်းရဲခြင်းက လွတ်မြောက်အောင် မှူးရင်ဝါဒကို ... ကရေစီလူထုလှုပ်ရှားမှုနဲ့ တွန်းလှန်တိုက်ခိုက်ပစ်မယ်၊ အရင်းရှင်စနစ်ကို ဖြုတ်ချ... မယ်၊ အဲဒီလို အကြောင်းအရာတွေပါမှ တက်ကြွတဲ့သရုပ်ဖော် ဖြစ်မယ်။

**ဝတ္ထုရေးနည်းဆိုတာရှိသလား ဆရာ။**

ဝတ္ထုရေးနည်းဆိုတာ အမှန်ပြောရရင်တော့ ဒါဝတ္ထုရေးနည်းပဲ၊ ဒါကဗျာ ... နည်းပဲဆိုပြီး 'နည်း' ဆိုတဲ့စကားလုံးကို သုံးလိုက်ရင် ရပ်သွားပြီပေါ့။ နည်းဆို... ထပ်တိုးလို့ မရတဲ့ အဓိပ္ပာယ်ထွက်တယ်။ ဝတ္ထုတို့၊ ကဗျာတို့ဆိုတာ ရပ်တန့်နေ... သေနေတဲ့ အနုပညာမဟုတ်ဘူး။ အမြဲတမ်း ရှင်သန်နေတယ်။ အမြဲပြောင်းလဲ... တယ်။ ဝတ္ထု ရေးချင်ရင် ဇာတ်လိုက်ရယ်၊ မင်းသမီးရယ်၊ သူတို့ကို မကောင်း... တဲ့သူရယ် ပါရမယ်။ ဒါ ဝတ္ထုရေးနည်းပဲဆိုလိုက်ရင် ဒီနည်းလမ်းမှာ ဆုံးသွား... တခြားဝတ္ထုရေးသူတစ်ယောက်က ဒီနည်းသုံးချင်မှ သုံးမယ်။ တခြားနည်း သုံး... သုံးမယ်။ ဘာဖြစ်လို့လဲဆိုတော့ လူ့ဘဝကြီးက အကျယ်ကြီးပဲ။ လူတန်းစား... ကလည်း အစုံစုံ၊ ဘဝတွေကလည်း အဖုံဖုံဆိုတော့ အဲဒါတွေကို ဖွဲ့သလောက် ... သဏ္ဌာန်တွေက ကျယ်ဝန်းလာလိမ့်မယ်။ အဲဒါတွေ ကျယ်ဝန်းလာသလောက် ... ဖြစ်လာမှာပဲ။

အဲဒါကြောင့် ဝတ္ထုရေးနည်းဆိုတာ မရှိနိုင်ပါဘူး။

**စာရေးဆရာတစ်ဦးချင်းမှာ ကိုယ်ပိုင်ဟန်တွေ ရှိကြတယ်။ ဒီကိုယ်ပိုင်ဟန်... ဟာ အသက်အရွယ်အရ ပြောင်းလဲမှုရှိနိုင်ပါသလား။**

ရှိနိုင်တယ်ဗျ။ ရှိလည်းရှိတယ်လို့ ယူဆတယ်။ ကျွန်တော့်စာပေအတွေ့အ... အရပြန်ကြည့်ရင်ကို ပြောင်းလဲတာတွေ အများကြီးရှိတယ်။ လွန်ခဲ့တဲ့နှစ်လေး... ဆယ်က ရေးတာနဲ့ အခုရေးတာ မတူတော့ဘူး။ ဒါက စာရေးပုံကို ပြောတာ... ခုနက ကိုဝင်းငြိမ်း ပြောတဲ့ဟန်ဆိုတာနဲ့ ပတ်သက်ပြီး ပြောချင်တယ်။ ဟန်ဆို... စာရေးဆရာတိုင်းမှာ မရှိနိုင်ပါဘူး။ 'ဟန်' ရဲ့အဓိပ္ပာယ်က ထူးခြားချက်ကို ဆိုလို... ကိုး။ ထူးခြားတဲ့ဖွဲ့နွဲ့ပုံကိုဆိုတာ။ ဥပမာဆိုပါတော့ လူတစ်ယောက် လမ်းလျှော... တာက တခြားသူတွေနဲ့ မတူဘူး။ ပုဆိုးလေး မမပြီး လမ်းလျှောက်တယ်ဆိုပါ... အဝေးကနေ လှမ်းကြည့်လိုက်ကတည်းက ပုဆိုးမလျှောက်လာတာ မြင်ရုံနဲ့ သူ...



www.burmeseclassic.com

www.burmeseclassic.com

ပြီဆိုရင် ဒါသူ့ဟန်ပဲ။ အဲဒါမျိုးကျမှ ဟန်လို့ ခေါ်ချင်တယ်။

အဲဒါကြောင့် ဟန်ဆိုတာ လုပ်ယူလို့ မရနိုင်ဘူး။ အတုခိုးတာပဲ ဖြစ်နိုင်တယ်။ ပြောကြတာရှိတယ် မဟုတ်လား။ ဒုတိယဖိုးစိန် ဖြစ်သွားမယ်ဆိုတာမျိုးလေ။ ဟန်ကို အတုခိုးတာကို ပြောတာပဲ။ ဟန်ဆိုတာ ကိုယ် ရေးရင်းနဲ့ သူ့ဟန်နဲ့သူ လာတာပဲ။ အဲဒီဟန်လည်း အသက်အရွယ်အရ ပြောင်းလဲမှုရှိနိုင်တယ်။

**ဒါဆိုရင် ဆရာကော 'မေ'မတိုင်မီက ရေးခဲ့တဲ့ဟန်နဲ့ 'မေ'နောက်ပိုင်းဟန်တွေ ပြောင်းလဲမှုအပေါ် ဘယ်လိုသုံးသပ်မိပါသလဲ။**

ကွာတယ်ဗျ။ အဲဒါတော့ ကျွန်တော် သတိပြုမိတယ်။ **မေ** ဆိုတာကတော့ ပေါင်း ၄၀ ကျော်ခဲ့ပြီပဲ။ အဲဒီလောက် မပြောနဲ့၊ လွန်ခဲ့တဲ့ဆယ်နှစ်အတွင်းလောက် ရေးတဲ့စကားပြေတွေ (ကဗျာတော့ ပြောသံမကြားမိဘူး)ကို အမြဲဖတ်နေတဲ့မိတ် တစ်ယောက်က ပြောင်းနေတယ်လို့ ပြောသံကြားရတယ်။

**အခု ဆရာ မေကို ပြန်ဖတ်ကြည့်တော့ ဘယ်လို ခံစားရပါသလဲ။**

**မေ** ကို ကျွန်တော် ပြန်မဖတ်ဖြစ်တော့တာကြာပြီဗျ။ စတုတ္ထအကြိမ် ပုံနှိပ်တုန်းက ၁၉၇၃ ခုနှစ်က ထင်တယ်) တစ်ခါပြန်ဖတ်မိတယ်။ အမှားအယွင်းများ ပါသလား လေ။ အဲဒီတော့ **မေ** နဲ့ပတ်သက်ပြီး မကြိုက်တာတော့ မရှိဘူးဗျ။ အရေးအသားနဲ့ သက်လို့ ပြောတာပါ။ ဒီထက်စောတဲ့ ဝတ္ထုစရေးခါစက ဝတ္ထုတစ်ပုဒ်၊ လွန်ခဲ့ နှစ် ၅၀ လောက်က ရေးခဲ့တဲ့ဝတ္ထုပေါ့လေ၊ အဲဒီမှာတော့ ကျွန်တော့်စကားပြေ ရေးအသားနဲ့ပတ်သက်ပြီး မကြိုက်တာလေးတွေ ရှိတယ်။ **မေ**က စကားပြေကိုတော့ ကြိုက်သေးတယ်။

**ဆရာက ဝတ္ထု တော်တော်များများ ရေးခဲ့သူဆိုတော့ ဝတ္ထုတိုတစ်ပုဒ်မှာ ဘယ်လို ရပ်တွေ ရှိသင့်တယ်လို့ ယူဆပါသလဲ။**

ဝတ္ထုတိုနဲ့ ပတ်သက်လို့ အယူအဆအမျိုးမျိုးရှိကြတယ်။ ကျွန်တော်တို့ကတော့ အယူအဆတွေ မဖတ်ရခင်ကတည်းက စိတ်ထဲမှာ ဒီခံစားချက်ကိုတော့ ဝတ္ထုတို အဖြစ်နဲ့ ရေးမှပဲဆိုရင် ဝတ္ထုတိုကောက်ရေးလိုက်တာပဲ။ အဲဒီလိုရေးရင်းနဲ့မှ ဝတ္ထုတိုနဲ့ သက်တဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ဖတ်လာရတယ်။

ဝတ္ထုတိုဆိုတာ စာမျက်နှာနည်းလို့ ဝတ္ထုတိုလို့ ခေါ်တာ မဟုတ်ဘူး။ ရေးတဲ့ အကြောင်းအရာက အချိန်အနည်းဆုံးအတွင်းမှာ ဖြစ်ရမယ်။ အကြောင်းအရာတစ်ခု တည်းကို အလေးပေးပြီး ရေးတာ ဖြစ်ရမယ်။ ဇာတ်ဆောင်ကလည်း နည်းနည်းပဲ ရမယ်။ ဒါကြောင့် ဝတ္ထုတိုဆိုတာ တိုတယ်၊ နည်းတယ်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ပဲ။

ကျွန်တော်တို့ ဒီမှာရေးနေကြတာကတော့ စာမျက်နှာ ကန့်သတ်ချက် ဘောင် နေတော့ သူ့ကန့်သတ်ချက် ဘောင်အတွင်းမှာ စကားလုံး ပိပိရိရိသေသေသပ်သပ်နဲ့ ဝတ္ထုရှည်လို မဟုတ်ဘူး) မိမိပြောချင်တဲ့အကြောင်းအရာကို ပေါ်လွင်အောင် သားတာဟာ ဝတ္ထုတိုပါပဲ။ ကျွန်တော်ရေးတဲ့ ဝတ္ထုတိုအတွေ့အကြုံအရတော့ ဝတ္ထုတိုဆိုတာ အဲဒါပါပဲ။

**စာရေးဆရာမတစ်ယောက်က ပြောဖူးတယ်။ ဝတ္ထုတိုတစ်ပုဒ်ကို ဝတ္ထုရှည်ဖြစ် အောင် ချဲ့လိုက်ရင် ရတယ်တဲ့။ ဆရာ ဘယ်လိုယူဆပါသလဲ။**

ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မူရင်းဝတ္ထုတိုပေါ်မှာလည်း မူတည်တယ်။ တချို့ ဝတ္ထုတိုက ဇာတ်လမ်းကလေးတွေ ပါတယ်။ ဇာတ်လမ်းအချိတ်အဆက်ပေါ့ဗျာ။ ကိုဆန့်ရေးလို့ရတယ်။ တချို့ဝတ္ထုကျတော့ တစ်နာရီလောက်အတွင်းမှာ ဖြစ် တာ။ တစ်ညတည်းအတွင်းမှာ ဖြစ်ပျက်တာ ရှိတယ်။ အဲဒါမျိုးကျတော့ ဝတ္ထု ရှည်အဖြစ် ဆန့်ရေးလို့မရနိုင်ဘူး။

ဝတ္ထုတိုဆိုတဲ့နေရာမှာ ကမ္ဘာမှာ နာမည်ကြီးတဲ့စာရေးဆရာကြီးတွေ ရှိကြတယ်။ မှာ ကျွန်တော်တို့ကြိုက်တဲ့ ချက်ကော့ဗ်ဆိုပါတော့။ သူ့ဝတ္ထုဆိုရင် ပြင်သစ်က

စာရေးဆရာကြီး မိုပါဆွန်းနဲ့ မတူဘူး။ သူက ဇာတ်လမ်းကို အတတ်နိုင်ဆုံး စကားလုံးနည်းနည်းနဲ့ ကျစ်ကျစ်လျစ် လျစ်ရေးတော့ ပေါ်တယ်။ သူ ရေးတဲ့ ဝတ္ထုတိုမျိုးဆိုရင် ဆန့်လို့မရဘူး။ ကွက် တိပဲ ရေးထားတယ်။

**ဝတ္ထုတိုဆိုတာ တစ်ကွက်တည်း နဲ့ ဖမ်းထားတာ မဟုတ်ဘူးလား။**

ဒီလိုတော့လည်း ပြောလို့ မရဘူး ဗျ။ အခု ကိုဝင်းငြိမ်း ပြောသလို တစ် ကွက်တည်းနဲ့ ဖမ်းပြီးရေးတဲ့ စာရေး ဆရာကြီးတွေလည်း ရှိပါတယ်။ မိုပါ ဆွန်းတို့၊ အိုဟင်နရီတို့ သူတို့တို့က စာ ဖတ်တဲ့သူ မသိအောင် မြှုပ်ထားတဲ့ အကွက်ကို နောက်ဆုံးမှ ဖော်ထုတ်တတ် တယ်။

တချို့ ဝတ္ထုတွေ ရှိတယ်။ ဒါတော့ ပြောင်းပြန်ဖြစ်နေတယ်။ ဝတ္ထုရှည်အဖြစ် နဲ့ ရေးရမယ့်အကြောင်းအရာမျိုးကို ဝတ္ထု တိုအဖြစ်နဲ့ ချုံ့ရေးထားတာ။ ဘယ်မှာ တွေ့ရသလဲဆိုတော့ ကျွန်တော်တို့ ခေ ငယ်ငယ်က ဖတ်ခဲ့ရတဲ့ ဒဂုန်မဂ္ဂဇင်းတို့၊ သူရိယမဂ္ဂဇင်းတို့၊ ကဝိမျက်မှန်တို့မှာ ပါတဲ့ ဝတ္ထုတိုတွေ။ သူတို့က စာမျက်နှာ နည်းတယ်။ ဒါပေမဲ့ ဇာတ်လမ်း အချိတ် အဆက်တွေ ပါနေတယ်။ ဒါတွေက ဝတ္ထုရှည်ဖြစ်သင့်လျက်နဲ့ ဝတ္ထုတိုအဖြစ် ချုံ့ထားတာတွေပေါ့။

**ဆရာ တာရာမဂ္ဂဇင်း ထုတ် သေးတယ်နော်။ ဘယ်နှခုနှစ်လောက် ပါလဲ။**

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ စထုတ်တာပါ။

**ဘယ်လောက်ကြာခဲ့လဲ။**

မကြာဘူးဗျ။ လေးနှစ်လောက် ခံတယ်။

**ဟိုတုန်းက မဂ္ဂဇင်းတွေနဲ့ အခု မဂ္ဂဇင်းတွေရဲ့ ခြားနားချက်ကို ဆရာ**



www.burmeseclassic.com

www.burmeseclassic.com

**ဘယ်လို သုံးသပ်မိပါသလဲ။**

ကျွန်တော်တို့တာရာမဂ္ဂဇင်း ထုတ်စဉ်ကတော့ လစဉ်ထုတ်မဂ္ဂဇင်းများများမရှိဘူး။ အရှေ့တိုင်းဆိုတာရှိတယ်။ သူကတော့ နောက် ပျောက်သွားတယ်။ နောက် သွေးသောက်ရှိတယ်။ ကျွန်တော်ကတော့ တာရာမဂ္ဂဇင်းကိုစာပေမဂ္ဂဇင်းပုံစံနဲ့ပဲ ထုတ်တယ်။

ဒီခေတ် မဂ္ဂဇင်းပုံစံတွေကတော့ ဟိုခေတ်ပုံစံနဲ့ မတူတော့ဘူး။ ဒီခေတ်ပုံသဏ္ဌာန်ပေါ့ဗျာ။ ဟိုတုန်းကတော့ စာပေ မဂ္ဂဇင်းဆိုရင် ကဗျာပါမယ်၊ ဝတ္ထုပါမယ်။ ကဗျာဆိုတာတောင် ခုခေတ်လို သီးသန့်ထည့်တာ မဟုတ်ဘူး။ ဒဂုန်မဂ္ဂဇင်းဆိုရင် ဒဂုန်ကဝိပေါင်းချုပ်၊ သူရိယဆိုရင်လည်း (ခေါင်းစဉ်မေ့နေပြီ) အဲဒီလို ကဗျာတွေစုပြီး ထည့်တယ်။

ကျွန်တော် တာရာမဂ္ဂဇင်းထုတ်တော့ အဲဒီလို စုပြီးတော့ မထည့်ဘူး။ ကဗျာလည်း သိပ်ရွေးတယ်။ တစ်လမှ တစ်ပုဒ်နှစ်ပုဒ်ပဲ ထည့်တယ်။ သရုပ်ဖော်ပန်းချီနဲ့ တစ်မျက်နှာ၊ နှစ်မျက်နှာ သတ်သတ်ထည့်တယ်။ စစ်မဖြစ်ခင်က အခန်းခွဲတယ်။ အခုခေတ် မဂ္ဂဇင်းတွေမှာလည်း အဲဒီလို ကဗျာကို သီးခြားကဏ္ဍအနေနဲ့ နေရာပေးပြီး ရှေ့စာမျက်နှာတွေမှာ သရုပ်ဖော်ပုံတွေနဲ့ ထည့်လာတာတွေ့ရတယ်။

ဟိုတုန်းက ဂျာနယ်တွေမှာသာ ထည့်တဲ့ သုတဆောင်းပါးတွေကလည်း အခုခေတ် မဂ္ဂဇင်းတွေမှာ ပါလာတယ်။ စာပေအကြောင်းအရာ၊ စာပေဝေဖန်ချက်၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စတဲ့ အနုပညာနယ်ပယ်အစုံက သုတဆောင်းပါးတွေလည်း ထည့်ကြတယ်။ ဘာသာရေး၊ ဆေး၊ အကုန်ပါတော့ ပဒေသာပင် မဂ္ဂဇင်းတွေပေါ့ဗျာ။ ဂျာနယ် ပါရမယ့် အကြောင်းတွေရော၊ သတင်းပါရမယ့် အကြောင်းတွေရော၊ မဂ္ဂဇင်းပါမယ့် အကြောင်းတွေရော အကုန်ပါတာပဲ။ ရသစုံပေးနိုင်တဲ့ မဂ္ဂဇင်းတွေ ဖြစ်လာကြတယ်။

**ကောင်းတဲ့ လက္ခဏာလား ဆရာ။**

မဂ္ဂဇင်းတွေ များများထွက်လာတဲ့အတွက် စာရေးဆရာတွေ စာများများရေးနိုင် လာတဲ့အတွက်တော့ ကောင်းတဲ့လက္ခဏာလို့ ဆိုရပါမယ်။

**ဆရာ ခုခေတ်လုံးချင်းဝတ္ထုတွေကော ဖတ်ဖြစ်ပါသလား။**

ဖတ်ပါတယ်။

**လုံးချင်းလောကမှာ အမျိုးသမီးစာရေးဆရာမတွေ အောင်မြင်နေကြတာများ တယ်။**

အောင်မြင်နေတယ်ဆိုတာက…

**အုပ်ရေ များတာကို ပြောတာပါ ဆရာ။**

ဟုတ်ပြီ၊ အဲဒီတော့…

**အမျိုးသမီးကလောင်ရှင်တွေအောင်မြင်တော့ အမျိုးသားတွေကလည်း အမျိုး သမီးနာမည်နဲ့ လိုက်ရေးကြတယ်။ အဲဒါ ဆရာ ဘယ်လိုမြင်ပါသလဲ။**

အမျိုးသမီးစာရေးဆရာမတွေ အုပ်ရေများများ ရောင်းကောင်းတယ်ဆိုတာ အများကြိုက်စာပေဖြစ်နေလို့ပါ။ ဖတ်တာကလည်း မြီးကောင်ပေါက်မလေးတွေ များတာကိုး။ ရေးတာကလည်း ယောကျ်ားက အမျိုးသမီးကလောင်နာမည်နဲ့ ရေးရေး အမျိုးသမီးစာရေးဆရာမကပဲရေးရေး အမျိုးသမီးတွေရဲ့ဘဝ၊ အမျိုးသမီးတွေရဲ့အတွေး အခေါ်၊ အမျိုးသမီးတွေရဲ့ခံစားမှု၊ ဒါတွေကို ရေးတဲ့နေရာမှာ အမျိုးသမီးတွေက အမျိုးသားစာရေးဆရာတွေထက် ပိုပြီးရေးနိုင်တယ်။ ဖတ်တဲ့သူတွေကလည်း ယ တော့ ဒါတွေ ကြိုက်တယ်။ နောက်တစ်ခုက အမျိုးသမီးချင်း ဘက်တော်သားစိတ် ရှိတာလည်း ပါမယ်ထင်တယ်။ အမျိုးသမီးရေးတာကို ငါတို့အမျိုးသမီးတွေ အားပေး ရမယ်ဆိုတာမျိုးပေါ့။

**ဆရာ စာစရေးတဲ့ ၁၉၄၀ ဝန်းကျင်လောက်တုန်းက ခုခေတ်လို ရှဲဒိုးစာရေး ဆရာတွေရှိတာ ကြားဖူးပါသလား။**

အဲဒီတုန်းက ကျွန်တော်တော့ မကြားဖူးဘူးဗျ။

**ခုတော့လည်း ဒါမျိုးတွေက တော်တော်များနေတယ်။**

ဒါမျိုးတွေက ခုတော့ ရှိနေတယ်ဗျ။ ဆိုပါတော့ဗျာ၊ ကျွန်တော့်မိတ်ဆွေတစ် ယောက်။ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကတည်းက သိခဲ့တာပါ။ ဝတ္ထုတွေဘာတွေ ရေးတယ်။ ဆုတွေဘာတွေတောင်ရဖူးတယ်။ ဒါပေမဲ့ သူ့ကလောင်နာမည် (ယောကျ်ား နာမည်ပေါ့ဗျာ)နဲ့ ဝတ္ထုတွေက ရောင်းမကောင်းဘူးဗျ။ စာအုပ်အရေအတွက်နဲ့ ပြောရရင် မအောင်မြင်ဘူးပေါ့ဗျာ။ နောက်ကျမှ ကျွန်တော် သိလာရတာက ရောင်းကောင်းတဲ့ စာရေးဆရာမနာမည်နဲ့ စာအုပ်တွေက သူ ရေးပေးတာတဲ့။

စဉ်းစားကြည့်ဗျာ ဒီစာပဲ။ သူ့နာမည်နဲ့တုန်းက မအောင်မြင်ဘူး။ အမျိုးသမီး နာမည်နဲ့ရေးမှ အောင်မြင်တယ်ဆိုတော့ အမျိုးသမီးရေးတာကို ပရိသတ်က စွဲလမ်းတဲ့ သဘောလည်းပါမယ်။ နောက်ပြီးတော့ အမျိုးသမီးနာမည်နဲ့ ရေးတဲ့အတွက် သူက အမျိုးသမီးသဘာဝကို ပိုပြီးများများထည့်ရေးတဲ့အတွက်ကြောင့်လား မသိဘူး။ အဲဒီ နာမည်နဲ့ကတော့ ရောင်းကောင်းတာ အမှန်ပဲ။

**ဆရာ အတ္ထုပ္ပတ္တိဖြစ်တဲ့ *ဒဂုန်တာရာရဲ့ ဒဂုန်တာရာ* စာအုပ်ကို ဆရာပါရဂူက စာပေဗိမာန်နှီးနှောဖလှယ်ပွဲမှာ ဒီအတ္ထုပ္ပတ္တိစာအုပ်ဟာ မပြည့်စုံဘူး။ ဆရာက နှလုံး သားရေးရာကိစ္စတွေချန်လှပ်ထားတယ်လို့ ပြောတယ်။ ဆရာ ဘယ်လိုသဘောရလဲ။**

အဲဒါကတော့ သူ့အတ္ထုပ္ပတ္တိ သူ ရေးရင်လည်း နှလုံးသားရေးရာကိစ္စ ထည့် ရေးမလား၊ မရေးဘူးလား မပြောတတ်ဘူး။ နှလုံးသားရှိ၊ မရှိ မသိဘူး။ ကျွန်တော့် အတ္ထုပ္ပတ္တိမှာ နှလုံးသားရေးရာကိစ္စထည့်မရေးခဲ့တာကလည်း ရေးဖွဲ့လောက်အောင် မရှိလို့ ဖြစ်ပါလိမ့်မယ်။ ရှိလည်း မရှိပါဘူး။ *(ဆက်လက်ဖော်ပြပါမည်)*

■ ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com





**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)**



ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါလတိုင္ဂ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးစနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြက်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**



နည်းပြ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် မြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် ဝေဝတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



**ထေရဝါဒရှုထောင့် - မင်းနန့်(မော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမျှမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာထေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**



အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသောဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကေသီ၊ ဥတ္တရာနှင့် သိရိမာ၊ တာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

**အလင်းသစ်**
အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၁၀၂။

ထွက်ပြီ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com

# သုမောင်

# အသက်ကြီးတတ်ကြပါစေသတည်း

*ညကြီးမင်းကြီး*
*ထပြီးထိုင်နေ*
*အိပ်ရာတွေလည်း*
*ကြွေမွတွန့်လိပ်*
*သိပ်စိတ်ညစ်တယ်....*

❑

**အခန်း-၁**

အထက်ပါ တစ်ပိုင်းတစ်စကဗျာကို မှတ်မိရုံတစ်မည် ကျွန်တော် ဖော်ပြလိုက်ပါသည်။

ထိုကဗျာ အစအဆုံးကိုကား ကျွန်တော် မေ့နေပါသည်။ ထိုကဗျာ၏ပိုင်ရှင် စာရေးသူကား ယခုနိုင်ငံရပ်ခြားသို့ ရောက်ရှိနေသော စာရေးဆရာမ ကြည်အေး ဖြစ်ပါသည်။

ဆရာမ ဒေါ်ကြည်အေးသည် ကျွန်တော်တို့ငယ်စဉ်က (ကဗျာရူး၊ စာရူးထစဉ်) အလွန်နှစ်သက်ခဲ့ရသော ဆရာတစ်ဆူ ဖြစ်ခဲ့ဖူးပါသည်။ ထိုနည်းတူစွာ သူ ငယ်စဉ်က ရေးခဲ့သော **ဘုန်းသက်တိုင်** နှင့် **နွမ်းလျအိမ်ပြန်** ဝတ္ထုနှစ်ပုဒ်ကို အသည်းစွဲခဲ့ရဖူးပါသည်။

ယခုပြောလိုသည်မှာ ထိုဝတ္ထုနှစ်ပုဒ်ကို တစ်ပေါင်းတစ်စည်းတည်း ပြန်လည်ထုတ်ဝေရန် ထုတ်ဝေသူတစ်ဦးက ကမ်းလှမ်းသောအခါ ဆရာမ ဒေါ်ကြည်အေးက ငြင်းဆန်လိုက်သည်ဟု ကြားသိခဲ့ရကြောင်း ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုဝတ္ထုများသည် သူ ငယ်စဉ်က ရေးသားခဲ့သော ဝတ္ထုများဖြစ်သဖြင့် အရွယ်ကြီးရင့်လာသောအချိန်တွင် ပြန်လည်ဖတ်ရှုသောအခါ၌ ခံတွင်းမတွေ့တော့ကြောင်း ဟူသော အကြောင်းပြချက်ကြောင့် ဖြစ်ပါသည်ဟူ၍ ကြားဖူးပါသည်။

**ဘုန်းသက်တိုင်နှင့် နွမ်းလျအိမ်ပြန်** နှစ်ပုဒ်တွဲထွက်သော စာအုပ်၏ ဒေါ်ကြည်အေးရေးသော အမှာတွင် ထိုအကြောင်းကို တွေ့ရှိနိုင်ပါသည်။ ထိုအကြောင်းကို ကျွန်တော်က စာပေရှေ့နေလုပ်၍ ပြောပါရစေ။

နောင်အခါမှ သိရသည်မှာ ဆရာမ ဒေါ်ကြည်အေးက...

'ခု ကျွန်မအသက် လေးဆယ်နားကပ်နေပြီ။ ဒါပေမဲ့ စာဖတ်သူတွေအားလုံးဟာ လေးဆယ်နား ကပ်နေကြသူတွေချည်းပဲ မဟုတ်ဘူး။ ဆယ့်လေးငါးခြောက်နှစ်အရွယ် အပျိုပေါက် အရွယ်တွေလည်း ရှိပါသေးလားဆိုတဲ့အသိနဲ့ ဒီစာအုပ်ကို ထုတ်ခွင့်ပေးလိုက်ပါတယ်'ဟူသတည်း။

**သြော် လူကြီး လူကြီး...**။

❑

**အခန်း-၁၊ နောက်ဆက်တွဲ**

ကျွန်တော်တို့ငယ်စဉ် ကျွန်တော်တို့အမေ မူလတန်း ကျောင်းအုပ်ဆရာမကြီးလုပ်ခဲ့စဉ်က ပညာရေးအရာရှိ၏

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၇၈၊ နိုဝင်ဘာ၊ ၂၀၁၃
ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း
*စာရေးဆရာ သုမောင် ရေးသားပြီး ၁၉၈၃ ခုနှစ်၊ နိုဝင်ဘာလထုတ် ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ်(၃၀)တွင်ဖော်ပြပါရှိခဲ့သည့် 'အသက်ကြီးတတ်ကြပါစေသတည်း' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမည်မှာ ဒေါ်ခင်ရွှေ ဟူသတတ်။

ယခု ကျွန်တော့်အမေသည် အသက် ခြောက်ဆယ့်ငါးနှစ် အရွယ်သို့ ချင်းနင်းပြီဖြစ်သောကြောင့် ထိုဒေါ်ခင်ရွှေသည် အသက် ၇၀ ကျော်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပေသည်။

ဒါက ကျွန်တော်၏ ခန့်မှန်းခြေ။

တစ်လောဆီက ကျွန်တော်နှင့်အမေ ထိုဒေါ်ခင်ရွှေ အကြောင်းကို စကားလက်ဆုံ ကျမိကြရာ အမေက အောက်ပါ အတိုင်း ပြောလေသည်။

'ဟဲ့သား ဟိုနေ့က မမရွှေနဲ့ တွေ့တယ်။ တယ်လီဗီးရှင်း ထဲမှာ မင်းသီချင်းဆိုတာတွေ ကြည့်ပြီး အကုန် ကြိုက်တယ် တဲ့ သားရဲ့ ဒါပေမဲ့...'

'ဒါပေမဲ့ ဘာဖြစ်လဲ မေမေ'

'ဒါပေမဲ့ မင်းရဲ့ ကျင်စွယ်နှုတ်ခမ်းမွေးကြီးကို မကြိုက် ဘူးတဲ့။ အေး အမေလည်း အဲဒါကြီး မကြိုက်ပါဘူး သားရယ်။ မထားစမ်းပါနဲ့'

'အို အမေကလည်း ကျွန်တော်က ထားချင်လို့မှ မဟုတ် တာပဲ။ ရိုက်လက်စရုပ်ရှင်ဇာတ်ကားတွေက မပြတ်သေးတော့ ဒီလိုပဲ ထားနေရတာပေါ့'

'အေး တစ်ခုတော့ ရှိတယ်။ သူ မကြိုက်ပေမဲ့ သူ့မြေးမ လေးကတော့ အဲဒီလို နှုတ်ခမ်းမွေးနဲ့မှ ကြိုက်တာတဲ့'

ကျွန်တော်သည် လောကကြီးအား သဘောပေါက်စွာ ကြည့်ရှုရယ်မောလိုက်မိပါသည်။

သို့သော် ကျွန်တော့်ထက်ပို၍ အဖိုးတန်သော ရယ်မော ခြင်းအမှုကို အမေကပြုလျက်...

လူကြီးသည် အသက်ကြီးလာသည်နှင့်အမျှ အခွင့်အရေးယူတတ်ကြသည်တကား ထိုအခွင့်အရေးကား အခြားဟုတ်ပါရိုးလား မေတ္တာတရား၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်း စွန့်လွှတ်ခြင်းနှင့် အားကိုးရာရှာခြင်းတို့ ဖြစ်ပေတော့သည်

'သူက ထပ်ပြောတယ် သားရဲ့။ မမ အခု အသက်ခုနစ် ဆယ့်တစ်နှစ်၊ ပြောင်းပြန်လှန်လိုက်တော့ တစ်ဆယ့်ခုနစ်နှစ်တဲ့'

ကျွန်တော် ပြုံးလိုက်မိပါသည်။

ဟုတ်သားပဲ။

အဘွားနှင့် မြေးတို့၏ ခေတ်သည် တဖြည်းဖြည်း ခြား နားလာနေပါကလား။

ဩော် လူကြီး လူကြီး...။

❑

**အခန်း-၂**

'ခွေးဖြစ်မယ့် နွားတွေ'

ဟူ၍ မဆဲတတ် ဆဲတတ်နှင့် ဆဲသော ဦးသုတော်[...] သည့် ကျောင်းအုပ်ဆရာကြီးတစ်ယောက်သည် တစ်ခါ[...] ပြွန်တန်ဆာမြို့တွင် ရှိခဲ့ဖူးသည် ဟူသတည်း။

စဉ်းစားကြည့်ပါဗျာ။

ခွေးဖြစ်မယ့် နွားတွေတဲ့။

ဘာဆိုင်လို့လဲ။ ဤမျှလောက် ပြောပြလိုက်လျှင် ထိုဆ[...] ကြီးသည် မည်မျှယဉ်ကျေးသိမ်မွေ့ကြောင်း၊ မဆဲတ[...] ကြောင်းကို သိလောက်ပြီ ဖြစ်ပေမည်။

သူသည် စည်းကမ်းကြီး၏။ ကျောင်းသူ၊ ကျောင်းသား များကိုလည်း သူ၏သားသမီး အရင်းအချာများကဲ့သို့ပင် ရိုက် တန်ရိုက်၊ ဆိုတန်ဆိုဖြင့် ဆုံးမပဲ့ပြင်ပေးတတ်လေသည်။ ချ[...] လည်းချစ်လေသည်။ ထို့ကြောင့်လည်း ပြွန်တန်ဆာ တစ်မြို့ လုံးရှိ လူငယ်လူရွယ်များက သူ့ကို ချစ်ကြောက်ရိုသေကြ[...] သည်။ ပြီးတော့ ပြွန်တန်ဆာတစ်မြို့လုံးတွင် သူ၏ တပည့် များမှာ လက်ညှိုးထိုး မလွဲရှိလေသည်။

ထိုအထဲတွင် ယခု စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင် အောင်ပြည့်လည်း ပါဝင်လေသည်။

ဆရာ အောင်ပြည့်သည် ထိုစဉ်က တပည့် အောင်ပြည့် ဖြစ်လေသည်။ ချာတိတ်ပေါ့ခင်ဗျာ။

ဆရာ ဦးသုတော်၏ အရိုက်အနှက် အကြိမ်းအမောင်း[...] လည်း ဆရာ အောင်ပြည့်သည် အများပြားဆုံး ခံရသူထဲတွင် ထိပ်ဆုံးက ပါဝင်လေသည်။ သူက ငယ်ငယ်က လူဆိုး။

❑

တစ်နေ့သောအခါတွင် ဆရာကြီး ဦးသုတော်သည် လူကြီးတို့သဘာဝအတိုင်း တစ်[...] နည်းအားဖြင့် အစိုးရအ[...] ထမ်းတို့၏ သဘာဝအတိုင်း ပင်စင်စားဘဝ၊ အငြိမ်းစား ဘဝသို့ရောက်ရှာလေသည်။

ထိုနှံရောအခါ သူ[...] အကြိမ်ကြိမ် ခေါင်းခေါက် ခြင်းခံရသဖြင့် ဒသဂီရိကဲ့သို့ ခေါင်းတွင် အဖုပေါင်းများစွာ ရှိနေခဲ့ရသော မောင်အောင်ပြည့်သည် ဆရာ ဦးအောင်ပြည့် ဘဝသို့ရောက်နေပြီဖြစ်ပေသည်။

❑

'ဆရာ၊ ကျွန်တော် ဆရာနဲ့ တွေ့ခွင့်ရှိပါသလားခင်ဗျာ'

အထက်ပါစကားသည် ဆရာကြီး ဦးသုတော်က သူ[...] တပည့်ဟောင်း မောင်အောင်ပြည့်ကို ကျောင်းသင်ခန်းအ[...] နေ၍ ပြောလိုက်သော စကားဖြစ်ပါပေသည်။

ထိုစဉ်ကအကြောင်းကို ပြန်ပြောရမည်ဆိုလျှင် အထက်ပါ စကားကို ဆရာ ဦးသုတော် လှမ်းပြောလိုက်စဉ်က...

ဆရာ အောင်ပြည့်သည် ဆရာ ဦးသုတော် သင်[...]သော

www.burmeseclassic.com

www.burmeseclassic.com

စာသင်ခန်း (ကိုအောင်ပြည့်ကိုယ်တိုင် မောင်အောင်ပြည့်အဖြစ် ကျောင်းသားဘဝ၌နေခဲ့သော စာသင်ခန်းပင်ဖြစ်ပါသည်။) တွင် သူကိုယ်တိုင် ဆရာအဖြစ်နှင့် စာသင်နေရသောအချိန် ဖြစ်ပါသည်။

ဆရာ ဦးသူတော်သည် အထက်ပါအတိုင်း ကိုအောင်ပြည့် စာသင်နေသော သူ ဆရာဖြစ်စဉ်က စာသင်ခဲ့သော စာသင်ခန်းမ၏ တံခါးပေါက်အဝမှနေ၍ မရဲတရဲ ခေါ်လိုက်ခြင်းဖြစ်ပါသည်။ ထိုအခါ ဆရာ အောင်ပြည့်သည် ကြောက်ချစ်ရိုသေစိတ်ဖြင့်ပင် သူ၏တပည့်များကို သင်ခန်းစာပေးပြီး ဆရာကြီး ဦးသူတော်ထံသို့ ကုပ်ကုပ် ကုပ်ကုပ်ဖြင့်ထွက်၍ တွေ့ဆုံလေသည်။ စာသင်ခန်းအပြင်သို့ ရောက်၍ သူ၏ ဆရာကြီးနှင့် တွေ့သောအခါ၌တွင်ကား…

ကျွန်တော်တို့ ဇာတ်လိုက်ကြီး (စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင် အောင်ပြည့်)ကို စာသင်ခန်းအပြင်ဝ၌ စောစောက 'ဆရာ' ဟု ခေါ်ခဲ့သော ဆရာကြီး ဦးသူတော်သည် နားရင်းတစ်ချက်ပိတ်တီးလျက်…

'ဟေ့ကောင် ဟိုတစ်နေ့က ဟိုတရုတ်မ 'ဘိဝါဆိုင်'မှာ မင်း အရက်ဝင်သောက်တယ် ကြားတယ်။ နောက်တစ်ခါ သောက်တယ်ဆိုတာ ကြားရင် ငါကိုယ်တိုင် မင်းအိမ်လာပြီး အနောင့်နဲ့ ပိတ်ကန်မယ်'ဟု စကားကို ကပေါက်ချိ ကပေါက်ချာ (ပင်ကိုက ရိုးစင်းစွာ စကားမကြွယ်သူမို့)ပြော၍ သုတ်သုတ်ထွက်သွားလေတော့သည်။

ဩော် လူကြီး လူကြီး…။

❑

**အခန်း(ဇာတ်သိမ်း)**

* မှတ်ချက်…။

* တယ်လီဖုန်းသံ…။

'ဟဲလို ဆရာကြီး ဦးမင်းသုဝဏ်ရှိပါသလားခင်ဗျာ'

'ဟုတ်ကဲ့ ပြောနေပါတယ်'

'ဩော် ဆရာကြီးလား၊ ကျွန်တော် မောင်သုမောင်ပါ။ ဟိုတစ်နေ့က ကျွန်တော့် စာအုပ်တစ်အုပ် အပို့ခိုင်းလိုက်တာ ရောက်ရဲ့လားလို့ စိတ်ပူတာနဲ့ လှမ်းဆက်တာပါခင်ဗျာ'

'ဟုတ်ကဲ့၊ ရောက်ပါတယ် ကိုသုမောင်'

ကျွန်တော်၏ရင်အတွင်း၌ အမည်မသိသော ဝေဒနာတစ်ခုသည် ဝင်ရောက်လာပြီး လှပ် လှပ် လှပ် လှပ်၊ လှပ်လှပ် လှပ်လှပ် ဖြစ်စေခဲ့ရပါတော့သည်။

ကျွန်တော့်အဖေ (တစ်နည်းအားဖြင့် ကျွန်တော့် လက်ဦးဆရာ၏ ဆရာဖြစ်သော၊ ကျွန်တော်နှင့်ဆိုလျှင် အဘိုး၊ တစ်နည်းအားဖြင့် ဆရာ့ဆရာဖြစ်သော ဆရာကြီး ဦးမင်းသုဝဏ်) က ကျွန်တော်၊ ဟုတ်ကဲ့၊ ကိုသုမောင်ခင်ဗျာ စသော အသုံးအနှုန်းများကို သုံးနေခြင်းအတွက် စိတ်ထဲတွင် စနိုးစနောင့်ဖြစ်ရခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်က…

'ဩော် ဆရာကြီးရယ်၊ ကျွန်တော့်လို တပည့်သားမြေးတစ်ယောက်ကိုများ ခုလို ဆက်ဆံဖို့ မလိုအပ်ပါဘူး။ ဟေ့ကောင်၊ သားလေး၊ သုမောင် စသဖြင့်ဆိုရင် ပြီးရော့ပေါ့'ဟု ပြောလိုက်သောအခါတွင် ဆရာကြီး မင်းသုဝဏ်က အောက်ပါအတိုင်း ပြန်လည်ပြောကြားပါလေတော့သတည်း။

'ဩော် ကိုသုမောင်ရယ်၊ အသက်အရွယ်ဆိုတာထက် စာရေးဆရာဆိုတဲ့ ဂုဏ်ကို လေးစားရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်က ကိုသုမောင်ကို ကိုသုမောင်လို့ ခေါ်လိုက်တာပါဗျာ'ဟု တယုတယ တလေးတစား ပြန်ပြောရှာလေသည်။

**ဩော် လူကြီး လူကြီး…။**

ထို့ 'ဩော် လူကြီး လူကြီး' ဟူ၍ စိတ်နှင့် ရေရွတ်လိုက်မိစဉ်မှာပင် ကျွန်တော့်ဇနီးသည်သည် ကျွန်တော် တယ်လီဖုန်းပြောနေရာသို့ အူယားဖားယား ပြေးလာလေသည်။

'ကိုကို ကိုကို၊ ဟိုမှာ သွားကြည့်ပါဦး။ အဖေ့ခေါင်းမှာ သွေးတွေနဲ့'

ကျွန်တော့်မိန်းမသည် ကျွန်တော့်အဖေကို အဖေဟုပင် ခေါ်သည်။

'ဟင်'

ကျွန်တော်သည် ဆရာကြီး မင်းသုဝဏ်အား တောင်းပန်၍ တယ်လီဖုန်းချလိုက်ပြီး ကျွန်တော့် ဖခင်ကြီးထံသို့ ပြေးသွားမိပါသည်။

ကျွန်တော် အလွန်အမင်း စိတ်ပူလိုက်ရသော အဖြစ်ကို ကြုံတွေ့လိုက်ရပါသည်။ ကျွန်တော် အဖေ၏ နောက်စေ့တွင် သွေးစသွေးနများ တွေ့လိုက်ရပါသည်။

ကျွန်တော်လည်း…

'ဖေဖေ ဘာဖြစ်တာလဲ'ဟူ၍ စိတ်ပူလက်ပူ မေးလိုက်သောအခါ အဖေက…

'ဘာဖြစ်ရမှာလဲကွ။ မင်းရဲ့သမီးပေါ့။ ငါ ဟိုဘက်လှည့်ကားပြင်နေတုန်း ကားပြင်တဲ့ခွနဲ့ နောက်စေ့ကို တအားဆော်လိုက်လို့ ပေါက်သွားတာပေါ့။ ဟား…ဟား…ဟား'ဟု အဖေသည် ကျွန်တော့်သမီး လက်ဆော့လိုက်သဖြင့် ပေါက်သွားသော သူ့နောက်စေ့ ဒဏ်ရာမှ သွေးစများကို သုတ်၍ ပြုံးရယ်ရွှင်မြူးသောမျက်နှာဖြင့် ကျွန်တော့်ကိုပြရင်း ပီတိဖြစ်နေလေသတည်း။

❑

**ဩော် လူကြီး လူကြီး…။**

လူကြီးသည် အသက်ကြီးလာသည်နှင့်အမျှ အခွင့်အရေးယူတတ်ကြသည်တကား။

ထိုအခွင့်အရေးကား အခြားဟုတ်ပါရိုးလား။

မေတ္တာတရား၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းနှင့် အားကိုးရာရှာခြင်းတို့ ဖြစ်ပေတော့သည်သတည်း။

■ သုမောင်

၁၉-၈-၈၃



www.burmeseclassic.com

www.burmeseclassic.com




ဒီနေ့ နိုင်ငံတကာဖြစ်ရပ်တွေထဲမှာ ရေပန်းစားလာတဲ့ အီဂျစ်နိုင်ငံရဲ့နိုင်ငံရေး မတည်ငြိမ်မှုဟာ အာဏာရှင်စနစ် မွေးထုတ်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ မူဘာရက်ဟာ အီဂျစ်ကို နှစ်ပေါင်း ၃၀ လောက် အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ခဲ့ပါတယ်။ ဒီလို အခြေအနေက အီဂျစ်နိုင်ငံမှာ အာဏာရှင် မူဘာရက်ကို ဖြုတ်ချနိုင်ခဲ့ပြီး အီဂျစ်ပြည်သူတွေက မော်စီကို ဒီမိုကရေစီ နည်းလမ်းတကျ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ပထမဆုံး သမ္မတအဖြစ် မော်စီဟာ အီဂျစ်နိုင်ငံရဲ့ ဒီမိုကရေစီအသွင် အကူးအပြောင်းကာလကို ဦးဆောင်ခွင့်ရခဲ့ပါတယ်။ ဒါဟာ အီဂျစ်နိုင်ငံရေး သမိုင်းမှာ အတော့်ကို ထူးခြားတဲ့ အခွင့်အရေး တစ်ရပ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သမ္မတ မော်စီဟာ ပြည်သူလူထုကို ဗဟိုပြုရမယ့်အစား သူ့မိခင်အဖွဲ့ အစည်းဖြစ်တဲ့ မူဆလင် ညီအစ်ကိုတော်များအဖွဲ့ (Muslim Brotherhood) ရဲ့ မူဝါဒကို ဘယ်လို အကောင်အထည်ဖော်မလဲဆိုတာကိုပဲ အဓိက ဦးတည်ခဲ့တယ်။ သက်တမ်း ၈၅ နှစ် ရှိပြီဖြစ်တဲ့ မူဆလင် ညီအစ်ကိုတော်အဖွဲ့ဟာ အီဂျစ်နိုင်ငံကို ရှာရီယာ(Sharia) ဘာသာရေးဥပဒေနဲ့ အုပ်ချုပ် လိုကြတယ်။ ဒါကို သမ္မတ မော်စီဟာ

အကောင်အထည် ဖော်လာတယ်။ ၂၀၁၂ ဒီဇင်ဘာ ၂၆ မှာ သမ္မတ မော်စီလက်မှတ်ရေးထိုးခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရှာရီယာဟာ နိုင်ငံအတွင်း ဥပဒေတွေရဲ့ ဇာစ်မြစ်ဖြစ်လာသလို အစ္စလာမ်ဘာသာကလည်း နိုင်ငံတော်ဘာသာဖြစ် လာပါတယ်။ ဒီလို သူတို့လိုချင်တဲ့ နိုင်ငံရေး ရည်မှန်းချက်ကို ဇွတ်အတင်း အကောင်အထည်ဖော်ခဲ့တဲ့ အတွက် သမ္မတနဲ့ ညီအစ်ကိုတော်အဖွဲ့ဟာ အီဂျစ်ပြည်သူ တစ်ရပ်လုံးအပေါ် ကိုယ်စားပြုခွင့် ဆုံးရှုံးသွားပါတယ်။ ပြည်သူတစ်ရပ်လုံးကို ကိုယ်စားမပြုခဲ့လို့လည်း ၂၀၁၃ ဇူလိုင် ၃ မှာ အီဂျစ်စစ်တပ်က မော်စီကို ဖြုတ်ချပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးရဲ့ အကြီးအကဲဖြစ်တဲ့ အက်ဒ်လီမဲန်ဆူရ်(Adly Mansour)ကို ကြားဖြတ်အစိုးရရဲ့ သမ္မတအဖြစ် ခန့်အပ်ခဲ့ပါတယ်။ အဲဒီမှာ ဆန္ဒပြမှုတွေ ပေါ်ပေါက်လာပြီး နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်လာပါတယ်။ အဲဒီမှာ တွေ့လိုက်ရတာက မော်စီ ရှာရီယာကို ဇွတ်အတင်း ပြဋ္ဌာန်းဖို့ ကြိုးစားသလို အီဂျစ်စစ်တပ်နဲ့ ကြားဖြတ်အစိုးရက အစ္စလာမ်ဝါဒီတွေကို ချေမှုန်းဖို့ ကြိုးစားခဲ့ပါတယ်။ နှစ်ဖက်စလုံးဟာ အီဂျစ်ပြည်သူတွေရဲ့ဆန္ဒကို လျစ်လျူရှုပြီး ကိုယ့်နိုင်ငံရေး ရည်မှန်းချက်တွေပဲ ဇွတ်အတင်းအကောင်အထည်ဖော် ကြိုးပမ်းခဲ့သူတွေချည်းပါပဲ။ အီဂျစ်မှာ ဆန္ဒပြ

www.burmeseclassic.com

www.burmeseclassic.com



# တကောင်းကင်က သိမ်းသယ်ခြင်း

## မင်္ဂလာရွှေတောင်း

graphicdesignbyaung kyaw@09421054457

ခဲ့တဲ့သူတွေဟာ ပြည်သူတွေကို ကိုယ်စားမပြုဘဲ သုံးသပ်ကြည့်လိုက်တဲ့အခါ နှစ်ဖက်စလုံးက နိုင်သူအကုန်ယူစတမ်း (Winner Takes All) သဘောတရားကို တွေ့လိုက်ရတယ်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ရန့်သစ်မှာ ဖော်ပြထားတဲ့ ကိုဝရဲ့ **နိုင်သူအကုန်ယူစတမ်းဆိုရင်**ဟာ အီဂျစ်နိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေကို သုံးသပ်ဝေဖန် ပြထားတဲ့ဆောင်းပါးတစ်ပုဒ်ပါ။ ရန့်သစ်ဝတ္ထုတိုတွေထဲက မှူးဆက်ပိုင်(ရွှေတောင်)ရဲ့ **ပိုးဖလံမျိုးပေမို့**ကို ညွှန်းချင်ပါတယ်။ ဒီဝတ္ထုဟာ ကလေးနေမကောင်းဖြစ်နေပြီး ပြည်ဆေးရုံကို တင်ရမယ့် အခြေအနေမှာ ဘယ်လိုမှ ငွေကြေးရှာလို့ မရနိုင်လို့ သူ့အိမ်ကိုသူ မီးရှို့ဖို့ ကြိုးစားတဲ့ လူဆင်းရဲတစ်ယောက်ရဲ့ ရိုးသားတဲ့ အတွေးမှားကို ဝတ္ထုလုပ် ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မြေလတ်မောင်မြင့်သူရဲ့ **ဆူးတစ်ချောင်းနဲ့ ပတ်သက်၍** ဟာ ဒီရေ ဒီမြေရဲ့ အသီးအပွင့်တွေကို တဝကြီး ဆွတ်ချူစားသောက်ပြီး ကြီးပွား ချမ်းသာလာခဲ့တဲ့ ဘောင်းဘီဝတ်ကြီးတွေက အငြိမ်းလည်းစားရော 'ဒီမြေမှာနေဖို့ မကောင်းဘူး' လို့ ပြောနေတဲ့အချိန်မှာ တစ်သက်လုံး ရိုးသားသန့်ရှင်းစွာ လက်ဗလာနဲ့ဘဝကို ဖြတ်သန်းနေရသူတွေရဲ့ ခံစားမှုကို လှလှပပ သီကုံးထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။

ရတီ
ဝတ္ထုတိုတွေထဲက
သံဗျင်ဦးရဲ့
**အလိုချင်ဆုံး**
**အရာ** ကို
ညွှန်းချင်ပါတယ်
ဒီခေတ်
မြန်မာနိုင်ငံ
လုပ်ငန်းရှင်ကြီး
တစ်ဦးရဲ့
သမီးလေး
တစ်ဦးရဲ့
စိတ် ခံစားမှုကို
ရေးဖွဲ့
တင်ပြထားတာပါ

ဒီလ ရန့်သစ် ကဗျာတွေထဲက သစ်ခက်အိမ်ရဲ့ **တစ္ဆေရုပ်ရှင်**ကို ညွှန်းချင်ပါတယ်။

'ပြီးပါပြီ' ဆိုတဲ့ စာတန်းကလေးဟာ နောက်ဇာတ်လမ်းတစ်ပုဒ်အတွက် ခေါင်းစီးဖြစ်သွားခဲ့လေရဲ့။ ဒီလိုနဲ့ အသစ်တင်ဆက် ပြသနေတဲ့ ဇာတ်ကားတစ်ကားရဲ့ ဇာတ်ကွက်ဇာတ်လမ်းထဲ ဘယ်တော့ ကိုယ်ထင်ထွက် ပြမလဲ ပဟေဠိနဲ့ တစ္ဆေတစ်ကောင် အသက်ဝင်လာခဲ့တယ်တဲ့။

*၂၀၁၃ စက်တင်ဘာ*
*ရန့်သစ်*

❑

ဒီလ ရတီဝတ္ထုတိုတွေထဲက သံဗျင်ဦးရဲ့ **အလိုချင်**



www.burmeseclassic.com

www.burmeseclassic.com

ဆုံးအရာကို ညွှန်းချင်ပါတယ်။ ဒီခေတ် မြန်မာနိုင်ငံ လုပ်ငန်းရှင်ကြီးတစ်ဦးရဲ့ သမီးလေးတစ်ဦးရဲ့ စိတ်ခံစားမှုကို ရေးဖွဲ့တင်ပြထားတာပါ။ အဲဒီလို တင်ပြတဲ့နေရာမှာ သံဗျင်ဦးက သမီးလေး 'ဖူး'ရဲ့ ရှုထောင့်က ရေးဖွဲ့တင်ပြပါတယ်။ ငွေနောက်ကိုလိုက်နေတဲ့ ဖခင်တစ်ယောက်နဲ့ ဖခင်ကို မျှော်နေတဲ့၊ ဖခင်နေရာ လိုနေတဲ့ သမီးတို့ရဲ့ ဘဝဖြတ်သန်းမှုကို သံဗျင်ဦးက ပုံဖော်ရေးဖွဲ့ပြပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၃ စက်တင်ဘာ*

*ရုတီ*

❑

ဒီလ ရွှေအမြုတေမှာ ရွှေအသစ်ဝတ္ထု ၅ ပုဒ် ဖော်ပြထားပါတယ်။ ဝတ္ထုအားလုံး လိုလို ကောင်းနေပါတယ်။ ဘဝထဲက အဖြစ်အပျက်အကြောင်းအရာတွေကို လှလှပပ ရေးဖွဲ့ပြနိုင်လို့လည်း ချီးကျူးမိပါရဲ့။ မင်းတုန်း မောင်စိမ်းလွင်ရဲ့ **ပန်းနိမိတ်** ဟာ ရခိုင်ရိုးမထဲက ဆင်ဦးစီးတွေရဲ့ဘဝကို သူတို့ဓလေ့၊ သူတို့အယူတွေနဲ့ ပုံဖော်ရက်ဖွဲ့ပြီး သုတကို ရသထဲမှာ နေသားတကျ ထည့်သွင်းထားတဲ့ ဝတ္ထုပါ။ လူစွာရဲ့ **မျက်မှန်တစ်လက်အကြောင်း**ဆိုရင်လည်း ဟူးကောင်းချိုင့်ဝှမ်း၊ အောင်လွတ်ရွာကိုသွားပြီး ကာကွယ်ရေးဆေးထိုးတဲ့ ဆရာအဖွဲ့ရဲ့ အတွေ့အကြုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုပါ။ ဂြိမ်းမောင်(ပုဏ္ဏားကျွန်း)ရဲ့ **သွေးတစ်လုံးအသက်တစ်ချောင်း** ကတော့ Aသွေးလိုနေတဲ့ လူနာရှင်အတွက် သွေးလိုက်ရှာ

> ကျူရီရဲ့
> အိုးကွဲဟာ
> မွေးရာပါ
> ဉာဏ်ရည်မမီသူ
> ပဲလော့ရဲ့
> အကြောင်းကို
> ရေးဖွဲ့ထားတဲ့
> ဝတ္ထုတိုပါ
> ကျူရီဟာ
> သူ့ဇာတ်ကောင်
> ပဲလော့ကို
> ရေးဖွဲ့ရာမှာ
> ပီပြင်စွာ
> ရေးဖွဲ့နိုင်ပါတယ်

ပုံ၊ မိသားစု အသက်ရှင်ရပ်တည်ရေးအတွက် သွေးရောင်းစားရသူ၊ တာဝန်ရှိပေမဲ့ တာဝန်မသိသူ၊ လူနာရှင်ရဲ့ ဆင်းရဲပုံတို့ကို ရေးဖွဲ့ပြနိုင်ခဲ့ပါတယ်။

ရေအေးရဲ့ **ပန်းနှစ်ပွင့်** ကတော့ ကလောင်သစ်လို့ မယုံနိုင်လောက်အောင် တင်ပြ ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ပဓာနဇာတ်ကောင် နုရဲ့ အပြောနဲ့ဝတ္ထုကို ရေးဖွဲ့ထားပါတယ်။ ဝတ္ထုရဲ့အစမှာ နုဟာ ပဓာနဇာတ်ကောင် ဖြစ်နေပေမဲ့ ရေအေးဟာ ဝတ္ထုရဲ့ နိဂုံးပိုင်းမှာတော့ နုရဲ့ အတွေးစဉ်ကို အားပြုပြီး နုရဲ့မိခင်ကြီးကို ပုံဖော်ရေးပြလာတယ်။ အဲဒီမှာ မိခင်ကြီးရဲ့မေတ္တာ၊ အပြုအမူ၊ ဆုံးဖြတ်ချက်၊ အဲဒီအပေါ်မှာ နုရဲ့အမြင်တို့ကို ရေးဖွဲ့ပြတဲ့ ရေအေးရဲ့ အရေးအဖွဲ့တွေဆိုရင် သိပ်သည်းကျစ်လျစ်ပြီး အလွန်လှပတဲ့ အရေးအသားတွေပါပဲ။ သူတကာ မိခင်မေတ္တာဖွဲ့ဝတ္ထုမျိုး မဟုတ်ပါဘူး။ ဖတ်ကြည့်စေချင်ပါတယ်။

ဒီလ ရွှေအသစ်ထဲမှာ ရွှေမောင်းသိပ်ကြိုက်တဲ့ ဝတ္ထုတိုလေးကတော့ ကလေးတွေ ခွဲဝေပေးတတ်လာမှု၊ ဆုံးရှုံးလက်လွှတ်ရမှုစတဲ့ ကလေးဘဝမှာ အရေးကြီးတဲ့ လိုအပ်ချက်တွေကို လက်ခံလာနိုင်ခြင်းနဲ့ ပတ်သက်ပြီး ရသဝတ္ထုအဖြစ် ဖွဲ့စည်းတင်ပြထားတဲ့ သုတအောင်ရဲ့ **သရက်ကင်းကလေးတွေကြွေနေပြီပါ**။ အကြောင်းအရာက ဘာမှ မကြီးကျယ်ပေမဲ့ ကလေးသူငယ် ပြုစုပျိုးထောင်ရေးအတွက် အလွန်အရေးပါတဲ့ ဝတ္ထုလေးတစ်ပုဒ်ပါ။ နိုင်ငံတကာမှာဆိုရင် ဆိုပါစို့ အိန္ဒိယမှာ Character Building Stories for Children ဆိုပြီး Series အလိုက် ၃၅ အုပ် Dreamland Publication က ထုတ်ဝေပါတယ်။ ရွှေမောင်းဖတ်ကြည့်တော့ သူတို့နိုင်ငံ လူကြီးတွေက ကလေးတွေအတွက် အရေးတယူ စနစ်တကျ ပြုစုထားတဲ့ ဝတ္ထုတိုတွေ ဖြစ်နေပါတယ်။ ရွှေမောင်းတို့နိုင်ငံမှာလည်း သုတအောင်ရဲ့ ဝတ္ထုတိုတွေလို ဝတ္ထုတိုတွေကို စုပြီး ထုတ်ဝေဖို့ ထုတ်ဝေသူတွေ၊ ဒါမှမဟုတ် ပညာရေးဆိုင်ရာ အဖွဲ့တွေက စဉ်းစားသင့်ပါတယ်။

ကျူရီရဲ့ **အိုးကွဲ**ဟာ မွေးရာပါ ဉာဏ်ရည်မမီသူ ပဲလော့ရဲ့အကြောင်းကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ကျူရီဟာ သူ့ဇာတ်ကောင် ပဲလော့ကို ရေးဖွဲ့ရာမှာ ပီပြင်စွာ ရေးဖွဲ့နိုင်ပါတယ်။ ပဲလော့ဟာ စာမတတ်၊ ဆင်းရဲသားတစ်ယောက်ပါ။ ဒါပေမဲ့ ဘယ်သူ့ကိုမှ နာကျင်အောင်၊ ထိခိုက်အောင် မလုပ်ဘဲ အင်အားရှိသမျှလေးနဲ့ သူ့ပတ်ဝန်းကျင်ကို အလှဆင်နိုင်ခဲ့သူပါ။ ကျူရီက ပဲလော့သေပြီးတဲ့နောက် လူတွေ လွမ်းတသကြရပုံကိုပါ ရေးဖွဲ့ပြခဲ့ပါတယ်။ စရိုက်ဖော် ဝတ္ထုကောင်းလေးတစ်ပုဒ်ပါ။

အညတြကျော်ရဲ့ **ခင်ဗျားလူ့ပ်ရှားရဲ့လားဟာ** ခရီးသည် ကားတစ်စီးပေါ်မှာ သေနတ်တစ်လက်နဲ့ ဓားပြတိုက်သွားတဲ့ လူတစ်ယောက်အကြောင်းကို အဲဒီကားထဲမှာ ပါတဲ့ သူတစ်ယောက်က ပြန်ပြောပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ အညတြကျော်ဟာ သူ့ဝတ္ထုကို 'ကျွန်တော်'ဆိုတဲ့ နာမ်စားနဲ့ 'ဆရာ'ကို ပြန်ပြောပြဟန် ရေးဖွဲ့ထားပါတယ်။ ခရီးသည်တင်လိုင်းကားဟိုင်းလတ်ငါးချိတ်၊ ခရီးသည်နဲ့ စပယ်ယာအားလုံး ၂၁ ယောက်ပါတဲ့ နောက်ခန်းမှာ သေနတ်ထုတ်ပြီး ခရီးသည်တွေမှာ ပါသမျှငွေကိုထုတ်ခိုင်း၊ လမ်းမှာ စပယ်ယာကို ကားရပ်ခိုင်း ဆင်း



www.burmeseclassic.com

www.burmeseclassic.com

ပြေးသွားတဲ့ ဓားပြကို ပုံဖော် ရေးဖွဲ့ထားပုံက အသေးစိတ် ဖတ်နေရတဲ့သူကို စိတ်လှုပ် ခံစားစေနိုင်ပါတယ်။

ဝတ္ထုရေးဆရာဟာ ဒီ ဝတ္ထုကို နိမိတ်ပုံနဲ့ ရေးဖွဲ့ထား သလို ဒီဝတ္ထုရဲ့ အသက်က ဝတ္ထုရဲ့ နိဂုံးပါ။ 'ဆရာစဉ်း စားကြည့်ဗျာ။ ဒီကောင် လူ ပါပြီး သေနတ်လေး တစ် လက်နဲ့ လုပ်စားသွားတာ။ ဒီတုန်းက ဆရာသာ ကား ပါလာခဲ့ရင် ဆရာကော ဘာလုပ်မလဲ။ ပြောပါဦး ဆရာရယ်...။'တဲ့။ တွေး စရာလေး ချပေးထားတဲ့ ဝတ္ထုကို တစ်ပုဒ်ပါ။

မြင့်သန်းရဲ့ **ငြိမ်းအေး ချမ်းသာမှုများ၏ နိဒါန်းနှင့်** ဟာ ငြိမ်းချမ်းမှုနဲ့အတူ ရှင်သန်နေတဲ့ ဦးပညာလော ကရဲ့ စိမ်ခန့်ခွဲမှု အလွန်တော် တိုက်အုပ်ကိုယ်တော်တို့ကို ပြုစုရေးသားပြီး ငြိမ်းအေး ချမ်းသာမှုရဖို့ လူ့သဘောကို ပြုပြင်ဖို့လိုကြောင်း ညွှန်ပြထား ဆောင်းပါးတစ်ပုဒ်ပါ။ ဆောင်းပါးလို့ ပြောရပေမဲ့ ဆရာ မြင့်သန်းက သူ့ဆောင်း ပါးမှာ ဦးပညာနဲ့ တိုက်အုပ် စာဖတ်သူမြင်အောင် ရေးသားထားပါတယ်။ ထွန်း တင်ကြီးတို့ရွာကို ကြွလာတဲ့ ဦးပညာဟာ အာဂန္တုဘုန်း ကြီးအနေနဲ့ ကျောင်းရိပ်ခိုရာ က ဆရာတော်ကြီးရော တိုက် သဘောကျပြီး ရွာ ကျောင်းမှာ ကျောင်းထိုင် ပါတယ်။ ဘုန်းကြီးကြီး ဦး ပညာလောကရဲ့ ရှင်သန်မှုကို စိတ်ရေးဖွဲ့ထားပြီး ချမ်းသာမှုကို ဘယ် ရမယ်ဆိုတာကိုပါ ရေး

**ထက်ကျော်ရဲ့ ဆရာကြီး ဦးရာဇတ်က ဒီလို ပြောခဲ့တယ်** ဟာ ပညာရေးစနစ်နဲ့ ပတ်သက်ပြီး ဦးရာဇတ် ပြောပြခဲ့တဲ့ စကားတွေကို အခြေခံပြီး ဒီနေ့ မြန်မာနိုင်ငံ ပညာရေးကို သုံးသပ် တင်ပြထားတဲ့ ဆောင်းပါး တစ်ပုဒ်ပါ

သားထားတဲ့ စာစုလေးပါ။ ရွှေမောင်းရင်ထဲမှာတော့ ဆရာ မြင့်သန်းရဲ့ ဒီစာစုကို ဖတ်နေရတာ အက်ဆေးတစ်ပုဒ်၊ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်နေရသလို မျိုး ခံစားရပါတယ်။ ဖတ်ကြည့်ပါဦး။

မင်းဝေဟင်ရဲ့ **ခံဝန်ချက်လေးများ** ဟာ ကတိစကား တစ်ခု၊ လက်မှတ်ထိုးခြင်း တစ်ခုရဲ့ အဓိပ္ပာယ်သက်ရောက်မှုနဲ့ နောက်ကွယ်က အစစ်အမှန်တာဝန်တွေကို ရေးဖွဲ့ထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။

ဒီလ ရွှေအမြုတေမှာ နောက်ဆုံး ညွန်းချင်တာက မနှင်းဖွေးရဲ့ **အန္တေဝါသိက** မဂ္ဂဇင်းဝတ္ထုရှည်ပါ။ ဖွဲ့စည်းထားပုံလေး လှသလို ဝတ္ထုရဲ့ ရည်ရွယ်ချက်ကလည်း ကောင်းပါတယ်။ နယ်ပိုင်ဝန်ထောက်ဘဝက ဦးထွန်းအောင်ဖဲ့ရဲ့ 'တပည့်ဆိုတာ ဦးနှောက်ရှိဖို့ မလိုဘူး။ အရေးကြုံလာရင် အသက်ပေးပြီး သစ္စာရှိဖို့ပဲ လိုတယ်'ဆိုတဲ့ အယူအဆဟာ တိုင်းမင်းကြီး အငြိမ်းစားဘဝနဲ့ အသက် ၉၀ အရွယ်ရောက်တော့ အဲဒီ အယူအဆတွေ ပြောင်းလဲသွားခဲ့တယ်။ ဆရာမ မနှင်းဖွေးက သူ့ဝတ္ထုမှာ ဦးထွန်းအောင်ဖဲ့ အယူအဆ ပြောင်းလဲသွားရအောင် နာကျင်ကြေကွဲဖွယ်ရာ အဖြစ်အပျက် တစ်ခုကို ဖော်ပြရေးဖွဲ့ခဲ့ပါတယ်။ အဲဒါက သမီးလေး ကစ်တီနဲ့ သူ့ကို ဝံလက်ထဲက အသက်ကယ်ခဲ့တဲ့ သူ့ရဲ့ လက်စွဲတော် ခွေးကြီး ရန်လုံ တို့ရဲ့အဖြစ်အပျက်ပါပဲ။ ဝတ္ထုရှည်တစ်ပုဒ်ပီပီ စာဖတ်သူကို ဆွဲဆောင်ခေါ်ယူသွားနိုင်တဲ့ အရေးအဖွဲ့အဖြစ်အပျက်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၃ စက်တင်ဘာ*

*ရွှေအမြုတေ။*

❑

ဒီလ ပေဖူးလွှာမှာ ဆရာဦးလေးမြိုင် အမှတ်တရအဖြစ် ဆောင်းပါး ၇ ပုဒ်ဖော်ပြထားပါတယ်။ စာရေးဆရာတွေ ပြောတဲ့ ဦးလေးမြိုင်ရဲ့ ဆောင်းပါးမှာ ဆရာကို သူတို့ မြင်တဲ့အမြင်ကို ဖော်ပြထားပါတယ်။ အခြားဆောင်းပါးတွေမှာတော့ ဆရာကို အယ်ဒီတာဘဝ၊ ကလောင်သစ်တွေအပေါ် ထားတဲ့သဘောထား၊ မြန်မာမှု နှံ့စပ်သူ၊ ရိုးသားဖြောင့်မတ်သူအဖြစ် ဖော်ပြရေးသားထားကြပါတယ်။ မြန်မာစာပေလောကမှာ လေးစားကြည်ညိုဖွယ်ကောင်းတဲ့ စာရေးဆရာတစ်ဦး ဖြစ်ပါတယ်။

မကျန်းမာသော အခါမှာမှ ကျန်းမာခြင်းရဲ့ တန်ဖိုးကို ပိုသိတယ်။ အိမ်မင်းရင့်ရော်တဲ့အချိန်မှာမှ နုပျိုမှုရဲ့ တန်ဖိုးကို သိလာတယ်။ အစားထိုးမရတော့တဲ့ ကျောင်းသူဘဝလေးကို တမ်းတရင်း ဆရာမနဲ့ ပြန်ဆုံခဲ့ရပုံကို လွမ်းမောဖွယ် ရေးဖွဲ့ထားတဲ့ အက်ဆေးလေးတစ်ပုဒ် ဒီလပေဖူးလွှာမှာ ဖတ်ရပါတယ်။ အဲဒါကတော့ ဝေမိုးသောက်ရဲ့ **နုပျိုစေတတ်သော**ပါ။ ဝေမိုးသောက်ဟာ သူ့အက်ဆေးလေးကို စာဖတ်သူရင်ထဲ ရောက်အောင် ရေးနိုင်ခဲ့ပါတယ်။ ပြီး တွေးစရာလေးတွေကိုလည်း ချပေးနိုင်ခဲ့ပါတယ်။

ကြယ်လွှဲမိုးရဲ့ **နေမင်းကြီးနဲ့ လွဲလို့ ငိုနေကြသူများ** ဟာ အတွေ့အကြုံက သီးပွင့်လာတဲ့ သရုပ်မှန်ဝတ္ထုတို တစ်ပုဒ်ပါ။ မြို့ပတ်ဘူတာစာရေးတစ်ယောက်ရဲ့ အပြောင်းအရွှေ့ကာလ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံကို ကြယ်လွှဲမိုးက ဒီဝတ္ထုမှာ ရေးပြထားပါတယ်။ ခေတ်ပြိုင်ခံစားမှုနဲ့ လူရဲ့ စိတ်ကို ဝတ္ထုထဲမှာ လှုပ်လှုပ်ရေးဖွဲ့ပြထားပါတယ်။ ဖတ်ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com

စိုး(နွယ်ပန်းအိမ်)ရဲ့ **မေမေ ဈေးကလာသည်**ဟာ မိခင်မေတ္တာ၊ အမေ့ပုံရိပ်ကို တမ်းတဖွဲ့ဆိုထားတဲ့ ဝတ္ထုတို တစ်ပုဒ်ပါ။ အရွယ်ရောက်လို့ အိမ်ထောင်ရက်သားကျသွားပြီးမှ မိခင်ရဲ့ အရိပ်ကို ပြန်ခိုဝင်တဲ့အချိန်မှာ သူရယ်၊ ညီမလေးရယ်၊ မိခင်ရယ် မိသားစုတစ်စုရဲ့မေတ္တာ၊ သံယောဇဉ်ရဲ့ ပုံရိပ်ကို လှလှပပ ပုံဖော်ရက်ဖွဲ့ထားပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလ ပေဖူးလွှာ ဝတ္ထုရှည်က ညိုနှင်းအိမ်ရဲ့ **ဒန်းကလေးနီနီ**ပါ။ ဒီဝတ္ထုဟာ ဆင်းရဲတဲ့ မိသားစုတစ်စုထဲက မာလာဆွေနဲ့ တာရာဆွေဆိုတဲ့ ဖအေတူ၊ မအေကွဲ မောင်နှမနှစ်ဦးရဲ့ သံယောဇဉ်နဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ။ စာဖတ်သူရဲ့ရင်ကို ထိရှစေတဲ့ အကြောင်းရင်းက မသန်မစွမ်း ပန်းနုသည်ကလေးလေးကို ဒန်းကလေးအကြောင်းပြောရင်း ဆေးတိုက် ချော့မော့ရပုံနဲ့ အဲဒီဒန်းကလေးကို သူတို့ မဝယ်နိုင်၊ မဆင်နိုင်ခဲ့ပုံကို ရေးဖွဲ့သီကုံးသွားတဲ့ ပြချက်တွေပါပဲ။ ညိုနှင်းအိမ်ဟာ ဒီဝတ္ထုမှာ ကမ္ဘာဦးအစက မတည့်ခဲ့တဲ့ သမီးနဲ့ မိထွေးတို့ အကြားက စိတ်အလှကို သမီးက မိထွေးကို အမေလို သဘောထားပြီး သနပ်ခါး သွေးပေးပုံ၊ နှိပ်နယ်ပေးပုံတွေနဲ့ ရေးဖွဲ့ပြသခဲ့ပါတယ်။ အလွန်လှပတဲ့ ဇာတ်ကွက်ကလေးတွေလို့ ရွှေမောင်းထင်ပါတယ်။ ဘက်နှစ်ဖက် ဆက်ဆံရေးမှာ တစ်ဖက်က နူးညံ့သိမ်မွေ့ပြီး

မြန်မာ့သမိုင်းမှာ
အလွန်
အကျည်းတန်တဲ့
ဖြစ်ရပ်ကို
ဆရာ
မောင်ခိုင်လတ်က
စာဖတ်သူရင်ထဲ
စွဲဝင်ကျန်ရစ်
လေအောင်
အက်ဆေး
တစ်ပုဒ်အဖြစ်
ရက်ဖွဲ့သွန်းလုပ်
ထားပါတယ်
ရွှေဝါရောင်
တော်လှန်ရေးလို့
ပြောလိုက်ရင်
မြန်မာလူထုကြီးက
သိပြီးသားပါ
အဲဒီ သိပြီးသား
အဖြစ်အပျက်
တစ်ခုကို ရင်မှာ
ထိခိုက်ခံစား
မှတ်တမ်း
ဖြစ်သွားအောင်
ရသနဲ့
ရေးဖွဲ့ထားပါတယ်

အမေလို သဘောထားတဲ့အခါ တစ်ဖက်ကလည်း သမီးလို သဘောထားလာပုံလေးကို တင်ပြထားပါတယ်။ ဖတ်ကြည့်ပါ။ ရင်ကို လှုပ်ခတ်သွားစေနိုင်တဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ။

*၂၀၁၃ စက်တင်ဘာ ပေဖူးလွှာ*

❑

ဒီလ မဟေသီကဗျာထဲက ဿျင်ရိုးလူ(ပြည်)ရဲ့ **3D မျက်လှည့်**ကို ညွှန်းချင်ပါတယ်။ 'အစွယ်ဖွေးဖွေးနဲ့ ကျားရိုင်းတစ်ကောင်၊ အဝတ်ဖြူဖြူ ခြုံပေးလိုက်တော့၊ သိုးတစ်ကောင် ဖြစ်သွားတယ်၊ ဘဝမှာ ကျွန်တော် အမုန်းဆုံး၊ မျက်လှည့်ပြကွက် တစ်ကွက်'တဲ့။

နောက်ကဗျာတစ်ပုဒ်က လင်းခါးရဲ့ **နှစ်ငါးဆယ်ရှင်းတမ်း**ပါ။ 'လယ်ကွင်းဟာ ရေမြုပ်တဲ့အခါ အနံ့မကျန်၊ လယ်ကွင်းဟာ ခြောက်သယောင်းတဲ့အခါ ငရဲကိုပါ မြင်နေရ။ ကူလီဖြစ်သွားတဲ့ လယ်ပိုင်ရှင်ဟာ ကုပ်ပေါ်က နှစ်ငါးဆယ်ကို ဘယ်တော့မှ မြင်မှာမဟုတ်ဘူး…' တဲ့။

ထက်ကျော်ရဲ့ **ဆရာကြီးဦးရာဇတ်က ဒီလိုပြောခဲ့တယ်**ဟာ ပညာရေးစံနစ်နဲ့ ပတ်သက်ပြီး ဦးရာဇတ်ပြောပြခဲ့တဲ့ စကားတွေကို အခြေခံပြီး ဒီနေ့ မြန်မာနိုင်ငံ ပညာရေးကို သုံးသပ်တင်ပြထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ နှစ်ပေါင်း ၆၀ မျက်မမြင်ပုဏ္ဏားတွေလို စမ်းတဝါးဝါးသွားခဲ့ပြီးလို့ တိုင်းပြည်အဆင်းရဲဆုံးရောက်နေတဲ့ အချိန် ဒီဆောင်းပါးဟာ အနာဂတ်သွားရမယ့် ပညာရေးစနစ်ကိုကောင်းမွန်အောင် တစ်စုံတစ်ခုအထိ ပံ့ပိုးပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

ဆင်လှရဲ့ **ဘလော့က်**ဟာ တိုင်းပြည် ပြုပြင်ပြောင်းလဲရေးမှာ အနှောင့်အယှက်ပေးနေသူတွေကို ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး စီမံကိန်းမှာ 'ပစ်'တွေ ဘလော့ခ်ဖြစ်ပုံနဲ့ နှိုင်းယှဉ်ရေးဖွဲ့ထားတဲ့ ဆောင်းပါးပါ။ စာရေးသူဟာ သူ့ဆောင်းပါးရဲ့အစမှာ လက်[...] ရှိ မြန်မာ့နိုင်ငံရေး အပြောင်း[...] အလဲမှာ ကဖျက်ယဖျက် လုပ်[...] နေသူတွေကို ပွင့်ပွင့်လင်း[...] လင်း ရေးသားဖော်ပြပြီး[...] ရတနာသဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းပုံကို[...] အသေးစိတ်ရေးဖွဲ့ပြပါတယ်[...] ဒီနေ့ ရွှေမောင်းတို့ မြန်မာနိုင်ငံ[...] နဲ့နိုင်ငံသားတွေရဲ့ လိုအပ်[...] ချက်ကို ဖော်ပြနိုင်ခဲ့တဲ့ အဖိုး[...] တန်ဆောင်းပါးတစ်ပုဒ်ပါ။

ငြိမ်း(ရွှေလီ)ရဲ့ **မအေး[...] ဖြစ်လိုက်သော**ဟာ မိသား[...] နှစ်စုရဲ့ ဘဝနေဟန်ကို နှိုင်း[...] ယှဉ်ရေးဖွဲ့ထားတဲ့ ဝတ္ထုတို[...] ပါ။ ငြိမ်းဟာ သူ့ဝတ္ထုကို[...] ခေတ်ပြိုင်ခံစားမှုတွေ ထည့်[...] သွင်း ရေးဖွဲ့ထားပါတယ်[...] ရွှေမောင်း သိပ်သဘောကျ[...] တဲ့အချက်က စိနတိုင်းသား[...] တွေ ငွေအားနဲ့ဖိပြီး မန္တလေး[...] သားတွေကို ဝေးရာနှင်ထုတ်[...] ပုံကို 'မန္တလေးထုံးစံ နှစ်နှ[...] အကြာ၌ အိမ်ကိုရောင်းကာ' 'ဈေးကောင်းရလျှင်ရောင်း[...] အရှေ့တောင်ကိုပြောင်း'ဆို[...] သော မန္တလေးထုံးစံအတိုင်း' စတဲ့ အသုံးအနှုန်းတွေနဲ့ ဒီနေ့ မန္တလေးသားတွေရဲ့ဘဝကို ခပ်ရှင်ရှင်လေး သရော်တာ ကိုပါပဲ။ ဖတ်ကြည့်ပါ။ အရေးအသား သွက်လက်ပြီး ဖတ်လို့ကောင်းတဲ့ဝတ္ထုတို တစ်ပုဒ်ပါ။

မြတ်ကိုကို(ရကွ)ရဲ့ **အတ္တကင်းစွာဖြင့် စီရင်အပ်[...] သော**ဟာ အိမ်အကူ အမျိုး[...] သမီးက အိမ်ကြီးရှင်ရဲ့မြေး[...] နို့ဆာလို့ နို့တိုက်မိတာကို 'မသူတော်သွေးတွေ နှောက်[...] ပြီ'ဟု ပြောကာ နှင်ချလိုက်[...] ပြီး သူ့ခင်ပွန်းသွေးပိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

ါ အဲဒီအိမ်အကူရဲ့သွေး
င်းရုံကိုရေးဖွဲ့ထားတဲ့ ဝတ္ထု
ပါ။ ခေနရှင်လူတန်းစား
ကိုပီပီပြင် ပြင်ရေးဖွဲ့ပြ
ားတဲ့ ဝတ္ထုတိုတစ်ပုဒ်ဖြစ်
တယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၃ စက်တင်ဘာ*

*မဟေသီ*

❑

ဒီလ ပင်းယမှာ ပထမ
ဦးဆုံး ညွှန်းချင်တာက
ောင်ခိုင်လတ်ရဲ့ **ဟောသည်**
**အသုညကမ္ဘာရဲ့ အနက်**
**ောင် မိုးရေစက်တွေအောက်**
ပါ။ ၂၀၀၇ ခုနှစ် စက်
င်ဘာလ ၅ ရက်နဲ့ ၆ ရက်
ကူမှာဖြစ်ခဲ့တဲ့ အဖြစ်
ျက်နဲ့ ၂၅၊ ၂၆၊ ၂၇ ရက်
တွေမှာ ရန်ကုန်မှာ ဖြစ်ခဲ့တဲ့
ဖြစ်အပျက်ကို အောက်ခံ
ပြီး မေတ္တာပို့သံ၊ ဒီမို
ရေစီ တောင်းဆိုသံနဲ့ သေ
သံများကို ရေးဖွဲ့ထားတဲ့
က်ဆေးတစ်ပုဒ်ပါ။ မြန်မာ့
မိုင်းမှာ အလွန် အကျည်း
န်တဲ့ဖြစ်ရပ်ကို ဆရာ
ောင်ခိုင်လတ်က စာဖတ်သူ
ဆဲ စွဲဝင်ကျန်ရစ်လေ
ောင် အက်ဆေးတစ်ပုဒ်
ဖြစ် ရက်ဖွဲ့သွန်းလုပ်ထား
တယ်။ ရွှေဝါရောင်တော်
န်ရေးလို့ ပြောလိုက်ရင်
ာလူထုကြီးက သိပြီး
ပါ။ အဲဒီသိပြီးသား
ဖြစ်အပျက်တစ်ခုကို ရင်မှာ
ိုက်ခံစားမှတ်တမ်းဖြစ်
ောင် ရသနဲ့ရေးဖွဲ့ထား
တယ်။ ဖတ်ကြည့်ပါဦး။

ပီမွန်သော်ရဲ့ **ဆည်း**
**ရောင် ညနေခင်းတွေ**
**မှာ သနပ်ခါးလို လိမ်း**
**ထားတဲ့မြို့**ဟာ တစ်ခါက
ေနပြည်တော်ဖြစ်ခဲ့တဲ့
ရတနာပုံနေပြည်တော်၊ ရွှေ
မန္တလေးရဲ့ ဒီနေ့ဟန်ပန်ကို
ခေတ်ပေါ်အရေးအဖွဲ့နဲ့ ရေးဖွဲ့
ပြထားတဲ့ဝတ္ထုတိုတစ်ပုဒ်ပါ။
ဖတ်ကြည့်ပါ။ ရင်ကိုထိရှစေ
တဲ့ဝတ္ထုတိုတစ်ပုဒ်ဖြစ်ပါတယ်။

သက်ဦးမောင်ရဲ့ **ရင်**
**ဘတ်ကို ဖိပြီးငေးကြည့်ရတဲ့**
**သူ**ဟာ မိုးခါးရေသောက်သူ
များကြားမှာ ရိုးသားနေတဲ့
တရားသူကြီးတစ်ဦးရဲ့ ဘဝ
ဖြတ်သန်းမှုကို ရှေ့နေတစ်
ယောက်ရဲ့အမြင်နဲ့ ရေးဖွဲ့ထား
တဲ့ဝတ္ထုတိုတစ်ပုဒ်ပါ။ တရား
ဥပဒေစိုးမိုးမှု ပျက်ပြားယို
ယွင်းနေတဲ့ အခုလို အချိန်မျိုး
မှာ ဘယ်လိုတရားသူကြီးတွေ
လိုသလဲဆိုတဲ့ 'လားရာ'ကို
ညွှန်ပြတဲ့ ဝတ္ထုတိုတစ်ပုဒ်မို့
ဖတ်ကြည့်စေချင်ပါတယ်။

ဒီလ ပင်းယ Novele-
tteခေါင်းစဉ်အောက်မှာ ဝတ္ထု
နှစ်ပုဒ်ဖော်ပြထားပါတယ်။
အဲဒီထဲက ဆန်းလင်းရဲ့
**ဟန်နာကို တာကီဂါဝါ** ကို
ညွှန်းချင်ပါတယ်။ ဝတ္ထုက
ဂျပန် ပြည်ရောက် မြန်မာ
တစ်ယောက်ရဲ့ဘဝဖြတ်သန်း
မှုကို ခပ်ရှင်ရှင်လေး ရေးဖွဲ့
ထားတဲ့ ဝတ္ထုပါ။ အဲဒီမှာ
ဝတ္ထုရေးဆရာက လူ့အဖွဲ့
အစည်းချင်း ကွာဟပုံကို
ဘဲကင်နဲ့ သင်္ကေတပြုဖော်ပြ
ပြီး ဒေါ်အောင်ဆန်းစုကြည်
အပေါ် လေးစားမှုကို **ဟန်နာ**
**ကိုဝါဂါ** လို့ အမည်ပေးထား
တဲ့ကောင်မလေး စားသောက်
ဆိုင်က ထသွားပုံနဲ့ ရုပ်လုံး
ဖော်ပြခဲ့ပါတယ်။ ဖတ်ကြည့်
ပါ။ ဝတ္ထုကောင်းတစ်ပုဒ်ပါ။

*၂၀၁၃ စက်တင်ဘာ*

*ပင်းယ*

■ **မင်္ဂလာရွှေမောင်း**


**သင်ရှာနေတဲ့...**



**ဆရာမင်းကျော်ခေါင်**

နိုင်ငံခြားပြန် သျှတ္တရပညာရှင် (ကျမ်းပြု)

**မဟာဒိဗ္ဗလက္ခဏာဆရာကြီး**

(နာမည်ပေး ... အခါပေး ... ယတြာပေး ...
အထူးအကြံပေး ဟောချက်များ)
အထူးယတြာ–အဆင်မပြေသောအချစ်ရေးများအတွက်

ထောက်ခံချက်ပေါင်းများစွာဖြင့်...

**ဆရာနှင့် အမြန်ဆုံးဆက်သွယ်ပါ။**
Ph-09 730 24895, 09 518 3339

*အကြံသစ်၊ ဉာဏ်သစ်၊ လူသစ်၊ စိတ်သစ်ဖြင့်*
*အောင်မြင်ကြွယ်ဝသော ဘဝသစ်တစ်ခု ရှိ*
*ရန် အသိအမြင်တွေ၊ စွမ်းအင်သစ်တွေ မလိုချင်ပါသလော။*

ဟောခန်း(၁) ခြံအမှတ် (၇၀)၊ ပြည်ထောင်စုလမ်းမကြီး၊
၅၀-ရပ်ကွက်၊ မြောက်ဒဂုံ။

www.burmeseclassic.com

# ပိုင်ရွေးသောချက်

## ရွှေနှင်းဆီ

နှင်းဆီသည် အလှပြနှင်းဆီလား၊
တာရှည် ခံနိုင်စွမ်းရှိသည့် နှင်းဆီရိုင်းလား ကွဲပြားစွာမသိ။
ပန်းမျိုးမဟုတ်ပါ။ နဂိုစိတ်ရင်းက အမြစ်၊ ပင်စည်မှသည် အကိုင်းအရွက်ပေါ်ရှိ ပွင့်ချပ်ကိုသာ
ကြိုက်နှစ်သက်ခြင်း မရှိခဲ့။ စိတ်ဝင်စားခဲ့သည်။ ဆူးတို့၏ ဖွဲ့တည်မှုကို စဉ်းစားခြင်းမရှိခဲ့။
သို့သော် အမှတ်တမဲ့ နှင်းဆီပုံပြင်များအကြောင်း မသိချင်။ ကိုယ်တိုင်လိုလားစွာ
ပုံရိပ်နှင်းဆီကို စုတ်ချက်ရေးတို့မိရင်း ရိုက်သွင်းစူးနစ်ခံခဲ့သော ပြစ်မှုကြောင့်
ရန့်ကိုပင် ခံစားတတ်လာသည်။ အခြားနှင်းဆီများကို ယိုးမယ်မဖွဲ့ချင်ပါ။
သတ်မှတ်ခေါ်ဝေါ်နေသော ကိုယ့်ဆန္ဒနှင့်ကိုယ် ကွန်ရက်ထဲတိုးဝင်၊



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဟာ အရာတစ်ခုအတွက်ပဲ ပြည့်စုံစေတာပါ။ အားလုံးအတွက်နဲ့တော့ လိုအပ်ချက် မဖြစ်နိုင်ဘူးလေ။ ရှင့်ရဲ့ တောင့်တမှုတွေထဲမှာ ကျွန်မ ဖြည့်ဆည်း ပေးနိုင်တာ အချစ်တစ်ခုပဲရှိတယ်။ ကျန်တာ မျှော်လင့်လို့မရတဲ့ ကျွန်မအပေါ်မှာ ရှင် နောင်တ မရစေချင်ဘူး

အနောင်အဖွဲ့ကို တည်ဆောက်ရင်း ကိုင်းဆက်ကူးခြင်း သင်ခန်းစာအောက်၌ ပျော်ဝင်နေခဲ့သည်မှာ ဆူးတို့၏သဘာဝ ငြိတွယ်စာတ်ခြင်းပင်လား မသိနိုင်။ နှလုံးသားစေညွှန်ရာ တိုက်တွန်းချက်မပါသည့် စိတ်ခံစားမှုအောက်၌ရှိသော ကျွန်တော့်နှင်းဆီသည် ကျွန်တော့်ရင်ခွင်နှင့်သာ သက်ဆိုင်ပါလိမ့်မည်။ ခဏတာ ယစ်မူးသွားခြင်း မဟုတ်မှန်း ကျွန်တော့်အသိက သတိရှိနေဆဲ။ □



www.burmeseclassic.com

www.burmeseclassic.com

၁။

အေးသော ဆောင်းရာသီနောက်ပိုင်းတွင် နေ၏အထိအတွေ့က သိသာလာ၏။ ယခင်က တစ်ပတ်ဆယ်ရက်ခံသော ပန်းတို့သည် လေးငါးရက်သာသာနှင့် နွမ်းလွယ်ကုန်သည်။ ဘုရားပန်းများ ညှိုးလာသည်ကို သတိထားမိသော်လည်း ကိစ္စတစ်ခုကြောင့် ဈေးသွားရန် အချိန်မရခဲ့။ ညှော်သည်ကို စောင့်ရင်းဖြင့် ပန်းသည်ကိုပါ မျှော်နေမိသည်။ ကိုယ်တိုင်ကလည်း ဘုရားပန်းတွေ ခြောက်သွေ့သည်ကို ဘဝင်မကျလှ။ လန်းဆန်းဝေဆာစွာဖြင့် အာရုံပြုရသည်က စိတ်ကြည်နူးမှုတစ်ရပ်ဟု မှတ်ယူထားခဲ့သည်။ ခေါင်းရွက်ဗန်းလေးပေါ်မှ နှင်းဆီပန်းတို့ ထိုးထိုးထောင်ထောင် မြင်ရခိုက် ပန်းသည်အထင်ဖြင့် ခေါ်မိပြီးမှ လွန်သွားမှန်း သိလိုက်ရ၏။

'နှင်းဆီက နှင်းဆီပန်းပဲ သီးသန့်ရောင်းတာ'

ဈေးကွက်စီးပွားရေးစနစ်၌ ရိုးရှင်းသော ရောင်းချခြင်းကို တွေ့ရခိုက် မြုပ်နှံမှုပမာဏကို တွက်ဆမိသည်။ တောင်းဆိုမှုမပါသော အမည်နာမတစ်ခုကို သိခဲ့ရသော်လည်း ဖြစ်လေ့ရှိသည့် ဖြစ်စဉ်ဟု မှတ်ယူမိလျက် လက်ကျန် ပန်းများအပေါ် အလိုလို ကရုဏာသက်နေခြင်းက ထူးဆန်းစွာပင်။ သူမ မျက်နှာပေါ်မှ ချွေးစက်များကို အားနာစွာ ကြည့်မိပြန်၏။ ပန်းတို့၏ ရောင်ပြန်ဟပ်မှုကြောင့်လား၊ နဂိုအသားရေကြောင့်ပဲလား မသိနိုင်။ ပန်းရောင်ပါးပါး မျက်နှာလေးက နေခြည်နှင့်အတူ နွေးထွေးနေသလိုရှိသည်။ တကယ်တော့ နှင်းဆီကို ဝယ်ရန် ဆန္ဒမရှိပါ။ ဘုရားကိုလည်း မလှူချင်ပါ။

'ယူပါလားရှင့်၊ ဆယ်ပွင့်ကျော်ကျော်ပဲ ကျန်တော့တာ၊ ပန်းက လတ်ပါတယ်။ နှင်းဆီပန်း မကပ်ရဘူးလို့ သတ်မှတ်ချက် ရှိတယ်ဆိုရင်တော့ မတိုက်တွန်းလိုပါဘူး'

သူမ၏ အတွေ့အကြုံအရစကား။ ပန်းသည် တော်တော်များများမှာမှ သူမစကားသံက ဘာ့ကြောင့် နားထဲသာယာစွာ စီးဆင်းနေပါလိမ့်။ သူမ ဆန္ဒကို ကျွန်တော် လိုက်လျောမိသည့်အဖြစ်က ဆူးတစ်ချောင်း၏ ဒိုင်ယာယီကို ဖွင့်လှစ်ခဲ့မိမှန်းမသိခဲ့ပါ။ ပေါ့ပါးပျော်ရွှင်စွာဖြင့် ထွက်ခွာသွားသော သူမကို ဝေးဝေးရောက်သည်အထိ ငေးမိနေဆဲ။ ဆံနွယ်လွင့်လွင့်နှင့် သူမအလှက ဆံကေသာ ပြိုင်ပွဲဝင်နေသော လှယဉ်ကျေးမယ် တစ်ဦးကဲ့သို့ပင်။

❑

၂။

ဆွတ်ပျံ့ဖွယ် နှစ်တစ်နှစ်၌ ကောင်းကင်တို့သည် ပြာလဲ့လဲ့။ မိုးပေါက်တို့သည် မသည်းထန်။ ပူသော ရာသီသည်ပင် အေးမြသယောင်နှင့်။ အကြိုက်ဆုံး ဆောင်းဥတုကား နွေးထွေးလျက်။ သူမနှင့် နီးကပ်လာသည့် အခြေအနေကြောင့်ထင်သည်။ နှင်းဆီကို ညှော်ခန်း၌ အလှပန်းအိုး ထိုးတတ်လာရာမှ နှင်းဆီအိပ်မက်များ မက်မြင်မိ၏။ လက်ကျန်ပန်းများကို မြတ်နိုးတွယ်တာမိရင်း လာရာလမ်းသို့ နားစွင့်၊ ပြန်ရာလမ်း၌ လွမ်းဆွတ်ခြင်းကို လွန်ကဲခြင်း သဘာဝဟု မထင်မိ။ ရင်ခွင်၏ စာမျက်နှာတိုင်း နှင်းဆီရှိနေသည်လေ။

နှင်းဆီသို့မဟုတ် သူမနှင့် တွေ့မိတိုင်း ကျွန်တော့်စိတ်တို့ လှုပ်ရှားနေမိမြဲ။ သူမ မျက်နှာကို အခါခါ ခိုးကြည့်မိသော်လည်း မဝနိုင်ခဲ့။ သူမကရော သိနိုင်ပါမည်လား။ နှင်းဆီပန်းများ ကမ်းပေးစဉ် ရံဖန်ရံခါ သူမလက်နှင့် ထိမိသည်။ ကိုယ်ကသာ တုန်ယင်လျက်၊ သူမက ပုံမှန်မျှ။ တစ်ခါတစ်ရံ ငွေတိုငွေစလေးများ ရေတွက်နေတတ်သည့် သူမ လက်ချောင်းလေးများကို ငေးကြည့်မိသည်။ သွယ်လျလျ လက်ချောင်းများနှင့် နွမ်းဖပ်ဖပ် ငွေစက္ကူတို့က မလိုက်ဖက်သလိုပင်။ ဘဝရပ်တည်မှုသည် ရုပ်ဆင်းအင်္ဂါနှင့် မသက်ဆိုင်ပါလားဟု တွေးမိတိုင်း သက်ပြင်းမျှင်မျှင်လေးကို မကြာခဏချမိသည်။

'ပန်းလာပို့တာပါ ဦး'

'အိမ်မှားနေပြီထင်တယ် သမီးရဲ့'

'မေမေက ဒီအိမ်ပဲဆိုပြီး မှာလိုက်တယ်'

'ဟင် သမီး မေမေက ဘယ်သူလဲ'

'ဒေါ်နှင်းဆီပါ ဦး'

ကျွန်တော့်ခြေအစုံသည် ခိုင်မာစွာရှိသော်လည်း ယိုင်နဲ့သွားသလို ခံစားလိုက်ရသည်။ သူမက မိခင်တစ်ယောက်တဲ့လား။ နှင်းဆီကိုယ်ပွားလေးက တူသယောင်ရှိ၏။ ပိုင်ရှင်ကို မြင်ယောင်သူက လိပ်ပြာ... မလုံမိ။ ပြစ်မှားခြင်း မ... သော ချစ်ခြင်းအတွက် သံ... ယ ကင်းမိသော်ငြား ခြော... လှန့်ခံရသလို ရှိ၏။ သူ... အပေါ်မှန်ကန်စွာ မသုံးသ... နိုင်သည်က ဝမ်းနည်းစရာ... ကျွန်တော်သည် နှလုံးသား... ကို အလိုလိုက်ခဲ့သလား... သဲကွဲစွာမသိပါ။ အခွင့်... တော့သော ပိုင်ဆိုင်မှုအတွ... ကြေကွဲခြင်းက အထွတ်အထ... ၌။ ယခုမှပင် ကျွန်တော့်နှ... သားကိုပြတ်သားစွာ သိတော... ၏။ စွန့်လွှတ်ရတော့မည်... ပွင့်အန်လာသော ခံစားမှု... ကျွန်တော်ရရှိခဲ့ပြီပဲလေ... ကျွန်တော့် အနာဂတ်၌ နှင်း... တွေက ဆူးများစွာနှင့်။

❑

၃။

လေးလံသော ခြေလှမ်း... များ၌ နှင်းဆီဝန်က များစွာ... ၏။ ထွက်ပေါ်ပြီးမှ ရုပ်သိမ်း... ရန်ခက်ခဲသော အချစ်၌ နှင်း... ဆီပန်းချီကားက ခြောက်သွေ့... စွာ၊ အသက်မဲ့စွာဖြင့်။ ... ကောင်းပြီးခါစ၌ သူမ... နှင်းဆီပန်းများနှင့်အတူ တွေ့... ရ၏။ သူမမျက်နှာ ချောင်သွား... သည်လား၊ ပိန်သွားသည်လား... မကြည့်ဖြစ်ခဲ့။ ဂရုတစိုက်... သော ကျွန်တော့်မျက်လုံးတွေ... က သူ့စိမ်းဆန်နေသည်ကို... ရိပ်မိမည်လား မသိနိုင်... ကိုယ်တိုင်ပဲ ပြန်လည်မြုပ်နှံ... မည့် အချစ်နှင့်အတူ သူမ... လွမ်းဆွေးစွာပင် ဝေးဝေး... ကြည့်နေချင်တော့သည်...

'ရှင် နေမကောင်းဘူး... လား ငူငူငိုင်ငိုင်နဲ့၊ အ... ရော အဆင်ပြေရဲ့လား'

'ကောင်းပါတယ်၊ ...



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်'ဟု ကျွန်တော် ညာ ခဲ့မိသည်။ နှလုံးသား နေ ကောင်းခြင်း၊ အဆင်မပြေ ခြင်းသည် အဆိုးဆုံးပါပဲဟု ပြောချင်ပါသည်လေ။ သို့ ကိုင် သင့်လျော်ခြင်း မရှိမှန်း ားသည်မိပြန်၏။ ခုချိန်တွင် ပြောအပ်သောစကားကို ကျင့်ဝတ်သိက္ခာအရ စောင့် ည်းရမည်ပဲ မဟုတ်လား။ ကျွန်တော့်ကြောင့် အိမ်ထောင် တစ်ခု မပြိုကွဲစေချင်။ အချစ် များစွာကို ဆက်လက်ရှာ ခွင့်အား လွတ်လပ်သူ ကျွန်တော့်ထံ အခွင့်ရှိသော ည်း ရပ်တန့်နေခြင်းက ည်းစရာပါ။

'ဒါနဲ့ စနေနေ့ အားလား ခင်၊ ကျွန်မ ယောကျ်ားဆုံး သာ သုံးနှစ်ပြည့်လေ၊ အလှူ တ်ချင်လို့'

သူမနှင့်ပတ်သက်၍ အံ့ ညြစရာများ တစ်ရစ်ပြီးတစ် ခ် တိုးလာသလိုရှိ၏။ ရင်ထဲ ပါသောသည်ဟုဆိုလျှင် တစ် က်လူအတွက် နစ်နာစရာ ဖြစ်မည်။ နှစ်ဆယ့်ငါးနှစ် န်းကျင် သူမက မုဆိုးမတဲ့ လား။ ငယ်ရွယ်စဉ်ခါက ည်းက ဖြတ်သန်းခဲ့ရသော ဘဝကို စိတ်ဝင်စားရင်း ပြန် ည်တူးဖော်ခွင့်ရတော့မည့် အချစ်ကြောင့် ကျွန်တော် ပြုံး မိသန်းမိသည်။သူမအတွက် ကိုက်နိုင်မည်မထင်။ စိတ် လေးပင်မှု မရှိတော့ဘဲ 'လာခဲ့မယ်'ဆိုသော ကတိကို ခါခါပေးမိသည်။

'အောင်မေတ္တာရပ်ထဲ က သစ္စာလမ်းမှာနေတဲ့ နှင်း ဆီရင် အားလုံးသိတယ်'

ကျွန်တော်သည် နှင်းဆီ န်းကိုကိုင်ရင်း သူမကို ရပ် ကြည့်နေဆဲ။ ဆူးတစ်ချောင်း က ဘာကြောင့် စိုက်ဝင်သွား သည်မသိ။ လက်ထိပ်၌ သွေးကစို့လျက်။ နှင်းဆီကို မြဲမြံစွာ ဆုပ်ကိုင်ထားမှန်း နောက်မှ သတိဝင်သည်။ သို့ သော် ကျွန်တော် ဆုပ်ကိုင် ထားမြဲ။

❑

၄။

နှင်းဆီခင်းတစ်ခုနှင့် သူမဘဝ။ သပ်ရပ်သော အိမ် တစ်လုံး။ ကွယ်လွန်ပြီးသူ၏ ဓာတ်ပုံရှေ့တွင် နှင်းဆီပန်းတစ် ပွင့်နှင့်။ အဖြူရောင်နှင်းဆီ ပါ။ အရောင်သတ်မှတ်ချက် အဓိပ္ပာယ်များကို ကျွန်တော် မသိ။ နှင်းဆီဆိုလျှင် အရောင် ရဲရမည်ဟုသာ ထင်မိသည်။ ၄ နှစ်သာသာ သူမသမီးလေး က ဖခင်နှင့် ပိုတူသယောင်ရှိ ၏။ ဖခင်အား ရေးတေးတေး မှတ်မိသောအရွယ်၌သမီးလေး ဘဝတစ်စွန်းတစ်စအား သူမ ပြောပြသည်။ တကယ်ဆို သူမအရွယ်က အိမ်ထောင် မပြုသင့်သေးသည့် အရွယ် ပါ။ သို့သော် မေးခွန်းမထုတ် မိခဲ့။ သူမ ဘွဲ့ဓာတ်ပုံလေးကို မထင်မှတ်ဘဲ တွေ့ခဲ့ရသည်။ အတွေးတွေက တစ်တောင် တက်တစ်တောင်ဆင်း။ မောပန်းစွာဖြင့်။

နှင်းဆီခင်းထဲ အတူ စကားပြောဖြစ်ခဲ့စဉ်က အဝေး သို့မျှော်ရင်း ဝေသီနေသည့် သူမမျက်ဝန်းကို သတိထားမိ သည်။ နှင်းဆီပန်းများကို မထိတထိ ပုတ်ခတ်ရင်း တစ် ခုခုကို တွေးတောနေဟန်ရှိ၏။ တစ်စုံတစ်ရာ ပြောမည်ကြံ တိုင်း တွေးတွေးဆဆနှင့်။ နှောင်ကြိုး မရှိသောလွတ် လပ်မှု၌ သူမ ပေါ့ပါးစွာ ရှိ မနေခဲ့။

'ရှင့်မိဘတွေက လိုက် မနေဘူးလားဟင်'

'ကျွန်တော်က နယ်အနှံ့ လျှောက်သွားနေရတာ၊ ဘယ် လိုက်နိုင်ပါ့မလဲ မနှင်းဆီ'

'ဒါလည်း ဟုတ်တာပဲ နော်'

ဆုတ်ချည်၊ တက်ချည်ရှိ သော စကား၏ အနက်ကို စဉ်းစားကြည့်မိသေးသည်။ အဖြေက မရ။ ညှိုးငယ်နေ သော သူမမျက်နှာကို ကြည့် ရင်းအားပေးဖော်အဖြစ် နေ ချင်လာမိသည်။ ရင်ထဲ ဘာ တွေ ဖြစ်နေလဲ မနှင်းဆီရယ် ဟု တယုတယ မေးချင်ပါ သည်။ ဖွင့်မပြောသည့် အပူ က ကျွန်တော့်ကို လာကူး စက်ပြီ ပဲ။

'ရှင်က လူပျိုနော်'

'....'

'ရှင့်ဘက်က မထိခိုက် ဘူးဆိုရင် ကျွန်မဆီ လာ လည်နိုင်ပါတယ်'

ဘာပြန်ပြောရမှန်းမသိ။ ရင်ထဲ နာကျင်နေမှန်းတော့ သိသည်။ ကျွန်တော်တို့နှစ်ဦး ကြား ညှိမယူဘဲရရှိလာသည့် နားလည်မှုနှင့်အတူ ရင်းနှီးမှု ကိုတော့ အစွန်းအထင်းမခံခဲ့။ ကျွန်တော် စွမ်းသည့်ဘက်မှ သူမဘဝလုံခြုံစေဖို့ အကာ အကွယ်ပေးချင်မိသည်။ အကာအရံ တစ်ခုခြားနေသည် လားဟု ကျွန်တော့်ရင်ကို မဆန်းစစ်ခဲ့။ မွန်းကျပ်နေ သည့် လိပ်ပြာကိုထွက်ပေါက် ရှာပေးချင်မိသည်။

❑

၅။

ဒီခေတ်ထဲ၌ မတရား သိမ်းပိုက်ခံရသော ရင်ခွင်ရှိ နေသေးကြောင်း သူမက သက်သေပြလျက်။ မိန်းမတို့ ၏အရှက်သိက္ခာကို လူမုံ အလယ် ချမပြရဲသော ဖြစ်ရပ် များစွာ ရှိနေသေးမည်ဟု ယုံ ကြည်နေမိသည်။ မည်သူမျှ မသိနိုင်တာဘဲဆိုသည့် ဖုံးဖိမှု သီအိုရီကို သူမ လက်ခံလိုခြင်း မရှိ။ မွေးစားအဒေါ်ဘက်မှ ပါလာသော လူတစ်ယောက် ၏နှင်းခြေရက်သော ခြေဖဝါး တစ်စုံကြောင့် မကြည်ဖြူဘဲ နှင့် ဆက်လက်လက်တွဲ ခဲ့ရ သည်တဲ့လေ။ တစ်ရက်မှနှစ် ရက်သို့ သူမ မဆင့်ခဲ့။ ဒီဟာ သည် အမှန်တရားပါသော ဖြစ်ပျက်ခဲ့သည့် အတိတ်များ ပင်။ ချစ်ခြင်းတရား မမွေး ဖွားခင်မှာပင် သူမဘဝအရှုံး နှင့် စခဲ့ရသည်။

အိမ်ထောင်နှင့်စီးပွား တစ်ထပ်တည်းကျရန် ခက်ခဲ သောဘဝ၌ ကိုယ်ဝန်သည် ဘဝကိုမေ့လျော့ရင်း ဘွဲ့ရရန် ကြိုးစားခဲ့သည့် သူမ။ သူမ၏ ဖြူစင်သောဘဝကို သိမ်းယူခဲ့ သူရှေ့ထံ နှင်းဆီဖြူကို ထိုး စိုက်ပေးနေခြင်းက ဂုဏ်ပြုမှု ဟုသိရစဉ် ခံခက်စွာဖြင့် စိတ် မကောင်းမိ။ ကွယ်လွန်ခြင်း အပေါ် သူမမျက်ရည်တို့ မစီး ဆင်းခဲ့။ စောစီးစွာ မျက် ကွယ်ပြုသွားသည်ကိုပဲ ကျေး ဇူးတင်မိသည်ဟု ဆို၏။ ယောကျ်ားတစ်ယောက်အပေါ် နာကြည်းမုန်းတီးခဲ့သူက ဘာအတွက် ကောင်းမှုတွေ လုပ်ပေးနေမိပါလိမ့်။ ဓာတ်ပုံ ကရော ဘာ့အတွက်ရှိနေဆဲ ပါလဲ။

'ဖအေမှန်း သိအောင် ရယ်၊ ဖခင်တစ်ယောက်အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပျက်ကွက်တတ်တဲ့သမီး မဖြစ်အောင်ရယ်' ဆိုသည့် အကြောင်းပြချက်က မိခင်ဆန်လွန်းလှသည်။ ခါးသီးသော ဘဝအကြောင်းကို သမီးထံ မပြောဖြစ်အောင် ကြိတ်မှိတ်နေသော သူမရယ်ပါ။ ဝဋ်ကြွေးတွေ ပြေစေဖို့ ကောင်းမှုကုသိုလ် လုပ်ပေးခြင်းဟာ ဖြေဆေးတစ်ခွက်ဟု ယူဆထားပုံရသည်။ သူမကို ကရုဏာ ဖြစ်ခြင်းထက် ပိုသောစကားဖြင့် နှစ်သိမ့်ပေးချင်သည်။ ကျွန်တော့်ရင်ခွင်ထဲ သူမရှိသင့်ပြီဟု ယူဆမိသောအခါ နှုတ်ထွက်စကားဆိုဖြစ်ခဲ့သည်။

❑

'ရှင် ကျွန်မအကြောင်း မသိသေးလို့ ပြောတာထင်ပါရဲ့'

'ဖြစ်ပျက်ခဲ့တာတွေနဲ့ လက်ရှိအခြေအနေကို သိနေပြီပဲ မနှင်းဆီရယ်၊ တခြားဘာလိုလို့လဲ'

သူမ သက်ပြင်းချသံကို ကောင်းစွာကြားရသည်။

'အတိတ်မှာ ကျွန်မဘဝက ရူးမတတ်ဘဲ။ သမီးကြောင့်သာ ကျွန်မ သတိမလွတ်ခဲ့တာ။ ခုချိန်မှာ သေလုမတတ် ခံစားနေရတယ်။ အဲဒါ ရှင့်ကြောင့်ပါ။ ရှင်ဖွင့်ပြောလာမယ့်အချိန်ကို အကြောက်ဆုံးပဲ။ ဒါပေမဲ့ မျှော်လည်း မျှော်လင့်နေမိတယ်။ ဒါ ကျွန်မ နှလုံးသားကို ဝန်ခံတာပါ။ ယောကျ်ား တစ်ဦးကြောင့် ဘဝသေဆုံးခဲ့ရသလို ယောကျ်ားတစ်ယောက်အတွက်နဲ့ပဲ ကျွန်မ အချစ်တွေ သေဆုံးရပြန်ပြီ'

နားလည်မှု၊ နားမလည်မှုကြား၌ ကျွန်တော့်စိတ်အသိက ဝေဝါးလျက်။ သူမ ဘာကို ဆိုလိုမှန်းတော့သိ၏။ ရှင်းလင်းမှုက ရင်မှာ မဖြစ်။

'ရှင် ကျွန်မကို ဘာအကြောင်းပြချက်နဲ့ပဲ ချစ်ချစ်၊ ရှင့်ကို ကျွန်မ ယုံကြည်ပါတယ်။ ရှင် ကျွန်မကို ပိုင်ဆိုင်ချင်တယ်၊ နှစ်ယောက်အတူ ဖေးမသွားချင်တယ်ဆိုလည်း စိတ်ထဲကကြည်နူးစွာနဲ့ လက်ခံမိတယ်'

သူမ ကျွန်တော့်ကို ချစ်သည်မှာ သေချာပါသည်။ သို့တိုင် ရင်ထဲမှ အတားအဆီး တစ်ခုက လွတ်လပ်စွာ မဖယ်ခွာသေးပါ။ ကျွန်တော် ဘာမျှ ပြန်မပြောမိသေး။ ပြောရန်လည်း စကား ရှာမရ။

'ကျွန်မ ယောကျ်ားရဲ့ စာရိတ္တ၊ မဆင်မခြင် နေထိုင်မှုကြောင့် သားအိမ်ထုတ်ထားရတယ်။ သားသမီး ဆက်မရနိုင်တော့တဲ့မိန်းမတစ်ယောက်ကို ရှင် လက်ထပ်သင့်တယ်လို့ ယူဆလား။ ကျွန်မကို ပိုင်ဆိုင်ပြီထားပါ၊ ကျွန်မက ရှင့်ရဲ့စိတ်ပျော်ရွှင်မှု တစ်ဝက်ကိုပဲ ပေးနိုင်မှာပါ။ အဲဒီလို မိန်းမမျိုးကိုယူတဲ့ ယောကျ်ားရဲ့အချစ်ကို တန်ဖိုးထားချင်ပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်က ရှင့်အပေါ် မြင်မယ့်အမြင်၊ စွပ်စွဲချက်၊ အကြည့်ဒဏ်တွေ ခံနိုင်ပါ့မလား။ နောက်ပြီး မိန်းမတာဝန် ပျောက်ကွယ်နေတဲ့သူအပေါ် အသက်ထက်ဆုံး နားလည်ပေးနိုင်ပါ့မလားဟင်'

ကျွန်တော်သည် သူမနှင့် ဘဝတစ်ခုကို အသိုက်အမြုံသဖွယ် တည်ဆောက်ရန် စိတ်ကူးယဉ်ခဲ့သည်မှာ အမှန်ပါ။ သံယောဇဉ် အနှောင်အဖွဲ့ကိုလည်းတမ်းတမိခဲ့ပါသည်။ ငယ်ရွယ်သောဘဝမှာပင် သူမ ဒဏ်ရာတွေက အပြည့်။

'ရှင် ခုကတည်းက တွေဝေသွားပြီနော်။ အချစ်ဟာ အရာတစ်ခုအတွက်ပဲ ပြည့်စုံစေတာပါ။ အားလုံးအတွက်နဲ့တော့ လိုအပ်ချက် မဖြစ်နိုင်ဘူးလေ။ ရှင့်ရဲ့ တောင့်တမှုတွေထဲမှာ ကျွန်မ ဖြည့်ဆည်းပေးနိုင်တာ အချစ်တစ်ခုပဲရှိတယ်။ ကျန်တာ မျှော်လင့်လို့မရတဲ့ ကျွန်မ အပေါ်မှာ ရှင် နောင်တမရစေချင်ဘူး'

ကမ္ဘာကို ပြောင်းပြန်လည်စေချင်သွားမိတာ အမှန်ပါ။ ကျွန်တော်နှင့်သူမ၏ ပထမဆုံးအချစ်က ရက်စက်လွန်းလှသည်။ သူမဘဝက လည်း ဆိုးဝါးလှပါသည်။ ကျွန်တော်သည် ကြမ္မာကို စီရင်ပိုင်ခွင့်ရခဲ့ပါက ချိုမြသော အတိတ်ဖြင့် သူမကို ကုစားပေးချင်ပါသည်။ သူမ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်မိသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ မနှင်းဆီရယ်'

မျက်ရည်လည်နေသော သူမ အပြုံးက မပီပြင်။

'ကျွန်မ ရှင့်ကို နားလည်ပေးနေမှာပါ။ ဘာကြောင့်လဲဆိုတော့ ရှင့်ကို သိပ်ချစ်လို့ပါပဲ။ ဘယ်သူမဆို ချစ်သူဘဝ မနစ်မွန်းစေချင်ပါဘူး။ ကျွန်မဘဝထဲမှာလည်း ရှင့်ကို အဓိပ္ပာယ်မဲ့ မနေစေချင်ဘူးလေ'

ကျွန်တော်သည် နှင်းဆီပန်းများကို ပိုရှုပင် လေးစားနေမိပြန်သည်။

နှင်းဆီသည် တာရှည်ခံပန်း မဟုတ်သော်လည်း သူပွင့်သည့်အချိန်၌ အလှပဆုံးဖြစ်အောင် လုပ်ဆောင်ပေးသည်ပဲလေ။ နွမ်းလွယ်၊ ကြွေလွယ်သော်ငြား သူ့တန်ဖိုးနှင့်သူပါ။ တစ်ခါတစ်ရံ တစ်ပင်သူကြောင့် ဖူးငုံ မပွင့်ရသည်လည်း ရှိရစမြဲ။ ကိုယ်တိုင်အရိုက်သွင်းခံခဲ့သော ဆူးတစ်ချောင်းက ယနေ့တိုင် ရင်ထဲနစ်ဝင်နေဆဲ။ ကျွန်တော့်နှင်းဆီသည် ပန်ဆင်ရန်အတွက်အခွင့်မသာခဲ့။ ပွင့်ဖတ်များကိုဖွဲ့ခြွေပြီး ပန်းခင်းလမ်းလျှောက်ရန် သက်သက်မဲ့ ပွင့်လာပေးဟန်တူသည်။ နင်းသူတို့၏ရင်ထဲ မည်သို့ ခံစားမှုရသည်မသိ၊ အနင်းခံ ပွင့်ဖတ်များသည် ကား ဒဏ်ရာများရလျက်။

နှင်းဆီမြင်တိုင်း ကျွန်တော့်ရင်ထဲ နင့်ခနဲနှင့် ပင့်သက်များက အခါခါမက။ ရှူရှိုက်လိုက်တိုင်း ရနံ့ကို ရနေဆဲ။ ပိုင်ဆိုင်ရန်အတွက်တော့ ခက်ခဲနေဆဲ အခွင့်ရပါလျက် နှစ်ဦးစလုံး ငြင်းဆန်နေခြင်းက မဆန်းပြားပါ။ ပေးသူ၊ ယူသူရှိပါလျက် အချစ်သည် တိမ်တိုက်၊ မီးခိုးလို လွင့်ပြယ်တတ်ကြောင်း ကြားဖူးသည်ပဲ။ ကျွန်တော့်နှင်းဆီနှလုံးသားတွင် မပြယ်၊ မလွင့် မခြောက်သွေ့သော အရာတစ်ခု ရှိနေပါသည်။ ထိုအရာကား နွေည မြင်မက်ခွင့်ရသည့် သူမ မျက်ဝန်းလဲ့လဲ့သာဖြစ်ပြီး ဖြူစင်ခြင်း ပန်းချီကားနှင့် ပေါင်းစပ်ထားသော နှင်းဆီတစ်ပွင့်သာဖြစ်သည် တကား။ ■

ပိုင်ဇွေ့အေးသန်


www.burmeseclassic.com

www.burmeseclassic.com


# စာနဒီစာအုပ်တိုက် TEXT RIVER PUBLISHING HOUSE

...ဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ






...ရှင်ဗိဂ်ီယ(တောင်စွန်း)
...သွားစည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း
...)
...ညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
...thetics and Philosophy of Art Criticism
...by JEROME STOLNITZ
...တ်ကာလ မပွင့်သေးသောဘုရားများအား
...ာင့်မသင့်နှင့် ဘာသာရေးဖြတ်ထုံးများ
...(သန့်ကြီးတောင်း)
...ပျောက်စေဆရာကြီး ရပ်စပြုတင်
...ကြည့်ဟင့်ဆွေ
...ဧစီစိတ်ထား
...(မိုးချောင်း)
...လက်ဆင့်ကမ်း Message to Teen
...
...နတ်သားကြောင်နတ်ရုပ်နှင့်သည်းထိတ်ဖို ဝတ္ထုတိုများ
...ည်းချက်လွှင်
...တွေးမှုဆိုင်ရာ အဓမ္မနှစ်ရာ အမြေနှစ်ထောင်
...ကြုန်း
...ကြီးကတောင်ကန်မြောက်ကန်
...ည်မောင်မောင်
...တ်လပ်ရေးသမိုင်းဝင်စစ်မြေပြင်ခရီးကြမ်းနှင့်
...တွေ့မှတ်တမ်း
...(သက်သာ)
...ကိနှင့် သီဟိုဠ်ခမ္မဝတ္ထုတိုများ
...ကြုန်း)
...င်တော်မယ်
...
...ကြောင်းရေးတစ်ကြောင်းခြစ်
...(မိုးချောင်း)
...တို့ ဆုံးဖြတ်ရမည့်
...ကြီးဆုံးအချက်(၆)ချက်

- တင်မိုး
  ပိတောက်မှ သရဖီသို့
- ဂျူထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့် သမိုင်းရှိသောစန္ဒရွဲ့များ
- ဒေါက်တာအရှင်သာဓိန
  ငါ့မျက်ရည်တွေဘယ်ကိုရောက်နှင့် ဘာသာရေးအတွေးဆောင်းပါးများ
- နတ်စည်(ဂျူထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ တာရိုက်တာပြပွဲ
- သာထက်အောင်
  တွေးမိသမျှ ငေးမိသမျှ ရေးမိသမျှ သူတို့ဆီက တွန့်တော့အတွေ့အကြုံ
- ဖွဲ့ဘောရီအရှင်ဗိဂ်ီယ(တောင်စွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော သာမဏေနှင့် သံဃာ့ကျေးဇူး




## ယခုထွက်ရှိသည့် စာအုပ်များ

- ဒုတိယတာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အတ္ထုပ္ပတ္တိ ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်။)
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန် NLDနှင့် သမ္မတဇာတ်လမ်း




စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ ...
ဖုန်း–၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။


www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်...)
တေးသံရှင်တွေကိုကြည့်ရင် ထင်ထင်ရှားရှား ပေါ်လာလိုက်၊ မထင်မရှား ပျောက်သွားလိုက်ဖြစ်နေကြတယ်။ တချို့လည်း သီချင်းခွေတွေ ထုတ်ကြလို့ အောင်မြင်ကြတာ ရှိသလို မအောင်မြင်

ကိုယ့်အလုပ်ကို စိတ်ဝင်စားဖို့တော့ လိုမယ်။ အစ်မကတော့လည်း ကိုယ့်အောင်မြင်မှုနဲ့ ပရိသတ်အားပေးမှုအပေါ်မှာ အသာရှောလိုက်နေချင်တာမျိုး မရှိခဲ့ဘူး။ အမြဲတမ်း ကိုယ့်အလုပ်အပေါ်မှာ အာရုံစူးစိုက်ပြီး ကိုယ့်ပရိသတ်ကို အကောင်းဆုံး ဘယ်လို ပေးမလဲဆိုတာ တွေးနေရတယ်။ ကြံဆနေရတယ်။ ကြိုးစားနေရတယ်။ သီချင်းတစ် ပုဒ်ဆိုရတော့မယ် ဆိုတဲ့အခါမှာ ခေတ်ဟောင်းသီချင်းပဲဖြစ်ဖြစ်၊ ကာလပေါ် ခေတ် သီချင်းပဲဖြစ်ဖြစ်ပေါ့လေ။ ဆိုဖို့ဖြစ်လာပြီဆိုရင် ဒီသီချင်းအပေါ်မှာ ပရိသတ်ရင်ထဲ ရောက်အောင် ဘာလုပ်ရင် ကောင်းမလဲဆိုတာ အမြဲတွေးတောနေရတယ်။ ခေါင်းထဲမှာ ဒါပဲရှိတော့တယ်။ ဒီသီချင်းကိုတစ်ယောက်တည်း တစ်ကိုယ်တည်းဆိုသလို စိတ်အား




(မာမာအေး နှင့် တွေ့ဆုံခြင်း)

လိုက်တာလည်းရှိတယ်။ တချို့လည်း မှိန်မှိန် ရပ်တည်လျက်ပဲ။ တချို့လည်း ဂီတလောကထဲမှာ မရှိကြတော့ပြန်ဘူး။ ကျွန်တော် မေးချင်တာက အနုပညာရှင်တစ်ယောက်အနေနဲ့ ဘယ်လိုရှိသင့်သလဲ။ အစ်မကော ဘယ်လို အားယူခဲ့သလဲ သိချင်တာပါ။ ဘယ်အနုပညာရှင်ပဲဖြစ်ဖြစ်

တိုင်း ညည်းနေမိတာ အခါခါပါပဲ။ သီချင်းမှာ အသံက တေးသွားအလိုက်အနေနဲ့ အဖွဲ့အနွဲ့အားဖြင့်ပါပြီးသား။ မူလအသံကို အရင်းခံထားပြီး ဘယ်လိုကွန့်နိုင်၊ ညွှန့်နိုင် မလဲဆိုတာ ကိုယ့်အလုပ်။ ဒါကို အလုပ်တစ်ခုအနေနဲ့ အမြဲတမ်း အာရုံထားနေရတာ ဆိုတော့ ကောက်ကာငင်ကာ ဆိုလိုက်ရင်လည်း ဖြစ်တာပဲလို့ သဘောထားတဲ့ အဆိုတော်ထက်စာရင် စိတ်နှစ်ထားတဲ့ အဆိုတော်က ပိုမကောင်းဘဲရှိပါတော့မလား ငါ့မောင်ရဲ့။ ကောင်းပြီပေါ့။ ခေတ်ဟောင်းသီချင်းဖြစ်စေ၊ အရင်က တစ်ယောက် ယောက် ဆိုဖူးထားတဲ့သီချင်းဖြစ်စေ နဂိုမူရင်းက သူလုပ်ထားနိုင်သလောက်ပဲ လုပ် ထားတာမျိုးဆိုရင် ဒီသီချင်းကို ပြန်ဆိုရမယ့်ကိုယ်က ပိုကောင်းအောင်လုပ်မယ် ဆိုတဲ့စိတ် ရှိရပြီ။ ပိုကောင်းအောင်ရှာမယ်၊ ပိုကောင်းအောင် အလှဆင်မယ်။ ဟုတ်ပြီ နဂိုသီချင်းကကောင်းပြီးသား၊ ပြည့်စုံပြီးသား၊ လှပြီးသား ဆိုပါတော့။ အစ်မ ထပ်ပြီး ဖို့လိုပါဦးမလား။ မလိုဘူး။ ဒါကြောင့် အစ်မ ပြောတာ။ ပြန်ဆိုရမယ့်သီချင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံမှု၊ မပြည့်စုံမှု ဘယ်လောက်ရှိသလဲဆိုတဲ့အပေါ်မှာ အစ်မက ဆုံးဖြတ်တယ်လို့ ပြောတာ။

သီချင်းကိုလက်ခံပြီ။ ဆိုမယ်ဆိုပါတော့။ သီချင်းစာသားရပြီ။ သီချင်းရဲ့သံစဉ်ကို သိရပြီ။ သီချင်းရဲ့ဆိုလိုချက်ကို သိရပြီ။ သီချင်းရေးဆရာကပေးတဲ့စာသားနဲ့တေးသွား လိုက်ဖက်မှု ရှိ၊ မရှိ သိရပြီ။ စာသားကိုကြည့်ပြန်တော့ အလွမ်းအဆွေးလား၊ အပူလား အအေးလား၊ အမြူးလား အနင့်လား၊ အသောလား အသွဲ့လား သိပြီ။ ကိုယ်သီချင်တာတွေ သိရပြီပဲ။ အဲသလို သိရပြီဆိုတာနဲ့ အစ်မ ဘာလုပ်သင့်သလဲ၊ ဘာလုပ်ရမလဲ စ,စဉ်းစားတယ်။ ဆိုပါတော့ မိုးဒေဝါ။ ဒေါ်လှရွှေရဲ့ သီချင်းဆိုပါတော့။ အစ်မ အင်မတန် ကြိုက်ခဲ့တာပဲ။ ငါ့မောင်ကို ရှေ့ပိုင်းမှာ ပြောခဲ့ပါတယ်။ ဒေါ်လှရွှေကို ပထမဆုံး ကြားဆရာအဖြစ် အစ်မက တင်ထားပြီးသား။ အစ်မက ဒေါ်လှရွှေကို လူကိုယ်တိုင် မမြင်ဖူးခဲ့ဘူး။ ကြားဆရာလို့ ခံယူတဲ့အတွက် အစ်မဆိုင်မှာ ဒေါ်လှရွှေရဲ့ပုံတူပန်းချီရေး ဆွဲခိုင်းပြီး အမြတ်တနိုးချိတ်ခဲ့တာပဲ။ သို့သော်လည်း အစ်မကြီး ဒေါ်လှရွှေဆိုတဲ့သီချင်းကို တစ်သက်လုံး ကြားလာခဲ့တဲ့အခါကျတော့ အစ်မအသေးစိတ်မှတ်မိတယ်။ သိတယ်။ ဘယ်နေရာ၊ ဘယ်စာသားမှာ ဘယ်လိုလေး ဆိုလိုက်တယ်၊ ယူလိုက်တယ်ဆိုတာကအစ အနုစိတ်သိတာနော်။ အစ်မဆိုရမယ်ဆိုတဲ့ အခါကျတော့ သီချင်းတစ်ပုဒ်လုံးရဲ့ Pattern နဲ့ Compositionကို အစ်မ တစ်ခုထပ်ထည့်လိုက်တယ်။ စာလုံးတွေရဲ့ အဓိပ္ပာယ်အားဖြင့်ပြနေတဲ့ခံစားမှုကို အစ်မက အသံနဲ့ဖွဲ့နွဲ့ယူတဲ့ အတတ်ပညာသဘော ထပ်ထည့်တယ်။ ထပ်ထည့်တယ်ဆိုတာ အဲဒါကို ပြောတာ။

ဆိုပါတော့ စာသားက လွမ်းတယ်။ လွမ်းတယ်ဆိုတာကို အစ်မက မြူးပြီးစွာနေတဲ့အသံနဲ့ မဆိုဘူး။ လွမ်းဌေ့ကလေး သန်းတဲ့သဘောပါအောင်

မမရှင်(မေရှင်)ရဲ့
*ကျေးစေတမန်*
ဘယ်တော့မှ မဆိုဘူး
တင်တင်မူရဲ့
*ရွှေလည်တိုင် ကို*
ဘယ်တော့မှ မဆိုဘူး
မေလှမြိုင်ရဲ့
*နွေဦးတေးသံ ကို*
ဘယ်တော့မှ မဆိုဘူး
ကိုမြကြီးရဲ့
*မိုး*
ပြည်လှဖေရဲ့
*နတ်ရှင်နောင်*
သီချင်းတွေကိုလည်း
အစ်မ
ဘယ်တော့မှ မဆိုဘူး

Mild ဖြစ်ရတော့မယ်။ နွဲ့နွဲ့ကလေး၊ တွဲ့တွဲ့ကလေးနဲ့ အလွမ်းရသပါအောင် ဆိုရတော့မယ်။ ဒါက အစ်မတို့ ဂီတမောင်နှမတွေထဲမှာလည်း သီချင်းဆိုရင် ဒီသဘောကို ထင်ဟပ်ရမယ်ဆိုတဲ့ သဘောထားရှိကြတယ်။ သိပ်များများတော့ မဟုတ်ပါဘူး။ ဘယ်သူတွေ ပါသလဲဆိုတော့ ကိုချစ်ဆွေ၊ ကိုမောင်မောင်ကြီး၊ မမထား၊ ကိုလေးညွန့်၊ ကိုခင်မောင်လွင်၊ ကိုမြကြီးတို့ပါတယ်။ ကေသီပန်ဝိုင်းက ဝိုင်းသားတွေရဲ့ ခံယူချက်ပေါ့လေ။ သီချင်းတွေကို အဓိပ္ပာယ်နဲ့ အသံခံစားမှုကို လိုက်ဖက်ညီအောင် ဆိုကြမယ်ဆိုတဲ့စိတ်။ ဒါကြောင့် သီချင်းတိုင်းလိုလို အောင်မြင်ခဲ့တယ်။ အဲဒါ အစ်မတို့ အစုကလေးရဲ့ အားထုတ်မှုလို့

ပြောရမယ်။ တစ်ခေတ်လို့တောင် ဂီတ
ရေစီးကြောင်းမှာ ပြောစမှတ်ဖြစ်ရတယ်
နောက်ပိုင်းမှာ ကိုလှထွတ်တို့၊ ကိုမင်း
နောင်တို့လည်း ဂီတမောင်နှမတွေအဖြ
စိတ်တူသဘောတူ တစ်စုကြီးပဲ စုစည်း
မိကြတယ်။ အခုပြောပြတော့လည်း
ပျော်စရာလည်း ကောင်း၊ လွမ်းစရာ
လည်း ကောင်းပေါ့လေ။ စိတ်တူကိုယ်
တူ သိပ်ရှိခဲ့ကြတဲ့ မောင်နှမတွေပါ။

စာနဲ့လိုက်ဖက်တဲ့ခံစားမှု ထည့်ဆို
ကြမယ်ဆိုတဲ့အသိနဲ့ ဆိုခဲ့ကြလို့ အောင်
မြင်ခဲ့တယ်လို့ အစ်မပြောတာ အမှန်
တရားပါ။ ဂီတနယ်ပယ်မှာ ဒီသဘော
လက္ခဏာဟာ အင်မတန် ထိရောက်
တယ်ဆိုတာကို ဖန်တီးသူရော၊ နားဆင်
သူတွေကပါ လက်ခံလာကြတယ်
အစ်မတို့ အစုတစ်စုရဲ့ ခေတ်တစ်ခေတ်
လို့တောင် ပြောကြတယ်။ နောက်ပိုင်း
မှာ ကာလပေါ်သီချင်းတွေကို Emotio-
nal ဖြစ်အောင် သီဆိုတဲ့အုပ်စုရယ်လို့
ဖြစ်လာတယ် ပြောရမှာပဲ။ ကိုတင်လှိုင်
တို့၊ ကိုသန်းလှိုင်တို့လည်း ပါတာပေါ့
ဒီ Ideaနဲ့ ဆိုခဲ့ကြတာပဲ။ ကိုတင်လှိုင်ဆို
တဲ့ အလွမ်းသီချင်းတွေကြားရင် နားဆင်
ရသူက လွမ်းတယ်။ အဆိုမှာ အလွမ်း
ရသပါအောင် ဆိုတာကိုး။ ကိုမောင်
မောင်ကြီးတို့၊ ကိုမင်းနောင်တို့၊ အစ်မတို့
ဆိုကြတဲ့ သီချင်းတွေလည်း အဲသလိုပဲ
အဆိုတော်တစ်ဦးချင်းရဲ့သဘာဝအရ
ပိုတာလိုတာတော့ ရှိမှာပေါ့လေ။ အနု
ပညာ သိပ်ကျွမ်းကျင်သူက ပညာ
ဘာတွေ များများထည့်ဆိုတာ
ဘာတွေလည်းရှိတယ်။ ဒါကတော့
ကိုယ့်မူနဲ့ကိုယ် ဆိုတော့ အစ်မအနေနဲ့
တစ်စုံတစ်ရာ မပြောသာပါဘူး။

အစ်မပြောချင်တာက သီချင်းတွေ
ကို သီချင်းစာသားအရ စိတ်ခံစားမှု
ထည့်ဆိုတာက တစ်အုပ်စုလို ဖြစ်သွား
တယ်။ စာသားကိုကြည့်ပြီး Mood
ထည့်ယူတာ။ ဒါ အခိုင်အမာဖြစ်သွား
တယ်။ ဒါ အစ်မတို့ခေတ်က လုပ်
ဆောင်မှုတစ်ခုလို့ပဲ ပြောကြစို့။ ဒီအ
မှာ အဓိကကတော့ ကိုချစ်ဆွေနဲ့ အစ်မ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ အစ်မတို့နှစ်ယောက်က အထူး သဖြင့် စာနဲ့ Mood ကပ်ပြီးဆိုတာကို သိပ်လုပ်ခဲ့ကြတယ်။ အချင်းချင်း ပေါင်း ည်းမှုရှိတော့ သူ့အတွေး၊ ကိုယ့်အမြင် တွေက အစ်မတို့ကြားမှာ တစ်သားတည်း ဖြစ်ရတာပေါ့လေ။ အုပ်စုထဲမှာ အစ်မက ယ်ပေမဲ့ အစ်ကိုတွေလိုဖြစ်နေတဲ့ သူတို့ က သီချင်းအပေါ်မှာ အစ်မကို အကြံ ဉာဏ်တောင်းကြတာတွေလည်း ရှိ တယ်။ အတူတူ သီချင်းတိုက်နေတုန်း မှာ အစ်မက ဒီနေရာလေးမှာ ဒီလိုလုပ် လိုက်ပါလား၊ ဒီလိုဆိုကြည့်စမ်းပါဆို တာမျိုး အကြံပေးတယ်။ လက်ခံကြတာ ။ စိတ်သဘောတွေက ဖြူစင်ကြတော့ ဘယ်သူ့ဘယ်သူကမှ သြဇာပေးတယ်၊ ဆရာလုပ်တယ် မထင်ကြပါဘူး။ ကောင်းရင် ယူလိုက်ကြတာပဲ။ သိပ် ချစ်ခင်ဖို့ ကောင်းတယ်။ ကိုချစ်ဆွေက အေး၊ ဒီလိုလေး ဆိုကြည့်စမ်းဆိုရင် အစ်မကလည်း ဆိုလိုက်တာပဲ။ အပြန် အလှန် သိနားလည်ခြင်းနဲ့ ရိုင်းပင်းမှု ကြတယ်။ တစ်ယောက်လိုရင် တစ် ယောက်က ဖြည့်တယ်။ ဟောသလို တို့ကြည့်စမ်း၊ ဒီလိုလေး နွဲ့ကြည့် ဆိုတာမျိုးနဲ့ အားဖြည့်ကြတော့ သီချင်းက ကောင်းပြီပေါ့ ငါ့မောင်ရယ်။

အစ်မက အစ်မတို့အုပ်စု၊ အစ်မတို့ အသိုင်းအဝိုင်းလို့ ပြောပြောနေတာက ကောင်းတယ်၊ တို့ လုပ်ခဲ့တာမှ ခဲ့တယ်လို့ ခွဲခွဲခြားခြားပြောချင်တာ တ်ပါဘူး။ အကောင်းဆုံးဖြစ်အောင် ကြဖို့နဲ့ ဖြည့်ကြလို့သာ ရလဒ် ကောင်း ရခြင်းကိုသာ ပြောတာပါ။ ဖြစ်စေချင်တာ အစ်မတို့ရှေ့မှာ လုပ်ခဲ့ကြသလို၊ စိတ်ကူးခဲ့ကြသလို စာ ရေးမှုကို တစ်ထပ်တည်းကျအောင် ဆိုတာမျိုး ဒီဘက်ခေတ် လူငယ် တွေကိုလည်း လုပ်စေချင်တယ်။ ဖြစ်စေ ချင်တယ်။ သီချင်းဂီတဆိုတာ လူတွေရဲ့ ကို ညွတ်နူးအောင်၊ တိမ်းမူး အောင်၊ လွမ်းဆွတ်အောင်၊ ခက်ထန် အောင်၊ ကြည်နူးအောင် အမျိုးမျိုးလုပ်ယူ တဲ့ အနုပညာပဲ။ ရသကိုးပါးစလုံး ကို ဖွဲ့နွဲ့ဖော်ကျူးနိုင်တဲ့ အနုပညာပဲ။ ဒီအထဲကမှ တရားသဘောနဲ့ ကြည့်ရင် ဆန့်ကျင်ဘက် သဘောတရားတွေကို မြင်နိုင်ပါရဲ့။ ချစ်ခြင်းနဲ့ မုန်းတီးခြင်း၊ နူးညံ့ခြင်းနဲ့ ခက်မာခြင်း၊ သိမ်မွေ့ခြင်းနဲ့ ကြမ်းတမ်းခြင်း၊ ဝမ်းသာခြင်းနဲ့ ဝမ်း နည်းခြင်းစသည်ဖြင့် အစုံအစုံ ဖြစ်မှု သဘောက လောကထဲမှာ ရှိနေတာပဲ မဟုတ်လား။ ဒီသဘောတွေကို သီရင် ဂီတအဖြစ် ဖွဲ့နိုင်သီနိုင်သလိုပဲ ဒီခံစား မှုကို အသံတွေနဲ့ ဖော်ကျူးတဲ့အခါ သိပ် ကို အထောက်အကူ ဖြစ်နိုင်တာပဲ ငါ့ မောင်ရဲ့။ သီချင်းမှာ အစ်မတို့က 'စာ' ကို အလေးထားတယ်ဆိုတာက အစ်မ တို့ မြန်မာစာပေမှာ အင်မတန် ကောင်း တဲ့ အဖွဲ့အနွဲ့တွေရှိတယ်။ ဂန္ထဝင်စာပေ မှာကော၊ မဟာဂီတမှာကော ကြည့် လေ။ ရာသီအဖွဲ့တွေ၊ ဆယ့်နှစ်လရာသီ ပွဲတော် အဖွဲ့တွေ၊ နန်းမူနန်းရာအဖွဲ့တွေ၊ သဘာဝပသာဒ တောတောင်ရေမြေ အဖွဲ့တွေ၊ မင်းခမ်းမင်းနား မင်းနေပြည် တော်နဲ့ဆိုင်တဲ့ အဖွဲ့အနွဲ့တွေ ရှိသလိုပဲ လူထုထဲကလာတဲ့ ကျေးလက်တေးသံ တွေ၊ ဖုံကြီးသံတေး၊ မောင်းထောင် တေး၊ ပေါင်းပေါက်တေး စသည်အား ဖြင့် လူထုတေးသံတွေ အများကြီးရှိ တယ်။ ရှိတာမှ ဝေဝေဆာဆာ ကြွယ် ကြွယ်ဝဝရှိတာပါ။ ဒါတွေကို လေ့လာ ဆည်းပူးကြတဲ့ ပညာရှင်တွေက စာ ကောင်းကိုကောက်ပြီး ဂီတတေးသီချင်း တွေ ဖွဲ့ခဲ့ကြတယ်။ မြန်မာစာပေထဲက မြန်မာ့လူ့အဖွဲ့အစည်းထဲက ကောင်းမေ့ ညွန့်မေ့ဆိုတဲ့ စာတွေကို ဂီတနဲ့ ဖက် လိုက်တော့ မြန်မာ့နှလုံးသား၊ မြန်မာ့ ရနံ့ပါတဲ့သီချင်း ဖြစ်ရတယ်။ ဒါကို ဆိုကြ၊ သီကြ၊ တီးကြ၊ ခတ်ကြပြီဆို တော့ ဘယ်သူတွေရဲ့ရင်ထဲရောက်သလဲ။ အစ်မတို့လူမျိုးရဲ့ ရင်ထဲရောက်ရတာပဲ။ ဒီအမွေကို နောက်လူငယ်တွေက ယူကြ ရမှာပေါ့။ ဒီတာဝန် ရှိပါတယ်။

အရေးကြီးတာ လေ့လာမှုအား များရင် ရင့်ကျက်လာတာနဲ့အမျှ ကောင်း လာမှာပါပဲ။ အစ်မတို့က ဆရာတွေဆီက သင်ယူခဲ့ရတယ်ဆိုတာလည်း တကယ် တော့ အဆိုပညာအနေနဲ့ မဟာဂီတ ကိုသာ ဆည်းပူးကြရတာလေ။ ကာလ ပေါ်ကျတော့ ကိုယ့်ရဲ့ပါရမီဓာတ်ခံ တီထွင်ဉာဏ်နဲ့ဆိုကြရတယ်။ သီချင်း ရေးဆရာထဲမှာလည်း သူရေးတဲ့သီချင်း ကို အဆိုဝင်၊ အတီးဝင် စည်းဝါးနရီက အစ သင်ကြားပြသပေးနိုင်သူရှိကြသလို ပဲ မပြတတ်ကြသူတွေလည်း ရှိတယ်။ ဒီလိုပုဂ္ဂိုလ်ကျတော့ စာသားတွေပဲ ရေး တာကိုး။ သံစဉ်မပါသေးဘူး။ ဒါကိုမှ ဂီတနားလည်သူက ဂီတအသံ ထည့်ပေး ရတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်အသံနဲ့ ကိုယ့်စာဖြစ်ဖို့ လူငယ်ဂီတသမားများ ဘက်ကလည်း ကြိုးစားရမယ်။ အခု အစ်မပြောခဲ့တာတွေကို ပြန်ချုပ်ရင် ကိုယ်လုပ်တဲ့အလုပ်မှာ စိတ်ပါဝင်စားရ မယ်။ အလုပ်ဖြစ်ရုံလုပ်ရင်တော့ ခပ် လွယ်လွယ် ပျောက်သွားလိမ့်မယ်။ အစ်မက မြန်မာသံကိုမြတ်နိုးတဲ့ သီချင်း ရေးသူ၊ သီဆိုသူ လူငယ်တွေကို ကိုယ် လုပ်ရမယ့်အလုပ်မှာ စာအလှ၊ အသံ အလှ ပါနိုင်သမျှပါအောင် အားထည့် စေချင်တယ်။

**တချို့သီချင်းတွေကို အစ်မ ပြန် မဆိုဖြစ်ဘူးလို့ ရှေ့ပိုင်းမှာ ပြောခဲ့တာ ရှိတယ်။ အဲဒါက ဘယ်လိုတန်ဖိုးထား မှု၊ ဘယ်လိုခံစားမှုနဲ့ မဆိုဖြစ်တာလဲဆို တာ ကျန်ရစ်ခဲ့တယ်နော် မမ။**

မှန်ပါတယ်။ မင်းပြောတဲ့ ခံစားမှုနဲ့ တန်ဖိုးထားမှုလို့ ပြောရင်လည်း ဖြစ်ပါ တယ်။ အစ်မပြောခဲ့တယ်။ မမရှင်(မေ ရှင်)ရဲ့ *ကျေးစေတမန်* ဘယ်တော့မှ မဆိုဘူး။ တင်တင်မူရဲ့ *ရွှေလည်တိုင်* ကို ဘယ်တော့မှ မဆိုဘူး။ မေလှမြိုင်ရဲ့ *နွေဦးတေးသံ* ကို ဘယ်တော့မှ မဆို ဘူး။ ကိုမြကြီးရဲ့ *မိုး၊* ပြည်လှဖေရဲ့ *နတ်ရှင်နောင်* သီချင်းတွေကိုလည်း အစ်မ ဘယ်တော့မှ မဆိုဘူးလို့ ပြောခဲ့ တယ် ထင်တယ်။ တကယ်ကတော့ အဲဒီသီချင်းနဲ့ သီဆိုသူအနုပညာရှင်တွေနဲ့ က လိုက်ဖက်လွန်းလို့ပါ။ အစ်မ မင်းကို အဲသလိုပြောခဲ့ပါတယ်။ အစ်မက

www.burmeseclassic.com

ဒီသီချင်းတွေကို ပိုပြီး ကောင်းအောင် ဆိုနိုင်သည်ဖြစ်စေ၊ မဆိုနိုင်သည် ဖြစ်စေ အစ်မ မဆိုခဲ့ဘူး။ သူတို့နဲ့ သူတို့ဆိုလိုက်တဲ့ သီချင်းက အင်မတန် ပြေပြစ်လိုက်လျောလွန်းလို့ အစ်မ စိတ်ထဲမှာ 'အု' (ဥ)ထားတဲ့ သီချင်းတွေ ဖြစ်နေလို့ပါ။ ဘယ်လိုလိုက်ရောညီထွေဖြစ်တာလဲလို့မေးရင် ကိုမြကြီးရဲ့ *မိုး* သီချင်းဆိုပါတော့။ ဒီသီချင်းကို ရေးသူ ပညာရှင်က ဆရာ ရွှေပြည်အေး။ ဒီသီချင်းမှာ ဘောလယ်အပိုဒ်ကလေး တစ်ပိုဒ်ပါတယ်။ *လိုက်တော်မူသင့်ပါရဲ့ . . . အခွင့်ကိုမျှော်* ဆိုတဲ့အပိုဒ်။ ဒီဘောလယ်အပိုဒ်ကို အားလုံးကြားဖူးကြတယ်။ ဆရာရွှေပြည်အေးက *မိုး* သီချင်းကိုဖွဲ့တော့ တစ်ပုဒ်လုံးရဲ့ စာသားတွေက တော်တော်ကောင်းတယ်။ ဆိုတဲ့ တေးသံရှင် ကိုမြကြီးကလည်း သူ့ဆိုပေါက်နဲ့သူ ကြို့ပြီးဆိုလိုက်၊ နောက်ချန်ဆိုလိုက်၊ လှည့်ပြီးဆိုလိုက်၊ ချပြီးဆိုလိုက်နဲ့ ကိုမြကြီးရဲ့ *မိုး* ရယ်လို့ ဖြစ်အောင် လှလှပပကြီး ဆိုပြသွားတယ်။ ကြားရသူတိုင်းက ကြိုက်ကြတယ်။ ဒီသီချင်းကို ကြိုက်ကြတာက မိုးဘွဲ့အလွမ်းလည်း ဖြစ်တယ်။ ဆရာ ရွှေပြည်အေးရဲ့စာသားတွေကလည်း မြန်မာဆန်တယ်။ *မိုးအေဝါ* သီချင်းတို့၊ *မိုး* သီချင်းတို့ကို မိုးရာသီမှာများ ကြားရရင် ဘယ်သူမဆို ပိုပြီးတော့တောင် ခံစားရသေးတယ်။ အစ်မလည်း ဒီသီချင်းတွေကို မိုးတစိမ့်စိမ့်ကြားမှာ ကြားရင် မနေနိုင်ဘူး။ *မိုး* သီချင်း ပေါ်လာတော့ အစ်မက ငယ်ပါသေးတယ်။ ကိုမြကြီးရဲ့ ဆိုပေါက်ဆိုဟန်ကို ကြိုက်လို့ လိုက်ညည်းတယ်။ ဒါပေမဲ့ သေမလောက်ကြိုက်၊ သေမလောက် ဆိုချင် အစ်မ မဆိုခဲ့ပါဘူး။

*မိုး* သီချင်းကို ဆရာ ရွှေပြည်အေး ရေးပေမဲ့ အတီးကျတော့ ဆရာက ကိုယ်တိုင် မတီးဘူး။ ကိုချစ်ဆွေကို တီးခိုင်းတယ်။ *မိုး* သီချင်းရဲ့ ပင်ရင်းလက်သံရှင်သည် စန္ဒရား ချစ်ဆွေပဲ။ ဆရာလည်း တီးနိုင်တာပဲ၊ ဘာဖြစ်လို့ မတီးသလဲ။ အနုပညာရှင်တွေဟာ လူမှန်၊ နေရာမှန်နေတယ်ဆိုတာ ဒါကို ပြောတာပါ။ ကိုချစ်ဆွေရဲ့ လက်သံနဲ့ ပိုသင့်မြတ်တယ်ထင်လို့ တီးခိုင်းတာပဲ။ ဆရာရွှေပြည်အေး လက်သံနဲ့ *ပန်းမြိုင်လယ်* ယိုးဒယားတီးခဲ့တုန်းက ပြောင်းဆန်အောင် တီးပြသွားတာ ငါ့မောင် ကြားဖူးလိမ့်မယ်။ ဒေါ်အေးမိ(မအေးမိ)အဆိုနဲ့ တီးသွားတာများ ပန်းတွေ ဆုပ်ဆုပ်ကြဲသလိုပဲ။ သိပ်လှတာကိုး။ မဟာဂီတကို ဂန္တဝင်အသံနဲ့ ခေတ်သစ်အသံတွေ လိုက်ဖက်စွာနဲ့ နှိုက်နှိုက်ထွင်းထွင်း ဝင်ပြီး တီးသွားတာ အံ့မခန်းပါပဲ။

မမတင်(တင်တင်မူ)ရဲ့ *ရွှေလည်တိုင်*ကလည်း ဆရာ ရွှေပြည်အေးရဲ့ လက်ရာပဲ။ မမတင်က အသံ မကောင်းလှပါဘူး။ ဒါက အားလုံးသိပါတယ်။ ဒါပေမဲ့ *ရွှေလည်တိုင်* ကို ဆိုတဲ့အခါကျတော့ မမရှင်(မေရှင်)လိုပဲ၊ အသံကို ခိုးပြီး ဆိုရတာမျိုး။ အဝင်အထွက်ကလေးနဲ့ မမီမကမ်း ရှိတာကိုက တင်တင်မူရဲ့ဟန် ဖြစ်ရတယ်။ အဲဒါကို အစ်မက အသံပြည့်နဲ့ လိုက်မဆိုချင်ဘူး။ မမတင် ကောင်းလွန်းလှလို့လားဆိုတော့ အသံအားဖြင့်၊ ဟန်အားဖြင့် မမတင်ခမျာ မပြည့်စုံရှာပါဘူး။ ဒါပေမဲ့ *ရွှေလည်တိုင်*ကို လေးစားလောက် အောင် ဆိုသွားတယ်။ ချစ်စရာကောင်းအောင် ဆိုသွားတယ်။ ပရိသတ်ကလည်း ဒီဝင်ခလုတ်၊ ထွက်ခလုတ်ကလေးကို နားစွဲကျန်ရစ်ခဲ့ကြတယ်။ မမရှင်(မေရှင်)ရဲ့ *ကျေးစေတမန်* ဆိုရင် အစ်မ ကျက်တောင် ကျက်မထားဘူး။ ဆိုမိမှာ စိုးလို့။ အဲသလိုပဲ။ မမ တင်တင်မြဆိုခဲ့တဲ့ *ပေဖူးလွှာ* သီချင်းကို အစ်မ ဘယ်တော့မှ မဆိုဘူး။ မမ တင်တင်မြနဲ့ *ပေဖူးလွှာ* နဲ့က အလိုက်ဖက်ဆုံးပဲ။ *ပေဖူးလွှာ* က တင်တင်မြရဲ့ Hit Song ။

အမျိုးသား အဆိုရှင်တွေထဲမှာတော့ ကိုမြကြီးက အစ်မတို့ ခေတ်မှာ လျှမ်းလျှမ်းတောက်ပဲ။ ကိုမောင်မောင်ကြီးကလည်း ကောင်းတယ်။ ကိုမောင်မောင်ကြီးအသံက ကရုဏာသံပါတယ်။

အသံချလိုက်တဲ့ အဖျားကလေးတွေ...
သူ့ရဲ့အသံ Vibration ကလေးတွေ...
ထပြီး ကျန်ရစ်အောင်ဆိုနိုင်တယ်။...
တယ် ခေါ်တာပေါ့ကွယ်။ အထူး...
ကိုမောင်မောင်ကြီးရဲ့ ပါရမီ ခေါ်မှာ...
အော်လိုက်ရမယ့် အသံမျိုးတွေမှာ...
မသွားဘူး။ ချိုပြီးလွင်နေတာမျိုး။...
အင်မတန် သဘောကျတယ်။ သီချ...
ကို ထူးထူးခြားခြားဖြစ်အောင် ဆို...
တာမျိုးတော့ မရှိဘူး ပြောရမှာ...
ကိုမောင်မောင်ကြီးက ကြိုးစားတ...
ဆရာကြီး ဦးအလီဆီမှာ ပညာယူ...
တဲ့ ပညာရှင်တစ်ယောက်ဆိုတော့ အ...
အတတ်ပညာ ကုံလုံကြွယ်ဝတ...
တစ်ခါတလေ ခေတ်ဟောင်းအဆို...
ခင်မောင်ရင်ရဲ့ဟန်ဘက် ရောက်ရော...
သွားလို့ ပြောပြောနေရတယ်။ အဲသ...
ပြောရင် အစ်ကိုက ရယ်တာပဲ။ ခ...
မောင်ရင်နဲ့ အသံလုံးချင်း တူတာလည်း...
ပါမှာပေါ့။ အမြဲတမ်းတော့ မဟုတ်...
ဘူး။ မောင်မောင်ကြီး Style ကိုတော့...
ထိန်းထားနိုင်သူပါ။ အစ်မတို့က ပြော...
ရင် လက်ခံပါတယ်။ အစ်ကိုလို ဖြ...
နေတာကိုး။

ပြောသာပြောရတာပါ ငါ့မောင်...
ရယ်။ အစ်မတို့ရှေ့က ဂီတပါရမီရှင်...
တွေ သိပ်များများ မရှိတော့ပါဘူး...
နောက်တက်လာတဲ့ အစ်မတို့ Genera-
tion တောင် အရွယ်တွေရကြပါပြီ...
အတီးပညာရှင်၊ တေးရေးပညာရှင်...
အဆိုပညာရှင်တွေ နည်းကုန်ပြီ။ ဒီခေတ်...
မှာ ပရိသတ် နားစွဲပြီးသား သီချင်းတွေ...
ပြန်ဆိုနေကြတယ်လို့ပြောရင် ရှေး...
ရေးခဲ့၊ ဆိုခဲ့၊ တီးခဲ့၊ မှုတ်ခဲ့ကြတဲ့ သီချင်း...
တွေက ကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ်...
မဟုတ်ဘူးလား။ အစ်မတို့နောက်...
ကပ်လျက်ပါလာတဲ့ Generation ...
လည်း ကောင်းကြပါတယ်။ မြန်မာ...
ပရိသတ်ကြိုက်အောင် သူတို့ တစ်ခေတ်...
ရေးနိုင်၊ ဆိုနိုင်ကြပါတယ်။ သို့သော်...
Generation by Generation ပိုကောင်း...
မယ်။ ပိုရင့်သန်ရမယ် မဟုတ်လား...

**ကေသီပန်ဝိုင်းကလည်း ...**



www.burmeseclassic.com

www.burmeseclassic.com

ယ်မှာ အထင်ကရ ရှိခဲ့တာဆိုတော့ အစ်မတို့ ထူထောင်ဖြစ်ကြပုံ ပြောပြပါဦး။

ကေသီပန်က အစ်မ အိမ်ထောင်ကျပြီးတဲ့နောက်ပိုင်း စစ်ရဲတီးဝိုင်းက ထွက်လိုက်တယ်။ ထွက်လိုက်တဲ့အခါကျတော့ ကိုချစ်ဆွေတို့၊ ကိုမောင်မောင်ကြီးတို့က အစ်မကို မေးတယ်။ တို့တီးဝိုင်းတစ်ဝိုင်း ထောင်ဖို့ရှိတယ်။ မအေးသဘောထား အစ်ကိုတို့သိချင်တယ်လို့ ပြောလာကြတယ်။ ဟိုတုန်းက မြန်မာ့အသံမှာ စည်းကမ်းတစ်ခုရှိတယ်။ တီးဝိုင်းသစ်ဖွဲ့စည်းခွင့် ထပ်မပေးတော့ဘဲ ရှိပြီးသား ဝိုင်းတစ်ဝိုင်းဝိုင်းကိုပဲ ခွင့်ပြုတာမျိုးပေါ့။ အဲတော့ အစ်မတို့က ဝိုင်းသစ်ထူထောင်လို့မရရင် ကိုမြကြီးရဲ့ဝိုင်းဟောင်းကိုယူဖို့ စဉ်းစားကြတယ်။ ကိုမြကြီးရဲ့ဝိုင်းက 'ဂီတဗိမာန်' အဖွဲ့။ ဒါကိုတောင်းကြတာ။ တောင်းကြတော့ ကိုမြကြီးကလည်း ခွင့်ပြုတယ်။ ဒါနဲ့ပဲ ဂီတဗိမာန်အဖွဲ့ကို နာမည်ပြောင်းပြီး ကေသီပန်အဖွဲ့ဖြစ်ရတာပါ။ အဓိက ပြောရရင်တော့ ကေသီပန်က ကိုမြကြီးဝိုင်းအပိုင်လို့တောင် ပြောလို့ရပါတယ်။ ဂီတဗိမာန်က ကေသီပန်ဖြစ်လာတော့ အမျိုးသားတေးသံရှင်အနေနဲ့ ကိုမောင်မောင်ကြီး၊ ကိုမြကြီး၊ စန္ဒရားချစ်ဆွေ၊ ကိုခင်မောင်လွင်တို့ပါတယ်။ ကိုခင်မောင်လွင်က *နှင်းကဖြင့်မှုန်* တို့ဘာတို့ဆိုခဲ့တာလေ။ နာမည်ကြီး တေးသံရှင်ပါ။ အမျိုးသမီးတွေကတော့ မာမာအေးနဲ့ မမထား(ထား) နှစ်ယောက်။ အားလုံး ခြောက်ယောက်ဝိုင်း။ သီချင်းရေးဖို့ကျတော့ ကိုချစ်ဆွေ၊ ကိုမြတ်လေး၊ ကိုလေးညွှန့်တို့ သုံးဦးက ရေးကြမယ်။ နေရာက ဝတ်ကျောင်းလမ်းက ကိုချစ်ဆွေတို့ ငှားနေတဲ့အိမ်မှာ စဖွင့်ကြတာပေါ့။ ပထမဆုံး အသံလွှင့်တော့…။ ပြီး၊ ဒီနေရာမှာ ပထမဆုံး အသံလွှင့်တော့လို့ မပြောရတော့ဘူး။ အသံသွင်းတော့ ဖြစ်သွားပြီ။ အဲဒီအချိန်မှာ မြန်မာ့အသံက တိပ်ခွေကြီးတွေနဲ့ ကြိုတင်အသံသွင်းယူပြီး ပြန်လွှင့်တာမျိုးတွေ ရှိလာပြီ။ ၁၉၆၀ ခုနှစ်လောက်မှာပေါ့။ ဒါကြောင့်လည်း ကေသီပန်ဝိုင်းကို ထောင်ဖြစ်တာလည်း ပါပါတယ်။

အသံသွင်းတာက အသံလွှင့်ရုံသစ်ကြီးမှာ မသွင်းကြသေးဘူး။ ၂၁ ဝင်ဒါမီယာ ခရက်ဆင့်မှာ သွင်းကြတာပါ။ အသံလွှင့်ရုံဟောင်းပေါ့။ အသံသွင်းပြီးလို့ လွှင့်တော့မယ်ဆိုတော့ ပြည်လမ်း အသံလွှင့်ရုံသစ်ကြီးကနေ လွှင့်ပြီ။ စက်မှုပိုင်းက အပြောင်းအလဲဖြစ်သွားတာပေါ့လေ။ နဂိုကတော့ Live လွှင့်ကြတာပါ။ အဲဒီ Live လွှင့်တာတွေထဲက ကောင်းတဲ့ သီချင်းတွေကို ထပ်ကာထပ်ကာ အလျဉ်းသင့်သလို လွှင့်နိုင်အောင် ဓာတ်ပြားခုတ်ရတယ်ဆိုတာရှိတယ်။ ဓာတ်ပြားရ သီချင်းလို့ ပြောလေ့ရှိကြတယ်။ သဘောက သောတရှင်တွေကို ပြန်လွှင့်ပြီး နားထောင်နိုင်အောင် တိုက်ရိုက်လွှင့်စဉ်မှာ ဓာတ်ပြားကူးယူထားတဲ့သဘောပဲ။ တစ်ခါလွှင့်ခွင့်ရတာတွေလည်းရှိတယ်။ Live ဆိုရတုန်းကများ တေးသံရှင်ကဆိုလို့ ဓာတ်ပြားခုတ်မထားမိရင် လေထဲမှာတင် ပျောက်သွားရတာလေ။ အသံကို ကြိုဖမ်းယူတဲ့စနစ်ရှိလာတော့မှ မှတ်တမ်း ကျန်တယ်။ တစ်မျိုးကောင်းလာတယ် ပြောရမှာပဲ။ ဓာတ်ပြားခုတ်တယ်ဆိုတာက အဆိုတော်အပေါ်မှာ မူတည်တယ်။ ဆိုပါတော့ တီးဝိုင်းတစ်ဝိုင်းကလာပြီး အဆိုတော်ငါးယောက် အသံသွင်းမယ်။ ဒီငါးယောက်ထဲမှာ ဘယ်သူကတော့ Talent ရှိတယ်ဆိုတာ အမြဲထိတွေ့နေတဲ့ လူကြီးတွေက သိတယ်။

အဲဒီ အဆိုတော်ရဲ့သီချင်းကို ဓာတ်ပြားခုတ်ယူထားလိုက်တယ်။ အပြင်မှာလည်း တိုက်ရိုက်လွှင့်နေတယ်။ အတွင်းမှာလည်း ဓာတ်ပြားထဲအသံ ကူးယူထားလိုက်တယ်။ နောက်မှ ကြိုတင်အသံသွင်းယူထားတဲ့စနစ် ပေါ်လာတာပါ။ ဒီစနစ်ရှိလာတော့ ဘယ်သီချင်း၊ ဘယ်အဆိုတော်ကို ဓာတ်ပြား ယူထားရမယ်ဆိုတာကို ပြန်ဖွင့်နားထောင်ပြီး ဓာတ်ပြားယူမယ်၊ မယူဘူးဆိုတာ ဆုံးဖြတ်နိုင်သွားတယ်။ ဒါကြောင့် သီချင်းစိစစ်ရေးပေါ်လာရတယ်။ ဟိုတုန်းက Talent ရှိသူကိုပဲ တစ်ဦးတစ်ယောက်က သူ့သဘောတစ်ခုတည်းနဲ့ရွေးချယ်ပြီး ဓာတ်ပြားခုတ်တဲ့စနစ်ကနေ ကြိုတင်အသံသွင်းယူတဲ့စနစ်ကြောင့် အများနဲ့ ညှိနှိုင်းရွေးချယ်တဲ့စနစ် ရှိလာတယ်။ ဒီတော့ ပယောဂတွေအထိုက်အလျောက် ကင်းသွားတယ်။ တစ်ဦးတစ်ယောက်တည်းက ရွေးချယ်တဲ့အခါအများအယွင်း ရှိနိုင်တယ်။ မကောင်းတာကို ရွေးမိသွားနိုင်တယ်။ ချစ်လို့၊ မုန်းလို့ဆိုတဲ့ ပြဿနာတွေရှိနိုင်တယ်။ Board နဲ့ ဆိုတော့ အထပ်ထပ်နားထောင်ပြီး အများသဘော တူညီချက်နဲ့ ရွေးနိုင်တော့ ပိုအဆင်ပြေသွားတယ်။ ဓာတ်ပြားတစ်ပြားအတွက် အနုပညာကြေး ငါးဆယ်ပဲရတယ်ဆိုဦးတော့ တိုင်းပြည်ပိုက်ဆံနဲ့ ကျခံရတဲ့အတွက် အရည်အသွေးအရ ဆုံးဖြတ်ချက်မှန်ရင် အကောင်းဆုံးပေါ့။

**မမတို့ခေတ်က ဒီလို ဂီတဝိုင်းတွေ အသံလွှင့်ကြတယ်ဆိုတာ Professional လား၊ ဝါသနာအရ လုပ်ခဲ့ကြတာလား။ ဒီ့အတွက် အကုန်အကျတွေ ရှိနိုင်တော့ လုပ်ရကိုင်ရတဲ့အခါ ငွေရေးကြေးရေးမှာ အဆင်ပြေကြရဲ့လား။**

ဝါသနာနဲ့လုပ်ရတာ ငါ့မောင်ရဲ့။ မြန်မာ့အသံမှာ အစ်မတို့ စလုပ်တုန်းက အပျော်တမ်းဝိုင်းကလေးပါ။ ဝိုင်းကလေးဆိုတာက အသံလွှင့်ချိန် ၁၅ မိနစ်စာပဲရတယ်။ မနက် ၇ နာရီမှာ အသံလွှင့်ရတယ်။ ၇ နာရီက ၇နာရီ ၁၅မိနစ်အထိ။ စလွှင့်လွှင့်ချင်း ရေကင်းတီးလုံးဖွင့်ပြပြီးတာနဲ့ ဒီကနေ့ အလှည့်ကျတဲ့အဖွဲ့ကတော့ ဘယ်အဖွဲ့ဖြစ်ပါတယ်။ အခုပထမဆုံး တေးသံရှင် ဘယ်သူရဲ့ ဘယ်သီချင်းကို နားသောတ ဆင်နိုင်ပါတယ် ရှင်ဆိုပြီး စတာပဲ။ နံနက်ချိန်ခါ တေးသံသာအချိန်ပါပဲ။ တီးဝိုင်းနဲ့ အဆိုတော်တွေက ရက်ချိန်းအတိုင်း အသံလွှင့်ရုံကို မနက် ၇ နာရီ အရောက် မီအောင်သွားကြရတယ်။ အသံလွှင့်ရုံ



www.burmeseclassic.com

www.burmeseclassic.com

က ရုံဖန်ရုံခါ ကားပို့တာကြုံတာရှိပေမဲ့ ကားကပျက်နေတာတွေ ဘာတွေရှိတတ်တာဆိုတော့ သေချာအောင် ကိုယ့်ဟာကိုယ်ပြေးကြတာပဲ။ အဲဒီတုန်းက မြင်းလှည်းနဲ့သွားကြရတာလေ။ မြင်းလှည်းက ခွပ် ခွပ် ခွပ် ခွပ်နဲ့ ပြေးနေတာ ဆိုတော့ နောက်ကျချေရဲ့ဆိုပြီး မောနေရတာ ငါ့မောင်ရေ။ တစ်ခါတလေ အချိန်နည်းတော့ အမောဖြေချိန်တောင် မရှိဘူး။ ဟောဟဲလိုက်ရင်း ဆိုကြရတာပဲ။ ရယ်စရာလည်းကောင်း၊ မောစရာလည်းကောင်းပေါ့လေ။ အဲဒါတွေတော့ မပြောတော့ပါဘူး။ အသံလွှင့်ရုံမှ ရင်ခုန်စရာများပေါ့။ အစ်မကိုယ်တိုင် ရေးချင်သေးတယ်။ ထားတော့။ ပြောခဲ့သလိုပဲ မနက် ၇ နာရီက နေ ၇ နာရီ ၁၅ အထိ လွှင့်တယ်။ စနေလိုနေ့မျိုးကျတော့ အပျော်တမ်း ညွန့်ပေါင်းအစီအစဉ်ဆိုပြီး တစ်ဖွဲ့စီကတစ်ယောက်စီရွေးပြီး ဆိုတာ၊ လွှင့်တာလည်း ရှိတယ်။ ဒီအပတ်ဆိုရင် ဆိုပါတော့ ပွင့်ဦးတေးသံက တစ်ပုဒ်၊ မြင့်သီရိကတစ်ပုဒ် စသည်ဖြင့်ပေါ့။ ဝိုင်းတွေအများကြီး ရှိပါတယ်။

အပျော်တမ်းဝိုင်းတွေကနေ အဆိုတော်တွေ ခိုင်ခိုင်မာမာရှိကြပြီဆိုတော့မှ ကြေးစားဝိုင်းလို့ ခေါ်ကြတဲ့ Professional ဝိုင်းကို ကူးကြရတယ်။ ဝိုင်းကြီး ခေါ်တာပေါ့။ ဝိုင်းကြီးလွှင့်ချင်ပါတယ်လို့သက်ဆိုင်ရာကိုလျှောက်ယူရတာနော်။ လျှောက်တော့မှ ဓာတ်ပြားရအောင်ဆိုနိုင်တဲ့ တေးသံရှင်တော်တော် များများရှိတယ်ဆိုတဲ့အချက်နဲ့ ဝိုင်းကြီးအဖြစ် လွှင့်ခွင့်ပြုတယ်။ ဟိုတုန်းက ဘယ်လောက်ပဲကောင်းတဲ့ အဆိုတော်တွေနဲ့ ဖွဲ့ထားထား၊ အပျော်တမ်းဝိုင်းက စကြရတယ်။ အပျော်တမ်းတူရိယာအဖွဲ့ ခေါ်ကြတာပေါ့။ အပျော်တမ်းတူရိယာအဖွဲ့တွေက တစ်ဖွဲ့လုံးမှ ခရီးစရိတ်အတွက် ၁၅ ကျပ်ရတယ်။ ဝိုင်းကြီးတော့ ဘယ်လောက်ရခဲ့သလဲ မမှတ်မိတော့ဘူး။ တစ်ဝိုင်းမှ ၁၅ ကျပ်ရတာကို ခေါင်းထဲ မရှိကြပါဘူး။ လွှင့်ခွင့်ရဖို့၊ ဆိုခွင့်ရဖို့ပဲ စိတ်ရှိကြတယ်။ ဝါသနာနဲ့ လုပ်ကြကိုင်ကြရင်း နာမည်တစ်လုံး လူထဲကျရတာ ငါ့မောင်ရဲ့။ ဘာပဲဖြစ်ဖြစ် တစ်တိုင်းပြည်လုံးက ရေဒီယိုပဲ နားထောင်ရတဲ့ခေတ်ဆိုတော့ တိုက်ရိုက်လွှင့်လို့ မှားပဲဆိုဆို၊ စည်းကျိုးဝါးကျိုးပဲဖြစ်ဖြစ် ရေဒီယိုပရိသတ်များက ကျေနပ်ကြပါတယ်။

**ကေသီပန်ဝိုင်း စစချင်း ဓာတ်ပြားတွေ အများကြီးရခဲ့တယ်လို့ ကြားဖူးတယ်။ အဲဒီခေတ်က ဓာတ်ပြားရခဲ့တဲ့ သီချင်းတွေက ဒီကနေ့အထိ မရိုးနိုင်သေးတာလည်းတွေ့ရတယ်။ တော်တော် ထူးခြားတဲ့အောင်မြင်မှုပဲနော် မမ။**

ထူးခြားပါတယ်။ ကေသီပန်ဆိုတဲ့ နာမည်က ဆရာကြီး ဦးအေးမောင် (တက္ကသိုလ် မောင်သန့်စင်)ရဲ့စာက ယူကြတာပါ။ အဲဒီခေတ် ကောလိပ်မှာ ပြဌာန်းတဲ့ အနုစာပေကောက်နုတ်ချက်ဆိုတဲ့စာအုပ်က 'ကေသီပန်' ဆိုတဲ့ ကဗျာခေါင်းစဉ်ကို မြတ်နိုးလွန်းလို့ ယူလိုက်ကြတာပါ။ ကေသီမှာ ပန်တယ်ဆိုတာကို နားမှာပန်ဆင်တဲ့ သီချင်းတွေရယ်လို့ ယူလိုက်တာပဲ။ ကေသီပန်မှာ ဆိုကြတဲ့ တေးသံရှင်တွေက နာမည်ကြီးပြီးသား တေးသံရှင်တွေပါ။ ပထမဆုံးအပတ်မှာ အစ်မက *မေ့ကွက်ကိုရှာ* ဆိုတယ်။ အစ်မက သမီး မီးဖွားပြီးစဆိုတော့ မဆိုချင်သေးဘူး။ အစ်ကိုတွေက 'ပထမဆုံး အပတ်မှာ လူစုံပါချင်လို့ပါ၊ မအေး ဆိုလို့ရပါတယ် ဆိုပါ' ဆိုလို့ ဆိုရတာလေ။ ကိုချစ်ဆွေနဲ့ ကိုမောင်မောင်ကြီး တိုက်တွန်းတာနဲ့ *မေ့ကွက်ကိုရှာ* သီချင်းကို ဆိုဖြစ်တယ်။ *တစ်နေ့တော့ မောင်ပြန်လာမည်* သီချင်းနဲ့ဆိုတော့ နှစ်ပုဒ် တစ်ချိန်တည်းလွှင့်တယ်။ မမထားက ဝိုင်းမှာ ပထမဆုံးဆိုတာ *မေတ္တာနုနု စေလိုသူရှင့်*၊ ကိုမောင်မောင်ကြီးက *မေတ္တာနုနု စေလာရင်ကွယ်*၊ ကိုခင်မောင်လွင်က *နှင်းကဖြင့်မှုန်*၊ ကိုချစ်ဆွေက *ခက်ခက်ကိုမှ လိုချင်တယ်* လို့ ထင်တယ်။ အဲဒီအပတ်က ဆိုခဲ့တဲ့ ခြောက်ယောက်စလုံး ဓာတ်ပြားရကြတယ်။ အစ်မက နှစ်ပုဒ်။ အားလုံး ခုနစ်ပုဒ် ဓာတ်ပြားရတယ်။

အစ်မ မြန်မာ့အသံရောက်တော့ လည်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတ ဝိုင်းနဲ့ သီချင်းတွေလွှင့်ဖြစ်ပါတယ်။ သီချင်းရေးဆရာတွေ သီချင်းတွေ ပြီးကြလို့ မြန်မာ့အသံ တေးသံရှင်တွေ ကရွေးကောက်ယူသွားကြပြီဆိုမှ ကျ တဲ့သီချင်းကို အစ်မ ယူတယ်။ မော *မောင် သတ္တိမရှိဘူး*၊ *မောင်မောင် မုန်း ကြီးစားပါလား*၊ *တူနှစ်ကိုယ်*၊ *စဉ်း ကာ နေရဦးမယ်* စတဲ့သီချင်း တွေပေ တူနှစ်ကိုယ်က ဂစ်တာကို တင်အုန်း တာ။ ကျန်တဲ့သီချင်းတွေက ကိုမြ လင်း ရေးတာများတယ်။ မာမာအေး သီချင်းကောင်းကို ဦးဦးဖျားဖျား ရွေး သွားတယ်မဖြစ်ချင်လို့ အစ်မက တကာရွေးပြီးမှ ကျန်တဲ့သီချင်းကို ယူ တာပါ။ သီချင်းတွေက အကောင်းတွေ ချည်းပဲဆိုတော့ ကျန်ကောင်းကျန်ရ ပေမဲ့ အစ်မအတွက် အပန်းမကြီးလှဘူး ဆိုသမျှလည်း Hit ဖြစ်ခဲ့တယ်။

အစ်မက ကြိုက်လို့ ပြန်ဆို သီချင်းတွေလည်း ရှိခဲ့တယ်။ ဥပမာ ရုပ်ရှင်ထဲမှာ မြင့်မြင့်စိန်ဆိုခဲ့တဲ့ *အဓိဌာယ်* သီချင်းဆိုပါတော့။ အစ်မ ဒုတိယပြန်ဆိုတာလေ။ ကိုလှထွတ် ကတောင်းပြီး ပြန်ဆိုဖြစ်တယ်။ အဲသ ပဲ။ *ချစ်သူ့နယ်မြေ*သီချင်းက မူရင်း သူက မြင့်မြင့်ခင်။ **ဆင်းရဲချမ်းသာ** ရုပ်ရှင်မှာထင်တယ်။ မြင့်မြင့်ခင်ဆို ကို သီချင်းကြိုက်တာနဲ့ အစ်မပြန် တယ်။ အစ်မဆိုဖို့ ကိုလှထွတ် သီး ရေးပေးတာက *ချစ်ပါရဲ့လား မေး ချင်*။ အသံလွှင့်ရုံမှာလုပ်တုန်းက ပေးတဲ့သီချင်း။ ကိုလှထွတ်က စန္ဒ ဆရာဆိုတော့ သူ့သီချင်းတွေက အသံ ချိုကလေးတွေများတယ်။ ပြီးတော့ သမားဆိုတော့ သူရေးတဲ့သီချင်းစာသ တွေကလည်း အင်မတန်ကောင်းတယ် ဆိုပေါက်၊ ဆိုခွင်ကောင်းပေးနိုင်တဲ့ တေးရေးဂီတပညာရှင် တစ်ယောက်

*(ဆက်လက်ဖော်ပြပါမည်)*

**နေလင်းမြ**




www.burmeseclassic.com

www.burmeseclassic.com


အုပ် ၁၀၀ ပြည့် အမှတ်တရ

# လင်းလွန်းခင်စိတ်ကြိုက်

## ခေတ်အလိုက် ဆောင်းပါးများ




ဆရာလှကွန့်၊ လူထုဦးလှ၊ ဦးဖိုးကျား၊
သခင်ချစ်မောင်(မြန်အောင်)၊ ငွေမြိုင် ... အစရှိသူတို့၏
အမျိုးသားရေးကဏ္ဍ...
ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)၊ မောင်နေဝင်း၊
နောင်ကျော် ... အစရှိသူတို့၏ တော်လှန်ရေးကဏ္ဍ...
သခင်ကိုယ်တော်မှိုင်း၊ ဦးနု၊ မောင်ဗဈေ၊
ကိုသန်း(ကြည့်မြင်တိုင်) ... အစရှိသူတို့၏
လွတ်လပ်ရေးကဏ္ဍ...
နတ်မျူး၊ လေးကိုတင်၊ ဇော်သက်ထွေး ... အစရှိသူတို့၏
ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးကဏ္ဍ...
တိုးတက်ရေးအုန်းမြင့်၊ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၊
မောင်ဝံသ ... အစရှိသူတို့၏
ကျောင်းသားနှင့် နိုင်ငံရေးကဏ္ဍ...
သခင်သန်းထွန်း၊ မန်းဝင်းမောင် ... အစရှိသူတို့၏
သမိုင်းထဲက ပုဂ္ဂိုလ်ရေးကဏ္ဍ...
လူထုစိန်ဝင်း၊ ဇော်ဇော်အောင်၊ ကျော်စောမင်း၊
ဒေါက်တာ တင်အောင် ... အစရှိသူတို့၏
တိုင်းရေးပြည်ရေးကဏ္ဍ...
တိုက်စိုး၊ မောင်ဝဏ္ဏ၊ ဗိုလ်ကလေး တင့်အောင်၊
မြသန်းတင့် ... အစရှိသူတို့၏ ဂီတအနုပညာကဏ္ဍ...
မောင်စူးစမ်း၊ ဦးဘုန်း(ဓာတု) မန္တလေး ... အစရှိသူတို့၏
ဒဿနအတွေးကဏ္ဍ...
စသည့် ကဏ္ဍအသီးသီးအလိုက် အကြောင်းအရာများ
ပါဝင်ပါသည်။

တန်ဖိုး – ၈၀၀၀ ကျပ်


**ထွက်ပြီ**

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း –၀၁– ၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉– ၄၂၁၇ ၁၉ ၇၁၂


www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရွက်ပုန်းသီး သူရဲကောင်းများက သူတို့၏တောက်ပမှုကို
လင်းလက်ဖြစ်ဖို့ ရှက်ရွံ့ခဲ့ ၊ သေဆုံးသည့်အခါ
မှတ်တိုင်ကမ္ပည်းအကြီးကြီး စိုက်ခဲ့ဖို့အတွက်
တရားသောနည်းနှင့်ဖြစ်စေ၊ မတရားသော နည်းနှင့်ဖြစ်စေ
မသေခင်မှာ အလုအယက် မြေနေရာဦးနေသူတချို့၏
သွေးစွန်းတိုက်ပွဲများက စိတ်မသက်သာစရာကောင်းအောင်ပင်
လူ့သမိုင်းကို ညစ်ထေးအောင် လုပ်နေခဲ့ ရှိပါသေးသည်




၂၀၁၄ နိုဝင်ဘာ ရွှေအမြုတေ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မည်ထင်ပါသည်။ သေခြင်းတရားသည် ကျွန်မနှင့် စိမ်းစိမ်းကွာကွာ ရှိလွန်းခဲ့ပါသည်။

မသေသော အိမ်ရယ်လို့ မရှိသည်မို့ ကျွန်မရစ်တန်းနှစ်မှာ ကျွန်မတို့ မိသားစုထဲသို့ သေခြင်းသည် ခပ်ပြင်းပြင်း ခြေသံဖြင့်ပင် ရဲရဲတင်းတင်းဝင်ရောက်လာခဲ့သည်။ သို့သော် ရောဂါကျွမ်းနေပြီဖြစ်သော၊ သေမည်ဟုလည်း မျှော်လင့်ပြီးသားဖြစ်နေသော အဘိုး၏ အသုဘပေမို့ ကျွန်မတို့ သိပ်ဝမ်းမနည်းခဲ့ကြပါ။ အဘိုးသေလျှင် မြေးပျော်ဆိုသည့် စကားအတိုင်း အဘိုးအသုဘမှာ ဝမ်းကွဲမောင်နှမများ စုံစုံလင်လင်နှင့် တွေ့ကြရ၊ ဆုံကြရသည်မို့ ကျွန်မတို့ မြေးတစ်သိုက် အလွန်ပျော်ခဲ့ကြပါသည်။ ဘယ်တော့မှ မတွေ့ရတော့ဘဲ ခွဲခွာကြရတော့မည်ဆိုသော သေခြင်း၏အနက်အဓိပ္ပာယ်ကို ရေးရေးမျှပင် မတွေးထင်တတ်သေးသည့်အလား သေခြင်းသည် ကျွန်မကို နာကျင်အောင် မနှိပ်စက်နိုင်ခဲ့ပေ။

သေခြင်းတရားအကြောင်းကို ကျွန်မ စတင်တွေးတတ်လာသော အချိန်ကတော့ ကျွန်မအမေ ဆုံးသောအချိန်ဖြစ်ပါသည်။ ထိုတစ်ကြိမ်တွင်တော့ သေခြင်းသည် အစိုးအငွေ့များ သဖွယ် ကိုယ်ယောင်ဖျောက်ကာ မေမေ့အသက်ကို ရုတ်တရက်ခိုးယူသွားခဲ့သည်။ ကွေးသောလက် မဆန့်ခင်နှင့် ဆန့်သောလက်မကွေးခင်ဆိုသော တရားဓမ္မစကားကို ကြားဖူးထားသော်လည်း ကိုယ်တွေ့မကြုံဖူးသေးသည်မို့ ရုတ်တရက်ရောက်လာသောသေခြင်းတရားကို အံ့သြတကြီးဖြင့်ပင် ငေးကြည့်ရင်း ကျွန်မကြောက်ရွံ့တုန်လှုပ်ခဲ့ရသည်။ ကျွန်မအနားမှာ ရှိနေသော၊ ကျွန်မချစ်သောသူများအား ရုတ်တရက် ဆွဲယူခေါ်ငင်နိုင်စွမ်းရှိသော သူ့အစွမ်းကို နာကျင်စွာဖြင့်ပင် ကျွန်မ သိနားလည်ခဲ့ရသည်။ အချိန်မရွေးပေါ်လာနိုင်သော သူ့ကို လန့်ထိတ်ရင်းဖြင့်ပင် ကျွန်မ သူ့ကို စိတ်ဝင်စားခဲ့ပါသည်။

တစ်ခါတစ်ရံ ရဲရဲဝံ့ဝံ့ စိန်ခေါ်

လူ့ဘဝမှာ
ရိုးစင်းစွာ
ဖြောင့်မတ်စွာဖြင့်
နေထိုင်
သွားချင်ကြသော
လူတချို့ကတော့
အလက်ဇန္ဒားပုတ်၏
ကဗျာထဲကလိုပင်
သူတို့
လုပ်ခဲ့ဖူးသော
တည်ဆောက်ခဲ့ဖူးသော
အရာများစွာကို
လူတို့
သိဖို့အတွက်
နာမည်ကျော်ကြားဖို့
အတွက်
ကမ္ဘာ့ည်း
မထိုးလိုသောသူများ
ဖြစ်ကြ၏

ကြေညာ၍ ရောက်လာတတ်ပြီး၊ တစ်ခါတစ်ရံမှာတော့ တိတ်တဆိတ်ကိုယ်ယောင်ဖျောက်ကာ ရောက်လာတတ်သော ထိုသေခြင်းတရားသည် ကျွန်မစိတ်ကို လှုပခမ်းနားစွာ စိုးမိုးနိုင်ခဲ့ပါသည်။ ဒီဘဝဒီတစ်သက်မှာ ဘယ်တော့မှ ဘယ်နေရာမှာမှ ပြန်တွေ့လို့ မရနိုင်အောင်လို့ ချစ်သောသူများနှင့် ခွဲပစ်နိုင်သလို၊ သူ့ကို ရှောင်ပုန်းလို့လည်း မရနိုင်အောင် ရက်စက်လွန်းလှသည်မို့ ကြောက်ရွံ့စွာနှင့်ပင် ကျွန်မ သူ့ကို စိတ်ဝင်စားမိသည်။

သူ့ကို စိတ်ဝင်စားလာသည်နှင့် အမျှ သူနှင့်ပတ်သက်ခဲ့ဖူးသော၊ သူ့ကို မကြောက်မရွံ့နှင့်ပင် သူ့နောက်သို့လိုက်မည်ဟုဆိုကာ ရင်ဆိုင်တွေ့ဝံ့သော သူများအကြောင်းကို စိတ်ဝင်စားလာမိသည်။ သို့သော် သူက မာယာများလွန်းသည်ကော။ သူခေါ်ရာနောက်မလိုက်ဘဲ သူ့ကိုခေါ်ဖို့ အမိန့်ပေးသူတချို့ကို ပြင်းဆန်အန်တုဝံ့နိုင်သည်လေ။ ထိုအရာကို သေနေ့မစေ့သေးဘူးရယ်လို့ အရပ်ပြော ပြောပြောကြပေမဲ့ ကျွန်မကတော့ သေခြင်းတရား၏ ခေါင်းမာမှုနှင့် မာနဟူ၍အမည်တပ်မိပါသည်။ ကိုယ့်သေခြင်းတရားကို ကိုယ့်ဘာသာစီရင်နိုင်ခွင့် အား လူတိုင်းကိုပေးဖို့ သူ တွန့်တိုလွန်းသည်ပဲ။

လူတို့၏ အလိုမပြည့်မှု၊ ငြီးငွေ့မှု၊ အထီးကျန်မှု၊ တွယ်တာမှု၊ ဘဝအပေါ် တပ်မက်မှု အားလုံးကို သူက သဘောလှောင်ပြောင်ခဲ့သည်။ သူ့နောက်သို့ လိုက်ချင်ပါသည်၊ သူ့ကို လိုချင်မက်မောနေပါသည်ဆိုသည့် အချိန်မှာ သူက အေးစက်စွာ မထေ့တထေ့ ပြုံးရင်း ခပ်ဝေးဝေးမှာ သွေးအေးအေးဖြင့် နေနိုင်သလောက် သူ့ကို မလာစေချင်သည့် အချိန်မှာတော့ အရွယ်ငယ်သူကို ဖြစ်စေ ကြီးသူကိုဖြစ်စေ မညှာမတာဖြင့်ရက်စက်ကြမ်းတမ်းစွာ သူ့နောက်သို့လိုက်ရန် အဓမ္မခေါ်ယူတတ်ပြန်သည်။

ဒါကိုပင် သေခြင်းတရား၏ အနိုင်မရမှုဟု လူတို့ ခေါ်တတ်ကြပါသည်။ သို့သော် ကိုယ်ဘယ်လောက်အထိ နေရမည်ကိုမသိသော ရှင်ခြင်း၏ သက်တမ်းနှင့် ကိုယ်ဘယ်နေရာမှာ ဘယ်လိုနည်းဖြင့် ဘယ်တော့ သေရမည်ကို မသိသော အစိုးမရသော သေခြင်းတို့ ကြားတွင်ပင် ပျော်ရွှင်စွာ၊ မိုက်မဲစွာ၊ ထုံဖျင်းစွာဖြင့်ပင် နေထိုင်ခဲ့ကြသည်။ သေကြရမည်၊ တစ်နေ့ သေကြရမည်ပဲ။ သို့သော် ထို သေကြရမည့် သေခြင်းရောက်မလာခင် စပ်ကြား ရှင်နေရသော ရှင်ခြင်းအပေါ်တွင် လူတို့ပုံစံအမျိုးမျိုးဖြင့် နေသွားခဲ့ကြပါသည်။

လူ့ဘဝပေါ်တွင် လူတို့၏တွေး ထင်ခံစားချက်အမျိုးမျိုးဖြင့် ရေးခြစ်သွားသော အရာအမျိုးမျိုးတို့သည် ထိုသူ သေဆုံးပြီးနောက် အနာဂတ်ကမ္ဘာများ

www.burmeseclassic.com

အဖြစ် ကျန်ရစ်ခဲ့ကြ၏။ နေထိုင်သွားရသော ကာလအတွင်း ကိုယ်ရပ်တည်ဖို့ နေရာလေး တစ်နေရာအတွက် နီးစပ်ရာ အနားဝန်းကျင်ကို ရက်စက် ယုတ်မာစွာ ဖြင့်တစ်စစီစနစ်ကျ ဖြိုခွဲနင်းခြေသွားသော သူများရှိကြသလို၊ ကိုယ်ကျိုးစွန့်၊ အနစ်နာခံကာ တည်ဆောက်သွားချင်သော၊ တည်ဆောက်သွားကြသောလူများလည်း ရှိပါသည်။ သေခြင်းတရား နောက်သို့ (အလိုတူသည်ဖြစ်စေ၊ အလိုမတူသည် ဖြစ်စေ)ကောက်ကောက်ပါအောင် လိုက်သွားကြသောသူများ၏ သန့်ရှင်းသော စေတနာများ၊ ယုတ်မာညစ်ထေးမှုများ၊ ရက်ကြည်းမှုများ၊ ကလဲ့စားများ၊ အလိုလောဘများသည် ရှင်ကျန်ရစ်သူများထံမှာ အတိတ်အကျိုးဆက်၏ ပစ္စုပ္ပန်ဂယက်များအဖြစ် ကျန်ခဲ့ရတော့သည်။ အတိတ်က သမိုင်းသွေးကွက် အစွန်းစွန်းဖြင့် ညစ်ထေးကျန်ရစ်ခဲ့ရသော ပစ္စုပ္ပန်ဘဝ အမျိုးမျိုးကို တိုက်ချွတ်ဆေးကြောသူတို့က ဆေးကြောနေချိန်တွင်၊ ကိုယ့်တစ်နေရာစာ ခြေရာလေးအတွက် နင်းခြေညစ်ထေးအောင် လုပ်လိုသူများကလည်း ကြွပ်နေကြဆဲ ရှိသေးသည်ကော။

တစ်ခေတ်တစ်ခါက နာမည်ဆိုးဖြင့်ကျော်ကြားခဲ့ကြသော သူများ၏ပြင်းအိန် ရက်စက်လှသော အတ္တပလ္လင်လုခန်းများပေါ်က သွေးစွန်းကွက်တို့သည် ကျွန်မတို့ကိုခြောက်လှန့်နေဆဲ ရှိပါသေးသည်။ သေခြင်းတရားသည် ပလ္လင်ကို လူတို့၏ သွေးဖြင့်ဆေးကာ ထိုင်လိုကြသော သူတို့ ကိုခေါ်ယူဖို့ မေ့လျော့နေလေသလား ဟု၍ ကျွန်မတို့ မချိတင်ကဲတွေးခဲ့ကြဖူးသည်။ မသေခင်မှာ ကျော်ကြားဖို့၊ မသေခင်မှာ စုပြီးဆောင်းပြီးသား ကျန်ခဲ့ဖို့ မသေခင်မှာ နာမည်တစ်လုံးရဖို့၊ မသေခင်မှာ မှတ်တိုင်လေးတစ်တိုင်ထူခဲ့ဖို့ မသေခင်မှာ ဩဇာအာဏာ တစ်ရပ် တည်မြဲနေဖို့၊ မသေခင်မှာ၊ မသေခင်မှာ၊ မသေခင်မှာဆိုသော ဆန္ဒလောဘများ နောက်မှာ အနာဂတ်ဘဝများစွာတို့ ညှိုးနွမ်းခဲ့ရ၏။ လူ့သမိုင်းတို့ ညစ်ထေးခဲ့ရသည်။ ကိုယ်ကိုယ်တိုင်နှင့် ကိုယ့်အနား

ကိုယ်
လုပ်ခဲ့ဖူးသော
အလုပ်သေးသေးလေး
တစ်ခုကို
လူအများက
အကြီးကြီးဟု
ထင်လာအောင်လို့
လူရှေ့သို့ထွက်ကာ
အမျိုးမျိုး
ဂုဏ်ရည်ပြ
ပြောဆိုနေကြသော
သူများအကြားတွင်
ထိုသူတို့ကတော့
သူတို့လုပ်ခဲ့သော
အနစ်နာခံခဲ့ဖူးသော
အရာများကို
လူအများက
ချီးကျူး
ပြောဆိုနေတာကိုပင်
ရှက်ရွံ့တတ်ကြသေးသည်

ဝန်းကျင်က လူတို့မည်းညစ်ခဲ့ကြရသည်။ မသေခင်မှာ လုပ်ခဲ့ကြသော ထိုအလုပ်များစွာတို့၏ ဂယက်က ထိုသူတို့သေပြီးနောက်မှာ အနည်အမှုန်ထကာ ကျန်ရစ်ခဲ့ရတော့သည်။ ရောဂါပိုးမွှားတစ်ရပ်လိုမျိုး ပျံ့နှံ့ကာ ရှင်ကျန်ရစ်သူများထံမှ ရက်စက်သော၊ လောဘကြီးသော၊ ကိုယ်ကျင့်တရား ကိုယ်ခံအားနည်းသော သူတို့ထံသို့ ထိုရက်စက် ယုတ်မာမှုသည် အားကျမှုရောဂါအဖြစ် ကူးစက်လာတော့သည် ။ ထိုသို့ဖြင့်ပင် အတိတ်သမိုင်းက လူ့သွေးကို လမ်းလုပ်ခင်းကာ လျှောက်ခဲ့ကြသည့်ရက်စက်မှုကို အားကျအထင်ကြီးသော သူတို့ ပေါ်ပေါက်လာတော့ ပြန်သည်။

မသေခင်မှာ ကိုယ့်နေရာလေး တစ်ခုတည်မြဲရေးအတွက် ဘာမဆိုလုပ်ဝံ့၊ လုပ်ရဲသောသူများကို ခေတ်အဆက်ဆက်မှာ ကျွန်မတို့မရိုးနိုင်စွာ မြင်နေရဆဲ ရှိပါသေးသည်။ သေခြင်းတရား ဆွဲခေါ်ရာ နောက်သို့မလိုက်မီ (မသေခင်လေးမှာ)နေရာတစ်ခုအတွက် ရက်စက်ဝံ့ကြသည်။ ဖျက်ဆီးဝံ့ကြသည်။ ဘက်လိုက်ဝံ့ကြသည်။ အရှက်မဲ့ဝံ့ကြသည်ကော။ ထို မတရားသောအရာများအားလုံးကို ကျော်ကြားမှု၊ အာဏာ၊ ငွေကြေး၊ အောင်မြင်မှုတို့ဖြင့် လွှမ်းမိုးနိုင်လိမ့်မည်ဟု ထင်သူတို့ ထင်ကြလေသည်။ ထိုသို့ဖြင့်လူ့အဖွဲ့စည်းတစ်ခု၊ လူ့သမိုင်းတစ်ခုသည် ညစ်ထေးကြရပြန်သည်။

လူ့သမိုင်းကို သန့်ရှင်းလိုသူတချို့၏ သွေးဖျက်သောလက်များကို ထိုသူတို့သည် အာဏာ၊ ကျော်ကြားမှု၊ ငွေကြေးများဖြင့် ခေတ်အဆက်ဆက်မှာ ကျိုးကြေသွားအောင် ချိုးပစ်ခဲ့ကြဖူးသည်။ လူ့သမိုင်းကို ဖြူစင်စေလိုသော၊ လူတို့၏ အနာဂတ်ကို ငြိမ်းချမ်းစေလိုသော သူတို့သည် မသေခင်မှာ စိတ်ထားရိုးသားစွာဖြင့် တိုင်းပြည်အတွက်(လူများအတွက်)လုပ်ခဲ့ကြ၏။ လူ့ဘဝမှာရိုးစင်းစွာ၊ ဖြောင့်မတ်စွာဖြင့်နေထိုင်သွားချင်ကြသော လူတချို့ကတော့ အလက်ဇန္ဒားပုတ်၏ကဗျာထဲကလိုပင် သူတို့လုပ်ခဲ့ဖူးသော၊ တည်ဆောက်ခဲ့ဖူးသောအရာများစွာကို လူတို့သိဖို့အတွက်၊ နာမည်ကျော်ကြားဖို့အတွက် ကမ္ဘည်းမထိုးလိုသောသူများဖြစ်ကြ၏။ လူ့ဘဝမှာ သူတို့ ရှိခဲ့ဖူးကြောင်းကို သူတို့ကွယ်လွန်သွားချိန်မှာတောင်မှ အမှတ်တရအဖြစ် အုတ်ဂူလေးတစ်ချပ်၊ အမှတ်သားလေး တစ်စက်တောင်မှ ချန်မထားချင်ခဲ့လောက်အောင် ရိုးစင်းနှိမ့်ချစွာဖြင့် နေလိုသူတို့ဖြစ်ကြလေသည်။ ကိုယ်လုပ်ခဲ့ဖူးသောအလုပ်သေးသေးလေးတစ်ခုကို လူအများက အကြီးကြီးဟု ထင်လာအောင် လူရှေ့သို့ထွက်ကာ အမျိုးမျိုးဂုဏ်ရည်ပြပြောဆိုနေကြသော သူများအကြားတွင် ထိုသူတို့ကတော့ သူတို့လုပ်ခဲ့သော

www.burmeseclassic.com

အနုစ်နာခံခဲ့ဖူးသောအရာများကို လူအများက ချီးကျူးပြောဆိုနေတာကိုပင် ရှက်ရွံ့တတ်ကြသေးသည်။ ဥပမာ ပြရမည်ဆိုလျှင်ဖြင့် ကျွန်မတို့၏အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုပဲ ပြရပါမည်။ ဗိုလ်ချုပ်ကို လူအများက အာဇာနည်ဟု နာမည်ပေးခေါ်ဝေါ်ခဲ့သည်ကို ဗိုလ်ချုပ်က 'ကျုပ်ကို လူတွေက အာဇာနည်၊ အာဇာနည်ရယ်လို့ ပြောကြတယ်။ ဘယ်က အာဇာနည်ရမှာလဲ။ နီဗို့နေနေသာသာ ပြာတောင် မပြာသေးဘူး' ရယ်လို့ ရိုးသားနှိမ့်ချစွာ ဆိုခဲ့ဖူး၏။

ရွှက်ပုန်းသီး သူရဲကောင်းများက သူတို့၏တောက်ပမှုကို လင်းလက်ပြဖို့ ရှက်ရွံ့ဆဲ ၊ သေဆုံးသည့်အခါ မှတ်တိုင်ကမ္ပည်းအကြီးကြီး စိုက်ခဲ့ဖို့အတွက် တရားသောနည်းနှင့်ဖြစ်စေ၊ မတရားသောနည်းနှင့်ဖြစ်စေ မသေခင်မှာ အလုအယက်မြေနေရာ ဦးနေသူတချို့၏သွေးစွန်းတိုက်ပွဲများက စိတ်မသက်သာစရာကောင်းအောင်ပင် လူ့သမိုင်းကိုညစ်ထေးအောင် လုပ်နေဆဲရှိပါသေးသည်။

သေခြင်း၏နောက်မှာ ဘာတွေရှိနေမည်လဲ ဆိုသည်ကတော့ မည်သူမျှ မသိနိုင်သော အရာတစ်ခုသာဖြစ်ပါသည်။ သို့သော်သေခြင်း၏နောက်သို့ မလိုက်မီ ရှင်နေသောကာလအတွင်းမှာပင် လူတို့ဖျက်ဆီးခဲ့သော၊ တည်ဆောက်ခဲ့သော အရာများစွာတို့ကဖြင့် ထိုသူတို့ သေဆုံးပြီးနောက်မှာပင် လူ့တို့၏ အနာဂတ်ကို ဂယက်ထင်ကာ ကျန်ခဲ့လေပြီ။ လောဘတကြီးဖြင့် ထိုသူတို့ စိုက်ထူခဲ့သော မှတ်တိုင်အပုံ၊ မှတ်တိုင်အရွဲ့၊ မှတ်တိုင်အစောင်း၊ သွေးစွန်းမှတ်တိုင်စသည်တို့က သမိုင်းမြေနေရာမှာ အရုပ်ဆိုးအကျည်းတန်စွာ ကျန်ရှိနေဆဲရှိပါသေးသည်။ သေသူတို့ သေကြပါဦးမည်။ ရှင်သူတို့ရှင်၍ ကျန်ခဲ့ပါဦးမည်။ ကိုယ့်လောဘ ၊ကိုယ့်ရမ္မက်၊ ကိုယ့်အတ္တ၊ ကိုယ့်ထင်ပေါ်လိုမှုများဖြင့် ရုန့်ရင်းကြမ်းတမ်းစွာ စိုက်ထူလိုက်သော မှတ်တိုင်များဖြင့်တော့ ရှင်ကျန်ခဲ့သောလူများ၏အနာဂတ် ဘဝများစွာတို့ကို အရုပ်ဆိုးစွာ ကျန်ခဲ့ပါဦးမည်။

လုပ်စရာ ရှိသည်တို့ကို ရှင်သောအချိန်က လူ့လောကအတွက်အကောင်းဆုံးလုပ်နိုင်သလောက်လုပ်သွားခဲ့ပြီး နောက် သေဆုံးသွားသည့်အခါ လူ့လော ကကနေ ကိုယ်ထွက်သွားပြီဆိုသည့် အကြောင်းကိုပင် တခြားသူများကို အသိမပေးလိုသော၊ ဒုက္ခမပေးလိုသော ရိုးသားနှိမ့်ချသော သူများ၏ထိုးထိုးထော ထောင်မနိုင်သော၊ မှတ်တိုင်မရှိသော သမိုင်းများကဖြင့် သွေးစွန်းမှတ်တိုင်အပုံ များကို အရှက်ရစေမည်တဲ့လား။

မှတ်တိုင်အပုံများကဖြင့် ထိုးထိုး ထောင်ထောင် ရှိနေဆဲ ရှိပါသေးသည်။

ထိုသို့ဖြင့်ပင် သေသူတို့က သေ ကြပါလိမ့်ဦးမည်။ ရှင်ကျန်ရစ်သူများထံ သို့ဂယက်အမှုန်ထကာ ကျန်ရစ်စေမည် ဖြစ်သော မှတ်တိုင်အပုံများကိုဖြင့် ကျွန် တို့ရိုက်ချိုးနိုင်မည်တဲ့လား။ ဒါသည်ပင် ကျွန်မတို့၏ သမိုင်းဟူ၍ ခေါ်သည် လား။ သေခြင်းတရားကတော့ လူတို့၏ လက်တစ်ကမ်းမှာ လူတို့ကို လှောင်ရယ် ရယ်ရင်းဖြင့်ပင် သူခေါ်ချင်သူတို့ကို ခေါ်ဖို့ စောင့်၍နေလေသည်။

■

ပန်းရိပ်




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ

ကွန်ပျူတာဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်း တိုးတက်အောင်မြင်စေမည့် နာမည်လုလု ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန် ဩိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ၅။ ဘုရား၊ အဖြစ်အပျက်များ -
# ပွဲတော်နှင့်ဂျာများ


မြ။မြ






www.burmeseclassic.com

www.burmeseclassic.com



မကြာသေးမီက သွားခဲ့သော ခရီးတစ်ခုဖြစ်သည်။ သူတို့အခေါ် နှစ်ထပ်ကားကြီးက တောင်ကမ်းပါးယံတစ်ခုကို ကွေ့လိုက်သည်နှင့် ရွှေသမင်ဘေးမဲ့တောဟု ရေးထားသည့်သစ်သားပြားကို တွေ့လိုက်ရသည်။ ဝါးလုံးတန်းဖြင့် နယ်နိမိတ် မျဉ်းသတ်မှတ်ထားပုံရသည်။ ကျွန်မသည် ကားပေါ်မှနေ၍ ပတ်ဝန်းကျင်တစ်ဝိုက်ကို လောကြီးသောစိတ်ဝင်စားမှုဖြင့် လိုက်လံကြည့်နေမိသည်။ ရှေ့ကမ်းပါးယံကို ကွေ့လိုက်ပြီး ဆင်ခြေလျှောလမ်းကို ဆင်းလိုက်ရာ တွေ့ရပါပြီ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

မန်းချောင်းနှင့်ပွဲတော်လွင်ပြင်။ သဲသောင်ပြင်ပေါ်၌ သက်ငယ်တဲဝါဝါ တဲတန်းရှည်ကြီးက ချောင်းနှင့်အပြိုင် ကွေ့ဝိုက်စီတန်းသွားသည်။ ကားတချို့ ပွဲတော်လွင်ပြင်ထဲမှ မောင်းထွက်လာသည်။ စောစောက ကျွန်မတို့ ဖြတ်သန်းခဲ့ရသည့်နေရာများနှင့် အကွာကြီးကွာခြားနေသော၊ အုတ်အုတ်သဲသဲ စည်ကားနေသော တောထဲတောင်ထဲမှ ပွဲတော်တစ်ခုကို မြင်ရသည်မှာ ရုတ်ခြည်းကမ္ဘာသစ်တစ်ခုကို ရောက်သွားသည့်နှယ် ခံစားနေရသည်။

'အစ်မ ဂျာနယ်ထဲမှာ တွေ့ရတဲ့ပုံက ဒီနေရာမှာ ရိုက်ထားတာပဲ'

ဟု ကျွန်မဘေးခုံမှာ ထိုင်နေသော အစ်မကို ပြောလိုက်သည်။ ကျွန်မမှာ ပုံမှန်လေသံနှင့် ပြောနေသည့်တိုင် ကားထဲ၌ ကျွန်မလေသံမှာ ဟိုးအဝေးတစ်နေရာမှ ပြောနေသည့်လေသံမျိုးနှယ် တိုးတိုးလေးသာ ပြန်ကြားနေရသည်။ မုဆိုးတောင်ရိုး၊ မန်းချောင်းနှင့် သဲကျောက်များ ဖွေးနေသောသောင်ပြင်၊ ရေပြင်နှင့် ထိလိုနီးပါးညွတ်ကွေးနေသည့် ဝါးခင်းတံတား။ ဒီမှာဘက်တွင်မူ နေကျဲကျဲအောက်မှာ ပြောင်လက်နေသော ကားတန်းရှည်များ၊ ဝါဝါလွဲ့လွဲ့ တဲတန်းရှည်များနှင့် လှုပ်လှုပ်ရှားရှား လူအုပ်များ။

ကားက ရှေ့ဆက်၍ မရသေး။ ရှေ့မှာ ပိတ်နေသည်။ တံတားကို ဖြတ်ကူးနေရသောကြောင့် ဖြစ်သည်။ ကားများက ဘီးလိမ့်ရုံ တအိအိမောင်းနေရသည်။ ထို့နောက် ဆိုင်ခန်းတဲတန်းများကြားမှ တအိအိမောင်းနေရာ အညာပွဲတော်မြင်ကွင်းသည် ကျွန်မအဖို့ စိတ်ဝင်စားစရာများနှင့် ပြည့်နေတော့သည်။ တောထွက်ပစ္စည်းများ၊ အညာထည်များ၊ သနပ်ခါးဆိုင်များ။

ဂိုက်က ကျွန်မတို့အားလုံးကို ကားပေါ်မှ မဆင်းကြသေးရန်နှင့် နာမည်ခေါ်သည့်ခရီးသည်များသာ ဆင်းရန် ပြောပြီး လှစ်ခနဲဆိုင်ခန်းတွေကြား ပြေးဝင်ပျောက်ကွယ်သွားသည်။ တည်းခို

နှုတ်မှ
ဖွင့်ဟမပြောသည့်တိုင်
အမေသည်
ကျွန်မတို့အား
စိုးရိမ်ပူပန်နေမှန်း
ခံစားနေရသည်
သမီးနှစ်ယောက်
စိတ်ချလက်ချ
မလွှတ်နိုင်ဘဲ
လိုက်လာသည့်
အမေ့လုပ်ရပ်ကို
ကြည့်ပြီး
အမေ့အတွင်းစိတ်ကို
ကျွန်မတို့
မြင်လိုက်ရပြီး
ဖြစ်နေသည်
မှန်ရိပြာဝေသော
မျက်လုံးအစုံနောက်က
အမေ့အကြည့်ကို
ကျွန်မတို့
ကောင်းကောင်း
နားလည်
သဘောပေါက်ထားပြီး
ဖြစ်သည်

ခန်းနေရာသွားယူခြင်း ဖြစ်သည်။ လေအေးစက်ကို ပိတ်ထားလိုက်ပြီဖြစ်ရာ ကားထဲမှာ အိုက်စပ်မွန်းကျပ်နေသည်။ အားလုံးမှာ နေရာအတွက် စိတ်စောနေကြသည်။ သားအမိ ၃ ယောက်တစ်ခန်းနှင့် ဖြစ်နိုင်လျှင် ချောင်းနှင့်နီးနီးတွင် လိုချင်ကြောင်း လမ်းခုလတ်မှာ ဂိုက်ကို အစ်မက ပြောထားသည်။ ချောင်းနားငါးသောင်းနှင့် အထဲလေးသောင်းဈေးနှုန်းဖြစ်နေသည်။ ခရီးသည်အဝင်များလျှင် အခန်းစရိတ် တက်ပါသည်။

တစ်အောင့်ကြာလျှင် တိုးဂိုက်သည် ကားတွေကြားမှ ပြန်ပေါ်လာပါသည်။ သူ့ကိုယ်မှာ ချွေးနှင့် ဖုန်မှုန့်တို့

ကပ်နေသဖြင့် ပေပေရေရေ ဖြစ်[...]
သည်။ နာမည်တွေခေါ်ရာ ခရီးသည်[...]
တွေ တစ်အုပ်စုပြီး တစ်အုပ်စုဆင်းသွား[...]
ကြသည်။ ကားပေါ်မှာ လူကုန်[...]
လောက်နီးပါးမျှသာ ကျန်တော့သည်[...]

နောက်တစ်ခေါက်တွင်မူ ကျွန်[...]
အလှည့် ဖြစ်ပါသည်။ အသက်ရှစ်ဆ[...]
အရွယ် အမေသည် သူ့ခရီးဆောင်အိတ်[...]
ကို သူ့ဘာသာဆွဲပြီး လိုက်လာသော[...]
အခါ ကျွန်မ စိတ်မကောင်းပါ။ နေအ[...]
ရှိန်ကြောင့် အမေ့မျက်နှာသည် နီ[...]
နေပါသည်။ ညီအစ်မနှစ်ယောက်တည်း[...]
ဤခရီးကို သွားမည်ဟု ပြောလိုက်[...]
သည့်အခါ အမေသည် ကျွန်မတို့နောက်[...]
သို့ ကောက်ကောက်ပါအောင် လိုက်[...]
ပါသည်။ ကျွန်မတို့ ခရီးစဉ်တစ်[...]
လျှောက်လုံး ထိုအချက်တစ်ချက်တည်း[...]
နှင့်ပင် အမေ့အပေါ်က ကရုဏာတွေ[...]
သက်နေမိပါသည်။

တဲတန်းတွေကြား၊ ဆိုင်တန်းတွေ[...]
ကြား၊ လူအုပ်စုတွေကြား၊ ပစ္စည်းပစ္စ[...]
တွေကြားမှ ဖြတ်လျှောက်လာခဲ့ပြီး[...]
နောက်တွင် တဲတန်းတစ်ခုထဲသို့ ဂိုက်[...]
သည် ကျွန်မတို့အား ခေါ်သွားပါသည်[...]
အလယ်မြေသားလမ်းတစ်ဖက်တစ်ချက်[...]
မှာ အခန်းများရှိပါသည်။ အခန်းတစ်ခန်း[...]
ရှေ့ သူ ရပ်သွားသည်။ ကျွန်မတို့မျက်[...]
ရှေ့မှာ မန်းချောင်းရေပြင်နှင့် ဆော[...]
ကစားနေကြသူများ။ တဗွမ်းဗွမ်း [...]
ဆော့သံ၊ ဂစ်တာသံ၊ သီချင်းသံ။ ပျော်[...]
ရွှင်မြူးထူးသံများကို အတိုင်းသားကြား[...]
နေရသည်။ ခရီးက ပန်းလာသည်က[...]
တစ်ကြောင်း၊ ရေမြင်လိုက်ရသည်က[...]
တစ်ကြောင်း ရေထဲဆင်းချိုးချင်စိတ်[...]
ပေါက်လာပါသည်။ ခဏတော့ အနား[...]
ယူရဦးမည်။

ချွေးသိပ်သည့်အခါ ချောင်းရေထဲ[...]
ဆင်းကြသည်။ ညနေစောင်းလုခါနီး[...]
သည့်တိုင် အပူရှိန်ပြင်းထန်ဆဲ။ ရေထဲ[...]
ဆင်းလိုက်သည့်အခါ နဂိုအထင်မှား[...]
သွားကြောင်း သိလိုက်ရသည်[...]
အနောက်ရိုးမတောင်တန်းကြီးမှ စီးဆင်း[...]
လာသော ချောင်းရေက ပကတိအေး[...]

www.burmeseclassic.com

...ည်ကို ခံစားလိုက်ရသည်။ အပူရှိန်
...ကမှာ ရေပူနေမည့်အထင်မှာ တက်
...စင်အောင် လွဲနေပေသည်။ ကျွန်မ
... ရေထဲစိမ်ရင်း မန်းချောင်းနှင့် မုန်း
...င်း၏ ရေဝေကုန်းတန်းများရှိရာ
...ဆီသို့ ငေးနေမိသည်။ ရေစီးသန်
...ည်။ တစ်ယောက်တည်း ရေထဲရပ်
... ရေစီးကြောင်းနှင့် ယိုင်လဲ၍
...သွားပါသည်။ ရေအောက်ကြမ်း
... သဲကျောက်များကို စမ်းမိသည်။
...င်းရေမှာ ရေသန့်ဖြစ်ရာ၊ ရေဆန်
...ကို တက်ရာတွင် အတော်အားစိုက်
...သည်။ မောပန်းပါသည်။ ချောင်း
...က် ကမ်းပါးယံမှ သစ်ပင်တို့သည်
...ကြောင့် ခြောက်သယောင်းဖြစ်နေ
...ည်။ ဒသမတန်းဖြေဆိုပြီးစရက်ဖြစ်
... ဘော်ဒါကျောင်းများမှ အုပ်စုလိုက်
...ကြပါသည်။ သူတို့ကို ငေးကြည့်
... ဆုံးရှုံးပျောက်ကွယ်သွားသော
...၏ ငယ်ဘဝအစိတ်အပိုင်းကို
...စိတ်ပါသော သတိရမှုဖြင့် ဆင်
...မိသည်။ ပျောက်ကွယ်သွားသည့်
...အစိတ်အပိုင်းကို သတိရအောက်မေ့
... မလိုချင်သည့်ဘဝအစိတ်အပိုင်း
...ကို လက်ခံလျက် ခရီးတစ်ခုဆီ
...နေရသည့်အဖြစ်ကို သူတို့လေး
...ကို ငေးရင်း တဒင်္ဂမျှ နှလုံးသွင်းမိ
...သည်။

ပွဲခင်းထဲတွင် ဘဝများစွာကို မြင်
...သည်။ အမှန်မှာ ကျွန်မရေးတာမှား
...သည်။ လူတစ်ဦးစီမှာ ဘဝကိုယ်စီ
...သည်။ ဘဝများကို ပွဲဈေးထဲကျမှ
...တွေ့ရခြင်း မဟုတ်ပါ။ ဤနေရာ
... ကျွန်မဆိုလိုသည့်ဘဝမှာ ပို၍လေး
...ပါသည်။ တွေ့ရသောမြင်ကွင်း
... စိတ်ထဲမှပေါ်လာသည့် ခံစားမှု
...မှဘဝများကို ဆိုလိုခြင်း ဖြစ်ပါ
...သည်။

ပွဲခင်းထဲတွင် ကျွန်မတို့နားမှာ
...ရွယ်ရွယ်နှစ်ဦး ကပ်ပါလာသည်
... သတိထားမိသည်။ 'ကြီးမေ အနှိပ်ခံ
...' ဟု တစ်ယောက်က အမေ့အား
...နှင့် ကပ်မေးပါသည်။ သူတို့ကို
ကြည့်ရသည်မှာ ခါတော်မီအနှိပ်သည်
များ ဖြစ်ဟန်တူသည်။ အမေက ခဏမျှ
ဇဝေဇဝါဖြစ်နေသည်။ နောက်မှ ဟင့်
အင်းမခံပါဘူးကွယ်ဟု ခေါင်းယမ်းပြ
ရင်း ပြောလိုက်သည်။ ထို့အတွက် သူ
တို့မျက်နှာများပေါ်တွင် စိတ်ပျက်မှုအရိပ်
အယောင် စိုးစဉ်းမျှမပေါ်ပါ။ ကျွန်မ
အတော်သဘောကျသွားပါသည်။ သူ
တို့၏ မျက်နှာအနေအထားသည်လည်း
ကောင်း၊ အသံအနိမ့်အမြင့်သည်လည်း
ကောင်း မပြောင်းလဲပါ။ ဘုရားသွားဖူး
မည်မှန်းသိသဖြင့် ကျွန်မတို့ လမ်း
ကြောင်းအား လိုက်လံပြပေးသေးသည်။
အစ်မက 'ဘယ်တည်းခိုဆောင်မှာ နေ
တာလဲ' ဟုမေးရာ တစ်ယောက်က ဆိုင်
ခန်းများ အစွန်ဆုံးဘက် အနည်းငယ်
မှောင်သည့်နေရာဘက်သို့ လက်ညှိုးထိုး
ညွှန်ပြပါသည်။

'ပွဲတော်ကာလတစ်လျှောက်လုံး
ဒီမှာပဲနေပါတယ်။ ကျွန်မတို့က ဖဲနား
က ရွာကပါ။ ပွဲတော်စဆုံးတစ်ယောက်
ငါးသောင်းလောက်ကုန်တယ်။ ကျွန်မတို့
နေဖို့က နှစ်သောင်းလောက် ကုန်တယ်၊
စားတာက သုံးသောင်းကုန်တယ်'

သူတို့စကားကို လုံးစေ့ပတ်စေ့
သဘောမပေါက်သေးပါ။

'ဒီလို တည်းခိုဆောင်မျိုးမှာ နေ
တာလား'

'ဟာ ဒီလိုတဲမျိုး ဘယ်နေနိုင်ပါ့
မလဲ အစ်မရဲ့။ ကျွန်မတို့က ဖျာကြမ်း
ကြီးတွေကို ရိုင်ပတ်လိုက်ကာပြီး နေရတာ
ဝါးတိုင်ထူပြီး သက်ငယ်မိုးပေါ့။ ကိုယ်
နေဖို့ ကိုယ့်ဘာသာကိုယ်ဆောက်ရတာ။
အလုပ်သမားခတွေ ဘာတွေမှ မတတ်
နိုင်တာ၊ ထမင်းဟင်းကတော့ ဒီပွဲခင်း
ထဲက ဆိုင်တွေမှာစားလိုက်တာပဲ။ ဆိုင်
က ဟင်းကျန်တွေ ဝယ်စားလိုက်တာ။
သူတို့က အကြွေးမှတ်ထားတယ်။ ပွဲပြီး
ရင် သွားရှင်းလိုက်တယ်လေ'

သူတို့နှစ်ယောက်စလုံးမှာ သုံး
ဆယ်ဝန်းကျင်အရွယ်ရှိသည့် အိမ်ထောင်
သည်များ ဖြစ်ပါသည်။ သူတို့မှာ အပျို
ဘဝကို ကောင်းကောင်းမခံစားလိုက်ရ
ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ရက်
သားကျကုန်ကြသည်ဟု ပြောပါသည်။
လင်ယောကျ်ားများက ကျန်းမာရေး
မကောင်းကြသဖြင့် ရွာတွင် ကျန်ခဲ့ကြ
ကြောင်း၊ ထို့ကြောင့် သူတို့က လယ်
လုပ်ငန်းမရှိချိန်တွင် ပွဲတော်သို့လာ၍
အိမ်စရိတ်လာရှာရကြောင်း ပြောပြ
သည်။ သူတို့မှာ လယ်ပိုင်မရှိသဖြင့်
သူများလယ်တွင် သူရင်းငှားလိုက်
ကြောင်း ပြောပါသည်။ တဲတန်းရှည်
တစ်ခုရှေ့အရောက်တွင် 'အနှိပ်ခံမယ့်သူ
သွားရှာလိုက်ဦးမယ်' ဟုပြော၍ နှုတ်
ဆက်ကာ ကျွန်မတို့နားမှ သူတို့ထွက်
သွားပါသည်။

ပွဲခင်းထဲမှာ ဆိုင်ကယ်စီးသူတွေက
ဟွန်းတတီတီဖြင့် လမ်းတောင်းပါ
သည်။ ကားမောင်းသူတွေကလည်း
ဟွန်းတတီတီဖြင့် လမ်းတောင်းပါ
သည်။ လူများက အချင်းချင်းတိုးကြ
တွန်းကြ၊ တိုက်ကြပါသည်။ ကျွန်မတို့
သည် တောထွက်ပစ္စည်းရောင်းသည့်
ဆိုင်ရှေ့တွင် ရပ်လိုက်သည်။ သူတို့
ပစ္စည်းအခင်းအကျင်းက အတော်ဆွဲ
ဆောင်မှုရှိပါသည်။ ပလတ်စတစ်အိတ်
ကြီးထဲမှ မီးဖိုချောင်ပစ္စည်းများမှာ မို့
မောက်နေပါသည်။ မှိုခြောက်၊ မျှစ်
ခြောက်အမျိုးမျိုး၊ ပိတ်စွယ်ခြောက်၊
လက်ပံခေါင်းခြောက်၊ မလွှပွင့်ခြောက်၊
ဆနွင်းဝါဝါဖြင့် နယ်ထားသောမျှစ်ချဉ်
ဖတ်များ၊ ယိုမျိုးစုံ စသည်ဖြင့်။
မန်ကျည်းသီးမှည့်တွေကို ချိန်တွယ်ရင်း
ဈေးသည်က 'ဒါတွေအားလုံး တော
သည်တွေဆီက ချုပ်ပြီး ဝယ်လိုက်တာ၊
ပြီးမှ ကျွန်မတို့က ပြန်ရောင်းတာ' ဟု
ပြောသည်။

နောက်နေ့နံနက်မှာ အထက်စက်
တော်ရာကို သွားဖူးကြသည်။ အမေက
ရင်ပြင်ပေါ်မှာ တရားထိုင်ရင်း ကျန်နေ
ခဲ့သည်။ ကျွန်မတို့ညီအစ်မမှာ မုဆိုး
တောင်ထိ တက်ကြသည်။ အမေ၏
နောက်ပိုင်းနှစ်အစောပိုင်းကာလများက
ဆိုလျှင် အမေသည် လှေကားထစ်
ပေါင်းများစွာ နင်းရသော အမြင့်များကို



www.burmeseclassic.com

www.burmeseclassic.com

ချောချောမောမော တက်နိုင်ခဲ့ပါသည်။ နောက်ပိုင်းတွင်မူ လှေကားထစ်များစွာ မြင်လျှင် အမေသည် ကျွန်မတို့ခေါ်ရာကို မငြင်းဆန်သည့်တိုင် ကျွန်မတို့အား မျက်လုံးဖြင့် တစ်ချက်ဝေ့ကြည့်တတ်ပါသည်။ ထိုအကြည့်သည် အဓိပ္ပာယ်ရှိမှန်း ကျွန်မတို့ သိပါသည်။ 'ဖြည်းဖြည်းချင်းတက်တာပေါ့ အမေရယ်' ဟု ပြောလျှင် တိတ်တိတ်ဆိတ်ဆိတ်ဖြင့် လိုက်ပါလာတတ်ပါသည်။ ယခုတွင်မူ အမေပြောနေပါပြီ။ 'လှေကားထစ်နဲ့ဆို မတက်တော့ဘူး' ဟု အမေက ပြောလိုက်ရာ ကျွန်မသည် အချိန်၏ ဆွဲခေါ်ခြင်းကို မလွှဲမသွေ လိုက်ပါသွားရသည့် သဘောတရားကို တွေးမိသွားပါသည်။ ထို့အတူ အားငယ်သော စိုးရိမ်စိတ်လည်း ဖြစ်ပေါ်လာပါသည်။

တန်ဆောင်းတစ်လျှောက် လူတွေ ကျပ်ခဲနေပါသည်။ အမှတ်တရဆိုင်များ၊ ဗေဒင်ခန်းများနှင့် ဆေးဖက်ဝင်သစ်ဥသစ်ဖုဆိုင်များဖြင့် ပြည့်နေပါသည်။ ဗေဒင်ဆရာများမှာ ကြော်ငြာအားကောင်းလှပါသည်။ တချို့က မျှော်လင့်ချက်များဖြင့် ဗေဒင်ခန်းထဲ ဝင်သွားပါသည်။

'ဒီအချိန်လေးပဲ လုပ်စားရတာပါ၊ ခဏနေကြပါဦး၊ ဒီမှာ ဓာတ်ပုံရိုက်လို့မရဘူး' ဟု ဓာတ်ပုံဆရာတစ်ယောက်က သူ့ရိုက်ကွင်းထဲ ရောက်လာသူများကို ဆီးပြီး အော်ပြောနေသည်။ လူတွေက သူတို့ကိုကြည့်ရင်း တရွေ့ရွေ့တိုးသွားသည်။ 'ပြောတာလည်း နားမလည်ကြဘူး' ဟု ညည်းညူအော်ပြောနေသော ဓာတ်ပုံဆရာသည် ကျွန်မတို့နောက်မှာ ကျန်ရစ်ခဲ့သည်။

တောင်ပေါ်မှ ဆင်းလာသည့်အခါတွင်လည်း ဓာတ်ပုံဆရာသည် ကင်မရာတကိုင်ကိုင်နှင့် ချိန်ဆထားရင်း ကျွန်မတို့ ကြားဖူးပြီးသားစကားကိုပင် ထပ်တလဲလဲ အော်နေရပါသည်။ ရင်ပြင်ပေါ်တွင် သစ်သီးဆွမ်းကိုင်ထားသော ကလေးများကိုမူ ကျွန်မ စိတ်ဝင်စားနေမိသည်။ သူတို့ထံမှ ဝယ်ယူပြီးသား ဆွမ်းတော်တင်ထားသည့် ဗန်းများသည် တစ်ခဏအချိန်အတွင်းမှာပင် သူတို့လက်ထဲ ပြန်ရောက်သွားပြီး၊ နောက်ဘုရားဖူးတစ်ယောက်ကို လှမ်းပေးလိုက်ပါသည်။ ထို့အတွက် အပြစ်မဖို့ပါ။ ထိုနေရာတွင် စဉ်းစားကြည့်ပြီး နားလည်သဘောပေါက်နိုင်သောကြောင့် ဖြစ်ပါသည်။

ဤဒေသတစ်ဝိုက်ရှိ သစ်ပင်များသည် ခြောက်ကပ်နေကြသည့်တိုင် တလင်းပြင်ကွက်လပ် မဟုတ်ပါ။ ပွဲတော်အတွက် လိုအပ်သောဝါးများကို စေတုတ္တရာမှ သွားသယ်ကြရပါသည်။ ယခင်က ဒီတောဒီတောင်ထဲမှ ခုတ်ယူကြပါသည်။ နောက်ပိုင်းတွင် ခုတ်ခွင့်မပေးတော့ဟု သိရပါသည်။ သစ်ဝါးများလည်း နည်းပါးကုန်ပြီဟု တဲစောင့်မိန်းမက ပြောပါသည်။ သူသည် အညာကျေးတောသူ ဖြစ်သည့်တိုင် အသားအရေစိုပြည်ပါသည်။ ကိုယ်လုံးဖွံ့ထွားပါသည်။ သူ့ယောကျ်ားမှာ ကျန်းမာရေးမကောင်းသဖြင့် လယ်ယာထဲအမှိုက်လိုက်ကောက်ပြီး သူကမူ လယ်လုပ်ငန်းကို လိုက်လုပ်ပါသည်။ ကျွန်မတို့နှင့် အမှတ်မထင်စကားပြောမိကြသည့် မိန်းမများသည် အိမ်ဦးစီးများ ဖြစ်ကြပါသည်။ သူ့သမီးတစ်ယောက်မှာ ဒသမတန်းတက်ရတော့မည်ဟု ပြောပါသည်။ ရွာတွင် ပညာဒါနကျောင်းရှိသဖြင့် ထိုကျောင်းတွင် သွားတက်နိုင်းပါသည်။ သို့ရာတွင် သမီးဖြစ်သူက အတန်းဖော်သူငယ်ချင်းများကဲ့သို့ ပိုက်ဆံပေးရသော ကျူရှင်မှာသာ တက်ချင်နေသည်။ ပညာဒါနကျောင်းတွင် တက်နေရသဖြင့် ရှက်စိတ်ဝင်ပြီး သိမ်ငယ်စိတ်ပေါ်နေသည်။ သို့ဖြစ်၍ ကိုယ့်ဘဝကိုယ့်အခြေအနေကို နားလည်သဘောပေါက်အောင် ဖြည်းဖြည်းချင်း နားသွင်းပေးရသည်ဟု သူက ပြောပြပါသည်။ သူသည် တည်းခိုသူများ၏ လိုအပ်ချက်ကို ငွေကြေးအနည်းငယ်ဖြင့် လုပ်ကိုင်ပေးသူလည်း ဖြစ်ပါသည်။ ပွဲတော်ရက်များတွင် သူလိုလူမျိုးများ လိုအပ်ပါသည်။ တောင်ပေါ်မှကြွလာ...
သံဃာတော်များ ဆွမ်းလောင်း...
ဆွမ်းကို သူပင် ချက်ပေးပါသည်...

ဤနေရာရှိ ဘုန်းတော်ကြီး...
သည် ဆွမ်းကွမ်းဖြိုးဖြိုးခြိုးခြိုးနေရပါသည်...
တော်ရက်များကျမှ စိုစိုပြည်ပြည် ...
ပေးရပါသည်။ ဘဲဥဟင်းသ...
အကောင်းဆုံးဆွမ်းဟင်း ဖြစ်ပါသ...
ကျွန်မတို့သည် ကုလားပဲနှပ်ဖြင့် ...
လောင်းကြပါသည်။ သံဃာကုန်မ...
ဘဲ အလျဉ်းသင့်သလို လောင်းလှူ...
ဖြစ်ပါသည်။ ယခုလို ပွဲတော်ရက်...
တွင် သံဃာအပါး ၂၅၀ ရှိပါသ...
ဤတောဤတောင်တွင် အမြဲသီတင်း...
သုံးသံဃာအပါး ၈၀ ရှိရာ ဤသံ...
တော်များ၏ နေ့စဉ်ဆွမ်းကွမ်းကိစ္စသ...
ကျွန်မတို့အဖို့ စိတ်ဝင်စားစရာ ဖြစ်...
ပါသည်။ ငွေကြေးအနည်းငယ်ရှိသော...
ဘုန်းကြီးများသည် ဆန်အိတ်လေး...
အိတ်လေးဝယ်ကာ မိုးစာဆွမ်းအတွ...
စုဆောင်းထားရပါသည်။ အများစု...
ပွဲတော်ရက်အတွင်း ပိုနေသည့် ထ...
များကို လွှင့်မပစ်ဘဲ အခြောက်လှန်...
ပါသည်။ ထိုထမင်းခြောက်များ...
ပလတ်စတစ်အိတ်ထဲ ထည့်သိမ်းထ...
ပါသည်။ မိုးရာသီရောက်၍ လမ်း...
ဆက်သွယ်ရေး ခက်ခဲလာသည့်အ...
တွင် ထိုထမင်းခြောက်များနှင့် မှို၊ ...
ပိတ်စွယ်အခြောက်များ ရောနှော...
ကာ ဆွမ်းဘုဉ်းပေးပြီး တရားဘာ...
များ အားထုတ်ကြောင်း တဲစောင့်မိန်း...
က ပြောပြပါသည်။

ကျွန်မတို့စကားပြောနေစဉ် ...
သည်ကောင်မလေး ရောက်လာ...
သည်။ သူ့ထံမှ ရေနွေးဝယ်သောက်...
သိကျွမ်းသွားပါသည်။ ပွဲတော်ရက်...
တွင် ကောင်မလေးသည်လည်း ကျွ...
အဖို့ စိတ်ဝင်စားစရာ ကောင်းနေ...
သည်။ ရေနွေးများ ထည့်ထားသ...
ရေသန့်ဘူးများပါသော ဒန်အိုးတစ်...
ကို ခေါင်းခုခံလျက် တဲတန်းအနှံ့...
ရောင်းနေသူ ဖြစ်ပါသည်။ ...
စတစ်ဘူး အားလုံးပေါင်း ...



www.burmeseclassic.com

www.burmeseclassic.com

နှံ့ရှိပါသည်။ ရေသန့်ဘူးများကို ပုဆိုးတစ်ထည်ဖြင့် အပူငွေ့မပျောက်အောင် ထိန်းထားပါသည်။ ဘူးအားလုံး ပူလျက်နေပါသည်။ ထိုနေရာတွင် အားလုံးကို မေ့ထားရပါသည်။ ဇီဇာကြောင်နေ၍ မဖြစ်ပါ။

ကောင်မလေးနာမည်က ကြည်ကြည်ဦးဟု ပြောသည်။ သူ့မျက်လုံးများက နာမည်နှင့် လိုက်ဖက်နေပါသည်။ ကြည်ကြည်လင်လင် ရှိသည်။ စကားပြောလျှင် ချက်ချက်ချာချာ ရှိသည်။ သူက ပဒန်းရွာသူဖြစ်သည်။ သူ့စကားများကို နားထောင်နေရင်း ဝက်ရွာဟောင်းမှ မသွဲ့သွဲ့ဝင်းကို ပြေးမြင်ယောင်နေမိသည်။ ယခုအသက် ၁၀ နှစ်မှ နောင် ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် အရွယ်ကို ကျွန်မသည် မြင်ကြည့်နေမိသည်။ ပဒန်းသည် ရေအလွန်ရှားသော အရပ် ဖြစ်ပါသည်။ သောက်ရေအတွက် သူတို့မှာ ရေလိုက်ရှာရပါသည်။ သို့ရာတွင် တစ်နေ့သာ ကုန်ဆုံးသွားပြီး ရေ ရှာ၍မရပါ။ လက်ယက်တွင်းများမှ ရေကို ခပ်ကြသော်လည်း နောက်ပိုင်းတွင် မိုးခေါင်သဖြင့် လက်ယက်တွင်းများမှ လည်း ရေမထွက်တော့ဘဲ ရှိနေသည်။ ရေရှားလွန်းသဖြင့် ရေချိုး၊ အဝတ်လျှော်ရာတွင် ဆန်ဆေးရည်ကို အသုံးပြုရသည်။ နွားတွေကိုလည်း ရေဝအောင် မတိုက်နိုင်ကြပေ။ နောက်ပိုင်းနှစ်များတွင် ရွာ၌ စီမံကိန်းရှိသဖြင့် စက်ရေတွင်းရသွား၍ ယခင်လို တစ်နေကုန် ရေလိုက်မရှာရတော့ကြောင်းကို သွက်လက်ချက်ချာစွာ ပြောပြသွားပါသည်။

'ပွဲတော်မှာ ရေနွေးရောင်းတာ တစ်နေ့နှစ်ထောင်လောက်တော့ ရပါတယ်။ မနေ့ကဆို သုံးထောင်တောင် သမီးရတာ အန်တီရဲ့။ ရတဲ့ပိုက်ဆံကို သမီးက ကျောင်းစရိတ်ထဲ ထည့်တာ၊ သမီးက ၃ တန်းဖြေထားတာ။ ရွာမှာ ကျောင်းတက်တာ တစ်လတစ်ထောင် ပေးရတယ်။ သမီး စုထားတဲ့ ပိုက်ဆံ အမေကို ပေးတာပေါ့။ အမေလား၊ အမေက ဘာမှမလုပ်ဘူး။ တစ်နေကုန် ရေနွေးအိုး တည်ပေးရတယ်။ သမီးတို့စားဖို့ ချက်ပေးရတယ်။ ဟီး ချဉ်ပေါင်ဟင်းနဲ့ ငရုတ်သီးတောင့်ကြော်စားခဲ့တယ်။ အဖေက ပွဲခင်းထဲမှာ အကြော်လိုက် ရောင်းတယ်လေ။ အဖေ့ပိုက်ဆံထဲက စားစရိတ်ကို သုံးတယ်။ ကျန်တာကို စုတယ်။ အမေက သမီးစုဗူးထဲ ထည့်ခိုင်းတယ်။ ဒီလိုပဲပေါ့ အန်တီရယ်၊ အဆင်ပြေအောင် သမီးတို့နေရတာပေါ့'

ကြည်ကြည်ဦး၌ ထူးခြားသည့် အရည်အသွေးရှိနေသည်ဟု ကျွန်မ ယူဆပါသည်။ ထိုကလေးမျိုးသည် မြို့ကြီးပြကြီးတွင် နေရမည်၊ ပညာကောင်းကောင်း သင်ရမည်၊ အထောက်အပံ့များ ရှိနေမည် စသည့် အခွင့်လမ်းကောင်းများ ရလိုက်ပါက သူသည် အနာဂတ်အတွက် ဝင်းပလာမည့် မျိုးဆက်သစ်တစ်ယောက်ထဲတွင် ပါဝင်လာပါလိမ့်မည်။

သူနှင့်အတူ ကောင်လေးတစ်ယောက်ပါလာသည်။ ကြည်ကြည်ဦးသူငယ်ချင်းဖြစ်ပြီး တစ်ရွာတည်းသားချင်းများ ဖြစ်သည်။ ကောင်လေးကမူ ထူးခြားမှုမရှိလှပါ။ သာမန်ရိုးရိုးစင်းစင်း ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ သူတို့နှင့် စကားစမြည်ပြောရသည်မှာ စိတ်ဝင်စားစရာ ကောင်းပါသည်။ သူတို့ဘဝများကို မြင်ရပါသည်။ အမှန်တွင်မူ သူတို့ဘဝ မဟုတ်ပါ။

မှန်ပါသည်။ သူတို့ဘဝချည်းပဲ မဟုတ်ပါ။ ကျေးလက်နေပြည်သူတို့၏ဘဝကို ကိုယ်စားပြုနေပါသည်။ တောသူတောင်သားတို့၏ဘဝကို ပုံဖော်နေပါသည်။ ကောင်လေးသည် ကြည်ကြည်ဦးထက် အခြေအနေဆိုးပါသည်။ အိမ်စရိတ်ရှာရသဖြင့် တတိယတန်းနှင့် ကျောင်းထွက်ထားရပါသည်။ အဖေဖြစ်သူမှာ ဒုက္ခိတဖြစ်သည်။ ကောင်လေးနှင့် သူ့အဖေမှာ ပဒန်းမှ လမ်းနှစ်မြွာခွဲသွားသည့်အနက် ကျောက်မီးသွေးတွင်းရှိသည့်နေရာသို့သွားကာ ကျောက်မီးသွေးတူးသမား သွားလုပ်ကြပါသည်။ တစ်ညနေ၌ ကျောက်မီးသွေးတူးပြီး ရေချိုးရန် ရေလိုက်ရှာကြပါသည်။ ကျောက်မီးသွေးတူးသမားတွေတင်လာသော ကားသည် ကမ်းပါးကွေ့တစ်ခု၌ မှောက်ပြီး ချောက်ထဲကျသွားပါသည်။ သေဆုံးသူများထဲတွင် သူတို့မပါသော်လည်း သူ့အဖေမှာ ကားပိ၍ လက်မောင်းကြေသွားပါသည်။ ကောင်လေးမှာ ခါးရိုးကျိုးသွားပါသည်။ ထိုအခါ ဆေးရုံတက်ကုသရသူများအတွက် ဆေးကုသစရိတ်လိုလာပါသည်။ ကြည်ကြည်ဦး၏အဖြေသည် ရိုးရိုးစင်းစင်းဖြစ်သည့်တိုင် အလွန်စိတ်ဝင်စားစရာ ကောင်းလှပါသည်။

'ရွာက ဆရာတော်ကိုယ်တိုင် ရွာထဲလိုက် အလှူခံတယ်။ ရွာသားတစ်ယောက်ကို အော်လံကြီးနဲ့ အော်ခိုင်းတာ။ အိမ်ပေါက်စေ့ အလှူခံတာလေ။ အားလုံးကလည်း နိုင်သလောက် လှူကြတယ်၊ သမီးပြောမယ် အန်တီရာ။ အဲဒီနေ့ သမီးတို့အိမ်မှာ ဝင်ငွေငါးရာရရင် သုံးရာနဲ့ပဲ စားလိုက်တယ်။ ကျန်တဲ့နှစ်ရာကို သူတို့တွေ ဆေးရုံတက်တဲ့စရိတ်ထဲ ထည့်လိုက်တယ်။ ဆရာတော် လိုက်အလှူခံတိုင်း၊ ရွာက အိမ်တိုင်းစေ့ထည့်ကြပါတယ်။ တတ်နိုင်တဲ့သူကတော့ များများထည့်တာပေါ့ အန်တီရာ'

ကောင်လေးက ဘေးမှနေ၍ ကြည်ကြည်ဦးစကားကို ထောက်ခံသည့်နှယ် ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

'ခုတော့ ခွဲစိတ်လိုက်တာ သူကောင်းသွားပါပြီ၊ နှစ်နှစ်လောက်တော့ ကြာလိမ့်မယ် သမီး ထင်တယ်' ဟု လက်ညှိုးဖြင့် ပါးပြင်ပေါ်ထောက်ရင်း အနည်းငယ်စဉ်းစားဟန်ဖြင့် ပြောသည်။

ကြည်ကြည်ဦးက ရွာတွင် ဆရာမလုပ်ချင်သည်ဟု ပြောပါသည်။ ကောင်လေးကမူ ကျောင်းမနေနိုင်တော့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်ရမည်ဟု ပြောသည်။ ဒီကလေး နောင် ၁၀ နှစ်၊ ၁၅ နှစ်အရွယ်တွင် အလုပ်ကြမ်းတွေမှ လုပ်နိုင်ပါ့မလားဟု တွေးရင်း ရင်မောသွားသည်။

အမေက ကြည်ကြည်ဦးတို့ကို တွေတွေကြီး ငေးကြည့်နေသည်။ အမေမျက်နှာမှာ အတော်နီမြန်းနေပါသည်။ ရေခဲမှာ အရည်ပျော်ကာ စီးကျနေရာ အမေ ခေါင်းတစ်ခြမ်းသည် စိုရွှဲနေပါသည်။ ကျူထရံကာအခန်းသည် နေပူရှိန်ကြောင့် လှောင်အိုက်နေပါသည်။ သက်ငယ်မိုးနှင့် ခေါင်တိုင်ကြားလွတ်နေသောနေရာမှ နွေနေ့လယ်ခင်း အညာနေသည် ဝါးခင်းများဆီ ရောက်နေသည်။ ကျွန်မသည် ထိုအချိန်တွင် အမေ့ကိုကြည့်ရင်း ခါတိုင်းနှင့်မတူသော ခံစားမှုတစ်မျိုး ဖြစ်ပေါ်နေပါသည်။ ထိုခံစားမှုကို စကားလုံးဖြင့် မဖော်ပြတတ်ပါ။

မနက်က အထက်စက်တော်ရာတွင် အမေ ချော်လဲသွားပါသည်။ ထိုအချိန်က အနားတွင် ကျွန်မတို့ မရှိပါ။ ကျွန်မတို့က မုဆိုးတောင်ကို ဆက်တက်သွားရာ ရင်ပြင်ပေါ်မှာ အမေ ကျန်ခဲ့ပါသည်။ ကျွန်မတို့ တော်တော်နှင့် လာမခေါ်နိုင်သဖြင့် တရားဖြတ်လိုက်ပြီး လိုက်ရှာပါသည်။ ထိုအတောအတွင်းမှာပင် ခြေခေါက်လဲကျသွားရာ ကြွေပြားခင်းထားသော ရင်ပြင်နှင့် ခေါင်းထိသွားပါသည်။ ထိုအကြောင်းကို ပြောပြနေသော အမေ့လေသံသည် တည်တည်ငြိမ်ငြိမ် ရှိနေပါသည်။ ကျွန်မတို့မှာ အတော်တုန်လှုပ်သွားပါသည်။ ပတ်ဝန်းကျင်ကလည်း ကွက်ကြည့်ကွက်ကြည့် ကြည့်နေကြပါသည်။ အစ်မက ရေခဲလိုက်ရှာနေပါသည်။ ထိုအရပ်တွင် ရေခဲအလွန်ရှားပါသည်။ အမေ့ခေါင်းမှ ဒဏ်ရာသည် ကျွန်မကြည့်နေရင်းမှာပင် ဖူးရောင်လာပါသည်။ ရေခဲမရသေးပါ။ ဤတွင် ကျွန်မသည် သူတို့ဘဝကို သွားတွေ့ပါသည်။ ကျွန်မ ဆိုလိုသည်မှာ ကြည်ကြည်ဦးတို့ဘဝကို တွေ့နေရပါသည်။ ရေခဲထုပ်များဖြင့် အမေ့ခေါင်းကို ကပ်ရပါသည်။ ရသည့်နည်းဖြင့် ကုစားရပါသည်။ ဘုရားဈေးသည်အချို့က ကြပ်ပူထိုးခိုင်းပါသည်။ ဖြစ်နိုင်သည့်နည်းဖြင့် သူတို့တစ်လျှောက်လုံး ကုစားလာကြပုံရပါသည်။ အစ်မသည် ရေခဲရှာမရဘဲ ပြန်လာပါသည်။ နောက်ဆုံးတွင် ဈေးသည်တစ်ဦးသည် သုတ်သုတ်သုတ်သုတ် လျှောက်လာကာ ရေခဲတုံးတစ်လုံး လာပေးပါသည်။ ကျွန်မတို့ သူ့ကို ကျေးဇူးတင်ကြပါသည်။ အစ်မက ရေခဲတုံးအတွက် ပိုက်ဆံပေးချင်သည်ဟု ပြောပါသည်။ သူမက အစ်မပိုက်ဆံကို ငြင်းပါသည်။ အမှန်တွင်မူ ထိုနေရာမှာ ရေခဲအလွန်ရှားပါသည်။ သူတို့၏စိတ်ဓာတ်ကို ဖျတ်ခနဲ တွေ့လိုက်ရပါသည်။

နေပူကျဲကျဲအောက်မှာ အမေသည် တိတ်တိတ်ဆိတ်ဆိတ် လိုက်လာပါသည်။ အမေ့မျက်နှာသည် ရဲနေပါသည်။ ကျန်းမာရေးဆေးခန်းမှ ဆရာဝန်လေးက သေသေချာချာမေးပါသည်။ သွေးတိုင်းပါသည်။ အမေ သွေးတက်နေပါသည်။ အမေအား ဆေးထိုးပေးပြီး သောက်ဆေးအနည်းငယ်ပေးပါသည်။ ကျွန်မတို့အား လိုအပ်သည့် ညွှန်ကြားချက်များ ပေးပါသည်။ တစ်စုံတစ်ရာပေါ်လာလျှင် စကင်စက်ရှိသည့်နေရာများကို ညွှန်းပါသည်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး။ သူ၏ ကျေးဇူးတရားကိုလည်း ဤနေရာမှ ကျွန်မ ဖော်ပြရပါဦးမည်။

နှုတ်မှ ဖွင့်ဟမပြောသည့်တိုင် အမေသည် ကျွန်မတို့အား စိုးရိမ်ပူပန်နေမှန်း ခံစားနေရသည်။ သမီးနှစ်ယောက် စိတ်ချလက်ချမလွှတ်နိုင်ဘဲ လိုက်လာသည့် အမေ့လုပ်ရပ်ကို ကြည့်ပြီး အမေ့အတွင်းစိတ်ကို ကျွန်မတို့ မြင်လိုက်ရပြီး ဖြစ်နေသည်။ မှုန်ရီပြာဝေသော မျက်လုံးအစုံနောက်က အမေ့အကြည့်ကို ကျွန်မတို့ ကောင်းကောင်းနားလည်သဘောပေါက်ထားပြီး ဖြစ်သည်။ ထိုအချက်နှင့်ပင် အမေ့အပေါ်၌ ခါတိုင်းလို မိဘနှင့် သားသမီးချစ်ခြင်းမေတ္တာမျိုးနှင့် မတူသော နူးညံ့သိမ်မွေ့သော ကရုဏာကိန်းနေသော မေတ္တာ စိတ်မျိုး ဖြစ်ပေါ်နေသည်ကို ကျွန်မ ဘာသာ ကျွန်မ ခံစားနေရသည်။ ကြီး ကောင့်ကြီးမား သမီးနှစ်ယောက်ကို အမေသည် အပြင်ဗန်း၌ အေးအေးဆေး ဆေးရှိနေသလောက် အမေ့အတွင်း စိတ် ကမူ ကာကွယ်စောင့်ရှောက်ပေးနေသည် ကို ကျွန်မ မြင်လိုက်ရသောကြောင့် ဖြစ် သည်။

ရေဆင်းတံတားတွင် ညမိုး အတော်ချုပ်သည်အထိ ရေစိမ်ရင်း ကျွန်မနှင့်အစ်မ အေးအေးလူလူထိုင်ကြ သည်။ တစ်ဖက်တံတားပေါ်တွင် ယခု ရောက်လာသည့်မိန်းမတစ်စု ရေချိုး ကြသည်။ အမျိုးသားတစ်အုပ်မှာ ဆူညံ စွာ အော်ဟစ်ရင်း ရယ်မောနေကြသည်။ ဟော ဟိုမှာ အရက်ပုလင်းတစ်လုံး တဲတန်းမှ ဖြာကျနေသော မီးရောင် အောက်မှာ မြင်လိုက်ရသည်။ မလှမ်း မကမ်းမှာ ဘီယာဘူးခွံတစ်လုံး ရေစီးနှင့် လိုက်ပါလာသည်။ ကြည့်နေ စဉ် တစ်ခဏအတွင်းမှာပင် အဝေးသို့ ရောက်သွားသည်။ ပွဲတော်တွင် အရက် သေစာသောက်စားခြင်း မပြုရ သတိ ပေးစာတန်းကို ကျွန်မ မြင်ယောင်လာ သည်။ ခပ်လှမ်းလှမ်းတဲတန်းမှ ကောင် လေးတစ်ဦးက ရေလယ်ကောင်ကို ကန့် လန့်ဖြတ်လျှောက်ကာ ဒီမှာဘက် တဲတန်းဆီ လာနေသည်။ လူစုစုရှိသည့် တံတားနားတွင် သူ ရပ်လိုက်သည်။ 'ငှက်ကြော်တွေ ရမယ်၊ ကြက်ကြော် တွေ ရမယ်'။ ကျွန်မရှေ့ တူရူရှိကမ်းပါး ယံပေါ်မှ ခြောက်သွေ့သောအပူပိုင်းသစ် ပင်တို့၏ ကျိုးကျိုးကျွဲကျွဲမြည်သံ တိုး တိုးတိတ်တိတ်ကို ကျွန်မတို့ တိတ်ဆိတ် စွာ နားထောင်ကြသည်။ ရေစီးသံ၊ လေ တိုးသံ၊ လူအော်သံ။ အားလုံးပေါင်း စည်းသွားကြသည်။

မနက်ဖြန်မနက် ကျွန်မတို့ ဤ နေရာမှ ခွာတော့မည်။ မန်းရေသည် အရှိန်ပြင်းပြင်း စီးဆင်းသွားနေသည်

■ မြ



www.burmeseclassic.com

www.burmeseclassic.com


နှာဝေ၊ မောပန်း၊ ဇက်ကြောတက်၊ နောက်ကြောထိုး၊ နာမွှန်ခြင်းများဖြစ်လို့
စိတ်ညစ်နေပါသလား

စိန်ဟသာဆေးတိုက်မှထုတ်လုပ်သော

# ရန်ပုံခွင်း
# ရှုဆေး

ကိုဆောင်ထားပါ။




ဖြန့်ချိရေး - ဦးမြင့်ဆွေ၏သား ကိုအေးထွန်းဆေးဆိုင်
**(C/264)**မြေအောက်ထပ်၊ သိမ်ကြီးဈေး **(D)** ရုံ၊ ဖုန်း ၀၉ ၅၁၇၀၁၆၂

လေထိုးလေအောင့်ခြင်း၊ ဗိုက်နာခြင်း၊ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ခြင်းများကို
ရောက်ရည်(သို့)သံပရာရည်နှင့်သောက်ပါ။
အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ပါက အချိန်မရွေး ရေနွေးနှင့်သောက်ပါ။
ချွဲ၊ ဝမ်းချုပ်ခြင်း၊ အကြောတက်သွောင်းညာသူများ ညအိပ်ရာဝင်တိုင်း ရေနှင့်သောက်ပါ။

# ရန်ပုံခွင်း
# အစာအိမ်လေနိုင်ဆေး





ပင်ရင်း
အမှတ်-၁၄၂၊ ၄-လွှာ၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ်
ဘုန်း။ ဖုန်း-၇၃၀၁၃၆၀၄၇၊ ၇၃၀၄၈၇၆၁

www.burmeseclassic.com

ပိတောက်ပင်ကိုင်းကို ခုတ်ဖြတ်ချလိုက်ချိန်မှာ နှလုံးခုန်နှုန်းတွေ ဒိန်းခနဲ ဆောင့်တက်၍ လန့်နိုးလာ၏။ တစ်ရေးနိုးထလာသည့် ရင်ခုန်သံကို ဒရောသောပါး ပြန်စီချိန်မှာ ပတ်ဝန်းကျင်တစ်ခွင်လုံး ငြိမ်ဆိတ်လွန်းစွာဖြင့် မှောင်မည်းနေဆဲပင်။ ပြန်အိပ်မရနိုင်တော့။ ညဦးလေက ပိတောက်ကိုင်းချိုးခုတ်သံကို အိပ်မက်အတွင်းမှ ထွေးပွေ့ခေါ်ငင်ချင်လာသည်။ လက်ကျန်အပိုင်းအစ အိပ်မက်တို့လည်း အပြင်သို့ ခုန်ထွက်၍ ညဦးလေမှာ ကိုယ်ယောင်ပြချင်လေပြီ။ နွေလေပွေမို့ ထင်ပါသည်။ စိတ်တစ်ခုလုံးကို သရိုးသရီဖြစ်အောင် ပြုစားနိုင်လွန်းစွာဖြင့် အတိတ်ရေလှိုင်းများက နှလုံးပြင်ကို သောင်တွန်းလာချေ၏။ မှန်ပြတင်းကို မခို့တရိုရောက်ရှိနေသော လရောင်ဖြူပါးပါးနှင့် ကဆွဲကန္တဲ့ထိခတ်နေသည့် ပန်းနွယ်ပင်ရိပ်တို့ကလည်း စိတ်ကိုအခြေပြုလျက် နှလုံးသားကို ကျူးသွင်းကာ ပုံရိပ်ဟောင်းများစွာတို့ကို ကြိုးသီဖွဲ့ငင်ခေါ်ဆောင်လာချေပြီ။

ဝန်ထမ်း၊ ဈေးသည်၊ ဆွရာဝန်၊ သင်္ဘောသားမှအစ ဆိုက်ကားနင်း၊ ကုန်ထမ်း၊ ကားမောင်း၊ အိမ်အကူ၊ အလုပ်မရှိသူတွေမှသည် ကန်စွန်းဖြင့် အသက်မွေးဝမ်း





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပြုသူတွေများစွာ၊ များစွာ ရှိရှိလေသည့်ရပ်ကွက်၊ ရပ်ကွက်လမ်းအတွင်းသို့ သတင်းဆိုးတစ်ခုလေလွင့်၍ ရောက်ရှိလာသည့်နေ့၊ နေ့ရက်မှအစပြုကာ ရပ်ကွက်လမ်းအတွင်းရှိ ကလေးလူကြီး အားလုံးအားလုံးတို့ ထိုသတင်းဆိုး၏အောက်တွင် ခေါင်းပူသွေးတက်ရင်း ရတက်မအေးနိုင်စွာ ရှိနေကြတော့၏။

'လျော်ကြေးပေးမှာဆို'

'နေရာ ပြန်ပေးမှာလား'

'ငါတို့စာမေးပွဲဖြေပြီးရင် ဖျက်ရမှာ'

'လော်ကားဘက်ဆို'

'ဒဂုံတောင်'

'ကွင်းခေါင်ခေါင် ဒုက္ခပါပဲဗျာ'

'ရေမရှိ၊ မီးမရှိ၊ ကလေးတွေနဲ့'

'မဖျက်ရပါစေနဲ့တော်'

'ကျုပ်တို့က ကန်စွန်းနဲ့စားနေရတာဗျာ'

'အကုန်လုံး ဖျက်ရမှာတဲ့'

'… … …'

'… … …'

အသံလုံးနှင့် စကားသံအထွက်သာခြားမည်။ အကြောင်းအရင်းမြစ်အခံကတော့ အားလုံးညီစွာနှင့်ပင်။ ရပ်ကွက်၊ ရပ်ကွက်လမ်းအတွင်းရှိ လူထု၏ နှလုံးသားတွေ နာကျင်မောပန်းလျက်ရှိနေ၏။

'လူသားချင်းစာနာမှု'

'လူ့အခွင့်အရေး ချိုးဖျက်မှု'

'အနိုင်ကျင့်ဖိနှိပ်ချုပ်ချယ်မှု'

ဆိုစကားသံများက

အပြော
ကောင်းလိုက်တဲ့
လူတွေကွာ
တောက်
ထီပေါက်သလိုမျိုး
ရတဲ့ငွေတဲ့
ထပ်ပြော
လိုက်သေးတယ်
တချို့
အများစုပဲ
ပြောပါတော့
ဒီငွေကို
ကိုင်တောင်
ကိုင်ဖူးမှာ
မဟုတ်ဘူးတဲ့

လည်း လူထု၏နှလုံးသွေးအတွင်းမှာ အချင်းချင်းအပြန်အလှန်ရေးထိုးနေရင်းနှင့်ပင် ရပ်ကွက်၊ ရပ်ကွက်လမ်းအတွင်းရှိ အိမ်၊ အိမ်အားလုံးကို ဖျက်ပေးရန် နောက်ဆုံးသတ်မှတ်ရက် ပေးလာပြီ။ နောက်ဆုံးသတ်မှတ်ချိန် ပေးလေပြီ။

❑

'ငွေ၊ ငွေခြောက်သိန်းတဲ့၊ အိမ်ပိုင်ရှိတဲ့သူတွေကိုပဲ ပေးမှာ။ ခြံဘယ်လောက်ကျယ်ကျယ်ထည့်မတွက်ဘူး၊ အိမ်အတွက်ပဲပေးမှာ။ ဒါတောင် သူတို့သတ်မှတ်ထားတဲ့ ပေဧရိယာပြည့်မှ၊ ပေမပြည့်တဲ့အိမ်တွေဆို သုံးသိန်းပဲ ရမယ်တဲ့'

ဖေဖေက ကျွန်မတို့မောင်နှမတစ်စု သိအောင်ပြောပြနေရင်း စကားကိုခေတ္တရပ်၍ လေပူတွေမှုတ်ထုတ်နေသေး၏။ ကျွန်မတို့ မောင်နှမတစ်စုက ဖေဖေ၏ စကားသံအဆက်ကို ငံ့လင့်နေလျက်နှင့်-

ငယ်ဘဝ ငယ်ဆန္ဒ ငယ်အတိတ်တွေဖြင့် ပြည့်နှက်နေသည့် ကျွန်မတို့အိမ်ခြံဝန်းလေးနှင့် ရပ်ကွက်လမ်းလေး။

ကွယ်လွန်သွားပြီဖြစ်သည့် မေမေ၏အငွေ့အသက်ပုံရိပ်ယောင်တွေ၊ မေမေစိုက်ပျိုးပြုစုပေးသွားသည့် အပင်လေးတွေ။ အိမ်၊ အိမ်အပြင်အဆင်။ ပြီး…၊ ပြီးပြန်တော့ ဖေဖေကိုယ်တိုင် မေမေ့အတွက် စိုက်ပျိုးပေးထားသည့် အမှတ်တရ ပိတောက်ပင်ပျိုလေး။

မျက်ဝန်းမှာ မျက်ရည်ဥတို့ ဝိုင်းသီဖွဲ့လာ၏။

'ငွေ၊ ငွေ မယူချင်တဲ့သူက အခန်းကိုစောင့်ယူနိုင်တယ်တဲ့။ ကိုယ့်အစီအစဉ်နဲ့ ကိုယ် စောင့်ယူရမှာ။ အိမ်ပေမပြည့်သူတွေ အခန်းလိုချင်ရင်လည်း ရတယ်။ သုံးသိန်းတော့ ထပ်ဆောင်းသွင်းပေးကြပါတဲ့။'

ဖေဖေက စကားပြောနေရင်း တိတ်သွားပြန်သည်။ အတော်လေးကြာမှ-

'အပြောကောင်းလိုက်တဲ့လူတွေကွာ။ တောက် ထီ၊ ထီပေါက်သလိုမျိုးရတဲ့ငွေတဲ့။ ထပ်ပြောလိုက်သေးတယ်။ တချို့၊ အများစုပဲပြောပါတော့ ဒီငွေကို ကိုင်တောင်ကိုင်ဖူးမှာ မဟုတ်ဘူးတဲ့။ ရက်ရက်စက်စက် ပြောလိုက်တာများ။ ထီ၊ ထီပေါက်သလို ရတဲ့ငွေတဲ့။ တစ်ပုံတည်းပေးလိုက်မှာတဲ့။ တောက်၊ ပြောခွင့်ရှိတိုင်း ပြောရတိုင်း'

မာမာထန်ထန်၊ … ကြည်းကြည်းဖြင့် ဖေဖေ့… ထွက်လာပြန်သည်။ … လေပူများကို ကျိတ်သွင်း… ချရင်းနံရံထက်မှ မေမေ့… ပုံကို အချိန်ကြာမြင့်စွာ … စိုက်ကြည့်နေလေ၏။ … ၏ရင်မှာလည်း…။

ကျွန်မတို့ မောင်နှမ… စု၏ ရင်တွင်းမှာလည်း… ရပ်ကွက်လမ်းအတွင်းရှိလူ… ၏ ရင်အတွင်းခံစားချက်… မှာလည်း…။

❑

'ဦးလေး၊ ဦးလေး … ကျွန်မတို့က ဘယ်လို… မှာလဲ။ ကန်စွန်းခင်းတွေ…

အားကိုးတကြီးဖြင့် … ပေါ်သို့ အပြေးတက်လာ… လေသည့် မမြအေးကို… ၍ ဖေဖေလည်း အဘယ်… သိမ့်မှုမျိုးမှ ပြောမထွက်… ဖေဖေကိုယ်တိုင်ပင် ကျွန်… မောင်နှမတစ်စုနှင့် ရှေ့… ရမည့် ခရီးလိုင်းဒဏ်အတွ… စဉ်းစားရကျပ်နေလေ… ခံနိုင်ရည်ကို တည်ဆော… ကျင့်ကြံနေရပြီ။

'စိတ်ညစ်လိုက်တာ … လေးရယ်၊ သေတာ… လိုက်ချင်တော့တာပဲ အဟု… ဒီလူတွေနဲ့၊ ကန်စွန်းတွေ… ကလေးတွေနဲ့'

စကားကို ထွေး… လုံးလုံးပြောရင်း စကား… ခင်အိမ်ပေါ်မှ အမြန်ပြန်ဆင်း… သွားပြန်သည်။

'အိမ်လုံးအတွက်ပဲ … မှာ၊ ခြောက်သိန်းလေး… မပြည့်ရင် သုံးသိန်းပဲ… ကန်စွန်းခင်းလယ်တွေကို… အတိုင်း သိမ်းယူမှာ။ က… ခင်းတွေကလည်း …

www.burmeseclassic.com

www.burmeseclassic.com

တစ်ဝက်လောက်ဆိုတော့'

ဖေဖေ့အသံတိုးတိုးကို နာနာကျင်ကျင် ကြားလိုက်ရ၏။

မမြအေးကတော့ လမ်းအရှေ့ဖျားကို စုန်၍သွားနေသည်။ အဘယ်သူထံ ရင်အပူကို ကူငြိမ်းအောင် ရှာလေသည် မသိ။ တစ်ရပ်ကွက်လုံးကတော့ သောက အပူလှိုင်းမှာ ကြွတက်၍နေချေပြီ။

ရပ်ကွက်လမ်းလေးကသည်း ဖျက်ရက်နှင့် တရွေ့ရွေ့နီးကပ်လာပြီ။

လမ်းအတွင်းမှာသည်း…။

မိသားစုပေါင်းများစွာတို့လည်း…။

'အိမ်က မိန်းမကို အားပေးနေရတယ်ဗျာ၊ ကျန်းမာရေးကလည်း မကောင်းဘူးဆိုတော့။ ငါတို့တွေထက် ဆိုးတဲ့လူတွေ ရှိသေးတယ်လို့၊ ငါတို့တွေကမှ အိမ်ဖျက်ရလို့ ခြောက်သိန်းရသေး။ လှိုင်ဘက်က ရပ်ကွက်တွေဆို ပျော့ကြေးမရတဲ့အပြင် ခြံထဲမှာ ရှိနေတဲ့အပင်တွေတောင် ခုတ်ပေးခဲ့ ရသေးတယ်။ မြောင်းခိုင်းတဲ့နေရာကလည်း အဝေးကြီးလို့၊ မီးမရှိ၊ ရေမရှိ၊ ကွင်းခေါင်ခေါင် ဘာမှမရှိတဲ့ အရပ်လို့ ပြောပြပြီး အားမွေးထားရတယ်ဗျာ။ ကလေးတွေကျောင်းကိစ္စနဲ့ အတော်လေး စဉ်းစားရကျပ်တယ်ဗျာ'

'ဝန်ထမ်း ပေးထားတဲ့ မြေကွက်မှာပဲ တဲထိုးနေရမှာပေါ့ဗျာ။ တတ်နိုင်တော့ ဘူး ကံပဲ'

'ဖြစ်နိုင်ရင်တော့ အခန်းဆောင် ယူချင်တာပေါ့ဗျာ၊ နေလိုနေတဲ့ နေရာပဲ။ ဒါပေမဲ့ အိမ်ငှား စရိတ်၊ စားစရိတ်၊ ကလေးတွေနဲ့မဖြစ်ပါဘူးဗျာ'

**ငွေ၊ ငွေ ခြောက်သိန်း၊ ထီ ထီ ပေါက်သလိုရသည့် ငွေမျိုးတဲ့။**

ထီပေါက်သလို ရသည့်ငွေမျိုးဟု ပြောခွင့်ရှိသူ၊ ပြောနိုင်သူ၊ ပြောပိုင်ခွင့်ရှိသူများက အာရင်းရှင်ရှင်၊ လွယ်လွယ်ကူကူ၊ ရယ်ရယ်မောမော၊ ပေါ့ပေါ့ပါးပါးဖြင့်ပြောပြောသွားကြလေ၏။ ပြောကြလေ၏။

အပြောခံကြရသူ၊ အပြောခံရသည့် ဘဝတွေ ဘဝတွေ မိသားစုတွေမှာတော့…။

'ငှားနေရတဲ့ ကျုပ်တို့ကို စာနာပါဦး'

'မုဆိုးမ ကျုပ်က ကလေးတွေကျောင်းစရိတ်ကို အိမ်အငှားခန့်ထား စားနေရတာ။ ခုရတဲ့ ငွေခြောက်သိန်းကို အငှားသုံးဦး ပြန်အမ်းလိုက်တော့ ကျန်တဲ့ငွေနဲ့ ကျုပ်က ဟိုဟာလုပ်…မပြောလိုက်ချင်တော့ဘူး'

'ပြောရက်လိုက်တာဗျာ၊ ထီပေါက်သလိုရတဲ့ငွေမျိုးတဲ့။ အနေအစား အခြေအားလုံးဖျက် ဖျက်ဆီးခံလိုက်ရတာဗျ၊ တောက်'

'ငါ၊ ငါတို့အိမ်က သုံးသိန်းပဲရမှာ'

'သူတို့ပေးတဲ့ငွေနဲ့ အိမ်ဝယ်ပါပြီထား၊ ဘာသွားလုပ်စားရမှာလဲ။ ခွက်ဆွဲရမှာလား၊ ကန်စွန်းခင်းတွေကျဒီအတိုင်း မတရားယူထားကြပြီး'

'တဲပေါ်ကနေ ချုံဘေးသို့'

'အဖေက မောင်နှမတွေ ခွဲပေးရမှာတဲ့။ စုနေလို့ မရတော့ဘူး၊ တောပဲပြန်မယ် ပြောတယ်။ သမီးက ဒီမှာပဲ နေချင်တာ၊ စိတ်ညစ်တယ်၊ တောမှာ မနေချင်ဘူး'

မိသားစုတွေ၊ ဘဝတွေ၊ အသံတွေ နာကျင်ကျင်၊ နာကြည်းကြည်း၊ စိတ်ပျက်လက်ပျက်၊ အားလျှော့စိတ်ထန်စွာ ပြောဆိုနေလေသော စကားစုလှိုင်းများကြားမှာ တိုးဝင်စီးဖြတ်လာသည့် လက်ကမ်းသီချင်းစာသားလေးက ရပ်ကွက်လမ်းအတွင်းရှိ လူထု၏ ရင်ကို မျက်ရည်ဖုံးလွှမ်းသွားစေ၏။

*အို×××လမ်းကလေး×××အို×××ရပ်ကွက်×××အိမ်အိမ်ခြံတွေ×××ခြောက်×××ခြောက် ×××သိန်းနှင့် လဲခဲ့ရသည့်ဒီအဖြစ်×××သုံးသိန်းပဲတန်သည့် ဘဝကရှိသေး×××အို××× အိမ်ဝင်းလေး××× ခြံဝင်းလေး×××မိသားစုတွေ×××သုံးသိန်းပဲ××× ခြောက်သိန်းပဲ×××ဘဝရဲ့အမှတ်တရတွေ×××မိသားစုအနေအစားတွေ×××ခြောက်သိန်းပဲ×××သုံးသိန်းပဲ×××တို့အဖြစ်တွေ×××တို့အဖြစ်တွေ×××ကန်စွန်းခင်းတွေ×××ကန်စွန်းခင်းတွေ×××ဒီအတိုင်းထားခဲ့×××ဒီအတိုင်း သွားပဲ×××ရက်စက်တယ်×××ရက်စက်တယ်×××အနိုင်××× အနိုင်ကျင့်တယ်×××ဆိုးလွန်းလှပါတယ်×××ခြောက်သိန်း×××သုံးသိန်းဘဝတွေ×××မိသားစုတွေ×××ကွဲကြေနေ×××ဘဝတွေသေ×××အာဏာနဲ့×××အမိန့်နဲ့×××ဖယ်ခိုင်းနေ×××ဖျက်ခိုင်းနေ×××ဘဝတွေ×××လူထုတွေ×××ကွဲကြေနေ×××မိသားစုတွေ×××ဘဝတွေသေ×××ကွဲကြေနေ×××*

❑

မည်သို့ဖြစ်ကြပြန်သည် မသိ။ လမ်းအတွင်းရှိအချို့အချို့နှင့် လုပ်ပိုင်ခွင့်ရှိသူတွေ စေတနာကောင်းလွန်းစွာ မရှိ၊ လုံးဝမရှိသူတွေထံမှ ကန်စွန်းခင်း လယ်တစ်ကွက်ကို သုံးသောင်းပေး၍ ဝယ်ယူသည့်သတင်း ကြားလာရပြန်၏။ သိပ်အများကြီးလည်း မဟုတ်။ သို့ပေသော်လည်း ဝယ်ကြသည်။ ဝယ်ကြ၏။

နောက် နှစ်ရက်သုံးရက်အတွင်းမှာ ဝယ်ထားသော ကန်စွန်းခင်းလယ်တွေပေါ် ဟိုနားတစ်လုံး ဒီနားတစ်လုံးနှင့် ခြေတံရှည် တဲအိမ်သစ်များ မျက်လှည့်ပြသလို ပေါ်ထွက်လာလေ၏။ သူတို့ကို တု၍ ကိုယ့်ကန်စွန်းခင်းပေါ် ကိုယ့်သဘောနှင့် ကိုယ်လိုက်ဆောက်သူအချို့ကိုတော့ တရားဥပဒေဆိုစကားနှင့် နည်းလမ်းတကျ ပုံသေဆန်စွာ တိကျလွန်းနေတော့သည်။

လုပ်ပိုင်ခွင့်ရှိသူနှင့် လုပ်နိုင်ခွင့်ရှိသူများ၏ ပုံသေဆန်ပြမှုများကတော့-

သူ၊ သူတို့နှင့်ပတ်သက်ဆက်နွှယ်ကူးလူးယှက်သန်းလေ သူတို့၏အိမ်၊ အိမ်များမှာ ပေကြိုးက သားရေကြိုးဖြစ်သည်ထင့်၊ ဆွဲဆန့်သလောက် ပေပိုထွက်လေ၏။ ဒီတော့ လျော်ကြေးဆိုလည်း အပြည့်ခြောက်သိန်း၊ အခန်းဆောင့်ယူမည်ဆိုလျှင်လည်း နေရာကောင်းကောင်း ဆောင့်ခန်းထောင့်ကွက် မြေညီထပ်

www.burmeseclassic.com

ကန်စွန်းခင်းကွက်ပေါ်မှ လယ်စောင့်တဲသစ်တွေကလည်း တိုက်ခန်းသစ်မှာ နေရာအပြည့်ရကြလေဦးမည်။

ရပ်ကွက်၊ ရပ်ကွက်လမ်းအတွင်းမှ မိသားစုဘဝများစွာမှာ-

'ထီ၊ ထီပေါက်သလိုရတဲ့ငွေမျိုး၊ အားလုံးကောင်းအောင် စီစဉ်ပေးထားတာပါ။ ကျွန်တော်တို့ လူကြီးတွေရဲ့ စေတနာကို ကျေးဇူးတင်ရမှာ'

ဆိုစကားကို ရင်နင့်စွာနားထောင်ပေး၊ နားထောင်နေရရင်းနှင့် ဘာမျှ၊ ဘာတစ်လုံးမျှ ပြောဆိုချေပဆွေးနွေးပိုင်ခွင့်မရရှိဘဲ ဖျက်၊ ဖျက်ပေးရန်သာရှိလေတော့၏။ မတတ်နိုင်ကြတော့၊ မည်သို့မျှ မတတ်နိုင်တော့။ ထီပေါက်သလိုရသည့်သူတွေက ဘယ်လိုလူမျိုးတွေလဲတော့ မသိ။

သတ်မှတ်ဇရိယာ ပေပြည့်သည့်အိမ်၊ ဇရိယာပေ မပြည့်သည့်အိမ်၊ အိမ်တွေအားလုံး၊ အိမ်အငှားနေသူ၊ အိမ်အငှားချသူများ၊ မိဘအိမ်တွင် စုညီစုံစွာ ဖွဲ့နေထိုင်သော မိသားစုဝင်တွေ၊ လက်လုပ်လက်စား ဈေးရောင်းဈေးဝယ်၊ စာရေးစာချီနှင့်ကန်စွန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူအများအပြား၊ အလုံးစုံသော မိသားစုနွယ်ဝင်တွေ၊ ဘဝတွေ။

ဒီလမ်း၊ ဒီရပ်ကွက်လမ်းအတွင်းက အတိတ်ချိုမြမြ၊ ကြမ်းရှရှ၊ ခါးသက်သက်၊ နာကြေကြေ အဖြစ်မျိုးစုံ အတွေ့မျိုးစုံတို့ကို ဒီလမ်း၊ ဒီလမ်းအတွင်းမှသူများနှင့် စိတ်တူသဘောတွေစုကာ ခေတ်စနစ်တို့ကို ကျော်ဖြတ်ခဲ့ကြ

ပျက်ယွင်း
လေသော
အခြေအောက်တွင်
နေသားမကျစွာဖြင့်
အသက်ရှူကျပ်
ခက်ခဲလျက်
အညစ်ဒဏ်
စနစ်ဒဏ်
ခေတ်ဒဏ်၏
လောင်မြိုက်မှုကို
တနင့်တပိုး
ခံနေကြရသည်

သည့်အမှတ်တရနေ့ရက်များ၊ အမှတ်တရပုံရိပ်များ။

သမိုင်းမဝင်၊ သမိုင်းမတွင်၊ သမိုင်းမတင်ခဲ့သော်လည်း လိုအပ်လျှင် နိုင်စွမ်းသမျှ ပါဝင်ကွက်လပ်ဖြည့်ပေးခဲ့သော ရပ်ကွက်လမ်းနှင့် အိမ်ခြံဝင်းလေးတွေ။ ပြီး၊ ပြီးလေတော့ ကန်စွန်းခင်း၊ ကန်စွန်းခင်းပေါင်းများစွာ များစွာတို့…။

စကားတစ်ခွန်း၊ အမိန့်တစ်ခု၊ အာဏာတစ်ရပ်အောက်တွင် ပြားပြားဝပ်ငုံ့ခံနေကြရပြီး၊ အသိုက်အမြုံ၊ အစုအဖွဲ့၊ အနေအစား၊ အထားအသို၊ အမှတ်တရ၊ ဆွေးလွမ်းတစရာ ပုံရိပ်အဖုံဖုံတို့ကို ရင်ဆို့ကြေကွဲနာကျင်မှုအထွေထွေဖြင့် ဖြိုဖျက်ပေးရတော့မည်။ ဖြိုဖျက်ရတော့မည်။ ဖျက်ကြရတော့မည်သာ။

❑

ငွေခြောက်သိန်း။ သုံးသိန်းကို အဘယ်ပုံဝေစုခွဲဝေပုံချရမှန်း မသိအောင် မြို့စွန်အဝေးကွင်း ကွင်းခေါင်ခေါင်၊ ဘာဆိုဘာမျှမရှိ၊ မရှိသေးသည့် အရပ်ဒေသတွေမှာဖြစ်သလို ပုံစံပျက် ရှင်သန်နေထိုင်သွားရသော၊ နေထိုင်နေရသည့် အခြေပျက်ယွင်းသော မိသားစုပေါင်းများစွာများစွာ။

ကျောင်း၊ ကျောင်းဆက်တက်ရန် ခက်ခဲလွန်းလေ၍ ကျောင်းလွယ်အိတ်ပျက်၊ ပျောက်ဆုံးသွားရသည့် ကျောင်းနေရွယ်တွေ…။

မိသားစုများစွာ၏ ဘဝတွေ၊ မျက်ရည်တွေ၊ အစာအိမ်တွေကို ခပ်ယူကော်ထုတ်ရင်း ရပ်ကွက်လမ်းအတွင်းရှိ လူထုအားလုံး၏ နှလုံးသွေးကြောများပေါ် ဖြတ်နင်းလျှောက်သွားကြသူတွေ၊ လျှောက်နင်းကြသူတွေက ညဥ့်လေပွေမှာ လွန်းထိုးသလို ထင်ပေါ်လာ၍ မျက်လွှာချပ်များကို အတင်းမှိတ် ပိတ်ချလိုက်ရလေသည်။

မှိတ်ချပစ်လိုက်သော်လည်း ပိတ်ကာထားသော မျက်လွှာနှစ်ချပ်ကြား အတင်းတိုးဝင်၍ ကိုယ်ထင်ပြနေသလို။

ကျွန်မ၊ ကျွန်မတို့ရပ်ကွက်လမ်းအတွင်းရှိအိမ်တွေ၊ မိသားစုဝင်တွေ တဲပေါ်မှ တိုက်ပေါ်ပါလာ၊ ပါလာနိုင်သော မိသားစုများက မှတ်ရေးနေစရာမလိုအောင်ပင် နည်းပါးလွန်းလှ၍ ဟိုဝေးဝေးအစွန်မြို့သစ်အစွန်တွေမှာ အခြေမကျ၊ အချနာစွာဖြင့် ရှင်သန်လူးလွန့်ရင်း ကျောမွဲ

မွဲမှာ သဘာဝဒဏ်၊ ဘဝဒဏ် လောကဓံ၊ အညစ်ဒဏ်၊ စနစ် ဒဏ်၊ ခေတ်ဒဏ်တွေပေါင်း ရုံးဖွဲ့ပြီးခံ၊ ခံသွားခံကြ သည့် ရပ်သွင်များလည်း နှ အတွင်းသား နယ်ပယ်တွင် ရပ်လုံးကြွတက်လာ၍ မျ ရည်ဥတို့ ကျမရအောင်ပင် ရင်ဆို့နာကျင်ကြေကွဲနေမိပြီ

❑

ညဥ့်လေပွေက ပို၍ တိုက်လာသယောင်ပင် ထင် ရ၏။ ညဥ့်နက်လေက ရာသီ ကိုအန်တု၍ အေးညင်းမြ တိုက်နေလေပြီ။ အတိတ်ရို က ထရန် မကြိုးစားမိသော နွေလေပွေ နွေလေရူးမို့လည် နာကျင်ကြေကွဲမှုဒဏ်ကို ပို၍ နာကြေအောင် ပြုစွမ်းနိုင်လွန် လှပေ၏။ အတိတ်ရိပ်က ထရန်မစွမ်းနိုင်လွန်းသော မှန်ပြတင်းမှ မှုန်ဝါးဝါးလရော ကိုပင် တမေ့တမောငေးရီ သီစွာဖြင့် အတိတ်အိမ်တံခါ ကို ဆွဲဖွင့်ချင်နေသေးသည်

ပုံသဏ္ဌာန်မျိုးစုံဖြင့် ရှင် သန်ရုန်းကန်နေထိုင်ကြသည် ရပ်ကွက်လမ်းမိသားစုလေး တွေ သာရေးဆိုလည်း သာ ရေး၊ နာရေးဆိုလည်း နာရေ ဝိုင်းဖွဲ့ကူဖေးမကြရင်း ဘုရား ပွဲလုပ်မည်လား၊ ပဋ္ဌာန်းရွတ် ပူဇော်ကြဦးမည်လား၊ မြောင်း ဖော်လည်း ကူ၊ သရက်သီး ခူးလည်း ကူကာ၊ ရေတွင်း ဆင်းလှယ်ချင်သည်လား အိမ်အမှတ် လမ်းအမည် မသိ လည်း လူအမည်သာပြော ရပ်ကွက်လမ်းဆုံးအိမ်အထိ လိုက်ပို့ပေးမည်။ နေထိုင် မကောင်းလျှင် သတင်းမေး ရင်း ဆေးမြီးတိုပေး၏၊ ခြေ ကင်းစောင့်၊ ဘုန်းကြီးပျံ



www.burmeseclassic.com

www.burmeseclassic.com

...ကုန်အပြိုင်နွဲစွာဖြင့် ...ချစ်ခင်ပုံရိပ်တွေ အခု ...တော့...။

ကျွန်မ၊ ကျွန်မတို့၏ ...သူငယ်ချင်း မိသားစုမိတ် ...တွေ ဘယ်အရပ်ဌာနေမှာ ...ယ်ပုံ ရှင်သန်ရုန်းကန်နေ ...ကြသည်ကို မသိ။ မသိ ...တော့ တွေးလည်း တွေး ...ကြည့်ရဲ၊ မကြည့်ရက်။

ကံကုသိုလ်တစ်ချက် ...ည့်အဝိုက်၊ သက်လုံ ...ချွင်တော့လည်း...။

ရပ်ကွက်လမ်းလေးမှာ ...တော့...

❑

ရပ်ကွက်လမ်းလေး။ ...ကွက်လမ်းကတော့...

ရပ်ကွက်၊ ရပ်ကွက် ...မ်း၊ အိမ်၊ အိမ်အားလုံး ...ကွက် လေးခန်းတွဲခြောက် ...တိုက်အခန်းကျဉ်းလေး ...ဆယ့်နှစ်လုံးနှင့်ပင် အဆင့် ...ထပ်မြှင့်ပေးလိုက်ကြပြီး...

ကျွန်မ သူငယ်ချင်း နီနီ ...အိမ် အိမ်ခြံဝင်းလေးနေရာ ...င် ယခု ယခုအဆင့်မြင့် ...ရာကွန်ဒိုကြီး။

ဖေဖေ့သူငယ်ချင်း ဦး ...တို့ လယ်ကန်စွန်းခင်း ...ယ်တွေနေရာတွင် နိုင်ငံ ...ကာအဆင့်မီ ပုဂ္ဂလိက ...ောင်းဝင်းကြီး။

အစ်ကို၊ အစ်ကို့သူငယ် ...ျင်း အိမ်ခြံတွေဘက်မှာက ...ဆင့်မြင့်ပုဂ္ဂလိကဆေးရုံကြီး။

အစ်မသူငယ်ချင်း မြေ ...နေရာထက်မှာတော့ ကား ...ဆီကြီး၏ ကားဂိုဒေါင် ...ဖြစ်နေကြသလို မြေကွက် ...ကြီးတွေပေါ်မှာ ခြံစည်း ...ခုတ်တိုင်မြင့်မြင့်ကြီးတွေ ...ရံထားပြီး ခမ်းနားလှပစွာ နန်းတော်သဖွယ် တည်ဆောက်ထားသည့်အိမ်ကြီးတွေ။ လူလုံးမမြင်ရဘဲ ခွေးကြီးကြီးတွေသာ တွေ့ရသည့် စံအိမ်တော်ကြီးတွေ၊ လုံးချင်းအိမ်ရာတွေ၊ လူမျိုးကွဲတွေ။

ကျွန်မ၊ ကျွန်မတို့ ရပ်ကွက်၊ ရပ်ကွက်လမ်းက အဆင့်မြင့်တိုးတက်လှပနေလေပြီ။

သို့ပေလည်း ကျွန်မ ကျွန်မတို့ရပ်ကွက်လမ်းလေးကနေ ပြောင်းဖယ်ဖျက်ပေးလိုက်ရသည့်၊ ဖျက်ပေးလိုက်ရသော မိသားစုတွေ၊ ဘဝတွေ၊ အမျိုးစု၊ အမျိုးစုမှာကတော့ ပျက်ယွင်းလေသော အခြေအောက်တွင် နေသားမကျစွာဖြင့် အသက်ရှူကျပ်ခက်ခဲလျက် အညစ်ဒဏ်၊ စနစ်ဒဏ်၊ ခေတ်ဒဏ်၏ လောင်မြိုက်မှုကို တနင့်တပိုး ခံနေကြရသည်။ ခံနေကြရလေပြီ။

စိတ်တွေ တင်းကျပ်ပိတ်လှောင်မွန်းလာ၏။ ရင်ဝမှာလည်း လေးလံလွန်းသည့် အရာဝတ္ထုတစ်ခု ဆွဲချိတ်ခြင်းခံထားရသလို ဖြစ်လာသည်။ နွေလေပွေက အတိတ်မြေကို ဆွဲဖွလွန်းလှ၍ မှန်ပြတင်းကို ဆွဲဖွင့်ပြီး ညဦးလေကို အားပါးတရ ရှူရှိုက်နေစဉ်အတွင်းမှာ...

လေပွေ၊ လေပွေရိုင်းပြင်းပြင်းတစ်ချက် တိုက်ခတ်သံနှင့်အတူ နာနာကြည်းကြည်း၊ နာနာကျင်ကျင် ဟစ်မြည်အော်ဟန်စုံဖြင့် ဟိုဒီတစ်စ ဖရိုဖရဲပြန့်ကျဲလွင့်ပါးသွားကြသော မြေလူးရွက်ကြွေတို့၏ အသံ။ အသံစုံတို့ကို နာကြည်း ကြေကွဲစွာ ကြား၊ ကြားလိုက် ရလေ၏။ ■

**လွဲ့ဝင်းကြည်၊ချို**

ပဲ့တင်သံ ဂျာနယ် Pae Tin Tharn Journal

**နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်**

## ဘယ်လိုမူနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

## ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ဈေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

## ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

**'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊**
**'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊**
**'သမဂ္ဂသတင်း'၊ 'သတင်းလူသား'**
**'သတင်းဝတ္ထု'...**
အစရှိတာတွေကို ဖတ်ကြရမှာပါ။

**အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ**

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြော အင်္ဂလိပ်ပြော(၂)

မောင်ခင်မင်(ဓနုဖြူ)

ကုန်းဘောင်ခေတ်ဦးပိုင်းကစ၍ မြန်မာနိုင်ငံသို့ အနောက်နိုင်ငံသားများ အရောက်အပေါက်များလာပြီး ကုန်းဘောင်ခေတ်လယ်မှ ခေတ်နှောင်းအထိ အင်္ဂလိပ်မြန်မာစစ်ပွဲများဖြစ်ပွားပြီးနောက် မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့သည်အထိ ဖြစ်ပေါ်လာရသော မြန်မာအင်္ဂလိပ် ဆက်ဆံရေးအခြေအနေကို အကြောင်းပြု၍ မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့ အတုံ့အပြန်ဆက်သွယ်မှုများလည်း နီးနီးကပ်ကပ်ဖြစ်ပေါ်လာရသည်မှာ သဘာဝပင် ဖြစ်သည်။ ထိုအခြေအနေတွင် မြန်မာဘာသာစကားနယ်ပယ်၌ ထိုဘာသာစကား ၂ ခု၏ အပြောအဆို၊ အရေးအသားဆိုင်ရာ သွင်ပြင်လက္ခဏာများကိုတွေ့လာရပါသည်။

မစ္စတာချားလ်စ်လိန်းနှင့် ဆရာ ယုဒသန်တို့ကဲ့သို့ ပညာရှင်များက အင်္ဂလိပ်မြန်မာအဘိဓာန်၊ မြန်မာအင်္ဂလိပ်အဘိဓာန်များ ပြုစုခြင်း၊ သမ္မာကျမ်းစာကို မြန်မာဘာသာပြန်ဆိုရေးသားခြင်း စသည်ဖြင့် ဘာသာစကား ၂ ခု ဆက်သွယ်မှုကို အထောက်အကူပြုသောအလုပ်များ ဆောင်ရွက်ခဲ့ကြပါသည်။ ထိုအခါတွင် အင်္ဂလိပ်ဝေါဟာရများကို အသံဖလှယ်၍ မြန်မာမှုပြုခြင်း၊ မြန်မာဘာသာပြန်ဆိုခြင်းတို့ဖြင့် 'မြန်မာပြော' ပြောသည့် သာဓကများကို တွေ့ရသကဲ့သို့ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော အကြောင်းအရာများကို မြန်မာဘာသာပြန်ရာတွင် အင်္ဂလိပ်ဂတိလိုက်သော မြန်မာစာအရေးအသားမျိုးဖြင့် 'အင်္ဂလိပ်ပြော' ပြောသည့် သာဓကများကိုလည်း တွေ့ရကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။ ထိုအစဉ်အလာသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းမှ ကိုလိုနီခေတ်အထိ ဆက်လက်တွင်ကျယ်ခဲ့ပါသည်။

မြန်မာတို့နှင့် ဆက်ဆံရသော နိုင်ငံခြားသား နာမည်များ၊ အရပ်ဒေသ နာမည်များ၊ အသုံးအဆောင်အခေါ်အဝေါ်များကို အသံလှယ်၍ မြန်မာမှုပြုသည့် သာဓကများကို စာထဲပေထဲတွင် တွေ့ရသည်။ ဘိုးတော်ဘုရား၊ ဘကြီးတော်ဘုရားတို့လက်ထက်တွင် အာသံ၊ မဏိပူ
နှင့် ဆက်ဆံမှုကိုအကြောင်းပြု၍ အာသံစော်ဘွားများ၏အမည်များကို မြန်မာစာပေ
တွင် မြန်မာမှုပြုကြသည်ကို တွေ့ရသည်။ ချန္ဒရာကန္တဆင်း(Chandra Kanta Si
ကို 'စန္ဒရဂန္ဒရှိန်'ဟု မြန်မာမှုပြုသည်။ မြန်မာရာဇဝင်များတွင် မဏိပူရကသ
မင်းဟုဖော်ညွှန်းသည်။ ဒုတိယနဝဒေးရေးဖွဲ့သော အာသံနိုင်မော်ကွန်းတွင် 'စန္ဒ
ဂန္ဒရှိန်'ဟူ၍ ခံ့ခံ့ညားညားဖွဲ့သည်။ ထို့ပြင် Brajanath Singh ကို 'ဗော်ရော်ဇနှိ
Purandan Singh ကို 'ပုရ္ဒံတော်ရှိန်'ဟုမြန်မာမှုပြုသည်။ မြန်မာမင်း၏တပ်များ အာသံ
ချီတက်ရာ၌ ရောက်သောမြို့များကို ဖော်ပြရာတွင် ဂွာဟတ္တိမြို့ (Gouhati), ရောင်ပွ
(Rungpour), ဂေါ်ရခေါင်မြို့(Garhgaon), ဇူရဟတ်(Jorhat) ဟူ၍ဖော်ပြသည်။ 'ဂေါ်ရ
ခေါင်နောက်၊ ရောင်ပွတ်ရောက်လည်း၊ ပန်းကောက်ပမာ၊ တစ်ပွင့်သာတည့်'ဟု
အာသံနိုင်မော်ကွန်းတွင် ဖွဲ့သည်။

စာဆိုဦးကြင်ဥ၏ 'ပါပဟိန်ပြဇာတ်'တွင် ပါပဟိန်မင်းသား နောက်လိုက်နော
ပါများနှင့် မူးယစ်ပျော်ရွှင်ရင်းသီဆိုသော သဖြန်မှာ 'ချာသဝေ၊ သာမေငယ်ထူတဲ့လို
ကူလှည့်ပါစမ်း။ တစ်ကျွန်းပါ၊ ဗြန်သူရာ စည်ဖောက်ဝယ်၊ မီးတောက်လို့ဖမ်း'ဟူ၍
ဖြစ်သည်။ 'ဗြန်သူရာ'မှာ Brandy(ဘရန်ဒီ)ဖြစ်သည်။ 'ဘရန်ဒီ'ကို'ဗြန်'ဟု အသံ
လှယ်ထားခြင်း ဖြစ်သည်။

ထိုကာလက အောက်မြန်မာနိုင်ငံတွင် ထုတ်ဝေသော သတင်းစာများ၊ စာအု
စာတမ်းများ၌ အသံလှယ်ဝေါဟာရများ၊ ဘာသာပြန်ဝေါဟာရများကို တွေ့ရသည်
ဘုံပိုင်မြို့(Bombay), အတ္တလန္တိတ်(Atlantic), ဗီဇမ်(Prism), ဖလူအစ်(Fluid), ပင်ဒု
(Pendulum), ဗလွန်း(Balloom), ဘရောမတာ(Barometer) စသည်ဖြင့် အသံလှ
ဝေါဟာရများ ဖန်တီးသည်။ ထို့ပြင် ဂြိုဟ်(Planet), ကာလနာ(Cholera), မိုးကြိုးဓ
(Electric Telegraph), ရေပူငွေ့တန်ခိုး(Steam Power) စသည်ဖြင့် ဘာသာပြန်ဝေါဟာ
ရများလည်း ဖန်တီးသည်။

ကျောင်းသုံးစာအုပ်များကို မြန်မာဘာသာဖြင့် ရေးသားပြုစုရာတွင် ပညာရပ်ဆို



www.burmeseclassic.com

www.burmeseclassic.com

ရာ အသံလှယ်ဝေါဟာရများ၊ ဘာသာပြန်ဝေါဟာရများကို အသုံးပြုကြသည်။ ၁၈၆၆ ခုနှစ်တွင် ထုတ်ဝေသော 'အရိသမတိတ်တွက်ပုံစာ'ဟူသော သင်္ချာစာအုပ်တွင် ဂဏန်းသင်္ချာ(Arithmetic)ကို 'အရိသမတိတ်'ဟု အသံလှယ်ထားသည်။ ကုဗ(Cube), ပြော်ဗလင်(Problem), တြာပီဇီ (Trapezium), ရာဒိ(Radius) စသည့် အသံလှယ်ဝေါဟာရများ၊ ဖုံ အညီတိုင်း(Greatest Common Measure GCM), ဖုံ အသုံးကိန်း(Least Common MultipleLCM), သုံးချက်တွက်နည်း(Rule of Three) စသည့် ဘာသာပြန်ဝေါဟာရများကို တွေ့ရသည်။ ထိုဘာသာပြန်ဝေါဟာရများမှာ နောက်ပိုင်းအထိဆက်၍ အသုံးတွင်ကျယ်သည်။ Geometry ကို 'ဂဲသြမေဋ္ဌရီ'ဟု မြန်မာလို အသံလှယ်ရေးသည်။ ထို့ပြင် ထောင့်ကျဉ်း(Acute Angle), ထောင့်ကျယ် (Obtuse Angle), ရိုက်ထောင့် (Right Angle), အမှတ် (Point), လိနာချောင်း(Line), အမတ် (Perpendicular Height) စသည့် ဘာသာပြန်ဝေါဟာရများလည်း တွေ့ရပါသည်။

'တတိယဖတ်ရန်စာ'ဟူသော စာအုပ်တွင် သစ်ကုလားအုတ်(Giraffe)ကို 'ကုလားအုတ်သီဟ'ဟုဘာသာပြန်ထားမှာ စိတ်ဝင်စားစရာကောင်းပါသည်။

ဘကြီးတော်ဘုရားလက်ထက်တွင် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပြီးနောက် ရန္တပိုစာချုပ်အရ ဗြိတိသျှအစိုးရ၏ အမြဲတမ်းဌာနေကိုယ်စားလှယ်အဖြစ် အဝနေပြည်တော်မှာ နေထိုင်သော မေဂျာဘာနေ (Major Henry Burney) ကို 'မယ်ဇယ်ဘော်ရနီ၊ မယ်ဂယ်ဟင်နရီဘရဏီ'ဟု မြန်မာလိုဖော်ပြသည်။ နောက်ပိုင်းတွင် ကောရနေဗရနီ (Colonel Burney) ဟုဖော်ပြသည်။ ဘာနေသည် အဝနေပြည်တော်တွင်နေစဉ်က အင်္ဂလိပ်ဆေးစာ အနာကုနည်းကျမ်းကို မြန်မာဘာသာဖြင့် ပြုစုပြီး ကျောက်စာမှတ်ကြောင်း သိရသည်။

မင်းတုန်းမင်းလက်ထက်တွင် မြန်မာသံအဖွဲ့ကို ခေါင်းဆောင်၍ အင်္ဂလန်နှင့်ပြင်သစ်သို့ သွားရောက်ခဲ့သော ကင်းဝန်မင်းကြီးသည် **'လန်ဒန်သွားနေ့စဉ်မှတ်စာတမ်း'** နှင့် **'ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်စာတမ်း'** တို့ကို ရေးသားရာ၌ မိမိတွေ့ကြုံဆက်ဆံရသောပုဂ္ဂိုလ်များ၊ မိမိသွားရောက်သောနေရာဒေသများ၊ တွေ့ရသောအသုံးအဆောင်များကို အသံလှယ်ဝေါဟာရများ၊ ဘာသာပြန်ဝေါဟာရများဖြင့် ကြွယ်ကြွယ်ဝဝဖော်ပြထားပါသည်။ 'လန်ဒန်သွားနေ့စဉ်မှတ်တမ်း'တွင် ကာလကတ္တား(Calcutta), ကန္တီ(Kandy), ဘူလွန်း(Boulonge), ဘုံပိုင်(Bombay), ဝေးလ(Wales), အီတာလီ(Italy), အိန္ဒိယ(India) စသော အသံလှယ်ဝေါဟာရများစွာ တွေ့ရသည်။ Maldive ကို မလ္လာဒီပ ဟု မြန်မာမှုပြုပုံမှာ စိတ်ဝင်စားစရာကောင်းပါသည်။ ပါဠိဆန်ဆန်ပါဠိဆင့်များဖြင့် ရေးသောဝေါဟာရရေးထုံးများ ယခုအထိ အသုံးတွင်နေပြီဖြစ်သည်။ (ကာလကတ္တား၊ *အိန္ဒိယ စသည်)။*

လူပုဂ္ဂိုလ်များကို ဖော်ညွှန်းရာတွင် ကာရော်လိုင်ကတော်ကြီး(Lady Caroline), ဂျော်ဂျီ(George), အာလစ်စန္ဒာ(Alexander), စစ်ဒနီ(Sydne), နပိုလျှမ်(Napoleon), ပါရသီမင်း(Shah of Persia), ဗြောင်း(Brown), မက္ကမေဟန်(Mac Mahon), အာလန်(Allen), အန္တရီနော(Andreino) စသော အသံလှယ်ပုံများကို တွေ့ရပါသည်။

'မီးရထားရုံ၊ အင်္ဂလိပ်ဆေးသမား၊ သင်းအုပ်လူကြီး၊ ဝန်ကြီးချုပ်၊ ကိုယ်ရံဗိုလ်၊ သမ္မတမင်း'စသည်ဖြင့် မြန်မာမှုပြုထားသော ဝေါဟာရများမှာ စိတ်ဝင်စားစရာကောင်းသည်။

'ပြင်သစ်သွား နေ့စဉ်မှတ်စာတမ်း'တွင်လည်း အလားတူဝေါဟာရများစွာ ပါဝင်သည်။ ကင်းဝန်မင်းကြီးက Hotel ကို 'ဟိုတက်'ဟု အသံလှယ်ထားရာ ထိုအသံသည် မူရင်းပြင်သစ်အသံနှင့် နီးစပ်သည်ဟု ပညာရှင်တို့ ဆိုကြသည်။

စန္ဒရားကို 'ပြာနီး(Piano)'ဟု အသံလှယ်ဝေါဟာရသုံးပြီး 'ဝန်ကတော်နှင့်အတူ ပြာနိုးတီးကြောင်း'မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ကင်းဝန်မင်းကြီးသည် ကဗျာစာဆိုတစ်ဦးလည်းဖြစ်သည့်အလျောက် ကဗျာဖြင့်လည်း မှတ်တမ်းတင်သည်ကို တွေ့ရသည်။ 'ကြားလိုက်ပါသည် မြန်မာသတင်းစာဆရာ ခင်ဘုရား'ဟု သတင်းစာဆရာကို ခေါင်းတပ်ပေးပို့သောစာများတွင် ကဗျာများ၌ အသံလှယ်ဝေါဟာရများ၊ ဘာသာပြန်ဝေါဟာရများ ထည့်သွင်းရေးဖွဲ့ထားသည်။ 'ကျောက်မြေပြင် ဒေင်စွန်းက၊ ယွန်းပြန်ခဲ့ရှေ့ဆီ။ **ရက်ထစီး၊** ဝင်နီးပင်လယ်က၊ ကျွန်းနှစ်သွယ် ကွာမဝေးသည်နှင့် **စထရေး** ခေါ် ဆွယ်အဝမှာ၊ မီးပြခဲ့သည်' ဟု ဖွဲ့ရာ၌ 'ရက်ထစီး' မှာ Rea Sea (ပင်လယ်နီ)ဖြစ်ပါသည်။ 'စထရေး'မှာ Strait (ရေလက်ကြား)ဖြစ်ပါသည်။ 'မဖြစ်ကောင်းဖြစ်ပုံ၊ ရက်ထစီး**မစ်ဒီးတာရေ** နှင့် ကမ်းနှစ်ထွေ အခြေဆက်လို့'ဟု ဖွဲ့ရာ၌ *'မစ်ဒီးတာရေ'မှာ* Mediterranian မက်ဒီတာရေးနီးယန်း (မြေထဲပင်လယ်)ကို ဆိုလိုခြင်း ဖြစ်ပါသည်။

အင်္ဂလိပ်အစရှိသည့် အနောက်နိုင်ငံသားများနှင့် ဆက်သွယ်မှုကိုအကြောင်းပြု၍ အင်္ဂလိပ်ဝေါဟာရအများအပြားကို အသံလှယ်ခြင်း၊ ဘာသာပြန်ခြင်းတို့ဖြင့် မြန်မာမှုပြုကာ မြန်မာပြော ပြောခဲ့ကြသည့်သာဓကများကို တစေ့တစောင်း တင်ပြခြင်းဖြစ်ပါသည်။ ထိုဝေါဟာရများတွင် စာလုံးပေါင်းပုံကစ၍ ယနေ့အထိ လက်ခံအသုံးပြုဆဲဖြစ်သော ဝေါဟာရများ ပါဝင်သကဲ့သို့ အသုံးမတွင်ကျယ်ဘဲ တိမ်မြုပ်သွားသောဝေါဟာရများလည်း ပါဝင်ပါသည်။ ယင်းတို့သည် မြန်မာဝေါဟာရ ဖွံ့ဖြိုးလာပုံကို တစ်ခန်းတစ်ကဏ္ဍဖော်ညွှန်းနေသည်ကား အထင်အရှားပင် ဖြစ်ပါသည်။ ■

**မောင်ခင်မင်(ဓနုဖြူ)**


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



'ပေသီးရေ
ဟော့ ပေသီး'
'ပေသီး
ရှိလားဗျို့'
'ပေသီးမရှိရင်လည်း
သံဂေါလီတော့
ရှိမှာပါ'
တစ်ရက်
ကျွန်တော့်အိမ်ရှေ့မှ
ဤသို့ ခေါ်သံ၊
ပြောသံတို့ကို
ကြားလိုက်ရ၏။
လောက၌
ဤနာမည်ခေါ်မည့်သူ
သိပ်များများစားစား
မရှိပါ။ လွန်ခဲ့သော
နှစ်လေးဆယ်ကျော်က
ခေါ်တွင်ခဲ့သော
ကျွန်တော်၏
အမည်ဖြစ်သဖြင့်
ယခု အော်ခေါ်နေသူ
များသည်ကျွန်တော်၏
ငယ်သူငယ်ချင်းများ
ဖြစ်ရမည် မလွဲတည်း။
အမှန်ပင်။ တဟဲဟဲ
ရယ်နေကြသော
သူငယ်ချင်းများ
ဖြစ်ပါသည်။
ထိပ်ပြောင်တဲ့
ကောင်ကပြောင်၊
ခေါင်းဖြူတဲ့
ကောင်ကဖြူ၊
ဗိုက်ရွှဲတဲ့
ကောင်ကရွှဲ။
မတွေ့ရတာ
ကြာသော်လည်း
ငယ်ရုပ်တွေကို

# သက်နှုဟာဒယတွင်
# စွဲထင်ခဲ့သော ရွှေပုံရိပ်

**မိုးလမင်း**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ချက်ချင်းဖမ်းမိသည်။ ငယ်ဘဝတစ်လျှောက်လုံး တတွဲတွဲနေလာခဲ့သဖြင့် ရင်ထဲမှာ စွဲထင်နေသော မျက်နှာများဖြစ်သည်။ ထိပ်ပြောင်နေသော ငနဲသားသည် ကျော်ကျော်ဖြစ်၏။ ခေါင်းဖြူနေသောအကောင်ကား ငွေးဝင်း၊ ဒေါင်းသီရိ ငွေးဝင်း။ သူ့အဖေ ဦးခွေးကြီးဖြစ်၏။

'ဟာဟ ငါက ဦးခွေးကြီးလားလို့ ဟေးဟေး ဟေ့ကောင် မင်း အခု မင်းအဖေနဲ့ တူလာပြီ။ ကိုင်း လာကြ လာကြ။ ဟိုနောက်က ဗိုက်ပူကြီး ကတော့ စက်သူဌေးထင်တယ်၊ သူဌေးမင်း ကြွပါ ကြွပါ'

ဗိုက်ပူပူ မည်းမည်းက စောမောင်ဖြစ်သည်။ ကွမ်းချေးတက်နေသော သွားများကို ဖြဲလျက်။ သူ့ဆံပင်ကား မဖြူ၊ ကျိုးကျိုးကျဲကျဲလေးကို ဆေးဆိုးထားသည်။

'ကိုင်း ထိုင်ကြကွာ၊ သစ်သစ်ရေ ကော်ဖီတိုက်မယ်ဟေ့'

သူငယ်ချင်းများကို နေရာပေးပြီး အိမ်ရှင်မကိုပါ လှမ်း၍အသံပြုလိုက်ရသည်။

'မင်းတို့မြင်တော့မှ ငါ သတိရတယ်။ ဆရာကန်တော့ပွဲကိစ္စ မဟုတ်လား'

'ဟုတ်ပဗျာ၊ အလှူငွေလာကောက်တာဟေ့'

'ခါတိုင်းလည်း ငါထည့်နေကျပဲကွ လူသာမလာနိုင်လို့'

'ဒီနှစ်တော့ မင်း လူကိုယ်တိုင် ရောက်အောင် လာခဲ့ကွာ။ ရန်ကုန်ပြန်ရောက်နေမှဥစ္စာ၊ ကားနဲ့လာရင် နှစ်နာရီလောက်ပဲ'

> ထောင့်ချိုးစာသင်ခန်း
> တစ်ခု၏
> ပြတင်းပေါက်
> တစ်ပေါက်ကို
> ကျွန်တော်
> ဖျတ်ခနဲ
> အမှတ်ရ
> လိုက်သည်
> ပြတင်းပေါက်သည်
> မှန်ပြတင်းဖြစ်၏
> သစ်သား
> ကျည်းပေါင်ကို
> ကြည်ပြာရောင်
> ဆေးသုတ်
> ထားပါသည်
> ဟိုတုန်းက
> အတိုင်းပင်

'ဒို့ ရန်ကုန်ကလာတဲ့ လူတွေကို ထမင်းကျွေးမှာကွ၊ အသင်းကလည်း လာကြမှာ'

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြပြန်သည်။

'ငါလည်း မြို့ကအိမ်ကို တစ်ခေါက်တစ်ကျင်း ရောက်တော့ရောက်ပါရဲ့ကွာ၊ မင်းတို့နဲ့ မတွေ့ဖြစ်လို့ပါ'

အိမ်ရှင်မက ကော်ဖီနှင့် မုန့်များ လာချပေးသည်။

'ကော်ဖီ သောက်ကြပါဦး၊ အစ်ကိုစောမောင်ကြီး ဝလို့ပါလား။ ဗိုက်ကြီးကို ရွှဲနေတာပဲ'

'အေးဟာ ငါလည်း ဝိတ်လျှော့လို့ မရတော့လို့ ညီမလေးရေ့'

'ဒီကောင်က ဆန်စက်ထဲမှာ ဆန်ကွဲနဲ့ ဖွဲနုနဲ့ စားနေတာ ဒီလောက်တော့ရှိမပေါ့'

ငွေးဝင်းက ဝင်နှိပ်သည်။

အိမ်ရှင်မသည်လည်း တစ်မြို့တည်းသူဖြစ်သဖြင့် အားလုံးနှင့် သိကျွမ်းကြပါသည်။ အတန်းချင်းကွာ၍သာ သိပ်မရင်းနှီးသော်လည်း ရပ်ဆွေရပ်မျိုးဖြစ်သဖြင့် ခင်မင်ကြပါသည်။ အသက်ချင်း ငါးနှစ်၊ ခြောက်နှစ်လောက် ကွာသဖြင့် အထက်တန်းကျောင်းသို့ သူတို့ ငါးတန်းလာတက်ချိန်တွင် ကျွန်တော်တို့ ဆယ်တန်းအောင်၍ ကျောင်းက ထွက်ခဲ့လေပြီ။

'ဟေ့ကောင် ပေသီးမင်း ဒီနှစ်တော့ များများလေး ထည့်ကွာ။ ဒို့ ဆရာ၊ ဆရာမတွေကို ပြည့်ပြည့်ဝဝ ကန်တော့ရအောင်လို့' ကျော်ကျော် ပြောသည်။

'ငါ သုံးသောင်းထည့်မယ်ကွာ'

'ဟ ပေသီးရ မင်းတို့က လင်မယားနှစ်ယောက်စလုံးနဲ့ ဆိုင်တာကွ၊ ပိုထည့်သင့်တယ်' စောမောင် ဝင်ထောက်သည်။

'ဟကောင်ရ သူ့သူငယ်ချင်းတွေကလည်း လာကောက်သေးတာပဲကွ'

ကျွန်တော်တို့မြို့ အထက်တန်းကျောင်းသည် ဆရာကန်တော့ပွဲကို နှစ်စဉ်ကျင်းပမြဲဖြစ်သည်။ ဆယ်နှစ်ကျော်ပြီ။ နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်

အမျိုးသားနေ့တွင် ကန်တော့ ကြသည်။ ရန်ကုန်မြို့ရှိ မြို့ နယ်အသင်းနှင့် မြို့ခံကျောင်း သားဟောင်းများ စုပေါင်း၍ စီစဉ်ကြခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ဝန်ထမ်းဘဝဖြင့် မြန်မာနိုင်ငံ အနှံ့ လျှောက်သွားနေခဲ့ရ ဆရာကန်တော့ပွဲတွင် ကိုယ် တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခြ မကြုံခဲ့ပါ။ သို့သော် နှစ်စဉ် ဆရာကန်တော့ပွဲ နီးလာတိုင် သူငယ်ချင်း ကျော်ကျော်က ကျွန်တော့်ထံ စာလှမ်းရေ သည်။ ထိုအခါ ကျော်ကျော် အမည်ဖြင့် စာတိုက်မှ ငွေ လိုက်ရသည်။ အဝေးမှပင် စိတ်မှန်းဖြင့် ကန်တော့ သည်။ လူကိုယ်တိုင်ကား မရောက်နိုင်ပါချေ။

'ဟေ့ကောင် ပေသီး ကျော်ကျော့် ကြက်ဖ ခိုးပြီး ခင်မောင်ဦးတို့ သွားချက်စားတာ မှတ်မိသေ လား အဟဲဟဲ' စောမော က အစဖော်သည်။

'ဟာကွာ မင်းက ဘယ်က ခိုးရမှာလဲ၊ ကျေ ကျော်ကိုယ်တိုင် ဖမ်းတ ပါကွ' ကျွန်တော် သူ့စကာ ကို ပြင်ရ၏။

'အေးလေ၊ သူ့အ ကြီး မသိအောင် ဖမ်းတာ တော့ ခိုးတာပဲပေါ့ကွ၊ တော် စားလို့ကောင်း ကြက်သားကွာ၊ ငါ မ ဘူး'

'သြော် ဒါနဲ့ ခင်မော ဦး သဘောလိုက်သွား ပြန်ရောက်လောက်ပြီ တယ်' ကျော်ကျော်က မောင်ဦးကို သတိရသ သည်။



www.burmeseclassic.com

‘ရောက်နေပြီ။ မနှစ်က ဆိုမာလီ အဖမ်းခံရတယ်လို့ ကြားတာပဲ’

‘ဒီကောင် တော်တော် ဆိုသွားမယ်ကွ’

ကျွန်တော် ဆရာကန်တော့ပွဲ အလှူငွေ သုံးသောင်း ထည့်ပါသည်။

‘မင်းတို့ လာဖြစ်အောင် လာကြနော်၊ ဒို့ မနက်စာ ခင်းကျွေးမှာ။ မင်းပိုင်း ရုံမှာ ကျွေးမယ်ကွ’

အိမ်ရှင်မ အလစ်တွင် ငွေဝင်းသည် ကျွန်တော့်နားကပ်လာ၏။ မျက်နှာ က စပ်ဖြဲဖြဲနှင့်။

‘ဟေ့ ပေသီး မင်း ခင်မမကို မှတ်မိသေးလား’

ခင်မမ။ ကျွန်တော့် ဉာဏ်အကန့်များတွင် ခင်မမ နှစ်ယောက် မရှိပါ။ ဘယ်မမှတ်မိဘဲ နေမလဲ။ သို့သော် ကျွန်တော် ခပ်တည်တည်နှင့်။

‘ဘယ်က ခင်မမလဲ မင်းရည်းစားလား’

ငွေဝင်း ကျွန်တော့်ပခုံးကို လက်သီးနှင့် ထိုးပါသည်။

‘ခင်မမက အခုထက် ထိ အပျိုကြီးလုပ်နေတာကွ၊ အရင်ထက်တောင် လှသေးတယ်မောင်’

‘လှရင် မင်းယူလိုက်ပါလားကွ ခွေးကောင်’

‘ငါ မကြိုက်လို့ပေါ့ ကွာ ဟိုက မင်း ကြိုက်တာ’

အိမ်ရှင်မ အနားရောက်လာသဖြင့် ငွေဝင်းစကားစ ပြတ်သွားသည်။

‘ဟေ့ သစ်သစ် နှင့် ကျားက သုံးသောင်း ထည့်ရင် နင်ကလည်း သုံးသောင်းပေါ့ဟာ’ စောမောင် ပြောသည်။

‘ကျွန်မဆီကို မော်မော်တို့က လာကြဦးမှာ အစ်ကို စောမောင်ရဲ့’

‘အေး ဒါလည်း ဟုတ်တာပဲ၊ အတူတူပါပဲကွာ’

သူငယ်ချင်းများ ပြန်သွားချိန်တွင် ကျွန်တော်၏ စိတ်အာရုံ၌ အတွေးမျှင်တစ်စသည် ရစ်ဝဲ၍ ကျန်ရစ်ပါသည်။ ထိုအတွေးမျှင်သည် ကျွန်တော့်ကို ပြန်မရနိုင်တော့သော အတိတ်ဆီသို့ ခေါ်ဆောင်သွားလေ၏။

❑

ကထိန်ပဒေသာပင် လှည့်သောနေ့ ဖြစ်ပါသည်။

ပေသီးတို့မြို့တွင် ကျောင်းကြီးကထိန်ဟု ခေါ်တွင်သော အထက်တန်းကျောင်းကထိန်သည် အလွန်စည်ကားသည်။ အတန်းခွဲတစ်ခု ပဒေသာပင်တစ်ခု ဖြစ်သဖြင့် ပဒေသာပင် ၂၅ ပင်ခန့် ရှိသည်။ ဤပဒေသာပင် လှူနိုင်ရန် ဝါဝင်ကတည်းက တစ်ရက် ဆယ်ပြား မုန့်ဖိုးထဲက စုခဲ့ကြရသည်။ ကထိန်နားနီးတော့ အတန်းပိုင်ဆရာ၊ ဆရာမက ထပ်ဖြည့်၊ မိဘက *ထပ်ဖြည့်နှင့်လောက်လောက်* လားလားပဒေသာပင်များ ဖြစ်လာလေသည်။ ကျောင်းကြီး ကထိန် မဲပေါက်သော ဘုန်းတော်ကြီးကျောင်းသည် လှူဖွယ်ဝတ္ထု တစ်ပုံကြီးရသည်။ ကျောင်းသားအားလုံးကို ထမင်းကျွေးရတာကလည်း သောက်သောက်လဲပင်။ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မျောက်မူးလဲများ ပြောင်းဆန်အောင် ဆော့သွားလိုက်တာကလည်း တစ်ကျောင်းလုံး ဖွတ်ဖွတ်ညက်ညက်ကြေပြီးကျန်ရစ်သည်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့သည် ကျောင်းကြီးကထိန်ခင်းသည့် နေ့ဖြစ်သည်။ တစ်ပတ်လောက်ကြိုပြီး အတန်းပိုင်ဆရာ၊ ဆရာမအိမ်တွင် ပဒေသာပင်သီးကြသည်။ အဖိတ်နေ့တွင် ပဒေသာပင်များ မြို့တွင်းလှည့်ပြီး ကျောင်းကြီးတွင် စု၍ ညအိပ်သည်။ ထိုည ကျောင်းကြီးတွင် အငြိမ့်ဖြစ်ဖြစ်၊ ပဒေသာကပွဲဖြစ်ဖြစ် ရှိတတ်သည်။ လပြည့်နေ့ နံနက်ခင်းတွင် ဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ဝတ္ထုပဒေသာပင်များစီတန်းပို့ဆောင်၍ ကထိန်ခင်းပါသည်။

အဖိတ်နေ့ ကထိန်ပဒေသာပင် လှည့်ရာတွင် ပက်လက်ထရပ်ကားပေါ်၌ ရှေ့ပိုင်းက ပဒေသာပင်တင်ပြီး၊ နောက်ပိုင်းက တီးဝိုင်းနှင့် အဆိုအကများပါသည်။ တီးသူ၊ ဆိုသူ၊ ကသူ အားလုံး ကျောင်းသူ၊ ကျောင်းသားငယ်များချည်း ဖြစ်၏။ အိုးစည်၊ ဒိုးပတ် ဗုံ တီးကြသည်။ သီတင်းကျွတ်ကတည်းက ဒိုးပတ်တိုက်ရသည်မှာ ပေသီးတို့ လက်ဝါးတွေ ရောင်ကိုင်းနေတော့သည်။

ပေသီးတို့ အဋ္ဌမတန်း (ဘီ)က အားသာချက်တစ်ခု ရှိသည်။ ရွာသား စိုးဝင်းက မယ်ဒလင် တီးတတ်သည်။ ကျော်ကျော်က ဟာမိုနီကာ ဘာဂျာ မှုတ်တတ်သည်။ ဒိုးပတ် အဖိုအမ နှစ်လုံး၊ လင်းကွင်း တစ်ချပ်နှင့် ဝါးလက်ခုပ်များပေါင်းလိုက်တော့ မြိုင်သွားလေသည်။

ခင်မမသည် အဆိုကောင်းဖြစ်၏။ စိုးဝင်း၏ မယ်ဒလင် လက်သံနှင့်တွဲဖက်၍ *မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်* သီချင်းကို သီဆိုနေပေသည်။

*မြိုင်မြိုင်ဆိုင်ဆိုင်×××*
*မြိုင်မြိုင်ဆိုင်ဆိုင်×××လတန်*
*ဆောင်တိုင်×××ကထိန်ပွဲ*
*ခင်းပါတဲ့ လတန်ဆောင်တိုင်*

အသံရှိန်မြင့်ပြီး ဆွဲငင်ရသောနေရာများတွင် ခင်မမသည် လည်ပင်းကြောကလေး ထောင်ထလာအောင် ဆွဲ၍ ဆိုလေသည်။ ကားရှေ့ပိုင်းမှာ ပဒေသာပင်ကို ထိန်းကိုင်နေသော ပေသီးသည် ခင်မမ၏ မျက်နှာလေးကို ငေးကြည့်နေလေ၏။ ချွေးစို့နေသော နဖူးနှင့် ပါးပြင်တို့သည် နေရောင်ခြည်တွင် လက်နေ၏။ ဆံပင်တိုတိုတွင် ကလစ်နှင့်ညှပ်၍ပန်ထားသော နှင်းဆီဖြူတစ်ပွင့်ကလည်း မျက်နှာကလေးနှင့် အပြိုင် နုပျိုစိုလန်းနေပေသည်။

ခင်မမ၏ အသံသည် ဝေစည်နေ၏။ ပေသီး၏ သောတအာရုံသို့ လျှောခနဲ ဝင်ရောက်ပြီးနောက် ချိုအီသောရသကို ပေးလေ၏။ နှုတ်ခမ်းကလေးများ သံစဉ်အလိုက် လှုပ်ရှားနေပုံကလည်း ကဗျာ ဆန်လှ၏။ သူ့အစ်မ ခင်ပပကလည်း သူ့လိုပင် အသံကောင်း၊ အဆိုကောင်းဖြစ်သည်။ ခင်ပပသည် ဆယ်တန်းဖြစ်သဖြင့် သူတို့ အတန်း ကထိန်လှည့်ရာတွင် သီချင်းဆိုနေမည်မှာ



www.burmeseclassic.com

www.burmeseclassic.com

မလွဲတည်း။

ပေသီး ခင်မမကို ငေးကောင်းနေဆဲ 'ဟေ့ကောင် ဘယ်ငေးနေတာလဲ။ ဟိုမှာ ထီးနဲ့ ခတ်ကြိုးနဲ့ ငြိတော့မယ်' ဒွေးဝင်း လှမ်းငေါက်တော့မှ ကပျာကယာ ခတ်ကြိုးကို ဝါးလုံးခွဖြင့် လှမ်းထောက်လိုက်ရသည်။

❑

ကျောင်းကြီး ကထိန်ပြီး သွားသော်လည်း ပွဲပြီးမီးသေ မဖြစ်ခဲ့ချေ။ ကထိန်အကြောင်း စားမြုံ့ပြန်ရသည်မှာလည်း ကထိန်ဒါယကာ ကျောင်းသားတို့၏ ဝတ္တရားဖြစ်၏။ အလွန် အရသာရှိပါသည်။ ဘုန်းတော်ကြီးကျောင်းက ကျွေးသော ငါးသလောက်ပေါင်းနှင့် ထမင်း ငါးပန်းကန် အုပ်ခဲ့သော စောမောင်ကား ယခုထက်ထိ အအီမပြေသေးချေ။ စကားပြောသံက အိပျော့ပျော့၊ ပျင်းတွဲတွဲ။

'ဆယ်တန်းဘီက ချိုးတဲ့ ဆင်ရုပ် တော်တော်လှတယ်ကွ၊ ပြီးတော့ သူတို့က ကားနှစ်စီးနဲ့ ရှေ့ကား၊ နောက်ကား မီးတွေဆင်ပြီး ညပိုင်းမှာပါ လှည့်တော့ အပြတ်ကျော့သွားတာပေါ့ကွ'

'ဒါကတော့ ငါတို့လည်း သူတို့လို အတန်းကြီးရောက်ရင် လုပ်နိုင်ပါတယ်ကွ'

'ခင်ပပကလည်း အဆိုတော်တော် ကောင်းတယ်ဆိုပဲ'

'ဟကောင် စောမောင်ရ ခင်မမအသံက ပိုကောင်းသပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား ပေသီး'

တစ်ခါက
ဤပြတင်းပေါက်
အနီးတွင်
ကောင်လေး
တစ်ယောက်နှင့်
ကောင်မလေး
တစ်ယောက်တို့
ရပ်နေခဲ့ကြသည်
ကောင်လေး
လက်ထဲမှာ
စာအုပ်တစ်အုပ်
ကိုင်လျက်
ကောင်မလေးသည်
လွယ်အိတ်ကြိုးကို
အကြောင်းမဲ့
ဆွဲဆွဲဖြန့်နေရင်း
ခပ်ငုံ့ငုံ့
စကား
ပြောနေသည်

ပေသီး မလှုပ်နိုင်ပါ။ 'အဟီး' ခနဲ သွားကလေး ဖြဲနေရတော့သည်။

ကထိန်အပြီး ပေသီး တစ်ယောက် တာဝန်တစ်ခု ပိုလာပါ၏။ ယင်းမှာ ညစဉ် ညဦးပိုင်းတိုင်း ခင်မမတို့ အိမ်ရှေ့မှ တစ်ခေါက်တစ်ခေါက် ဖြတ်ဖြတ် လျှောက်ရခြင်းဖြစ်သည်။ ခင်မမ သူ့ကိုမြင်အောင် လူလုံးပြ၍ရသည်တော့ မဟုတ်။ လမ်းမီးရောင်က ခပ်မှိန်မှိန်ဖြစ်သည်။ ခင်မမတို့ညီအစ်မ စာကြည့်စားပွဲ ထိုင်နေကြသည်ကို လမ်းပေါ်မှ လှမ်းမြင်ရရုံမျှသာ။ ထိုမျှနှင့် ကျေနပ်ရသည်။ သူ့အမေ ဝတုတ်ကြီး အိမ်ရှေ့ ထွက်ရပ်နေသည်နှင့် ကြုံလျှင်တော့ တစ်ကြိုးတည်း လစ်ရတော့သည်။

ဒုက္ခတော့ အတော်များသား။ ခင်မမတို့နေတာက အနောက်ပိုင်းထဲမှာ၊ ပေသီးက ဈေးပိုင်းသား။ ရပ်ကွက်ချင်း ခြားနေသဖြင့် တစ်ယောက်တည်းလည်း မသွားဝံ့။ ဒီတော့ ဒွေးဝင်းတို့ ကျော်ကျော်ကြီးတို့ကို အဖော်ခေါ်ရသည်။ တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်၊ လေးငါးရက်ကူးလာတော့ သူ့ကောင်းသားများ သိပ်မလိုက်ချင်တော့။ ချော့မော့ခေါ်ရသည်။

'ဟကောင် ပေသီးရ၊ မင်းဟာက အဓိပ္ပာယ် မရှိဘူး။ ဟိုက မင်းကို မြင်ရတာလည်း မဟုတ်၊ မင်းလာတာ သူသိတာလည်း မဟုတ်နဲ့' ဒွေးဝင်း ဂျီတွန်ပြီ။

'ဒါကတော့ကွာ၊ ငါသူ့ကို မြင်ရရင် ကျေနပ်တာပဲ။ နို့မို့ရင် အိပ်မပျော်ဘူးကွ'

'ဟ မင်း တစ်နေ့လုံး အတန်းထဲမှာ မြင်နေရတဲ့ ဥစ္စာ'

'ညဦးပိုင်းကလေးလည်း မြင်ချင်သေးတာပဲကွ'

'ဒီလိုဆို မင်းသီချင်းဆို၊ ဒါမှ မင်းလာမှန်း သူသိတော့ လာရကျိုးနပ်တာပေါ့ကွ'

'ငါမှ မဆိုတတ်ဘဲ'

'မဆိုတတ် တတ်အောင်သင်လေကွာ။ မင်း အကြောင်ကြောင် လုပ်မနေနဲ့နော်၊ ဟိုက အဆိုတော်ဖြစ်သွားတော့မှ မင်း ပက်လက်လန်နေမယ်'

ဒွေးဝင်းပြောတာ ...
သလိုလိုပင်။ ကျော်ကျော်...
စောမောင်တို့နှင့် တိုင်...
ကြည့်တော့ ဒီကောင်တွေ...
လည်း တစ်လေတည်း၊ တ...
သံတည်း။ သို့နှင့် ပေသီး...
တစ်ယောက် မယ်ဒလင် ...
ဝင်းထံတွင် သီချင်းတက်...
လေတော့၏။ *လှယမင်း...*
*တွေ့ဆုံခြင်း၊ ချစ်အားငယ်...*
*သူမယ်၊* ပေသီးအာအတွေ့...
ဆုံးက *ငြင်းပယ်မှာပဲ ...*
*တယ်။*

တီးရ၊ ဆိုရ အတော်...
ကလေး ဟုတ်လာတော့...
ခင်မမတို့အိမ်နဲ့ မလှမ်း...
မကမ်းရှိ ကင်းတဲကို အခြေ...
ပြုရသည်။ ကင်းသမားများ...
ကို ဆေးလိပ် ကွမ်းယာ ပံ့ပိုး...
၍ စည်းရုံးရသည်။ မယ်...
ဒလင် စိုးဝင်းကိုကား လက်...
ဖက်ရည်တိုက်၍ ခေါ်ရ...
ဘာဂျာ ကျော်ကျော်ကြီးကား...
အလကားလိုက်ပေးပေ...
သူ့ဘာဂျာနှင့် ဆိုချင်တဲ့...
သီချင်းတွေနဲ့က အံမကိုက်...
သူ့ခမျာ တစ်ပိုဒ်တလေသာ...
ဝင်မှုတ်ရသည်။ ဒီလိုနှင့်...
တစ်ညခြား၊ နှစ်ညခြား သုံး...
ကြိမ်လောက် ဆိုပြီးချိန်တွင်...
ကား ခင်မမထံမှ အသံထွက်...
လာလေ၏။

တစ်ရက် အတန်းအား...
ချိန်တွင် ...

'ဟဲ့ ပေသီး နင့်အသံ...
မဆိုးဘူးဘဲဟ၊ ကောင်းသား...
ပဲ'

'အာဟာ ပေသီးလို့...
မခေါ်ပါနဲ့ဟာ၊ ငါ့နာမည်...
မောင်မောင်ပါ'

'အမယ် ခေါ်ချင်...
ဘူး။ နင့်နာမည်က တင်...
စီးစီးနဲ့ ပေသီးဟာ ...



www.burmeseclassic.com

www.burmeseclassic.com

ပါတဲ့'

ပေသီး အလျှော့ပေး လိုက်ရပါသည်။ စင်စစ် တစ်တန်းလုံးကလည်း ဘယ် သူမှ မောင်မောင် မခေါ်။ အတန်းပိုင်ဆရာမ ကျောင်း ခေါ်ကြိမ်ခေါ်တုန်းသာ မောင် မောင်ဟု အခေါ်ခံရသည်။

'နင့်အသံ မဆိုးပါဘူး ။ အဝင်အထွက်ကလေး တွေ နည်းနည်းပါးပါး ပြင် လိုက်ရင် ဒီထက်ပိုကောင်း သွားမယ်'

ပေသီး တော်တော် ပျော်သွား၏။ ငွေးဝင်းကို ပြုံပြတော့ 'ဟော့ကောင် ပေးပေတော့'ဟု လမ်းညွှန် သည်။ ပေသီး မျက်လုံး ပြူးနေ၏။

'ငါ ငါ ရည်းစားစာ ရေးတတ်ဘူးကွ'

'ဒါများ ခက်လို့ကွာ။ အ ထစ် ကျော်စိန် ရေးခိုင်း လိုက်၊ အလွယ်လေးပါ။ မင်း ကို မုန့်တော့ ဝယ်ကျွေးရ မှာမယ် ငါ့လူ'

အ ထစ် ကျော်စိန်အား ကျောင်းရှေ့အောက်ရှိ ဒေါ်တင်ဥ ဆိုင်မှ အသုပ်စုံတစ်ပွဲ ဝယ် ကျွေးပြီး ဆရာ တင်လိုက်ရ လေ၏။ အ ထစ် ကျော်စိန် သည် စကားပြောလျှင်သာ ထစ်သည်။ သီချင်းဆိုတော့ ကောင်းလို့၊ ဖြူးလို့။ စာစီစာကုံး ရေးလျှင်သာ ဆရာ အဆို ခံလိုက်ခံရသည်။ ရည်းစားစာ ကျတော့ ချောလို့။

သို့…

ချစ်ရပါသော 'မ'တဲ့။ ပေသီး အရှမ်း ကြိုက် ... ကုလားဆိုင်က ... ပြာပြာကလေး တစ် ... ပြီး အချောကူး

လိုက်သည်။ သပ်သပ်ရပ်ရပ် ခေါက်ပြီး ကော်ပီစာအုပ် တစ်အုပ်ကြား၌ ညှပ်ထား လိုက်သည်။ ညနေ ကျောင်း ဆင်းတော့ ခင်မမ လက်ထဲ သို့ ကော်ပီစာအုပ်ကို ထိုးပေး လိုက်သည်။

'ဘာလဲ'

ခင်မမ မေးသည်။ စာ အုပ်ကိုတော့ လှမ်းယူ၏။

'အိမ်ကျ ဖတ်ကြည့် လေ'

ပေသီး တုံးတိတိပင်။ ဒီ့ထက်လည်း ပိုမပြောနိုင်။ သူ့ရင်တွေ တဒိတ်ဒိတ် ခုန် နေသည်။ ခင်မမက ကော်ပီ စာအုပ်ကို သူ့လွယ်အိတ်ထဲ ထိုးထည့်သွားသည်။ သူ လည်း သိပေမပေ့ါ။

မူလ အစီအစဉ်အရဆို လျှင် ဒီည မယ်ဒလင် စိုးဝင်း ကို ပင့်၍ သီချင်းသွားဆိုမည် ဖြစ်၏။ သို့ရာတွင် အိမ် ရောက် ရေမိုးချိုးပြီး အချိန်ရှိ တုန်းလေး အိမ်စာကလေး လုပ်လိုက်ဦးမည်ဟု စာအုပ် တွေ ဆွဲထုတ်တော့ ဟော စာရွက်ပြာပြာ အခေါက် ကလေး ထောက်ခနဲ ထွက် ကျလာလေ၏။

ဟိုက် သွားပြီ။ စာအုပ် ချင်းမှားပေးခဲ့မိချေပြီ။ ဖြစ် ရမယ်၊ ဖြစ်ရမယ်။

နောက်တစ်နေ့မနက် ကျောင်းရောက်တော့ ငွေး ဝင်းကို အရင်ဆုံး ဖြစ်ပုံ ပြော ပြတော့ ပေသီးခေါင်းကို လက်ခေါက်ဖြင့် 'ဒေါင်'ခနဲ ခေါက်ထည့်လိုက်သည်မှာ *သခင်ဂျဝဆရာမထက် ပင်* လက်သံပြောင်သေး၏။

ဒုတိယနေ့မှာတော့ မလွဲ ရအောင် ပေးကာနီး စာအုပ်

ကြားက စာခေါက်ကို ဟ ကြည့်ပြီးမှ ပေးလိုက်သည်။ ခင်မမ ဘာမျှပြောမနေ။ ဟန်မပျက်ယူပြီး လွယ်အိတ် ထဲ ထိုးထည့်သွားလေ၏။ ညပိုင်း သီချင်းသွားဆိုဖို့ စီစဉ် ပြန်တော့ မယ်ဒလင် စိုးဝင်း က ရွာပြန်သွားသဖြင့် ပွဲပျက် လေ၏။ ဟုတ်ပ။ မနက်ဖြန် စနေ။ ပြီး တနင်္ဂနွေ။ နှစ်ရက် ကြီးတောင် ကျောင်းပိတ်ဦး မည်။ ဟူး တမေ့တမော်ကြီး စောင့်ရပေဦးမည်။

တနင်္လာနေ့မနက် အစောကြီး ကျောင်းသို့ ပေသီး ရောက်နေလေ၏။ ကျောင်း ခန်းထဲ တံမြက်စည်းလှည်း၊ သောက်ရေအိုး ရေဖြည့်လုပ် နေတုန်း ခင်မမတို့ တစ်သိုက် ရောက်လာလေ၏။ ပေသီး မသိဘာသာ ကိုယ့်အလုပ် ကိုယ်လုပ်နေလိုက်သည်။ ခင်မမ အဖော်များဘက်မှ ခွဲထွက်ပြီး ပေသီးထံ ချဉ်း ကပ်လာ၏။

'ဟဲ့ ပေသီး'

ခင်မမ လှမ်းခေါ်လိုက် တော့ ပေသီးရင်ထဲ ဒိန်းခနဲ တုန်သွားသည်။ နှုတ်က လည်း အားစေးထည့်ထား သလို ဟမရ။

'ငါ ပြောစရာရှိလို့'

ပေသီး ကျောက်ရုပ် တစ်ခုလို ရပ်နေသည်။ မျက်နှာက ခပ်ငယ်ငယ်။

'နင်ဟာလေ နမော်နမဲ့ နိုင်ရုံတင်မကဘူး။ ကိုယ့်အား ကိုယ်မကိုးချင်တဲ့ ငပျင်းပဲ။ နည်းနည်းပါးပါး ကိုယ့်စွမ်း *ကိုယ်စကလေးများ မထုတ်* နိုင်တော့ဘူးလား ဟင်'

ခင်မမ ပေသီး၏ ကော် ပီစာအုပ်ကို ပြန်ပေးလေ၏။

ပေသီး အသာဟကြည့်တော့ အထဲမှာ စာရွက်ပြာပြာ အခေါက်ကလေး။ မျက်နှာ တစ်ခုလုံး ထူပူသွားသည်။

'ဘာဖြစ်လို့လဲ ဟာ'

'ဘာဖြစ်လို့လဲဆိုတော့ နင်ပေးတဲ့စာနဲ့ ငါ့အစ်မကို ဆယ်တန်းက ကိုအောင်နိုင် ပေးတဲ့ စာနဲ့က 'ဏ်'၊ 'သည်' မလွဲ အကုန်တူနေလို့လေ၊ ဒါကြောင့်'

ခင်မမ လှည့်ထွက်သွား လေ၏။

ပေသီး ဟိုး အဝေးကြီး ကို ထွက်ပြေးသွားချင်ပါ သည်။ သို့သော် အကြောင်း ကြောင်းကြောင့် မပြေးနိုင်။ နောက်ဆုံး ခုံတန်းသို့သာ နေ ရာရွှေ့၍ထိုင်နေလိုက်ရသည်။ ရှဲဒိုးဆရာ အ ထစ် ကျော်စိန် ၏ ထိုးနှက်ချက်သည်ကား မရည်ရွယ်သော်လည်း အချက် ကို ထိမိခဲ့လေ၏။

❑

အမျိုးသားနေ့။

နံနက်စောစော ရန်ကုန် မှ ထွက်လာရာ ဓာတီမြို့သို့ ဆယ်နာရီခန့်တွင် ရောက်ပါ သည်။

ကျွန်တော့်အဖေအိမ်နှင့် သစ်သစ်အမေအိမ်တို့သို့ ခေတ္တဝင်၊ မုန့်ပဲသရေစာများ ဖြင့် ကန်တော့ပြီးနောက် ကျောင်းသားဟောင်းများ ထမင်းကျွေးမည့် မင်းပိုင်း ခမ္ဘာရုံသို့ ခရီးဆက်ခဲ့သည်။ မြို့လယ်ဈေးလမ်းကိုဖြတ် စဉ် ဤနေရာမှာ ဟိုတုန်းက သင်္ဂဟစာပေတိုက်ဆိုတာ ရှိခဲ့ *ဖူးသည်ကို အမှတ်ရသည်။* ကျွန်တော်တို့ငယ်ငယ် မူလ တန်းကျောင်းသားဘဝတုန်းက အမျိုးသားအောင်ပွဲနေ့ ချီ

www.burmeseclassic.com

တက်ကြရစဉ် သင်္ဂဟစာအုပ် တိုက်ရှေ့မှ မုန့်ဝေပါသည်။ ယခုလို တန်ဆောင်မုန်းလတွင် လှိုင်လှိုင်ပေါပြီဖြစ်သော မုန့်ဆန်းသကြားထပ်ကို အုန်းသီးနိုင်နိုင်ဖြူး၍ ဝေပါသည်။ ကျောင်းသားတစ်ယောက်တစ်ထုပ်၊ ဗိုက်တင်းအောင် စားကြရသည်။ မုန့်ဆန်းသကြားထပ်ကို ပလုတ်ပလောင်း ဝါးစားရင်း ကြွေးကြော်သံများ အော်ခဲ့ကြသည်။ ထိုမုန့်ဆန်းသကြားထပ်ကို ကျွန်တော် မကြာခဏ သတိရတတ်ပေ၏။

မင်းပိုင်း ဓမ္မာရုံသို့ ရောက်တော့ စောမောင်နှင့် ကျော်ကျော်တို့ကို အခန့်သင့် တွေ့ရသည်။ ရန်ကုန်ရောက် မြို့နယ်အသင်းမှ ဘတ်စ်ကားကြီးနှစ်စီးစာ ရောက်နှင့်ပြီးဖြစ်သဖြင့် လူစည်နေချေပြီ။

'ဟေ့ကောင် ဌေးဝင်းကောကွ'

'ကျောင်းမှာ သွား ပြင်ဆင်နေတယ်။ မင်းတို့လည်း မြန်မြန်စားကြ၊ အခမ်းအနား စတော့မှာ'

မြို့ခံ ကျောင်းသားဟောင်းများ၏ စေတနာ ငါးသလောက်ပေါင်း၊ ကြက်သားကာလသားချက်၊ ပဲနောက်ဟင်းချို၊ ငါးပိနှင့် အတို့အမြှုပ် အစုံစား၍ အတော်မြိန်ပါသည်။

ထမင်းစားပြီး ကျောင်းဘက်သို့ ခပ်သွက်သွက် ကူးကြရသည်။ အထကကျောင်းကြီးကား ကျွန်တော်တို့ ငယ်ငယ်ကနှင့် မတူတော့ပါ။ ကျောင်းကြီး၏ ပန္နက်ပုံသည် အင်္ဂလိပ်အက္ခရာ E ပုံဖြစ်၏။ သို့သော် ကျွန်တော်တို့ ကျောင်းတက်စဉ်က E အက္ခရာ၏ ဒေါင်လိုက်တစ်ချောင်းသာပြီးသေးသဖြင့် I ပုံသဏ္ဌာန်ကြီးဖြစ်နေခဲ့သည်။ ယခုမူ E ပုံသဏ္ဌာန် အပြည့်ဖြစ်လျက် E အက္ခရာ၏ အလယ်ကန့်လန့်တန်း အပေါ်ထပ်သည် ကျောင်းခန်းမ ဖြစ်လေ၏။ ကျောင်းခန်းမထဲရှိ အသံချဲ့စက်မှ တွံတေးသိန်းတန်၏ *အသီးတစ်ရာ အညှာတစ်ခု* သီချင်းကို ဖွင့်ထားသည်။ လွမ်းစရာကောင်းလှ၏။

အခမ်းအနား မစမီ ရုံးခန်းတွင် စုဝေးရောက်ရှိနေသော ဆရာကြီး၊ ဆရာမကြီးများကို ဝင်ရောက်နှုတ်ဆက်ရသည်။ အချို့ ဆရာကြီး၊ ဆရာမကြီးများ ကျွန်တော်တို့ကို မမှတ်မိချေ။ နှစ်တွေလည်း ကြာခဲ့ပြီကော။

'ကျွန်တော် ပေသီးလေ' ဆိုမှ အချို့ မှတ်မိကြသည်။ မှတ်မိမိ၊ မမှတ်မိမိ ဆရာကြီး၊ ဆရာမကြီးကား ဝမ်းသာပီတိဖြင့် မျက်ရည်ဝဲကြလေ၏။

အခမ်းအနား စတော့မည်မို့ နေရာယူကြရသည်။ ငယ်ပေါင်းတွေ ပြန်တွေ့ကြတော့ တစ်ယောက်တစ်ပေါက် စကားသံတွေ ဆူညံနေချေ၏။ ကျော်ကျော်ကား စင်မြင့်ရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် အလုပ်ရှုပ်နေ၏။ ဒီကောင် ငယ်ငယ်က အတိုင်းပဲ။ လူရှေ့သူရှေ့ဆိုလျှင် ပျာယီးပျာယာနှင့်။

အခမ်းအနားကို *မြတ်ဆရာ* သီချင်းဖြင့် စဖွင့်ပါသည်။ ထိုစဉ် ဌေးဝင်း ကျွန်တော့်အနားသို့ ကပ်လာ၏။

'ဟေ့ကောင် သီချင်းဆိုနေတဲ့ ညာဘက်က တစ်ယောက်ကို သေသေချာချာ ကြည့်ကြည့်စမ်း'

စင်ပေါ်တွင် အမျိုးသမီး သုံးယောက်သီချင်းဆိုနေကြသည်။ တော်တော် အရွယ်ရနေကြသူများ ဖြစ်ပုံရပါသည်။ အဲ ဝလည်း တော်တော် ဝနေကြပါပြီ။ ဆင်တူဝတ်ဆင်ထားသော ချိတ်လုံချည်များကို အတော်ကလေး အားစိုက်ပြီး ပတ်ထားကြရပုံပေါ်သည်။

'ဘယ်သူလဲ သိလား'

ကျွန်တော် မသိနိုင်။ ဝေးလည်းဝေးတော့ မျက်မှန်ထဲမှာ ပုံရိပ်ကို သိပ်ဖမ်းလို့မမိချင်။

'အဲဒါ ခင်မမလေကွ'

ကျွန်တော့်ရင်ထဲ ဒိန်းခနဲ မြည်သွားချေ၏။

'ဟုတ်ရဲ့လားကွာ'

'သြော် မင်းမယုံရင် ခဏနေတော့ ငါခေါ်လာခဲ့မယ်'

'ဟာ ဟေ့ကောင် မလုပ်နဲ့၊ မလုပ်နဲ့'

ကျွန်တော် ပျာပျာသလဲ တားရသည်။ အိမ်ရှင်မဘက်သို့လည်း မျက်ရိပ်ပြရသည်။ သစ်သစ်က ရိပ်ဖမ်းသံဖမ်း နည်းနည်းတော့ သိသည်။ သို့သော် ရှေ့တင်ကြီးကျတော့လည်း ကောင်းမည် မထင်။ မျက်နှာပူစရာ။ သစ်သစ်ကား သူ့သူငယ်ချင်းများနှင့် စကားကောင်းနေသည်။ စင်မြင့်ပေါ်က သီချင်းသံကို သူတို့ စိတ်မဝင်စားကြပေ။ အချို့ရတုန်း တိုးတိုး၊ တိုးတိုး လုပ်ပြောနေကြသည်။ ကျွန်တော် စင်မြင့်ပေါ်သို့ အာရုံစိုက်လိုက်ပြ... သည်။ သီချင်းဆိုသူ သုံး... ယောက်အနက် ဌေးဝင်း... သော ခင်မမဆိုသူက အ... ဆုံးဖြစ်နေ၏။ ခန့်မှန်း... ပေါင်နှစ်ရာလောက် ရှိ... မလား။

'ဌေးဝင်း'

'ဘာလဲကွ'

'ငါ ကံကောင်းလို့ ... လားကွာ'

'ဟေ ဘာဖြစ်လို့'

'သြော် ဒီလော... ဝတုတ်ပြဲကြီးဖြစ်သွား... လေ'

'အေး ဒါဘာဟု... သေးလဲ၊ သူ့အစ်မ ခင်ပ... ယောက်ျားလည်းရ၊ က... လည်းမွေးနဲ့ သူ့ တစ်... လောက်ရှိတယ်'

'မင်းပြောတော့ အ... ကထက်တောင် လှ... တယ်ဆိုကွ'

'ငါပြောတာ လို... လို့ကွ၊ အရင်ထက် လှ... က ဝလည်း ဝသေးတယ်... ပြောရမှာ ဟဲဟဲဟဲ'

ကျွန်တော်တို့ ကို... ရယ်လိုက်သည်။

အဖွင့်သီချင်း အစီအ... ပြီးသွားသဖြင့် ဌေးဝင်း... သွားသည်။ ဆရာကြီး၊ ဆ... မကြီးများကို စင်မြင့်ပေါ်... ပို့၍ နေရာချထားပေး... သည်။ ပရိသတ်အတွ... စကားသံများ ညံလာ... သည်။ ကျွန်တော်၏ အ... အာရုံသို့ ခင်မမ ရောက်... ပြန်ချေ၏။ ဟိုတုန်းက ... ဆိုသည့် အကောင်က ခ... ထုံ၊ ခပ်အူအူ၊ ရှဲဒိုးရည်... စာပြန်ပေးတာနဲ့ပဲ ... မတိုးတော့။ ...



www.burmeseclassic.com

www.burmeseclassic.com

ကိုရေးတစ်စောင်လောက် ဆက်ကြိုးစားကြည့်ခဲ့ဖို့ ကောင်းသည်။ ခင်မမက ပစ်ခါခါ ငြင်းဆန်ခဲ့တာမှ ဟုတ်ပေဘဲ။

ကျွန်တော်ထိုင်နေသည့် နေရာမှာ တံခါးပေါက်တစ်ခုအနီးတွင် ဖြစ်ပါသည်။ ထိုတံခါးပေါက်မှ အပြင်ဘက်ခြင်းကို မျှော်ကြည့်လိုက်ရာ အနောက်ဘက်ဆောင် စာသင်ခန်းများကို မြင်နေရသည်။ ဆောင့်ချိုးစာသင်ခန်းတစ်ခု ပြတင်းပေါက်တစ်ပေါက် ကျွန်တော်ဖျတ်ခနဲ အမှတ်ရလိုက်သည်။ ပြတင်းပေါက် ညှိမှန်ပြတင်းဖြစ်၏။ သစ် ကျည်းပေါင်ကို ကြည့်ရောင် ဆေးသုတ်ထားပါသည်။ ဟိုတုန်းက အတိုင်း

တစ်ခါက ဤပြတင်းပေါက်အနီးတွင် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ ရပ်နေကြသည်။ ကောင်လေး လက်ထဲမှာ စာအုပ်တစ်အုပ်ကိုင်လျက်။ ကောင်မလေးသည် လွယ်အိတ်ကြိုးကို ကြောင်းမဲ့ ဆွဲဆွဲဖြန့်နေရင်း စကားပြောနေသည်။

'နင်ကတော့ အောင်ပြီဆိုတော့ ပြောအားရှိ ပေါ့ဟာ၊ တက္ကသိုလ် ရောက်ရင်သာ…'

'အဲဒီလို မဟုတ်ပါဘူး အားငယ်စရာတွေ ပါနဲ့ ရော့၊ ဒီမှာ နင် ရို'

ထွေ့ကြစာအုပ်ဖြစ်ပါ တက္ကသိုလ် ဘုန်းနိုင် သူငယ်ချင်းလို့ပဲ ဆက်၍ ခေါ်မည် ခိုင်။ အတွင်း၌ စွယ်

တော်ရွက်ခြောက် တစ်ရွက် ညှပ်လျက်။

'ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ကြရန် ကျွန်တော်တိုင်ပေးသော ကန်တော့ချိုးကို လိုက်ဆိုကြပါ ခင်ဗျား'

အသံချဲ့စက်မှ ထွက်ပေါ်လာသော ကျော်ကျော့် အသံက ကျွန်တော့်ကို ပစ္စုပ္ပန်သို့ ပြန်ခေါ်လိုက်ပါသည်။ ကန်တော့ချိုးကို လိုက်ဆိုနေစဉ်အတွင်း စိတ်တွင် ဝမ်းနည်း၊ ဝမ်းသာ နှစ်မျိုးရော၍ လှိုက်ဖိုနေပါသည်။ အတိတ်ကို တမ်းတခြင်းနှင့် ပစ္စုပ္ပန်၌ ကြည်နူးခြင်းတို့ လိမ်ယှက်ပြီး မရှိုက်မိအောင် သတိထားနေလိုက်ရပါသည်။ ကန်တော့ချိုးအဆုံးတွင် ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်ကြသည်။

ထို့နောက် သစ်သစ်တို့ဝိုင်းက တွတ်ထိုးကြပြန်လေ၏။

'သစ်သစ်'

မော်မော်၏ ခေါ်သံ။

'ဘာလဲဟ'

'နင့်ကို ဟိုဒင်းက တွေ့ချင်လို့တဲ့'

မော်မော့်အသံက ခပ်အုပ်အုပ်။

'ဘယ်ဒင်းလဲ'

'ဇော်ဝင်းမောင်က'

'ကောင်မစုတ်'

'တကယ်ပြောတာ၊ သူ အသုံးမကျလို့ လွဲခဲ့ရတာကို တောင်းပန်ချင်လို့တဲ့'

'ဟိတ် တော် တိတ် ကောင်မ ကိုကို ကြားသွားမယ်'

ကိုကိုခေါ် ပေသီးကား မကြားဟန်ဆောင်နေလိုက်ရုံမှ တစ်ပါး ဘာများကော တတ်နိုင်ပါဦးမည်နည်း။

သစ်သစ်တို့အုပ်စု ခန်းမအပြင်ဘက် ဝရန်တာသို့ ထွက်သွားကြ၏။ ဝရန်တာတွင် ကျွန်တော် သူ့မျက်နှာကို မှတ်မိသော်လည်း နာမည်ကို ဖော်၍မရသော သူငယ်ချင်းတစ်ယောက် ရပ်နေသည်။ ကျွန်တော် သူ့ကိုပြုံးပြလိုက်သည်။ သူကလည်း ပြုံးနေ၏။ နှုတ်ဆက်ရန် သူ့အနားသို့ကပ်သွားစဉ် ကျွန်တော့်ကျောပြင်ကို အုန်းခနဲ အထုခံလိုက်ရသည်။

'ဟဲ့ ပေသီး အမယ် နင်က အခုမှ ကြီးကျယ်လို့ မသိချင်ယောင်ဆောင်နေသပေါ့လေ။ လာစမ်းအကောင်စုတ်'

စွာကျယ်ကျယ်ပြော၍ ကျွန်တော့်လက်ကို ပိုင်စိုးပိုင်နင်း ဆွဲထားသူကား ခင်မမ ဖြစ်လေ၏။ သစ်သစ်က မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းဖြင့် ကြည့်နေချေ၏။ ခင်မမကား ပတ်ဝန်းကျင်ကိုဂရုမစိုက်။ ကျွန်တော့်မျက်နှာကိုသာကြည့်လျက်…

'အမယ် အကြောင်ကြောင် လုပ်နေပြန်ပါပြီ။ ဟိုတုန်းကတော့ နင်ပဲ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်ဆို၊ ခုတော့ မသိသလိုလို၊ မမှတ်မိသလိုလိုနဲ့။ ဟဲ့ ညကျရင် ငါတို့အိမ်ရှေ့မှာ သီချင်းလာဆိုပါဦးဟဲ့'

ဝါးခနဲ ဝိုင်းရယ်လိုက်ကြလေ၏။ ထိုအထဲတွင် ဌေးဝင်း၏ အသံက အကျယ်ဆုံးဖြစ်လေသည်။

**သူငယ်ချင်းများ ပျော်ရွှင်ကြပါစေ။**

■

**ဖိုးလမင်း**


**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com



# မောင်သိန်းဆွေ၊ ထားဝယ်၊
# မြန်မာစာပေမှ
# မော်ကွန်းခေါ်သော
# ကဗျာရှည်

ကမ္ဘာ့စာပေ၌ Epic ဟုခေါ်သော ကဗျာရှည် တစ်မျိုးရှိသည်။ ယင်း Epic ကဗျာသည် 'ဂရိစာပေ' နယ်တွင် ဟုမ္မာ (Homer)၏ခေတ်၌ ထင်ရှား၍ လူသိများခဲ့၏။ ယင်း၏ ဣလျဒ်(Illiad)နှင့် ဩဒဿေ(Odessey) မဟာကဗျာနှစ်ပုဒ်သည် ခံ့ညားသော အဖွဲ့အနွဲ့ဖြင့် ကြီးကျယ်မြင့်မြတ်သော ဥတ္တမပုရိသ အခြင်းအရာတို့ကို ဖွဲ့ဆိုသောအဖွဲ့ဖြစ်၍ Epic(သို့မဟုတ်) အမိကရအဖွဲ့ဟု ခေါ်ဆိုကြသည်။ ဣလျဒ်မှာ ဣလျံ(Ilium) မြို့ကိုဖွဲ့သော ကဗျာဟု ဆိုနိုင်ပါသည်။ တစ်နည်းအားဖြင့် ဂရိတို့က ထရိုင်မြို့ကို ခေါ်သောအမည်ဖြစ်၏။ ထရိုင်မြို့ ကျဆုံးခန်း၌ ကဗျာရှည်ပြီးဆုံးသည်။ ဩဒဿေကဗျာမှာမူ ထရိုင်စစ်ပွဲ အောင်မြင်ပြီး သူရဲကောင်းတို့ ပြည်တော်ပြန်ကြရာမှ အစပြု၍ နောက်ဆုံး 'ယူလဆီး' နှင့် 'ပင်နဲလိုပီ' တို့ ဇာတ်ပေါင်းခန်းတွင် အဆုံးသတ်ထားသည်။ 'ယူလိုက်ဆီး' ကို ဂရိတို့က 'ဩဒဿူ' (Odysseus)ဟု

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဝေါ်သည်ကို အစွဲပြု၍
'ဩဒဆ္ဆေ' ကဗျာဟု
ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။
အလားတူပင်
'ရောမစာပေ'နယ်တွင်လည်း
ရောမစာဆိုတော် ဗာဂျီလ်(Virgil)၏
'အီနီးယဒ်'(Aeneid)
အဲပစ်လင်္ကာကြီးသည်
အထင်ရှားဆုံးနှင့် အရေးကြီးဆုံး
ကဗျာကြီးဖြစ်ပေသည်။
ယင်းကဗျာသည်ပင် ဟုမ္မာ၏
မဟာကဗျာနှစ်ပုဒ်၏
အဆက်ဖြစ်ပေသည်။
အင်္ဂလိပ်စာပေသမိုင်းစဉ်၌မူ
ဇာတ်ကွန်းကဗျာနှင့်ပတ်သက်၍
ထင်ရှားသူမှာ 'အက်မန်စပင်ဆာ'
(Edmund Spenser)ပင်
ဖြစ်သည်။
စပင်ဆာက
The Fairie Queen ခေါ်
နတ်ဒေဝီ(နတ်ဘုရင်မ)
ဇာတ်ကွန်းကဗျာရှည်ဖြင့်
သူ့ခေတ်ကို ဖန်တီးနိုင်ခဲ့ပေသည်။
စပင်ဆာနောက် 'ဂျွန်မီလ်တန်'
(John Milton) က
Paradise Lost ခေါ်
**'နိဗ္ဗာန်ဘုံ ပျောက်ဆုံးခြင်း'**နှင့်
Paradise Regained ခေါ်
**'နိဗ္ဗာန်ဘုံ ပြန်ရခြင်း'**ဟူသည့်
ကဗျာရှည်နှစ်ပုဒ်ကို ရေးသားခဲ့ရာ
ယင်းကဗျာတို့သည် Epic ခေါ်
ဇာတ်ကွန်းစာပေအမျိုးအစားများပင်
ဖြစ်ပေသည်။
မြန်မာစာပေနယ်တွင်မူ
ခေတ်အဆက်ဆက်
ဇာတ်ကွန်းကဗျာများ
ရေးသားခဲ့ကြရာ
ဇာတ်ကွန်းစောင်ရေပေါင်း ၇၀
ရှိသည်ဟု ပဋိကတ်သမိုင်းစာတမ်း
နှင့် ကဗျာဗန္ဓသာရကျမ်းတို့က
ဆိုထားပေသည်။
ကဗျာသာရတ္ထသင်္ဂြိုဟ်ကမူ
၆၀ စောင်သာ ဖော်ပြခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

> ပညာရှင်တို့
> ကြံဆ
> အနက်ဖွင့်ခဲ့ကြသော
> ဝေါဟာရနှင့်
> ပတ်သက်၍လည်း
> မော်ကွန်းများကို
> ပြန်လည်၍
> လေ့လာ
> ဆန်းစစ်သောအခါ
> နန်းတော်အကြောင်း
> ဘုရားစေတီ
> ဥယျာဉ်တော်တို့
> အကြောင်းသာမက
> စစ်ချီတက်ပုံ
> စစ်တိုက်ပုံ
> စစ်ပြင်ဆင်ပုံ
> ဘုရင်၏
> ဘုန်းတော်ဘွဲ့
> စသည်တို့ကိုလည်း
> မော်ကွန်းများတွင်
> တွေ့ရှိရပေသည်

ထိုဖော်ပြသောမော်ကွန်းတို့အပြင် စာရင်းမပါသော မော်ကွန်းများလည်း ရှိပေသေးသည်။

မော်ကွန်းသည် လင်္ကာအမျိုးအစားထဲတွင် ပါဝင်သော ကဗျာရှည်တစ်မျိုးဖြစ်လေသည်။ မော်ကွန်းကို လင်္ကာအသွင်ဖြင့် အင်းဝမင်းဆက် ၁၁ ဆက်မြောက် မဟာသီဟသူရလက်ထက်တွင် ရှင်ထွေးညိုက သက္ကရာဇ် ၈၃၄ တွင် ရေးသားခဲ့ခြင်းဖြစ်ပေသည်။ ပုန်ကန်ခြားနားသော ပြည်မြို့စား မင်းကြီးစွာနှင့် ဟံသာဝတီစား ဦးရီးတော် ကျော်စွာတို့ကို မဟာသီဟသူရဘွဲ့ခံ ပြည်စုန်မင်းကြီးက လိုက်လံတိုက်ခိုက်နှိမ်နင်းရာတွင် ရှင်ထွေးညိုသည် ကင်းစမ်းကင်းထောက် ဗိုလ်မှူးတစ်ယောက်အနေဖြင့် လိုက်ပါသွားပြီးလျှင် မိမိရောက်ခဲ့သော အရပ်ဒေသနှင့် အတွေ့အကြုံ ဗဟုသုတများကို ပေါင်းစုကာ **'ပြည်စုန်မော်ကွန်း'** အမည်ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ မော်ကွန်းသမိုင်းတွင် ပထမဆုံးသော မော်ကွန်းအဖြစ် ထင်ရှားသည့်နည်းတူ ရာဇဝင်ဗဟုသုတနှင့် ပတ်သက်၍လည်း ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင်ကြီးတို့ကပင် ဤမော်ကွန်းလာ ရာဇဝင်ကြောင်းကို အထောက်အထားပြုကြရ၏။

'မော်ကွန်း' ဟူသည့် ဝေါဟာရရေးထုံးနှင့်ပတ်သက်၍လည်း အပင့်အရစ်၊ အသတ်ပညတ် မှန်ကန်စေရန် စွယ်စုံကျော်ထင်ကျမ်း(၃)တွဲ၊ 'အမ်း' ကာရန်ပုစ္ဆာ ၂၉ ပုဒ်တွင် 'မင်းကွန်း၊ မော်ကွန်း၊ စုန်ဆင်းကွန်း၊ သည်တိုင်ကွန်း၊ နတ်ကွန်းဘယ်သို့နည်း' ၂၀၇ ဟူ၍လည်း မော်ကွန်းဟူသည့် ရေးထုံးသတ်ပုံကို တွေ့ရသေးသည်။

'မော်ကွန်း' ဟူသော ဝေါဟာရသည် အမှုကွန်းမှ ပြောင်းလဲဆင်းသက်လာပုံနှင့် ပတ်သက်၍ ပုဂံကျောက်စာများတွင် -

**၁။** အတွင်မြတ်ကြီးစွာ၊ မင်ကြီးကိုဝ်ကြာပိယ်ရကာ၊ ရိယ်စင်တ်သွန်၍၊ အမုကွန်တင်ဧ(ကင်းသူသမီးကျောက်စာ ၁၀-၁၃။ ၆၂၈ ခုစ္စ)

**၂။** မွတ်စွာသော သွိင်ဖွာဇဝ်၊ အလှူစရင်၊ ကွန်ပြောက်ကြီထွက်တဝ်မူသော၊ မင်ကြီပ္လရယ်၊ အမူကွန်တင်ဇအ်(မင်းဝိုင်းကျောက်စာ အရှေ့မျက်နှာ ၃၆-၃၇။ ၆၃၃-ခုစ္စ)

**၃။** အခွန်ကို မောကွန်မိတ်ခန်ရွေပြတ်စေ။ (တန်ဆောင်းကျောင်းကျောက်စာ ၃၆-၃၇။ ၇၇၇-စ္စ)

**၄။** ကျောင်ဒိကာတောင်တွင် မင်းမင်သိရိဇေယျသူရမော်ကွန်စာရင်ထာသတေည် (တက်န္တယ်ကျောင်းကျောက်စာ၊ ကျော-၂၅။ ၈၀၄-ခုစ္စ)ဟူ၍ အမုကွန်မှ မော်ကွန်း-

ဟူသော အရေးအသားသို့ သက္ကရာဇ် ၈၀၄-ခုတွင် ပြောင်းခဲ့ခြင်းကို ထောက်၍ 'မော်ကွန်း' ဟူသော စကားသည် ပုဂံခေတ်ကတည်းက အသုံးများခဲ့သော ဝေါဟာရဖြ[...] ကြောင်း။ သို့သော် စကားပြေ အ[...] အသားအနေနှင့်သာလျှင် မော်ကွန်း[...] ထိုးခဲ့ကြောင်းတို့ကို သိရှိနိုင်ပေသည်[...] အင်းဝခေတ်ရောက်မှသာလျှင် က[...] လင်္ကာအသွင်ဖြင့် ပေါ်ပေါက်လာ[...] ရှိပါသည်။

ပညာရှင်တို့ ကြံဆ အနက်ဖွင့်ခဲ့[...] သော ဝေါဟာရနှင့်ပတ်သက်၍လည်း[...] မော်ကွန်းများကို ပြန်လည်၍ လေ့လာ[...] ဆန်းစစ်သောအခါ နန်းတော်အကြောင်း[...] ဘုရားစေတီ၊ ဥယျာဉ်တော်တို့အကြောင်း[...] သာမက စစ်ချီတက်ပုံ၊ စစ်တိုက်ပုံ၊ စစ်ပြင်ဆင်ပုံ၊ ဘုရင်၏ ဘုန်းတော်ဘွဲ့[...] စသည်တို့ကိုလည်း မော်ကွန်းများတွင် တွေ့ရှိရပေသည်။

သို့သော် 'ဝေါဟာရတ္ထပကာသ[...] ကျမ်း' ကမူ မော်-ချီကြွသည်။ ကွန်း-ပျံ့နှံ့သည်။ သာမညအရာတို့ထက် [...] ကဲ ပျံ့နှံ့သော အံ့သြလောက်[...] အကြောင်းအရာ' ဟု ဆိုလိုချက်အား[...] ကို ချုပ်၍ ဖော်ပြထားသည်ကို တွေ့[...] ပေသည်။

ဤသည်တို့ကြောင့် မော်ကွန်း[...] သည် မင်းနှင့် နန်းတော်တို့အကြောင်း[...] ကို အရှည်တည်တံ့ခိုင်မြဲအောင် ဖွဲ့[...] ထားသော ကဗျာလင်္ကာရှည်တစ်မျိုး[...] ဖြစ်ပေသည်။ တစ်ခါတစ်ရံတွင် တ[...] ဦးကောင်း၊ တစ်ယောက်ကောင်း သူ[...] ကောင်းဝါဒသဘော သက်ရောက်သော[...] အဖွဲ့အနွဲ့မျိုးနှင့် ဇာတိသွေး ဇာတိမာ[...] တက်ကြွစေသော အဖွဲ့များကိုလည်း [...] ဆိုတတ်ပေသည်။

မော်ကွန်းဟူသော ဝေါဟာရနှင့်[...] ပတ်သက်၍ ပညာရှင်တို့က အဆိုအမိ[...] အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါသည်။

**၁။** မဟာဇေယ သင်္ချာ [...] ဝေါဟာရ လီနတ္ထဒီပနီက … မော်ကွန်း[...] ဟူ၍ ခေါ်ဝေါ်ရေးသားကြသည်[...] 'မော်' သဒ္ဒါသည် အတ္ထုပ္ပတ္တိကို [...] ခြင်း၊ 'ကွန်း' သဒ္ဒါသည် မင်း[...]



www.burmeseclassic.com

www.burmeseclassic.com

သည့်နန်းကို ဟောခြင်း၊ ထို့ကြောင့် မင်းတို့ စံနေသည့် နန်းအတ္တုပ္ပတ္တိကို ဆိုရာဆိုကြောင်း ဖြစ်သောကြောင့် ၎င်းကို 'မော်ကွန်း' ခေါ်ဝေါ်ရေးသားကြသည်ဟု မှတ်ရမည်'ဟု အနက်ဖွင့်ထား ပေသည်။

၂။ ပုဂံဝန်ထောက် ဦးတင်၏ ကဗျာဗန္ဓသာရကျမ်းကမူ 'မော်'ဆိုသည်မှာ ထင်ရှားသောအနက်၊ ဝါကြွားသော အနက်၊ မြင့်မောက်သောအနက်။ ကွန်းဆိုသည်မှာ ဗိမာန်ဟူသော အနက်။ 'တိုင်'ဟူသော အနက်များကို ရသည်' ဟု ရှင်းလင်းပြီး အချုပ်အားဖြင့် ဖော်ပြထားသည်မှာ 'ထင်ရှားစွာ မြဲမြံတည် တန့်အောင် ပြုလုပ်သည်'ဟု အနက် ဖွင့်ဆိုထားပေသည်။

၃။ ဆရာ လွန်း၏ ကဗျာသာ ရွှေသင်္ဂြိုဟ်ကမူ 'မော်ကွန်း'ဆိုသည် မှာ မော်သဒ္ဒါသည် အတ္တုပ္ပတ္တိကို ဟော ခြင်း ကွန်းသဒ္ဒါသည် မင်းတို့ စံတော်မူ ရာ နန်းတော်ကိုဟောခြင်းဖြစ်သဖြင့် မင်း တို့ စံတော်မူရာ နန်းတော်၏ အတ္တုပ္ပတ္တိ ကို ချီးကျူးဖွဲ့ဆိုသည့် အစီအကုံးမျိုးကို ဆိုလိုသည်'ဟု အနက်ဖွင့်ဆိုထားပေ၏။

၄။ ပုပ္ပား ဦးကျော်ရင်၏ ကဗျာ အလင်္ကာကျမ်း(ပ)တွဲကမူ 'မော်သဒ္ဒါ သည် မြင့်မြတ်သောအနက်ကို ဟော၏။ ကွန်းသဒ္ဒါသည် ရွှေနန်းဆောင်၊ ကျောင်း ဆောက် စသော ဗိမာန်ကို ဟော၏။ မြင့်မြတ်သော ရွှေနန်းဆောင်၊ ကျောင်း သင်္ခမ်း စသော ဗိမာန်တို့၏အကြောင်း ကို ဖွဲ့ဆိုစီရင်အပ်သောကြောင့် 'မော် ကွန်းခေါ်သည်'ဟူ၍ ဆိုထားပါသည်။

၅။ ဦးတင့်ဆွေ၏ ကဗျာဖွဲ့နည်း ကျမ်းတွင်မူကား 'မော်ကွန်းဆိုသည် မှာ မြင့်မြတ်သော ရွှေနန်းကျောင်းပရ ဝဏ်၊ ကျောင်းသင်္ခမ်း စသော ဗိမာန် တည်ဆောက်ခြင်းလည်းကောင်း၊ တစ်စုံတစ်ရာ သော ပုဂ္ဂိုလ်၊ ဝတ္ထုတို့၏ ဂုဏ်သိက္ခာ ကို ဆိုလည်းကောင်း၊ အတ္တုပ္ပတ္တိများကို လည်းကောင်း ဟောဆိုသဖြင့် ၎င်းတို့ကို အမြဲတည်တံ့သော ဥပဒေအရ ဖွဲ့ဆိုစီကုံး ထားခြင်း 'မောင်ကွန်းဟုခေါ် ဆိုရတော့ ၏'ဟူ၍ ဖွင့်ဆိုထားပေသည်။

၆။ ဓမ္မာစရိယ ဦးထွန်းရွှေရေး နန္ဒမာလိနီ(ခေါ်)ကဗျာ စွယ်စုံကျမ်းကြီး ကမူ 'မော်ကွန်း'ဆိုရာ၌ မော်သဒ္ဒါ သည် အတ္တုပ္ပတ္တိဟူသော အနက်ကို ဟော၍၊ ကွန်းသဒ္ဒါကား မင်းတို့၏ နန်း တော်ကို ဟောသည်ဖြစ်ရာ'နန်းတော်၏ အတ္တုပ္ပတ္တိ' ဟူသော အဓိပ္ပာယ်ရသည်' ဟု ဖွင့်ဆိုထား၏။

၇။ ဦးဖိုးလတ်၏ မြန်မာစကား အဖွင့်ကျမ်း(၃)တွဲတွင် 'ခေတ်သုံး မော် ကွန်းဆိုသော စကားသည် ရှေးသုံး အမု ကွန်း၊ အမူကွန်း၊ မောကွန်း၊ မော်ကွန်း ဟူ၍ တရွေ့ရွေ့ အရေးအဆို ပြောင်းလဲ ဆင်းသက်လာသော စကားဖြစ်သည်။ ထို့ကြောင့်'မော်ကွန်း'ပုဒ်သည် အမု ကွန်း၊ အမူကွန်းပုဒ်တို့မှလာ၍ အမု၊ အမူ တို့၏ အနက် 'ပြုခြင်း၊ ဖြစ်ခြင်း၊ အခြင်း အရာ၊ အကြောင်းခြင်းတ'ကိုဟော၊ 'ကွန်း'ပုဒ်သည် တရုတ်ဘာသာကူအန်၊ ကွန်၊ ကိဝန်၊ ပုဒ်သက်ဖြစ်၍ စာတမ်း၊ မှတ်တမ်း ဟော၊ ထို့ကြောင့် မော်ကွန်း ၏ အနက်အဖြစ်အပျက် အကြောင်းခြင်း ရာ အမှုကိစ္စတို့၏ စာတမ်း၊ မှတ်တမ်း ဟောဟု ကောက်ယူသော် သင့်ရာ သတည်း' ဟူ၍ ဖွင့်ဆိုထား၏။

၈။ ဦးဖေမောင်တင်၏ မြန်မာ စာပေသမိုင်းကမူ'ဆင်တော်အကြောင်း၊ နန်းတော်အကြောင်း၊ လှေတော် အကြောင်း၊ စစ်ပွဲအကြောင်း၊ ကန်တော် အကြောင်း၊ ဘုရားစေတီအကြောင်း စသည်ကို နောင်အစဉ်အလာ ဥဒါန်း တွင်ရစ်အောင် ရေးသားစီကုံး ဖွဲ့နွဲ့ထား သည့် ကဗျာလင်္ကာများကိုလည်း မော် ကွန်းကဗျာ ဟူ၍ပင် ခေါ်၏' ဟူ၍ အနက်ဖွင့်ဆိုထားသည်။

၉။ ဆရာ ဦးထင်ဖတ်(မောင် ထင်)ကမူ 'မြန်မာကဗျာဗန္ဓ၌လည်း မော်ကွန်းဆိုသည်မှာ မူလက အဓိကရ ပုဂ္ဂိုလ်နှင့် အဓိကရ အကြောင်းအရာတို့ ကို ချီးကျူးဖွဲ့ဆိုသော ကဗျာတစ်မျိုးဖြစ် သည်။ ဤမှန္တယ်၍ အဓိကရပုဂ္ဂိုလ် တစ်ဦး ကွယ်လွန်သည်ကို အကြောင်း ပြု၍ သေသူကို ချီးကျူးတမ်းတသော မော်ကွန်းကို စပ်ဆိုထားသည်လည်းရှိ' ဟု ကမ္ဘာ့စာပေအညွှန်း(ဟေးဗရူး၊ ဂရိ နှင့်ရောမစာပေသမိုင်း)တွင် ဖွင့်ဆိုခဲ့ပေ သည်။

အထက်ဖော်ပြပါ ပညာရှင်တို့၏ အဆိုအမိန့် အမျိုးမျိုးကို ကောက်ချက် ချကြည့်သော် အများအားဖြင့် နန်းတော် နှင့်ဆိုင်ရာ အကြောင်းခြင်းရာကို ကဗျာ လင်္ကာသဘောမျိုး စီကုံးသဖြင့် 'မော် ကွန်း'ဟူ၍ဆိုသည့် သဘောမျိုး တွေ့ရ ပေသည်။

'ကဝိလက္ခဏာသတ်ပုံ'အန်းကာ ရန်လာ၊ 'ကမ္ဘာကုန်ကျွန်း၊ စံမော်ကွန်း၊ ဥဒါန်းခုံသက်သေ'ဟူသော သံပေါက် အရ ဥဒါန်းတွင်ရစ်အောင် ရေးသားစီ ကုံးရာတွင်လည်း မော်ကွန်းလင်္ကာဖြင့် ရေးသားတတ်ကြပေသေးသည်။ ဥပမာ အားဖြင့် 'ရှင်မဟာသီလဝံသ'နှင့် 'ရှင် မဟာရဋ္ဌသာရ'တို့ ရေးသားထားခဲ့ကြ သော 'ကြားပိမ့်ကျက်သရေ၊ အောင်မြင် စေအံ့'နှင့် သုံးဆယ့်နှစ်ပါးချီ 'မင်္ဂလာ စေတီမော်ကွန်း'တို့ကို ကြည့်၍ သိနိုင် ပေသည်။

ဤဆောင်းပါး အထက်တစ်နေရာ တွင် မြန်မာစာပေနယ်၌ မော်ကွန်းစောင် ရေပေါင်း ၆၀ ကျော် ၇၀ ရှိသည်ဟု ဖော်ပြခဲ့သည်။ ထိုမော်ကွန်းများအနက် '**ထားဝယ်နိုင်မော်ကွန်း**'ဟူ၍ ရှိကြောင်း တွေ့ရသည်။ သို့သော် ယနေ့အထိ အဆို ပါ 'ထားဝယ်နိုင်မော်ကွန်း'ကို ရှာမတွေ့ ရသေးပါ။ အကယ်၍ တွေ့ရှိသူ၊ သိရှိ သူများရှိပါက စာရေးသူက အကြောင်း ကြားပါရန် ကျေးဇူးတင်စွာဖြင့် ဖော်ပြ လိုက်ရပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**

*ကိုးကားချက်*

*၁။မောင်ထင်၏* ***ကမ္ဘာ့စာပေ အညွှန်း***

*၂။ရဲမြင့်ဦး၏* ***မော်ကွန်းအကြောင်း သိကောင်းစရာ*** *ဆောင်းပါး ငွေ့ဝ မဂ္ဂဇင်း၊ အမှတ် ၁၉၅ ဇွန်လ ၁၉၈၅။*

*၃။ရွှေပြည်ဦးဘတင်၏ မိန့်ဆိုချက် များ။*



www.burmeseclassic.com

www.burmeseclassic.com


မနက်ခင်းတိုင်း
သက်ဆင်းခဲ့ရတဲ့
မျက်နှာသစ်ရေတွေကို
စုလှောင်ထားမယ်ဆိုရင်
ဖင်လယ်နဲ့မဆုံတဲ့
သမုဒ္ဒရာကြီးတွေတောင်
လျှံထွက်သွားနိုင်လောက်ပါရဲ့။
တရားအစစ်ရှာလိုက်တော့
ခန္ဓာကိုယ်မှာပဲ တွေ့နိုင်တာမို့
အိပ်စက်ရာက နိုးထပါပြီ
ဆိုလေတိုင်း တဘာကိုင်းနဲ့
အိမ်သုံးသားတို့က တစ်မျိုး၊
မီးသွေးခဲကတစ်ဖုံနဲ့
ခံတွင်းကို ကြုံသလို
ရှင်းပစ်နေရပြီ။
တံဆိပ်မျိုးစုံ သွားတိုက်တံ၊
သွားတိုက်ဆေးတွေနဲ့
အရေပြားသုံး
ဓာတုဗဒ္ဒလက်တွေနဲ့
ဈေးကွက်မှာ တင့်တယ်
နေလိုက်ကြတာ
ကြည့်စမ်းပါဦး။
ဒါနဲ့တင်
အားမရနိုင်သေးလို့
ပေါင်းတင်သေး၊
ချေးချွတ်နည်းတွေနဲ့
အသီးသီးသော
ကိုယ်စီမျက်နှာတွေကို
ဒေါင်းယာခဉ့်ဖုံမလာမီ
မှာတာသိ သန့်စင်နေရပုံတွေက
ရုပ်ဖျက်ဆင်းဖျက်
နိုင်လှချည်လား ဟရို့။
ဣန္ဒြေသိက္ခာကြီးမားစွာနဲ့
ဖျက်စီးနေတဲ့
လူကြီးမင်းတို့
ပြောကြစမ်းပါဦး။
မျက်နှာမသစ်တဲ့နဲ့





www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကြီး /ဖိုးကျော်/

၂၀၁၃ နိုဝင်ဘာ ရွှေအမြုတေ ရုပ်စုံဂျာနယ် မှ

www.burmeseclassic.com

www.burmeseclassic.com

ကောက်ကျစ်လို့ ဖြစ်နိုင်ပါမတဲ့လား။ ရုပ်ဆောင်အလှကို နှံ့သာလိမ်းခြယ်သနေတဲ့ မယ်မင်းကြီးမလည်း တစ်ဆိတ်လောက် အမိန့်ရှိပါ။ မျက်နှာမသစ်ဘဲ လှချင်လို့ ရနိုင်ပါရဲ့လား။

အသက်ရှည်ရာ အနှာမဲ့ကြောင်းအတွက်တော့ 'သေမင်း' ကို အဘခေါ်ပြီးဇရာကို လာဘ်ထိုးမယ် မကြံလိုက်ပါနဲ့။ တစ်နေ့တစ်ချိန်ကျ ကွေ့ရှောင်မရတာမို့ မသေခင်မှာ ရေစင်အောင် ဆေးကြောထားတာကပဲ အကောင်းဆုံး လိပ်ပြာ လန်းနိုင်ပါလိမ့်မယ်။

❑

၁။

ကျွန်တော့်ကို တွန်းထိုးထည့်လိုက်တဲ့ ခန်းမကြီးထဲ တလိမ့်ခေါက်ကွေး ပြုတ်ကျသွားတော့ ရိပ်ခနဲဖြစ်ပြီး မှောင်မိုက်သွားတယ်။

ဘယ်နေရာရောက်လာတာလဲ၊ ဘာတွေရှိနေလဲ၊ ကျွန်တော် သိချင်လိုက်တာ။ အား မျက်လုံးတွေက ဖွင့်လို့မှရသေးရဲ့လား။ တဖြည်းဖြည်းချင်း အားစိုက်ထုတ်ရင်း မြင်ကွင်းတွေ ပီပြင်အောင် ကြိုးစားပေမဲ့ ဝိုးတဝါးတွေနဲ့ပဲ မျက်လုံးကို မှေးစင်းရင်း ခဏပြန်ငြိမ်နေလိုက်ရတယ်။ ဒီနေရာဟာ ဘာလဲ၊ ဘာကြောင့်ရောက်လာရတာလဲ၊ ကျွန်တော့်ကို တွန်းချလိုက်သူကကော ဘယ်သူလဲ။

မှတ်ဉာဏ်တွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ညှစ်ထုတ် စဉ်းစားပေမဲ့ မှတ်မိနိုင်အားကတော့ ပွရောင်းရောင်းနဲ့ ငြင်းဆန်လို့ ကောင်းတုန်းပါပဲ။ နေရထိုင်ရတာက

ဈေးကွက်မှာ
တင့်တယ်
နေလိုက်ကြတာ
ကြည့်စမ်းပါဦး
ဒါနဲ့တင်
အားမရနိုင်သေးလို့
ပေါင်းတင်ဆေး
ချေးချွတ်နည်းတွေနဲ့
အသီးသီးသော
ကိုယ်စီ
မျက်နှာတွေကို
ဒေါင်းယာဉ်ပျံ
မလာမီ
ပျာကသီ
သန့်စင်နေရပုံ
တွေက
ရုပ်ပျက်ဆင်းပျက်
နိုင်လှချည်လား
ဟာရို့

လည်း ညဥ်းသိုးစပ်ဖျဉ်းနဲ့ အလျှင်းသက်သာရာ မရှိဘူးဆိုတာလောက်ပဲ ခံစားသိနေတယ်။ အီကွေတာ အလယ်မျဉ်းတည့်တည့်ပေါ် ထိုင်လိုက်၊ မြောက်ဝင်ရိုးစွန်းတန်းကို ပြေးကပ်သွားလိုက်နဲ့ ရိုက်ချက်ကတော့ ရိုင်းနေပြီ။ ကြာရင် စကြဝဠာတံတိုင်းကို ပြေးဆောင့်ပြီး ဖောက်ထွက်သွားရုံပဲ ရှိတော့မယ်။ ဝေဒနာထွင့်ခေါင်ကို အလိုမတူဘဲ လက်ထပ်ရင်း ထွက်ပေါက်လမ်း မဲ့ကင်းပြီထင်ပါရဲ့။

❑

၂။

သိပြီ။ ဒီထဲ တွန်းပို့လိုက်တဲ့ တရားခံကို ကျွန်တော် သတိရပြီ။ ဘယ်သူရှိရမတုံး။ ဟိုကလေးမလေးပဲပေါ့။ တစ်ဈေး တစ်ခေါက်အိမ်ကိုရောက်ရောက်လာတတ်တဲ့ ဘုရားပန်းသည်မလေး။ ဘာခေတ်တွေပြောင်းတယ်ပြောပြော ငါးရက်မှာ တစ်ဈေး သတ်မှတ်တဲ့ဓလေ့က ဒီမြို့လေးမှာ မပြယ်မပျက်နဲ့ သက်ဝင်တည်တံ့နေတုန်းပါပဲ။ ဈေးနေ့မတိုင်ခင် တစ်ရက်ကို ဈေးဖိတ်နေ့ပါလို့ မှတ်ယူကြလေရဲ့။ အဲ… အဲဒီဈေးဖိတ်နေ့တိုင်း ကလေးမက ကျွန်တော့်ဆီ ရောက်လာနေကျပေါ့။

ကျွန်တော်က ဘုရားပန်းကို တစ်ဈေးတစ်ကြိမ် စွန့်ပစ်လဲလှယ်တဲ့အကျင့် စွဲနေပြီ။ ဘာမှန်းမသိသေးဘဲနဲ့ ရမ်းပြီး သာခု မခေါ်လိုက်နဲ့ဦး။ ဇာစ်မြစ်မှန်ပေါ်သွားရင် အကုသိုလ်တွေ ဝေစုရနေလိမ့်မယ်။ အဲ မှန်တာပြောရင် သစ္စာလို့ပဲ အောက်မေ့လိုက်ပါတော့။ ကလေးမလေးကြောင့် သာဘုရားပန်း ပူဇော်နေတဲ့ရက်တွေ မှန်လာရတယ်ဆိုတာကို အရှက်မရှိ ဝန်ခံနေပြီပဲ။ ကျေနပ်ပေးကြပါ။ ကလေးမက ဘုရားပန်းရောင်းရဖို့ ကျွန်တော့်ဆီ အချိန်မှန်ဝင်လာတယ်။ ကျွန်တော်က ဘုရားပန်းညှိုးလို့ဖြစ်ဖြစ်၊ လန်းဆဲဖြစ်ဖြစ် မငြင်းစတမ်း ဝယ်ပြီးလှူတယ်။ ကိုင်း ဒါပါပဲ။

လိုအပ်လာရင် မှတ်မှတ်သားသားဖြစ်အောင် ကျွန်တော့်အရွယ်နဲ့ ကလေးမရဲ့အသက်ကို နှိုင်းယှဉ်ပြောပြ

ထားမှ ကောင်းလိမ့်မယ်
ပြီးခဲ့တဲ့နှစ်ကပဲ သားသ
မြေးမြစ်တစ်တွေ မြှောက်ပေ
လို့ စိန်ရတုမွေးနေ့ မင်္ဂလာ
ကြီးကို ခြိမ့်ခြိမ့်သဲသဲ ဆင်
ကျင်းပခဲ့ပြီးပြီ။ ဖြစ်တည်
မှု ဘက်ပေါင်းစုံကို မသုံးသ
ဘဲ တစ်ဦးတည်းနေထိုင်တာ
ကို အထီးကျန်ဆန်ပါတယ်
လို့ စွပ်စွဲရင် ကျွန်တော် ငြ
ရပါလိမ့်မယ်။ ကျန်းမာရေ
ကို မေးတာလား၊ 'ဒေါ
ဒေါင်' ထက်မြင့်တဲ့ ကီးရှိ
တောင် တထင်ထင် ထမြ
နေဦးမယ်။ နောက်ထပ်
ပွားရေးအပိုင်းကိုတော့
ချင်သေးသပေါ့။ ခရီးပေါ
စလို့ ဒီနယ်ဝန်းကျင် တစ်ပိုင်
က ဝိုင်းသမုတ်နေကြတာ
မကြားချင်ယောင် ဆောင်
ရတယ် ကျွန်တော်ဖြင့်။

ကလေးမလေးရဲ့
အသက်ကို သူနားလည်
လောက်တဲ့ သင်္ကေတ
ကျွန်တော် ကြိုးညှိကြည့်
တော့ ဘယ်ဘက်လက်ညှိ
တစ်ချောင်းထောင်ပြီး ည
လက်သုံးချောင်း ဖြန့်
တယ်။ ဟုတ်ရှာမှာပ
ဒီထက်မပိုနိုင်ပါဘူး။
ကွေးကောက်ကြောင်းတွေ
နိဒါန်းလောင်းစပြနေတဲ့
စည်းပုံသစ်ကို ကျွန်တော့်
ပုဂ္ဂိုလ် မသိဘဲနေပါ့မလော
ဘယ့်နှယ့်။ တွေ့စတုန်း
တော့ ကလေးမအပေါ် အ
သီသဝတ်ရုံတွေ ခြုံလွှမ်း
စိတ် မပေါ်သေးပါဘူး။
ပေမဲ့လည်း ဖောက်ပြန်
ဗိုင်းရပ်စ်တွေကို လက်သ
မွေးမြူ လေ့ကျင့်ထား
ကျွန်တော်ပဲလေ။ ဘာ
ယဉ်းတစ်ခက် ခိုနေရ

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ပထမဆုံး ပန်းလာ ချောင်းတုန်းကတော့ အမေ ……လား၊ အဒေါ်လား မကွဲပြား ……တဲ့ အဖော်တစ်ယောက်ပါ ……သေးတယ်။ နောက် ……ခေါက်တွေမတော့ တစ် ……ယ်တော်ရွှေလျား အရောင်း ……နေဂျာပါပဲ။ ငွေနုတ်ကြေး ……အတွက်များဖြင့် စိတ် ……ငှဲယ်မကြဲနဲ့။ တစ်သောင်း ……ပေးမလား၊ ငါးထောင်နဲ့ ……မလား၊ စာရင်းဇယားကို ……အဖြစ် ဖွဲ့နေမှာမဟုတ် ……ကွန်ပျူတာစက်တောင် ……လက်ခတ် မှားကုန်မယ်။ ……က ဆရာမောင်လွင်မွန် ……မှာ သင်တန်းတက်ထား ……တို့ တရုတ်ပေသီးက ချုံးပွဲ ……ငိုသွားလောက်ရဲ့။

ကလေးမလေးရဲ့အတွင်း ……က မှတ်ဉာဏ်ဖွံ့ဖြိုးနေ ……တို့ အပြင်ခန္ဓာအချိုးအစား ……နာနုဖပ်လေးကလည်း ……ချောင်းနေရတဲ့ ဘဝပေး ……အနေကို ကြက်ခြေခတ် ……ဖို့ကောင်းတယ်။ အဲ ……ဒူးငုံရိုင်းလေးတစ်ပွင့်ရဲ့ ……ည်ကိုမှ ပလီနွံ့လျှ ချို ……ပေးတဲ့ ကျွန်တော့် ……အပေါ် ကျိတ်ဂုဏ်ယူ ……ကလည်း မရှက်နိုင် ……ဝန်ခံရမှာပါပဲ။

……

……ဟုတ်ဘူး၊ မဟုတ် ……ဘူး။ ကျွန်တော့်ကို ……လိုက်သူဟာ ဒီ ……တစ်ယောက်တည်း ……နိုင်လောက်ဘူး။

……က ကျောင်းဝင်း …… သပိတ်စခန်းကို ……တော့ ကြက်သီး ……သလိုတော့ ဖြစ်မိ

> မျက်နှာ
> မသစ်ဘဲနဲ့
> ကောက်ကျစ်လို့
> ဖြစ်နိုင်ပါမတဲ့လား
> ရုပ်ခေတ်အလှကို
> နှံ့သာ
> လိမ်းခြယ်သနေတဲ့
> မယ်မင်းကြီးမလည်း
> တစ်ခဏိတ်လောက်
> အမိန့်ရှိပါ
> မျက်နှာမသစ်ဘဲ
> လှချင်လို့
> ရနိုင်ပါရဲ့လား

သား။ သပိတ်ခေါင်းဆောင်တွေက မနိုင်မကန် နေလာကြသူတွေဆိုတော့ ကျွန်တော့်အပေါ် အားကိုးရှာတယ်။ နို့ မကိုးလို့ရမလား။ သူတို့နောက်ကွယ်က လိုအပ်ချက်တွေကို 'ပြည့်စေ' လို့ ဥုံဖွမန်းမှုတ်နိုင်သူက ကျွန်တော်ပဲကိုး။ ရှစ်လေးလုံးကာလမှာ ကမ္ဘာကြီးလည်လား မလည်လားတော့ မသိဘူး။ မြန်မာနိုင်ငံတစ်ဝန်းမှာတော့ မွှတ်မွှတ်ရမ်းနေတာပဲ။

လာပါပြီဗျာ ဘယ်အဖွဲ့အစည်းရဲ့ သဘောထား ကြေညာစာတမ်း၊ ဘယ်သမဂ္ဂရဲ့ ထုတ်ပြန်ချက်၊ ဘယ်အုပ်စုရဲ့ ရှုတ်ချကြောင်းအဆိုတွေ များမှများ။ ဒီကနေ့ သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ ပေါ်ထွက်လာတဲ့ ဂျာနယ်တွေ အရေအတွက်လောက်များဖြင့် ပျင်းသေး။

'ဗိုလ်ချုပ်အောင်ဆန်းရဲ့သားကြီး ဦးအောင်ဆန်းဦးကိုယ်တိုင် သပိတ်တပ်ကို ဦးဆောင်တော့မှာတဲ့'

'ဟေး'

'ဒေါ်အောင်ဆန်းစုကြည်လည်း မိခင်ကြီး ဒေါ်ခင်ကြည်ရဲ့ကျန်းမာရေးကို စောင့်ရှောက်ဖို့ ပြန်ရောက်နေပြီတဲ့'

'ဟေး'

'မဂ်လာဒုံလေတပ်က တို့ဘက်ကို ပါလာပြီတဲ့'

'ဟေး'

မြန်မာနိုင်ငံက အအုပ်ချုပ်ခံ ပြည်သူတွေဆိုတာ မွန်းကျပ်ပိတ်မှောင်နေတဲ့ မှောင်မည်းကြီးထဲမှာ ကြောက်ရွံ့ခြင်းတွေနဲ့ပဲ ကြီးပြင်းလာခဲ့ရတာဆိုတော့ 'ခေါင်းဆောင်ကောင်း' ကို ဆာလောင်မွတ်သိပ်မိကြမှာပါပဲ။ ဒါပေမဲ့ ကိုယ်စီကိုယ်ငှ်က မင်းကောင်းမင်းမြတ်နဲ့ ထိုက်တန်တဲ့ ကိုယ်ကျင့်သီလကို ဆောက်တည်ထားနိုင်ပါပြီလားလို့တော့ ဘယ်သူမှ ဆင်ခြင်ကြည့်ဖူးမယ် မထင်ပါဘူး။ ဟုတ်စ။

ကျွန်တော်ကတော့ ဒီ 'ဟေး' တွေ 'ဝါး' တွေကြားမှာပဲ 'ခွင်' နဲ့ ဝင်လာပြီး 'ရောတော ရှိ' လုပ်ထားရတာပေါ့။ 'ဘဲရီးဂွတ် ဘဲရီးဂွတ်' ထဲတော့ မပါပါဘူး။ ဘုရားစူးရစေ့၊ ကျွန်တော့်မှာ အဲ့သလောက်ထိ လူကို ခေါင်းဖြတ်ရဲတဲ့ သတ္တိမျိုး မရှိရိုးအမှန်ပါ။ အိမ်ရှင်မများသမဂ္ဂ သပိတ်ကြောင်း ချီတက်ဖို့ ဆန်ကော ဆန်ခါတွေရှာပေး၊ ထန်းခေါက်ဖာတွေစုပေး၊ ကြက်သွန်လှီးဓားတွေငှားပေးနဲ့ ကျွန်တော့် ခမျာ မအားရပါဘူး။ တိုင်းပြည်အတွက်ပဲလေ။ ဒါလောက်တော့ လုပ်ရမှာပေါ့။

'အရေးတော်ပုံ အောင်ရမည်'

တိုင်းပြည်ကြီးကမှ ပျက်စီးခြင်းငါးပါးထဲ ဆိုက်နေပါပြီဆို ဟိုကောင်မ ခင်ခက်ခက်ခိုင်တို့က တစ်မှောင့်၊ နာမည်က ခက်ခက်မို့ ခိုင်လို့သာ တော်သေးတာပေါ့။ 'မိလွယ်' လို့များ မှည့်ထားလို့ကတော့ ဖွတ်ဖွတ်လမွတ်ကြေလောက်ပြီ။ မွေးထားတဲ့ ကိုးတန်းကျောင်းသူ သမီးလေးကိုတောင် အားမနာနိုင်ဘူး။ သပိတ်စခန်းကို ခုတုံးလုပ်ပြီး မျောက်မွေးရင်း ခွေးနဲ့ထွက်ပြေးသတဲ့။ ကိုင်း ကြားလို့မှ ကောင်းပါရဲ့ အရပ်ကတို့။ ကိုယ့်မိသားစု ဝမ်းရေးတောင် ရှာမကျွေးနိုင်ဘဲ တိုင်းပြည်ကို ကယ်တင်မဟဲ့ဆိုတဲ့ ဒီ မိုကရေစီ သူရဲကောင်းကြီးကတော့ လိုက်ရှာမယ်၊ သတ်ပစ်မယ်နဲ့ ခတ်ကွင်းသာ ပြင်နေတာပါ။ လူကဖြင့် ဂေါ်ရခါးသီးပြုတ်တောင် နပ်မှန်ချင်တာမဟုတ်ဘူး။

ဒီတော့ ဘယ်လက်ပိုက်ကြည့်နေရက်မှာတုံး၊ ဓာတ်သိဖြစ်နေတဲ့ ကျွန်တော်က ကူညီရတော့တာပေါ့။ ဖအေလုပ်တဲ့ ကန့်လန့်တိုက် ဝါဒီကြီးကို အရက်ဖိုးလုံလောက်တာထက် ပိုလျှံအောင် ပစ်ပေးထားပြီး သမီးလေးကို ချော့ ရုံးရင်း စောင့်ကြည့်ရှုနေရတာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ခမျာ ပင်ပန်းလိုက်ရပုံများ အဟုတ်။ ပြောထားတယ်လေ။ ကျွန်တော်က အရေးအခင်းထဲကို 'ခွင်'နဲ့ ဝင်လာပါတယ်ဆို။ နဂိုမူလကတည်းက ဒီရှစ်လေးလုံးကို သရုပ်ခွဲကြည့်ရင် 'နိုင်ငံရေးခံယူချက်' ဆိုတာ မှိန်ပျပျလေးပဲ တွေ့ရမှာပါ။ 'ပုဂ္ဂိုလ်ရေးခံစားချက်' တွေ ဟောက်ပလွန်းလို့သာ အုံကြွလာခဲ့ရတာကို ပါဝင်ဆင်နွှဲလာရတဲ့ ကျွန်တော်က မျက်ဝါးထင်ထင် သိပ်သိမြင်နေသပေါ့။

❑

၄။

အမှန်မတော့ နိုင်ငံရေးသမားဆိုကတည်းက လည်သူစားပြီး လူညစ်တွေပဲ များတာဗျ။ မှတ်ထားဟ၊ မနာချင်နဲ့။ ဒီစကားကို ဆရာကြီးတချို့ပြောဖူးတယ်။ ကျွန်တော့်တစ်သက် ကြုံတွေ့ဖူးသမျှ နိုင်ငံရေးသမားတိုင်းလိုဟာလည်း လူစုတ်တွေချည်းပဲ။ လုပ်စားရမှာ လက်ကြောမတင်းလို့၊ သမ္မာအာဇီဝနဲ့ ရှာဖွေမစားချင်လို့ အလွယ်လမ်းကို မဖယ်စတမ်း အံကြိတ်ပြီး နေရာလုနေသူတွေပဲ ကြီးစိုးနေတာ။ ဒါကြောင့်မို့ ပါတီတဲ့ ဟော့ဆိုရင် 'ချပါတီ'တောင် မစားချင်ဘူး။

'နိုင်ငံရေးဆိုတာ တိုင်းပြည်ငတ်မွတ်ဆင်းရဲနေရင် လုပ်ရှားတာပဲ။ တိုင်းပြည်ဝပြောရင် ဘာမှ ဖြစ်မှာမဟုတ်ဘူး။ နိုင်ငံရေးအလုပ်ဟာ အမှန်အားဖြင့်တော့ အရင်းမဆုံးတဲ့ အလုပ်တစ်ခုပဲ။ နောက်ပြီး အစားရ အချောင်ဆုံးလည်းဖြစ်တယ်။ နိုင်ငံရေးကို မင်းလုပ်လို့ တိုင်းပြည်

> 'သေမင်း'ကို
> အဘ ခေါ်ပြီး
> ဇရာကို
> လာဘ်ထိုးမယ်
> မကြံလိုက်ပါနဲ့
> တစ်နေ့
> တစ်ချိန်ကျ
> ကွေ့ရှောင်
> မရတာမို့
> မသေခင်မှာ
> ရေစင်အောင်
> ဆေးကြော
> ထားတာကပဲ
> အကောင်းဆုံး
> လိပ်ပြာ
> လန်းနိုင်ပါလိမ့်မယ်

မှာ အကျိုးမရှိနဲ့ဦး၊ မင်းအဖို့တော့ တစ်နည်းအားဖြင့် အသက်မွေးဝမ်းကျောင်းရချောင်မှာအမှန်ပဲ' ဆိုတာ ဆရာကြီး ဇဝန(ဦးသိန်း)က နိုင်ငံရေးသမားလုပ်ချင်တဲ့ တူတော်မောင်ဆီ အိတ်ဖွင့်ပေးစာအဖြစ် အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့ပြီးသားပဲ။ သေချာသိချင်ရင် လက်ပတောင်းတောင် ထိပ်ပေါ် တက်ကြည့်ပါလား။ ရောဝတီမြစ်ကြီး ချုချာနေတာ တွေ့ရမှာပေါ့။

ကျွန်တော်ဖြင့် လေကြွေးကြော်သံ ပေါင်းစုံထဲမှာ 'ပြည်သူ့အတွက်' ဆိုတဲ့ စကားလုံးကို အကြောက်ဆုံးပဲ။ မနေနိုင်လွန်းလို့ လုပ်စားနေတဲ့ ဒီမိုကရေစီကြီးကို ချဉ်းကပ်မေးမြန်းကြည့်ပါတယ်။ ဆရာသမားရဲ့ ဖြေပုံလေးက အတော်သင်းသကိုးဗျ။ 'ကျုပ်အပါအဝင် ကျုပ်မိသားစုနဲ့ ကျုပ်ရဲ့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်သွယ်အပေါင်းဟာ ပြည်သူတွေပဲ မဟုတ်ဘူးလားဗျာ'တဲ့။ အား လား လား မွန်မြတ်ရှာပါပေ့ ကြေးစားဥက္ကဋ္ဌကြီးရယ်။ တချို့ကျပြန်တော့လည်း 'တို့မြေကို တစ်လက်မမှ အထိမခံ'လို့ ကြွေးကြော်သံမြိုင်မြိုင်ဟစ်ပြီး 'ရွှေလီ'ပစ်ကျွေးလိုက်ရ၊ 'ကြယ်ဝေါင်'ဖွဲ့ခြမ်းပေးလိုက်ရနဲ့ မြန်မာပြည်မြေပုံကို တံတွေးဆွတ်ပြီး ပွတ်တိုက်နေလိုက်ကြတာ ဝေဿန္တရာမင်းကြီးနဲ့ နိဗ္ဗာန်မှာ နေရာလုနေရဦးတော့မယ်။

တို့ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးစွာ ရောင်းစားပစ်လိုက်ကြတဲ့ သယံဇာတတွေကိုလည်း သူခိုးဈေးနဲ့ရတဲ့ အိမ်နီးချင်း နှစ်နိုင်ငံကတော့ ဩဘာသံတွေ ချီးမြှင့်တော့မပေါ့။ တစ်ပါတီစနစ်နဲ့စစ်အာဏာရှင်တွေမို့ ကမ္ဘာက ဝိုင်းကြဉ်ထားလည်း ဆွေမျိုးပေါက်ဖော်တို့ ကူညီအားပေးထားချက်ကတော့ ကျေးဇူးကြီးရှာပါပေ့။ 'ကြောက်တယ်'ဆိုတဲ့ ဝေါဟာရဟာ တပ်မတော်သား လုပ်ခဲ့ဖူးတဲ့ စစ်ဗိုလ်ချုပ် နှုတ်ဖျားက ထွက်လာရမယ့် စကားမျိုးမှ ဟုတ်ပါလေစ။ ဒီလိုပဲ 'ဖယောင်းတိုင်လေး ထွန်းနေကြပါလား'၊ 'ထမင်းတစ်နပ် လျှော့စားကြပါလား' ဆိုတာတွေလည်း ဝန်ကြီးအဆင့်နဲ့ သင့်တင့်လျောက်ပတ်တော်မူတယ်ပေါ့။

ဒါပေမဲ့လေ ခေတ်သစ်နိုင်ငံတော် လုပ်ကြံမှုကြီးရဲ့ တရားခံတွေ တန်းစီထုတ်ရင် ကျွန်တော်တို့ အအုပ်ချုပ်[illegible] ပြည်သူတွေမှာလည်း တာ[illegible] မကင်းဘူးဆိုတာ မငြင်းသ[illegible] ပါဘူး။ ခက်နေတာက [illegible] ဘဝနဲ့တော့ ဘုရင်ကို ချ[illegible] လုပ်ချင်လို့ မဖြစ်နိုင်ဘူး[illegible] တာကို မေ့နေကြတာပါ[illegible] ကျောထောက်နောက်ခံကော[illegible] ရင်ကောင်း၊ အသွင်ပြော[illegible] ရင် ပြောင်းနိုင်ပါမှ ဘုရင်[illegible] ခြိမ်းခြောက်လို့ရမယ်ဆို[illegible] နယ်ရုပ်တစ်ခုအနေနဲ့ ဆင်[illegible] ထားရမယ့် စစ်တုရင် က[illegible] နည်းတစ်ခုပဲမို့လား။

ခုတော့ မကစားသ[illegible] မြေကို ကစားသူတွေ အ[illegible] များလာတော့ မြန်မာ[illegible] အတွင်းမှာ အင်အား[illegible] ငလျင်ကြီးတွေ လှုပ်ခတ်[illegible] တော့တာပေါ့။ ကျွန်[illegible] ကိုယ်တိုင် ရစ်ချ်တာ[illegible] ၆.၈ ရှိတဲ့ ငလျင်လှိုင်[illegible] ကြီးရဲ့ အဆင်သင့် [illegible] သောက်ခြင်းခံလိုက်ရ[illegible] က တစ်ဆစ်လှလှ ချိုးခဲ့[illegible] တူပါရဲ့လေ။

❑

၅။

'ကိုင်း မင်္ဂလာပါ [illegible] မာနိုင်ငံသားကြီးရေ၊ ခ[illegible] ကိုကြည့်ရတာလည်း [illegible] တော်ထဲက အမတ်တွေ[illegible] ထိုင်ငိုက်နေလိုက်တာ [illegible] တက်ကြွကြွကို မရှိဘူ[illegible]'

'သြော် အင်း ခ[illegible] က ဘယ်သူတုံး'

'ကျွန်တော်က သ[illegible] နာမည်ကသာ သုခ[illegible] တစ်လျှောက်လုံးတော[illegible] ရဲခြင်းတွေနဲ့ပဲ ပြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

'ဟင် ဘယ်လို အဖြစ်
တွေများ ကြုံတွေ့ခဲ့ရလို့

ဟိုဘက်ထောင့်စွန်းမှာ
အလဲ ကျွမ်းပြန်နေတဲ့
ကျော် ပုဂ္ဂိုလ်နှစ်ဦးသား
တော့ ကျွန်တော်တို့ကို ဂရု
နိုင်အားမယ် မထင်ဘူး။
ခေါင်းပေါက်ဝအောက်တွင်
ခမ်းမွေးကို တိဖြတ်
တဲ့သူနဲ့ စူးရဲတောက်တဲ့
လုံးအောက်မှာ မုတ်ဆိတ်
မျိုးခင်းထောင်ထားတဲ့သူ
။ သူတို့တွေကိုကြည့်ရင်း
သူခနဲ့ ပြောရတာပေါ့။
'ရခဲလှပါတယ်ဆိုတဲ့
ဘဝကြီးမှာ လူပေါင်းမှား
က ဆိုးလွန်းပါတယ်ဗျာ။
ကလည်း လူတင်ပါလို့ နွား
ကိုက်တယ်ပြောရင်ရ
ပေါ့။ ခင်မင်ရင်းစွဲရှိနေတဲ့
သက်နှင်း မိတ်ဆက်ပေး
ဦးစောလို ဂျပန်မွေးစား
နဲ့ သိခွင့်ရခဲ့ရာကစပြီး
တော့တာပါပဲ။ ကျွန်တော်
ယ်တိုင်ကလည်း ဦးစောနဲ့
င်းရတာကို ဂုဏ်ရှိလှပြီလို့
နားထင်ရောက်နေခဲ့တာ
ချင်ပါဘူး'
ဟာ ဘုရား ဘုရား၊
တော် ဒီလူကို လန့်လာ
။ ကိုယ်တိုင်လည်း လူ
င်းမှားနေပြီလားလို့ တွေး
ကြောက်ကြောက်နဲ့ပဲ
နားထောင်နေရပြီ။
'ခေတ်ကာလ နိုင်ငံရေး
အဆတွေကို သုံးသပ်ဝေ
နိုင်အား နည်းခဲ့တဲ့
တော်လိုကောင်က ဦး
နဲ့ ပေါင်းသင်းရလို့ ကိုယ့်
ဘာတစ်ခုမှ နစ်နာမသွား
ဘူးဆိုပြီး ရှူးရှူးမိုက်မိုက်
ကြီး တွက်ဆထားခဲ့မိတာ
ကိုး။ အဲဒီ ဦးစောကိုယ်တိုင်
လည်း ဒီလောက် ရက်စက်
ကြမ်းကြုတ်တဲ့ လုပ်ကြံမှုကြီး
နဲ့ ရာဇဝတ်မှုတွေကို ကြံစည်
နေလိမ့်မယ်လို့ ထင်မြင်ယူဆ
မထားမိတာကိုက ကျွန်တော့်
ရဲ့ အကြီးမားဆုံး ညံ့ဖျင်းမှုပေါ့
ဗျာ။ ဒီတော့ အဲဒီ ဒေဝဒတ်
ကြီးကိုပဲ မျိုးချစ်စိတ် ထက်
သန်ပြီး လွတ်လပ်ရေးရဖို့
ဆောင်ရွက်နေတဲ့ ခေါင်း
ဆောင်ကောင်းတစ်ယောက်လို့
ယုံမှတ်လေးစားနေခဲ့မိတာပ
လေ'
'နေ နေပါဦး၊ ဒါဆို
နိုင်ငံတော် လုပ်ကြံမှုကြီးရဲ့
တရားခံတွေထဲက ကိုသုခဆို
တာ ခင် ခင်ဗျားပေါ့'
'ဆိုပါတော့လေ၊ ဒါ
ပေမဲ့ ကိုယ်ထိလက်ရောက်
ကျူးလွန်တဲ့အထဲတော့ မပါ
ပါဘူး။ ကျွန်တော်က ကား
မောင်းပို့ရုံပါ။ တစ်ဖွဲ့လုံးမှာ
လည်း ကားမောင်းတတ်တဲ့
သူ က ကျွန် တော် ရယ်၊
ခင်မောင်ရင်နဲ့ စိန်ကြီးရယ်ပဲ
ရှိ တာကိုး...'
'အေးဗျာ ကျွန်တော်
က ကိုယ့်အဖြစ်ကို ဆိုးရွားလှ
ပြီလို့ တွက်နေတာ၊ အခု ခင်
ဗျားနဲ့တွေ့မှ ဖြေသာရ မလို
ဘဲ။ နေပါဦးဗျ၊ ဖော်ကောင်
ဘညွန့်ဆိုတာ'
'အဲဒါက ကိုဘညွန့် လူ
လည်ကျလို့ ဖော်ကောင်ဖြစ်ရ
တာကိုး။ ဒီလုပ်ကြံမှုကြီးကို
ပထမဆုံး အပြည့်အစုံ ဖော်
တာက ခင်မောင်ရင်ဗျ။ ကို
ဘညွန့်က ရုံးမှာ ရှေ့ဖတ်စာ
ရေးလုပ်လာခဲ့ဖူးတော့ ဥပဒေ
အတွေ့အကြုံရှိတယ်။ ခင်
မောင်ရင်သာ မဟုတ်ဘူး၊
ကျန်တဲ့ တရားခံတွေ အားလုံး
နီးပါးလည်း ရဲအရာရှိတွေကို
အိတ်သွန်ဖာမှောက် ဖော်ထုတ်
ဝန်ခံကြပြီးသားဖြစ်ပေမဲ့ အဲ
ဒီနောက်မှဖော်တဲ့ ကိုဘညွန့်
က 'ဖော်ကောင်'ဖြစ်ရတယ်
ဆိုတာ ကျန်တဲ့လူတွေ အ လို့
ပေါ့။ နိုင်ငံရေးထဲကို မြှောက်
ကားကြီး လုပ်ချင်တာကလွဲ
ရင် ဘာဥပဒေမှ နားမလည်
တော့ လူလည်ကြီးရဲ့ ချုနင်း
တာကို ခံလိုက်ရတယ်'
'ဩော် ဩော် ဒါကိုမှ
ဒီကနေ့ လူတွေ သင်ခန်းစာ
မယူတတ်သေးဘူးဆိုရင်တော့
နိုင်ငံရေးမျိုးဆက်သစ်တွေ
ခံလိုက်ကြဦးပေါ့လေ'
'ဒီလိုပေါ့ဗျာ။ ကျွန်
တော်ကိုယ်တိုင်လည်း ရိုးရိုး
သားသားနဲ့ ရောင်းဝယ်
ဖောက်ကားနေတဲ့ သာမန်
ကုန်သည်တစ်ယောက်ပါပဲ။
နိုင်ငံတော် လုပ်ကြံမှုဆိုတာ
ကြီးကို ယောင်လို့တောင် အိပ်
မက် မမက်ဖူးပါဘူး။ ဗိုလ်
ချုပ်ကိုလည်း ကြည်ညိုချစ်
ခင်နေရတဲ့သူပါ။ ဖြစ်ချင်
တော့ တစ်မြို့တည်းသား
ချင်း ခင်မင်နေရတဲ့ ကိုသက်
နှင်းရဲ့ ဆွဲဆောင်ချက်တွေကို
လည်း ငြင်းမပယ်နိုင်။ ဦးစော
အပေါ်ကိုလည်း ဆက်ဆံ
ကြည့်နေရတဲ့ တဒင်္ဂအတွင်း
အထင်ကြီးစိတ်တွေက ဒီရေ
မြင့်နေပြီဆိုတော့ သွားပြီပေါ့
ဗျာ။ ဘာနဲ့မှ အစားထိုးပြီး
အဖတ်ဆယ်လို့ မရတော့ဘူး။
'ဦးစောတို့ရဲ့ အတွင်း
ပိုင်း စည်းဝိုင်းထဲကို ကျွန်တော်
ဝင်လာရတဲ့ ရက်ပေါင်းက
တကယ့် ခဏလေးရယ်ဗျ။
အဲဒီ ရက်တိုတိုလေး အတွင်း
မှာမှ ကိုယ်မကြုံကြိုက်နိုင်တဲ့ အမှု
အရာတွေ၊ မနှစ်မြို့နိုင်တဲ့ အစီ
အမံနဲ့ အကျုပ်ကိုင်မှုတွေကို
တွေ့လာနေရလို့ ခွာမယ်ပြင်
တော့ ရုန်းလို့ မလွတ်နိုင်တော့
ဘူး။ ဦးစောနဲ့ အပေါင်းအပါ
တစ်စုက ကိုယ့်အသက်တွေ
ကို ထိန်းချုပ်ပြီးသား ဖြစ်နေ
ပြီလေ'
'ကျွတ် ကျွတ် ကျွတ်
ခင်ဗျားအဖြစ်ကလည်း သု
တစ်ပါးခန္ဓာကို မှီပြီးမှ ကိုယ့်
စိတ်အာဟာရ တည်ဆောက်ရ
တယ်လို့ ကိုသုခရာ'
'အောင်မယ် ခင်ဗျား
ကရော ဘာထူးသေးလဲ၊ အဲဒီ
သူတစ်ပါး ခန္ဓာကိုယ်တွေကို
ကိုယ့်စိတ်အတွက် တပ်မက်ရာ
က ဒီထဲကို ကျွမ်းထိုးမှောက်
ခံ ပြုတ်ကျလာရတာ မဟုတ်
လား။ ခင်ဗျား ဒီနေရာကို
ရောက်လာမယ်ဆိုတာ အစော
ကြီးကတည်းက ကျွန်တော်
ကြိုသိနေတယ်'
အလို ကိုသုခက ကြိုသိ
ပြီးသားဖြစ်နေသတဲ့၊ ဟုတ်
နိုင်ပါ့မလား။ နေဦးဗျာ၊ ဒီလို
ဆိုရင် သေဖော်ညှိတာတော့
မဟုတ်ဘူး။ ကျွန်တော့်နောက်
ကို တန်းစီပြီး တစ်ပြုံတစ်
မကြီး လိုက်ချလာကြမယ့်
ပုဂ္ဂိုလ်မွန်တွေ ပြည်ထောင်စု
ကြီးထဲမှာ အများကြီး ကျန်နေ
ခဲ့သေးတယ်။ ယုံယုံ မယုံယုံ
စောင့်ကြည့်လိုက်။ အဲ မေ့လို့
ဒီကို မလာခင် အရင်ဆုံး မျက်
နှာသစ်ထားဖို့တော့ လိုတာ
ပေါ့ နော...။ ■


**ပန်းရေကျိုးမိုးကုတ်၊**

*စာမှီး(စာကိုး မဟုတ်ပါ)*
*၁။ လူထုဦးလှ(ထောင်နှင့်*
*လူသား)*
*၂။ ကာလပေါ် ဂျာနယ်များ*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

*(ယခင်လမှ အဆက်...)*
ဖျက်ဆီးပစ်လိုက်သည်ဟု
ဆိုရသည်မှာ
မူရင်းအရေးအသား၏
ဆိုလိုရင်းများကို
သေွဖည်ပစ်လိုက်ရင်း
မိမိသဘောဆန္ဒ
တစ်ခုတည်းဖြင့်
စာပိုဒ်များ၊
စာကြောင်းများ
ဖြတ်တောက်၊ ဖယ်နုတ်၊
ထုတ်ချန်ထားခဲ့သောကြောင့်
ဖြစ်သည်။
ဤအပိုင်းကို စိုးစဉ်းမျှ
ဆွေးနွေးပါရစေ။
ဆွေးနွေးချင်သည်မှာ
ပညာရပ်ဆိုင်ရာ
အရေးအသား
တစ်စုံတစ်ရာကို
ပြန်လည်ဖော်
ထုတ်တင်ပြသူက
သူ့သဘောဆန္ဒအတိုင်း
ဖြတ်တောက်၊ ဖယ်နုတ်၊
ထုတ်ချန်ထားနိုင်သော
အခွင့်အရေး
မရှိသောကြောင့်
ဖြစ်ပါသည်။
အထူးသဖြင့်
ပညာရပ်ဆိုင်ရာ
အရေးအသားတို့တွင်
အကယ်၍နှင့်
အကယ်၍သာလျှင်
ဖြတ်တောက်၊ ဖယ်နုတ်၊
ထုတ်ချန်ထားလိုသော်
ပြန်လည်တင်ပြသူအနေဖြင့်
စာဖတ်သူကို
အသိပေးရန်
လိုအပ်ပါသည်။
**စာပေဆိုတာ ဘာလဲ**
စာအုပ်မှ ပါမောက္ခ
မေးလား၏ 'စာပေဆိုတာ
ဘာလဲ' ဘာသာပြန်မှာ



www.burmeseclassic.com

အင်္ဂလိပ်စာကို ဖြောင့်ဖြောင့် မဖတ်တတ်သဖြင့် မှားယွင်းသော အနက်ဖော်ထုတ်မှုများ အလျှံပယ်ပါသည်သာမက သိမ္မ/ ဥဏ်ရည်ဉာဏ်သွေး နည်းပါးသဖြင့် ကျူးလွန်တတ်သော အမှားကို ကျူးလွန်ထားပြန်သည်။ ဤသို့ဆိုရသည်မှာ မူရင်း/ အရင်းခံဘာသာစကား (Source Language)မှ ဖော်ထုတ်တင်ပြထားသည့်အချက်များကို (ရှေ့တွင်ဆိုခဲ့ပြီး ဖြစ်သော) ပြန်လည်တင်ပြသူက ရှင်းလင်းချက်၊ ဝန်ခံချက်၊ အကြောင်းပြချက် မပါဘဲလျက် ဘာသာစကားသစ်/ဦးတည် ရည်ညွှန်းပြန်ဆိုသော ဘာသာစကားTarget Language/ Targeted Language တွင် ဖြတ်တောက်၊ ဖယ်နုတ်၊ ထုတ်ချန်ထားခဲ့ခြင်းများ ပြုခဲ့ခြင်းကြောင့် ဖြစ်သည်။ ဘာသာစကား အလွှဲအပြောင်းပြုရာတွင်ဖြစ်စေ၊ တစ်ခုတည်းအတွင်း၌ပင်ဖြစ်စေ စာလုံးတစ်လုံး၊ စာကြောင်းတစ်ကြောင်း၏အနက် ပေါ်လာနိုင်စွမ်း Make sense/ One of the possible meanings မှာ လိုအပ်မှုတစ်ခု ဖြစ်ပါသည်။ မလိုအပ်ဘဲ ဖြတ်တောက်၊ ဖယ်နုတ်၊ ထုတ်ချန်ထားခဲ့ခြင်းများက အနက်ရင်းကို သုတ်သင်လိုက်သည့်သဘောမျှသာ ဖြစ်သွားတော့သည်။

ပါမောက္ခ မေးလားက မီဒီယာအသစ်များ ပေါ်ပေါက်လာခြင်းအတွက် ပုံနှိပ်လုပ်ငန်း အခြေပြုဖော်ထုတ်သော စာပေမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့သဖြင့် ပုံနှိပ်အခြေခံစာပေဖော်ထုတ်မှုမှာ အသက်ငင်နေကြောင်း တင်ပြခဲ့သည်။ ထိုအချက်ကို အထောက်အကူပြုရန် သူ၏ အတွေ့အကြုံတစ်ခုကို စာပိုဒ်တစ်ပိုဒ် ရေးသားကာ တင်ပြခဲ့သည်။ သို့ရာတွင် ထိုစာပိုဒ်မှာ **စာပေဆိုတာ ဘာလဲ** စာအုပ်တွင် ဖော်ပြထားခြင်း မရှိ။ အကယ်၍နှင့် အကယ်၍သာလျှင် ဖော်ပြမည်ဆိုသော် စာမျက်နှာ ၂၀၄ တွင် ဖော်ပြရန်ဖြစ်သည်။ မည်သည်၊ မည်သို့ကြောင့် မဖော်ပြသည်ကို ရှင်းလင်းပြဆိုခြင်းလည်း မရှိ။ ဤနေရာတွင် ယခင်ကရှိခဲ့သော စာပေစိစစ်ရေးကို လက်ညှိုးထိုးကာ အပြစ် မဆိုနိုင်။ အကြောင်းမှာ ထိုစာပိုဒ်ကို စာပေစိစစ်ရေးက ပယ်ရန်အတွက် ပယ်ထိုက်သောအကြောင်းအချက်အလက်များ မပါချေ။ ထိုစာပိုဒ်မှာ…

*များမကြာမီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ လုပ်ငန်းခွင်လက်တွေ့လေ့လာမှုတစ်ခုတွင် ကျွန်တော်ကိုယ်တိုင် ပါဝင်*

ရေးဦးစွာ မေးလား သုံးစွဲခဲ့သော Magic ဟူသော အသုံးအနှုန်းကိုပင် ကြည့်စေချင်သည်။ Magic ဟုဆိုလျှင် မျက်လှည့်ဟု မြန်မာများက မြင်တတ်သည်မှာ အစဉ်အလာတစ်ခု ဖြစ်ပါသည် သို့ရာတွင် **စာပေဆိုတာ ဘာလဲ** စာအုပ်တွင်သော် 'ပဥ္စလက်' (စာ၊ ၂၃၄။)ဟု အဓိပ္ပာယ် အလွှဲအပြောင်းပြုထားသည်ကို တွေ့ရသည်။ စင်စစ် ပဥ္စလက်မှာ လှည့်ဖြားနိုင်သော၊ တတ်သော အတတ်ပညာ တစ်ခုကို ရည်ညွှန်းထားသော စာလုံး/စကားလုံး ဖြစ်လေသည်

*တက်ရောက်ခဲ့သည်။ အမေရိကမှ စာပေပညာရှင်များနှ တရုတ်ပြည် စာရေးဆရာ အစည်းအရုံးမှ ကိုယ်စားလှယ်မျ ပါဝင်သည်။ အဆိုပါ တွေ့ဆုံပွဲမှ သိရှိခဲ့ရသည်မှာ ယခုအ တရုတ်ပြည်တွင် လူရှိသေး၊ ရှင်ရှိသေးခံရသော စာရေးဆ များ၊ လေးစားတန်ဖိုးထားခြင်းခံရသော စာရေးဆရာများ ဝတ္ထု၊ ဇာတ်လမ်းတို့သည် တစ်နည်းမဟုတ် တစ်နည်းအား ရုပ်မြင်သံကြား အစီအစဉ်တွင်ပြသရန်အတွက် အခန်းဆ ဇာတ်လမ်းများအဖြစ် ရိုက်ကူးကြကြောင်းဖြစ်သည်။ သို့ တွင် ပြီးခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်း ဂျာနယ်ထုတ်ဝေ ကျဆင်းခဲ့သည်။ စောင်ရေ ခုနစ်သိန်းရှိသော လစဉ်ထု ကဗျာဂျာနယ်တစ်ခုသည် စောင်ရေ သုံးသောင်းပျှ ထုတ်ဝေနိုင်တော့သည်။ သို့ရာတွင် ထိုသို့ ပုံနှိပ်ထုတ်ဝေ စောင်ရေကျသွားရခြင်းမှာ လူအများကြားသို့ စိမ့်ဝင်ပျံ့နှံ့ ကဗျာဂျာနယ်အသစ်များ ပေါ်ပေါက်လာခြင်းကြောင့်လည ဖြစ်သည်။ အမြင်၊ သဘောထား စသည်များ မတူညီကြခြ များ ရှိလာသည်မှာမူ ကောင်းမွန်သောလက္ခဏာတစ်ရပ် ဆိုနိုင်သည်။ မီဒီယာအသစ်များဆီသို့ ရွှေ့လျောလာခြင်းမှ တား၍ မရနိုင်တော့ပါ။*

ဟူ၍ ဖြစ်၏။ ဤစာပိုဒ်ကို အရေးမပါဟု ဆိုရန်လည မဖြစ်။ အကြောင်းမှာ မေးလားက ဤစာပိုဒ်ကို ရေးသား ပြထားခြင်းမှာ ရည်ရွယ်ချက်နှစ်ခု ပါခဲ့သည်။ တစ်ခုမှာ ဤ စာပိုဒ်သည် ရှေ့က စာပိုဒ်အတွက် အထောက်အထားတ ဖြစ်ပြီး အခြားသောရည်ရွယ်ချက်မှာ နောက်စာပိုဒ်အတွ 'ပျိုး'ထားခြင်းဖြစ်လေသည်။ တစ်နည်းဆိုရသော် အနော တိုင်းဆင်ခြေစနစ်တွင် အခြေ ကာ နိဂုံးအတွက် တည် ထားသော အဆိုတစ်ခုဖြစ်နေ ခဲ့သည်(လယ်သမား၊ ယာ သမားစကားဖြင့် ဆိုရသော် 'ပျိုးနုတ်'ရန်အတွက် ရှိထား ရမည့် 'အပျိုး'နှင့်'ပျိုး ထောင်' ရှိထားရသည့် ရှေ့ ဆင့်နောက်ဆက် ဆက်စပ်နေ မှုသဘောမျိုး ဖြစ်သည်။) ပို၍တိုးကာ ဆိုးလာသောအခြေအနေတစ်ရပ်မှာ ဤစာပိုဒ်၏ နောက်(ဆက်လျက်) စာပိုဒ်၏ နိဂုံးပိုင်းတွင် အဆိုတစ်ရပ်အဖြ တည်ထားသော အချက်များမှာ လွဲနေခဲ့ပြန်ခြင်းဖြစ်သည်။ မေးလားက အခြားအခြားသော မီဒီယာများကြောင့် ပုံနှိပ်စာပေ၏ အနေအထား ကျဆင်းခဲ့ကြောင်းတင်ပြခဲ့ပြီး အခြားအခြာ သော မီဒီယာ၏လုပ်ဆောင်မှုများက ပုံနှိပ်စာပေကို ဒုတိယ တန်းစား အနေအထားတစ်ရပ်အဖြစ် ပြောင်းလဲထားခဲ့ကြော ကို ဖော်ပြခဲ့သည်။ ... People read the book because have seen the television adapatation ဟု ရေးသားခဲ့သည်ကို



www.burmeseclassic.com

www.burmeseclassic.com

**စာပေဆိုတာ ဘာလဲ** စာအုပ်တွင် '*...သူတို့ဝတ္ထုကို ရိုက်ထားတဲ့ ရုပ်ရှင်ကိုကြည့်ပြီးတဲ့သူ ပိုများပါလိမ့်မယ်*' (စာ၊ ၂၀၅။)ဟု ဖော်ပြထားပြန်သည်။ စင်စစ်ဆိုလိုသည်မှာ '...ရုပ်ရှင်/ရုပ်မြင်သံကြားတို့တွင် ရိုက်ကူးပြသသည်ကို ကြည့်လိုက်ရသဖြင့် ဝတ္ထုများကို ဖတ်ကြည့်ကြခြင်းသာဖြစ်သည်။'ဟူ၍သာဖြစ်ပါသည်။ ထို့ကြောင့်ပင် (မေးလား၏ အမြင်အရ) '...ပုံနှိပ် ထုတ်ဝေသောစာအုပ်များမှာ (ယနေ့ကာလ၏) နေ့စဉ်ဘဝအတွင်း အတော်ကြာကြာ ရှင်သန်နေပေဦးမည်။' The printed book will retain cultural force for a good while yet. ဟူ၍ဖြစ်၏။ ဤတွင် Cultural Force ဆိုသည်မှာ **စာပေဆိုတာ ဘာလဲ** စာအုပ်တွင် အနက်ဖော်ထားသည့် '*ယဉ်ကျေးမှု ဆိုင်ရာအင်အားတွေ*' (စာ၊ ၂၀၅။) မဟုတ်ပါ။ Cultural Forces မဟုတ်ပါ။ **နေ့စဉ်ဘဝအတွင်း ဖြစ် ရှိနေကြသော အပြုအမူကို ရည်၍ဆိုခဲ့ခြင်းသာဖြစ်ပေသည်။** အထူးသဖြင့် Cultural နှင့် Culture ကို ကွဲရန်လိုပါသည်။ ထိုဖြစ်ရကား အဆိုပါစာကြောင်း၏ အဓိပ္ပာယ်မှာ **စာပေဆိုတာဘာလဲ** စာအုပ်စာမျက်နှာ ၂၀၅ တွင် ဖော်ပြထားသည့် '*စာအုပ်တွေဟာ ယဉ်ကျေးမှုဆိုင်ရာအင်အားတွေကို အကောင်းဆုံး ထိန်းသိမ်းထားရမယ်ဆိုတာ မှန်ခဲ့ပေမဲ့...*'ဟူ၍ မဟုတ်တော့ချေ။

ဤနေရာမှ နိဂုံးပိုင်းသို့ ခုန်ကျော်သွားပါရစေ။ ကြားထဲက အမှားများကို လျစ်လျူရှုလိုက်ပါရစေ။ ပညာရပ်ဆိုင်ရာ အရေးအသားတိုင်းတွင် 'နိဂုံး'တိုင်းမှာ အရေးကြီးပါသည်။ သို့ဖြစ်၍ ပါမောက္ခ မေးလား၏ အရေးအသားမှာ **စာပေဆိုတာ ဘာလဲ** စာအုပ်တွင် မည်ရွေ့မည်မျှ ပျက်စီးသွားခဲ့ရကြောင်း၊ မှားနေခဲ့ကြောင်းကို ရှင်းပြပါရစေ။ ရှေးဦးစွာ မေးလား သုံးစွဲခဲ့သော Magic ဟူသော အသုံးအနှုန်းကိုပင် ကြည့်စေချင်သည်။ Magic ဟုဆိုလျှင် မျက်လှည့်ဟု မြန်မာများက မြင်တတ်သည်မှာ အစဉ်အလာတစ်ခု ဖြစ်ပါသည်။ သို့ရာတွင် **စာပေဆိုတာ ဘာလဲ** စာအုပ်တွင်သော် 'ပဉ္စလက်' (စာ၊ ၂၁၄။)ဟု အဓိပ္ပာယ် အလွဲအပြောင်းပြုထားသည်ကို တွေ့ရသည်။ စင်စစ် ပဉ္စလက်မှာ လှည့်ဖြားနိုင်သော၊ တတ်သော အတတ်ပညာတစ်ခုကို ရည်ညွှန်းထားသော စာလုံး/စကားလုံး ဖြစ်လေသည်။ မေးလား ရည်ညွှန်းသောအနက်မှာ 'ဆန်းကြယ်မှု၊ ဆန်းပြားမှု'သဘောမျှသာ ဖြစ်လေသည်။ 'လှည့်ဖြားနိုင်သော အတတ်ပညာ'ကို ရည်ညွှန်းထားခြင်းကား မဟုတ်။ မေးလားက Magic ဟု သုံးစွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းရာတွင်...

**'ဆန်းပြားမှု'ဟူသော စာလုံးကို ကျွန်တော် သုံးစွဲခဲ့ပါသည်။ ဆက်လက်၍ သုံးစွဲပါဦးမည်။ သုံးစွဲရာတွင် စာပေအဖြစ် ဖတ်ရှုလိုက်သည့်အခါ စာမျက်နှာများပေါ်မှ စာလုံးများက တကယ့်ဖြစ်ရပ်ဖြစ်ခြေများအဖြစ် ဖော်ထုတ်ပေးလာနိုင်ခြင်းသဘောကို ဆိုလိုပါသည် (ဤတွင် အင်္ဂလိပ်လို Virtual Reality ဆိုသည်ကို ဆိုလိုပါသည်။ Virtual Reality ၏သဘောမှာ ဖြစ်ရပ်ဖြစ်ခြေများကို တကယ်ဟု မြင်လာရုံမျှမက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်နိုင်သည် ဟူသော အမြင် (ယာယီ သိမှုအခြေခံထားသော အထင်) လည်း ဖြစ်သည်။)။**

ဟူ၍ ဖြစ်၏။ သို့ရာတွင် **စာပေဆိုတာ ဘာလဲ** စာအုပ်၌ ဖော်ပြထားသည်မှာ...

*စာဖတ်သူတွေ စာပေအဖြစ် မှတ်ယူခဲ့တဲ့ စာမျက်နှာပေါ်က ဝေါဟာရတွေရဲ့ ပါဝါကို ကျွန်တော်က 'ပဉ္စလက်'လို့ နာမည်ပေးခဲ့တယ်။ စာမျက်နှာပေါ်က စာလုံးတွေကို စာပေအဖြစ် ဖတ်တဲ့အခါ ၎င်းစကားလုံးတွေဟာ အရှိတရားပုံရိပ်ဆောင်ဆီ ပွင့်နေတဲ့ စွမ်းအားရှိတဲ့အတွက် 'ပဉ္စလက်'လို့ ခေါ်လိုက်တာပါ။ (စာ၊ ၂၁၄။)။*

ဟူ၍ ဖြစ်နေသည်။ ဤတွင် နားလည်ရန် ခက်ခဲနေသည်မှာ '*...၎င်းစကားလုံးတွေဟာ အရှိတရားပုံရိပ်ဆောင်ဆီ ပွင့်နေတဲ့ စွမ်းအားရှိတဲ့အတွက် 'ပဉ္စလက်'လို့ ခေါ်လိုက်တာပါ*' ဟူသော စာကြောင်းဖြစ်သည်။ မူရင်းမှာ ... the power that words on the page have to open up a virtual reality when they are read as literature. ဟူ၍ ဖြစ်၏။ အဘယ့်ကြောင့် Open up a virtual reality ... မှာ '*ပွင့်နေတဲ့ စွမ်းအား ရှိတဲ့အတွက်*'ဟူ၍ အနက်ယူထားသည်ကို မပြောနိုင်။ ကျွန်တော်တို့ ကျောင်းသားဘဝက Sense organ ကို 'သိမှတ်ခံစားနိုင်သော သံစုံထွက်တီးမှုတ်ကိရိယာကြီး'ဟု ဘွဲ့လွန်ကျောင်းသားကြီးတစ်ဦးက ဘာသာပြန်ခဲ့ဖူးသည်ကိုသာ သတိရလာမိသည်။

ဤနိဂုံးပိုင်းတွင်လည်း ဖြတ်တောက်၊ ဖယ်နုတ်၊ ထုတ်ချန်ထားခြင်း အများအပြား ရှိနေပြန်သည်။ အဘယ့်ကြောင့်ဟု အကြောင်းပြချက် မရှိသည်သာမက နိဂုံးအတွက် အရေးပါနေသော အချက်များမှာ ပျောက်ဆုံးသွားခဲ့ရတော့သည်။ နောက် ဆုံးပိုင်း၏ ပထမစာပိုဒ်တွင် '**အယ်လစ်နှင့် ဆန်းကြယ်သော ကမ္ဘာ**'အကြောင်း ရေးသားချက်တစ်ခုလုံးမှာပါမလာခဲ့။ **စာပေဆိုတာ ဘာလဲ** စာအုပ်၏ စာမျက်နှာ ၂၁၄ တွင်(အောက် ဘက်မှ ရေတွက်သော် ဆဋ္ဌမ စာကြောင်းဖြစ်သည့် '၎င်းလက်ရာတွေက မျက်လှည့်ပြပွဲ (ဝါ) ပဉ္စလက်နဲ့ အနည်းနဲ့အများ ဆိုသလိုဆက်စပ်နေတယ်။'...စာကြောင်း၏နောက်တွင် မူရင်းမှ စာကြောင်းဆယ်ကြောင်းသာသာမပါ။ ၎င်းစာကြောင်းများကို မြန်မာဘာသာအားဖြင့်ဖော်ပြရသော် ဤသို့ဖြစ်သည်။

**အယ်လစ်နှင့် ဆန်းကြယ်သောကမ္ဘာ အကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။ အယ်လစ်က ကြည့်မှန်အတွင်းမှ ဖြတ်သန်းသွားခဲ့ခြင်းမှာ စင်တင် မျက်လှည့်ပွဲများတွင် ပြသလေ့ရှိသော အစဉ်အလာမျိုးဖြစ်သည်ဟု ဆိုသည်။ ချူးရင်၏ အလိုအရသော် အယ်လစ်စတ်လမ်းထဲမှ ချိုင်ရှိုင်း ယား/ချက်ရှာကြောင်** Cheshire Cat (ချိုင်ရှိုင်းယား/ချက်ရှာ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်မှာ အယ်လစ်နှင့် ထူးဆန်းသောကမ္ဘာဇာတ်လမ်းတွင် အရေးပါသောဇာတ်ကောင်တစ်ဦး ဖြစ်သည်။ ဆိုကာမျှ မည်ကာမျှ ကြောင်တစ်ကောင် မဟုတ်။ သူ၏ ယုတ္တိစနစ်အရ ရှုမြင်လက်ခံနေထိုင်သူတစ်ဦးဖြစ်သည်။) **ပျောက်ဆုံးသွားပုံ၊ ကလေးငယ်ကို ငရုတ်ကောင်း ရှူကာနှာချေစေခဲ့ပုံတို့မှာ ဆယ့်ကိုးရာစုခေတ်က နာမည်ကျော်ခဲ့သော စင်တင်မျက်လှည့်ပွဲတစ်ခုကို သွယ်ဝိုက်ကာ ရေးသားခြင်းဖြစ်သည်ဟုသိရသည်။ အယ်လစ်၏ပုံပြင်ဇာတ်လမ်းကို ရေးသားခဲ့သူ ကယ်ရိ (Lewis Carroll)မှာ ဆယ့်ကိုးရာစု စင်တင်မျက်လှည့်ပွဲများအကြောင်း သိထားခဲ့သူဖြစ်ကြောင်း ဖစ်ရှာ(John Fisher) ၏ The Magic of Lewis Carroll တွင် တွေ့ရနိုင်သည်။**

(ကွင်းစကွင်းပိတ်အတွင်းမှ စာကြောင်းများမှာကျွန်တော်၏ ရှင်းလင်းချက်သာဖြစ်သည်။)။

ဤစာကြောင်းများ မပါခဲ့သဖြင့် ဆိုးရွားသွားသည်မှာ အဆိုးရွားဆုံး မဟုတ်သေး။ ဒုတိယစာပိုဒ်၏ အစမှာ ပါမောက္ခ မေးလားက လုံးဝရေးသား မထားသော စာကြောင်းဖြစ်သည်။ စင်စစ် 'ဖြီး' ရေးထားသော စာကြောင်းဖြစ်ပြီး မူရင်းအရေးအသားအပေါ် ကလေးကလားဆန်အောင် လုပ်လိုက်သည်ကဲ့သို့ ဖြစ်နေတော့သည်။ ၎င်းမှာ…

*မျက်လှည့်ပြပွဲမှာ ကြောင်ကလေးကို တစ်ခုခုနဲ့အုပ်ပြီး ဒါမှမဟုတ် ဘူးထဲမှာထည့်ပြီး ပြန်ဖွင့်ပြလိုက်တဲ့အခါ ပျောက်သွားသလိုပဲ။ စာပေလက်ရာဟာ ပုံရိပ်ယောင် အရှိတရားကနေ ကမ္ဘာလောကသစ်ဆီ သွားဖို့ပါ။ ဘူးထဲမှာ ကြောင်က ရှိနေချင်ရှိနေမှာပေါ့။ ဒါပေတဲ့ မျက်လှည့်ဆရာ ဖွင့်ပြလိုက်တော့*

ဆိုးရွားလှသည်မှာ မေးလားက အယ်လစ်နှင့် ဆန်းကြယ်သောကမ္ဘာအကြောင်း ရေးသားခြင်း အရေးပါသော ချက်ရှာကြောင်ကို အကြောင်းပြု ရေးသားထားခြင်း…တို့ကိုမျှ သဘောမပေါက် နားမလည်ဘဲ မသိဘဲလျက် ကမ္ဘာကျော် စာပေပညာရှင်ကြီးများ၏ အရေးအသားများကို ဘာသာပြန်ပြနေခြင်းဖြစ်သည် ထိုထိုသော သတ္တိကိုမူ အသိအမှတ် ပြုသင့်ပါသည်

*ကျွန်တော်တို့ဟာ လောကသစ် တစ်နေရာဆီ ရောက်သွားတော့တာပါပဲ။ (စာ၊ ၂၁၅။)*

ဟူ၍ ဖြစ်၏။ ထိုစာကြောင်းများမှာ မေးလား၏ အရေးအသားတွင် မပါ။ ဆိုးရွားလှသည်မှာ မေးလားက အယ်လစ်နှင့် ဆန်းကြယ်သောကမ္ဘာအကြောင်း ရေးသားခြင်း၊ အရေးပါသော ချက်ရှာကြောင်ကို အကြောင်းပြုရေးသားထားခြင်း… တို့ကိုမျှ သဘောမပေါက် နားမလည်ဘဲ၊ မသိဘဲလျက် ကမ္ဘာကျော် စာပေပညာရှင်ကြီးများ၏ အရေးအသားများကို ဘာသာပြန်ပြနေခြင်းဖြစ်သည်။ ထိုထိုသော သတ္တိကိုမူ အသိအမှတ်ပြုသင့်ပါသည်။ ပေါပေါလောလော ဘွဲ့တံဆိပ်ပေးနေသည့် ခေတ်ကာလကြီးအတွင်း ဘွဲ့ထူးဂုဏ်ထူးရလောက်ပါသည်ဟူ၍သာ မှတ်ချက်ချလိုသည်။ (မြန်မာ့ရသပညာ ရေးနိုင်ခြင်းအတွက် အလုပ်ကောင်းကောင်းရသည်ဟုကြားရဖူးသည်။)။

နိဂုံး၏ ဒုတိယစာပိုဒ်တစ်ခုလုံးလိုလိုမှာ ရှေ့တွင် ညွှန်းခဲ့သော ချူးရင်း၏ စာအုပ်နှင့်ပတ်သက်၍ မေးလားက ဆွေးနွေးတင်ပြခဲ့သည်။ ထိုစာပိုဒ်တစ်ခုလုံးနီးပါးမှာ မပါ။ ဖြတ်တောက်၊ ဖယ်နုတ်၊ ထုတ်ချန်ထားခြင်း စာရင်းတွင် ပါသွားခဲ့သည်။ ထိုသို့ ပြုထားလိုက်ခြင်းကြောင့် ရှေ့ပိုင်းတွင် မေးလားက ပျိုးထားသည့် အချက်များမှာ အဓိပ္ပာယ် မရှိတော့သည် ဖြစ်သွားတော့သည်။ အလားတူပင် တတိယစာပိုဒ်တွင် မေးလားက တင်ပြခဲ့သည့် ရစ်ကယ်(စ) (Laurence Rick… အကြောင်းမှာ ပါမလာပြန်။ သို့ရာတွင် မဆီမဆိုင် ဖြီး… ရေးထားသောစာတစ်ကြောင်းကိုမူ တွေ့ရပြန်သည်။ စာမျက်နှာ ၂၁၅ တွင် *'ထိတ်လန့်တုန်လှုပ်အောင်လုပ်နေရာက အသံကြားနိုင်တာ၊ လူကို မြင်နိုင်တာဟာ ကြောင်ကလေး ပျောက်သွားတာထက် ပိုအံ့သြဖို့ကောင်းတယ်'* (စာ၊ ၂၁၅။) ရေးသားထားသည်။ **အဘယ့်ကြောင့်၊ အဘယ်က၊ အဘယ်အတွက်ကြောင့် ဤစာကြောင်း ထည့်ထားမှန်း မသိရ။** 'ကြောင်ကလေး' အဘယ်က ရောက်လာသည် မသိရပြန်။ နိဂုံးစာပိုဒ်လေးနှင့်ငါးမှာ အပြည့်အစုံမပါဘဲ တစ်ကြောင်းစ၊ နှစ်ကြောင်းစ ထုတ်နုတ်ရေးသားထားခဲ့သည်။ ထိုစာပိုဒ်များမှာ မေးလား၏အရေးပါသော နိဂုံးများဖြစ်လေသည်။ စာပေအကြောင်းကို ဖော်ခဲ့သည့်အပိုင်းဖြစ်၏။ သို့သော် ဖြတ်တောက်၊ ဖယ်နုတ်၊ ထုတ်ချန်ထားလိုက်သဖြင့် ပါမောက္ခ မေးလား၏ အရေးအသားတစ်ခုလုံးမှာ လုံးလုံးကြီး ပျက်စီးသွား… လေတော့သည်။

ထိုအပိုင်းကို မြန်မာဘာသာအားဖြင့် ဖော်ပြရ… သော် ဤသို့ ဖြစ်သည်။

**မည်သည့် စာပေမ… ဆန်းပြားစွာပေါ်ပေါက်လာခြ… တစ်ရပ်ဟုဆိုရပေမည်။ ဤသည်ကို ဂျော့ဂျ်အီလီယက်(Georg… Eliot) ၏ အက်ဒမ်ဘီ(ဒ)(Adam Bede)ဝတ္ထုအစတွင် တွေ့ရ… သည်။**

**အီဂျစ်လူမျိုး မှော်ဆရာကြီးက လက်ဖဝါးထဲတွင် မင်တစ်စက်ကိုထည့်ကာ (ထိုမင်တစ်စက်ကို) ကြည့်မှန်အဖြစ် သုံးပြီး၊ ရှေးဖြစ်နောက်ကြောင်း ဟောလေသည်။ ကျွန်တော်ကလည်း စာဖတ်သူတို့အတွက် ဤသို့ပင်ပြုပါမည်။ ကျွန်တော်၏ ကလောင်တံမှ မင်တစ်စက်ဖြင့် ၁၇၉၉ ခု… ဇွန်လ တစ်ဆယ့်ရှစ်ရက်နေ့ဆီက ဟေစလော့(ပ) ရွာမှ လက်…**



www.burmeseclassic.com

www.burmeseclassic.com

သမားဆရာကြီး မစ်စတာ ဂျောန်နသန်ဘာ့(ဂျ)၏ ကျယ်ကျယ်ဝန်းဝန်းရှိလှသည့် အလုပ်ရုံကလေးကို ဖော်ပြပါမည်။

ဟာ့(ဇ) (Neil Hertz) ၏ အလိုအရအီလီယက်နှင့် သူ၏ စာဖတ်သူများသည် ၁၈၅၉ ခုနှစ်ကာလအတွင်း ကျော်ကြားခဲ့သော အီဂျစ်လူမျိုး မှော်ဆရာကြီး အပ်ဒူအယ်ခါဒီးယား အယ်ဟော်ဟာရာဘီဆိုသူ၏အကြောင်းကို သိထားကြပေလိမ့်မည်။ ဆယ့်ကိုးရာစုနှစ် စောစောပိုင်းက မှော်ဆရာကြီးမှာ အီဂျစ်နိုင်ငံထိုင်ရှိမြို့တွင် နေထိုင်ခဲ့သည်။ ဟာ့(ဇ)၏ အလိုအရ စာရေးဆရာကြီး ဘောရဂဲ (J.L Borge) ကပင်လျှင် ၁၉၃၀ ပြည့်နှစ်အတွင်းက ရေးသားခဲ့သော 'မင်၏ မှန်' ဟူသော အရေးအသားတွင် မှော်ဆရာကြီးအကြောင်း ညွှန်းခဲ့သေးသည်ဟု သိရသည်။ အီလီယက်၏ ရေးသားပုံမှာ ဟော့(ဖ)မန်း၏ စိတ်ကူးယဉ်သက်သက်တွင် အခြေခံသော ဆန်းပြားလှသည့် ထူးကဲလှသည့်အစွမ်းမျိုး မဟုတ်။ နှစ်ဆယ်ရာစုတွင် ပေါ်ပေါက်လာခဲ့သော မယ်ဂျစ်ကယ်ရီရယ်လစ်ဇင် (Magical Realism) မျိုး မဟုတ်။ ရှေးဆန်သော သဘာဝကျကျ ပုံတူကူးမှုတွင် အခြေခံထားသည့် သဘောဖြစ်သည်။ ကြည်ကြည်လင်လင် မြင်ရသော နမူနာတစ်မျိုးဖြစ်သည်။ အီလီယက်က နေ့၊ ရက်၊ ကာလနှင့် နေရာဒေသတို့ကို အသေအချာ ဖော်ပြထားသည်။ အပ်ဒူအယ်ခါဒီယားနှင့် သူ၏ မင်တစ်စက်ကို ယှဉ်ပြထားပုံမှာ ပြောင်မြောက်လှသည်။ စာရေးဆရာ၏ ကလောင်တံမှ ထွက်လာသောမင်စက်တွင် အခြေခံကာ စာလုံးများ ပေါ်လာခဲ့သည်။ ထိုမင်စက်မှ ပေါ်လာခဲ့သည့် စာမျက်နှာများပေါ်မှ စာလုံးများကို စာဖတ်သူတို့က ဖတ်ကြရသည်။ ထိုစာလုံးများမှာ လူးဝစ်ကယ်ရီ၏ အမြင်မျိုးဖြင့်ဆိုရသော် ဆန်းကြယ်လှသည့် ကြည့်မှန်တစ်ချပ်ဖြစ်သည်။ ရောင်ပြန်ဟပ်၍ ဟိုဟိုဒီဒီ မြင်ရသော ကြည့်မှန်မျိုးကား မဟုတ်။ စာဖတ်သူကိုယ်တိုင် ဖြတ်သန်းဝင်ရောက်သွားနိုင်သော မှန်တစ်ချပ်ဖြစ်သည်။ မှန်၏ အခြားတစ်ဖက်တွင် ဖြစ်ပျက်နေခြင်း၊ ကာလ၊ ဒေသ တူညီခြင်းများဆီသို့ စာဖတ်သူက ဝင်ရောက်သွားနိုင်သည်။ အီလီယက်၏ ယောစလော့(ပ)ရွာက လက်သမားကြီး၏ အလုပ်ရုံကလေးဆီသို့ သွားနိုင်သည်။ ရေးသားထားသော စာကြောင်းများမှာ မှန်၊ မှားဆုံးဖြတ်၍ရသည့်သဘောပါသည်ကဲ့သို့ စာကြောင်းများက ဘာလုပ်နေသည်ဆိုသည်ကိုလည်း ပြသည်။ လက်သမားကြီး၏ အလုပ်ရုံကလေးမှာ ကျယ်ကျယ်ဝန်းဝန်းရှိကြောင်း ဖော်ထားသည်ကဲ့သို့ မည်သို့မည်ပုံရှိသည်ကို 'ပြမည်' ဟုလည်း ဆိုထားသည်။ ဆိုထားသည့်အတိုင်း စာလုံးများဖြင့် ပြခဲ့သည်။ သို့ဖြင့် စာဖတ်သူတို့အဖို့ ထက်ရင်းဖြင့် စာလုံးများ၏ လမ်းဖွင့်ပေးလာမှုကြောင့် အတွင်းစိတ်၏ မျက်စိထဲတွင် ကျယ်ကျယ်ဝန်းဝန်း ရှိလှသော အလုပ်ရုံကလေး၏ ပုံပန်းသဏ္ဌာန်မှာ မျက်လှည့်ပြသည်ကဲ့သို့ ဆန်းပြားစွာ ပေါ်ပေါက်လာခဲ့တော့သည်။

နိဂုံးအနေဖြင့်သော် ကျွန်တော့်အမြင် တစ်ချက်၊ နှစ်ချက် တင်ပြလိုပါသည်။ 'ဒီမိုကရေစီ' ဟူသော စကားလုံး/စာလုံး တစ်လုံးသည် မြန်မာတို့၏ လူ့အဖွဲ့အစည်းအတွင်း၌ 'လုပ်ချင်ရာလုပ်နိုင်သည်' ဟူသော အနက်ကို ဆောင်နေသည်ဟု မြင်မိပါသည်။ သူ့အရပ်နှင့် သူ့ဇာတ် ကိုက်လျှင် ပြီးတာပဲဟု သဘောထားလျှင်လည်း ပြီးပါသည်။ သို့ရာတွင် အချို့ အနေအထားများတွင် ကိုယ့်သိက္ခာကလေးကိုတော့ဖြင့် ကိုယ့်ဘာသာ စောင့်သင့်ကြပါသည်။ အခြားနယ်ပယ်များတွင် ဖြစ်ချင်သလိုဖြစ်နေကြခြင်းကို ကျွန်တော် ဝင်ရောက်စွက်ဖက်လိုခြင်း မရှိပါ။ ရေးသားဖော်ထုတ်မှုတွင် အခြေခံသော စာပေနယ်ပယ်တွင်မူ တလွဲဆံပင်ကောင်းများ နည်းစေချင်ပါသည်။ မိမိဆန္ဒအလျောက် မျောက်လိုကချင်သဖြင့် ကကြည့်သည်မှာ ကိုယ့်ကိစ္စဖြစ်ပါသည်။ ဘေးလူအထင်ကြီးခြင်းခံချင်သဖြင့် တောရေးတောင်ရေး၊ တောပြောတောင်ပြောလုပ်ကာ ကိုယ့်ကြောင့် အခြားသူများ လွဲမှားသောသိမှု တစ်စုံတစ်ရာ ရခဲ့ရလျှင်မူ ငါ့ကိစ္စ မဟုတ်ဘူးဟုမြင်ရန်မသင့်တော့ပါ။ ကိုယ့်တွင် တာဝန်ရှိလာပါသည်။ လွတ်လပ်ခြင်းတိုင်းတွင် တာဝန်ယူမှု ရှိပါသည်။ ပညာရပ်တိုင်း(ဘာသာရပ်တိုင်း)တွင်လည်း သူ့တာဝန်ရှိမှုနှင့်သူ ရှိနေကြပါသည်။ တရားလက်လွှတ် ထင်ရာစိတ်ကူး ငမူးအိပ်မက်သဘောမျိုးဖြင့် လျှောက်ရေးကြရန်လည်း မသင့်ပါ။ အထူးသဖြင့် 'ဖတ်ရှု' ပြီး သိချင်သူ၊ နားလည်ချင်သူတို့၏ မျက်နှာကိုလည်း ထောက်ကြစေချင်ပါသည်။ 'စာပေ' ကို ပညာရပ်တစ်ခုအဖြစ် လေ့လာခြင်းသည်မှာလည်း 'ပညာရပ်' တစ်ခု ဖြစ်ပါသည်။ ဒုံးပျံလုပ်ခြင်းမှသာ 'ပညာ' တစ်ခုမဟုတ်ပါ။ အခြေခံသိမှုများလိုပါသည်။ ရသပညာကို မည်သည့် အခြေခံမျှမသိဘဲလျက်ဝင် 'ဖိန်း' ၍ ရမည်ဟူသော အမြင်မျိုးဖြင့် **မြန်မာရသပညာ**ဟု စာတစ်အုပ်ရေးသည်ကဲ့သို့ ယခုလည်း **စာပေဆိုတာဘာလဲ** ဟု အတည်ပေါက်နှင့် ဝင်လိမ့်နေသည်ကို တွေ့လာရပြန်ပါသည်(ပြောမည်ဆိုသော် ရာထူးဂုဏ်သိန်ကိုကိုး၍ ပညာရပ်ဆိုင်ရာနယ်ပယ်အတွင်း အတင်းတိုးဝင်ကာ လူတတ်လုပ်ပြသော်လည်း အဆိုတစ်ရပ် တည်ဆောက်မပြနိုင်သည့် စာတမ်းမျိုး။ နောက်ကွယ်တွင် လက်သိပ်ထိုး တိုးတိုးပြောပြီးပြုံးရသော စာတမ်းမျိုးများပင် ပေါ်လာသောခေတ်ပေကိုးဟု ပြောရပေမည် ထင်၏။)။ မြန်မာစာပေအတွက် ကောင်းသောအလားအလာဟု ဆိုနိုင်မည် မထင်။ မြန်မာစာပေလောကတွင် ရှေးပညာရှိမင်းတို့ ပြောခဲ့သည်ကဲ့သို့ 'နဖူးစည်းတွင် တက်ရေးသော်လည်း ခွေးသော်မျှ မဖတ်သင့်သည့် စာမျိုး' များလာရန်ကား မသင့်ပါ။ အစိုးရမင်းများနှင့် စာပေလုပ်သား ကောင်စီ…ဘာဘာညာညာကလည်း လှည့်ကြည့်မည် မထင်။ သို့ဖြစ်ရကား အရှင်ကြီး၊ အရှင်ကောင်းတို့နှင့်အတူ အရပ်ကယ်ပါ၊ လူဝိုင်းပါဟူ၍သာ တိုင်တည်လိုက်ပါရစေ။

■

မြင့်သန်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အရှိုင်းည

## မောင်နှင်းပန်း

ညက အနက်ရောင်ခြုံလွှာကို မလုံမခြုံရစ်ဆိုင်းထားသည်။
န်းကျင်တွင် အလင်းစက်တို့က ဟိုတစ်စက် ဒီတစ်စက် ကြဲဖြန့်ထားပြီး ည၏
ညခြေ့ကို ခွာချရန် ကြိုးပမ်းနေကြသည်။
သက်ရှိလူသား တချို့ကလည်း ဟိုဟို
ဒီဒီသွားလာ ကူးခပ်ရင်း ဒရောသောပါး
ယှဉ်ဝင်ရန် အားထုတ်နေကြသည်။
တစ်နေရာတွင် ...
အလင်းရောင်ဖျော့ဖျော့ကို မချိတင်ကဲ ထုတ်လွှတ်ပေးနေရသည့် LED မီးသီး
လေးတစ်ခု၏ အောက်တွင် ပါဝင်ကပြအသုံးတော်ခံနေသည့် ကွမ်းယာဆိုင်

၂၀၀၇ ဒီဇင်ဘာ ရွှေအမြုတေ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ကလေးတစ်ခု ရှိသည်။ ဆိုင်
ရှင်ဖြစ်ဟန်တူသော မိန်းက
လေးက မျက်နှာပြင်ကို
အတတ်နိုင်ဆုံး ကာလာဖြည့်
ပြီး မခို့တရို့အပြုံးတစ်ပွင့်ကို
နှုတ်ခမ်းတွင် ချိတ်ဆွဲကာ
ကွမ်းဝယ်နေသော လူငယ်နှစ်
ယောက်ကို လက်ဆောင်ပေး
နေသည်။ သို့သော် သူမ၏
လက်အစုံကတော့ ကကြိုးကို
အလွတ်ရနေသည့် ကချေ
သည်မတစ်ယောက်၏ လက်
ဖျားတွေလို စည်းဝါးကျကျ
လှုပ်ရှားနေကြသည်။

ကျွန်တော်က 'ပြုံးရိပ်'
ဆိုသော လက်ဖက်ရည်ဆိုင်
ကလေးတွင် ကျောက်ချရင်း
မိတ်ဆွေလေးဖြစ်သည့်
မောင်ရေချမ်းကို မျှော်နေမိ
သည်။ သူနှင့် ကျွန်တော်က
ဒီဆိုင်ကလေးတွင် ညစဉ်
ညတိုင်း ရင်ငွေ့လှုံကာ ခံစား
မှုချင်းလဲလှယ်ခဲ့ဖူးသည်။ သူ့
အမြင်၊ ကိုယ့်အတွေးတို့ကို
တစ်ဦးနှင့်တစ်ဦး အလိုက်
ပေးစရာမလိုဘဲ ကျေကျေနပ်
နပ် ဖလှယ်ခဲ့ကြဖူးသည်။
အချဉ်ပေါက်နေသော ခံစား
ချက်အချို့ကိုလည်း နှစ်ဦး
သဘောတူ စကားလုံးတွေ
အဖြစ် အသွင်ပြောင်းကာ
ရက်ရက်ရောရော ဖောက်ခွဲ
ခြေမွနေကြသည့်နေရာလည်း
ဖြစ်သည်။ သို့သော်
ကျွန်တော့်ရေချမ်းလေးက
မလာသေး။ ထို့ကြောင့် ပတ်
ဝန်းကျင်ကို လှည့်ပတ်ငေး
ရင်း အသက်ရှူနှုန်းတွေကို
နာရီလက်တံထဲမှာ မြှုပ်နှံ
ထားလိုက်ရသည်။

တဖြည်းဖြည်းနှင့်
အချိန်က ကိုးနာရီကို ချန်ထား
ရစ်ခဲ့ပြီ။ မျက်ဝန်း၏ ထောင့်

> ကျွန်တော်တို့
> ရပ်ကွက်ကလေး၏
> လှုပ်ရှားမှုများသည်
> ယခင်က
> ထိုသို့ မဟုတ်
> မကြာမီက
> ရောက်လာသည့်
> အဝေးပြေး
> ကားဂိတ်နှင့်
> အတူယှဉ်တွဲ
> ပါဝင်လာသည့်
> ယဉ်ကျေးမှုဟုပင်
> ကျွန်တော်
> ထင်သည်

စွန်းတွင် ရိပ်ရိပ်ထင်နေသော
ထမင်းကြော်ဆိုင်ကလေးကို
ရင်ခုန်မှုကင်းစွာ မြင်တွေ့နေရ
ပြန်သည်။ ထိုဆိုင်ကလေးထဲ
တွင် စားသုံးသူဟူ၍ သိပ်မရှိ
လှသေး။ ဤဆိုင်ကလေး
သည် မနက်လင်း၍ နေရောင်
တွေယိုကျလာမှ နိဒ္ဒါတံလေ့
ရှိသဖြင့် ဖောက်သည်ကို စိတ်
ရှည်လက်ရှည်မျှော်ငေးနေ
တတ်သည့် ဆိုင်ကလေးလည်း
ဖြစ်သည်။

သို့သော် မရောင်းရမှာ
ပူစရာတော့မရှိ။ သူ၏
နောက်ဘက်ခပ်လှမ်းလှမ်းရှိ
ကေတီဗွီမှ အသံစာစာ
ကလေးများနှင့် ရမ္မက်ခိုးတွေ
အငွေ့ပျံနေသူအချို့က အချိန်
မရွေး မှာယူအားပေးနေကြ
သည်ကို ကျွန်တော် သိထား
သည်။

ထို့ကြောင့် ဒီပတ်ဝန်း
ကျင်ကလေးသည် ညကန္တာ
ရအလယ်မှ အိုအေစစ်က
လေးတစ်ခုဖြစ်သည်ဟုလည်း
ဆိုနိုင်သည်။ ကျွန်တော့်စား
ပွဲနှင့် မားလွယ်ခုတ်လောက်
ရှိ ဝိုင်းတစ်ဝိုင်းဆီမှ ဆူဆူ
ညံညံကြားရသဖြင့် ထမင်း
ကြော်ဆိုင်သို့ ရောက်နေသော
အာရုံကို ရုပ်သိမ်းကာ အသံ
လာရာဆီသို့ ပို့လွှတ်လိုက်ရ
သည်။

လူငယ်တစ်စုက တစ်
ဦးနှင့်တစ်ဦး နောက်ပြောင်
ကျီစယ်ရင်း ဗန်းစကားတွေ
ကို ဖောဖောသီသီ သုံးစွဲကာ
ဟားတိုက်နေကြခြင်းလည်း
ဖြစ်သည်။ ထူးခြားသည်က
ထိုလူငယ်တွေ၏ ဆံပင်ပုံစံ
များဟုပင် ဆိုနိုင်သည်။ တစ်
ယောက်က ကတုံးဆံပင်ခပ်
တိုတိုကို ရွှေအိုရောင်တွေ
သုတ်လိမ်းထားသည်။ တစ်
ယောက်က သစ်စက်မှ လွှ
ဝိုင်းကြီးကို ရှက်ထားသလို
ဆံပင်တွေကို ထိုးထိုးထောင်
ထောင် ချွန်ချွန်မြမြဖြစ်အောင်
ပြုပြင်ထားသည်။ ကျန်တစ်
ယောက်ကတော့ ကျောလယ်
လောက်ရှိနေပြီဖြစ်သည့်
ဆံပင်တွေကို ဖားလျားချကာ
အရိုးပြိုင်းပြိုင်းထနေသော
ရင်ဘတ်ကို လှစ်ဟထား
သည်။

ပို၍ထူးခြားသည်က
ဆံပင်လွှဝိုင်းနှင့် လူငယ်ဖြစ်
ပြီး နားနှစ်ဖက်စလုံးတွင်
နားကပ်တွေကို တသီတတန်း
ကြီးပန်ထားသည်။ ထို
အောက်နှုတ်ခမ်းကို
ကာ အပ်တစ်ချောင်း
ထားသဖြင့် မြင်ရသူ
အတွက် အသည်းယား
ဖြစ်နေသည်။ သူတို့အ
တွေကို ခန့်မှန်းကြည့်
ဆယ့်ခြောက်၊ ဆယ့်ခု
ထက် ပိုလိမ့်ဦးမည်မထ

ဆိုင်အပြင်တွင် တ
ပြည်ဖြစ် ဆိုင်ကယ်သုံးစီ
မညီမညာ ရပ်ထားသည်
ကျွန်တော့်အတွေ့အကြုံအ
ထိုဆိုင်ကယ်တွေသည် သူ
၏ စီးတော်ယာဉ်များပင်ဖြ
သည်။ ထိုအချိန်တွင် ဆို
ရှေ့မှ ဆိုင်ကယ်တစ်စီးဖြ
မောင်းသွားရင်း လူငယ်ဝို
ကို ကြည့်သွားကာ ခပ်လှမ်း
လှမ်းရှိ အမှောင်ထဲတွင် ရ
လိုက်သည်။

ရုတ်တရက် ထိုဝိုင်းထဲ
မှ နှုတ်ခမ်းတွင် အပ်စိုက်ထာ
သည့် လွှဝိုင်းဆရာက ဆ
ခနဲထပြီး သူ့ဆိုင်ကယ်
စက်နှိုးကာ 'ဂူး' ခနဲ မော
ထွက်သွားသည်။ သူတို့၏
အမူအရာကိုကြည့်ရင်း တ
ခုခုတော့ ဖြစ်တော့မှာပဲ
သော ကျွန်တော်၏ မသိစိ
က ခြောက်လှန့်လာသော
ကြောင့် ရင်တုန်ပန်းတုန်
ဖြစ်လာသည်။

ကျွန်တော် ကြည့်
တုန်း လူငယ်၏ ဆိုင်က
နောက်မြီးမှ မီးနီကလေးလ
သွားပြီး၊ ပထမဆိုင်ကယ်န
ယှဉ်လျက် အမှောင်ထဲ
ရပ်လိုက်သည်။ ပြီးနော
တစ်စုံတစ်ခုသော အကြော
အရာကို ပြောဆိုနေကြ
သဖြင့် 'တော်ပါသေးရဲ့'
စိတ်ကိုဖြေကာ



www.burmeseclassic.com

www.burmeseclassic.com

…တစ်ခုကို 'ဟူး' ခနဲ မှုတ်…တ်လိုက်ရသည်။ ဆိုင်အတွင်းကျန်ရစ်ခဲ့သော လူ…ယ်နှစ်ယောက်ကတော့ …ဝါးဝါးနှင့် ပွဲကျနေတုန်း။ ❑

၂။

'ဝေါ ဝေါ ဝေါ တီ တီ …ါ'

လက်ဖက်ရည်ဆိုင် …ားရှိ လမ်းသွယ်လေး…တွင်းသို့ အရှိန်ပြင်းပြင်းဖြင့် …န်းသံပေးကာ မောင်းဝင်…သွားသော လွှဝိုင်းဆရာလေး…ကို ကျွန်တော်အပါအဝင် ဆိုင်…တွင်းရှိ လူတွေက အထိတ်…လန့် လှမ်းကြည့်မိကြ…သည်။ အချို့က စိတ်ပျက်…က်ပျက်ဖြစ်သွားကြပြီး …ချို့ကလည်း မကြား…ကြား မေတ္တာပို့ကြသည်။

သေချာသည်က ကျွန်တော်တို့ရပ်ကွက်ကလေး…တွင် အခုတလော ဆိုင်ကယ်…နှင့် ပတ်သက်သည့် သတင်း…ဆိုးတွေက မကြာခဏ ဖိတ်…စဉ်ကျနေတတ်သည်။ ဆိုင်…ကယ်မှောက်၍ ခြေကျိုးကြ…တာမျိုး၊ ဆိုင်ကယ်တိုက်မိ၍ …သည်ပင်းကျိုးသွားတာမျိုး၊ ဆိုင်ကယ်နှင့်ကား ထိပ်တိုက်…ဆုံမိ၍ ပွဲချင်းပြီးသွားတာမျိုး …သည့် သတင်းများမှာ လူ…ဝိုင်းပါးစပ်ဖျားတွင် တွဲလွဲ…ခိုနေတတ်သည်။ ထို့ကြောင့် …ဒီ လူငယ်၏ လှုပ်ရှားမှု…သဏ္ဌာန်ကို ထိတ်လန့်ကြ…ခြင်းလည်း ဖြစ်နိုင်ပါသည်။

သိပ်မကြာမီမှာပင် 'ပြုံး…ဆိုင်' ၏ ဘေးလမ်းကလေး…အတွင်းမှ လွှဝိုင်းဆရာလေး…ပြန်ထွက်လာသည်။ ဒီတစ်ခါ …တစ်ယောက်တည်း မဟုတ်…တော့။ သူ့နောက်တွင် မိန်းမပျိုလေးတစ်ဦး ပါလာသည်။ ဆိုင်ကယ်ကိုလည်း ပုံမှန်လောက်သာ မောင်းနှင်လာသည်။ ကောင်မလေး၏ မျက်နှာပေါ်တွင် မိတ်ကပ်ထူထူနှင့် နှုတ်ခမ်းနီရင့်ရင့် ဆိုးထားသည်ကို လှစ်ခနဲတွေ့လိုက်ရသည်။ ထိုနှစ်ယောက်၏ ဆိုင်ကယ်သည် အမှောင်ရိပ်အောက်တွင် ထိုးရပ်သွားသည်။ ထိုအချိန်တွင် အရိပ်တစ်ခုက ဆိုင်ကယ်တစ်ခုပေါ်မှ ဆင်းကာ အခြားဆိုင်ကယ်တစ်ခုပေါ်ခွ၍ လိုက်ပါသွားသည်။ လက်ဖက်ရည်ဆိုင်အတွင်းမှ သီချင်းတစ်ပုဒ်ကတော့ ရဲရဲတင်းတင်း ပျံ့လွင့်လာသည်။ အဆိုတော်လေးဖြူ၏ အားမာန်အပြည့်နှင့် သီဆိုထားသော *အမဲလိုက်အက…*

*'×××မြို့ပြလို့×××ပြောလည်းပဲ××× အမှန်တကယ်တမ်းတော့×××တောနက်ကြီးတစ်ခုလိုပါပဲ×××ဟေး×××ရေး×××ငါကိုယ်တိုင်×××မသေချာတယ်×××ဘယ်လိုများလဲ×××မုဆိုးဖြစ်လိုက်×××သားကောင်ဖြစ်လိုက်×××ဟေး×××ရေး×××ဝိုး×××ဝိုး×××'*

ဆိုင်ထဲတွင် လေးဖြူ၏ သီချင်းသံကပျံ့လွင့်နေတုန်း။ ❑

အံ့ဩစရာကောင်းသည်က ကျွန်တော်တို့ ရပ်ကွက်ကလေး၏ လှုပ်ရှားမှုများသည် ယခင်က ထိုသို့မဟုတ်။ မကြာမီက ရောက်လာသည့် အဝေးပြေးကားဂိတ်နှင့် အတူယှဉ်တွဲပါဝင်လာသည့် ယဉ်ကျေးမှုဟုပင် ကျွန်တော် ထင်သည်။ ထို့ကြောင့် ကျွန်တော်တို့ ရပ်ကွက်ကလေးသည် နယ်စပ်မြို့ကလေး တစ်မြို့လို ဖြစ်လာနေသည်။ အများစုက သွက်လက်တက်ကြွလာကြသည်။ ဟန်ဆောင်မှုတွေ၊ အပြုံးတုတွေနှင့် သက်ပြင်းမောတွေကို ကိုယ်စီကိုယ်ငပိုင်ဆိုင်လာကြသည်။ ညို့မှောင်သော အသားအရေအောက်ခံပေါ်တွင် နှုတ်ခမ်းနီစိုစို၊ မိတ်ကပ်ထူထူတွေ ပေါ်များလာကြသည်။ စကတ်အတိုတွေ၊ ဘောင်းဘီအကျပ်တွေ မြိုင်မြိုင်ဆိုင်ဆိုင် ခေတ်ထလာသည်။ သားအမိအရွယ် အမျိုးသမီးတချို့က လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ ဈေးသည်တွေ ဝယ်သူမျှော်သလို လမ်းသွားလမ်းလာတွေကို ကြည့်တတ်လာကြပြီ။

ဒီရပ်ကွက်ကလေးသည် တောက်တိုမည်ရ ဝတ္ထုတိုကလေးတွေ ရေးဖွဲ့နေတတ်သည့် ကျွန်တော့်လို စာရေးဆရာပေါက်စ အတွက်လည်း ကုန်ကြမ်းများ ထုတ်ယူစရာ စက်ရုံတစ်ခုလည်း ဖြစ်နေတတ်သည်

ဘာပဲဖြစ်ဖြစ် ဒီရပ်ကွက်ကလေးသည် တောက်တိုမည်ရ ဝတ္ထုတိုကလေးတွေ ရေးဖွဲ့နေတတ်သည့် ကျွန်တော့်လို စာရေးဆရာပေါက်စ အတွက်လည်း ကုန်ကြမ်းများ ထုတ်ယူစရာ စက်ရုံတစ်ခုလည်း ဖြစ်နေတတ်သည်။ အရိုင်းဆန်သည့် လူနေမှုစနစ်အပြင်၊ ပေါက်ကွဲစရာရှိလျှင် အပြင်းထန်ဆုံးစကားလုံးတွေနှင့် ပစ်ခတ်ထုနက်တတ်ကြပြီး အရက်စက်ဆုံး အလကျာတွေနှင့် တွဲစပ်ကာ ဇာတိရုပ်တွေကို လှစ်ဟပြတတ်ကြသည်။ ထို့နည်းတူ ပျော်ရွှင်စရာရှိပြန်လျှင်လည်း မပြုံးဘဲနှင့် ဝါးလုံးကွဲ ပွဲကျတတ်ကြသူများလည်း ဖြစ်သည်။

ရောင့်ရဲခြင်းတေးသံကို အတတ်နိုင်ဆုံးရင့်ကျူးဖို့ အားထုတ်ပြင်ဆင်တတ်ကြသော်လည်း ဥစ္စာခနေ ဟူသည့် ကိုယ်ခံအားက လက်ပြနှုတ်ဆက်ခံနေကြရသဖြင့် အောင့်သက်မောလျှနေကြသူတွေ ဖြစ်သည်။ ထို့ကြောင့် ရှိတာလေးနှင့် လှအောင်ဝတ်ပြီး တစ်ဝမ်းတစ်ခါးအတွက် အရှက်၊ သိက္ခာ စသော အစိုင်အခဲတို့ကို တံစဉ်း၊ ပြုတ်တူတို့နှင့် အားကြိုးမာန်တက် ဖဲ့ရွဲ့စားသုံးနေကြသူတွေ ဖြစ်သည်။

အခုလည်း သည်းထိတ်…

www.burmeseclassic.com

ရင်ဖို ရုပ်ရှင်ကားကို ကြည့်နေရသလို ကျွန်တော့်ရင်ကို တလှပ်လှပ်နှင့် တုန်ခါလာစေသည်။ ဆိုင်အတွင်းသို့ ဘယ်အချိန်ပြန်ရောက်လာမှန်းမသိသော လွှဝိုင်းဆရာလေးက သူ့အဖွဲ့နှင့် ပြန်လည်ပေါင်းစည်းကာ ပုံမှန်အတိုင်း ပွဲကျနေသည်။

❑

၃။

'ရောက်နေတာ ကြာပြီလား ဆရာ'

အသံနှင့်အတူ အနားရောက်လာသော မောင်ရေချမ်းကို မော့ကြည့်ရင်း ခေါင်းတစ်ချက်ကို ဆတ်ပြလိုက်ရသည်။ လမ်းမကြီးပေါ်ကို လှမ်းကြည့်တော့ ကားကြီး၊ ကားငယ်တွေက တစ်စီးစ၊ နှစ်စီးစ ဖြည်းဖြည်းမှန်မှန် ဖြတ်သန်းနေကြသည်။ တစ်ခါတစ်ရံတွင် ဂိတ်သိမ်းနောက်ကျနေပုံရသော လိုင်းကားအချို့ကသာ အရှိန်ပြင်းပြင်းနှင့် မောင်းနှင်သွားတာကို တွေ့ရတတ်သည်။

မောင်ရေချမ်းက သူမှာလိုက်သော ကော်ဖီမစ်ကို ရေနွေးလျှော့ပြီး ခွက်ထဲထည့်ကာ ဖွန်းကလေးနှင့် မွှေနေသည်။ ပတ်ဝန်းကျင်မှာတော့ သိသိသာသာ အသံလျှော့လိုက်သော သီချင်းသံမှလွဲ၍ ပြန်လည်ငြိမ်သက်စပြုလာပြီဖြစ်သည်။ ထိုအချိန်တွင် အတော်ဝေးဝေးမှ အရှိန်ပြင်းပြင်းနှင့် အပြိုင်မောင်းလာသောကားနှစ်စီးကို ကျွန်တော် မြင်လိုက်ရသည်။ ပြင်းထန်လွန်းသော အရှိန်ကြောင့် ကျွန်တော့်နှုတ်မှ 'ဘုရား ဘုရား' ဟု အကြိမ်ကြိမ်

> သူငယ်မ၏ မျက်လုံးတွေက သူ့ဆိုင်ရှိ မီးလုံး ကလေးများထက် တောက်ပ လာသည်ကတော့ ထူးခြားမှုတစ်ခုလို ဖြစ်နေသည် ညကတော့ လှုပ်ရှားမှု အချို့ဖြင့် တစ်ကျော့ ပြန်နိုးထလာပြီ သေချာသည်က ဒီပတ်ဝန်းကျင်တွင် ခုန ဘာမှ မဖြစ်ခဲ့ ဖူးသယောင်

ရွတ်ဆိုတမ်းတနေမိသည်။

ကားနှစ်စီးလုံးကလည်း သေးသေးသွယ်သွယ်တွေ မဟုတ်။ ကွန်တိန်နာကားကြီးတွေ ဖြစ်သည်။ နောက်ဘက်တွင်လည်း ကွန်တိန်နာပုံးကြီးတွေကို တင်ထားသည်။ တစ်မှဟုတ်ချင်း အနားရောက်လာသော ကားကြီးတွေကို ကျွန်တော်အပါအဝင် လက်ဖက်ရည်ဆိုင်အတွင်းရှိ လူအားလုံးက အထိတ်တလန့် လှမ်းကြည့်ကြသည်။ တစ်ယောက်သောသူက-

'မူးများ မူးလာကြသလား မသိပါဘူးကွာ'

ဟူသည့် မှတ်ချက်ချသံကို တစ်ဆက်တည်း ကြားလိုက်ရသည်။

ကျွန်တော်တို့ထိုင်နေသော လက်ဖက်ရည်ဆိုင်ရှေ့နားအရောက်တွင် နောက်မှကားက 'ဆတ်' ခနဲ တစ်ချက်လူးသွားသည်ကို သတိထားလိုက်မိသည်။ ရုတ်တရက် ဘုရားကို ထပ်တလိုက်ပြီး မျက်လုံးကိုပါ စုံမှိတ်ထားလိုက်မိသည်။ အကယ်၍ ကျွန်တော်တို့ရှိရာသို့ ထိုကားကြီး တန်းတန်းမတ်မတ် ဝင်လာပါက မည်သို့မျှမလွတ်နိုင်ကြောင်းကိုလည်း ကျွန်တော် တွက်မိသည်။

'ချလွမ်'

ကျွန်တော် ထိတ်လန့်နေတုန်း ထိုကားဆီမှ တစ်စုံတစ်ခု ကျကွဲသံကို ကြားလိုက်ရသဖြင့် မျက်လုံးကို ပြန်ဖွင့်ကာ လမ်းမပေါ်ကို သေသေချာချာ ဂရုစိုက်ကြည့်မိတော့ ကား၏နောက်ကြည့်မှန်တစ်ခု။ သံကိုင်းနှင့်အတူ ကျကွဲကျန်ရစ်ခဲ့သည်ကို တွေ့လိုက်ရသည်။

'လွန်လွန်းလှချေလား ကွာ ကိုယ့်ကားက ဘက်မှန်ကျကွဲအောင်တောင် မောင်းရသလား' နှုတ်မှ မကျေမချမ်းရေရွတ်မိရင်း ကားနောက်မှ မြင်နေရသော မီးနီကလေးကိုသာ ကျွန်တော် လိုက်ကြည့်နေမိသည်။ ထိုအခိုက်အတန့်ကလေးတွင် ကျွန်တော် အသက်မှရှူမိရဲ့လားဟု ကိုယ့်ကိုယ်ကို သတိမထားမိ။

ထို့နောက် ကျွန်တော်၏ အကြည့်ကို လမ်းမပေါ်ရှိ ကွဲကြေနေသော နောက်ကြည့်မှန်ကလေးဆီရွှေ့တော့ 'ဟာ' ဆိုသော အာမေဋိတ်သံနှင့် အတူ ကျွန်တော်တို့လက်ဖက်ရည်ဆိုင်ထဲမှ လူတစ်ယောက် အပြေးထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုသူ၏လားရာတွင် လမ်းမပေါ်ရှိ အလယ်မျဉ်းပေါ်၌ လူတစ်ယောက်လဲနေ သည်ကို တွေ့လိုက်ရသည်။ ကျွန်တော့်မှာ ပါးစပ်အဟောင်းသားဖြစ်သွားပြီး အနားရှိ မောင်ရေချမ်းကို လှမ်းကြည့်လိုက်တော့ သူကလည်း မျက်လုံးအပြူးသားနှင့် ကျွန်တော့်ကို ပြန်ကြည့်နေသည်။ ဆိုင်ထဲမှ လူအချို့ကလည်း-

'ဟာ လူကို တိုက်သွားပြီ'

'ဟုတ်တယ်ဟေ့ ဟိုမှာ လူတစ်ယောက်လဲနေတယ်'

တစ်ယောက် တစ်ပေါက်ဆိုရင်း လမ်းမဆီသို့ အပြေးထွက်သွားကြသည်။ ချက်ချင်းဆိုသလို လူအုပ်ဝိုင်းအုံသွားကြသည်။

'ဝေါ'

ရုတ်တရက် ဆိုင်က စက်သံ ခပ်ပြင်းပြင်းကို ကြားလိုက်ရသဖြင့် လှည့်ပြန်ကြည့်မိတော့ လွှဝိုင်းဆရာလေး သူ့ဆိုင်ကယ်ပေါ်တက်ကာ စက်ကုန်မောင်းထွက်သွားသည်။ အနားရှိ လူတချို့က ကားနောက်ကို မီအောင်လိုက်ခြင်းဖြစ်သည်ဟု နားလည်လိုက်ကြသည်။ ကျွန်တော် ကိုယ်တိုင်လည်း တာဝန်မဲ့မောင်းနှင်ထွက်ပြေးသွားသော ကားသမားကို မီစေချင်သည်။ သို့သော် လွှဝိုင်းဆရာလေးက တာဝန်ရှိသူမဟုတ်သဖြင့် ချက်ချင်းအရေးယူနိုင်



www.burmeseclassic.com

www.burmeseclassic.com

...ည်မဟုတ်။ အနည်းဆုံး ...နံပါတ်လောက်ကို မှတ် ...နိုင်လျှင်ပင် ကောင်းလိမ့် ...ည်ဟု မျှော်လင့်ရသည်။

လမ်းပေါ်က လူတွေက ...တော့ ယောက်ယက်ခတ်ကာ ...တားသူတား၊ အတိုက်ခံ ...ိုက်ရသည့်လူနာကို ပွေ့သူ ...ပွေ့။ သတိရမရ ခေါ် ...ကြည့်သူ ခေါ်ကြည့်။ သွေး ...ကျက်များနေသဖြင့် ပုဆိုးစုတ် ...သူကရှာနှင့် တစ်နိုင်တစ် ...င် ဖေးမနေကြသည်။ လူနာ ...တော့ ကြိုးပြတ်နေသည့် ...ုပ်သေးရုပ်လို ပျော့ခွေကာ ...သွေးအလိမ်းလိမ်းနှင့် ဖြစ်နေ သည်။ ထို့နောက် တက္ကစီ ...စီးကိုတားကာ လူနာကို ...စ်ယောက်တစ်လက် ပွေ့ ...င်ပြီး ဆေးရုံကို ပြေးကြ သည်။ အမြင်မတော်သူ နှစ် ယောက်သုံးယောက် ခန့် ...ိုက်သွားသည်ဟု ဆိုကြ၏။

ကျွန်တော်ကတော့ အတိုက်ခံရသည့် လူနာ အသက်မသေပါစေနှင့်ဟု အကြိမ်ကြိမ်ဆုတောင်းနေမိ သည်။ သို့သော် မောင်းနှင် ...သည့်ကား၏အရှိန်၊ ပြုတ် ...ကျန်ရစ်ခဲ့သော ဘက်မှန် ...ိုင်းအစနှင့် သံကိုင်း။ ပုံ ...ကျက်သားလဲသွားပြီး လုံးဝ ...ကားမေးမရတော့သည့် ...ူနာအနေနှင့် မျှော်လင့်စရာ ...ိုင်ပါ့ဦးမလားဟု သံသယ ...ဖြစ်ရသည်။ သေချာသည်က ထိုလူ့အတွက် ဘာအကာ ...ကွယ်မှ မရရှိခဲ့တာကတော့ ထိုသူ၏ မွဲလွန်းလှသော ...ကြမ္မာကြောင့်ဟုသာ ယိုး ...ယ်ဖွဲ့ရတော့မည်ထင်သည်။

မကြာမီမှာပင် လွှဝိုင်း ဆရာလေး ပြန်ရောက်လာသည်။ ဆိုင်ကယ်ကို အပြင်းမောင်းခဲ့ရသောကြောင့် သူ့ရင်ဘတ်ကလေးမှာ နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ ဆိုင်ထဲဝင်လာသောထိုလူငယ်ကို ကွမ်းယာသည်မလေးက လှမ်းမေးလိုက်သည်။

'ခုနကားကို မီလိုက်လား'

ဆိုင်အတွင်းရှိ လူအတော်များများကလည်း မျှော်လင့်တကြီးဖြင့် ကောင်လေးကိုဝိုင်းကြည့်နေကြသည်။ လွှဝိုင်းဆရာလေးကတော့ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်သည်။ ဆိုင်အတွင်းရှိ လူတချို့၏ သက်ပြင်းချသံတွေက တညီတညာတည်း စုထွက်လာသည်။

❑

၄။

ကျွန်တော်နှင့် မောင်ရေချမ်းလည်း စားပွဲပေါ်ရှိ ကော်ဖီအကျန်တို့ကို ခပ်မြန်မြန်ဖြတ်ကာ ပြန်ရန်ပြင်ဆင်လိုက်ရသည်။ ဒီအချိန်အထိ ကျွန်တော့်နှလုံးခုန်နှုန်းတွေက ပုံမှန်မဟုတ်သေး။ စားပွဲအချို့တွင်တော့ ခုနကိစ္စကို ပြောနေဆိုနေကြတုန်းရှိသေးသည်။ လက်ဖက်ရည်ဆိုင်တွင်လည်း ဘယ်အချိန်က ရပ်နားထားမှန်းမသိသော သီချင်းသံကို ခပ်တိုးတိုးပြန်ကြားနေရသည်။ ညသည် တဖြည်းဖြည်းနှင့် ပြန်လည်ငြိမ်သက်စပြုလာပြန်ပြီ ဖြစ်သည်။

လွှဝိုင်းဆရာလေးနှင့် သူ့အဖော်နှစ်ယောက်ကတော့ ကားနောက်လိုက်သွားခဲ့သည့် အတွေ့အကြုံကို ပြောနေဆိုနေကြတုန်းရှိသေးသည်။ ဆိုင်အတွင်းမှ လူအချို့လည်း ပြန်စပြုနေပြီ။ ကျွန်တော်တို့ နှစ်ယောက်လည်း နှုတ်ဖျားတွေ ဆွံ့အနေပြီး ဘာစကားကိုမျှ မပြောနိုင်ကြတော့ဘဲ လက်ဖက်ရည်ဖိုး ခေါ်ရှင်းလိုက်ရသည်။ ထိုအချိန်တွင် ဆိုင်ရှေ့သို့ ဆိုက်ကားတစ်စီး ရပ်လာသည်။

ထိုဆိုက်ကားပေါ်မှ အတော်မူးနေပုံရသော လူနှစ်ယောက်ဆင်းလာသည်။ ထိုသူများကို ဦးဆောင်လာသူက ဆိုက်ကားသမားကိုယ်တိုင်ဖြစ်သည်။ ပြီးနောက် မီးရောင်ကို လက်ဝါးနှင့် အုပ်ကွယ်ကာ ဆိုင်အတွင်းမှ တစ်စုံတစ်ဦးကို ရှာဖွေနေသည်။ လွှဝိုင်းဆရာလေးကို တွေ့တော့ ခုံတစ်လုံးဆွဲထိုင်ပြီး တစ်ခွန်းစနှစ်ခွန်းစ ပြောကြသည်။ ကျန်နှစ်ယောက်ကတော့ စားပွဲတစ်ခုတွင် ဝင်ထိုင်ပြီး သူတို့ဇက်ကို သူတို့ ထူမတ်နိုင်အောင် ကြိုးစားနေကြသည်။

ဒီတစ်ခါတော့ ဆံပင်ရွှေအိုရောင်ဆိုးထားသော ချာတိတ်ကလေးက ပြုံးရယ်စွာဖြင့် ထကာ ဆိုင်ကယ်တစ်စီးကို စက်နှိုးလိုက်သည်။ ပြီးနောက် 'ပြုံးရိပ်' ၏ ဘေးလမ်းကလေးအတွင်းသို့ ဖြည်းဖြည်းချင်း မောင်းဝင်သွားသည်။ ထိုဆိုင်ကယ်၏နောက်မှ ဆိုက်ကားကလည်း ထက်ကြပ်မကွာလိုက်သွားသည်။ ဆိုင်တွင် ကျန်ခဲ့သည့် အရက်မူးသမားနှစ်ယောက်ကတော့ ဆိုက်ကားဆရာ ပြန်ထွက်လာမည့်လမ်းကို အာသာငမ်းငမ်းနှင့် မျှော်ကြည့်နေကြသည်။

ကျွန်တော်တို့နှစ်ယောက် သက်ပြင်းကိုယ်စီချရင်း ထိုင်ရာက ထလိုက်ကြသည်။ ကွမ်းယာဆိုင်ရှိ မီးလုံးကလေးကတော့ ပို၍မှိန်ကျနေပြီ။ သို့သော် ထိုသူငယ်မ၏ မျက်လုံးတွေက သူ့ဆိုင်ရှိ မီးလုံးကလေးများထက် တောက်ပလာသည်ကတော့ ထူးခြားမှုတစ်ခုလို ဖြစ်နေသည်။ ညကတော့ လှုပ်ရှားမှုအချို့ဖြင့် တစ်ကျော့ပြန်နိုးထလာပြီ။ သေချာသည်က ဒီပတ်ဝန်းကျင်တွင် ခုနဘာမှမဖြစ်ခဲ့ဖူးသယောင်။

ကျွန်တော်တို့ ပြန်ရမည့် ရပ်ကွက်ကလေး၏ လမ်းများသည် သိသိသာသာ မှောင်လွန်းနေသည်။ ကျွန်တော့်မျက်လုံးထဲတွင် လျှောက်နေသည့်လမ်းကို မမြင်ရဘဲ ခုနကြုံတွေ့ခဲ့ရသော မြင်ကွင်းတွေက အာရုံထဲတွင် တဖျပ်ဖျပ်နှင့် ပေါ်လိုက်ပျောက်လိုက်ဖြစ်နေသည်။ ကျွန်တော်တို့ ကျောခိုင်းခဲ့သည့် 'ပြုံးရိပ်' မှ ဖွင့်လှစ်ထားသော သီချင်းသံက သိသိသာသာ တိုးလျသွားသော်လည်း ပီပီသသ ကြားနေရတုန်း ရှိသေးသည်။

*'ဆင်လိုလို×××သမင်လိုလို×××လူတွေကြားထဲ×××ကျားရဲဖြစ်မှ ရှင်နိုင်မယ်××× ခွာရာတွေ×××နာကျင်ပါစေ×××ခံနိုင်ရည်မွေးထား×××အတို့အလှည့်များတဲ့ ဒီမြို့ထဲ×××ပိုး×××ရေး×××'*

ကျွန်တော်သည် အမှောင်ထဲတွင် ဦးခေါင်းကို မော့ရင်း ခပ်ပြင်းပြင်းခါထုတ်လိုက်ရသည်။

■

**မောင်နှင်းပန်း**



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တစ်ခု၏
ဆွဲငင်အားသည်
အရာအားလုံးကို
ကျော်လွှားနိုင်လေ
သလား။
ကျောခိုင်းကာ
အိမ်တံခါးဝဆီ
လျှောက်သွားနေ
သော အရိပ်
သေးသေးလေးက
အသံတစ်သံကြောင့်
ဆတ်ခနဲ ရပ်သွားကာ
လည်ပြန်လှည့်လာသည်။
'စုစု အင့်ဟင့်ဟင့်
မသွားရဘူး စုစု'
လက်ဆန့်တန်းကာ
အာခေါင်ခြစ်ပြီး
စိုးရိမ်တကြီး
အော်ဟစ်လိုက်သော
သမီးလေးအသံကြောင့်
အထွတ်အထိပ်
ရောက်နေသည့်
သူမ၏
ဒေါသများကလည်း
ရုတ်တရက်
ခါးပြတ်သွားရ၏။
သမီးအသံက
စိုးရိမ်တကြီး၊
အထိတ်တလန့်။
သူ မြတ်နိုးသော
အရာတစ်ခုကို
ဆုံးရှုံးသွားမှာ
မှုပန်နေသလိုမျိုး။

အမှတ် ၂၈၀၊ နိုဝင်ဘာ၊ ၂၀၁၃
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

'ပုံပုံလေး အီးဟီးဟီး ပုံပုံရယ် စုစုလည်း မသွားချင်ပါဘူး အီးဟီး'

ပြန်လှည့် ပြေးလာသော အရိပ်သေးသေးလေးသည် အရိပ်ပိစိကွေးလေး ဘေးနား၌ ဒူးထောက်ထိုင်ချလိုက်ကာ အရိပ်နှစ်ခု ပူးကပ်သွားကြ၏။ ပိစိကွေးလေး မျက်ရည်ကို သုတ်ပေးနေသော အရိပ်ကလေးက တသိမ့်သိမ့် ရှိုက်ငင်နေဆဲ။

ကလေးနှစ်ယောက်ကို ကျောခိုင်းထားသော နန်းမြအေးသည် နံရံပေါ်မှ အရိပ်ကလေးများ၏ သံယောဇဉ်ကြိုးကို လှည့်မကြည့်သော်လည်း ကွက်ကွက်ကွင်းကွင်း မြင်နေရလေသည်။ သူတို့နှစ်ဦး၏ သံယောဇဉ်ကြိုး တွဲဆွဲနေကြပုံက ဒေါသကြောင့် ထုံပေပေဖြစ်နေသော သူမကိုပင် ထိထိခိုက်ခိုက် လှုပ်တက်သွားစေရ၏။

သံယောဇဉ်ဟူသည် တွယ်တာနှောင်ဖွဲ့ခြင်းဟု သေချာလာသည့်တစ်နေ့မှာတော့ အဲဒီနွယ်ကို ဖြတ်ဖို့ သူမ ကြိုးစားရတော့မည်။ ❑

အထပ်ထပ် ရစ်ပတ်မိလေသော ကြိုးတစ်ချောင်းကတော့ဖြင့် ဖြေလျှော့ရန် ခက်တော့မည်မှာ အသေအချာပါ။ သံယောဇဉ်ဆိုသည့်ကြိုးက ဆက်ထုံးဘယ်လောက်များများ ပြတ်ရန်ကတော့ ခက်သည်ပါပဲ။

သို့ပေမဲ့ အခါခါ ဆက်ခဲ့ရသော ကြိုးတစ်ချောင်းမည်သည် ဆက်ထုံးပြေသည်နှင့်ပင် ပြတ်ရရိုး မဟုတ်ဘူးလား။ ဘယ်လောက်ပဲ

အထပ်ထပ်
ရစ်ပတ်မိလေသော
ကြိုးတစ်ချောင်း
ကတော့ဖြင့်
ဖြေလျှော့ရန်
ခက်တော့မည်မှာ
အသေအချာပါ
သံယောဇဉ်
ဆိုသည့်
ကြိုးက
ဆက်ထုံး
ဘယ်လောက်
များများ
ပြတ်ရန်ကတော့
ခက်သည်ပါပဲ

ပြန်၍ ဆက်နိုင်သည်ပင် ဆိုစေဦး။ ဆက်ထုံးဗရပွတွေက ပြေကျနေသမျှလိုက်ဆက်ရသည်မှာ ကြာတော့လည်း လက်ပန်းကျပေမည်ပေါ့။

'ဒီတစ်ခါ နောက်ဆုံးပဲနော် မိစု။ နောက်တစ်ခါ ထပ်ဖြစ်ရင်တော့ သိကြားမင်းကြီး ဆင်းတားတောင် မရတော့ဘူး။ ခုလည်း သက်လုံးပုံကိုသာ ညည်းကျေးဇူးတင်။ သူ့ကြောင့်မို့ မဟုတ်ရင် ငါ ညည်းကို ပြန်လက်ခံမှာ မဟုတ်ဘူး'

သူမ စကားကြားတော့ မျက်ရည်များနှင့် စိုစွတ်နေသော မှုန်ရီရီမျက်ဝန်းလေးတစ်စုံက ဖျတ်ခနဲ တလက်လက် တောက်ပသွားလေသည်။ နန်းမြအေးရင်ထဲတွင် တနင့်နင့်နှင့် သနားဝမ်းနည်းနေသော်လည်း မျက်နှာကို ခပ်တည်တည် တင်းထားရသေး၏။

မတင်း၍လည်း မဖြစ်ပါ။ မျက်နှာသာပေးသည်နှင့် ရွှေရေးပန်းကန်တက် လုပ်တတ်လွန်းသည်လေ။

ခုပဲကြည့်။ ဒီလို ခိုးမှုအသေးစားလေးတွေကို ခွင့်လွှတ်လာတာ အကြိမ်များပြီဆိုတော့ ဒါမျိုးဆို ကျိန်းသေပေါက် လွှတ်မည်ဆိုတာ ကလေးမက တွက်ပြီးသား။

အိမ်မှာ ဒီလောက် အလျှံပယ် ကျွေးထားသည့်ကြားက သကြားလုံးကအစ ကြောင်အိမ်ထဲက ဟင်းအထိပါ ခိုးစားချင်ရသေး၏။ မိလျှင်လည်း လိမ်ညာလိုက်သည်မှာပုဆိန်ကိုပင် အပ်ဖြစ်အောင် မျက်စိစုံမှိတ် ငြင်းတော့မည်။ အဲဒီလို အကျင့်ဆိုး၊ ဗီဇဆိုးတွေကို သမီးလေးဆီကူးစက်မည်စိုး၍လည်း ဒီကလေးမကို အိမ်မှာခေါ်ထားဖို့ ကြီးကြီးကို သူမ အတန်တန် ငြင်းခဲ့ရသည်ပေါ့။

'သုံးကြည့်စမ်းပါ တူမကြီးရယ်၊ ငါ့တူမ တစ်ယောက်တည်း ချက်ရပြုတ်ရ၊ လျှော်ဖွပ်၊ ကလေးထိန်းရနဲ့ ပင်ပန်းလွန်းတာကို ကြီးဒေါ်က မကြည့်ရက်လို့ပါအေ။

'ရန်ကုန်မှာ အိမ်ဖော်ရှာရတာလည်း ခက်တယ် မဟုတ်လား။ သမီးအမေကလည်း အသန့်အပြန့်ကြိုက်တော့ ချက်ဖို့၊ ပြုတ်ဖို့က

ကိုယ်တိုင်မှ စိတ်တိုင်းကျ[illegible]
ဆိုတော့ လူကြီးတွေထဲ[illegible]
လည်း မလိုဘူးလေ။ [illegible]
အရွယ်လေးတွေက ပုံသွင်း[illegible]
လွယ်တယ်။ ငယ်ငယ်[illegible]
တည်းက မွေးထားရင် [illegible]
လာတော့ အားကိုးရတာ[illegible]
သန့်ပြန့်မှုကတော့ ကို[illegible]
ကြိုက်သလို ပုံသွင်းလိုက်[illegible]
ရပါတယ်အေ။ ရွှေပင်[illegible]
တော့ ရွှေကျေးပေါ့။ [illegible]
ကြည့်ပါဦး။ လက်တို[illegible]
တောင်း အသုံးတည့်မှာ[illegible]

အဝတ်အစားသစ်[illegible]
နှင့်ပေမဲ့ ချဉ်တူးတူး၊ [illegible]
စုတ်စုတ်၊ နှပ်တရှုံ့ရှုံ့ဖြစ်[illegible]
သော ဆယ်နှစ်အရွယ် [illegible]
တိတ်မလေးကို ကြီးကြီး[illegible]
သလို အရှည်မျှော်တွေး[illegible]
သူမ မည်သို့မျှ အားကိုး[illegible]
၍ မရပါ။ ကြည့်ပျော်ရှု[illegible]
ဖြစ်အောင် ကြီးကြီးက [illegible]
ဆင်ပေးထားသည့် ဝတ်[illegible]
သစ်တွေက နယ်မှ ရန်[illegible]
အလာ ခြောက်နာရီကျော်[illegible]
ရသည့်ကားပေါ်မှာ မှု[illegible]
အကြိမ်ကြိမ် အန်လာသည်[illegible]
ချဉ်စုတ်စုတ်အနံ့ ထွက်နေ[illegible]
မည်းတူးတူး၊ ရုပ်ဆိုး[illegible]
လေးက မှုံးဝေပြီး နှာ[illegible]
တွေပါ ထွက်နေတော့ ဆံ[illegible]
စုတ်ဖွားနှင့် မျက်လုံးကြော[illegible]
တောင်လေးက ရယ်စရာ[illegible]
ကောင်းသေးတော့…။

'စိတ်ကူးမလွဲနဲ့ [illegible]
နန်း။ ပြီးမှ ကျုပ်ကို [illegible]
တင်နေမှာနော်။ အနည်း[illegible]
ငါ့မြေးမလေး သက်လုံး[illegible]
ကစားပေးဖို့ အဖော်ရ[illegible]
အေ့။ တစ်ဦးတည်းသော[illegible]
သမီးဆိုတော့ သူ့ခမျာ အ[illegible]
ငတ်နေရှာတာ။ က[illegible]
ထိန်း၊ ပန်းကန်ဆေး[illegible]

www.burmeseclassic.com

ည်း၊ ကြမ်းတိုက် သချော
င်ပေးရင် သန့်ရှင်းရေးကိစ္စ
ော့ ငါ့တူမ သက်သာတာ
ါ။ ကုသိုလ်လည်း ရပါ
ယ်ကွယ်။ ဒီကလေးမက
ာ မရှိတော့ဘူး။ အဒေါ်
ွေ၊ အသွားတွေနဲ့ နေရတာ။
င်းရဲ့ကြတော့ ငတ်တစ်
ည့်၊ ပြတ်တစ်လှည့်ရယ်။
မကြီးတို့ အိမ်မှာက စား
ကုန်လို့ လွှင့်ပစ်ရတာတွေ
င် နည်းသလား။

'ကြီးကြီးလာတိုင်း အဲ
တွေမြင်ရတာ သိပ်နှမြော
ာပဲ။ ဒီလို စားရမဲ့၊ သောက်
မဲ့လေးခေါ်ပြီး ကျွေးမွေး
ားတာနဲ့တင် ကုသိုလ်ရနေ
ပြီအေ။ အစားအသောက်
သီးသန့် ပိုမကုန်ပါဘူး။

'လခလည်း ပေးစရာ
လိုတော့ အဝတ်အစားလေး
ဆင်ရုံရှိတာပဲ။

'မကြိုက်ရင်လည်း ဖုန်း
ာ ဆက်လိုက်၊ ပြန်လာခေါ်
ကြီးကြီးပဲ မွေးလိုက်တော့
ယ်။ ခု ကြီးကြီးအိမ်မှာက
ောင်မလေးတွေ များနေလို့။
ဆို သူကလေးကို ခေါ်
းလိုက်ချင်တာ။ သနား
ာပါကွယ်'

ဒီလို ကလေးမျိုးတွေ
တွက် စေတနာ့ဝန်ထမ်း
ပ်ကာ ထမင်းအိုး တည်
ေးတတ်သည့် ကြီးကြီး
တနာကလည်း ဆန်းတော့
န်း၏။ သူမို့ အပင်ပန်းခံ၊
ိတ်အိတ်စိုက်ကာ ခိုကိုးရာ
နေသည့် ဒီလိုကလေးမမျိုး
ွေကို မိတ်ဆွေတွေ၊ အမျိုး
ွေအိမ်ကို လိုက်ပို့ပေးတတ်
ည်။ ကံစပ်၍များ နှစ်ဦး
ဖက် အဆင်ပြေသွားလျှင်
ရှင်ကလည်း စိတ်ချမ်း

သာ၊ ကလေးမတွေလည်း နားခိုရာလေးရ။ ကျေးဇူးတင်ကြသည်ပေါ့။

အဆင် မပြေလျှင်တော့လည်း အိမ်ရှင်က တညည်းညူညူတိုင်သည့် အပြစ်စကားတွေ လိုက်ဖြေရှင်းပေးရ၏။ ဘယ်လိုမှ ညှိမရလျှင်တော့ ပြန်သွားခေါ်၊ နောက်တစ်အိမ် ထပ်ပို့နှင့်။ ကြီးကြီးမို့ပဲ ဒုက္ခခံနိုင်ရှာသည်။

တစ်ခါတစ်ရံ ကြီးတော်အိမ်က ဒုက္ခသည်စခန်းလိုလူစည်ကားနေတတ်ပါ၏။ ကြီးကြီးက သူ့အိမ်မှာ စားစရာ၊ အိပ်စရာလေးတော့ မငြိုမငြင်ပေးထားတတ်သည်မို့ ကြီးကြီးသတင်းကြားသည့် ဆွေမျိုးနီးစပ်တော်သော ဒုက္ခရောင်စုံတောမှ ကလေးမတချို့ကလည်း အလုပ်ရှာကြဖို့ ကြီးကြီးအိမ်မှာ စခန်းချတတ်သည်လေ။

အနည်းဆုံး ကြီးတော်၏ စေတနာကိုတော့ လေးစားရပါသည်။

'ပရဟိတဆိုတာ ဆိုင်းဘုတ်ကြီးအောက်ဝင်မှ၊ အုပ်စုလိုက် သွားလာအချိန်ပေးနိုင်မှ၊ ငွေကြေးသိန်းသန်းချီ အကုန်ခံနိုင်မှရယ်မဟုတ်ပါဘူးကွယ်။ ကိုယ့်အတ္တကိုဖယ်ခွာပြီး ကိုယ့်ပတ်ဝန်းကျင်နဲ့ နီးစပ်တဲ့ လက်လှမ်းမီသလောက်ကို အကျိုးရှိအောင် ကူညီဆောင်ရွက်ပေးနိုင်ရင်လည်း ပရဟိတလုပ်တာပါပဲ'ဟု ကြီးတော်က ကြွေးကြော်နေကျ။

ဒီလိုနှင့် သူမ၏ ဂေဟာလည်း ကြီးတော် အကျိုးဆောင်မှုနှင့် စုစုတစ်ယောက်စာ ပရဟိတဂေဟာ ဖြစ်လာရ၏။

အမှန်တော့ စေတနာခေါင်းပါးသူအဖြစ် ကိုယ့်ပုံရိပ်ကို ကိုယ်မမြင်လို၍သာ ဆက်မငြင်းဘဲ လက်ခံလိုက်ရခြင်းဖြစ်သည်။ ဆယ်နှစ်ကျော်ကျော် ဥမမည်စာ မမြောက်ကလေးကို ဘယ်နေရာသွားခိုင်းရက်ပါမည်နည်း။

ပထမဦးဆုံး သူမတို့နှင့် တစ်အိမ်သားတည်း အတူနေထိုင်မည့် ကလေးမလေး၏ တစ်ကိုယ်ရေသန့်ရှင်းရေးတာဝန်က သူမခေါင်းပေါ် အရင်ကျလာသည်။ ဆယ်နှစ်ကျော် အရိုးစွဲလာသည့် နေထိုင်မှုစရိုက်ကို ရုတ်တရက်ပြောင်းလဲဖို့ရာမှာ ထင်သလောက် မလွယ်လှပါ။

အိမ်သာဝင်ပြီးတိုင်း အထွက်မှာ ဆပ်ပြာနှင့် လက်ကို စင်ကြယ်အောင်ဆေးဖို့ ဘယ်လောက်ပြောပြော၊ နှပ်တွေကို ရေချိုးတုန်း သေချာဆေးကြောထားပြီး ခဏခဏနှာခေါင်း မနှိုက်ဖို့ ဘယ်လိုသင်သင်၊ စားသောက်စရာတွေ ကူညီကိုင်တွယ်နေချိန်မှာ ခေါင်းကုတ်၊ ဖင်ကုတ် မလုပ်မိစေဖို့ ဘယ်နကြိမ်တားတား ကလေးမက မျက်နှာလွှဲသည်နှင့် လုပ်ချင်ရာလုပ်တတ်သူသာဖြစ်သည်။

ရေချိုးလျှင်လည်း ငုတ်တုတ်ထိုင်စောင့်ကာ ချောင်ကြိုချောင်ကြားမကျန် ဆပ်ပြာတိုက်ပြီး သေချာ ချေးတွန်းဖို့ နှိုးဆော်ရ၏။ သွားကိုလည်း နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် တိုက်ပုံတိုက်နည်းက အစ နည်းပြလုပ်ပေးရ၏။ ယုတ်စွအဆုံး အိမ်သာတက်လျှင်ပင် တောသူမကို ဗိုလ်ထိုင်အိမ်သာ သုံးတတ်ဖို့နှင့် သန့်ရှင်းရေးလုပ်ရမည့် ရေပန်းသုံးပုံကအစ သရုပ်ပြရသေး၏။

ကိုယ်သက်သာဖို့က ဘယ်ဆီ မသိသေး။ သူ့သင်တန်းပေးနေရတာနှင့်ပင် အချိန်လည်းကုန်၊ စိတ်လည်း ပင်ပန်း။

သမီးလေးနားကို ကပ်ခိုင်းဖို့က တော်ရုံ သန့်ရှင်းရေးနှင့်မရသည်မို့ အကျင့်ဟောင်းတွေပျောက်သည်အထိ စောင့်ကြည့် ဆော်ဩရသည်ကပင် အလုပ်တစ်ခုလို ဖြစ်နေသေးတော့သည်။

❑

တကယ်တမ်းတွင်တော့ ကိုယ်တိုင် အပင်ပန်းခံပုံသွင်းပြီးသား ကလေးမလေးကို နန်းမြအေးကလည်း လက်မလွှတ်ချင်ပါ။ ဒီလို အနေအထားမျိုးနှင့် အသုံးတည့်လာအောင် ဘယ်လောက်ထိ စိတ်ပင်ပန်း၊ နှုတ်ပင်ပန်းခဲ့ရမှန်း သူမသာလျှင် အသိဆုံးလေ။

ပထမဆုံးအကြိမ် သကြားလုံးထုပ်ထဲ လက်နှိုက်လျက်သားတွေ့ရချိန်က သူမ သိပ်မအံ့ဩမိသေး။ လက်တစ်ဆုပ်စာလောက် သကြားလုံးတွေကို အိတ်ကပ်ထဲထည့်ပေးထားပြီး တတွတ်တွတ်စားရသည့် အခြေအနေရောက်နေတာတောင် မတင်းတိမ်နိုင်လောက်အောင် ငတ်ခဲ့ရှာပါလားဟုသာ သနားစိတ်ဝင်မိသေး၏။ ချောင်းတွေ တဟွတ်ဟွတ်ဆိုးလာတော့မှ ကရုဏာဒေါသနှင့် မာန်မဲတားမြစ်ရတော့သည်။

ဒုတိယအကြိမ် ရေခဲသေတ္တာထဲမှ အအေးဘူးတွေ

www.burmeseclassic.com

ခိုးသောက်ထားမှုန်း စစ်ဆေးတွေ့ရှိချိန်မှာတော့ လျော့ရဲရဲဆုရုံနှင့် မဖြစ်တော့။ ခပ်ဖိဖိလေး ပြစ်ဒဏ်ချမှတ်ရပြီ။ ကလေးမဆီမှာက ကြီးကြီးလာတိုင်း ပေးသွားသော၊ နန်းမြအေးမေမေက စေတနာကောင်းသူပီပီ တစွတ်စွတ်ပေးတတ်သော၊ နယ်မှ အမျိုးတွေလာတိုင်း ဖင်ပေါ့ပြီး ကူညီတတ်သည့်အတွက် စိုစိုပိုပိုပေးသွားတတ်သော မုန့်ဖိုးလေးတွေ စုထားသည်မှာ မနည်းလှ။ များလာလျှင် နားကွင်းလေးတစ်စုံ သူမကစိုက်ဖြည့်ပြီးလုပ်ပေးမည်ဟု ပြောထားသည့်အတွက် ဒီငွေလေးတွေကို ကလေးမက အင်မတန် နမြောမက်မောဏ်။ သို့မို့ကြောင့်လည်း သူမက…

'နောက်တစ်ခါ ခိုးစားတာ မိလို့ကတော့ ဒဏ်ငွေတစ်ထောင်ဖြတ်မယ် မိစု။ ခဏခဏ ခိုးစားနေလို့ကတော့ ညည်း နားကွင်းနဲ့ ဝေးပြီ အောက်မေ့'ဟု ခြောက်လှန့်ထားရသည်။

ကလေးမ မျက်ဝန်းထဲမှာ ပူပန်ဟန်လေးတွေ တငွေ့ငွေ့ လိုက်တက်နေတာမြင်ရတော့ သူမ သတ်မှတ်လိုက်သည့်ပြစ်ဒဏ်ကို သူမဘာသာ ကျေနပ်မိရသေးသည်။

သေချာပါပြီ။ နောက်တစ်ခါ ဒီကလေးမ ခိုးစားရဲမည် မဟုတ်တော့။

နန်းမြအေးတို့ အိမ်မှာက စားစရာတွေ ပေါလွန်းသည်မို့ ကလေးမလေး ရောက်စက အစားလွန်ပြီး အန်သည်အထိ ဖြစ်ခဲ့ဖူး၏။

သူကလေးက မစားဖူး

> အခါခါ
> ဆက်ခဲ့ရသော
> ကြိုးတစ်ချောင်း
> မည်သည်
> ဆက်ထုံး
> ပြေသည်နှင့်ပင်
> ပြတ်ရရိုး
> မဟုတ်ဘူးလား
> ဘယ်လောက်ပဲ
> ပြန်၍
> ဆက်နိုင်သည်ပင်
> ဆိုစေဦး
> ဆက်ထုံး
> ဗရပွတွေက
> ပြေကျနေသမျှ
> လိုက်ဆက်
> ရသည်မှာ
> ကြာတော့လည်း
> လက်ပန်း
> ကျပေမည်ပေါ့

သည်များရော၊ အငတ်နေခဲ့ရသည်များပါ အတိုးချပြီးစားသလို သူမတို့ကလည်း သဒ္ဓါလွန်ပြီး ပိုလျှံသမျှ အကုန်ကျွေးခဲ့မိသည်ကိုး။ သူမတို့အိမ်မှာက သူမ မိဘနှစ်ပါးနှင့် သူမတို့သားအမိသာလျှင်ရှိ၏။ သူမခင်ပွန်းက နယ်မှာ တာဝန်ကျနေသည့် အရာရှိတစ်ဦးဖြစ်တာကလည်း သူမတို့အိမ်မှာ အစားအသောက်တွေ လျှံပယ်နေရသည့် အဓိကအချက်ဖြစ်သည်။

သူမခင်ပွန်း ပို့လိုက်သမျှ လက်ဆောင်ရထားသည့် (ဥပမာ ထိုးမုန့်၊ လမုန့်၊ ကိတ်မုန့်လိုမျိုး) အချိုအဆိမ့်မုန့်တွေဆိုတာက ဝမှာစိုးသည့် သူမတို့လူကြီးတွေနှင့် မတည့်တာမို့ ဒိတ်မအောက်ခင်၊ မပုပ်သိုးခင် ဒီကလေးမမှ မစားလျှင် စားမည့်သူလည်း မရှိ။သူမသမီးလေး သက်လုံးပုံဆိုသည်ကတော့ ဒါမျိုးတွေ မစား။ ညှပ်ပေ၊ ဖုးပေ့ဆိုသည့် နိုင်ငံခြားဖြစ်အကောင်းစားတန်ဖိုးကြီးတွေကိုမှ သတ်သတ်ဝယ်ပေးထားသည်လေ။

အဲဒီ အညှန့်အဖူးလေးတွေကို လက်လှမ်းသည်အထိ အတင့်ရဲလာသည့် အချိန်မှာတော့ သူမသည်းမခံနိုင်တော့ပါ။ အဆူအပူကိုလည်းမမှု၊ ဒဏ်ရိုက်တာကိုလည်း မကြောက်မှတော့ လက်ပါရတော့မည် မဟုတ်လား။

နားရွက်ကလေးကို ခပ်နာနာလိမ်ထားလိုက်လျှင်တော့ ကလေးမ မျက်နှာကြီး နီရဲပြီး မျက်ရည်များ ဝိုင်းလာမလားဟု သူမ အထင်။ တကယ်တက်စင်အောင် လွဲတော့၏။ ခပ်နာနာလေးဖိလိမ်လေ ကလေးမမျက်နှာက စပ်ဖြီးဖြီးကြီးဖြစ်လာလေ။

'ညည်း မနာဘူးလားအေ။ ကျုပ်လက်တောင် အန့်သေနေပြီ'

နောက်ဆုံးတော့ နန်းမြအေးအသည်း ဒီထက် မမာနိုင်တော့။ လုပ်ပြီးမှ သနားသွားပြီး ရောင့်တက်မှာကိုပင် စိတ်မပူနိုင်ဘဲ မေးမိရသည်အထိ။

'ဟင့်အင်း အန်တီ။ နာတော့ နာတာပေါ့ ဒါပေမဲ့ အဲ့လောက်က ဒေါ်ကြီးအိမ်မှာ အပျော့ရယ်'

ဘုရားရေ သူမက စိတ်ဆိုးဆိုးနှင့် လက်အန့်သေ… သည်အထိ ရက်စက်မိ… လောက်က သူ့အဒေါ်အိမ်… အပျော့တဲ့။

ဖြစ်မှ ဖြစ်ရလေ… စိတ်ထဲသနားသွားသော သူ… ကတော့ နောက်တစ်ခါ ဘ… လောက်စိတ်ဆိုးဆိုး လ… မပါတော့ရန် ကိုယ့်ကိုယ်… သတိပေးခဲ့မိပါသည်။

တကယ်တမ်း လ… တွေ့တွင်မူ လျင်မြန်သော… ဒေါသစိတ်၏ ဦးဆော… နောက်ကို သတိတရား… အချိန်မှီ ချွန်းမအုပ်နိုင်ခဲ့။ စိ… ဆိုးလွန်းမက ဆိုးမိ၍… တဒေါင်ဒေါင်မြည်အော… ခေါက်မိသော်လည်း ခေါ… ကို ပြန်ပွတ်ပေးချင်လော… အောင် စိတ်မကောင်းဖြ… ချိန်မှာတော့ ခေါက်ပြီးခဲ့…

'ညည်း နာပြီ မဟု… လား'

တိုပြတ်ပြတ် သူ… အမေးကို မျက်ရည်လဲ့လဲ့… ပေမဲ့ ခေါင်းကတော့ ခပ်… သွက်ခါမြဲ။

'ဒေါ်ကြီးက တွေ့… ကောက်ထု နေကျဆို… ခေါင်းက မာနေပြီ'

အရွယ်နှင့်မလိုက်… လိုက်ပုံက ကြားရသူပင်… ထဲ နင့်သွားရ၏။

သို့ပေမဲ့ ဆွမ်းလော… ရန် ဦးဖယ်ထားသည့်… ခွက်ကိုမှ ခိုးနှိုက်နေခြ… တော့ မည်သို့မျှ လျှော်… ၍ မရနိုင်ခဲ့ပါ။

ဒီလိုနှင့် အကြော… ပေါင်းစုံအောင် ကလေး… ဒေါသနှိုးဆွမှု လုပ်မြဲလု… သူမကလည်း အမြဲလ… ပြီးကာမှ သတိ…



www.burmeseclassic.com

www.burmeseclassic.com

ကြပ်မကွာ လိုက်လာသည်မို့ စိတ်ထိခိုက်ရမြဲ။

အသိတရား မရှိလျှင်တော့လည်း တစ်မျိုးကောင်းသား။ သို့ဆိုလျှင် ရိုက်မိခေါက်မိသမျှ နောင်တမရဘတ်ဘဲ စိတ်ထိခိုက်မိတော့သည်မဟုတ်။ ခုတော့ စိတ်မထိန်းနိုင်၍ လုပ်မိလိုက်၊ သတိဝင်လာတော့ လုပ်မိပြန်ပြီဆိုပြီး စိတ်ညစ်လိုက်နှင့် သံသရာလည်နေတော့၏။

ပို၍ဆိုးသည်က ခုတလော နန်းမြအေးဖတ်နေသည့် တရားစာအုပ်တွေမှာ 'ဝဋ်မှာ အမြဲ ငရဲမှအပ' ဆိုသည့် စကားလုံးတွေကို ထပ်တလဲလဲ မြင်နေ တွေ့နေရသည်ပါပဲ။ ဝဋ်လည်မှာတော့ သူမ ကြောက်လှပါ၏။

ဒီလိုဆိုတော့ သူမမှာ ဝဋ်ကြွေးမတင်အောင် လုပ်နိုင်ဖို့က ဘယ်လောက်ပြင်ပြင် အကျင့် ဆိုးမပျောက်သည့် ကလေးမကို ပြန်ပို့ရုံသာ ရှိတော့သည်မဟုတ်လား။

ခက်သည်က ကောင်မလေးကိုယ်တိုင်က ပြန်ပို့မှာကို အသေအလဲ ကြောက်နေခြင်းပါ။ 'ညည်းကို ပြန်ပို့တော့မယ်'လို့များ ပြောလိုက်လျှင် ပျက်သွားသည့် မျက်နှာက သေတွင်းဆင်းနိုင်းသလား ထင်ရမလောက်ပင်။

'ကဲ ဒါဆို ဒီတစ်ခါ နောက်ဆုံးပဲ။ နောက်တစ်ခါ ဒီစားတာတွေ့လို့ကတော့ အိမ်ပေါ်ကဆင်းဖို့သာ ပြင်ထား'

အသားနာမှာမကြောက်၊ ဒဏ်ငွေရိုက်တာ မဖြုံသော ကလေးမလေးက အိမ်ပြန်ပို့မှာကိုတော့ မျက်စိမျက်နှာပျက်စွာ ထိတ်လန့်တတ်ခဲ့ပါသည်။

❑

'ဒီ လက်စွပ်ကို ညည်းက ပွဲဈေးတန်းမှာ ဗန်းခင်းရောင်းတဲ့ဟာများ ထင်နေလို့လား မိစုရဲ့။ စိန်လက်စွပ်ဟဲ့။

ညည်းမှာ မရိုးသားတဲ့ စိတ်မရှိရင် ရေချိုးခန်းထဲမှာ တွေ့တာနဲ့ ငါ့လက်စွပ်မှန်း သိနေတာပဲ၊ ဘာလို့ ပြန်လာမပေးသလဲ။

ဘယ်လောက် ဆုံးမဆုံးမ ညည်းရဲ့ အရိုးစွဲနေတဲ့ အကျင့်က ဖျောက်လို့ရမှာ မဟုတ်တာ သေချာသွားပြီ။

ငါ့မှာလည်း ညည်း ရောက်လာကာမှ အကုသိုလ် အထုပ်လိုက်ဝင်တာပဲ။ ခဏခဏ စိတ်ဆိုးရလွန်းလို့ လူလည်း အိုစာလာပြီ။

ညည်းကို လုပ်မိသမျှလည်း ငါ ဝဋ်ပြန်ခံရတော့မယ်။ အဲဒီတော့ ဒီအရှုပ်ထုပ်ကိုရှင်းမှ ဇာတ်လမ်းမြန်မြန် အဆုံးသတ်လိမ့်မယ်။

ညည်း ပြန်တော့အေ၊ သွား ခုထွက်သွား'

အခါခါဆက်နေရသည့် ကြိုးတစ်ချောင်းအတွက် ဒုက္ခများ ငြိမ်းချုပ်ဖို့ အကောင်းဆုံးနည်းလမ်းမှာ ဆက်ထုံးဖြေလိုက်ရန်သာရှိတော့သည်လေ။

လျှာအရိုးမရှိတိုင်း တွေ့ကရာ လျှောက်ပြောနေသည့် ဆင်ခြေတွေကလည်း အပ်ကြောင်းထပ်နေပြီမို့ နန်းမြအေး နားသည်းညည်း မခံနိုင်တော့ပါ။ ဘယ်လိုအကြောင်းပြချက်တွေပြောပြော ခေါင်းကိုသာ တွင်တွင်ခါနေလိုက်၏။ သူမ၏စိတ် ပြန်ပျော့မသွားစေဖို့ ကလေးမမျက်နှာကို မကြည့်ဘဲ ကျောခိုင်းနေလိုက်တာသည်သာ အကောင်းဆုံး မဟုတ်လား။

ဒီတစ်ခါ သူမစိတ်ဆိုးမှုက နောက်မဆုတ်နိုင်အောင် ပြင်းထန်မှန်း ရိပ်မိသွားသော ကလေးမကလည်း သူ့အထုပ်လေး သူပိုက်ကာ အိမ်မှဆင်းဖို့ ပြင်ရတော့သည်။ စိတ်ကုန်သွားခြင်းသည် စိတ်ဆိုးသည်နှင့်မတူ။ စိတ်ဆိုးသည်က စိတ်ဆိုးပြေလျှင် ပြီးပျောက်နိုင်သော်လည်း စိတ်ကုန်သည်ကတော့ ရှေ့ဆက်ရန် လမ်းမရှိတော့ပြီလေ။

သို့ပေမဲ့ သူကလေးမရှိလျှင် သမီးလေး သက်လုံးပုံ အိပ်ရာမှနိုးလာတော့ မည်သို့ ပြောရပါ့။ သမီးလေး အိပ်ရာအထမှာသွားတိုက်လျှင်လည်း ကလေးမကပါရသည်။ မနက်စာ၊ နေ့လယ်စာ၊ ညစာ ဘာအစာကျွေးကျွေး မစားချင်တတ်သော သမီးအတွက် ကလေးမက ဘေးမှ ကလူရ၊ မြူရသေးသည်။ သူပြောသမျှ၊ လုပ်သမျှကို သမီးက တခစ်ခစ်နှင့်ရယ်နေချိန်မှာ ဟနေသော ပါးစပ်ထဲကို အလစ်ထိုးထည့်ပြီး ကျွေးရသည်က အကြိမ်တိုင်းလိုလို။

သူမက မီးဖိုချောင်ထဲ စီမံချက်ပြုတ်နေလျှင်လည်း သမီးကို မငိုအောင်၊ သူမဆီ လာမရှုပ်အောင် အဘိုးအဘွားများထက် ဆွဲဆောင် စည်းရုံးထားနိုင်သည်ကလည်း စုစုပါပဲ။ ရှော့ပင်းစင်တာသွားသွား၊ ကစားကွင်းသွားသွား စုစုက ပါနေကျမို့ အလှူမင်္ဂလာဆောင်မို့ မခေါ်ခဲ့လျှင်တောင် 'စုစုရော စုစုရော'နှင့် တဖွဖွ မေးတတ်သည့် သမီး။

ယုတ်စွအဆုံး သမီးလေး အီးအီးတည်လျှင်တောင် စုစုပါမှ။ စုစုက အိုးပေါ်ထိုင်နေသည့် သမီးကို ဂျီမကျအောင်၊ တစ်ဝက်တစ်ပျက်နှင့် ထမပြေးအောင် စကားတွေ ပြောပေးနေရတတ်၏။

သမီးအတွက်သာမကပါ။ တစ်အိမ်လုံး သန့်ရှင်းရေးကို သူမ လှည့်မကြည့်ရသည်မှာ ကြာခဲ့ပြီကော။

သမီးလေးမနိုးခင် အိမ်သန့်ရှင်းရေးကို စုစုက အားလုံးပြီးစီးအောင် စွမ်းဆောင်နိုင်သည်မှာ နှစ်ပင်ချီနေပါပြီ။ သန့်ရှင်းရေး လုပ်ပြီးလျှင် ထမင်းပေါင်းအိုးကို ကျွမ်းကျင်စွာ သူကလေးက ချက်ပြုတ်ထားဦးမည်။ အဝတ်လျှော်စက်နှင့်လည်း အဝတ်တွေကို လျှော်တတ်နေပြီ။ ပြီးလျှင် အဝတ်လှန်း၊ ခြောက်တော့ မီးပူတိုက်။ ကလေးမ၏အသုံးဝင်မှုတွေ တွေးမိသွားတော့ သူမ ရင်မောသွားရသည်။

သမီးလေး တစ်နှစ်လောက်ကတည်းက ရောက်နေသည်မို့ သူကလည်း အိမ်သားတစ်ပိုင်း ဖြစ်နေပြီလေ။ နောက်နှစ်ဆိုရင်ပဲ သမီးက ကျောင်းတက်ရတော့မည်။

စုစု မရှိလျှင်...။

ရှိခြင်းသည် မရှိခြင်းထက် ပို၍ အဖိုးထိုက်တန်ပါမည်လား။

နန်းမြအေးစိတ်ထဲတွင် မုန်တိုင်းက အနည်းငယ်တော့ အားပျော့လာ သယောင်ယောင်။

❑

သူကလေးနှင့် နန်းမြအေးတို့ကြား ရှိ အတိတ်ပဋ္ဌာန်းဆက်က ဘယ်လောက်များ အထပ်ထပ် ဥပါဒါန်

www.burmeseclassic.com

သည်မသိ။ ပြတ်လုလု သံယောဇဉ်ကြိုးတစ်ချောင်းကို နှောင်တွယ်မှု သမုဒယလေးက အခါခါ ပြန်ဆက်နေသည်မို့ ဆက်ထုံးတွေသာ ပိုရှုပ်ပိုရှုပ် များလာရသည်။

ဆက်ထုံးများသည့် ကြိုးတစ်ချောင်းအဖို့ မည်သို့မျှ စင်းလုံးမချောမွတ်နိုင်သော်လည်း အဆက်အသွယ် ကင်းလွတ်အောင်တော့ ပြတ်မကျနိုင်သေး။

အံ့သြစရာကောင်းသည်က အဆိုးကို အဆိုးနှင့် တန်ပြန်ပြီး ကောင်းအောင်လုပ်ယူလို့ မရသည်ကို သူမ၏သမီးလေးက လက်တွေ့သက်သေပြပေးလိုက်ခြင်းပါ။ သူမ မည်သို့မျှ ပြုပြင်မရ၊ ဆုံးမ၍မရသော စုစုဆိုသည့် သန္ဓေဆိုးစွဲနေသည့် ကလေးမလေးကို သမီးလေး သက်လုံးပုံက မေတ္တာဖြင့် ပြောင်းလဲစေခဲ့သည်ပဲ။

'ပုံပုံလေးကယ်လိုက်လို့သာ စုစု မပြန်ရတာ' ဟု ကလေးမက မကြာခဏ သမီးပါးကို တရှုတ်ရှုတ်နမ်းရင်း ပြောတတ်ခဲ့၏။ သမီးလေးကလည်း 'ချူချူနောက်တစ်ခါ ထိုးနဲ့တော့နော်' လို့ မပီကလာ သတိပေးရင်း သူတို့နှစ်ဦးကြား သံယောဇဉ်ကြိုးတွေ တင်းခဲ့ကြသည်။

အဆိုးကို
အဆိုးနှင့်
သူမ
တုံ့ပြန်စဉ်ကတော့
ကလေးမ
ဗီဇဆိုးကလည်း
ပိုပြီးတောင်
ပါးပျဉ်းထောင်လာ
သေးသည်
အဆိုးဒဏ်ကိုသာ
ကြံ့ကြံ့ခံနိုင်ပေမဲ့
အကောင်း
ဒဏ်ကိုတော့
သူကလေး
မခံနိုင်တော့

အဆိုးကို အဆိုးနှင့် သူမ တုံ့ပြန်စဉ်ကတော့ ကလေးမ ဗီဇဆိုးကလည်း ပိုပြီးတောင် ပါးပျဉ်းထောင်လာသေးသည်။ အဆိုးဒဏ်ကိုသာ ကြံ့ကြံ့ခံနိုင်ပေမဲ့ အကောင်းဒဏ်ကိုတော့ သူကလေး မခံနိုင်တော့။ သမီးလေး၏ မျက်ရည်လည်ရွဲ တားဆီးပေးမှု၊ မုန့်စားတိုင်း အောက်ကို မသိမသာပစ်ချလိုက်ပြီး 'စုစုစားလိုက်တော့၊ အောက်ကျသွားပြီ' ဆိုပြီး လူကြီးတွေအပေါ် လူလည်ကျပြီး သဒ္ဒါမှု။

ဟုတ်သည်လေ။ အောက်ကျပြီးသားမုန့်များဆို သက်လုံးပုံ မစားရ။ စုစုသာလျှင် စားရသည်ပဲ။

လူဆိုသည်က တားမြစ်ထားသည့် အရာကိုမှ ပိုကျူးလွန်ချင်တတ်သည့် သဘောရှိသည်မဟုတ်လား။ ကလေးမက သူအလျှံ့အပယ် စားနေရသော မုန့်များထက် သက်လုံးပုံ၏ မုန့်များကိုသာ သွားရည်ကျနေခဲ့ဖူးလိမ့်မည်။ သမီးက ခဏခဏ ချူချူကျွေးသောအခါ စားရပါများ၍ ခိုးစားချင်စိတ် ပျောက်သွားသည်လားတော့ မသိ။ နောက်ပိုင်းများမှာ စုစုခိုးစားသည်ကို တစ်ခါမျှ လက်ပူးလက်ကြပ် မမိတော့ပါ။

မမိတော့ ဆိုကတည်းက လုံးဝမကောင်းစင်လျှင်တောင် ပါးလျားလာလို့သာ ဖြစ်တော့မည်ပေါ့။ သူမတို့ တစ်အိမ်သားလုံး ကျိတ်ပြီး အံ့သြဝမ်းသာရသည်နှင့်အမျှ ပုံပုံနှင့်စုစုတို့ကြားမှ သံယောဇဉ်၊ စုစုနှင့် သူမတို့ကြားမှ သံယောဇဉ်ကြိုးကလည်း ဆက်စရာမလိုတော့အောင် ကာလအတော်ကြာ ချောမွေ့နေခဲ့သည်။

ဒီထက်မက ကလေးငယ်နှစ်ဦးကြားမှ သံယောဇဉ်နှင့် ကျေးဇူးတရားသိတတ်မှုကို ရင်သပ်ရှုမော ဖြစ်ရသည့် မြင်ကွင်းတစ်ခုက နန်းမြအေးတို့တစ်သက် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။

အဲဒီနေ့က သူမဦးဆောင်ပြီး ကလေးနှစ်ယောက်ကို ကစားကွင်း ပို့မည်ဆိုတော့ အဘိုးအဘွား နှစ်ယောက်ကပါ သက်လုံးပုံလေး ဆော့ကစားသည်ကို လိုက်ကြည့်ကြည်နူးဖို့ ပြင်ဆင်ကြသည်ပေါ့။

တစ်အိမ်သားလုံး ထွက်ကြမည်ဆိုတော့ ပြတင်းတံခါးတွေပိတ်ရ၊ အိမ်မီးစစ်ရ၊ အိမ်သော့ခတ်ရနှင့် အလုပ်ရှုပ်နေကြတုန်း သမီးလေးက အပျော်လွန်ပြီး လမ်းမပေါ် ဖျတ်ခနဲ ခုန်တက်လိုက်၏။

ထိတ်ခနဲ သူမ ရင်အခုန်၊ 'ဟိတ်' ခနဲ အဘွားက အအော်၊ ရိပ်ခနဲ စုစုက ပုံပုံ…
လေးကို ဆွဲအဖက်။ အားလုံး…
လှုပ်တစ်ပြက်အတွင်း ဖြစ်ပျက်…
အပြီးမှာ ကားတစ်စီးက အော်…
ဝေါက်ကာ အရှိန်ပြင်းပြင်း…
ဖြတ်ကျော်သွားခဲ့ပြီဖြစ်သည်…

အစပ်ကလေးပါပဲ…
တကယ်တော့ လမ်းမပေါ်…
နှုတ်ခမ်းစပ်ကလေးမှာပါ…
သို့ပေမဲ့ စုစုသာ လှမ်းမဆွဲ…
လျှင်တော့ သက်လုံးပုံလေး…
ကို ပွတ်ဆွဲသွားနိုင်သည်ပေါ့…
ကလေးဆိုတော့ ယိမ်းယိုင်…
ပြိုကျပြီး အထိနာနိုင်သည်…
လေ။ ကလေးမက ဆွဲဖက်…
ပြီး လှည့်လိုက်သည်မို့ သမီး…
လေး ဘာအနာတရမှ မဖြစ်…
သော်လည်း ကားဘက်…
ရောက်သွားသည့် ကလေး…
တံတောင်ဆစ်ကို ကားပွတ်…
သွားသည့်ဒဏ်ရာက ချင်…
ချင်း အသားနီလန်ကာ သွေး…
ကိုင်းလာခဲ့ရ၏။

အံ့သြမှင်တက်နေ…
သော သူမတို့လူကြီးအားလုံး…
၏ရင်ထဲမှာတော့ စုစု၏ကျေး…
ဇူးပြန်ဆပ်မှုကို မျက်ဝါးထင်…
ထင် အသိအမှတ်ပြုရတော့…
ပြီလေ။ တစ်ယောက်…
သံယောဇဉ်ကြိုးပြီး …
မလွတ်နိုင်အောင် အော်…
ယိုတားမြစ်ပေးသလို …
ယောက်ကလည်း ဆင်…
တွင်းထဲ ပြန်ဆင်းရမည့်အ…
ကို တားဆီးပေးသူ ကယ်…
ရှင်အဖြစ် ကျေးဇူးပြန်ဆပ်…
၏။

ကလေးမနှင့် နန်း…
အေးတို့ကြားမှာ ချည်မိ…
ကြိုးတစ်ချောင်းက ဆက်…
တွေ မည်မျှများခဲ့သည်…
သော်လည်း သမီးလေး…
ဆက်ထုံးများကို …



www.burmeseclassic.com

www.burmeseclassic.com

…တော့ဘဲ ချောမွတ်ပြေပြစ် …အောင် အပေါ်မှ မေတ္တာ … တစ်ထပ်လွှမ်းပေးလိုက် …လိုပါ။

ကလေးမလည်း အကျင့် …ပျောက်သလောက် ရှိနေပြီ … အရင်လို ကြိုးခဏခဏ …တ်စရာမလိုတော့။ ခဏ …ပြန်ဆက်ရသည့် စိတ်ပင် …မှုလည်း မရှိနိုင်တော့သည် … ဆက်ထုံးတွေ အဆုံးသတ် …ဟု စိတ်အေးရပါသည်။

❑

သို့ပေမဲ့ သံယောဇဉ်ဆို …ည်မှာ တွယ်တာနှောင်ဖွဲ့ …ခြင်းဟု သေချာလာသည့် …စ်နေ့မှာတော့ အဲဒီနွယ်ကို …တ်ဖို့ သူမ ကြိုးစားရတော့ …ည်။ ဒီထက်ပို၍ နှောင်ဖွဲ့ … မကောင်းနိုင်သော အခြေ …နေတစ်ခုက ဖြန့်ခနဲ ရောက် …သော၏။

ယခင်ကတည်းက ရှိနေ …သည်လား။ သူမတို့ အိမ် …ရောက်ပြီးကာမှ တစ်နေ့ရာရာ … ကူးလေသည်လားတော့ …သိ။ ကလေးမမှာ တီဘီပိုး …မှုန်း သိလိုက်ရသည့်နေ့ … သူမတို့ တစ်အိမ်သားလုံး …က်လုံးပုံအတွက် စိတ်ပူပန် … လန့်ဖျပ်သွားခဲ့ရသည်။

ကလေးမ၏ တီဘီပိုး … သလိပ်စစ်ချက်အရ အခြား …များကို ကူးစက်နိုင်သော …ဆင့်မှာ ရှိနေသည်တဲ့။

မိုးဥတု ရက်တစ်ရက် … ကလေးမကို အိမ်နှင့်နီး …သည့် စတိုးဆိုင်တစ်ခုကို …တ်ပြီး လိုအပ်တာလေး …ဝယ်ခိုင်းလိုက်စဉ် မိုးမိခဲ့ …၏။ မထင်မှတ်ဘဲ အဆုတ် …အေးပတ်ပြီး အဖျားကြီးခဲ့ …ည်။ အဖျားကျတော့လည်း ချောင်းဆိုးက အချိန်တော်ကြာသည်အထိ မပျောက်ခဲ့။ လချီလာတော့ သကာမကောင်းဖြစ်လာပြီး ဓာတ်မှန်ရိုက်၊ သလိပ်စစ် လုပ်ကြည့်လိုက်တော့ အဖြေက မကောင်း။ ကလေးမအတွက် ပူပန်နေရာမှ သက်လုံးပုံ အတွက်ပါ သောကကူးသွားရသည်။

ခုခေတ်မှာ တီဘီရောဂါအတွက် ငွေမကုန်ဘဲ ဆေးကုသနိုင်သည်ဆိုပေမဲ့ ကူးစက်နိုင်သည့် အဆင့်ရှိ ပိုးအရေအတွက် တွေ့ထားရသော ရောဂါရှင်တစ်ယောက်နှင့် သမီးလေးကို လက်ပွန်းတတီး နေစေဖို့က တော်တော် စဉ်းစားရကျပ်လှပါသည်။

သူမ အတ္တကြီးလွန်းနေပြီလားဟု အကြိမ်ကြိမ်တွေးပြီး စိတ်ကို ပြင်ဖို့ကြိုးစားလည်း မရပါ။ အကယ်၍ ရောဂါပိုးရှိသူက ပုံပုံဆိုလျှင်၊ သမီးလေး အလွန်ခင်တွယ်သည့် စုစုကို ကူးမည်စိုးကာ ပြန်လွှတ်ပါမည်လား။ အကယ်၍ စုစုသာ သမီးအရင်းဆိုရင်ရော၊ ပုံပုံလေးကို ကူးမည်စိုးကာ တခြားနေရာကို ပို့ထားရက်မည်လား။

ဟင့်အင်း။

ခုခေတ်ကြီးမှာ ဆေးတွေက သိပ်အစွမ်းထက်နေပါပြီ။ ဆေးသောက်လိုက်လျှင် မကြာခင် ပျောက်သွားမှာ။ ပြီးတော့ စုစုဆိုသည်က သမီးလေး သက်လုံးပုံကို ကယ်တင်ရာမှာ သူ့အသက်ကိုပင် မငဲ့ခဲ့သည့် သာဓကရှိဖူးသူ။ ကျေးဇူးသိတတ်သူလေး။ သူမတို့လို လူကြီးလူကောင်းတွေက သူ့ကျေးဇူးကို ဒီလောက်တောင် ပြန်မသိတတ်လျှင် ရှက်စရာ။ အယောင်ဆောင် လူကြီးလူကောင်း အဖြစ် သူမပုံရိပ်ကို သူမ မမြင်ချင်ပါ။

သူမအတ္တနှင့် သူမအရှုံ့တ္တ တိုက်ပွဲတွေ ပြင်းထန်လှ၏။

သို့ပေမဲ့ ရန်ကုန်အိမ်ဆိုသည်ကလည်း ကျဉ်းကျဉ်းလေး။ ကလေးမလေးနှင့် သမီးပုံပုံကို မည်သို့ပင် ခပ်ခွာခွာထားစေဦး။ အခန်းကျဉ်းထဲမှာ ရှူသွင်းရှူထုတ်နေသည့် လေတွေက ရောနှောကာ ရောင်နိုင်မည်မထင်ပါ။ ဒီကြားထဲ သမီးကို တရွတ်ရွတ် နမ်းတတ်သည့် ကလေးမအကျင့်ကိုလည်း ပြတ်ပြတ်သားသား တားမြစ်ရဦးမည်။ သမီးအတွက် ပြင်ဆင်ထားသည့် အစားအသောက် များကို စုစု လုံးဝ မထိရ။ အရင်လို ပြင်ဆင်သယ်ယူပေးတာမျိုးပင် လုပ်ခွင့်မရှိတော့ပါ။ သယ်လာတုန်း ချောင်းဟန့်မိတာ၊ ရှူထုတ်လိုက်သည့် လေတွေ အစားအသောက်ပေါ်က ဖြတ်သန်းသွားမှာမျိုး လုံးဝ မဖြစ်ပါ။

အိမ်မှာ စုစုရှိနေခြင်းသည် အန္တရာယ်ရှိသော အရာတစ်ခုကို ရှောင်ရှားနေရသကဲ့သို့ သမီးလေးပုံပုံကို ဟိုရှေ့ ဒီရှေ့ လုပ်နေမိ၏။ ဟို ဒီ အတွေးများနှင့် စိတ်ရှုပ်ထွေးနေစဉ် ဖျတ်ခနဲ အလင်းတစ်ချက် နန်းမြအေးခေါင်းထဲတွင် လက်သွားချိန်မှာတော့ သူမ စိတ်အေးသွားရတော့သည်။

ရှု၌လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေတစ်ခု သူမ ဖန်တီးယူနိုင်ရမည်ပေါ့။

ပုံပုံလေးကို ကျောင်းသို့ လိုက်တော့မည်။ သမီးလေး အသက်က သုံးနှစ်ကျော်ခဲ့ပြီ ဆိုတော့ လမ်းထိပ်က ပုဂ္ဂလိကကျောင်းတစ်ခုမှာ ထားလိုက်လျှင် ရနေပြီလေ။ ဒီလိုဆိုလျှင် ကလေးနှစ်ယောက် တွေ့ချိန် အလွန်ပင် နည်းသွားလိမ့်မည်မဟုတ်လား။

သူမ၏ အစီအမံများကို မိဘနှစ်ပါးက မကန့်ကွက်သော်လည်း ဘဝင်ကျပုံတော့ သိပ်မပေါ်ပါ။ ဝင်မကန့်ကွက်သည်ကတော့ သူတို့လည်း သမီးနှင့်စုစု သံယောဇဉ်ကို မျက်ဝါးထင်ထင် မြင်ထားရသည်ကိုး။

သို့ပေမဲ့ ရောဂါရှိသူတစ်ယောက်ကို သမီးလေးနားမှ ဖယ်ထုတ်ရမည်မှာ မိခင်တစ်ယောက်၏ တာဝန်ဟု သေချာပေါက် တွက်ထားပြီးသော ခင်ပွန်းသည်ကတော့ အံ့သြနေ၏။ သူကတော့ အဝေးရောက်နေသူမို့ ကလေးမနှင့် သမီးတို့ကြားက သံယောဇဉ်ကြိုးကို ကြားသာကြားဖူးသူလေ။ လက်တွေ့သိထားသော အဘိုး၊ အဘွားတွေ ထက်တော့ ပို၍ လွယ်ခေတ်ပေလိမ့်မည်။

'သမီးလေးက သိပ်ငယ်လွန်းသေးတယ် နန်းရယ်။ ရောဂါကူးသွားခဲ့ရင် ဆေးသောက်ရတာကအစ ဒုက္ခပိသွားနိုင်တယ်နော်'

'လောလောဆယ် သမီးကိုစစ်ကြည့်တာတော့ ဘာ သံသယမှမရှိဘူး မောင်။ မကူးစက်အောင်တော့ သတိထားရမှာပေါ့ကွယ်'

ပြောသာပြောရသော်

www.burmeseclassic.com

ဖြား သူမလည်း ပူပန်မိသည်ပါပဲ။

သမီးက နုနယ်လှသည့် အရွယ်လေး။ ဝဝတုတ်တုတ်၊ ထွားထွားကျိုင်းကျိုင်းဆိုလျှင်လည်း တော်ဦးမည်။ ခုတော့ သမီးလေးက လူပုံကလည်း နွဲ့နွဲ့သေးသေးလေးဆိုတော့ ကူးစက်သွားလျှင်တောင် ချုံးချုံးကျသွားနိုင်သည့် အနေအထားမျိုး။

သို့ပေမဲ့ စုစုကြည့်လိုက်တော့လည်း သနားစရာ၊ မျက်လုံးကလယ်ကလယ်လေးနှင့်။

နေမကောင်းသည့် ရက်များမှာတောင် သူ့ကို အသုံးမဝင်တော့ဘူးဆိုကာ ပြန်ပို့မည်စိုး၍ တားနေသည့်ကြားမှ အလုပ်တွေ ထလုပ်ပေးနေသေး၏။

တီဘီကိုလည်း သူနားမလည်။ အဆုတ်ရောဂါကိုလည်း သူမသိ။ ခံစားရသည့် ဝေဒနာကိုလည်း သူ မဖြို။ သူသိသည်က သူ့ဒေါ်ကြီးအိမ်ကို မပြန်လိုခြင်းသာ။ သူနားလည်ထားသည်က အိမ်ရှင်ကျေနပ်အောင် အလုပ်လုပ်မပေးနိုင်လျှင်၊ ခိုးဝှက်လိမ်ညာလျှင် ပြန်ပို့မည်ဆိုသည်ကိုသာ။ သူ အလေးထားသည်က သက်လုံးပုံလေးနှင့် ဝေးရမည်ကို စိုးရွံ့သည်သာ။ ❑

နန်းမြအေး တိတ်တခိုး ပူပန်နေမိသော အချိန်တစ်ခုကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်ကတော့ စောလွန်းနေသည်လား မပြောတတ်။

တစ်ဦးတည်းသော သမီးလေးမို့ အသက်ပုံ၍ ချစ်ရပါသော သမီးလေး။ တစ်ဦးတည်းသော မြေးလေးမို့ အဘွားကိုယ်တိုင် ချစ်စနိုးနာမည်ပေးထားသော သက်လုံးပုံလေး။ အဖျားကြီးပြီး ဆေးရုံတက်ရသည်အထိ ဖြစ်လာတော့ တစ်အိမ်သားလုံးလည်း ဖြောင်းဆန်ကာ သမီးအဖေပါ နယ်မှ အမြန်လိုက်လာရတော့၏။

တစ်ရှူသုံး၊ တစ်ရှူလေး အဖျားက ခပ်တင်းတင်းနှင့် နှစ်ရက်သုံးရက်ကြာသည်ထိ မကျခဲ့ပါ။ ပထမ တစ်ရက်နှစ်ရက်က အိမ်မှာသာ မိသားစု ဆရာဝန်ပြကာ ဆေးတိုက်ရုံဖြင့် အရင်လို ပျောက်မည်လားဟု ထင်မိ၏။ သမီးကလည်း ကလေးပီပီ အဖျားဒဏ်ကိုမမှု။ ဆော့ကစားနေတုန်း၊ သွက်လက်နေတုန်း။

နှစ်ရက်နေလို့မှ အဖျားမကျဘဲ မျက်ဖြူလန်ကာ တက်သွားသည့်အခါမှာတော့ တစ်အိမ်သားလုံး ရင်ဘတ်ဖိကာ ဆေးရုံပြေးရတော့သည်။

ပထမတော့ ငှက်ဖျားလား၊ သွေးလွန်တုပ်ကွေးလား သံသယမျိုးစုံဖြင့် သွေးတွေဖောက်စစ်ကြ၏။ သမီးကို စောင့်ကြည့်ရ၏။

သွေးတစ်ခါလာဖောက်တိုင်း သမီးကအော်၊ အဘွားကငို၊ အကြောကလွဲနှင့်။ သမီးလေးလက်မှ အပ်နှင့်ပိုက်တန်းလန်းကိုလည်း မကြည့်ရက်နိုင်။ သွေးအဖြေ တစ်ခါထွက်လာတိုင်း ဘာရောဂါများ ဖြစ်လေမလဲလို့ တထိတ်ထိတ်နှင့် ဆရာဝန်များ ဆရာမများကို တကျည်ကျည်လည်း မေးမိ၏။

နောက်ဆုံး ဘာမှ ထွေထွေထူးထူး လက္ခဏာမပြဘဲ တဖြည်းဖြည်း အဖျားပြန်ကျသွားတော့မှသာ အားလုံးရင်ထဲမှ အပူလုံးကြီးကလည်း ကျသွားရတော့သည်။

ဆေးရုံမှလေးငါးရက်သည် တစ်ကမ္ဘာမက ကြာသည်ဟု ထင်မိကြ၏။ စိုးရိမ်စိတ်များ၊ ပူပန်သောကများ၊ သနားစိတ်များနှင့် အပြင်းထန် အလောင်မြိုက်ဆုံး အချိန်များပင်။ အရွယ်နှင့်မလိုက် ပင်ပန်းရရှာသော သမီးလေးအတွက် တစ်မိသားစုလုံး စကားပင် ဟဟမပြောနိုင်ကြ။ ဆေးရုံမှ လေးငါးရက်ကြာပြီး အိမ်ပြန်ခါနီးအချိန်မှာတော့ နဂိုကမှ သေးသေးသွယ်သွယ်နုဖပ်ရသည့် သမီးလေးက ပိုးဟပ်ဖြူလေးလို ဖျော့တော့တော့သာ ကျန်တော့သည်။

ဆရာဝန်ကလည်း ကိုယ်ခံအားနည်းနေသေးသည့် အချိန်မို့ ဘေးမှရောဂါတွေ ဝင်မလာစေရန် အထူးကြပ်မတ် ဂရုစိုက်ရမည့်အကြောင်း အသေအချာမှာကြားပါသည်။ ကျောင်းကိုလည်း မပို့ရန်၊ ရောဂါရှိသူများနှင့်လည်း မနီးစပ်စေရန်၊ လူထူထပ်သော နေရာများသို့ ခေါ်မသွားစေရန်၊ အအေးမမိစေရန်၊ အပူမလျှပ်စေရန်။

သမီးအတွက် ပူပန်ရသည်နှင့် သမီးနားမှ တစ်ဖဝါးမခွာဘဲ အိမ်တောင်မပြန်ဖြစ်သည်နှင့် အရာရာကို မေ့လျော့နေမိသော နန်းမြအေးသည် အိမ်ပြန်ရောက်ခါမှ ကလယ်ကလယ် မျက်ဝန်းကြောင်တောင်လေးကို ဖျတ်ခနဲ သတိရသွားတော့၏။

'မောင် စုစုရော မတွေ့ပါလား'

'ကြီးကြီးဆီ ပြန်ပို့...
လိုက်တယ် နန်းရေ။ သ...
လေး ဆေးရုံကဆင်း...
သူနဲ့အတူနေလို့မှ မဖြစ်...
တာ။

ဆရာဝန်က ပြော...
လေ။ ကိုယ်ခံအားနည်း...
မှာ အပြင်က ရောဂါတွေ ...
လွယ်တယ်တဲ့'

ရုတ်တရက် ဟာ...
သောရင်ကို အရေးတယူ...
အားဘဲ သမီးလေးများ ...
သွားပြီး ဂျီကျလာမည်...
အကဲခတ်ရသေး၏။ သ...
က သူ့အဖေစကားကို မ...
လိုက်သည်လား။ သူ့ဘာ...
သူပင် အနိုင်နိုင်မို့ ပတ်...
ကျင်ကို အကဲမခတ်နိုင်...
အောင် အင်အားချည့်နဲ့နေ...
လား။ ပိန်ကပ်ကပ် ...
ကိုယ်လေးက ပွေ့ချီထား...
သူမရင်ခွင်တွင်းမှာ အသ...
ရှုသံပြင်းပြင်းနှင့် မေး...
ကာ ဖိုလှိုက်နေလေသည်...

သူမကလည်း ဒီအ...
ကိစ္စကို နောက်အေးအေး...
ဆေးမှ စဉ်းစားနိုင်ပါမည်...

လောလောဆယ် သူ...
အတွေးထဲမှာ သမီးလေး...
ကြီးစိုးနေ၏။ ပိန်ကပ်နေ...
ဖြူဖျော့ဖျော့ သမီးငယ်...
အား ပြန်လည်ထူမတ်...
အောင် ပြုစုပျိုးထောင်...
အတွက် သူမ အားစိုက်...
မည် မဟုတ်လား။


အတွေ့က ဖြတ်လို...
သည့် တစ်နေ့မှာတော့ အ...
ခါဆက်ခဲ့ရသည့် ကြိုး...
ချောင်း အဆုံးသတ် ပြ...
တောက်သွားတော့မည်လ...
မသိပါ။

ဝေ၊စီးပွားရေးတက္ကသိုလ်...



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



'သိမှမသိတာ၊
မသိတာကို
ဘယ်လိုလုပ်မလဲ'
မိုက်ကယ်စစ်ရှုံး

❑

၁။

'ဖြောင်း…ဖြောင်း
… ဖြောင်း…ဖြောင်း…'
ခန်းလုံးပြည့် ဆူညံစွာ
ထွက်ပေါ်လာသော
လက်ခုပ်သံများက
မိုက်ကယ်စစ်ရှုံး၏
နယ်ကျုံ့နေသော
စိတ်အာရုံများကို
ပစ္စုပ္ပန်နှင့် ပြန်လည်
ထိစပ်စေခဲ့သည်။
ဘယ်လောက်ကြာအောင်
အတွေးနယ်
လွန်နေမိသည်မသိ။

ဂုဏ်ပြုစကား
ပြောကြားပေးသော
မြို့နယ်အဆင့်
အရာရှိတစ်ဦး
စင်မြင့်ထက်မှ
ဆင်းသွားသည်ကိုသာ
တွေ့လိုက်ရသည်။
ဘာတွေပြောလို့
ပြောသွားမှန်း
သူ မသိလိုက်။
လူအားလုံး၏
အကြည့်များက
မိုက်ကယ်စစ်ရှုံးဆီမှာသာ
အုံဖွဲ့နေလေ၏။
တကယ်ဆို ဒီပွဲက
သူ့ကို ဂုဏ်ပြုသည့်ပွဲ။
တစ်နည်းဆိုရသော်
သူ၏
ရိုးသားဖြောင့်မတ်သော
ကိုယ်ကျင့်တရားအတွက်





www.burmeseclassic.com

www.burmeseclassic.com

ချီးကျူးဂုဏ်ပြုသော အခမ်းအနားတစ်ရပ် ဖြစ်သည်။ တစ်ရပ်ကွက်လုံးက မိုက်ကယ်စစ်ရှိုး၏ စခန်းသိမ်းအောင်ပွဲဟုလည်း ပြောနေကြပြီ။ ဘာပဲဖြစ်ဖြစ် အခုလို အချိန်မျိုးမှာ သူပျော်ရွှင်ကြည်နူးနေသင့်သည်။ ဂုဏ်ယူ ဝင့်ကြွားနေသင့်သည်။ ရင်ခုန်သံတွေ မြန်နေသင့်သည်။ သို့သော် သူ့စိတ်တွေ ထိန်းချုပ်လို့ မရနိုင်လောက်အောင်ပင် ယောက်ယက်ခတ်နေ၏။ အာရုံတွေက အတိတ်ချည်တိုင်ဆီမှာသာ တဝဲလည်လည် ဖြစ်နေသည်။

'အခုလို ကာလပေါက်ဈေး ငွေကျပ်သိန်း ၅၀ ကျော်တန်ဖိုးရှိတဲ့ အမေရိကန်ဒေါ်လာများနဲ့ ပလက်တီနမ်စိန်ဆွဲကြိုးကိုကောက်ရခဲ့ပေမဲ့ ကျွန်တော်တို့တာဝန်ရှိသူများမှတစ်ဆင့် ပစ္စည်းပိုင်ရှင်ဆီကို ပြန်လည်အပ်နှံပေးခဲ့တဲ့ ကိုစစ်နိုင်ကို ကျွန်တော်တို့(.....) ရပ်ကွက်ကိုယ်စား အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ် ခင်ဗျား'

ရပ်ကွက်လူကြီး၏ စကားအဆုံးမှာ နောက်တစ်ကြိမ် လက်ခုပ်တီးသံများက တလိမ်းလိမ်း ထလာပြန်သည်။ ဒီလိုဆိုပြန်တော့လည်း မိုက်ကယ်စစ်ရှိုးတစ်ယောက် ခန္ဓာကိုယ်တစ်ခုလုံး ထူပိန်းပိန်း၊ ပွရောင်းရောင်းကြီး ဖြစ်လာသယောင်နှင့် မျက်နှာ ဘယ်ထားလို့ထားရမှန်း မသိအောင် ခံစားနေရ၏။

သူ့အသက် ၄၀ ကျော်

> အိမ်အပြန်မှာ
> တစ်ယောက်တည်း
> ခြေဦးတည့်ရာ
> လျှောက်လာ
> ခဲ့မိသည်
> ခြေလှမ်းတို့၏
> သယ်ဆောင်ရာ
> နောက်သို့သာ
> ဝိညာဉ်မဲ့စွာ
> မျောပါလာခဲ့၏
> သူ့ရှေ့
> မလှမ်းမကမ်းတွင်
> အုပ်ဆိုင်း
> မှုန်မှိုင်းနေသော
> ညောင်ညို
> ပင်ကြီးက
> ဆီးကြို
> နေလေသည်

ခဲ့ပြီဆိုသော်လည်း ဘဝတစ်သက်တာတွင် ချီးကျူးခံရသောစကားမျိုး တစ်ကြိမ်တစ်ခါမျှ မကြားခဲ့ဖူးပါ။ ယုတ်စွအဆုံး မိသားစုထဲမှာပင် သူ့ကို အသိအမှတ်ပြုသော စကားသံက ဆိတ်သုဉ်းနေခဲ့၏။ ထို့ကြောင့်လည်း အမည်ရင်း 'စစ်နိုင်'နာမည်ပျောက်ကာ တစ်ရပ်ကွက်လုံးက 'မိုက်ကယ်စစ်ရှိုး'ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။ မိုက်ကယ်ဂျက်ဆင်ကို ရူးသွပ်ခဲ့ခြင်းနှင့် သူ့ဘဝပုံရိပ်ကောက်ကြောင်းများကို ထပ်တူပြုနိုင်သော နာမည်ပြောင်တစ်ခုအတွက်ကိုဖြင့် သူ ဘာမှစောဒကတက်စရာ မရှိခဲ့ပါ။

ထိုစဉ် ရေခဲတမျှ အေးစက်နေသော လက်နှစ်ဖက်က သူ့လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

'သားကြီး'ဟုခေါ်လိုက်သော အမေ့အသံ။ သူ ဖျတ်ခနဲ လှည့်ကြည့်မိလိုက်တော့ အမေလေ အပြုံးတွေနဲ့ ဝေလို့။ ဒီသားအတွက် အများအလယ်တွင် အကြိမ်ကြိမ် သိမ်ငယ်ခဲ့ရသောအမေ၊ အခါခါ ခေါင်းငုံ့ခဲ့ရသော အမေ၊ အလီလီနောက်ဆုတ်ခဲ့ရသော အမေသည်သားလက်ထဲက အမြင့်ဆုံးအောင်လံဆုအတွက် အမွေးဆုံးပန်းများ ပွင့်ခဲ့လေပြီ။ အမေ့ဆီမှာ သူတစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသေးသော စိတ်ဝိညာဉ်တစ်ခု တဖျပ်ဖျပ် လူးလွန့်မြူးပျော်နေသည်ကို ကြည်နူးစွာ ငေးကြည့်နေမိသည်။ အမေက တုန်ယင် လှိုက်မောစွာဖြင့် -

'သားကြီး၊ လက်ခုပ်သံတွေ ကြားတယ်မလား။ အမေတို့ကြားနေကျ ကဲ့ရဲ့သံတွေလို မဟုတ်ဘူးသားရဲ့။ အမေတို့မိသားစုကို ထိုးခဲ့တဲ့ လက်ညှိုးတွေ ကြည့်လိုက်စမ်းပါသားရယ်။ အမေ့သားကြီးကို လက်ခုပ်တီးပြီး ဂုဏ်ပြုကုန်ကြပြီ။ ဒီနေ့ကစလို့ အမေတို့မိသားစု လူရာဝင်သွားပြီ သိလား'

လူရာဝင်သွားပြီတဲ့လား အမေရယ်။ သူ မသိသော ကိစ္စရပ်များအတွက် အမေ့ကို နားပူနားဆာ လုပ်ရလိမ့်ဦးမည်။ သာမန်ပုစ္ဆာများကိုပင် အဖြေရှာမရအောင် ကံကြမ္မာက သူ့ကို အကန့်အသတ်ဖြင့် ထားခဲ့ခြင်းဖြစ်သည်။ ထိုစဉ် သူ့ပခုံးကို သိုင်းဖက်လိုက် သော လက်တစ်ဖက်နှင့်အတူ ညီငယ်၏စကားသံက နားထဲ ကို တိုးဝင်လာသည်။

'ကိုကြီး ငါ မနေ့က ပြောခဲ့တာတွေ အားလုံး အတွက် တောင်းပန်ပါတယ် ပျော်ရွှင်မှုအစစ်ဆိုတာ အပြစ် ကင်းရမယ်ဆိုတဲ့ စကားကို ငါ အခုမှ သိလိုက်ရတာ ဂုဏ်ကျက်သရေပေါ့ ကွာ မင်း အကောင်းဆုံး လုပ်နိုင်ခဲ့ ပါတယ်။ ဘာပဲပြောပြော မင်းမှန်တယ်'

ပြောပြောဆိုဆို ညီငယ် က လက်ဆွဲနှုတ်ဆက် လိုက်လှိုက်လှဲလှဲ ဂုဏ်ပြုသွား သည်။ ထိုစဉ် ညီမငယ် လည်း သူ့ကျောကို သိုင်းဖက် လိုက်ပြန်၏။

'ဒီတစ်ခါ ညီမလေး တောင်းပန်ရမယ့်အလှည့် တောင်းပန်ပါတယ် ကိုကြီး ညီမလေးတို့ကို မရှိခိုး အထင်သေးခံနေရတာ အားလုံး ကွင်းလုံးကျွတ် ခဲ့ပြီ။ အခုချိန်ကစပြီး ကွက်ထဲမှာ ဟောဒီလိုလ ထောင်၊ ခေါင်းကို ဒီလို ပြီး ရှာရိုးကိုးပေါက် လျှော ပြလိုက်ဦးမှာ'

ညီမငယ်၏ လ ကားရား၊ ခြေကားရား ပြော စပ်စပ် အမူအရာကို လိုက်တော့ သူ လိုက်ခနဲ လိုက်မိသည်။ အမေ၊ လေး၊ ညီမလေးတို့၏ ဆန်းသင်းပျံ့သော ပျော်ရွှ များက အီတောက်တော ဖြစ်နေသော သူ၏စိတ် များကို အနည်းငယ်ပြ



www.burmeseclassic.com

www.burmeseclassic.com

ည့်ဖြိုးလာသလို ရှိပါ၏။ ဒါသော်လည်း ပျော်ရွှင်ည်နူးစရာများဖြင့် အလှုံ ယ်စိုစွတ်နေသော ပစ္စုပ္ပန်င်း၊ ပစ္စုပ္ပန်တိုင်းတွင် သူ့ တ်အာရုံကို ကြာရှည်စွာ မ်းဆည်းမထားနိုင်ပါဘဲ တိတ်ဆီသို့သာ တလူလူ င့် ပျံ့နေတော့သည်။ တိတ်မှာ တစ်စုံတစ်ခု မေ့ န်နေခဲ့သလို ထင်မှတ်နေမိ ၏။

မနေ့က ဖြစ်သည်။ ါင်းရင်းခန်းမှ အပျိုကြီး ရောင်းပြီးအပြန် အခမဲ့ ယ်ဆောင်လာသော သတင်း စ်ပုဒ်။ အချစ်မရှိဟု ရပ်သိ သိ ကြွေးကြော်ထားသော အပျိုကြီးတွင် သတင်းတစ် ဒ်တော့ဖြင့် အမြဲတမ်းရှိနေ တ်သည်။ ရန့်ပေါင်းစုံ သော သတင်းထူးတို့၏ မြစ် းခံရာ အပျိုကြီး ဈေး ရောင်း အပြန်ကို သူတို့တစ် ပ်ကွက်လုံး အားပြုနေကြရ ၏ မနေ့က ဈေးမှ အိမ်အပြန် တောင်း ခေါင်းပေါ်မှချပြီး ချင်း သူတို့ အခန်းဘက်သို့ အပျိုကြီး ကူးလာသည်။

'ငါ့မောင်လေး စစ်နိုင် ရှိလားဟေ့'

မခေါ်စဖူး 'စစ်နိုင်'ဟု ခေါ်လိုက်ပုံက သူ့မိသားစုကို အားနာလို့ထင့်။

'ငါ့မောင်ကို သတင်း ကောင်းတစ်ခု ပြောရဦးမယ်။ ပ်ကွက်လူကြီးဆီက ကြား ာနော်။ ဒီထက်ခိုင်မာတာ တော့ မရှိတော့ဘူး။ မင်း ကောက်ရတဲ့ ပိုက်ဆံအိတ်ပိုင် ှင် ဒေါ်ကလျာဒေးဗစ်ဆိုတာ ီးသွားလုပ်ငန်း ကုမ္ပဏီပိုင် ှင်တဲ့။ အဲဒီနေ့က လေယာဉ် လက်မှတ်ရောင်းတဲ့ ကုမ္ပဏီကို လက်မှတ်ဖိုးတွေ လာပေးတာတဲ့။ ဒါကြောင့် ဒေါ်လာတွေဖြစ်နေတာပေါ့။ ကားကို ကိုယ်တိုင်မောင်းလာပြီး ကားပေါ်ကအဆင်းမှာ ပိုက်ဆံအိတ် အလုခံရတာ။ ဝိုင်းလိုက်ကြတော့ သူခိုးက လွတ်လမ်းမမြင်တော့လို့ အိတ်ကို ပစ်ပြေးတာဆိုပဲ။ ဒါကြောင့် သူခိုးကိုမိတော့ ပိုက်ဆံအိတ် မတွေ့တာ။ မိန်းမက တိုးရစ်တွေနဲ့လုပ်တာဆိုတော့ အရမ်းလျှံတယ်တဲ့။ မင်းကောက်ရတဲ့ ပိုက်ဆံအိတ်နဲ့ ဘောပင်တင် သိန်း ၃၀ ကျော်တန်တယ်ဆိုပဲ။ တံဆိပ် နာမည်တော့ ငါလည်း မခေါ်တတ်ဘူး။ မနက်ဖြန် ဂုဏ်ပြုပွဲမှာ ငါ့မောင်တော့ စိုစိုပိုပို လေးရတော့မယ်ဟေ့'

'သဒ္ဒါကြေးဆိုတာ ဘယ်လောက်ရမှာမို့ မက်နေရမှာလဲ။ ပိုက်ဆံအိတ်တွေ၊ ဘောပင်တွေကထားပါ။ သိန်း ၅၀ ကျော်ဖိုးရှိတဲ့ ဒေါ်လာတွေနဲ့ ပလက်တီနမ် ဆွဲကြိုးကို ဘာတွေမှန်းမသိလို့ ဆိုတဲ့ နံ့ချက်ကတော့ အံ့ရောပဲ။ လောကမှာ မင်းသိတာ ဘာရှိသေးလဲ။ ကိုယ်မသိရင် အိမ်ယူလာခဲ့ပါလား။ ဒီမှာ ကိုကြီး အခွင့်အရေးက မင်းအိမ်ကို တံခါးလာခေါက်သွားပြီ။ နောက်ဖေးပေါက်မို့လို့ ဖွင့်မပေးမိတာပဲဖြစ်ဖြစ်၊ အခွင့်အရေးမှန်းမသိလို့ ဖွင့်မပေးမိတာပဲဖြစ်ဖြစ် နောက်တစ်ကြိမ် မင်းဆီကို ပြန်လာမှာ မဟုတ်တော့ဘူး။ လူမစွမ်းတော့ နတ်စွမ်းမလည်း ဒုံရင်းပါပဲကွာ။ နောက်ဆုံးတော့ ခြေသုတ်ခုံပဲဖြစ်ရမှာ'

ညီငယ် ဝင်ပြောလိုက်သော စကားများက သူ့တစ်သက် မေ့ရက်စရာမရှိ။

'သိမှမသိတာ မသိတာကို ဘယ်လိုလုပ်မလဲ'

'မင်း မသိတာမှန်တယ်။ မင်းက မူလတန်းတောင် မအောင်လို့ ဒေါ်လာကို မသိတာ၊ ပလက်တီနမ်ကို မသိတာထားတော့။ အဲဒီ မသိတာကို သိတဲ့သူတွေရှိတဲ့ အိမ်ကိုယူခဲ့ဖို့ ပြောနေတာ'

မသိတာကို အိမ်ယူခဲ့ရမယ်ဆိုပါလား။ သူမှတ်ထားလိုက်သည်။ ညီငယ်၏စကားအဆုံးမှာ ညီမလုပ်သူက ဝင်ပြောပြန်သည်။

'အဖေက လေဖြတ်ထားလို့ အိပ်ရာထဲမှာလဲနေတယ်။ ကိုလေးက တက္ကစီမောင်းချင်တာတောင် စပေါ်မတင်နိုင်လို့ မမောင်းရဘူး။ အမေက အိမ်တကာလှည့် အဝတ်လျှော်ရတယ်။ ညီမလုပ်သူက ကျောင်းမှာဈေးရောင်း၊ ပြီးတော့ သူများအိမ်က မီတာခ၊ ဖုန်းခလေးတွေ ပြေးဆောင်ရတာတစ်ဖက်၊ အိမ်အလုပ်လုပ်ရတာ တစ်ဖက်နဲ့ မသေရုံတစ်မည် စားနေရတဲ့အချိန်မှာ သိန်း ၅၀ ကျော် ငွေထုပ်ကြီး ကောက်ရတာကို အိမ်ယူမလာဘဲ ရပ်ကွက်ရုံး ယူသွားသတဲ့။ ပြောဦးလေ သိမှမသိတာ၊ မသိတာကို ဘာလုပ်ရမလဲဆိုတဲ့ လက်သုံးစကားကြီး။ ဒီလောက်တောင် မသိမှတော့ မနက်ဖြန်ရမယ့် ဂုဏ်ပြုမှတ်တမ်းလွှာကြီးကို ဗိုက်ဆာရင် ကိုက်စားနေပေတော့။ နုံနုံလွန်းတယ်။ ဒါကြောင့်မို့လည်း စစ်နိုင်ကနေ မိုက်ကယ် စစ်ရှုံးဖြစ်သွားရတာ'

သူ တစ်ခုခု ပြန်ပြောရန် ပါးစပ်ပြင်လိုက်သေး၏။ သို့သော် စကားလုံးတို့ ပျောက်ဆုံးနေသည်။ ထိုစဉ် အဖေ့ကို ဆေးလိမ်းပေးပြီး ထလာသော အမေက…

'ညည်းတို့ကလည်း ဟယ် အဲဒီလောက်တောင်တော့ မပြောကြပါနဲ့။ ငါ့သားကြီးက ငယ်ငယ်ကတည်းက သူများကို မဟုတ်တာလည်း မလုပ်တတ်ဘူး။ စိတ်ရင်းဖြောင့်တဲ့သူပါအေ။ ပြီးခဲ့တာတွေလည်း ပြီးကုန်ပါပြီ။ ချီး(ချေး)ခြောက်ရေနူး လုပ်မနေကြပါနဲ့။ သူခမျာ အတန်းပညာလည်း ပြည့်ရှာတာ မဟုတ်ဘူး'

အမေ၏ ကြားဖြတ်ဟန့်တားသံကြောင့် ထိုမျှနှင့်ပြီးသွားခဲ့ခြင်းဖြစ်သည်။ အဖေ၊ အမေ၊ ညီငယ်၊ ညီမငယ်တို့သည် သူ့ဘဝ၏ အရေးကြီးဆုံးသော ကိုယ်ထည်အစိတ်အပိုင်းများဖြစ်သည်။ အထက်သို့ ဆန့်သော် အဖေနှင့် အမေ၊ အောက်သို့စုန်သော် ညီနှင့် ညီမ၊ သူသာ အလယ်မှာလပ်နေသူ။ ကမ္ဘာကြီးက သူ့ကို အမှောင်ထဲမှာ ပစ်ချထားခဲ့သည်။ မှုန်ကုပ်ကုပ် ခနိမိုး အောက်မှ ညစ်စုတ်စုတ် ချည့်ခန်းကျဉ်းလေးထဲတွင် ညီငယ်၏ အဝေးသင် ဘွဲ့လက်မှတ်တစ်ခုနှင့် ဘွဲ့ရဓာတ်ပုံတစ်ပုံသည်သာ မိသားစု၏ အဆင်တန်ဆာအဖြစ် တည်ရှိနေခဲ့သည်။ အဖေ၊ အမေနှင့် သူ၏သုံးယောက်ပေါင်း ပညာရည်က ၈ တန်းနှင့် ကျောင်းထွက်ခဲ့ရသော ညီမလေးကို မကျော်လွန်နိုင်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

'အခမ်းအနား အစီအစဉ် ၅ အရ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း အစီအစဉ် ဖြစ်ပါတယ်'

အခမ်းအနားမှူး ကြေညာသံနှင့်အတူ သူ့နံဘေးတွင် ထိုင်နေသော အမေ၏ ခွန်အားပြည့်ဝသော လက်အစုံနှင့်အတူ ထွက်ပေါ်လာသည့် တွန်းအားတစ်ခုကြောင့် အလိုလို မတ်တတ်ရပ်ပြီးသား ဖြစ်သွားသည်။ တစ်ဆက်တည်းမှာပဲ သူ့ရင်တွေ တရစပ် ခုန်လာပါတော့၏။ ချက်ချင်းဆိုသလိုပင် အာခံတွင်းထဲတွင်လည်း ကန္တာရကြီးတစ်ခု ငုံထားရသလို ခြောက်သွေ့လွန်းလှပါတော့၏။ ခြေဖျား၊ လက်ဖျားများသည်သာ ရေခဲတုံးနှင့်မခြား။ သူ့ပုဆိုးကို မသိမသာ ပြင်ဝတ်လိုက်စဉ်-

'ကိုကြီး၊ ခေါင်းကိုမော့ထားနော်'

'ရင်ကော့ထားပါကွ၊ အားထည့်ထားစမ်းပါ'

ညီမလေးနှင့် ညီလေးတို့ဆီမှ တက်ညီလက်ညီ အားပေးသံများ အစီအရီ ထွက်ပေါ်လာသည်။ ခရိုင်အဆင့် တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ချီးမြှင့်ပေးသည်။ ကင်မရာမီးရောင်များက တဖျပ်ဖျပ်၊ ရင်ခုန်သံတွေက တလှပ်လှပ်။ ထိုစဉ်ခဏမှာ တိမ်ညွှန့်ခူးစားနေသော နတ်မြင်းပျံအလား သူ့ကိုယ်သူ ထင်မှတ်မှားမိပါသည်။

နှလုံးအိမ်ကို ဗဟိုပြုတိုက်ခတ်လာသော ပျော်ရွှင်ခြင်းလေပွေတစ်ခု ထိုးဖောက်မွှေနှောက်သွားစဉ်မှာ အတိတ်

မျက်လုံးအစုံကို
မှိတ်လိုက်စဉ်
ချောက်ချားစရာ
ပုံရိပ်များက
တသွင်သွင်
စီးဝင်လာတော့၏
ဖျတ်ခနဲ
ဖျတ်ခနဲ
တိုးဝင်လာသော
ပုံရိပ်များက
ပီပြင်လွန်းလှသည်
ပုံရိပ်တို့၏
အသက်
ဝင်မှုကြောင့်
သူ၏စိတ်အာရုံ
အပေါ်ယံလွှာက
တဖြည်းဖြည်း
အေးစက်
မာကျော
လာပါတော့သည်

ခြေရာများအားလုံးလည်း ကန့်လန့်ကာ နောက်ကွယ်သို့ ပုန်းလျှိုး ကွယ်ပျောက်ခဲ့ပါပြီ။ မိသားစု ဘဝအတွက် လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သော်လည်း လိုအပ်ချက်တစ်ရပ်ကို မဖြည့်ဆည်းနိုင်ခဲ့ခြင်း၌ ကြွင်းကျန်ရစ်သော သံသယများစွာကို မချေဖျက်နိုင်ခဲ့သော ပျော်ရွှင်ခြင်းလေပွေအပေါ်၌သာ စိတ်မအီမသာ ဖြစ်ခဲ့ရပါ၏။

အိမ်အပြန်လမ်းမှာ တစ်ယောက်တည်း ခြေဦးတည့်ရာ လျှောက်လာခဲ့မိသည်။ ခြေလှမ်းတို့၏ သယ်ဆောင်ရာ နောက်သို့သာ ဝိညာဉ်မဲ့စွာ မျောပါလာခဲ့၏။ သူ့ရှေ့ မလှမ်းမကမ်းတွင် အုပ်ဆိုင်းမှုန်မှိုင်းနေသော ညောင်ညိုပင်ကြီးက ဆီးကြိုနေလေသည်။ ခြေလှမ်းများက ညောင်ညိုစခန်းဆီသို့။

❑

၂။

အိမ်အပြန်မှာ တစ်ယောက်တည်း ခြေဦးတည့်ရာ လျှောက်လာခဲ့မိသည်။ ခြေလှမ်းတို့၏သယ်ဆောင်ရာနောက်သို့သာ ဝိညာဉ်မဲ့စွာ မျောပါလာခဲ့၏။ သူ့ရှေ့ မလှမ်းမကမ်းတွင် အုပ်ဆိုင်းမှုန်မှိုင်းနေသော ညောင်ညိုပင်ကြီးက ဆီးကြိုနေလေသည်။

သစ်ပင်ရိပ်အောက် ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အပူခပ်သိမ်း စုပ်ယူခံလိုက်ရသလို အေးမြလန်းဆန်းသွားပါတော့သည်။ အေးချမ်းလှသည့် နေရာ၊ ငြိမ်သက်လှသည့် နေရာနှင့်အတူ ပန်းရစ္စာ တည်ရှိနေသော တစ်ဖက်ရပ် ရေချမ်းစင်လေးတစ်လုံး။ ခြေကျင်လျှောက်ခဲ့ရသော အပြန်ခရီးအတွက် မောပန်းလာသမျှနှင့် ညီမျှအောင် အေးမြသောရေကို တဝကြီးခပ်သောက်ပစ်လိုက်သည်။ ပြီးမှ အသက်ကို ဝအောင်ရှူလိုက်ပြီး သူရောက်ရှိနေသော ပတ်ဝန်းကျင်ကို အာရုံကစားကြည့်မိ၏။

ဝါးရုံတောဆီမှ တိုးဝင်လာသော လေနုအေးနှင့်အတူ တရှဲရှဲမြည်နေသော ဝါးတော၏ဂီတသံ၊ တစ်ချက်တစ်ချက် ထွက်ပေါ်လာသော ခပ်လှမ်းလှမ်းဆီမှ ဥသြတွန်သံနှင့်အပြိုင် သံပြိုင်ကျူးရင့်နေ

ကြသော ကျေးငှက်သာရ...
တို့၏ စိုးစီစိုးစီသီချင်းသံ...
အတူ လူသွားလူလာ ကင်း...
နေသော မြေနီလမ်းလေး...
သူရှိရာ တောင်ကမူစောင်း...
ဘေးမှ ဝေ့ဝဲ၍ လျှိုတစ်...
အတွင်းသို့ ငုံ့ဆင်းသွားသည်...
လူသူကင်းဝေး၍ ဆိတ်ငြိမ်...
သော ဒီနေရာလေးက လူ...
သူနဲ့ မရှုလိုသော သူ့အတွက်...
ကွန်းခိုရာ ထွက်ပေါက်တစ်...
ဖြစ်လိမ့်မည်။

ညောင်ညိုပင်ကြီး...
အပင်ခြေတွင် ဝိုင်းခတ်ထား...
သော အုတ်ခုံလေးဆီသို့...
အကြည့်ရောက်သွားသည်...
သူ့ဘဝပေး အခြေအနေ...
အလိုက်ဖက်ဆုံး ချောင်ကျ...
နေရာတစ်ခုကို တွေ့လိုက်...
ပြီ။ ရေအိုးစင်အိမ်လေးနှင့်...
ညောင်ပင်ကြီးအကြားမှ အုတ်...
ခုံလေးပေါ်တွင် အသာအယာ...
လှဲချလိုက်သည်။ တွဲလောင်း...
ကျနေသော ညောင်မုတ်ဆိတ်...
များက သူ့စိတ်ကိုပို၍ လုံခြုံ...
စေပြန်သည်။ ဂျင်းဘောင်းဘီ...
ကို ခြေသလုံးပေါ်ထိ မတင်...
လိုက်ပြီး ဦးထုပ်ကို ခေါင်း...
အောက်သို့ အသာလျှိုသွင်း...
လိုက်၍ အနားယူခြင်းကို ပြု...
တော့မည်ဟု ဆုံးဖြတ်လိုက်...
ပါသည်။

မျက်လုံးအစုံကို မှိတ်...
လိုက်စဉ် ချောက်ချားစရာ ပုံ...
ရိပ်များက တသွင်သွင် စီးဝင်...
လာတော့၏။ ဖျတ်ခနဲ ဖျတ်...
ခနဲ တိုးဝင်လာသော ပုံရိပ်များ...
က ပီပြင်လွန်းလှသည်။ ပုံ...
ရိပ်တို့၏ အသက်ဝင်မှုကြောင့်...
သူ၏ စိတ်အာရုံ အပေါ်ယံ...
လွှာက တဖြည်းဖြည်း အေး...
စက်မာကျော လာပါတော့...
သည်။



www.burmeseclassic.com

www.burmeseclassic.com

'မိုက်ကယ်စစ်ရှုံးဆိုတာ ...အေး ဟုတ်ပြီ။ ကန် ...ကြီး သိမ်ဖြူဂိတ်ပေါက် ... သိတယ်မလား။ အဲဒီကို ...ရောက်နေပြီဆို တည့်တည့် ...ခဲ့လိုက်ကွာ။ ဝင်ဝင်ချင်း ...ဘက်မှာ ကုန်းမြင့်ပေါ် ...ကျနေတဲ့ ဂဝံလှေကားထစ် ... တွေ့လိမ့်မယ်။ တက်လာ ...လိုက်။ ကုန်းထိပ်မှာ ငါ့ကား ...ထားတာ တွေ့ရမယ်။ ...ဒါ မင်းရေဆေးပေးရမယ့် ...ကားပဲ။ မှားစရာ လုံးဝမရှိ ...ဘူး။ ဒီကုန်းပေါ်မှာ ငါ့ကား ...လွဲပြီး ဘယ်ကောင့်ကား ... ရပ်ခွင့်မရှိဘူး။ မင်းဆေးဖို့၊ ...ကြဖို့ ပစ္စည်းပစ္စယတွေ ငါ ...အားလုံးလုပ်ထားပြီးပြီ။ မင်း ...သာ ပြောင်လက်ပြီး ပုရွက် ...ဆိတ်ချော်လဲသွားအောင်ထိ ...က်စွမ်းပြလိုက်ပေတော့။ ...အားခအပြင် မုန့်ဖိုးပါပေး ...ယ်သိလား။ မြန်မြန်လာ ...ဟေ့'

ကိုသန်းနိုင်ပေးလိုက် ...သော ခရီးစရိတ်ငါးရာထဲမှ ...နောက်ဆုံးလက်ကျန်ငွေ သုံး ...ရာကို ဂိတ်ဝင်ကြေးပေးလိုက် ...ပြီး ဂဝံလှေကားထစ်များ ...အတိုင်း တက်လာပြီးချိန်တွင် ...ကုန်းထိပ်ပေါ်သို့ရောက်သည် ... တစ်ပြိုင်နက် ရုတ်တရက် ...မြင်တွေ့လိုက်ရသည့် မြင် ...ကွင်းက ဘယ်လိုမှ မလှပ။ ...သူ့မျက်လုံးကိုပင် မယုံနိုင် ...လောက်အောင် ဖြစ်သွားမိ ...သည်။ ပတ်ဝန်းကျင်ကို မွှေ ...နှောက်စုံစမ်း ကြည့်ပါသော် ...ငည်းပဲ ထိုကားမှလွဲ၍ တခြား ...ကားမရှိ။ သူ ရေဆေးပေးရ ...မည်ဆိုသော သူဌေးကြီးကား ...သည်မှာ သူမျှော်လင့်ထား ...သလို အကောင်းစား ဇိမ်ခံ ကားကြီးတစ်စီး မဟုတ်ပါဘဲ သူ့ကိုရန်စွယ်ငေါငေါဖြင့် စိုက်ကြည့်နေသော စစ်ကျန် တင့်ကားကြီးတစ်စီး။

လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုသန်းနိုင်က သူ့ဌေးကြီးတစ်ယောက်၏ ကားကို ရေဆေးပေးရန် အတွက် ငွေငါးရာနှင့် ဖုန်းနံပါတ်တစ်ခုကိုပေး၍ စေလွှတ်လိုက်ခြင်းကို မဆင်မခြင် ယုံစားလိုက်မိခြင်းက ပြန်စရာ လမ်းစရိတ်ပင် မရှိတော့လောက်အောင် ဒုက္ခတွေ့ရလေပြီ။ ပိုက်ဆံထက်များနေသော အင်္ကျီအိတ်ကပ်ကိုသာ ပွတ်သပ်ကြည့်မိရင်းမှ အပြန်လမ်းကို ကိုယ့်ခြေထောက်ကိုယ်သုံး၍ ပြန်ရန်သာ ဆုံးဖြတ်လိုက်ပါသည်။

ခုဆို ကံကြမ္မာက ဦးပေးထားသော နောက်ဆုံးတစ်နေ့ရာ၊ အလုံးစုံသော လူသားတို့၏ အန္တရာယ်စက်ကွင်းမှ လွတ်မြောက်ရာနေရာကို ရောက်ရှိနေပြီဟုလည်း ယုံကြည်မိပါသည်။ လူကြားသူကြား နေထိုင်ရသည်မှာ သူ့အတွက် မြေမြှုပ်မိုင်းဗုံးများအလယ် ရောက်ရှိသကဲ့သို့ ဘယ်နေရာ ခြေချရမှန်းမသိလောက်အောင်ကို စိုးတရွံ့ရွံ့ ဖြစ်နေခဲ့ရ၏။ အဖေ့ရောဂါကို အနှိပ်ဆရာကောင်းကောင်းဖြင့် ကုသပေးချင်သောကြောင့် ရရာအလုပ်ကို လက်ခံလိုက်ခြင်း၌ ဖွတ်မရစားမဆုံး ပုံစံမျိုးဖြင့် အိမ်အပြန် မျက်နှာပန်းမလှမည့်အတူတူ ဒီနေရာမှာပင်လှဲအိပ်နေလိုက်ခြင်းက အကောင်းဆုံး ဖြစ်ပါလိမ့်မည်။

သူ ဘာကိုမျှ မစဉ်းစားချင်တော့၍ စိတ်ကို အောက်ဆုံးအမှတ်ထိရောက်အောင် လျှော့ချထားလိုက်သည်။ ပြင်ပလောက၏ ဆိတ်ငြိမ်အေးချမ်းမှုများ သူ့ခန္ဓာကိုယ်အတွင်းသို့ တိုးဝင်ပျံ့နှံ့လာတော့၏။ ရေအလျဉ်၌ မျောပါသွားသည်။ သူမေ့ခနဲ အိပ်ပျော်သွားသည်ဟု ထင်မိသည်။ ထိုစဉ်-

'ဖပ် ဖပ် ဖလပ် ဖလပ်'

သူ့ အကြားအာရုံထဲသို့ ဗလုံးဗထွေးနိုင်လွန်းသော ခြေသံများ တိုးဝင်လာသည်။

'သူခိုးဗျို့ သူခိုး သူခိုး'

ဆူညံဆူညံ အသံများကြောင့် သူ့ကမ္ဘာလေး တစ်စစီ ပွဲကြွေခဲ့ရပြီ။ အသံလာရာ မြေနီလမ်းလေးဆီသို့ လှည့်ကြည့်လိုက်၏။ ရိပ်ခနဲပြေးသွားသော လူတစ်ယောက် ပုံရိပ်နှင့်အတူ သူ့ရှေ့ မလှမ်းမကမ်းသို့ ဖုတ်ခနဲ ပြုတ်ကျလာသော အရာဝတ္ထုတစ်ခု။ ထို့နောက် သူခိုးလိုက်သော မုဆိုးတစ်သိုက်။ သူ၏ပျောက်ဆုံးသွားသော သူ့ခဘုံလေးအတွက် ဒေါသထွက်မိသည်။ စိတ်ထဲမှလည်း 'ချေးထုပ်တွေ'ဟု မြည်တွန်လိုက်၍ အသာအယာ ပြန်လှဲနေလိုက်သည်။ အရာရာသည် ပြန်လည်ငြိမ်သက်သွားပြန်၏။ ခဏအကြာတွင်-

'ခွေးမသား ပိုက်ဆံအိတ် ဘယ်မှာလဲကွ ဘုံးခွပ်'

'အား ကျွန်တော်မယူပါဘူးဗျာ'

'ဘာမယူရမှာလဲ၊ မင်းလုပြေးသွားတာ ငါကိုယ်တိုင်မြင်ခဲ့တာ။ ပြောစမ်း၊ ပိုက်ဆံအိတ်ဘယ်မှာလဲ။ ဖြောင်လိမ်တဲ့ကောင် ကဲကွာ ခွပ်'

'အား သေပါပြီ။ ကျွန်တော်မသိပါဘူးဗျာ'

ထိုးကြိတ် ကန်ကျောက်နေသော လူအုပ်ကြားမှာ သူခိုးတစ်ယောက် ယက်ကန်ယက်ကန်နှင့် ပါသွားသည်။ မိုက်ကယ်စစ်ရှုံး၏ ငြိမ်းချမ်းမှုများ ဤတွင် ပြီးဆုံးပြီဟု သူနားလည်လိုက်ပါသည်။ အိပ်မရတဲ့အတူ မထူးတော့ပြီမို့ ငုတ်တုတ်ထထိုင်လိုက်သည်။ ဦးတည်ရာမရှိ ကစဉ့်ကလျားရွေ့လျားနေသော မျက်စိနှစ်လုံး၏ အမြင်အာရုံဆီသို့ ထင်ဟပ်လာသော ပုံရိပ်များကိုသာ အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိသည်။ ညောင်ပင်ကြီးတွင် တွယ်ကပ်နေသော နတ်ကွန်းများ၊ ညောင်ရွက်များ၊ ညောင်မှတ်ဆိတ်အမြစ်များ၊ ဝါးပင်များ၊ မြေနီလမ်း၊ ရေအိုးစင်၊ မြက်ခင်းပြင်၊ သစ်ရွက်ခြောက်များ၊ ထို့နောက် အနက်ရောင် ပိုက်ဆံအိတ်တစ်လုံး။

သူ့အကြည့်ကို ထိုနေရာမှခွာ၍ မရတော့ချေ။ အတော်အသင့်အရွယ်ရှိသော သားရေအိတ်တစ်လုံး။ အသွေးအရည်က မြင်ရုံနဲ့ပင် အကောင်းစားမှန်း သိသာနေသည်။ အနည်ကျနေသော သူ့နှလုံးသွေးများ လှိုင်းထန်လှုပ်ရှားလာတော့၏။ ပတ်ဝန်းကျင် အခြေအနေကို အကဲခတ်လိုက်သည်။ အသက်ရှူသံကို အတိုးဆုံး အနေအထားသို့ နှိမ့်ချလိုက်၍ ခြေလက်တို့ကို အညင်သာဆုံး လှုပ်ရှားစေလိုက်သည်။ ရေအိုးစင်နှင့် ညောင်ပင်အကြားမှ ပိုက်ဆံအိတ်ကို ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ဖြင့် လှမ်းညှပ်ယူလိုက်၏။ ပိုက်ဆံအိတ် လက်ထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အလိုက်တသိ ကျုံ့ဝင်သွားသော ခန္ဓာကိုယ်က ရေအိုးစင်အကွယ်သို့ တိုးဝင်သွားကာ ပိုက်ဆံအိတ်ကို ပေါင်နှစ်ချောင်းကြားသို့ ထိုးသွင်း၍ ဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။

မြင်လိုက်ရသော မြင်ကွင်းက မသက်မသာရှိလှ၏။ ဒိုင်ယာယီ စာအုပ်တစ်အုပ်နှင့် အတူ အဖုံးထိပ်၌ ခြောက်ထောင့် ကြယ်ဖြူတစ်လုံးပါသော ဘောပင်တစ်ချောင်း၊ အရွယ်အစားအမျိုးမျိုးသော ဘောက်ချာဖြတ်ပိုင်းများ၊ စိမ်းဖျော့ဖျော့အရောင် နိုင်ငံခြားငွေစက္ကူများ၊ လိပ်စာကတ်ပြားများ၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ အမျိုးသားမှတ်ပုံတင်တစ်ကတ်၊ သော့တွဲတစ်စုံ၊ သုံးလက်စရေမွှေး၊ နှတ်ခမ်းနီ၊ မိတ်ကပ်ဘူးများ၊ ကိုးလုံးတွဲ ပုတီးတစ်ကုံး၊ ပြက္ခဒိန်စက္ကူဟောင်းဖြင့် ထုပ်ထားသောအဖြူရောင်ဆွဲကြိုး တစ်ကုံးနှင့် မြန်မာငွေ ၅၀၀၀ တန်တစ်ရွက်၊ ၅၀၀ တန်တစ်ရွက်။

သူ သားရေပိုက်ဆံအိတ်ကို နေရာလွတ်မကျန်အောင် မွှေနှောက်ခဲ့ပြီးပြီ။ ထို့နောက် အိတ်ထဲမှ ပစ္စည်းများကို အသေအချာ စစ်ဆေးကြည့်ပြန်သည်။ လိပ်စာကတ်ပြားများ၊ ကားလိုင်စင်ကတ်၊ မှတ်ပုံတင်ကတ်တို့ကို ခြေရာလက်ရာမပျက် နေရာမှန်မှာ ပြန်ထည့်ထားလိုက်၏။ ဒိုင်ယာယီ စာအုပ်နှင့် ဘောပင်ကို အိတ်ထဲသို့ ထည့်လိုက်စဉ် ဘောပင်မှ ခြောက်ထောင့်ကြယ်ဖြူတံဆိပ်နှင့် သားရေပိုက်ဆံအိတ်မှ ခြောက်ထောင့်ကြယ် ဖြူတံဆိပ်ကို သတိပြုမိသည်။ Mountblanc တံဆိပ်။

သို့သော် ဒါတွေ သူနားမလည်။ ပြီးနောက် အလုပြင် ပစ္စည်းများနှင့် ပုတီးကို အိတ်ထဲသို့ ထည့်လိုက်သည်။ နောက်ဆုံး သူ့လက်ထဲတွင် ကျန်ခဲ့သည်မှာ ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ အမေရိကန်ဒေါ်လာများနှင့်အတူ မြန်မာငွေ ၅၀၀၀ တန်တစ်ရွက်၊ ၅၀၀ တန်တစ်ရွက်သာ ဖြစ်သည်။ ပလက်တီနမ် ဆွဲကြိုးကို ယူကြည့်လိုက်စဉ် လော့ကက်သီးမှ စိန်ပွင့်များက တဖျပ်ဖျပ် လင်းလက်လာ၏။ ဒါမျိုးတွေကို ဘုရားပွဲဈေးမှာ တွေ့ခဲ့ဖူးတာ များလှပြီ။ ဝါကြင့်ကြင့်စက္ကူပေါ်မှ စိမ်းဖျော့ဖျော့အရောင် အမေရိကန်ဒေါ်လာများကလည်း သူ့စိတ်ကို မနှိုးဆွနိုင်။ ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန်ချသည်။

ပလက်တီနမ်စိန်ဆွဲကြိုးနှင့် ဒေါ်လာများကို ခြေရာလက်ရာမပျက် သားရေအိတ်အတွင်းသို့ ပြန်ထည့်လိုက်ပြီး လက်ထဲတွင် နောက်ဆုံးကျန်ရှိနေသော ၅၀၀၀ တန်နှင့် ၅၀၀ တန်ကို အကျစ်လျစ်ဆုံး အနေအထားရောက်အောင် ခေါက်၍ ပေါက်ပြဲနေသော ဦးထုပ်နှုတ်ခမ်းသားအတွင်းသို့ လိပ်သွင်းကာ ဦးထုပ်ကို ခေါင်းပေါ်၌ ခပ်ငိုက်ငိုက် ဆောင်းလိုက်ပြီး ညောင်ညိုပင်ကြီးဆီမှ တစ်လှမ်းချင်း ထွက်ခွာလာခဲ့တော့သည်။

❑

၃။

ညောင်ညိုပင်ကြီးဆီမှ ထွက်လာခဲ့သည်။ ခြေလှမ်းတိုင်း၊ ခြေလှမ်းတိုင်း၌ ခန္ဓာကိုယ်အတွင်းမှ ထူးခြားစွမ်းအင်များ ပန်းထွက်နေသလို ခံစားနေရသည်။

အိမ်ရှေ့တံစက်မြိတ်သို့ ဝင်လိုက်သည်နှင့် ညီမငယ်က အမောတကော ပြောလိုက်သည်။

'ကိုကြီးရယ် ဘယ်တွေသဝေထိုးနေတာလဲ။ အဖေကလည်း တစ်မေးတည်းမေး၊ အမေကလည်း စိတ်ပူနေတာ'

'ဟုတ်ပါ့တော်၊ သားကြီးကလည်း ဘယ်လျှောက်သွားနေတာလဲ။ ငါ့သားကို ဂုဏ်ပြုဖို့ သားကြီး ကြိုက်တဲ့ ခေါက်ဆွဲကြော်တွေဝယ်ထားတာ အေးတောင်အေးကုန်ပြီထင်တယ်။ သွားစားလိုက်ဦး သွား'

ထိုစဉ် နောက်ဖေးမှ ထွက်လာသော ညီငယ်က-

'ဒီပွဲကတော့ တကယ်လှတယ်ကွာ။ ကိုကြီးရေ မင်းကျေးဇူးကြောင့် ပိုက်ဆံအိတ်ပိုင်ရှင် ဒေါ်ကလျာဒေးဗစ်က သူ့ကုမ္ပဏီမှာ ငါ့ကို Tour ကားမောင်းဖို့ ခန့်လိုက်ပြီ။ လခအပြင် တိုးရစ်တွေဆီက Tip Money ရဦးမှာဆိုတော့ ရှယ်ပဲဟေ့။ မင်းကိုလည်း အလုပ်တစ်ခုပေးမယ်လို့ ပြောသွားတယ်။ မနက်ဖြန် သူ့ရုံးကို ငါနဲ့လိုက်ခဲ့ပေတော့။ ဘယ့်နှယ့်လဲ'

မိုက်ကယ်စစ်ရှိုး ပြုံးလိုက်သည်။ ထိုအပြုံးက ကျောက်တောင်ကြီးအလား ခိုင်မာလွန်း၏။

'မင်းပဲသွားလုပ်ပါကွာ'

'မင်းကဘာဖြစ်လို့လဲ...

သူက ငါတို့ကို တကယ်...
ချင်တာပါ။ မင်းရဲ့ရိုးသား...
အတွက်လေ'

သူက ဘုရားစင်အောက်...
တွင် ချိတ်ထားသော ဂုဏ်...
မှတ်တမ်းလွှာကို ဖြုတ်...
လိုက်ပြီးနောက်...

'ရိုးသားမှုက ဒီမှာလေ'

'မင်းဘာတွေပြော...
တာလဲ။ မင်းအခု အလုပ်...
တော့မှာလေ'

'ငါ သိပါတယ်ဟ ...
ငါ့ညီ။ မင်းအစ်ကိုဟာ ...
လာလည်းမသိ၊ စိန်လည်း...
မသိ၊ ပလက်တီနမ်လည်း...
မသိတဲ့ မိုက်ကယ်စစ်...
မဟုတ်တော့ဘူး'

မိသားစုအားလုံးက သူ့...
မျက်နှာကို တအံ့တဩ...
ကြည့်နေကြသည်။ သူ...
တိုးတိုးတိတ်တိတ် ပြော...
ဟန်ဖြင့် နှုတ်ခမ်းရှေ့...
လက်ညှိုးကို ကပ်ထော...
လိုက်ပြီး ညီနှင့်ညီမကို ...
ယပ်ခေါ်လိုက်သည်။

သူတို့ ခေါင်းချင်း...
ကြသောအခါ....

'ငါ ညောင်ပင်ကြီး...
နေ့တိုင်းသွားမယ်။ ...
တစ်ခါဆို အိမ်ကိုယူ...
မယ် သိလား။ ငါ့နာမည်...
ကယ်စစ်နိုင်ပါကွ။ ...
ကြီးတာက....'

ရှေ့ဆက် ပြော...
စကားကို တစ်ခဏမျှ...
လိုက်ပြီးနောက်....

❑

**'လီမွှာမှ အိမ်ပါ...**

**မိုက်ကယ်...**

**ညီ...**



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်မိတ်ကပ် အလှပြင်ခန်းမနှင့်
ဆံပင်ညှပ်ဆိုင်သုံး အလှကုန်ပစ္စည်းအမျိုးမျိုး
လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချရေး

အလှပြင်သင်တန်းလည်း ရှိပါသည်



-  ၂၅(စီ)၊ ရတနာလမ်း၊ ၁၆/၂ သဃ်န်းကျွန်း။ ဖုန်း - ၅၆၀၉၁၃၊ ၀၉၅၁၀၇၀၀၀
ပင်ရင်း-  အမှတ် ၂၆၊ ၃၀×၇၉ လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၇၂၄၂၈၊ ၀၉၅၃
ခွဲ  -  အမှတ် ၃၀၁၊ ကျောက်ကာလမ်း၊ မြဝတီရပ်၊ မုံရွာမြို့။ ဖုန်း - ၀၉၅၁၅


www.burmeseclassic.com

www.burmeseclassic.com

၁။

'အန်တီ ကတ်ကြေး
ရှိလားဟင်' ဆိုတဲ့
အသံကို ကြားတော့
ဖတ်ကောင်းနေတဲ့
မဂ္ဂဇင်းစာအုပ်ကို
ဘေးချပြီး
ဈေးထရောင်းမိတယ်။
ဩော် ဟိုကောင်လေးပဲ။
ဘောင်းဘီ အပွ အတို၊
အရှည်၊ အကျပ်၊ ဖင်လျှော၊
ခွကျယ် ဒီလိုပုံစံမျိုးစုံ၊
အရောင်စုံတွေကြားထဲမှာ
ဒီသူငယ်လေး ပုဆိုးကို
ပုံကျပန်းကျ ပိပိရိရိ
ဝတ်တတ်တာလေးကို
စ သတိထားမိခဲ့တာ။
ဒေါ်နှင်းမူက ရှေးရိုးဆန်လို့
ဒီလို ပုဆိုးဝတ်တဲ့
ကလေးကို သဘောကျတာ
မဟုတ်ပါဘူး။
ဒီသူငယ်လေးကတော့
စိတ်ကလေးကိုက
ရိုးရှာတာ။
ပုဆိုးအဝတ်များပေမဲ့
တစ်ခါတလေ
သူ ရှိုးထုတ်တဲ့
အခါလေးတွေမှာ
ဘောင်းဘီဝတ်တာလည်း
မြင်ဖူးပါတယ်။
မျက်စိနောက်စရာပုံစံ
မဟုတ်ဘူး။
ဘောင်းဘီနဲ့လူနဲ့
အလွန်သဟဇာတ
ဖြစ်တယ်ဆိုရမယ်။
ဘောင်းဘီကြောင့်
သူ့မှာ
ကျဉ်းကျဉ်းကျပ်ကျပ်
ဝန်ထုပ်ဝန်ပိုး မရှိ၊
သက်သောင့်သက်သာပဲ။
ခုခေတ်ကလေးတွေများ
ဘောင်းဘီကို
ဒီလိုဝတ်လည်း
ရလျက်သားနဲ့ ဘာလဲ
ခွက အောက်ကို
အကျယ်ကြီး
ပြုတ်ကျလို့ကျ၊
ကျပ်ထုပ်နေအောင်
ကောက်ညှင်းထုပ်ဖြစ်သူကဖြစ်
အဆင်ကိုမချောပါဘူး။
ဩော် ရှိသေးတယ်။
ကောင်လေးက အိမ်မှာ
နေရင်းထိုင်ရင်းလည်း
တီးမစ်ထုပ်တွေ ဘာတွေလိုရင်
လာဆင်းဝယ်တတ်တယ်။
အဲဒီလိုအခါကျ
အိမ်မှာနေရင်း ဂျေဂျေ
ဘောင်းဘီတိုအပွတွေလည်း








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဝတ်တတ်သား။ ဒီလိုဆိုလဲ အင်း ဒေါ်နှင်းမူကတော့ ရေစက်ပဲထင်ပါရဲ့။ မျက်စိထဲ ကြည့်ကောင်းပြီး ချစ်နေတော့တာပါပဲ။ အိမ်က သမီးကတော့ တိုက်ဂေါ်လို့ နှာခေါင်းရှုံ့တတ်တယ်။ ခုခေတ်မှာ ဒီလို ရိုးသားတဲ့ပုံစံလေးတွေက တိုက်ဂေါ်ဖြစ်ကုန်ပြီ ထင်ပါရဲ့။

ဒေါ်နှင်းမူက ဆိုင်မှာ တင်ထားတဲ့ ဆိုက်စုံကတ်ကြေးတွေ ထုတ်ပြတော့ ပြီး စလွယ် မဝယ်ဘူး။ သေသေချာချာ တစ်ချောင်းချင်းကြည့်ပြီးတော့ စက္ကူတစ်ရွက်တောင်းပြီး ညှပ်ကြည့်သေးတာ။ ဒီကလေးလုပ်ကိုင်နေပုံကြည့်ပြီး ဒေါ်နှင်းမူ ဘာသွားတွေးမိလဲသိလား။ တစ်လောကပေါ့ စီးရီးတွဲလာနေတဲ့ ကုလားကား စောင့်ကြည့်ရတာ စိတ်မရှည်လို့ သားလုပ်တဲ့သူ လုံးချင်းတစ်ခွေ ဝယ်ခိုင်းလိုက်တဲ့ဟာ ဝယ်တော့လာပါရဲ့။ အိမ်ကျတော့ ကြည့်မယ်ဆိုပြီး ထုတ်လည်း ထုတ်ရော ပြင်ပကာဗာစက္ကူကလွဲပြီး အတွင်းမှာ ဘာခွေမှ မပါတာ ပြေးသတိရမိသေးတော့။ မဆီမဆိုင်ဘဲဆိုဆို ဒီလို တိကျသေချာတာမျိုးလေးတွေ့ရင် ကိုယ့်သွေးရင်းသားရင်းသာ ဖြစ်လိုက်ပါတော့ စိတ်ထဲက တောင့် တမိတာလေ။

'ကောင်လေး မင်းက တစ်ယောက်တည်း နေတာလား'

ဒေါ်နှင်းမူ ဒီအကြောင်း သိချင်နေတာကြာပြီ။ သူ့ကို ပိုက်ဆံပြန်ပေးရင်း ကိုယ်သိချင်တာလေး မိမိရရ မေးလိုက်တော့ လူကြီးသူမကို ရိုရို

> သူတို့ ခေတ်လူငယ်တွေ စိတ်ထဲချစ်တာ ကြိုက်တာ အရင်မလာဘဲ အသပြာတွေ ဒေါ်လာတွေ အရင်လာနေကြတာ ခက်တာပဲ ဒါကို ခေတ်လို့ ပြောရင်တော့ သူတို့ခေတ်က တယ်ပူတာပဲလို့ ဒေါ်နှင်းမူ ထင်မိတယ်

သေသေဟန်လေးနဲ့ ခေါင်းလေး မသိမသာညွှတ်ပြီး သိချင်တာတွေ ပြန်ဖြေပေးလေရဲ့။ ထင်တော့ထင်သား ဒီကလေးပုံစံက တစ်ယောက်တည်းနေမယ့်ပုံပါလို့။ ဘာလို့လဲဆိုတော့ အိမ်အတွက် လိုတဲ့ ဗာဟီရမှန်သမျှ သူပဲ လုပ်နေတာ တွေ့တာကိုး။ မိဘတွေက နယ်မှာ သူ့စီးပွားနဲ့သူဆိုတော့လည်း သားလုပ်သူ အလုပ်ရှိရာကို ဘယ်လိုက်နိုင်ပါ့မလဲ။ ဒေါ်နှင်းမူကတော့ ကိုယ်က စာဖတ်ဝါသနာပါလို့လား မသိ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကိုယ်ကြိုက်တဲ့မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်နေတဲ့ ဒီကလေးကို ငယ်ငယ်ရွယ်ရွယ်နဲ့ တော်လှချည့်ပေါ့ကွယ်။ နို့ ဒေါ်နှင်းမူစိတ်ထဲ တစ်သက်လုံး ထင်လာတာက အယ်ဒီတာဆိုရင် အသက်ကြီးကြီး အဘိုးကြီးလို့ ထင်နေတော့ တာဆိုတော့ ဒီလို ငယ်ငယ်ရွယ်ရွယ်လေးဟာ သဘောကျစရာပေပေါ့။ ခက်တော့ခက်နေပြီ။ ကိုယ်ကဖြင့် သဘောတွေ အကျကြီးကျ သော်ငြား အိမ်က သမီးချောကတော့ တိုက်ဂေါ်ဆိုတာကကို မတက်တော့။

ဒေါ်နှင်းမူကတော့ သားနဲ့ သမီး အရွယ်ရောက်ချိန်ကစပြီး မျက်စိထဲမြင်သမျှ ခေတ်ကာလ ကောင်လေး၊ ကောင်မလေးတွေကို အတော့်ကို စိတ်ဝင်တစား ကြည့်ဖြစ်နေတော့တာပါ။ မျက်စိထဲ တွေ့တဲ့ မိန်းကလေးတွေမြင်ရင် စိတ်ထဲ ကိုယ့်သားနဲ့ စပ်ဟပ်ကြည့်နေမိတော့တာ။ အဲ ကောင်ကလေးတွေ မြင်ပြန်တော့လည်း ချစ်သမီးအတွက် ရယ်ပေါ့။ တခြား အမေတွေ အဲသလိုဖြစ်ကြလား မသိ သော်ငြား ဒေါ်နှင်းမူကတော့ ရောဂါလို့ ဝန်ခံရတော့မှာ။ တမင်တကာ မချိန်တွယ်ပါဘဲ သူ့အလိုလို စိတ်ထဲကဖြစ်နေတဲ့ကိစ္စ ဘယ်လိုလုပ်ရမှာတဲ့လဲ။ ကိုယ့်စိတ်ထဲလည်း ဘယ်သူမှမြင်တာမဟုတ်တော့ အေးဆေးပေါ့။ တစ်ခုရှိတာက ကိုယ်တွေ့တာ၊ မြင်တာလေးတော့ ကိုယ့်သားနဲ့သမီးကို ပြောမိသပေါ့လေ။ ကိုယ်ကပဲ တုံးလွန်းတာလား၊ သူတို့ကပဲ ခေတ်ရှေ့ပြေးသလား မဆိုတတ်ပါ။ ကိုယ်ပြသမျှ၊ ပြောသမျှ သားနဲ့သမီးကတော့ ထိုင်ဟားနေကြတော့တာ။ အိမ်က သမီးလည်း ဒေါ်နှင်းမူ တကယ်အံ့ဩပါတယ်။ ကြိုက်မယ့်သူ မရှိတာလည်း မဟုတ်ဘဲနဲ့ကို ခုအချိန်ထိ ချစ်သူမရှာ၊ အိမ်ထောင်ဖက် မရှာဘဲနေနေနိုင်လွန်းတယ်။ ဒေါ်နှင်းမူတို့

ခေတ်တုန်းကဆိုသူတို့[illegible] ထောင့်စေ့အောင် မရှာ[illegible] ပါဘူး။ သူတို့ပဲ ပြော[illegible] တတ်လွန်းတယ်။ [illegible] လေးက အရာရှိပေါက်စ[illegible] နော်၊ မဆိုးဘူးလို့ ကိုယ်[illegible] ပြောရင် 'အမလေး ကိ[illegible] တစ်လုံးနဲ့ အိမ်လာလည်[illegible] သူကိုကြိုက်ရမှာလား' ဆို[illegible] မျိုး၊ သူ့ကိုသဘောကျ[illegible] ဆရာဝန် လေးဆို လ[illegible] ဆရာဝန်လူရိုးလေး ဆို[illegible] ကိုယ်ကတော့ မဆိုးဘူး[illegible] သူ့အမြင်ကျတော့ 'တိုက်[illegible] ကျူးထဲ မိသားစုဆယ်ယော[illegible] လောက် ရုန်းကန်ပူးက[illegible] ဆရာဝန်ဖြစ်လာရတဲ့ဟာ' [illegible] တာမျိုး သူပဲ တွေးတတ်[illegible] တယ်။ သူတို့ခေတ်လူ[illegible] တွေ စိတ်ထဲချစ်တာ၊ ကြ[illegible] တာ အရင်မလာဘဲ အသ[illegible] တွေ၊ ဒေါ်လာတွေ အရင်[illegible] နေကြတာ ခက်တာပဲ။ [illegible] ခေတ်လို့ ပြောရင်တော့ သူ[illegible] ခေတ်က တယ်ပူတာ[illegible] ဒေါ်နှင်းမူ ထင်မိတယ်။ [illegible] လည်း သူတို့မကြိုက်သေး[illegible] အရိုးများသလေး၊ ချေး[illegible] လေး လုပ်နေတာပါ။ သူ[illegible] သာ ကြိုက်တယ်ဆို [illegible] မှတောင် ကိုယ်ကြားလို[illegible] မှာ မဟုတ်ဘူး။

ဒေါ်နှင်းမူ တွေး[illegible] ငေးရင်းကို ကောင်လေး[illegible] မျက်စိတစ်ဆုံး ငေးကြည့်[illegible] တယ်။ ကိုယ့်ပခုံးကို နော[illegible] က သိုင်းဖက်လိုက်တဲ့ သ[illegible] လက်တစ်စုံကြောင့်သာ [illegible] ကူးနဲ့အတွေး ပြတ်တော့[illegible] သမီးတောင် ရုံးက ပြန်[illegible] နည်းနည်းများ စောပြ[illegible] ရင် ဟိုကောင်လေးနဲ့ [illegible] တယ်လို့ စိတ်ထဲ မ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ွေးသာတွေးဖြစ်လိုက်သေး။ သမီးက ကိုယ်တွေထိုင်နေရာ အားကဖြတ်ပြီး ရေခဲသေတ္တာ ထဲကရေကို ပုလင်းလိုက်မော့ သောက်နေတယ်။ လှပကြော့ ရှင်းတဲ့ငယ်ရွယ်တဲ့ပုံရိပ်လေး က မောပန်းလာပေမဲ့လည်း ချက်စိထဲ ကြည့်ကောင်းနေ တာ အမှန်ပဲ။ ဟူး… ကိုယ့် သမီးလေး လင်ကောင်းသား ကောင်းတွေ့၊ ကိုယ်လည်း သမက်ကောင်းတွေ့။ ဘုရား ဖူးရစေ့ ငွေရေးကြေးရေး တွေက်ပါဘူး။ တစ်သက်လုံး စိတ်ချမ်းသာရရင် ပြီးပြီပေါ့၊ ဟုတ်ဘူးလား။

❑

၂။

'အန်တီက စာဖတ်ဝါ သနာပါလို့ ကျွန်တော် လက် ဆောင်ရထားတဲ့စာအုပ်တွေ ယူလာပေးတာ အေးဆေးဖတ် အန်တီ။ အန်တီဖတ်ပြီးမှ ကျွန်တော်ပြန်လာသယ်မယ်'

အိုး ကျေးဇူးတင်လိုက် တာ။ ဒေါ်နှင်းမူအတွက်တော့ တကယ့်ရတနာသိုက်ကို တွေ့ လိုက်ရသလိုပဲ။ သားတွေ၊ သမီးတွေ ရုံးသွား၊ အလုပ် သွားဆို ကိုယ်ကတစ်ယောက် တည်း ငုတ်တုတ်ကြီး ပျင်း ကျန်ခဲ့အောင် ကိုယ့်တိုက် ခန်းနဲ့ တစ်ဆက်တည်း စတိုး ဆိုင်လေးဖွင့် ဈေးရောင်းနေမိ ပေမဲ့ ကိုယ် တကယ်ဝါသနာ ပါတာက စာရေး၊ စာဖတ် လေး။ ကုသိုလ်ကံပါရမီက လည်း မပါလေတော့ စာရေး ဆရာ ဖြစ်မလာ။ ငယ်ငယ်က ကလောင်တွေ၊ ဘာတွေတော့ ခွေးဖူးသား။ ကိုယ့်ကလောင် သုံးမယ့်သူ မရှိလေတော့ ကြာတော့လည်း ကလောင်

က တုံးလေတော့သတည်း ပေါ့။ ဒါလည်း ဘာဖြစ်လဲ။ စာမရေး၊ စာဖတ်မှာပေါ့ဆို တာ ဒေါ်နှင်းမူ ခံယူချက် တည်း။ အင်း ဒီကလေး ငါ့ အကြိုက်ကို သိလေစွ။ ဒီ အချိန်မှာပဲ ဂျိုးဂျိုးဂျွတ်ဂျွတ် အသံကြားလို့ မှန်ထုပ်တွေ ထားတဲ့ဘက် လှည့်ကြည့်မိ တော့ သူကြိုက်တဲ့ မုန့်ထုပ် တွေရွေးပြီး ကောင်လေးကို ကမ်းပေးနေတဲ့ ကလေးမလေး ကိုတွေ့လိုက်ရတယ်။ သူတို့ ချင်းကြားတော့ အန်ဒါစတွတ် ထင်ပါရဲ့။ ကောင်မလေး ပေး တာကို ကောင်လေးက လှမ်း ယူပြီး 'အန်တီ ဘယ်လောက် လဲ'ဆိုတော့မှ ကိုယ်လည်း ဘယ်လောက်ဆိုတာ ကမန်း ကတမ်း တွက်ပေးလိုက်မိ တယ်။ သူတို့တွေ ထွက်သွား တာကို တစ်မျှော်တစ်ခေါ် လိုက်ကြည့်နေမိရင်း ဒေါ်နှင်း မူ သိလိုက်တာကတော့ ကောင်လေး ချစ်သူရသွားပြီ ဆိုတာပါပဲ။ အေးပေါ့လေ၊ ရသွားပြီလို့တောင်ဆိုလို့ မရ ပါဘူး။ အရင်ကတည်းက ရနေတာလည်းဖြစ်နိုင်ပါတယ်။ ကဲ ဒေါ်နှင်းမူ စိတ်ကူးလေး လည်း မစခင်က ရပ်ပါပေါ့။ အိမ်ကသမီးကတော့ ပြောင် ချော်ချော်နဲ့ 'ရာသီဥတုက အမေ့ဘက်မှာ ရှိမနေဘူးလို့' ရင့်ကျူးတော့မှာ အသေအချာ ပါပဲ။ ကံပေါ့ကွယ်။

'အစ်မနွယ်သမီးလေး တော့ ဟိုကောင်လေးနဲ့ ချိတ်မိ သွားပြီထင်တယ် အန်တီမူရေ'

ဘေးအခန်းက မတင် မိမိက သရက်သီး ထွက်ချူ ရင်း မြင်သွားတယ် ထင်ပါ ရဲ့။ သူ့အထင်ကို ဒေါ်နှင်းမူ

ကို လှမ်းတိုင်တည်နေတယ်။ ဟုတ်တာပေါ့။ သူပြောမှ သတိထားမိတယ်။ ဒီကလေး မက လမ်းဟိုဘက်တိုက်က ခင်နန်းနွယ့်သမီးလေးပဲ။ အရင်တုန်းက မျက်မှန်လေးနဲ့ အခုက မျက်မှန်တပ်မထား တော့ ချက်ချင်း မမှတ်မိ လိုက်ဘူးဖြစ်သွားတယ်။ ကောင်လေးနေတဲ့တိုက်နဲ့ ကလေးမတို့တိုက်က မျက်နှာ ချင်းဆိုင်ဆိုတော့ သူတို့က ပို အနေနီးစပ်တာပေါ့။ အမြဲ တမ်း မြင်သာ ထင်သာရှိနေ မှာပေါ့။ အိမ်က ဟာကလေး ကတော့ ဒီကောင်လေးနဲ့ကို တစ်ခါမှ မျက်နှာချင်းဆိုင်မိ တယ်ဆိုတာ မရှိစဖူးကိုး။ ဒေါ်နှင်းမူ ညွှန်းလွှန်းလို့သာ သမီးတော်က ကောင်လေးကို မြင်ဖူးနေတာ။ ကောင်လေး ကတော့ ဒေါ်နှင်းမူမှာ အရွယ် ရောက်သမီးရှိတယ်ဆိုတာ သိတောင် မသိဘူးထင်တာ ပဲ။ ကဲ တော်ပါပြီ၊ စိတ်လျှော့ လိုက်ပြီ။ ဒေါ်နှင်းမူကတော့ ဒီအယ်ဒီတာ လူရှိုးလေးကို ချွေမျိုးတော်ချင်စိတ် စွန့် လိုက်ပါပြီ။

'အန်တီ'

'ပလုပ်တုတ်'

တကယ် လန့်တာပါ တော်။ အခုပဲ သူ့အကြောင်း တွေးနေတယ်၊ အခုပဲ အနား ကို ပြန်ရောက်လာတယ်ဆို တော့ အဟုတ်လန့်သွားမိတာ ပါ။

'ကျွန်တော်လည်း ခု တလော အရမ်းမေ့တာပဲ၊ အန်တီရာ။ ဟိုနေ့က အန်တီ့ ကိုပြောထားတဲ့ ဆေးလေ၊ ခုနကတည်းက ပေးမလို့ဟာ မေ့သွားလို့ တစ်ခေါက်ပြန်

လာပေးတာ'

'ဩော် မင်းတို့အမေ လိမ်းတယ်ဆိုတဲ့ဆေးလား။ နယ်ကနေ မှာပေးရမှာဆို၊ ရတာမြန်လိုက်တာသားရယ်'

'အမေ့ဆီ ဖုန်းဆက်ရင်း မှာလိုက်တာ အန်တီ။ အမေ က ကားကြုံနဲ့ ထည့်ပေးလိုက် တာ။ ကုန်ရင်လည်း ပြောပါ။ အားမနာနဲ့'

ကြည့် ကြည့် စိတ် လျှော့လိုက်ပါပြီဆိုမှ ပြန်စိတ် လည်အောင်လုပ်နေပြန်ပြီ။ ဒီ လို လူကြီးသူမကို နေရာပေး အလေးထားတတ်တဲ့ စိတ်က လေးကို သဘောကျတာလေ။ ဒေါ်နှင်းမူက လက်လွှတ် လိုက်ရတဲ့ သကြားခဲလေး ကို ကျေးဇူးတင်ကြောင်း ပြောရင်း ဆုတွေလည်း ပေး မဆုံးပေါ့။ ကောင်လေးက တော့ ခေါင်းတညွှတ်ညွှတ်နဲ့ ပဲပေးတဲ့ဆုနဲ့ ပြည့်ပါစေ အန်တီဆိုပြီး စိုက်စိုက် စိုက် စိုက်နဲ့ ပြန်သွားတော့တယ်။ နှမြောလေစွကွယ်။

❑

၃။

'မေ့ ဘာဟင်းချက်လဲ'

'လှန်ကြည့် လှန်ကြည့် မီးဖိုချောင်က ကျွဲကျွဲလေး'

ဒေါ်နှင်းမူ စိတ်ပေါက် ပေါက်နဲ့ ဘုတောပစ်လိုက်မိ တယ်။ ဒီလောက် မီးဖိုခန်း ကျဉ်းကျဉ်းလေးကို မိန်းမ ပီပီသသ လှန်လှောမယ် မရှိ ဘူး။ ချက်တဲ့အမေက ခူးစား ရုံလေး အဆင်သင့်လုပ်ပေး ထားတဲ့ဟာ လက်ကြော တင်းတင်းနဲ့ ဖွင့်ပြကြည့်ပါ လား။ ဒီလို မိန်းကလေး ဘယ်လို အိမ်ထောင်ဖက်နဲ့ တွေ့မလဲ။ ဒေါ်နှင်းမူ သမီး

www.burmeseclassic.com

အတွက် ရင်မောပြီးရင်း ရင်မောရင်းပဲ။ တစ်လောကလည်း သူ့ရုံးပိတ်ရက်လေး အမေက နားချင်လို့ ထမင်း၊ ဟင်းဝင်ချက်ခိုင်းလိုက်တာ။ ကိုယ့်သမီးအကြောင်း ကိုယ်သိပြီးသားမို့ အလွယ်ဆုံး ဘဲဥချဉ်ရည်ဟင်းကို ချက်ခိုင်းမိပါတယ်။ အိုးထဲမှာ ဘဲဥအနှစ်နဲ့ အကာတွေဆိုတာ ကွာရှင်းပြတ်စဲခြင်းတွေ လုပ်ထားလိုက်တာ အနှစ်တခြား၊ အကာတခြား။ ဘယ်လိုလုပ်စားကောင်းမှာလဲ။ အရသာကလည်း ငန်ကျွတ်လို့။ သွန်ပစ်လိုက်ရပါရောလား။

'မားသား ဘာတွေ ဒေါက်နေတာလဲ'

တွေ့လား။ ထမင်းစားပုံက မိန်းမပျင်း ထမင်းစားနည်း။ အမေက အစုံအလင် ချက်ပေးထားတာကို ပန်းကန်တစ်ခုတည်းမှာ ပုံပြီး စုထည့်လာတာကြည့်။ အမေ့စားပွဲရှေ့လာပြီး ထမင်းပန်းကန်ကို တင်၊ လက်တစ်ဖက်က အမေ့ဖက်လက်စ စာအုပ်ကို ဟိုလှန်၊ ဒီလှန် လှန်နေရင်းနဲ့ ပြုံးစိပြုံးစိမေးနေတဲ့သမီးတော်ကို ဒေါ်နှင်းမူ ပြန်မဖြေပါဘူး။ ပြန်မှ မဖြေချင်တဲ့ဟာ။

'ဟယ် ပြောဖို့ မေ့နေလိုက်တာ၊ အမေ့လူကို ဒီနေ့တွေ့ခဲ့တယ်။ တွေ့ရုံတင် မဟုတ်ဘူး။ အလုပ်ကိစ္စနဲ့ဆိုတော့ စကားတွေ အများကြီးကို ပြောခဲ့ရတာ'

'ဘာ အမေ့လူလဲ'

'ဒီလူလေ၊ ဒီလူ'

ထမင်းမစားတဲ့ လက်တစ်ဖက်က စာအုပ်ရှေ့ဆုံးက ကောင်လေးနာမည်ကို ထိုးပြနေတာမို့ ဒေါ်နှင်းမူ မျက်လုံး

ကိုယ့်သမီးလေး
လင်ကောင်း
သားကောင်းတွေ့
ကိုယ်လည်း
သမက်ကောင်းတွေ့
ဘုရားစူးရစေ့
ငွေရေးကြေးရေး
မတွက်ပါဘူး
တစ်သက်လုံး
စိတ်ချမ်းသာရရင်
ပြီးပြီပေါ့

ပြုံးသွားတယ်။ ကောင်လေးနဲ့ သမီးတော် ဘယ်လို ဆုံစည်းခဲ့ကြတာလဲ။ ဒေါ်နှင်းမူပုံစံက သိသိသာသာကြီး တက်ကြွဖျတ်လတ်သွားတယ် ထင်ပါရဲ့။ သမီးက ခပ်ဟက်ဟက် အသံထွက် ရယ်လိုက်ရင်း...

'သူတို့မဂ္ဂဇင်းမှာ သမီးတို့ Product ကြော်ငြာ တစ်နှစ်လုံး ထည့်မှာဆိုတော့ အယ်ဒီတာနဲ့ စကားပြောမှရမှာလေ။ သူနဲ့သမီး တွေ့ရတော့တာပေါ့။ စကားပြောတာတော့ တိကျတယ်။ အလုပ်လုပ်တာလည်း သေချာမယ့်ပုံပါ။ တချို့တွေဆို အလုပ်မှာ တာဝန်သာယူထားတယ်၊ စကားပြောတာ မရေမရာနဲ့။ အဲဒါဆို ကြော်ငြာရှင်တွေက ဘယ်လိုလုပ် ကြော်ငြာထည့်ချင်တော့မှာလဲ။ ဒီလူကတော့ မဆိုးဘူး'

တွေ့လား။ ခုတော့ ချီးကျူးပြီ မဟုတ်လား။ ငါပြောတုန်းက ညည်း မယုံဘူး မဟုတ်လားဆိုတဲ့ပုံနဲ့ ဒေါ်နှင်းမူ ကြည့်ပစ်လိုက်တယ်။

'ထူးဆန်းတာ ရှိသေးတယ်။ သမီးကို သူက အမေ့သမီးမှန်းသိတယ်တော့၊ အံ့သြစရာကြီး'

မြတ်စွာဘုရား၊ ဒေါ်နှင်းမူ ဒါကိုတော့ တကယ်အံ့သြတာ။ ကိုယ့်စိတ်ထဲ သမီးလုပ်သူနဲ့ကောင်လေး မဆုံဖြစ်သေးတာကိုတောင် မချိတရိ ဖြစ်နေခဲ့သေးတာ မဟုတ်လား။ အခု သူက သမီးကို ကိုယ့်သမီးလို့တောင် သိနေတာဆိုတော့ အင်း ဒါဟာလည်း ယောက်ျားတို့ တတ်အပ်တဲ့ အဋ္ဌာရသ ဆယ့်ရှစ်ရပ်ထဲမှာ ပါတယ် ထင်ပါရဲ့။ ဒါပေမဲ့ ခုချိန်မှာတော့ သူ့မှာလည်း ပိုင်ရှင်နဲ့ဆိုတော့ သမီးတော်ကို သင်းကလေး သိနေတဲ့ကိစ္စ ကြည်နူးလို့ မရတော့။

'သူက ပြောသေးတယ်။ မဒါလီဆွေရဲ့အမေက စာပေဝါသနာ တော်တော်ကြီးတယ်နော်တဲ့။ ကျွန်တော်နဲ့တော့ ဘော်ဒါတွေဖြစ်နေပြီတဲ့ ဟား ဟား'

'အဲ့ကောင်လေး ခင်နန်းနွယ်သမီးနဲ့ ကြိုက်သွားပြီဆိုတာရော သိလား'

ဒေါ်နှင်းမူကပဲ အပြောအဆို ကသောကမျောနိုင်လွန်းတာလား၊ သမီးကပဲ ကွက်ကျော်မြင်တတ်လွန်းတာလားတော့ မသိဘူး။ အခုလို ရုတ်တရက်ကြီး ဖြတ်ပြောလိုက်ရတာ ကိုယ်တိုင်လည်းတစ်မျိုးကြီး ဖြစ်သွားတယ်။ သမီးကလည်း သမီးပြောတာနဲ့ အမေ့စကား ဘာဆိုင်လဲဆိုတဲ့အချိုးမျိုး ပြန်

ကြည့်တယ်။ ပြီးတော့ စိတ်[illegible] လုပ်တဲ့ပုံနဲ့စကားကို သိသိသာသာဖြတ်ပြီး ထမင်းပဲ သဲကြီးမဲကြီး ငုံ့စားနေလေရဲ့။ တတ်နိုင်ဘူး။ အချိတ်အဆက်ရှိပြီးသားသူနဲ့တော့ သမီးကို ဘာမဘာစေချင်တော့တာ စိတ်ရင်းမှန်ပဲလေ။

သမီးက ထမင်းကုန်[illegible] နောက်ဖေးဘက် ထသွား[illegible] အချိန် တိုက်ထားသလော[illegible] အောက်မေ့ရတယ်။ [illegible] ကောင်လေးနဲ့ သူ့ကောင်မလေး ဆိုင်ရှေ့က ဆိုက်ဆိုက်မြိုက်မြိုက် ဖြတ်သွားတော့တာပဲ။ အလယ်လယ် ဘယ်လိုဖြစ်တာလဲ။ ကောင်မလေးက ရှေ့က ဆောင့်ဆောင့်[illegible] ခြေလှမ်းနှစ်လှမ်းစာလောက် ခွာသွားတယ်။ ကောင်လေးကအအနေခက်၊ ပတ်ဝန်းကျင်ကို ရှက်နေတဲ့ပုံနဲ့ နောက်က လိုက်တယ်။ ကောင်လေး[illegible] ပတ်ဝန်းကျင်မြင်မှာ စိုးတဲ့ပုံ[illegible] ဘေးဘီကိုအကြည့်၊ ဒေါ်နှင်းမူမျက်လုံးနဲ့ တန်းဆုံတော့ပဲ။ အားနာလိုက်တာ၊ ကိုယ်[illegible] မှာလည်း မျက်လုံးလွဲဖို့ အချိန်မှ မရလိုက်တာရော။ ဒါနဲ့ သူရော၊ ကိုယ်ရော ဘာ[illegible] အဓိပ္ပာယ်ထွက်မှန်းမသိတဲ့ အပြုံးနဲ့ အချင်းချင်း ပြုံးပြလေသတည်းပေါ့။ စိတ်ထဲမှာ ပတ်ဝန်းကျင်မသိ၊ ဘာမသိ အမူပိုနေတဲ့ ဟိုကလေးမ[illegible] ပိုလိုက်တာလို့ တွေးမိတယ်[illegible] ကောင်လေးတော့ အရွှေးမှာ[illegible] ပြီထင်ရဲ့။ တွေးပြီးမှ ငါနဲ့ ဘာဆိုင်လဲဟယ်ဆိုပြီး စိတ်[illegible] အတွေးစကို ဖြတ်ရတယ်။

❑

၄။

'ကျွန်တော် စိတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ည်း မေမေ အဲဒီလိုတွေ ပ်နေမှာကို စိတ်ပူတာ၊ သက်တွေက မငယ်တော့ ား မေမေရဲ့။ စိတ်ထင်တိုင်း ျှောက်လုပ်လို့ မရတော့ ားလေ။ မေမေ ကျွန်တော့် ကားနားမထောင်ရင် ကျွန် တ် အလုပ်ကထွက်ပြီး ပြန် ာလိုက်မှာနော်၊ ဟုတ် ဟုတ် ့ပါ။ ဒါဆို မေမေလည်း ျွန်တော့်စကားကို နား ထောင်ပေးပါ မေမေရာ။ အိမ် ာ ညီထွေးတို့၊ အိမတို့လည်း နေတာပဲ။ သူတို့တွေ လုပ်ပါ း မေမေ့အလုပ်က ကိုယ့် ိုယ်ကို သက်သောင့်သက် ာနေဖို့။ ဟုတ်တယ်၊ သိ ယ်။ ဖေဖေ့ကိုလည်း လေး လေးပင်ပင်တွေ ဘာမှ ထည့် ပေးပါနဲ့။ ကျွန်တော်က ဒီမှာ ကုန်အဆင်ပြေတယ်။ ဖေ ပင်ပန်းမှာစိုးလို့ ပြောတာ။ ုတ်ကဲ့ ဟုတ်ကဲ့ပါ။ ဟုတ် ုတ် ဒါပဲနော်'

ကောင်လေး ဒီတစ်ခါ ယ်လာတာ ပစ္စည်းအမည် ာ်တော်များတယ်။ သူက ိမ် က လာ က တ ည် း က ာရင်းဇယားလေးနဲ့ လာတာ ိုတော့ ဒေါ်နှင်းမူက စာရင်း အတိုင်း အဝယ်ပစ္စည်းတွေ ချ းနေတုန်း ကောင်လေး ဖုန်း ာလို့ ဖုန်းပြောနေတာကို ကြားချင် ကြားလျက်သား ြစ်နေတော့တာ။ သူပြောနေ ့လေသံမှာကိုက မိဘ ပေါ်ထားတဲ့ မေတ္တာက ထင်းသား။ ဒီလိုသား ာကျ်ားလေးမျိုး မွေးထား ာ မွေးရကျိုးနပ်ပါဘိ ောင်း။

ဒေါ်နှင်းမူနဲ့ ကောင် း အဝယ်စာရင်းကို ရှင်း နေကြချိန်မှာပဲ အိမ်ထဲက သမီးထွက်လာတယ်။ သူ့ ကုမ္ပဏီသွားခါနီးအချိန်ဆို တော့ ကြော့လို့၊ မော့လို့ပေါ့။ သမီးဆီက သင်းပျံ့နေတဲ့ ရေမွှေးကြောင့်လား မသိဘူး။ ကောင်လေးကလည်း သမီး ကို လှမ်းကြည့်တယ်။ ပြီး တော့ အပြုံးကိုယ်စီနဲ့ သူတို့ ချင်းသာသိတဲ့ အလုပ်ကိစ္စ တွေပြောနေကြလေရဲ့။ သမီး လိုချင်တဲ့ ကြော်ငြာ အိုင်ဒီယာ ကောင်လေးက အကြံပေးလေ တော့ သမီးကလည်း သဘော ကျပုံပဲ။ ဒီအချိန်မှာပဲ သမီး ကိုလာခေါ်တဲ့ ကုမ္ပဏီက ကားရောက်လာတော့ သမီး က ကောင်လေးကို လမ်းကြုံ တယ်ဆိုပြီး လိုက်ခဲ့ပါလား ခေါ်နေတယ်။ အားနာတယ်၊ ဘာတယ် ငြင်းရင်းခုံရင်း နောက်ဆုံးတော့ ကားပေါ်ကို ကောင်လေး ပါသွားလေရဲ့။ သူဝယ်ထားတဲ့ ပစ္စည်းထုပ် လည်း ညနေ အလုပ်ကပြန်မှ ပဲ လာယူမယ်ဆိုပြီး ဆိုင်မှ သောင်တင်ကျန်ရစ်တယ်။ အင်း ဒေါ်နှင်းမူစိတ်ထဲ တစ် မျိုးကြီးပဲ။ ကိုယ့်စိတ်ကို ဘယ်လိုဖြစ်နေမှန်းတောင် မဝေခွဲတတ်တော့ဘူး။ ဒီလို ပုံစံ၊ ဒီလိုအနေအထားဟာ သူ အရင်က ဖြစ်စေချင်တဲ့ အနေ အထား မဟုတ်ဘူးလား။ ခုတော့ စိတ်ထဲ ခုတုတုနဲ့ ဒီလို အနေအထားကို လက်မခံချင် သလို၊ ဘာလိုလိုဖြစ်နေမိတယ်။ အို ဘာတွေများ တွေးနေမိ ပါလိမ့်။ တကယ်တော့ သူတို့ က ရိုးရိုးသားသားတွေပဲဟာ။

'သူကအရမ်းအတွက်ကြီး တာ မိသူရဲ့၊ ငါ သူ့ကို အမျိုး မျိုး ဖျောင်းဖျပြီးပြီ၊ မရဘူး'

'နင်ကလည်း နင်ပဲ အရင်ကတုန်းကပြောတော့ အဖြူထည်လေးပါဆို'

'သြော် ငါလည်း အရင် ကတော့ ဘယ်သိပ့်မလဲ၊ သူ နဲ့တွဲပြီးမှ သေသေချာချာ သိရ တဲ့ကိစ္စဟာကို နင်ကလဲ'

ပြောလက်စ စကား တွေနဲ့ ငြင်းခုံနေကြတဲ့ ခင်နန်း နွယ်ရဲ့သမီးလေးနဲ့ သူငယ် ချင်းမလေးတို့က ဘေးနား မှာ လာရပ်နေတဲ့ ဒေါ်နှင်းမူ ကို ချက်ချင်း စကား မဆိုနိုင် သေးဘူး။ သူတို့ပြောလို့၊ ဆို လို့ဝတော့မှ သူတို့ ဝယ်ချင် တဲ့ အချဉ်ပေါင်းထုပ်တွေ၊ မုန့် ထုပ်တွေကို တဖျိုးဖျိုးတဖျတ် ဖျတ်နဲ့ ဆွဲယူနေကြတယ်။ သူတို့အထုပ်တွေဖြုတ်နေတာ ကိုကြည့်ပြီး ဒေါ်နှင်းမူ အူယား လာတယ်။ ဖြုတ်တာ၊ ပြုတာ ကြမ်းတမ်းလိုက်တာကွယ်။ မိန်းကလေးဆိုပြီး သာသာ ယာယာကို မရှိဘူး။ ဟော အသည်းယားနေရင်းနဲ့ကို အတွဲလိုက်ကြီးပြုတ်ကျကုန် ပြီ။ မုန့်တွေတော့ ကြေကုန်ပါ ပြီတော်။ ဒေါ်နှင်းမူက လူကြီးတန်မဲ့ မုန့်ထုပ်တွဲကြီး ကို ကမန်းကတန်းကောက်ယူ နေတာလည်း တစ်ချက် ကူ ကောက်ပေးဖော်မရဘူး။ ဆောရီးတစ်ချက် မလုပ်ဘူး။ အတော်ယဉ်ကျေးမှု မရှိတဲ့ ကလေးမတွေ။

ဒီအချိန်မှာပဲ ခင်နန်းနွယ့် သမီးလက်ထဲက ဟန်းဖုန်းက သီချင်းသံမြူးကြွကြွထွက် လာတယ်။ ဖုန်းနံပါတ်ကို ကြည့်ပြီး ဘေးက သူငယ် ချင်းကို နှာခေါင်းတစ်ချက် ရှုံ့ပြရင်း 'ပြော' ဆိုတဲ့အသံက ဆောင့်ကြီးအောင့်ကြီး။

စကားအသွားအလာကိုကြည့် ပြီး တစ်ဖက်က ဆက်နေတာ သူ့ချစ်သူ အယ်ဒီတာကောင် လေးပဲဆိုတာ ဒေါ်နှင်းမူ အတပ် သိနေတယ်။ ကောင်မလေး ဆီက 'တော်တော့ တော်လိုက် တော့' ဆိုတာမျိုးတွေ၊ 'စောက် ပိုတွေ ဘဲကြီးရာတော်စမ်းပါ' ဆိုတာတွေ လုံးဝမထင်မှတ် စရာ ကြားလိုက်ရတာ ကျော ချမ်းစရာ။ ကောင်မလေးက ဒီလိုစကားလုံးတွေကို စိတ်တို ဒေါသဖြစ်လို့ တမင်သုံးနေ တာ မဟုတ်ဘဲ တကယ့် ထမင်းစား ရေသောက်သုံး နေပုံ။ ဒေါ်နှင်းမူ နားထောင်ရ တာ ခေါင်းနောက်လာတာမို့ သူတို့နဲ့ အပေးအယူလည်း ပြီး ပြီဆိုတော့ ခပ်လှမ်းလှမ်းမှာ ချလှမ်းထားတဲ့ ကြက်သွန်ဖြူ ဗန်းကို ဟိုဘက်၊ ဒီဘက် သွားလှန်နေမိတယ်။ စိတ်ထဲ မှာတော့ ကောင်လေးဟာ သမီး နဲ့အတူ ရုံးကားပေါ်မှာ ရှိဟန် မတူတော့ဘူးဆိုတာ တွေးဖြစ် အောင် တွေးလိုက်မိသေး။

❑

၅။

ဒေါ်နှင်းမူ ကောင်လေး ကို ရှောင်နေမိတယ်။ အရင် လို ချစ်ခင်ရင်းစွဲစိတ်လည်း မရှိလေတော့ ရှောင်နေတာ ကောင်းတယ်လေ။ သူလာ တာ ခပ်ဝေးဝေးကမြင်က တည်းက အိမ်နောက်ဘက် လှစ်ခနဲ ပုန်းနေမိတယ်။ ကောင်လေးက ဝယ်စရာ၊ ခြမ်းစရာရှိလည်း ဆိုင်ရှင် မမြင်တော့ ဟိုကြည့်၊ ဒီကြည့် နဲ့ထွက်သွားတတ်တယ်။ သားလုပ်သူ အိမ်ရှေ့ထိုင်နေ ရင်တော့ သူဝယ်ချင်တာလေး ရသွားပါရဲ့။ သူ့ကို မြင်လေ



www.burmeseclassic.com

www.burmeseclassic.com

စရာရှိတဲ့ စာအုပ်တွေကိုလည်း ရေသန့်ကောင်လေးကို မုန့်ဖိုးပေးပြီး သူ့အခန်းသွားပေးခိုင်းလိုက်တယ်။ ဒီတော့လည်း ကောင်လေးနဲ့ ဒေါ်နှင်းမူကြား ဆက်သွယ်ရေး လမ်းကြောင်းက လုံးဝပြတ်တောက်သွားတော့တာပါပဲ။ ဒါပေမဲ့ သမီးလုပ်သူဆီကနေ ကောင်လေးသတင်းတွေ ရရနေပါတယ်။ ကြည့်ရတာအရင်က သူတိုက်ဂေါလို့ ပြောခဲ့ဖူးတာကို သူ ပြန်မေ့သွားပြီ ထင်ပါရဲ့။ သူတို့အခြေအနေ သာယာစိုပြည်လေ ဒေါ်နှင်းမူ ကောင်လေးကို စိတ်ခုလေပဲ၊ ဟုတ်တယ်လေ။ လူပျို အပျို ချစ်တာကြိုက်တာ စိတ်ကြိုက်လုပ်ကြပါ။ ဘာမှ မပြောလိုဘူး။ ဒါပေမဲ့ ချစ်ရေးချစ်ရာကိစ္စဆိုတာ ဒီလောက် မြန်ဆန်လွယ်ကူရသတဲ့လား။ ခုချစ်၊ ခုမုန်းဆိုတာမျိုး နည်းနည်းမှ လက်မခံဘူး။ အထူးသဖြင့် ဒေါ်နှင်းမူ အမှတ်ပြည့်ပေးထားတဲ့ ဒီသူငယ်ဟာ ဒီလို အပြောင်းအလဲ မြန်တယ်ဆိုတာကို နည်းနည်းမှ စိတ်ထဲ မတွေ့ဘူးဖြစ်နေတယ်။ ကောင်လေးက တော်တော်တော့ ပါးနပ်တယ်။ ဒေါ်နှင်းမူ စိတ်ထဲဖြစ်နေတာကို သူ ဘယ်လိုခံစားပြီး သိသလဲ မသိဘူး။ တစ်နေ့ ဒေါ်နှင်းမူ အမိုက်အိတ် ဆွဲထွက်လာတော့ သူက အနားကို လှစ်ခနဲ ပြေးထွက်လာပြီး 'ပေး အန်တီ ကျွန်တော် သွန်လိုက်မယ်' ဆိုပြီး သိုးသိုးသွက်သွက် သွားသွန်ပေးတယ်။ လုပ်တဲ့သူက လုပ်ပေးနေတာကို ကိုယ်က သူ့အပြန် ကျေးဇူးတင်ပါတယ် တစ်ခွန်းစောင့်မပြောရင် ဘယ်လိုလုပ်ကောင်းတော့မလဲ။ ဒီတော့ ကိုယ်ကလည်း သူပြန်အလာကို စောင့်ရင်း ဆိုင်ထဲကနေ ကျေးဇူးပဲ ကွယ် လုပ်ရတော့တာပေါ့။ ဒီမှာတင် ကောင်လေး ဆိုင်ထဲမှာ ဟိုဟာဝယ်၊ ဒီဟာဝယ် လှည့်ပတ်ဝယ်ရင်း ဒေါ်နှင်းမူကို စကားပြောခွင့်ရအောင် လုပ်တယ်လေ။ တော်တယ်။ သူ့ကိုစကားပြန်ပြောလို့ ပြောမှန်းမသိအောင် သူက လှည့်ပတ်ပြောနိုင်တယ်။ စကားတွေ ဟိုပြော၊ ဒီပြော အများကြီးပြောပြီးမှ တစ်ခွန်းပဲ သူ ပြောသွားတယ်။ 'ဒါလီဆွေ့ကို ကျွန်တော်က အန်တီ့သမီးဆိုတာနဲ့တင် တော်တော်လေး ခင်သွားတာ အန်တီရဲ့' တဲ့လေ။ အမလေးတော် ဟုတ်လည်း ဟုတ်ဘဲနဲ့များ သူပဲ ပြောတတ်ပါရဲ့။

❑

၆။

ထင်တယ်၊ ထင်နေတယ်။ စိတ်က ဒီလို ထင်နေမိလို့ကို စိုးရိမ်နေသေးတာ၊ ကဲ အခုတော့ တကယ်ဖြစ်ပြီ။ ဘယ့်နှယ်လုပ်ကြမလဲ။ သမီးကတော့ တကယ် သွေးအေးအေးပဲ ရှိနေတယ်။ သူ့ပုံစံက အမေပဲ အရင်တုန်းက ဒီလူနဲ့ ကြည်ဖြူနေတာ မဟုတ်လား ဆိုတဲ့ ပုံနဲ့။ ဒေါ်နှင်းမူကတော့ စိတ်ထဲ မျက်ခနဲ ဖြစ်သွားတာကို ထိန်းလို့မရဘဲ 'ဟဲ့ သူ့မှာ ရည်းစားကြီးနဲ့ဟာ ပြတ်တာလည်း မြန်လှချည့်လား' လို့ ပြောလိုက်မိတယ်။ သမီးကတော့ ဒေါ်နှင်းမူအပြောကို ကြားတော့ ဟက်ဟက်ပက်ပက် ရယ်တယ်တော်။ ဒါ ရယ်စရာစကားမှ မဟုတ်တာ။ ကိုယ့်အရင် ချစ်သူရှိဖူးတဲ့ကိစ္စ၊ ပြီးတော့ အရင်ချစ်သူနဲ့ကွဲတာမှ ဘယ်လောက်မှ မကြာသေးဘူး။ နောက်တစ်ယောက် ထပ်ရတဲ့ကိစ္စ။ ဒါဟာ သူ့နားထဲ ရယ်စရာကောင်းအောင် အတော် ချိုမြိန်နေလေသလား။ ဘယ်လိုမိန်းကလေးလဲဟယ်။

'အမေကလဲ တစ်ယောက်နဲ့ တစ်ယောက် ချစ်တယ်၊ ကြိုက်တယ်ဆိုတာ လက်ထပ်တာမှ မဟုတ်ဘဲ၊ လက်မထပ်ခင် လေ့လာရမှာလေ။ စိတ်ချင်း၊ အကြိုက်ချင်းတူမှ ရေရှည်လက်တွဲလို့ရမှာပေါ့။ ဟိုတစ်ယောက်နဲ့ သူနဲ့ အဆင်မပြေကြဘူး။ ဘာတစ်ခုမှ ကီးမကိုက်ဘူးတဲ့။ အဲဒါကြောင့် တော့တာ ပြသွားကြတာ။ အမေကလည်း သူ့ကျပြောနေတယ်။ သမီးလည်း ဒီလိုပဲတော့တာပြလိုက်ရတာတွေ အများကြီးဟာ'

ညည်းတော့ စကားထဲ ထည့်ပြောမနေတော့ဘူးဟေ့ လို့ပြောလိုက်ချင်ပေမဲ့ ဒေါ်နှင်းမူ ဘာစကားမှမပြောဖြစ်ပါဘူး။ စိတ်ထဲမှာတော့ ဩော် ငါ့ အယ်ဒီတာလေလည်း ဒီပုတ်ထဲက ဒီပဲပါလားဟဲ့လို့ နှမြောတသ သုံးကြိမ်မက ရွတ်နေမိတယ်။ ဒီခေတ်ကလေးတွေများ ဒီလောက် မွန်မြတ်တဲ့ ချစ်ခြင်းမေတ္တာကို အလဟဿ ဖြုန်းတီးပစ်နေကြတာပဲလို့ စိတ်မကောင်းလည်း ဖြစ်မိတယ်။ စိတ်ထဲ အတွေးတွေက မကြည်လင်တော့လည်း မျက်နှာက သုန်သုန်မှုန်မှုန်နဲ့ပဲ ဒေါ်နှင်းမူ ငူငူကြီးထိုင်နေမိတော့တယ်။

'အန်တီ'

'ဗုဒ္ဓေါ'

အနားကပ်ပေါ်လာတဲ[illegible] အသံကြောင့် လူက လိပ်ပြ[illegible] တောင် လွင့်ချင်တယ်။ ကြည့်[illegible] လိုက်တော့ မျက်နှာ ပြုံးချိ[illegible] လေးနဲ့ ဟိုသူငယ်။ ဘယ်[illegible] နှယ် ဘယ့်နှယ် မျက်နှာ[illegible] ဒီလောက် ပြုံးချိနေရတာလဲ[illegible] အန်တီတစ်ခွန်းခေါ်တာ ဒီ[illegible] လောက် ပြုံးချိထားရမယ်[illegible] သူ့ကို ဘယ်သူက သင်[illegible] ထားလဲ။ အမလေး ဝတ်[illegible] ထားတာကလည်း အ[illegible] အဖြူက ရေတောင်ချရ[illegible] ရဲ့လား မသိ။ သူပဲ တော[illegible] တောင့်ကော့ကော့ကြီး ဝ[illegible] တတ်တယ်။ လုံချည်[illegible] လည်း အကွက်ကျဲနဲ့ အ[illegible] ကြီးဆင်။ ဒီနေ့ ဒီကော[illegible] လေးကြည့်ရတာ အဆ[illegible] မပြေလိုက်တာမှလေ။

'သွားကြမလား၊ ထိ[illegible] ဦးမလား၊ စောနေသေးတ[illegible] ထင်တယ်'

'မစောပါဘူး။ တစ်[illegible] ဝင်စားဦးမှာနဲ့ အတော်[illegible]


'ဒါဆိုလည်း သွား[illegible] လေ'

အတိုင်အဖောက်ညီ[illegible] နဲ့ အိမ်က မချောနဲ့ ဟို[illegible] လေး မျက်စိရှေ့က ထွ[illegible] သွားကြတယ်။ ကောင်[illegible] ကတော့ အားတုံ့အားနာ[illegible] မရဲတရဲလိုလို မျက်ဝန်း[illegible] သူ့ကို ခွင့်တောင်းကြည့်[illegible] ကြည့်ပြီး ခွင့်ပြုပါဦး အ[illegible] တဲ့လေ။ ဒေါ်နှင်းမူ [illegible] ညိတ်မိလား၊ မညိတ်မိ[illegible] မသေချာဘူး။ သေချာ[illegible] တော့ ဒေါ်နှင်းမူ ခွင့်[illegible] မပြုပြု သူတို့ချင်း ကီး[illegible] နေပြီဆိုရင် ဘာများ[illegible] တော့မှာတဲ့လဲ။ ■



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# မြို့မရွာ

နှင်းမိုး/ဆေးမြောကျွန်း

ကာလရဲ့နောက်မှာ နိုင်ငံက ခေတ်တစ်ခေတ်၊ စနစ်တစ်စနစ်ကို ပြောင်းသွားတယ်။ အဲဒီမှာတင် ကြော်ငြာကိစ္စတွေ မှေးမှိန်သွားခဲ့တာ အကြာကြီး။ နောက် မင်းတို့ လူဖြစ်လာပြီး ဒီဘက်ခေတ်မှာ ဈေးကွက်စီးပွားရေးဆိုတဲ့ တစ်ခေတ်ကို ရောက်လာတော့ အိုင်ဒီယာတွေပြောင်းကုန်ပြီး ကြော်ငြာကိစ္စတွေက ပြန်အသက်ဝင်လာတာပဲ

ခေတ်ကိုက ကြော်ငြာခေတ် မဟုတ်လား။ ရေဒီယိုပဲဖွင့်ဖွင့်၊ ရုပ်မြင်သံကြားပဲ ကြည့်ကြည့်၊ ဂျာနယ်မဂ္ဂဇင်းပေါင်းစုံပဲ ဖတ်ဖတ်၊ သတင်းစာတွေပဲ လျှောက်လှန်လှန်၊ ဘယ်နေရာမှာမှ ကြော်ငြာနှင့်မလွတ်။ ဒါဖြင့် မီဒီယာတွေမှာမှတဲ့ လား။ မဟုတ်ချေသေးပါ။ မြို့တကာနယ်တကာ၏ လမ်းတကာမှာလည်း သူတို့ပဲ မင်းမူနေပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ ကလည်း အတော် လာဘ်မြင်ကြသည်။ ငွေကြေးကို ပုံအောသုံးကာ အပြိုင်အဆိုင် ကြော်ငြာကြ၏။ မြန်မာ့ရိုးရာ အတာသင်္ကြန် ပွဲတော်ဆိုလျှင် တကယ့်ကြော်ငြာပွဲတော် အကြီးစားဖြစ်လာနေသည်။ ကြီးကျယ်ခမ်းနားသော ကုန်စည်အမှတ်တံဆိပ် သရုပ်ဖော်ဒီဇိုင်းရောင်စုံ တို့ဖြင့် ရေကစားမဏ္ဍပ်၊ ဂီတစင်မြင့်ကြီးတွေ ဆောက်လုပ်ကာ ကြော်ငြာတာ ဟည်းထ နေသည်။ လူအများ စုဝေးရာ၊ စိတ်ဝင်စားစရာ ဖြစ်သော ဘောလုံးပွဲတွေကို စပွန်ဆာပေးသော နည်းဖြင့် ကြော်ငြာတာတွေ လည်း မမြင်ချင့်အဆုံး။ ဒါကြောင့်ပဲ ထင်သည်။ ကိုဆွေတို့ မြို့ငယ်ငယ် ကလေးမှာလည်း ကြော်ငြာမျိုးစုံ စိမ့်ဝင်ထိုးဖောက် လာနေသည်။ လူအသွားအလာ ထူထပ်သော မြို့က စည်ပင်သာယာဈေးတစ်ဝိုက်၊ အဝေးပြေးယာဉ်ပေါင်းစုံ ဆိုက်ကပ်ရာ မော်တော်ယာဉ် စခန်းဂိတ်နှင့် မြို့၏အဓိက လမ်းဆုံလမ်းထောင့်တွေမှာ ဘုတ်ထောင်လာသော ကြော်ငြာကြီးတွေကို ဟောတစ်ခု ဟောတစ်ခု မော့မော့ကြည့်နေရသည်။ စိုက်ပျိုးရေးဆေးမျိုးစုံ၊ အိမ်သုံးဆေးဝါး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ကြော်ငြာဘုတ်တွေ ကလည်း နေရာအနှံ့။ အဲဒီနေရာမှာ ကိုဆွေတို့ မြို့ကလေးသို့ ဝင်လာသော ပါဝါဓာတ်ခဲကြော်ငြာပုံ ကလည်း တစ်မျိုးတစ်ဖုံ ထူးခြားပြန်လေသည်။ သူတို့ကြော်ငြာတွေက အကြီးကြီးတွေ မဟုတ်။ အလျား ၃ ပေ၊ အနံ ၂ ပေမျှသာရှိသော စတုရန်းပုံ ဆိုင်းဘုတ်ငယ်လေး တွေဖြစ်သည်။ သို့သော်

www.burmeseclassic.com

မြို့ကလေး၏ လမ်းတိုင်းထိပ်ဘက်တွေမှာ နေရာအနှံ့ စိုက်ထူကြလေသည်။

ဘုတ်ပြား၏ အပေါ်ဘက် ၃ ပုံ ၂ ပုံတွင် တာရှည်အသုံးခံပါဝါခုတ်ခဲဟု ရောင်စုံဒီဇိုင်းအမျိုးမျိုးနှင့် ပုံဖော်ထားပြီး အောက်ဘက် ၃ ပုံ ၁ ပုံတွင်မှ ထိုကြော်ငြာစိုက်ထူရာလမ်းအမည်ကို ရိုက်နှိပ်ဖော်ပြထား၏။ အထက ကျောင်းလမ်း၊ ညောင်ပင်တန်းလမ်း၊ မီးသတ်ရုံလမ်း အစရှိသဖြင့်။

မြို့ကလေးမှာ လမ်းတွေက အများကြီးဆိုတော့ ကြော်ငြာဘုတ်ကလေးတွေကလည်း အများကြီးပေါ့။ ဘယ်လမ်းချိုးချိုး သူ့ကြော်ငြာဘုတ်ကလေးကို တွေ့တွေ့နေရတော့ အလိုလိုနေရင်း လူတွေအသိစိတ်ထဲ၊ ဦးနှောက်ထဲသို့ သူ့ရောင်းကုန်ပစ္စည်း၏ အမည်က စိမ့်ဝင်ပျံ့နှံ့ပြီးဖြစ်လေတော့သည်။ သူတို့နည်းစနစ်ကို မှတ်ချက်ချရလျှင် ငါးကိုတစ်ကောင်ချင်း မျှားနေခြင်းမဟုတ်ဘဲ တစ်ခါတည်းနှင့်အများကြီး ပါလာအောင် ပိုက်ကွန်ပစ်ဖမ်းပုံနှင့်တူသည်ဟုဆိုရနိုင်မည် ထင်၏။

ကိုဆွေ၏ နေအိမ်က လမ်းမတော်နှင့် အခြားခပ်ကြီးကြီး လမ်းသွယ်ကြီးတစ်ခုကန့်လန့်ဖြတ်ဆုံရာ လမ်းထောင့်ချိုးတွင် ရှိ၏။ ကိုဆွေ့အိမ်ရှေ့မှာကလည်း ညနေတိုင်း နီးစပ်ရာ အိမ်နီးချင်းတွေ ဆုံကြကာ ရေနွေးကြမ်းဝိုင်းဖွဲ့ကြလေ့ရှိသည်။ တစ်ညနေတော့ သူတို့ကွပ်ပျစ်နှင့် မလှမ်းမကမ်းက လမ်းဆုံထောင့်သို့ ထိုပါဝါခုတ်ခဲ

> ခေတ်တွေ
> ဘယ်လိုပဲ
> ပြောင်းပြောင်း
> ခေတ်ရဲ့
> စမ်းသပ်မှုကို
> ခံနိုင်ရည်ရှိရှိနဲ့
> တည်တည်ငြိမ်ငြိမ်
> ရပ်တည်နေနိုင်တဲ့
> ခိုင်မြဲတဲ့
> အနုပညာ
> သညာတွေဟာ
> လောကမှာ
> ရှိတယ်
> အဲဒီ
> သညာတွေဟာ
> အများဆိုင်
> အများပိုင်
> နာမ်စားတွေဖြစ်ဖို့
> လိုတယ်

ကြော်ငြာဘုတ်ကလေးတွေ လိုက်လံစိုက်ထူနေကြသည့် လက်သမားအဖွဲ့ကလေး ရောက်လာ၏။ မြေကျင်းတူးသူက တူး၊ မြေစိုက်မည့်သစ်သားတိုင်တွင် ကြော်ငြာဘုတ်ပြားကို သံဖြင့် ရိုက်သူက ရိုက်၍ အသင့်စိုက်ထူရန် တွဲသူကတွဲဖြင့် အလုပ်ရှုပ်နေကြသည်။

'ဟဲ့၊ ဒီသူငယ်တွေက ဘာတွေလဲကွ၊ ဘာတွေလာလုပ်ကြတာတုံး'

ရေနွေးကြမ်းဝိုင်းထဲမှ ဘကြီးအောင်က ထိုအဖွဲ့ကိုလှမ်းကြည့်ရင်းမေးသည်။

ဘကြီးအောင်ဟုတစ်ရပ်ကွက်လုံးက နှုတ်ကျိုးနေကြပြီဖြစ်သော်လည်း အမှန်က တစ်ရပ်ကွက်လုံးက လေးစားကြရသည့် အငြိမ်းစားကျောင်းအုပ်ဆရာကြီးဖြစ်သည်။ အသက် ၈၀ လောက်ရှိပြီဆိုသော်လည်း မျက်စိမှုန်တာကလွဲလျှင် ကျန်းမာရေးက ဒေါင်ဒေါင်မြည်ဆဲ။

'လမ်းနာမည်နဲ့ ကြော်ငြာဆိုင်းဘုတ်ကလေးတွေ မြို့အနှံ့လိုက်စိုက်နေတဲ့ လက်သမားအဖွဲ့ဆရာကြီးရဲ့'

'ဟော၊ ဘယ်လိုတုံး။ ငါ့ကိုလည်း ပြောပြကြစမ်းပါဦး'

'သူတို့က တစ်မြို့လုံးက လမ်းတိုင်းအနှံ့ကြော်ငြာတိုင်ကလေးတွေ လိုက်စိုက်နေကြတာ။ ဒီကနေ့မှ ကျွန်တော်တို့လမ်းဆုံကို ရောက်လာတာ။ တစ်မြို့လုံးဆိုတော့ ဒီအဖွဲ့ဟာ လေးငါးရက်တော့ အချိန်ပေးစိုက်ကြရမယ် ထင်တာပဲ'

ကိုဆွေက ရှင်းပြရသည်။

'အောင်မယ်၊ တယ်ဟုတ်ပါကလား။ တော်တော်အကွက်မြင်တဲ့ သူတွေပဲ။ ကြော်ငြာဘုတ်ပြားကလည်း နင်းကန်ငွေကုန်ကြေးကျများတဲ့အကြီးကြီးတွေ မဟုတ်ဘူး။ နည်းနည်းနဲ့ ကျဲကျဲဝိုင်းတဲ့သဘောပဲ။ ဒါပေမဲ့ ထိရောက်ပျံ့နှံ့မှုရှိတယ်။ မဆိုးပေဘူးကွ'

ဘကြီးအောင်က ထိုကြော်ငြာအဖွဲ့၏ အိုင်ဒီယာကို သဘောကျသွားသလို ခေါင်းကျိုးလိုက်ရင်း ခေါင်းတညိတ်ညိတ်ဖြစ်နေ၏။ သည်မှာပင် မရည်ရွယ်ပါဘဲနှင့် ကြော်ငြာခေတ်တစ်ခေတ်ဆန်းလာ

ပုံကို စကားလက်ဆုံရှည်[...] သွားကြရလေသည်။ ကိုဆွေ[...] တို့ဝိုင်းက သည်လိုပင်ကြံ[...] ကိုကျဖမ်းပြီး ပြောကြသူ[...] ကိုး။

'တကယ်တော့ကွယ်[...] တို့ငယ်ငယ်တုန်းကလည်း[...] ဒီလိုပါပဲ။ ဆေးဝယ်ရင်[...] ဒီဆူဇာမှာ စိတ်ချရတယ် [...] တဲ့ကြော်ငြာဟာ အတော်[...] ရေပန်းစားခဲ့တာပေါ့။ [...] သေးတဲ့သူ၊ အပျိုကလေးနဲ့[...] ဆိုပြီး ကြော်ငြာခဲ့တဲ့ ဆေးတ[...] မျိုးလည်း ထင်ရှားခဲ့တယ်[...] ယောဂီသွေးဆေးထင်ပါရဲ့[...] ကြော်ငြာတာက နှုတ်ခမ်းမွေး[...] ကြီးနဲ့ ဦးရွှေရိုးပုံလား၊ [...] ခေတ်က မင်းသမီး ခင်ခင်[...] လားတောင် မမှတ်မိတော့[...] ဘူး။ မင်းသမီးကတော့ [...] ဆံပတ်ထုံးကြီးနဲ့ဆိုတာပဲ [...] ရေးရေး သိတော့တယ်'

ဘကြီးအောင်က သူ[...] ဖြတ်သန်းခဲ့ဖူးသော [...] အတိတ်ကို ပြန်လည်အော[...] မေ့မိသောလေသံဖြင့် [...] ၏။ ပြီးမှ ရေနွေးကြမ်း[...] ကျိုက်ဖြင့် လက်ဖက်ဆီ[...] တစ်ဖွန်းကို မြည်းလေသည်[...]

'ဆရာကြီးတို့က [...] စဉ်ကတည်းက ကြုံခဲ့ရတာ[...] တော့ မဆန်းတော့ဘူး[...] လေ။ ကျွန်တော်တို့ [...] ပေါက်တွေအဖို့တော့ ကြော်[...] ကိစ္စဟာ တီဗွီတွေ၊ [...] တွေက ကြော်ငြာကဏ္ဍ[...] စလွှင့်ထုတ်ကြ၊ ပြသလာ[...] တုန်းကဆိုရင် တော်တော်[...] အားတသင့် နားထောင်ခဲ့[...] ကြည့်ခဲ့ကြရတာခင်[...] ကျွန်တော်တို့သိတာ[...] မဂ္ဂဇင်းတွေထဲက ကြော်[...] တွေလောက်ပဲ ရှိခဲ့[...]



www.burmeseclassic.com

www.burmeseclassic.com

သား'

ကိုဆွေ နံဘေးက ကိုမြင့်ဦးက ဝန်ခံချက်ပေးလေ၏။

'မောင်မြင့်ဦးရဲ့ ဒါက ဖြတ်သန်းမှုနဲ့ပတ်သက်တယ် ကွဲ့။ စောစောက ဘကြီးအောင်ပြောခဲ့တဲ့ ကာလရဲ့ နောက်မှာ တို့နိုင်ငံက ခေတ်တစ်ခေတ်၊ စနစ်တစ်စနစ်ကို ပြောင်းသွားတယ်။ အဲဒီမှာတင် ကြော်ငြာကိစ္စတွေ မှေးမှိန်သွားခဲ့တာ အကြာကြီး။ နောက် မင်းတို့လူဖြစ်လာပြီး ဒီဘက်ခေတ်မှာ ဈေးကွက်စီးပွားရေးဆိုတဲ့ တစ်ခေတ်ကို ရောက်လာတော့ အိုင်ဒီယာတွေပြောင်းကုန်ပြီး ကြော်ငြာကိစ္စတွေက ပြန်အသက်ဝင်လာတာပဲ။ မင်းတို့က ကြားကျကျ ကိုးလိုးကန့်လန့်ကာလထဲ လူဖြစ်လာတဲ့သူငယ်တွေဆိုတော့ ကြော်ငြာကိစ္စကို အံ့အားသင့်ကောင်း သင့်မိကြပေမပေါ့လေ'

'ဟုတ်တယ်နော် ဆရာကြီး။ တကယ်တော့ ကြော်ငြာကိစ္စဟာ ဘာမှမဆန်းဘူး။ အများသိအောင်ကြော်ငြာပါပြီဆိုမှတော့ အဲဒီနာမည်တစ်ခုဟာ ထင်ရှားခိုင်မြဲပြီပဲပေါ့'

'အေး၊ အဲလိုယူဆရင်တော့ တည့်တည့်ကြီး လွဲပြီပဲပေါ့ကွာ'

'ခင်ဗျာ'

ဘကြီးအောင်က အတိအလင်း ငြင်းဆန်လိုက်သဖြင့် ကိုမြင့်ဦးမှာ ခင်ဗျာဟု ရေရွတ်လိုက်ရင်း မျက်ခုံးပင့်သွားလေသည်။ အနီးမှ ဝိုင်းထိုင်နားထောင်နေကြသော ကိုဆွေတို့ လူငယ်တစ်သိုက်လည်း မျက်လုံးပြူးသွားကြရ၏။ ကိုမြင့်ဦးက ထပ်မေး၏။

'ဘယ်လိုလွဲတာလဲ ဆရာကြီးရဲ့။ အများမသိသိအောင်ကြော်ငြာထားတဲ့ အမည်တစ်ခုဟာ ထင်ရှားခိုင် မြဲကြစမြဲ ထုံးစံပဲမဟုတ်လား'

ဘကြီးအောင် ခေါင်းခါလေသည်။ ပြီးမှ-

'မောင်မြင့်ဦးရဲ့။ မင်းဒီလိုလှေနံဓားထစ်ပုံသေမှတ်မထားနဲ့ကွ။ ဒီမှာ အဲသလိုအဖြူအပေါ် အမည်းတင်ပြီးပုံနှိပ်မီဒီယာတွေ၊ နာမည်ကျော်အဆိုတော်တွေ သရုပ်ဆောင်တွေကို သီချင်းဆိုခိုင်း၊ သရုပ်ဆောင်ခိုင်းပြီး အရုပ်အသံမီဒီယာတွေက ကြော်ငြာတိုင်း အမည်တစ်ခုဟာ ထင်ရှားခိုင်မြဲသွားပြီလို့ မထင်လေနဲ့။ ဘယ်လိုကြော်ငြာတဲ့ ဘာနာမည်ကြီးပဲဖြစ်ဖြစ်၊ ခေတ်ကာလရေစီးရဲ့ လှိုင်းအလျောက်ပြောင်းလဲမှုတွေ ရှိစမြဲပဲ။ ကိုယ့်မြို့မှာပဲ ကိုယ် ပြန်ကြည့်ဦးလေ'

'ဟုတ်ကဲ့ ဆရာကြီး၊ ပြောပါခင်ဗျာ'

'အခု ငါတို့မြို့ကလေးမှာ အရင်က အရပ်စကားအတိုင်း လမ်းတစ်လမ်းကို ဘုရားကြီးကုန်းလမ်းလို့ ခေါ်ခဲ့ကြတယ်။ နောက် ဒီဘက်ခေတ်ရောက်တော့ အဲဒီလမ်းမှာ တို့မြို့ရဲ့ နေရှင်နယ်အမျိုးသားကျောင်းရှိခဲ့ဖူးတာကို အစွဲပြုပြီး နေရှင်နယ်လမ်းလို့ ဖြစ်ရပြန်တယ်မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

'အေး၊ အဲသလိုကာလအလျောက်သာ တည်တံ့လာပြီး ခေတ်ရေစီးတစ်ချက်အပြောင်းမှာတင် ပြောင်းလဲကုန်ကြရတာတွေ အများကြီးပဲကွဲ့။ ကိုင်း တို့နိုင်ငံရဲ့ မြို့တော်ဖြစ်ခဲ့တဲ့ ရန်ကုန်မြို့က လမ်းတွေပဲ ကြည့်ပါဦး။ မောင်ဂိုမာရီလမ်းတဲ့၊ ခရစ်လမ်းတဲ့၊ ဖရေဇာလမ်းတဲ့၊ ဂေါ်ဒွင်လမ်းတဲ့။ အဲဒီတုန်းက အုပ်ချုပ်သူ အင်္ဂလိပ်အစိုးရက ပေးထားခဲ့တဲ့ နာမည်တွေလေ။ အခုကျတော့ အနော်ရထာလမ်းတို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းတို့၊ ဗိုလ်မြတ်ထွန်းလမ်း၊ မြို့မကျောင်းလမ်းတို့ဆိုပြီး မြန်မာနာမည်တွေ ပြောင်းသွားပြီ မဟုတ်လား။ လမ်းတွေကတော့ ဒီလမ်းတွေပါပဲ။ လမ်းတွေကို နေရာရွှေ့ပစ်လို့မရဘူး။ ဒါပေမဲ့ နာမည်တွေရွှေ့ပစ်လို့ရတယ်လေ။ ဝေးဝေးမကြည့်နဲ့ အရင်က အာအေအေမ်နဂျီအိုအိုအမ်နဲ Rangoon ရမ်းဂွန်းဆိုတဲ့ နာမည်ဟာ အခုတော့မှုပြောင်းပြီး ရန်ကုန်လို့ ဖြစ်သွားရပြီ မဟုတ်လား။ ဒါ ကိုယ့်နိုင်ငံမှ မဟုတ်ပါဘူး။ အိမ်နီးချင်းနိုင်ငံတွေပဲ ကြည့်ပါဦး၊ ငါတို့ငယ်ငယ်က တစ်ကင်းတည်းကင်းနေကြတဲ့ ပီကင်းက အခုတော့ ဘေဂျင်းတဲ့ အဲဒါ တရုတ်က။ အနောက်ဘက်ကိုကြည့်ဦးမလား၊ တို့ငယ်ငယ်က တစ်ဘေတည်းဘေခဲ့ကြရတဲ့ ဘုံဘေက အခုတော့ မွန်ဘိုင်းတဲ့။ အိန္ဒိယကအပြောင်းအလဲ ဟုတ်တယ်မဟုတ်လား'

ကိုဆွေတို့ ခေါင်းညိတ်လိုက်ကြရ၏။ ဘကြီးအောင်က ရေနွေးတစ်ကျိုက်သောက်လိုက်ပြီးနောက် ဆက်ပြော၏။

'အဲဒီတော့ ပြောချင်တာက အမည်သညာတစ်ခုဟာ ဘယ်လိုပဲသတ်မှတ်ပြီး ကြော်ငြာပစေ ခေတ်စနစ်ရဲ့ရွေ့လျားတောင်းဆိုမှုအရ ပြောင်းလဲရစမြဲပဲ။ တစ်ခါက ပေါ်တ္တူရာမဟာ အခုနောက်ပိုင်း ပုဂံဖြစ်သွားတာကိုပဲ ကြည့်။ ဒါပေမဲ့ တစ်ခုမှတ်ထားကြဦးကွ၊ ခေတ်တွေ ဘယ်လိုပဲ ပြောင်းပြောင်း ခေတ်ရဲ့စမ်းသပ်မှုကို ခံနိုင်ရည်ရှိရှိနဲ့ တည်တည်ငြိမ်ငြိမ် ရပ်တည်နေနိုင်တဲ့ ခိုင်မြဲတဲ့ အနုပညာတွေဟာလောကမှာရှိတယ်။ အဲဒီသညာတွေဟာ အများဆိုင် အများပိုင်နာမ်စားတွေဖြစ်ဖို့ လိုတယ်။ အဲသလို ဘယ်သူကမှ မစည်းရုံး မလှုံ့ဆော်အမိန့်မပေးပါဘဲနဲ့ အများစုကြီးရဲ့ ရင်ထဲ၊ အသည်းထဲ၊ နှလုံးသားထဲကကို တူတူညီညီထွက် ပေါ်လာခဲ့တဲ့ အများပိုင် နာမ်စားမျိုးကတော့ဟေ့။ သူ့ကိုထင်ရှားကျော်ကြား ခိုင်မြဲအောင် ဘယ်ကြော်ငြာဘုတ်မှ ထောင်နေစရာမလိုဘူး။ ဘယ်ပုံနှိပ်၊ ရုပ်သံမီဒီယာတွေကမှ ဖော်ပြထုတ်လွှင့်ပြသနေဖို့မလိုဘူး။ သူ့ပင်ကိုစွမ်းရည်အရကိုပဲ ခေတ်အဆက်ဆက် သားစဉ်မြေးဆက်တည်ရောကွ။ အဲဒီသညာမျိုးဟာ မင်းတို့ဓာတုဗေဒဘာသာရပ်မှာ အခြေခံသင်ခဲ့ကြရဖူးတဲ့ အက်တမ်နဲ့တူတယ်။ မှတ်မိကြသေးလား အက်တမ်ဆိုတာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို'

ဘကြီးအောင်က သူ့စကားကို မေးခွန်းတစ်ပိုင်းတစ်စနှင့် ရပ်တန့်လိုက်ကာ အာအခြောက်ပြေရေနွေးကြမ်းတစ်ကျိုက်သောက်လိုက်

www.burmeseclassic.com

သည်။ ထိုခဏမှာပင် ကိုဆွေနံဘေးမှ လူငယ်တစ်ယောက်က ဝင်ဖြေ၏။

'ကျွန်တော်တို့ သင်အံကျက်မှတ်ခဲ့ရတာကတော့ အက်တမ်ဟူသည် ပြုလုပ်၍လည်းမရ၊ ဖျောက်ဖျက်၍လည်းမရလို့ ဆိုတာပဲ ဆရာကြီးရဲ့'

ဘကြီးအောင်က ပြုံးပြုံးကြီးခေါင်းညိတ်လိုက်လေသည်။

'မှန်သဗျား ဘကြီးအောင် လိုချင်တာလည်း အဲဒီအဖြေပါပဲ။ ကဲ မင်းတို့ပဲ စဉ်းစားကြည့်ကြပါ။ ဂျိုးလူးဝစ်စ်တို့၊ မိုဟာမက်အလီ တို့၊ ငါတို့တိုင်းပြည်က ကျားဘညိမ်းတို့ကို 'ကိုင်း၊ မင်းတို့လက်ဝှေ့ဆရာကြီးတွေ လုပ်ပြီးနိုင်ငံ့ဂုဏ်ကိုဆောင်ကြပေတော့ကွာ'လို့ သူတို့မိဘတွေကတမင်ပြုလုပ်ပေးခဲ့ မွေးဖွားပေးခဲ့တာ မဟုတ်ဘူး။ ဒါပေမဲ့ သူတို့ကိုယ်ပိုင်အရည်အသွေးတွေနဲ့၊ ကြိုးစားအားထုတ်မှုတွေနဲ့ နိုင်ငံ့ဂုဏ်ဆောင်လက်ဝှေ့အကျော်အမော်ကြီးတွေ ဖြစ်လာခဲ့ကြတယ်။ သူတို့နာမည်တွေက တစ်ချိန်မှာ အများပိုင်နာမ်စားတွေ ဖြစ်လာခဲ့ကြတယ်။ အထူးကြော်ငြာနေဖို့ မလိုတော့သလို သူတို့နာမည်တွေနဲ့သူတို့ရဲ့ ဖြတ်သန်းမှုသမိုင်းတွေကိုလည်း ဘယ်သူတွေကမှ ဖွတ်ပြန်ဖျောက်ဖျက်ပစ်လို့တော့ မရတော့ဘူး။ အဲဒါဟာ အက်တမ် သဘောတရားနဲ့ ထပ်တူကျသွားတာပဲ မဟုတ်လား။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အဲလိုအများပိုင်နာမ်စားသညာတစ်ခုရဲ့သမိုင်းကို ဖုံးကွယ်ဖို့၊ အမှောင်ချပစ်ဖို့ဆိုတာ လောကမှာ သာမန်လူတွေမဆိုထားနဲ့ ဘုရားရှင်ကတောင် လုပ်ပေးဖို့မဖြစ်နိုင်ဘူး။ ကောင်းခြင်းဆိုးခြင်းကတော့ အဲဒီကာယကံရှင်ပုဂ္ဂိုလ်ရဲ့ဆောင်ရွက်ချက်နဲ့ပဲ သက်ဆိုင်လိမ့်မယ်။ ကမ္ဘာမှာ ထင်ရှားကြတာချင်း အတူတူပေမဲ့ အေဗရာဟမ်လင်ကွန်းနဲ့ အဒေါ့ဖ်ဟစ်တလာတို့ရဲ့ ကျော်ကြားမှုတန်ဖိုးချင်း ယှဉ်လို့ရသလား။ ဒီလောက်ဆိုသဘောပေါက်ရောပေါ့'

'ဟုတ်ကဲ့။ ရှင်းပါပြီ ဆရာကြီး၊ ကောင်းချင်ကောင်း၊ ဆိုးချင်ဆိုး၊ ဒီနှစ်ခုမှာ ဘယ်ဘက်ကပဲ ထင်ရှားသည်ဖြစ်စေ သညာတစ်ခုဟာ အများပိုင်နာမ်စားဖြစ်လာရင် အထူးကြော်ငြာဖို့တောင် မလိုဘဲ သမိုင်းတွင်ရောဆိုတဲ့ သဘောပေါ့'

ကိုမြင့်ဦးက ဝင်ထောက်ခံလိုက်တော့ ဘကြီးအောင်က ခေါင်းညိတ်ပြကာ

'ကဲ၊ တို့မြို့ကလေးမှာပဲ ကြည့်၊ တို့မြို့မှာ အများပြည်သူလူထုက သုံးစွဲပြောဆိုနေကြတဲ့ ကွေ့တွေရှိတယ်။ ဈေးကွေ့တဲ့၊ ကျောင်းကွေ့တဲ့၊ ဓာတ်ဆီဆိုင်ကွေ့တဲ့။ အဲဒီမှာ မြို့မြောက်ဘက်ဖျားက မြို့မေတ္တာကွေ့ဆိုတာလည်း ပါတယ်။ မင်းတို့လည်း ဒီမြို့မှာ မွေးဖွားလာတဲ့သူတွေပဲ။ အဲဒီမြို့မေတ္တာကွေ့ဆိုတာ ဘယ်လိုက စတွင်သွားခဲ့တယ်ထင်လဲ။ သူဖြစ်တည်လာပုံကို သိကြရဲ့လား'

'အဲဒါတော့ ကျွန်တော်တို့ မသိပါဘူး ဆရာကြီး။ နာမည်ကိုသာသိတာ သူ့ရဲ့ ဇာစ်ပွတ်ကိုတော့ မသိဘူး'

ကိုဆွေတို့အားလုံးဝန်ခံလိုက်ကြရ၏။ ဟုတ်သည်။ မြို့မေတ္တာကွေ့ဆိုသော နေရာတစ်ခု သူတို့မြို့မှာ ရှိနေ၏။ ကိုယ့်ရှေ့က လူကြီးသူမတွေ အစဉ်အဆက်ပြောဆိုသုံးစွဲလာကြသံကြားရ၍သာ ကိုဆွေတို့လည်း လိုက်ပြောကြသုံးစွဲခဲ့ကြခြင်းဖြစ်သည်။ တကယ်တမ်းမှာ အဘယ့်ကြောင့် ထိုနာမည်ဖြစ်တည်စွဲမြဲခဲ့ရသည်ဆိုတာကို လုံးဝမသိ။ ဘကြီးအောင်က ပြုံး၍ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်၏။ ပြီးမှ-

'မင်းတို့မှတ်ထားကြ
ပေတော့။ အဲဒါ ငါတို့ငယ်
ငယ်တုန်းက ငါတို့မြို့ကလေး
ကို ပြောင်းရွှေ့ရောက်လာခဲ့
တဲ့မြို့အုပ်မင်းတစ်ယောက်
ကြောင့် ပေါ်ပေါက်လာခဲ့တဲ့
နာမည်ပဲ။ မြို့အုပ်မင်းက
လည်း ဆိုးသလားမမေးနဲ့
တို့ခေတ်ကအခေါ်အဝေါ်အရဆို
ရင်တော့ တကယ့်ဇျူရိုကရက်
အကြီးစားပဲ။ အရာရှိဆိုးကြီး
ပေါ့ကွာ။ မတရားသဖြင့်
နှိပ်တယ်။ လာဘ်ပေးလာဘ်
ယူအကြီးအကျယ်လုပ်တယ်
နေရာတကာ သူ့အမိန့်သာ
အဓိကပဲ။ တရားစီရင်တော့
လည်း ငွေများတရားနိုင်
ကျင့်ထုံးနဲ့ စီရင်တယ်။
လူထုဆိုတာ မလှန်သာ
သာ ကြိတ်မှိတ်နေကြရတယ်
သူ့ရှေ့မှာ ပြုံးနေကြရပေ
မျက်နှာကွယ်တာနဲ့ တံတွေး
ထွေးတော့တာပဲ။ ဒီလိုနဲ့
ကို ၂ နှစ်လောက်ထင်သ
နှိပ်ကွပ်အုပ်ချုပ်နေတုန်း တ
ရက်မှာတော့ မြို့အုပ်မင်း
အဲဒီကွေ့မှာ အရက်မူး
မော်တော်ဆိုင်ကယ်ကြီးနဲ့
လမ်းကွေ့က မန်ကျည်းပင်
ကြီး ဝင်အောင်းပါလေရော
ကွာ။ ဒီတုန်းက တစ်မြို့
လုံးမှာ ဆိုင်ကယ်ဆိုလို့
တစ်စီးပဲရှိတာ ဘီအက်
လား၊ ဂျာဝါးလား၊ ဆိုင်က
အမျိုးအစားတောင် မမှတ်
တော့ပါဘူးကွာ'

'ဟန်ကျလိုက်
ဆရာကြီးရာ၊ အဲဒီတော့
မြို့အုပ်မင်း ဘာဖြစ်သွား
သတုံး'

လူငယ်တစ်ယော
က ဝင်မေးသည်။

'ဒဏ်ရာရပြီး

လူထုကြားက
အများညီညီ
သဘောတူ
လက်ခံပြီး
ထွက်လာတဲ့
အများပိုင်
နာမ်စားသညာ
တစ်ခုဟာ
ဘယ်ကြော်ငြာမှ
မလိုဘဲ
ထင်ရှားတယ်
ခိုင်မြဲတယ်
ရိုးစင်းသလောက်
ပြင်းထန်တဲ့
အစွမ်းအာနိသင်
ရှိတယ်
ဆိုတာပဲ



www.burmeseclassic.com

www.burmeseclassic.com

တော့ အကြီးအကျယ်ပေါ့ကွာ။ လူလည်း လွင့်စဉ်သွားပြီး နံ့ထဲလူးနေတော့တာပေါ့။ ရာက မထနိုင်ဘဲ တုံးလုံး ကြီး။ အဲဒီမှာ အံ့သြဖို့ကောင်း တယ်။ အနီးအနားက အိမ် တွေက လူတွေက ကိုယ့်ခြံ ခါးကိုယ်ပြေးပိတ်ကြ တယ်။ ဘယ်သူမှ ထွက်မထူ ဘူး။ လမ်းသွားလမ်းလာ တွေကလည်း အဝေးက ကွေ့ ရှောင်သွားကြတယ်။ အနား တောင် သွားမရပ်ကြဘူး။ နောက် သူနဲ့မကင်းနိုင်တဲ့ သူ့ လက်အောက်ငယ်သားတွေ ဆီ သတင်းရောက်သွားတော့ မှ အဲဒီလူ သုံးလေးယောက် မြင်းလှည်းတစ်စီးနဲ့ ရောက် လာပြီး ဝိုင်းထူကြ၊ ဆေးရုံ ကြလုပ်ကြရတော့တယ်'

'အဲဒီမြို့အုပ်မင်း သေ သွားသလား ဆရာကြီး'

'ဟင့်အင်း မသေပါ ဘူး။ ဒါပေမဲ့ ငါ ပြောရဲပါ တယ်။ အသက်မသေပေမဲ့ သူ့အတိမာနစိတ်နဲ့ သူ့နှလုံး သားကတော့ အဲဒီတစ်ချီနဲ့ တင် သေမလောက်နီးနီး အလဲ ထိုးခံလိုက်ရသလို ဖြစ်သွား လိမ့်မယ်ကွ။ သြော်၊ မြို့လူထု ကြီးတစ်ရပ်လုံးက ငါ့ကို ဒီ လောက်စက်ဆုပ်ရွံရှာ မုန်းတီး နေခဲ့ကြပါလားဆိုတဲ့ သိစိတ် ကြီးရဲ့ အကြီးအကျယ်ခြောက် လှန့်မှုကို အချိန်တိုင်းတွေးမိ တိုင်း လိပ်ပြာငယ်ငယ်ခံစား ရလိမ့်မယ်။ ကိုက်တတ်တဲ့ ခွေးတစ်ကောင်ကောင်က လမ်းပေါ်က ကလေးကိုလိုက် ကိုက်တာမြင်ရင်တောင် ဘေးက လူတွေက ခွေးကိုဝိုင်းခြောက် မောင်းရသေးတယ်လေ။ သူ့ကျ မှ သေကောင်ပေါင်းလဲကြီး လမ်းပေါ်မှာ လဲနေတာ မြင် ကြပါလျက်နဲ့ ဘယ်သူကမှ ကပ်မလာဘူးဆိုတာ ဘယ် လောက် ရှက်ဖို့ လိပ်ပြာငယ်ဖို့ ကောင်းလဲ။ မကြာပါဘူး၊ ဆေးရုံကဆင်းပြီး တစ်လ အတွင်းမှာပဲ တို့မြို့က ပြောင်း ပြေးတော့တာပဲ။ သူ့အထက် က လူကြီးတွေဆီ ဖွတ်အသ နားခံ၊ ပြောင်းရွှေ့မိန့်ခံပြီး ရွှေ့ပြေးတာလို့ သိရတာပဲ'

'အဲဒီဖြစ်စဉ်နဲ့ မြို့မေတ္တာ ကွေ့နဲ့ ဘာဆိုင်လို့လဲ ဆရာ ကြီးရဲ့'

လူငယ်တစ်ယောက်က ဝင်မေးတော့ ဘကြီးအောင် က ဟက်ခနဲ ရယ်လိုက်၏။

'အေး၊ ဆက်ပြောမယ် လေ။ အစက ဘယ်နာမည်မှ မရှိခဲ့တဲ့ အဲဒီလမ်းကွေ့ဟာ မြို့မေတ္တာကွေ့လို့ အဲဒီမှာ နာမည်တစ်လုံး ရသွားခဲ့တော့ တာအခုထိပဲ။ မြို့အုပ်မင်း ဆိုင်ကယ်မှောက်တဲ့ ကွေ့လို့ မပြောဘဲ မြို့မေတ္တာကွေ့တဲ့။ ဘယ်သူက စပြောလိုက်မှန်း မသိဘဲနဲ့ တစ်မြို့လုံးပါးစပ်ထဲ အဲဒီစကားလုံးက ဟိုးဟိုးကျော် ရော။ လူတွေက တပြုံးပြုံး အရသာခံပြီးတော့ကို ပြောကြ သုံးကြတာဟေ့။ အဲဒီနာမည် သညာဟာ ဘယ်သူကမှ ဘုတ်ထောင်ပြီး ကြော်ငြာခဲ့ တာ မဟုတ်ပေမဲ့ အခုထိ စွဲမြဲ နေတယ်။ နောင်လည်း ဆက် လက် တည်မြဲနေဦးမှာပဲ။ ကောက်ချက်ချရရင်တော့ကွာ လူထုကြားက အများညီညီ သဘောတူလက်ခံပြီးထွက်လာ တဲ့အများပိုင် နာမ်စားသညာ တစ်ခုဟာ ဘယ်ကြော်ငြာမှ မလိုဘဲ ထင်ရှားတယ်၊ ခိုင်မြဲ တယ်၊ ရိုးစင်းသလောက် ပြင်းထန်တဲ့ အစွမ်းအာနိသင် ရှိတယ်ဆိုတာပဲ။ ဒါကြောင့် ငါပြောခဲ့တာ ကြော်ငြာတိုင်း ထင်ရှားခိုင်မြဲလိမ့်မယ် မထင် နဲ့။ မကြော်ငြာဘဲ ထင်ရှား ခိုင်မြဲနေတဲ့ အများပိုင်နာမ်စား တွေလည်း တို့ပတ်ဝန်းကျင် မှာ တစ်လေ့ကြီးလို့'

ဆရာကြီး၏ စကားက ဤတွင်နိဂုံးချုပ်သွားပါသည်။ နိဂုံးမချုပ်ဘဲ ဆက်ပြီးရှည် လျားနေရစ်ခဲ့ကြတာကတော့ ကိုဆွေတို့ ဦးခေါင်းများထဲမှ အတွေးမျှင်များသာ ဖြစ်ပေ တော့မည်။

ရှေ့လျှောက်ပြီး အသစ် အသစ်သော ကုန်စည်မျိုးစုံ ၏ ထူးပေ့ဆန်းပေ့ဆိုသော ကြော်ငြာမျိုးစုံ တို့လည်း ကိုဆွေတို့ တွေ့ကြမြင်ကြရ ဦးမှာပဲ ဖြစ်သည်။ သို့တစေ ဘယ်လောက်ကြီးကျယ် ခမ်းနားသော ကြော်ငြာဆိုင်း ဘုတ်ကြီးတွေကိုပဲ မြင်မြင်၊ ကမ္ဘာကျော်မင်းသား၊ မင်းသမီး၊ အားကစားသမား တွေ၊ ဘောလုံးသမားတွေ နှင့် ရိုက်ကူးထုတ်လွှင့်နေပစေဦး။ ကိုဆွေတို့စိတ်ထဲမှာ အထူး အထွေ အံ့အားတသင့်ငေး မောနေမိကြတော့မည် မဟုတ်တာကတော့ သေချာ လေသည်။ 'အံ့သြစရာ မဟုတ်တော့ပါဘူးလေ' ဟူသော ဆင်ခြင်စိတ်ကလေး ပင် ဝင်ဝင်လာလိမ့်ဦးမည် ထင်သည်။

အထူးသဖြင့် မြို့မေတ္တာ ကွေ့ဆိုသော ကွေ့ကလေး တစ်နေရာကို ဖြတ်လျှောက်မိ၊ ရောက်ရှိမိသည့်အခါတိုင်း ဆို ပါတော့လေ။ ■

**နန္ဒာစိုး၊ဆင်ဖြူကျွန်း၊**


**အယ်ဒီတာအဖွဲ့**


အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၁။

သံစွဲမထားသော
ပျဉ်ချပ်တွေအပေါ်
ခြေနင်းသွားသံတွေ
ကြောင့်လား တစ်စုံတစ်
ယောက်ကပဲ သွန့်နှာမည်ကို
ခေါ်လိုက်လေသလား။
သေချာတော့ မသိ။ အိပ်နေ
ရင်းဖျတ်ခနဲ လန့်နိုးသွား
သည်။ ဆယ်ခေပေတ်လည်ခန့်
တဲအိမ်ကလေးပေါ်တွင် ဖခင်
နှင့် သမီးဖြစ်သူတို့၏ အမြန်
အလှန်စကားပြောသံတွေ၊
အဆင်းအတက်ခြေသံတွေက
တပြောင်းပြောင်းထလျက်။
တဲနားနီးချင်းတွေဘက်မှ
ခွေးသံ၊ ကလေးသံမှအစ၊
ဘေးနားချောင်းကျဉ်းကျဉ်းလေး
အတိုင်း ဖြတ်မောင်းသွားသော
ပဲ့ထောင်အချို့၏ အင်ဂျင်သံ
တဒုတ်ဒုတ်ကိုပင် ကြားလိုက်
ရသည်။ ပြီးတော့ ထရံ
ပေါက်တွေကြားမှ မြင်နေ
ရသော အလင်းအပိုင်းစ
လေးတွေကြောင့် နေအရှည်း
ငယ် မြင့်နေပြီဆိုတာ သတိ
ရသွားသည်။ အိပ်ရာမှ
လူးလဲထ၊ စောင်လေးခေါက်၊
ခြင်ထောင်ဖြုတ်လုပ်နေစဉ်၊
တဲပေါ်ဘယ်နှကြိမ်ပြောက်မှန်း
မသိ လှမ်းတက်လိုက်သော
သမီးဖြစ်သူနှင့် အကြည့်ချင်း
သွားဆုံသည်။ ဝီရိယကောင်း
သောသမီးကတော့ သနပ်ခါး
ပါးကွက်ကျားနှင့် ဖြစ်နေပြီ။
နှုတ်ခမ်းနီတွေပင် ရဲနေပြီ။

# ရန်ကုန်မြစ်ဈ တစ်နေရာ

## မိုးဇေကျော်ခင်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ခွင်ဝင်ရန် အဆင်သင့် အနေအထားဖြစ်၏။

'အဖေ နိုးပြီဆိုလည်း မြန်မြန်လုပ်လေ သမီးက အကုန်ပြီးနေပြီ။ အဖေ့ကို စောင့်နေတာ ဆီသဘော်ကြီးက ဟိုမှာကျောက်ချပြီးနေပြီ တဲ့၊ သူဇာတို့ ဖိုးတာတို့ လှေတွေတောင် သွားကုန်ကြပြီ'

'အေးပါ သမီးရယ် အဖေက မြန်ပါတယ်'

သမီးဖြစ်သူက ပြောပြောဆိုဆိုနှင့် တဲထောင့်တစ်နေရာက ဘီယာဖာကြီးမလျက် ဆင်းသွားသည်။ ပြီးတော့ ချောင်းစပ်မှ ပွဲထောင်ဆီနေရာချသံကိုပင် ကြားလိုက်ရ၏။

တကယ်တော့ ဆီသဘော်ကြီးတစ်စီး မနက်ဝင်မည်ဆိုတာ မနေ့ညကတည်းကပင် သတင်းရထားနှင့်ပြီးဖြစ်သည်။ ပိုက်သွားချသော လှေတွေ ပြန်လာစဉ် ပင်လယ်ဝတွင် ကျောက်ချထားသော သဘော်တွေထဲ ဆီသဘော်ကြီးတစ်စီးပါ တွေ့ခဲ့ကြောင်း ခေါင်းလောင်းထိုးသွားခဲ့ခြင်းကြောင့် ဖြစ်၏။ ဒီမနက် ရေတက်ချိန်တွင်ဝင်လာ၍ ကျောက်ချမည်ဆိုတာ သေချာတွက်ဆပြီးသားပင်။

မိန်းမ ချက်ပြုတ်နေရာမှ ရေတစ်ဖလားနှင့် ဆားတစ်ဆုပ်နိုက်ပြီး တဲရှေ့ထွက်လာလိုက်သည်။ ကိုင်းပင်အဖျား၊ ချုံပင်အဖျားတွေကို ကျော်လျက် မြစ်ရေပြင်ကြီးကို တွေ့လိုက်ရခြင်းသည် သူ့သွေးကြောတွေထဲ ခွန်အားတွေ ပြည့်ဖောင်းလာသလိုပင်။ စပါးနှံတွေ အိတွဲငိုက်ကျနေကြသည်အထိ ဖြစ်ထွန်းအောင်မြင်လှသော တစ်မျှော်တစ်

ဝမ်းစာတိုက်ပွဲအရ
လက်ရှိ
အခြေချထားသော
တဲနေရာလေး
တွေက
သဒ်ါရ
လက်ခုပ်ထဲမှ
'ရေ' ဖြစ်သည်
အချိန်မရွေး
တဲတိုင်လေးတွေ
ချွတ်ပြေးရန်
စိတ်ရောကိုယ်ပါ
အသင့်
ပြင်ထားကြရ၏

ခေါ် လယ်ကွင်းပြင်ကြီးကို ရှုစားနေသည့် လယ်ပိုင်ရှင်ကြီးတစ်ဦး၏ ပီတိနှင့် အရောင်တူနေလိမ့်မည်။ နေ့စဉ်နေ့တိုင်း မြင်နေထိတွေ့နေ ဖြတ်သန်းနေရသော်လည်း သူ့အတွက် ရိုးအီမသွား။ နွံဝါရောင်မြစ်ပြင်ကြီးပေါ်မှ ပင်လယ်ကူးသဘော်ကြီးတွေ၊ မီးခိုးခေါင်းတိုင် အရောင်အမျိုးမျိုးတွေ၊ ကုန်တင်စက်လှေတွေ၊ ပြီးတော့ မနီးမဝေး ဆိပ်ကမ်းကြီး၏ ကုန်တင်ကုန်ချ ကရိန်းမောင်းတံကြီးတွေ။

သို့သော် ကြာကြာငေးမောခွင့်တော့မရ။ ရုပ်ရှင်ဇာတ်ဝင်ခန်းထဲမှ သရုပ်ဆောင်တစ်ယောက်လိုပင်၊ သရုပ်ဆောင်နေစဉ် သူတို့ကိုယ်သူတို့ ပြန်လည်ကြည့်ရှုနိုင်ခွင့်မရှိ။

မျက်နှာကို ကမန်းကတမ်းသစ်၊ မိန်းမပြင်ပေးသော ထမင်းကြော်နှင့် ငါးခြောက်ဖုတ်ဆီဆမ်းလေးစား၊ ရေနွေးကြမ်းလေး နှစ်ပန်းကန်လောက်သောက်ပြီးသည်နှင့် တဲအောက်ချောင်းစပ်ကို ပြေးဆင်းရလေပြီ။ ရောက်နှင့်နေသော သမီးဖြစ်သူက ပွဲထောင်ဦးတွင်ထိုင်လျက် သူ့ရှိရာဘက်ကို ကျောခိုင်းထားသည်။ မျက်နှာမမြင်ရသော်လည်း နှုတ်ခမ်းစူနေမည်ဆိုတာ သေချာ၏။ လှေဝမ်းထဲမှတော့ ပစ္စည်းတွေက သူ့နေရာနှင့်သူ ထားသိုခင်းကျင်းပြီးပြီ။ ဘီယာတွေ၊ အချိုရည်တွေ၊ စီးကရက်၊ ငှက်ပျောဖီး၊ နာနတ်သီး၊ ဖရဲသီး စသည်တို့ အကုန်စုံလင်နေပြီ။ ဒီဇယ်နံ့ပြင်းပြင်းစွဲနေသော ကော်ပုံးဟောင်းကြီးတွေပင် ပါလိုက်သေးသည်။ တကယ်တော့ ဒီဆီပုံးဟောင်းကြီးတွေကလည်း ရောင်းကုန်မဟုတ်သည့်တိုင် မပါမဖြစ်။

သူ ဘာမှပြောမနေတော့ ပွဲထောင်ပေါ်တက်ပြီး အင်ဂျင်ကို ရေ၊ ဆီဖြည့်သည်။ ပြီးသည်နှင့် ကြိုးကလေးသုံးလေးပတ်ရစ်ပြီး ဆွဲနှိုးသည်။ မရ၊ ဒီလိုနည်းနှင့် သုံးကြိမ်ခန့် ကြိုးစားလိုက်တော့မှ စက်က နိုးသည်။ စက်ကို အတင်အချလေးကြိမ်ခန့် လုပ်ကြည့်ပြီးသည်နှင့် လီဗာတံလေးကို အနည်းငယ်လျှော့ထားလိုက်

သည်။ လှေကြိုးကိုဖြုတ်...
တက်မကို အသာထိန်းလျက်...
ပန်ကာဝင်ရိုးကို ချောင်း...
ပြင်ထဲ နှစ်လိုက်သောအခါ...

ချောင်းကွေ့ချောင်း...
ကောက်လေးအတိုင်း သူတို့...
ပွဲထောင်လေးက ခပ်ထိန်း...
ထိန်းပြေးနေသည်။ သမီး...
လှေဦးမှာ ထိုင်လျက်...
နောက်ကျရခြင်း၏အဖြစ်...
မန္တန်ရွတ်သလို ရွတ်နေ...
သမီးစိတ်စောနေသည်ကလည်း...
အပြစ်မရှိ။ ဒီချောင်းကျဉ်း...
လေးကိုပင် ဆယ်မိနစ်သာ...
ခန့် ဖြတ်ရဦးမည်။ ဟိုရောက်...
လျှင် သူတို့ရှေ့ တိုကင်...
ထားသလို တန်းစီနေကြ...
ဘဝတူလှေတွေ ရောက်နှ...
နေကြရော့မည်။ ခွင်ကျေ...
ရိုက်၍ မရ။ ကြားဖြတ်ဝင်...
ထုံးစံ မရှိ။ တစ်စီးလွတ်သွား...
ပြီးမှ နောက်တစ်စီးက ...
ရောက်ရသည်။ ဒီပုံစံက ...
သည့်အာဏာနှင့်မျှ ကန့်သ...
မထားသော ဥပဒေတစ်ခု...

ဤနေရာတွင် ကွန်...
နာတွေ၊ ကုန်သဘော်...
အတွက် ဆိပ်ကမ်းရှိ...
လည်း ဆီသဘော်တွေအတွက်...
မရှိသေး။ မနီးမဝေး ...
ကမ်းတစ်နေရာတွင် ဆော...
လုပ်နေဆဲ။ ဒီတော့ မြစ်လ...
မှာပင် ကျောက်ချရန် ...
ကြီးတွေကပ်ကာ ကုန်ချ...
ရ၏။ အနည်းဆုံးတစ်ရက်...
တော့ ပုံမှန်ကြာမြဲ။ ...
အချိန်တွေမှာပင် သူတို့ ...
လှေတွေက ဝင်အလုပ်...
ကြခြင်း ဖြစ်သည်။

❑

၂။

တကယ်တမ်း ...
လျှင် သဘော်တွေ...



www.burmeseclassic.com

www.burmeseclassic.com

> သမီး၏ နိုင်ငံခြားကျောင်းစရိတ်အတွက် မဟုတ် သား၏ ဟန်းဆက်အသစ်လဲရန် မဟုတ် အနာဂတ်ဆိုသော တစ်မျှော်တစ်ခေါ် ကာလကို အသာထား 'မနက်ဖြန်' ဆိုသော နေ့သစ်တစ်ခုအတွက်ပင် သူတို့ ရှန်းကန်မှုတွေက မသေချာ

အလုပ်ကိစ္စနှင့် ပတ်သက်သော ရေယာဉ်တွေမှအပ ည်သည့်လှေမျှ ကပ်ခွင့်မရှိ။

အလုပ်သာမက နေထိုင်ရာ နေရာကအစ သူတို့ရွာ ဟုတ်။ 'သူတို့ရွာမဟုတ်' ဆိုခြင်းထက် 'သူတို့ရွာ ဟုတ်တော့' ဟုဆိုလျှင် ပိုမို ကျပေလိမ့်မည်။ အကျယ် တဝင့်ရှင်းရလျှင် ဇာတ်က နည်းငယ်နာ၏။

သူ့ဘဝ စတင်ခဲ့ရာ သည် မြန်မာသမိုင်းတွင် သတင်းကြီးခဲ့သော ခံတပ် ကြီးတစ်ခု၏ နာမည်နှင့်ရွာ ဖြစ်သည်။ ဒီတစ်ချက်တည်း နှင့်ပင် သူ့ရွာကို သူမြတ်နိုး နေ လုံလောက်နေပြီဖြစ်၏။ ရွာကြီးက နွံ့ဝါရောင်မြစ်ကြီး ၏ဘေး မေးတင်လျက်။ ရွာ ထဲမှ အိမ်တွေထဲတွင် သူ့အိမ် တစ်လုံးရှိ၏။ ဒီရွာတွင်မွေး၊ ဒီရွာတွင်ကြီး၊ ဒီရွာတွင်အိမ် ထောင်ကျ၊ အသက်မွေးလုပ် ငန်းကအစ၊ ဒီရွာထုံးစံအတိုင်း ဒီမြစ်ကြီးထဲသို့ ဆင်းခဲ့ သည်။ တစ်ရွာလုံးရှိ အလုပ် အကိုင်တွေ စစ်တမ်းကောက် ကြည့်ပါက နှစ်မျိုးနှစ်စား တည်းသာအဓိက ထွက်လာ မည်။ တံငါအလုပ်နှင့် ဈေး လှေ။ ဒီမြစ်ကြီးနှင့် ခွဲထုတ် ရသည့်အလုပ်များသာ ဖြစ် သည်။ သူတို့ဘဝ၏ နေ့စဉ် စားဝတ်နေရေးအတွက် လို အပ်သမျှကို နွံ့ဝါရောင်မြစ်ထဲ မှပင် ရရှိခဲ့ကြသည်။

သူလည်း အစကတော့ မိရိုးဖလာ တံငါသည်တစ် ယောက်။ နောက်တော့ လူ စုလုပ်ကိုင်ကြသော သင်္ဘော ကြီးတွေဆီ ဈေးရောင်းသော ဒီအလုပ်ကို လှမ်းခုန်ခဲ့ရခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် ဆိပ်ကမ်းတိုးချဲ့ရေးစီမံကိန်းအရ သူတို့ရွာလုံးကျွတ်ပြောင်းရွှေ့ပေးခဲ့သည်။ မြစ်ကြီး၏ အဝေးတစ်နေရာတွင် လယ်ပိုင်ယာပိုင်မရှိ၊ ငွေကြေးအရင်းအနှီးတွေမရှိ၊ အဆက်သွယ်ကောင်းတွေမရှိ၊ အောင်လက်မှတ်တွေမရှိ။ ကုန်းပေါ် အတင်ခံရသော ငါးတွေကို ဆားနှင့်ပက်ကြဲလိုက်သလိုမျိုး သူတို့ဘဝလမ်းကွေ့တွေက ကြမ်းလွန်းခဲ့ကြ၏။ တစ်သက်လုံး မြစ်ကြီးကို မှီ၍ ရှင်သန်ခဲ့သမျှ မြစ်ကြီး၏ အဝေးကို ခွဲထုတ်လွှင့်ပစ်လိုက်ခြင်းသည် ကြမ်းတမ်းသောဘဝကို ပိုမိုခက်ခဲစေခြင်းပင်။

နောက်ဆုံးတော့ ကမ္ဘာဦးလူသားများမှ စ၍ ယနေ့ မျက်မှောက်ခေတ်အထိ ကျင့်သုံးနေကြသော 'ရေကြည်ရာ မြက်နုရာ' ကို သူတို့စွန့်စားထွက်ခဲ့ကြသည်။ သူတို့အတွက် ရေကြည်ရာ တစ်ခုတည်းသော အရပ်ကလည်း နွံ့ဝါရောင်ရေစီးသန်မြစ်ကြီးပင်။

မူလရွာနေရာကိုတော့ မဟုတ်။ မူလရွာနေရာက မြစ်ကမ်းတစ်လျှောက် 'ပိုင်' တွေ တန်းစီစိုက်ရိုက်ထားပြီးပြီ။ ရွာဟောင်းနှင့် မိုင်ဝက်ခန့်ဝေးသော နေရာလေးမှာ တစ်တဲစ၊ နှစ်တဲစ။ နောက် ဆယ်တဲ၊ ဆယ့်ငါးတဲ။ အခုတော့ တဲပေါင်းငါးဆယ်ကျော် တစ်ရာနီးပါးပင် ဖြစ်နေပြီ။ သူတို့မြစ်ထဲ သူတို့ပြန်ဆင်းကြလေပြီ။ မနီးမဝေး ကမ်းနဖူးတစ်လျှောက် ဆိပ်ကမ်းသစ်အတွက် 'ပိုင်' တွေ တန်းစီစိုက်ထားသောနေရာကို တွေ့မြင်ရတိုင်း ပျောက်ရှခဲ့ရသော တစ်ချိန်က ပျော်ရွှင်ခြင်းတွေကို လှမ်းတွေ့ရနိုးနိုးဖြင့် သူ ငေးစိုက်ရှာဖွေနေမိမြဲ။

ဝမ်းစာတိုက်ပွဲအရ လက်ရှိအခြေချထားသော တဲနေရာလေးတွေက သင်္ချိုင်းရ လက်ခုပ်ထဲမှ 'ရေ' ဖြစ်သည်။ အချိန်မရွေးတဲတိုင်လေးတွေ ချွတ်ပြေးရန်စိတ်ရောကိုယ်ပါ အသင့်ပြင်ထားကြရ၏။ နောက်ထပ်တိုက်တစ်လုံး၊ နောက်ထပ်စက်ရုံတစ်ရုံ၊ နောက်ထပ်ကုမ္ပဏီတစ်ခုအတွက် မဟုတ်။ သမီး၏ နိုင်ငံခြားကျောင်းစရိတ်အတွက် မဟုတ်။ သား၏ ဟန်းဆက်အသစ်လဲရန် မဟုတ်။ အနာဂတ်ဆိုသော တစ်မျှော်တစ်ခေါ်ကာလကို အသာထား၊ 'မနက်ဖြန်' ဆိုသော နေ့သစ်တစ်ခုအတွက်ပင် သူတို့ရှန်းကန်မှုတွေက မသေချာ။

သူတို့ဈေးလှေတွေက တဲစုလေးထဲ ဆယ်စီးကျော် ဆယ့်ငါးစီးဝန်းကျင်ခန့်ရှိမည်။ မြစ်ထဲကျောက်ချထားသမျှ သင်္ဘောတွေဆီ ဈေးလှည့်ရောင်းကြ၊ မြန်မာသင်္ဘောသားတွေပါလာလျှင် အိမ်ခဏပြန်လိုသူများအတွက် အဆင်ပြေသည့်နေရာအချို့ကို ကပ်ပေးကြရသည်။ ထိုနေရာလေးတွေတွင်လည်း ဆိုင်ကယ် ကယ်ရီတွေက အဆင်သင့်။ ပြန်လာမည့်အချိန်တွေဆို သွားကြို။ ဒီကြိုပို့လုပ်ငန်းလေးကလည်း ဘေးတစ်ဖက်က မြိုးမြိုးမြက်မြက်လေး ဝင်လာတတ်သေး၏။ တကယ်တော့ ဒီညောင်သီးလေးတွေစားရင်း လေးသံကိုလည်း နားစွင့်ထားကြရမြဲ။

သင်္ဘောတွေပေါ်မှ တစ်စုံတစ်ရာဝယ်လျှင် သူတို့က နိုင်ငံခြားငွေထက် ဒီဇယ်ဖြင့် လဲလှယ်ခြင်းကိုသာ တောင်းဆိုကြမြဲ။ ဒီဇယ်ဆိုပါက ငွေကြေးထက်ပမာဏ ပိုရတတ်သည်။ ထို့ကြောင့်ပင် သင်္ဘောတွေထဲ သူတို့၏ ပထမဆုံးရွေးချယ်မှုက ဆီသင်္ဘောဟု သူတို့ခေါ်လေ့ရှိသော 'ဒီဇယ်တန့်ကာ' တွေပဲ ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ငါးပိုက်

www.burmeseclassic.com

ဆွဲ၍ လက်ပေါက်၊ ကျောက်ခွဲသည်ထက် အာညောင်းခံနိုင်လျှင် ချိုချိုချောင်ချောင်ရတတ်သည်မို့ ပျားရည်ခွာတတ်အနည်းငယ်ကျန်နေသေးသော ဓားသွားကို တရှိုက်မက်မက် ဆက်လျက်နေမိဆဲ။

'အာညောင်းခံ' ဆိုသော်လည်း တကယ်တမ်းလက်တွေ့တွင် သဘော်တွေနှင့် အရောင်းအဝယ်စကားပြောပါက သူ့အနေဖြင့် 'ရက်စ်' နှင့် 'နိုး' ပင် ဝင်ပြောဖူးသည်မဟုတ်။ နားလည်းမလည်၊ ပညာအရည်အချင်း ပိန်မသာလိမ်မသာဖြစ်သော်လည်း မှတ်ဉာဏ်ကောင်းသော ဖြတ်ထိုးဉာဏ်ရှိသော နှုတ်သွက်လျှာသွက်မိန်းမကပင် ဦးဆောင်ရသည်။ သူက သွားလိုရာကို ပို့ပေးရုံသာ။ ရုတ်တရက် မိန်းမဖြစ်သူလေဖြန်းသွားချိန်တွင် ရှစ်တန်းထွက်အပျိုပေါက် သမီးလေးက တစ်ဖိုလ်ကျ တစ်ဖိုလ်တက် နေရာဝင်ယူရသည်။ ခေတ်ပညာကလေးပိုတတ်သည်မို့ သမီးနှင့် ပိုအဆင်ပြေ၏။ စကားပြောစာအုပ်တွေ ဝယ်လေ့လာ၊ လေ့ကျင့်နေတတ်သော သမီးက မိခင်ထက် ပိုတက်ကြွနေသည်။ နောက်ပိုင်း မိန်းမနေပြန်ကောင်းလာသည့်တိုင် ဝမ်းစာတိုက်ပွဲအတွက် သမီးကပင် ရဲဘော်ရဲဘက်တစ်ဦးဆက်လက်ဖြစ်နေခဲ့သည်။

တကယ်တော့ သမီးပျိုလေးကို မခေါ်ချင်၊ ခေါ်လည်းမခေါ်သင့်ဟု သူ ယူဆသည်။ နိုင်ငံခြားသင်္ဘောသားတွေ၏ ရိုင်းတိုင်းလေသံတွေကို သဘောမကျ အဓိပ္ပာယ်နားမလည်

ပွဲတောင်ဦးမှာတော့
သမီးက
ခေါင်းငုံ့လျက်
သမီးရဲ့
အသားထက်
ပိုနက်ရှိုင်း
ပိုပါးလွှာတဲ့
တစ်နေရာ
ရောက်အောင်
စူးနစ်သွားတဲ့
ဒဏ်ရာ
ပူပူနွေးနွေးကို
ပြန်ပွတ်သပ်
နေသလား

သော်လည်း သမီးလေးကိုကြည့်ပုံတွေအား သူ မခံစားနိုင်။ ကျားခံတွင်းထဲ အစာသွားရှာသည်ကို သမင်ပျိုလေး မလိုက်ပါသင့်။ မိန်းမဖြစ်သူကို ပြန်ခေါ်ပြီး သမီးကို ဆက်မလိုက်တော့ရန် တားမြစ်စီစဉ်ပြန်တော့လည်း မအောင်မြင်။

'အဖေကလည်း ကိုယ့်အသားလာထိလို့ ရတာမှတ်လို့ သမီးကတော့ ဂရုမစိုက်ပါဘူး'

သမီးက ကော်ဘူးလေးထဲမှ နိုင်ငံခြားငွေအသေးအနုတ်လေးများကို ဆန့်ရင်းဖြန့်ရင်း ရေတွက်ရင်း ပြန်တုံ့ပြန်သည်။

သူတို့ဘက်ကလည်း ပြောသာပြောရသည်။ ပြန်စဉ်းစားပါက သမီး၏အပြောအဆို သွက်လက်မှု၊ ကွက်ကျော်မြင်တတ်မှုနှင့် ယဉ်ဂုဏ်လေးတွေကြောင့် တခြားလှေတွေထက် တစ်ပန်းသာနေခြင်း ဖြစ်၏။ သူတို့အဘိုးကြီးအဘွားကြီးနှစ်ယောက်နှင့်ဆိုလျှင်တော့…။

❑

၃။

ချောင်းလေးထဲက အထွက် မြစ်မကြီးထဲဝင်မိသည်နှင့် ပွဲတောင်အင်ဂျင်ကို လီဗာ ထပ်တင်လိုက်၏။ သမီးက 'ဟိုမှာ ဟိုမှာ' ဟု ပြောရင်း လက်ညှိုးညွှန်ပြရာဆီ လှမ်းကြည့်ရင်း ခေါင်းဆတ်ပြလိုက်သည်။ ခေါင်းတိုင်ကို မြင်ရုံဖြင့် ဒီမြစ်ထဲဝင်ဖူးသည်ဆိုတာ အကဲခတ်မိလိုက်သည်။ ဆိပ်ကမ်းကြီးနှင့် သိပ်မဝေးလှသော မြစ်လယ်တစ်နေရာတွင် ကျောက်ချထားခြင်းဖြစ်သည်။ ဆီတွဲတွေကပ်ထားတာ မတွေ့ရသေးသောကြောင့် ကုန်ချရသေးပုံမရ။ ဆီသင်္ဘောကြီးဘေးမှာတော့ သမီးစိုးရိမ်သည့်အတိုင်း ဈေးလှေသုံးစီးက ဦးထားနှင့်ပြီ။

ပိုက်ချနေသည့် လှေတွေ၊ သဲမော်တော်လေးတွေ၊ ကမ်းရိုးတန်းသွား ကုန်သင်္ဘောတွေ၊ ကျောက်ချထားသော သင်္ဘောတွေက နံ့ဝါရောင်မြစ်ကြီး၏ နေရာအနှံ့အပြားတွင် ဦးတည်ရာအမျိုးမျိုးနှင့်။ ရေစီးနှင့်မျောလာသော အမှိုက်စတွေ၊ ဗေဒါအုပ်ကလေးတွေကလည်း ဟို
နားတစ်စ၊ ဒီနားတစ်စ။ ဆိပ်
ကမ်းကြီးဆီမှ လှုပ်ရှားနေ
သော ကရိန်းမောင်းတံကြီး
များ၊ ပြီးတော့ ရှာဟောင်း
နေရာဆီမှ စိုက်လျက်အနေ
အထားအတိုင်း မေ့ဆေးမိနေ
ကြသော 'ပိုင်' များက အစ်
အရီ။

သမီးက 'အဖေ့
ကြောင့်' ဟု အစချီကာ
နောက်ကျရခြင်းမန္တန်ကို အစ
ပြန်ကောက်ရွတ်ပြန်သည်။

သူ ဘာမှပြောမနေ
တော့ဘဲ သင်္ဘောကြီးဘေးနှ
လှေအုပ်စုနား စက်ရှိန်သတ်
ပြီး ထိုးဝင်ကပ်လိုက်၏။

'ဖိုးတာ အခြေအနေ
ကောင်းလားဟေ့'

လှေချင်းမှ မကပ်မိ
သေးမီ လှေဦးမှ သမီးက
အလောတကြီး လှမ်းမေးလိုက်
၏။ တစ်ဖက်လှေမှ ဖိုးတာက
မျက်နှာရှုံ့မဲ့ပြသည်။

'မစွံပါဘူးဟာ ခေါင်း
တိုင်ပဲတူတာဟ၊ အရင်က
လာဖူးတဲ့သင်္ဘောမဟုတ်ဘူး။
မြန်မာတွေလည်း မပါဘူး။
ပေါက်ဖော်ကြီးတွေချည်းပဲ'

သမီးက သင်္ဘောကြီး
ပေါ် မော့ကြည့်ပြီး စိတ်ပျက်
သွားပုံရသည်။

ဖိုးတာတို့လှေ ပြောပုံ
အရ လက်ရှိအရောင်းစွဲရန်
အားထုတ်နေသော လှေ၏
အခြေအနေအရ အနေအထား
က သိပ်မကောင်း။ သင်္ဘော
ကြီး၏နောက်ပိုင်းကုန်းပတ်
တစ်လျှောက်တွင် သင်္ဘော
သားတွေ လေးငါးယောက်
ခန့် စုအုံနေသော်လည်း ဝယ်
ယူမည့်လက္ခဏာမရှိ။ ပစ္စည်း
တွေတစ်ခုချင်း ဈေးမေးနေပုံ



www.burmeseclassic.com

www.burmeseclassic.com

တွေက စပ်စုစူးစမ်းခြင်းအဆင့်ကို ကျော်မည့်ပုံမမြင်။ 'နိုး နိုး' ဟူသော စကားတွေကိုသာ ထပ်တလဲလဲရွတ်နေကြရင်း ဈေးလှေပေါ်ပါလာသည့် ကောင်မလေးတွေကို ကြည့်လိုက်၊ သူတို့အချင်းချင်း သူတို့စကားတွေနှင့် ရောပြောပြီး တဝါးဝါးပွဲကျနေကြသည်။ မြန်မာသင်္ဘောသားတွေလည်း မပါဆိုတော့ ကြုံို့အလုပ်ကလေးပါ လမ်းစပျောက်သွားတော့သည်။

အောက်က ဈေးလှေတွေကလည်း ဖွဲမလျှော့။ တစ်စီးထွက်သွားသည်နှင့် နောက်တစ်စီးက အစားဝင်ပြီး ကြိုးစားရောင်းပြန်သည်။ 'ဗဲရီးချိဖ်'၊ 'ဒီဇယ် ဒီဇယ်' ဆိုသော အော်သံတွေက ခေါင်းကလေးတွေမော့၊ လည်တိုင်ကလေးတွေ ဆန့်ထားသော ဈေးလှေသမားတွေထံမှ အမြုပ်ထွက်မတတ် အပ်ကြောင်းထပ်နေကြပြီ။ ဒီလိုနှင့် တစ်စီးလက်လျှော့သွား၊ နောက်တစ်စီးလက်လျှော့သွား…။

'ဘယ်လိုတရုတ်ကြီးတွေလည်း မသိပါဘူး ဘာမှကို ရောင်းလို့မရဘူး'

နောက်ဆုံးထွက်သွားသော လှေမှ သူဇာက အားပေးစကားတစ်ခွန်းထားရစ်ခဲ့သေးသည်။ အခုတော့ သူတို့သားအဖ တစ်စီးတည်းသာ ကျန်ခဲ့တော့သည်။

သမီးမျက်နှာကို လှမ်းကြည့်လိုက်သည်။ ဘယ်လိုလဲဆိုသော မေးခွန်းအကြည့်။ သမီးမျက်နှာရိပ်ကလည်း ကြိုးစားကြည့်ဦးမယ်ဟူသော လက္ခဏာ။ ဒီလိုအဖြစ်တွေကလည်း ကြုံနေကျမို့ သိပ်တော့မဆန်း။ ဒီလိုနှင့် သမီးက ခေါင်းကလေးမော့ပြီး လည်ပင်းကြောကလေးတွေ ထောင်သွားအောင် စတင်အော်လိုက်၏။

'ဟဲလို ဂွတ်ဒ်မောနင်း'

ဒီလိုအသံပြုပြီးသည်နှင့် သမီးက သူလုပ်နေကျပုံစံအတိုင်း လှေဝမ်းထဲမှ ရောင်းကုန်လေးတွေကို တစ်ခုချင်းညွှန်ပြကာ ရောင်းတော့သည်။

'ပိုင်းအက်ပဲလ်' 'စီးကရက် ဘီယာ ကိုကာကိုလာ ဘနားနား'

'ဗဲရီးဂွတ်ဒ် ဗဲရီးချိဖ်'

အမြင့်ကိုမော့ပြီး လှမ်းအော်နေရသည်မို့ သမီး ပိုပင်ပန်းရော့မည်။ အပေါ်က ပေါက်ဖော်တွေကလည်း တစ်ခုချင်း လက်ညှိုးထိုး၍ ဈေးသာမေးနေကြသည်။ သမီးက 'ဆယ်ဒေါ်လာ' ဆိုပြီး လက်ဆယ်ချောင်းထောင်ပြလျှင် သူတို့က 'ငါးဒေါ်လာ' ဆိုပြီး လက်ငါးချောင်း ပြန်ထောင်ပြသည်။ ထိုအခါမျိုးတွင် သမီးက ခေါင်းကလေးယမ်းပြီး 'နိုး နိုး' ဟု ပြန်ငြင်းတတ်သည်။

ဆယ့်ငါးမိနစ်ခန့်ကြာပြီးနောက် သူ စိတ်သိပ်မရှည်တော့ပြီ။ ရောင်းရမည့်အလားအလာလည်း မရှိ။ သူတို့တွေ မျက်စိအာသာဖြေခြင်းအတွက် သမီး၏အမူအရာတွေ၊ ပြောသံဆိုသံတွေက အသုံးချခံရုံသက်သက်ဖြစ်နေသလိုပင်။ ရှေ့ကလှေတွေလိုပင် တခြားသင်္ဘောတွေဘက် ဦးတည်ချင်လာမိ၏။ သမီးကလည်း ပြိုင်ဘက်ဈေးသည်တွေ မရှိတော့စဉ် ရလိမ့်နိုးနိုး ကြိုးစားနေပုံရသည်။ တခြားသင်္ဘောတွေဆီ သွားလျှင်လည်း ရှေ့မှရောက်နှင့်သည့်လှေများကို စောင့်ရဦးမည်။

သမီးဖြစ်သူက မတတ်တတတ် ခြေတစ်ပေါင်ကျိုး အင်္ဂလိပ်စကားလေးတွေနှင့် ခေါင်းတခါခါ လည်တယမ်းယမ်းဖြစ်အောင် ရှင်းပြနေသည့်တိုင် ဆီသင်္ဘောကြီးတွေပေါ်မှ တုံ့ပြန်မှုတွေသည် 'နိုး နိုး' ဟူသော စကားနှင့် တဝါးဝါး တဟားဟား ရယ်သံတွေသာ ဖြစ်သည်။

'ဟဲ့ ကောင်မလေး လုပ်မနေတော့နဲ့ဟာ တခြားသင်္ဘောတွေဆီပဲ သွားကြည့်တော့မယ်'

ပြောရင်းဆိုရင်း ပဲ့ထောင်လှေအင်ဂျင်တွင် ရစ်ထားသောကြိုးစကို 'ဂူး' ခနဲ ဆောင့်ဆွဲနှိုးလိုက်၏။ သင်္ဘောကြီးဘေးမှ ခွာရန် တက်မလက်ကိုင်ကို လှမ်းဆုပ်လိုက်သည်။

'အဖေ ခဏလေး ခဏလေး ဆီနဲ့လဲဖို့ ပြောကြည့်ဦးမယ်'

လောဘတက်နေသော သမီးက ထပ်တားသောကြောင့် အင်ဂျင်လီဗာတံလေးကို ပြန်လျှော့ထားလိုက်သည်။ သမီး၏လည်ပင်းကြောလေးတွေ ထောင်ထသွားပြန်သည်။

'ဟဲလို ဒီဇယ် ဒီဇယ် ချိန်း ချိန်း'

သမီးက လက်ကလေးနှစ်ဖက်ကို ကွေ့ဝိုက်လှုပ်ရှားပြရင်း ကမ်းလှမ်းလိုက်သည်။ သင်္ဘောပေါ်မှာ ဝိုင်းအုံနေကြသော ဘွိုင်လာဝတ်စုံအပြာဝတ်တွေထဲမှ တစ်ယောက်က 'နိုး နိုး' ဟု ထုံးစံမပျက် ပြန်အော်သည်။ ပြီးတော့ သူတို့အချင်းချင်း သူတို့စကားနှင့် ပြောရင်း 'ဟေး ဂဲလ် ယူကမ်းမင်း' ဟု လှမ်းအော်ပြန်သည်။ ကျန်သင်္ဘောသားတွေကလည်း မျက်လုံးကျဉ်းလေးတွေ ပိတ်သွားအောင် ဝင်ဟားကြ၏။ သမီးက 'နိုး နိုး' ဟု ခပ်မြန်မြန်ခေါင်းယမ်းပြသည်။ သူ တစ်စုံတစ်ခုကို ရိပ်မိလိုက်၏။

'သမီး ဘာပြောတာတုံး'

'ဘာမှမဟုတ်ပါဘူး'

သမီး၏အဖြေစကားထဲ ဖုံးကွယ်မှုတွေပါနေတာ သူ ရိပ်မိနေသည်။

မနက်နေရောင်က အပူချိန်တဖြည်းဖြည်း ရင့်လာပြီး ခမောက်မပါ၊ ပါးကျဲကျဲဆံပင်လေးတွေက ဦးခေါင်းအရေပြားကို အကာအကွယ်မပေးနိုင်။ သမီးက လှေဝမ်းထဲမှ ဘီယာကတ်တွေ၊ စီးကရက်တွေနှင့် ဒီဇယ်ထည့်ရန်ဟူသော ကော်ပုံးဟောင်းကြီးတွေကို အကြံကုန်သလိုကြည့်နေသည်။ ထိုအခိုက် 'ဟေး ဂဲလ်' ဟူသော အသံက သင်္ဘောပေါ်မှ ပြတ်ကျလာသည်။ သူတို့သားအဖနှစ်ယောက်စလုံး လှမ်းမော့ကြည့်လိုက်ကြသည်။ သမီးမျက်နှာလေး မျှော်လင့်ချက်ကြီးစွာဖြင့် ဝင်းပနေစဉ်…။

သင်္ဘောသားအုပ်ထဲမှ မျက်နှာအစိမ်းအစိမ်းနှင့် တစ်ယောက်က ရုတ်တရက်ဆန့်တန်းထုတ်လိုက်သော ဘယ်ဘက်လက်သီးဆုပ်ပေါ် ညာ

www.burmeseclassic.com

ဘက်လက်ဖဝါးဖြင့် တဖြောင်းဖြောင်းမြည်အောင် ဆက်ကာဆက်ကာ ရိုက်ပြလိုက်၏။ ကျန်လူတွေက ဝါးခနဲပွဲကျသွားသည်။

သူခေါင်းထဲ မိုက်ခနဲ၊ မျက်လုံးအစုံထဲ လျှပ်စီးတွေ ဝင်းပြက်သွားသည်။ လက်ဖြင့် အတို့ခံလိုက်ရသော ထိကရုံးရွက်ကလေးလို သမီးမျက်နှာလေးညှိုးငိုက်ကျသွားတာ ဖျတ်ခနဲမြင်လိုက်ရ၏။

ဒီလက်အမူအရာ၏ အဓိပ္ပာယ်ကို သူ နားလည်လိုက်သည်။ သွေးသားဆန္ဒနှင့် ပတ်သက်သည့် ရိုင်းပျသောအမူအရာ။ သူ ဘာပြန်လုပ်နိုင်မလဲ။ ဒေါသသွေးတွေ တစ်ကိုယ်လုံးပူလောင်နေသည့်တိုင် အရံလှော်တက်ကို တင်းတင်းဆုပ်ကိုင်ထားရုံမှအပ သူတို့ရယ်သံတွေ ရပ်တန့်သွားအောင်ပင် မဟန့်တားနိုင်။ သင်္ဘောကြီး၏ သံကိုယ်ထည်ကြီးကိုပင် ခေါင်းနှင့်ပစ်တိုက်လိုက်ရမလား။ မေးရိုးကြီးတွေ ထောင်ထသွားတဲ့အထိ သင်္ဘောပေါ်ကို မော့ကြည့်ရင်း စက်နှိုးထားလက်စ ပဲ့ထောင်အင်ဂျင်ကို လီဗာအကုန်တင်လိုက်သည်။ မွှတ်နေအောင်လည်နေသော ပန်ကာဝင်ရိုးကို ရေထဲထိုးနှစ်စိုက်လိုက်၏။

သူတို့ပဲ့ထောင်လေးက ဝေါခနဲပြေးထွက်သွားသည်။ 'ဝါး' ခနဲ 'ဝါး' ခနဲ အဆင့်ဆင့်ပွင့်ထွက်နေသော သင်္ဘောပေါ်မှ ဟားတိုက်သံတွေက ဝေးကျန်မနေရစ်ခဲ့ဘဲ သူ့နားထဲ တစ်စထက်တစ်စ ပိုမိုကျယ်လောင်လာနေသည်။ ပဲ့ထောင်ဦးမှာတော့ သမီးက ခေါင်းငုံ့လျက်။ သမီးရေ အသားထက်ပိုနက်ရှိုင်း ပိုပါးလွှာတဲ့ တစ်နေရာရောက်အောင် စူးနစ်သွားတဲ့ဒဏ်ရာ ပူပူနွေးနွေးကို ပြန်ပွတ်သပ်နေသလား။

သူကိုယ်တိုင်ကရော။ ဘာအဖြေလဲ။ သမီးပျိုလေးတစ်ယောက်ကို နိုင်ငံခြားသားတွေက အမူအရာနှင့် မျက်စိရှေ့စော်ကားလိုက်ခြင်းကို သူတို့မွေးညင်းလေးတစ်ပင် လှုပ်ခတ်သွားရုံတောင် မတုံ့ပြန်နိုင်သည့် အဖေ။ သမီးပျိုလေးတစ်ယောက်၏ အရှက်သိက္ခာကိုပင် မထိပါးအောင် လုံခြုံမှုမပေးနိုင်သည့် အဖေ။ ဘဝတစ်လျှောက်လုံး ဝါးခဲ့မိသမျှ ဒုက္ခတွေထဲ ဒီတစ်ကြိမ်အခါးသက်ဆုံး။

အခု သူတို့ပဲ့ထောင်လေးက ဘယ်ကိုဦးတည်နေသလဲ။ သမီးကလည်း မမေး။ သူကိုယ်တိုင်လည်း မသိ။ နောက်သင်္ဘောတစ်စီးဆီကိုလား။ သူတို့တဲစုလေးဆီကိုပဲလား။ သမီးလေး၏ ဓစွန်းပေသွားသော အရှက်နှင့် သိက္ခာကို ပြန်ဆေးကြောရန် ဘယ်တော့မှ မတွေ့နိုင်မည့် ရေကန်တစ်ခုဆီကိုလား။ သူ့ နားထဲရယ်သံကြီးတွေ ဆို့ပိတ် လျက်။ သူ့မျက်လုံးတွေထဲ မျက်နှာအစ်အစ်ကြီးတွေ အပြည့်ဝင်လျက်။

စက်ကုန်ဖွင့်ထားသော ပဲ့ထောင်လေးသည် မြစ်ရေ ပြင် နောက်ကျိုကျိုကြီးကို တစ်ဟုန်ထိုး ထိုးခွဲပြေးနေ၏။ သူတို့ဘဝတွေကလည်း ဒီ မြစ်ကြီးလိုပင် နွံ့ဝါရောင် နောက်ကျိုကျိုနှင့်။ အမှိုက် တွေ၊ ဒိုက်တွေနှင့်။ ရေစီးက လည်း ကြမ်းလွန်းလှသည်။ နောက်တစ်နေ့တွင်လည်း ဒီ နေရာကို ဖြတ်သန်းစီးဆင်း သွားဦးမည်ဖြစ်သည်။

■

မိုးကျော်

---

# ဆရာကြီးဦးအောင်မြိုင် (၃၀ဒေဘွဲ့)

## [လက္ခဏာဗေဒင်ပညာသုတေသီ]

ကုမ္ပဏီလုပ်ငန်းအမျိုးမျိုး ရေရှည်တိုးတက်အောင်မြင်စေရန် နာမည်ကောင်းကောင်း ရွေးချယ်ပေးဖို့၊ နာမည်ညံ့ ပေးမိမှားခဲ့လို့ လုပ်ငန်းဆုတ်ယုတ်ပျက်ပြားရင် နာမည်ပြုပြင်ပေးနိုင်ဖို့ ၊ ပွဲရုံလုပ်ငန်းများ၊ ဈေးဆိုင်လုပ်ငန်းများ၊ ဆေးခန်းလုပ်ငန်းများ၊ ကျူရှင်ဘော်ဒါလုပ်ငန်းများလည်း ငွေဝင်လာဘ်ရွှင်အဆင်ပြေစီးပွားတိုးစေမယ့် နာမည်ကောင်းကောင်း ရွေးချယ်ပေးစေဖို့ ဆိုင်မှာ ဈေးဦးတောင် နေ့စဉ်မပေါက်ဘူး ဆိုရင်တော့ နာမည်သစ်တစ်ခု ပြန်လည်ပြုပြင်ပေးစေဖို့၊ ယုံကြည်စိတ်ချရတဲ့ ဝန်ထမ်းကောင်းတွေ ခန့်ထားရရှိစေဖို့၊ ဝန်ထမ်းကောင်းတွေ ကြာရှည်ခိုင်မြဲစေဖို့၊ အကျင့်စာရိတ္တမကောင်းသော ဝန်ထမ်းများကြောင့် ဆုံးရှုံးမှုမဖြစ်မီ ကြိုတင်သိရှိရစေဖို့၊ ကန်ထရိုက်လုပ်ငန်းကြီးများ အမြန်ဆုံးရရှိဖို့၊ ရရှိပြီးသော လုပ်ငန်းများ အဆင်ပြေစွာ အမြန်ဆုံး စတင်လုပ်ကိုင်နိုင်စေဖို့၊ လုပ်ကိုင်နေဆဲလုပ်ငန်းများ ခက်ခဲကြန့်ကြာမှုမရှိဘဲ အမြန်ဆုံး ပြီးပြတ်သွားစေဖို့၊ လုပ်ငန်းခွင်မှာ ထိခိုက် ဆုံးရှုံး ပျက်စီးမှုများကင်းရှင်းစေဖို့၊ လုပ်ငန်းနှင့်ပတ်သက်သော အမှုအခင်းပြဿနာ မကြုံရစေဖို့၊ အမှုအခင်းကိစ္စမှာ အနိုင်ရရှိဖို့၊ အကူအညီများ သွားတောင်းရင်လွယ်ကူအဆင်ပြေစွာ ရရှိဖို့။

အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
09 730 05924, 09 50 62843, 09 51 77622, 01 586704

**ယုံကြည်အားကိုးမှုသာလာခဲ့ပါ။**



www.burmeseclassic.com

www.burmeseclassic.com


အရှယ်သုံးပါးသုံးစွဲများ

# စိန်ကုလား

ဆေးတိုက်မှထုတ်လုပ်သော



မှတ်ပုံတင်အမှတ် ဝ၆ဝ၁(ဝိုင်) ၂၀၂၂

- ★ စားမဝင်၊ အိပ်မပျော်၊ နှလုံးတုန်၊ ရင်ခုန်၊ မူးဝေ၊ မောပန်းဖြစ်သူများ
- ★ ဝမ်းဖော၊ ဝမ်းရောင်၊ အပူဝမ်း၊ အစာဝမ်းဖြစ်သူများ
- ★ ချောင်းဆိုး၊ ရင်ကြပ်၊ လေထိုး၊ လေအောင့်ဖြစ်သူများ
- ★ မီးယပ်နှင့်ဒူလာ ရောဂါအမျိုးမျိုး ဖြစ်သူများ
- ★ ကျား/မများ၏ ပင်ကိုအားတိုးပွားစေရန်အတွက် အထူးသင့်လျော်ပါသည်။
- ★ ကျန်းမာဝဖြိုး အလှတိုးစေသည်။



မှတ်ပုံတင်အမှတ် ဝ၃ဝ၁(ဝိုင်) ဝ၃၂

- ★ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ရင်မချောင်ပါက ဆေးအတိုင်းလျက်ပါ။
- ★ ချောင်းဆိုးရင်ကြပ်၊ သလိပ်ကပ်၊ သလိပ်ပုတ်ထခြင်းများကို
  ကွမ်းရွက်စိမ်းရည်၊ သံပုရာရည်၊ ရှောက်ရည် ရရာနှင့်သောက်ပါ။
- ★ လေထိုးလေအောင့်၊ လေပို့လေအန်ပါက သံပုရာရည် သို့မဟုတ်
  ရှောက်ရည်နှင့်သောက်ပါ။
- ★ အစာစားပြီးတိုင်း ဆေးအနည်းငယ်စားပေးခြင်းအားဖြင့် အစာကြေ
  လေသက်၍အစာအိမ်ဦဖြစ်တတ်သော ရောဂါများကို ပျောက်ကင်းစေပြီး
  အပူငြိမ်းစေသောလျက်ဆားဖြစ်ပါသည်။

## သွေးဆေး၊ လျက်ဆား၊ တိုင်းရင်းမြန်မာဆေးခန်းသုံးဆေးမျိုးစုံ
## ဘဲယဆေးကုန်ကြမ်းနှင့် ဘဲယဆေးမှုန့်မျိုးစုံ လက်လီ/လက်ကားရရှိနိုင်ပါသည်။

---

အမှတ်(၃၈၃–၅၆၉–၅၈၄) အေရုံ၊ သိမ်ကြီးဈေး၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ ဆိုင်–၀၁–၃၈၈၁၇၅၊ ၀၁–၃၇၀၆၂၂ (လိုင်းခွဲ–၂၅၉)၊ ၀၁–၃၇၁၈၂၂ (လိုင်းခွဲ–၅၄၁)

☎ အိမ်–၀၁–၅၅၃၉၂၇၊ စက်ရုံ–၀၁–၅၄၈၃၅၉




www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကြီး ဆရာအောင်ဝင်း
ကား အက်စီးဒင့်နဲ့ ဆေးရုံပို့လိုက်ရတယ်"
"ဟာ ဘယ်လိုများ ဖြစ်သွားရတာလဲ"
ဆရာအောင်ဝင်းက တပ်ကြပ်ပါ၊
တပ်က "ရိန်းဂျား" ကို မောင်းတယ်။
တစ်နေ့ကမှ ဘမောင်တို့တပ်အတွက်
အထွေထွေသုံး မော်တော်ဆိုင်ကယ်လေးရလို့
သူကိုယ်တိုင် သွားထုတ်ခဲ့တာ။
"ဗိုလ်ကြီး တပ်အတွက် ၁၂၅ စီစီ
ဆိုင်ကယ်လေးရတယ်၊ စာလေး ဘာလေး
ပို့ရတာပေါ့၊ စီးမယ့်လူမရှိသေးရင်
ကျွန်တော်ပဲ ကိုင်ပေးပါ့မယ်"
"အေးအေး ကောင်းပါတယ်၊ မင့်ကားကြီးလည်း
အင်ဂျင်ချထားရတာဆိုတော့။ သတိနဲ့တော့
လုပ်ကွာ၊ ဆိုင်ကယ်ဆိုတာ ဖြစ်လိုက်ရင်
ကိုယ်ကချည်း ခံဘက်ကပဲ"
သတင်းလာပို့တုန်းက ဘမောင် သတိတောင်
ပေးလိုက်ပါသေးတယ်၊ အခုဆေးရုံရောက်သွားပြီ။
ဘယ်လောက်အထိ ဒဏ်ရာရသွားသလဲမသိဘူး။
ဆိုင်ကယ်နဲ့ ကားတိုက်မိပြီဆိုတော့
နည်းနည်းတွေးကြည့်လို့တော့ ရလောက်တယ်။

❑

လွန်ခဲ့သော နှစ် ၃၀ ကျော်က
ဖြစ်ရပ်မှန်တစ်ခုပါ။ အဲဒီတုန်းက ဘမောင်က
အမှတ် ၉၁၀ စစ်မြေပြင်အင်ဂျင်နီယာ တပ်ခွဲမှာ
တာဝန်ကျတယ်။ တပ်က တပ်ခွဲအဆင့်

ဆိုတော့ တပ်ကြီးမဟုတ်ဘူး။ တပ်...
က ဗိုလ်မှူးခင်မောင်လင်း၊ BC ...
စီနီယာကြီး။ သူ့အောက်မှာက ဘ...
အပါအဝင် ဗိုလ်ကြီး ၄ ဦး ရှိတ...
တပ်စု ၄ စုအတွက် အရာရှိတွေ၊ တ...
တွေလိုတော့ အရာရှိ မများဘူး၊ ...
ရေး/ထောက် အရာရှိလည်း ...
ဘမောင်က တပ်စုလည်းကိုင်၊ ...

www.burmeseclassic.com

www.burmeseclassic.com



# မှတ်စုပါး

## အခြားရှိသည်ဟု ဆိုပါလျှင်. . .

**နေဇင်လတ်**

ထောက်လည်းကိုင်ပေါ့။ ဒုတပ်မှူး ဆိုပြီး သီးခြားဖွဲ့စည်းပုံမှာ ပေးမထားတော့ ရေး/ထောက်ကပဲ ဒုတပ်မှူးတာဝန်ထမ်းဆောင်ရတယ်။ တပ်ရဲ့အရေးအရာ ကိစ္စအားလုံးကို တာဝန်ယူထားရတော့ အတော်ကလေး အလုပ်များတဲ့ နေရာ ဖြစ်ပါတယ်။

အဲဒီတပ်က က- က- ကြည်း



www.burmeseclassic.com

www.burmeseclassic.com

(အရံ) ဖြစ်ပြီး၊ အဲဒီတုန်းက VIP တွေရဲ့ပေါက်ကွဲစေတတ်တဲ့ လုံခြုံရေးဆိုင်ရာကို တာဝန်ခံရတယ်၊ VIP တွေက များတော့ နေ့တိုင်းနီးပါးလောက်က အလုပ်မအားရအောင်ပါဘဲ။ စနေ၊ တနင်္ဂနွေဆိုရင် ပိုဆိုးသေး၊ ဂေါက်ကွင်းကို VIP တွေ မရောက်ခင် မနက်ဝေလီဝေလင်းကြီး အလင်းရောင်မထွက်ခင်အပြီး မိုင်းရှင်းကြရတယ်။ အဲဒီတော့ မနက် ၄ နာရီလောက်က လုပ်ငန်းခွင်ထဲရောက်မှ ၅ နာရီခွဲလောက်မှာ ပြီးတတ်တာ။ မနက်လေးနာရီ ကွင်းထဲရောက်အောင် မနက် ၃ နာရီလောက်ကတည်းက အိပ်ရာထ၊ တန်းစီ၊ ပြောစရာရှိတာပြောပြီး တပ်က ထွက်ကြရတယ်။ သူများတွေ ရုံးပိတ်ရက်မှာ ရုံးပိတ်ရက်လို မနေရတဲ့အပြင်၊ ရုံးပိတ်ရက်တွေမှာတောင် မနက်ပိုပြီး စောစောထရလေ့ ရှိပါတယ်။

တပ်မှာရှိတာကလည်း ကားလေး လေး၊ ငါးစင်း၊ အပတ်မလည်ဘူး။ 'တိုင်း' ကခေါ်ရင် စာပေးစာယူအတွက် မော်တော်ကား မသုံးနိုင်လို့ ဆီကုန်သက်သာအောင် မော်တော်ဆိုင်ကယ်လေးတောင်းလိုက်တာမှာ အခု ဒုက္ခနဲ့လှလှနဲ့ တွေ့ပြီဆိုသလို ဖြစ်နေတယ်။ ဖြစ်လာပြီဆိုတော့လည်း မတတ်နိုင်တော့ဘူးလေ၊ ဆရာအောင်ဝင်းတစ်ယောက် ပက်ပက်စက်စက်တော့ မဖြစ်ပါစေနဲ့လို့ဘဲ ဆုတောင်းနေရပါတော့တယ်။

တပ်က ဆင်းရဲတော့ ဘမောင်က ဒုတပ်မှူးအနေ

**Ghost** ဆိုတဲ့ ရုပ်ရှင် ကားထဲမှာ ဇာတ်လိုက်က သေနတ်မှန်ပြီး တစ်ခါတည်း သေသွားတယ် ဒါပေမဲ့ သူ့ဝိညာဉ်က သူသေသွားတာကို မသိဘူး လူဆိုးတွေနောက် ထပ်လိုက်နေတုန်းပဲ ပြီးတော့ ကျန်ခဲ့တဲ့ သူ့ချစ်သူအနားမှာ အမြဲ ရှိနေတတ်တယ်

နဲ့သာ တာဝန်ထမ်းဆောင်ရတာ၊ စီးစရာ သတ်သတ်မှတ်မှတ် ကားရှိတာ မဟုတ်ဘူး။ တစ်ခါတလေ အိမ်ပြန်ရင်တောင်မှ တပ်က ဓာတ်ဆီကုန်မှာစိုးလို့ မင်္ဂလာဒုံက မြို့ထဲကို ဘတ်စ်ကားစီးပြီး ပြန်ရတဲ့ဘဝပါ။ အခုခေတ် ညီတော်မောင်တွေကိုတော့ အားကျမိပါရဲ့၊ မုဒိတာလည်း ပွားရပါတယ်။ အဲဒီလိုကားတွေ ဓာတ်ဆီသုံးစွဲမှု ခြိုးခြံနေရတာကိုက ဆရာအောင်ဝင်းရဲ့ ကံကြမ္မာများဖြစ်လေမလားလို့ဘဲ ဘမောင် တွေးမိပြန်တယ်။ ဆိုင်တော့လည်း မဆိုင်ပါဘူးလေ။ ကံကြမ္မာဆိုတာက ဇာတ်ညွှန်းအနေနဲ့ ရှိနေပြီးသားပဲဟာ။ **Final Destination** ဆိုတဲ့ ရုပ်ရှင်ကားကိုကြည့်ရင် ကံကြမ္မာရဲ့ သဘောကိုတွေ့ရလိမ့်မယ်။ လူတွေအားလုံး ဘယ်သူတွေ ဘယ်လိုဖြစ်ကြလိမ့်မယ်ဆိုတာ မွေးကတည်းက နဖူးမှာ ရေးပြီးသား။

ဆရာအောင်ဝင်း ဆိုင်ကယ်နဲ့ တိုက်မိတဲ့ မော်တော်ကားက ဘေးချင်းကပ်လျက် တပ်က ကား။ ဘယ်လောက်အထိ ဘေးချင်းကပ်သလဲဆိုရင် အဆောက်အဦ ခပ်ရှည်ရှည်တစ်ခုမှာ သူတစ်ဝက်၊ ကိုယ်တစ်ဝက်ခွဲတမ်းနဲ့ အလုပ်လုပ်နေကြတဲ့တပ်ပါ။ အဲဒီတပ်ကလည်း အင်ဂျင်နီယာတပ်ခွဲတစ်ခုပဲ။ အမှတ် ၉၉၂ ယန္တရားတပ်ခွဲလို့ ခေါ်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ဘေးတပ်က မော်တော်ကားနဲ့မှ အက်စီးဒင့်ဖြစ်ကြရတယ်လို့။

ယာဉ်တိုက်မှုဖြစ်လိုက်တာက ညနေ ၃ နာရီလောက်မှာ ဘမောင်ဆီသတင်းရောက်လာတော့ ၄ နာရီလောက်ရှိသွားပြီလား မသိဘူး။

'ဘာကားနဲ့ တိုက်သွားတာလဲ ဆရာကြီး၊ အောင်ဝင်းရော ဘယ်လိုအခြေအနေရှိသလဲ'

'ရိန်းဂျားနဲ့ပါ ဗိုလ်ကြီး၊ အောင်ဝင်းကတော့ ဒဏ်ရာတော်တော်ပြင်းတယ်'

'အသက်အန္တရာယ်ရော'

'အဲဒါတော့ ကျွန်တော် မပြောတတ်ဘူး၊ ဒဏ်ရာတော့ တော်တော်ပြင်းပါတယ် ခင်ဗျ'

တစ်ရာ့နှစ်ဆယ်ငါး စီစီ ဆိုင်ကယ်သေးသေးလေးနဲ့ ရိန်းဂျားကြီး တိုက်မိကြပြီဆိုတာနဲ့ ဘမောင် မှန်းဆကြည့်မိနိုင်ပါတယ်။ ဆင်နဲ့ဆိတ် လောက်ကွာတာဆိုတော့ အကောင်သေးကတော့ တော်တော်ခံလိုက်ရမှာပါ။

'ကား အသင့်ပြင်ထား[...] ဆေးရုံသွားမယ်'

ဆရာကြီး ထွန်းရှိန်က[...] တပ်ခွဲ အရာခံဗိုလ်ကြီးပါ[...] ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်[...] ကွမ်းအမြဲတမ်း မြုံ့နေတတ်[...] တယ်။ စိတ်သဘောထား[...] တော်တော်ကောင်းပြီး[...] အထက်အရာရှိတွေကို လေး[...] လေးစားစားရှိသလို၊ အောက်[...] လက်ငယ်သားတွေကိုလည်း[...] အင်မတန်မှ ချစ်တတ်တဲ့[...] ဆရာကြီးပါ။ သူ့မျက်စိမျက်[...] နှာပျက်နေတာကို ဘမောင်[...] ရိပ်မိပါတယ်၊ အခြေအနေက[...] အတော်အသင့်ထက်မက ဆိုး[...] ဝါးတဲ့ အခြေအနေမျိုးနဲ့ တွေ့[...] ရမယ်လို့လည်း ဘမောင်[...] မျှော်လင့်ပါတယ်။

❑

သတ္တိကောင်းတဲ့ ဆရာ[...] အောင်ဝင်း ပါးစပ်က ညည်း[...] သံကို အဆက်မပြတ် ကြား[...] နေရတယ်။ ဝေဒနာတော်[...] တော် ပြင်းပုံပါပဲ။ ဘမောင်[...] လည်း ဆရာဝန်နဲ့ အခြေအနေ[...] ကို ခပ်တိုးတိုး မေးကြည့်[...] လိုက်တဲ့အခါ မျှော်လင့်ချက်[...] အတော်ကလေး နည်းပါးနေ[...] တယ်ဆိုတာ သိလိုက်ရလို့[...] တော်တော် စိတ်မကောင်းဖြစ်[...] လိုက်ရတယ်။ ဆရာအောင်[...] ဝင်းရဲ့ဝေဒနာ ဘယ်လောက်[...] ပြင်းသလဲဆိုတာ ကိုယ်တိုင်[...] ခံစားရသူ မပြောနဲ့ ကြားရတဲ့[...] လူတောင်မှ အသက်ရှူဖို့ မေ့[...] သွားနိုင်တယ်။

ပေါင်အရင်းကနေ ခြေ[...] နစ်ချောင်း သွင်သွင်ကျိုး[...] သွားတယ်၊ နံရိုး လေးချောင်း[...] ကျိုးတယ်၊ လက်တစ်ဖက်[...] သွင်သွင်ကျိုးတယ်။ ဘယ်[...] ဘက်မျက်လုံး ထွက်သွား[...]



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အဲဒီအောက်က အရိုးစတွေ ကြေမွထွက်သွားတယ်၊ ဦးခေါင်းခွံ အက်သွားတယ်။ ဘယ်ဘက်ခြေထောက်က ၃ ပိုင်းလောက်အထိ ကျိုးကြေသွားတာ၊ ကဲ ကြည့်ပါဦး။ အဆိုးဆုံးက ဆီးအိတ်ပေါက်သွားတာ၊ အဲဒါက အသက်အန္တရာယ်ကို ခြိမ်းခြောက်တဲ့ ကိစ္စပဲတဲ့။ ဘမောင် သက်ပြင်းတိုးတိုးချရင်းပဲ တပည့်ကျော်ရဲ့ ခုတင်ဆီ အားပေးစကားပြောဖို့ သွားလိုက်ပါတော့တယ်။ ဆရာကြီး ထွန်းရှိန်က…

'အောင်ဝင်း အောင်ဝင်း မင်းချစ်တဲ့ ဖိုးလ်ကြီးဘမောင် ရောက်နေပြီ၊ အားတင်းထားနော် တပည့်ကြီး'

အောင်ဝင်းက ကျန်တဲ့ မျက်လုံးတစ်ဖက်ကို ကြိုးစားပြီး ဖွင့်ရှာတယ်၊ ပြီးတော့ ဘမောင်ကို အားကိုးတကြီး ကြည့်တယ်။

'အောင်ဝင်းသတိထားနော်၊ မင်း ဆေးရုံကို ရောက်နေပါပြီ၊ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး။ ဒဏ်ရာကတော့ ဖြစ်စဆိုတော့ နာမှာပေါ့ကွာ၊ အားတင်းထားကြားလား'

အောင်ဝင်းကိုသာ အားတင်းပေးရတယ်၊ ဆရာဝန်စကားအရ ဘမောင်ကတော့ အားမရှိလှ။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်ကတော့ ထိုဆေးတွေ ဘာတွေလည်း တွင်တွင်ကျယ်ကျယ် မသုံးနိုင်သေး။ ဘယ်လောက်များ နာကျင်မှုဝေဒနာခံစားရမလဲဆို တာ တွေးကြည့်နိုင်ပါတယ်။

'ဖိုးလ်ကြီး ကျေးဇူးတင်ပါတယ် ခင်ဗျာ'

'စကားသိပ်မပြောပါနဲ့ တပည့်ကြီးရာ သက်သောင့်သက်သာသာနေပါ၊ လိုတာတွေ ကိုယ်အကုန်လုပ်ပေးပါ့မယ်'

အောင်ဝင်းဖနီးက မျက်ရည်စမ်းစမ်းဖြင့် အခန်းထောင့်မှာ ရပ်နေရှာတယ်။ ကြာပြီဆိုတော့လည်း သူ့ဇနီးနာမည်တော့ မမှတ်မိတော့။

'ဖိုးလ်ကြီး ကယ်ပါဦးဗျာ၊ ကျွန်တော့်ခြေထောက်တွေ လှုပ်လို့မရတော့ဘူး။ ခါးအောက်ပိုင်းလည်း တအားပူတာပဲ၊ မီးစကြီးနဲ့ ထိုးထားသလို ပူနေတယ်ဗျ'

'အေး အေး သက်သာတဲ့ ဆေး မရရအောင် ကိုယ်ပြောပေးမယ်၊ မင်းသာ သက်သာအောင်နေ'

ဆရာကြီး ထွန်းရှိန်ကလည်း သူ့တပည့်ကိုကြည့်ပြီး မျက်စိပျက်မျက်နှာပျက် ဖြစ်နေတယ်။ ကိုယ်တိုင်ခံစားရတဲ့ သူ မပြောနဲ့၊ ဘေးက သူ့ဝေဒနာကိုကြည့်ပြီး ခံစားပေးနေရတဲ့ ဘမောင်တို့တောင် အတော်ကလေး မချိတင်ကဲ ဖြစ်နေရတယ်။

ဆရာအောင်ဝင်းအနားမှာ လေးဆယ့်ငါးမိနစ်လောက် အားပေးပြီး မသက်မသာနဲ့ဘဲ ဘမောင် တပ်ကို ပြန်ခဲ့တယ်။

❑

တပ်ပြန်ရောက်လို့ သိပ်မကြာပါဘူး၊ ဝင်လာတဲ့ သတင်းကတော့ တပည့်ကျော်ကြီး အောင်ဝင်းရဲ့ အမင်္ဂလာသတင်း။

'ဆရာအောင်ဝင်း ဆုံးသွားပြီ'

'အေးဗျာ ဘယ်တတ်နိုင်ပါ့မလဲ၊ သူ့အတွက် နာရေးမှာ အကောင်းဆုံးဖြစ်အောင် လုပ်ပေးလိုက်ပါဗျာ'

ကျန်တဲ့ ဒဏ်ရာတွေက ဘယ်လောက်ပြင်းပြင်း။ အသက်မသေအောင် ကယ်လို့ရပေမဲ့ ဆီးအိတ်ပေါက်သွားတယ်ဆိုတော့ အနေးနဲ့အမြန်ပဲဆိုတာ ဆရာဝန်ဆီက သိလိုက်ရကတည်းကိုက ဒီအခြေအနေကို ဘမောင်က မျှော်လင့်ထားမိပါတယ်။

'ကဲဆရာကြီးဘယ်လိုက ဘယ်လို ဖြစ်သွားရတာလဲ၊ ပြောပါဦးဗျာ။ ရေး ၃ အတွက် လုပ်ရကိုင်ရဦးမယ်'

အမှုကိစ္စအထွေထွေဟာ ရေး ၃ နဲ့ ဆိုင်တယ်။ အဲဒီအတွက် နောက်ဆက်တွဲကိစ္စတွေကို ဘမောင်တို့ လုပ်ကြ ကိုင်ကြရဦးမှာဆိုတော့ဖြစ်စဉ်ကို ဘမောင်က မေးရပါသေးတယ်။

'အောင်ဝင်းက တိုင်း… ကို ဆိုင်ကယ်နဲ့အသွား၊ ၉၈၂ က ရိန်းဂျားက အပြန်မှာ မျက်နှာချင်းဆိုင် တိုက်ကြတာ ဖိုးလ်ကြီး၊ ရိန်းဂျားဘရိတ်က မမိဘူးလို့ ပြောတယ်'

'အေးဗျာ ဖြစ်မယ့်ဖြစ်တော့လည်း ဘေးချင်းကပ်လျက်တပ်နဲ့မှ ဖြစ်ရတယ်လို့ဗျာ'

'ပိုဆိုးသွားတာက ရိန်းဂျားကားမှာ အောင်ဝင်းက ငြိပါသွားပြီး၊ ရိန်းဂျားက ပေါင်လုံးလောက်ရှိတဲ့ လမ်းဘေးက သစ်ပင်နဲ့ ဝင်တိုက်ပြီးမှ ရပ်သွားတယ်။ ကားနဲ့ သစ်ပင်ကြားမှာ အောင်ဝင်း ညှပ် သွားလို့ အခုလောက် အဖြစ်ဆိုးသွားတာပါ'

လူတွေဟာ သေတစ်နေ့ မွေးတစ်နေ့ပါ။ ရှေ့တန်းမှာ ရန်သူနဲ့တိုက်ရင်း ခိုက်ရင်း မသေခဲ့တဲ့ ဆရာအောင်ဝင်းဟာ ဘာမှမဟုတ်တဲ့ ကားတိုက်မှုနဲ့ ဆုံးပါးသွားရတာကိုတော့ ဘမောင် နှမြောမိတယ်။ ပိုဆိုးတာက အောင်ဝင်းဟာ လူကောင်းတစ်ယောက်၊ ဆိုးဆိုးသွမ်းသွမ်း စစ်သည်တစ်ဦးမဟုတ်လို့ဘဲ။ သူ့ဘာသာသူ စနစ်တကျလေးနေပြီး ပေးတဲ့အမိန့်ကို တိတိကျကျနာခံတတ်တယ်။ သူ့ကြောင့် အရာရှိတွေ ခေါင်းကိုက်ရတာ တစ်ခါမှ မရှိဖူးဘူး၊ ပြဿနာမရှာတတ်ဘူး။ ရှေ့တန်းထွက်ဆိုလည်း ထွက်လိုက်တာပဲ၊ နောက်တန်းပြန်ရောက်လို့ လူမရှိတာနဲ့ ကားမောင်းဆိုလည်း မောင်းလိုက်တာပဲ၊ VIP ခရီးစဉ်လိုက်ဆိုလည်း လိုက်လိုက်တာပဲ၊ ကြုံရာသုံးနိုင်တဲ့သူ။ အခုလည်း သူမောင်းနေတဲ့ ရိန်းဂျားကားကြီး အင်ဂျင်ချထားတုန်း တပ်အတွက် ရလာတဲ့ ဆိုင်ကယ်လေးသွားထုတ်ပြီး ရက်ပိုင်းအတွင်းမှာ အဲဒီဆိုင်ကယ်နဲ့ပဲ ဆုံးပါးသွားခဲ့ရတာ။ အဲဒီဆိုင်ကယ်ကပဲ တပည့်ကျော်ကြီးအတွက် သေမင်းကို ခေါ်လာခဲ့လေသလားမသိ။

'ကဲ ဆရာကြီး၊ ရေး ၃ တော့ ဖြစ်လာပြီ၊ ထုံးစံအတိုင်း ခုံရုံးအဖွဲ့အတွက် ပြင်ထားဆင်ထားဦး။ ပြီးတော့ အောင်ဝင်း နာရေးအတွက်လည်း သေသေချာချာလေး လုပ်ပေးလိုက်ပါဦးဗျာ'

❑

'ဇာတိ' စမြစ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com

က 'မရဏ' ခရီးကို နေ့စဉ် လှမ်းနေကြရ သူတွေချည်းပါ။ မိုးပေါ်က အပ်တစ်ချောင်းနဲ့ လူ့ပြည်ကအပ်တစ်ချောင်း ထိပ်ချင်းဆိုင် ထိတွေ့ဖို့ထက် လူ့ဘဝရဖို့က ပိုပြီးခက်ခဲတယ်လို့ ဘုရားဟောရှိထားတယ်။ 'ကံ' ရဲ့ အောင်မှတ်လေးရလို့ လူတွေဖြစ်လာကြတာတောင်မှ ဆူကြံ့နိမ့်မြင့်တွေကို ပတ်ဝန်းကျင်မှာ အများကြီးတွေ့ နေရတယ်။ ပိုက်ကောင်းတဲ့ လူက လူချမ်းသာတွေရဲ့ ဝမ်းထဲမှာဝင်စားပြီး၊ အဲဒီလိုမျိုး ကံမမီကြသူတွေကတော့ သာမန်လူတွေရဲ့ ဝမ်းထဲမှာပဲ ဝင်စားကြရတယ်။ အမှတ်ပြည့်ကံနဲ့ ရွှေဇွန်းကိုက်ကြီးပြင်းလာခဲ့ကြသူတွေရှိသလို၊ အောင်မှတ်ရရုံလေးနဲ့ ရုန်းကန်လှုပ်ရှားကြရတဲ့ သူတွေကလည်း အများကြီးပဲ။

အထူးသဖြင့် စစ်သားဖြစ်လာကြတဲ့လူတွေမှာ 'သေခြင်း' တရားဆိုတာ အချိန်မရွေး ကိုယ့်ဆီရောက်လာနိုင်တဲ့ အရာမျိုးပါ။ တိုက်ပွဲတိုင်းမှာ ဘဝတစ်ပါးကို ခဏတွင်းချင်း ရောက်သွားနိုင်သလို၊ မသေဘဲ ကျန်ရစ်ခဲ့ရင်တောင် ဘယ်လိုကိုယ်လက်အင်္ဂါတွေ စွန့်လွှတ်ပေးလိုက်ရမယ် ဆိုတာကိုလည်း အားလုံး မျှော်လင့်ထားကြရပါတယ်။ ခြေတစ်ဖက်ပြတ်သွားတယ်ဆိုတာ ခဏလေးပြတ်သွားတာ မဟုတ်ဘူး၊ တစ်သက်လုံး အတိုင်းအတာနဲ့ ပြတ်တောက်သွားတာ။ သန်မာတဲ့လူရွယ်၊ လူလတ် အရွယ်မျိုးမှာတောင် နိစ္စဓူဝလှုပ်ရှားမှုအတွက် ဘယ်လောက်ခက်ခဲကြမလဲ။

> ဝိညာဉ်
> လောကလို့
> ခေါ်မလား
> ပရလောကလို့
> ခေါ်မလားတော့
> မသိဘူး
> အဲဒီကိစ္စမျိုး
> တော်တော်
> များများကိုတော့
> စစ်တပ်ထဲမှာ
> ဘမောင်တို့
> အတော်ကလေး
> ကြုံခဲ့ဆုံခဲ့ဖူးတယ်

အရွယ်လွန် အိုမင်းမစွမ်းအချိန်မှာ ရင်ဆိုင်ရမယ့် အဲဒီခြေပြတ်၊ လက်ပြတ် စစ်သည်တစ်ဦးအတွက် ခံစားရမယ့် ဒုက္ခကို စဉ်းစားကြည့်နိုင်တယ်။

'အခြားအဆင့်' ဆိုတာ ပညာနည်းပါးပြီး အကြောင်းအမျိုးမျိုးနဲ့ တပ်ထဲ ရောက်လာခဲ့ကြသူတွေပါ။ မသေလို့ ပင်စင်ယူတဲ့အထိ ကျန်ရစ်ခဲ့ကြရင်တောင် ပင်စင်ယူပြီးနောက်ပိုင်း မလောက်မငနဲ့ ပင်ပန်းကြီးစွာ ရုန်းကန် လှုပ်ရှားရင်း ဘဝတစ်ခုကို ဖြတ်သန်းခဲ့ကြရသူတွေဖြစ်တယ်၊ ကံအမှတ်မီရုံလေးနဲ့ လူဖြစ်လာခဲ့ကြရသူတွေရဲ့ ဘဝဟာ အတော့်ကို သနားစရာကောင်းကြပါတယ်။ အထူးသဖြင့် ကိုယ်ကလည်း မစွမ်း၊ မသန်၊ အရွယ်ကလည်းရ၊ သားသမီးကျောထောက်နောက်ခံကလည်း မရှိကြသူတွေဆိုရင်တော့ အဲဒီဘဝမျိုးနဲ့ လူဖြစ်လာကြရတဲ့ သူတွေအတွက် အတော်ယူကျုံးမရဖြစ်စရာကောင်း လှပါတယ်။ မည်ကာမတ္တ ဖြစ်လာကြရတဲ့သူတွေ၊ မည်ကာမတ္တဘဝတစ်ခုကို ပိုင်ဆိုင်ကြရတဲ့ သူတွေ၊ လောကကြီးရဲ့ဒုက္ခအဖုံဖုံကို မည်ကာမတ္တအသက်တစ်ခုနဲ့လာပြီး ရယူကြရတဲ့ သူတွေလို့ ဘမောင် မကြာမကြာတွေးမိရပါတယ်။

အတိတ်ကံရဲ့ ကုသိုလ်၊ အကုသိုလ်တွေ အရ 'အကြောင်းတရား' ကနေ ဒီနေ့လူဆိုတဲ့ 'အကျိုးတရား' ဖြစ်လာခဲ့ကြပေမယ့်လည်း၊ အဲဒီအကြောင်းတရားရဲ့ ပမာဏနဲ့လားရာကို မသိနိုင်ကြတဲ့ အတွက်ကြောင့် ကိုယ့်အနာဂတ်ကို ကိုယ်မသိနိုင်ကြခြင်း ဖြစ်ပါတယ်။ ချမ်းသာမလား၊ ဆင်းရဲမလားဆိုတာကို မသိနိုင်ကြသလို၊ မနက်ဖြန် ဘာဖြစ်မလဲ ဆိုတာလောက်ကိုတောင် မသိနိုင်ကြပါဘူး။ ကိုယ်တွေကသာ ဘယ်လို၊ ဘယ်လောက်သိသိ-မသိ သိ အကြောင်းတရားတွေ အတွက် အကျိုးဆက်အနေနဲ့ လူတိုင်းမှာ ဇာတ်ညွှန်းကပါလာပြီးသားဖြစ်တယ်။ ဆင်းရဲတဲ့ သူတွေ 'ကျောက်' အောင်ပြီး၊ ထီပေါက်ပြီး ချမ်းသာသွားနိုင်ကြသလို၊ ချမ်းသာတဲ့သူတွေလည်း မကြာခင်မှာ ပြန်မွဲသွားနိုင်ကြတယ်။ တရှောင်ရှောင် ဖျားနေ၊ နာနေတဲ့လူက အသက်ရှည်သွားနိုင်သလို၊ အခုလို သန်သန်မာမာနဲ့ ကျန်းမာရေးကောင်းတဲ့ တပည့်ကျော်ကြီး ဆရာအောင်ဝင်းလို ချက်ချ[...] ပဲ ဘဝတစ်ပါးကိုပြောင်းသွာ[...] နိုင်ကြပါတယ်။

လူတွေမှာ ဘယ်[...] ဘာဖြစ်မလဲဆိုတဲ့ Destin[...] ion ခရီးလမ်းနဲ့ ဖြစ်ပျက်[...] တွေက 'ကံ' အနေနဲ့ကိုပါ[...] ပြီးသား၊ ဒါကြောင့် အဲ[...] သဘောလေးကို သိခဲ့ရင် [...] ဘဝမှာ 'အကြောင်းကောင်[...]' လေးတွေဖြစ်အောင် ဖြ[...] ဆည်းသင့်ကြတယ်။ [...] ကြောင့်လည်း ဆရာတော်[...] ကြီးတွေက အခါမလပ် သ[...] ပေးခဲ့ကြတာ၊ သေမင်းဆို[...] လက်တစ်ကမ်းမှာရှိနေတ[...] သူ မခေါ်ခင်မှာ အသိနဲ့ဝီ[...] လေးထားပြီး အကြော[...] ကောင်းလေးတွေကို အ[...] မလပ် တတ်နိုင်တဲ့ဘက်[...] လုပ်ကြဖို့။

❑

စစ်သည်တွေ ဆုံး[...] ကြရင် 'အမိန့်ပြန်' ရလေ့[...] တယ်။

အဲဒီလို အမိန့်ပြန်[...] အခါတိုင်းမှာ ဘမောင် ရင်[...] မကောင်းလှဘူး။

'ကိုယ်ပိုင်အမှတ်[...] တပ်ကြပ် အောင်ဝင်း၊ [...] သည် ဘဝတစ်ပါးသို့ [...] ပြောင်းသွားပြီဖြစ်၍ [...] နေရာ၊ ဤဌာန၊ ဤတ[...] အမှတ် ၉၁၀ စစ်မြေပြ[...] အင်ဂျင်နီယာတပ်ခွဲ သ[...] ယနေ့မှစ၍ သင်နှင့် မည်[...] မျှ မသက်ဆိုင်တော့။ မြ[...] ဆိုရှယ်လစ်လမ်းစဉ် ပါတီ[...] အဖြစ်မှလည်း သင့်အ[...] ထုတ်ပယ်လိုက်ပြီးဖြ[...] သင်သွားလိုရာသို့သွားနိ[...]

အဲဒီတုန်းက မြ[...] ရှယ်လစ်လမ်းစဉ်ပါတီ[...]



www.burmeseclassic.com

www.burmeseclassic.com

သေဆုံးသွားတဲ့ သူတွေကို ဘပ်ကထုတ်ပယ်ရသလို ါတီကလည်း ထုတ်ပယ်ရပါ တယ်။ အထူးသဖြင့် နောက် ဆုံး 'သင်သွားလိုရာသို့ သွား နိုင်ပြီ' ဆိုတဲ့စကားကို ရွတ် ရတဲ့ အချိန်မှာ ကိုယ်ချစ်ခင် တဲ့ တပည့်ဖြစ်တာ ကြောင့် အတော်ကလေး ဆို့ဆို့နင့်နင့် နဲ့ အမိန့်ပြန်ခဲ့ရတယ်။

ဆရာအောင်ဝင်း ဘဝ တစ်ပါးရောက်သွားပြီဆိုတာ ကိုရော သိရဲ့လားမသိဘူး။

**Ghost** ဆိုတဲ့ ရုပ်ရှင် ကားထဲမှာ ဇာတ်လိုက်က သေနတ်မှန်ပြီး တစ်ခါတည်း သေသွားတယ်။ ဒါပေမဲ့ သူ့ ဝိညာဉ်က သူသေသွားတာ ကို မသိဘူး၊ လူဆိုးတွေ နောက် ထပ်လိုက်နေတုန်းပဲ။ ပြီးတော့ ကျန်ခဲ့တဲ့ သူ့ချစ် သူအနားမှာ အမြဲရှိနေတတ် တယ်။ ဘဝခြားသွားတဲ့ အတွက်ကြောင့် သူပြောတာ ကို ကျန်ခဲ့တဲ့ ချစ်သူကတော့ ကြားနိုင်ဘူးပေါ့၊ သူ့ကို လည်း မတွေ့နိုင်ဘူးပေါ့။

ဘယ်သူတွေ ဘယ် လောက်ငြင်းကြ၊ ခုံကြပါစေ၊ အဲဒါကို ဝိညာဉ်လောကလို့ ခေါ်မလား၊ ပရလောကလို့ ခေါ်မလားတော့ မသိဘူး၊ အဲဒီကိစ္စမျိုး တော်တော်များ များကိုတော့ စစ်တပ်ထဲမှာ ဘမောင်တို့ အတော်ကလေး ကြုံခဲ့ဆုံခဲ့ဖူးတယ်။ သိပ္ပံနည်းနဲ့ အဖြေရှာမရဘူးဆိုပေမဲ့ အခု နောက်ပိုင်း ခေတ်မီကင်မရာ တွေနဲ့ ဝိညာဉ်တွေကို သက် သေအဖြစ် ရိုက်ယူထားလို့ တောင်ရနေပြီ။ Paranormal ဆိုတာ သိပ္ပံနည်းကျ ရှင်း သင်းမှု၊ စူးစမ်းမှုထက်ကျော် လွန်နေတဲ့ကိစ္စမျိုးကို ကိုယ် စားပြုတဲ့စကားလုံး၊ အဲဒီဖြစ် ရပ်တွေက အတော်များများ ရှိနေပါတယ်။ ကြုံဖူးတဲ့သူနဲ့ မကြုံဖူးတဲ့သူတွေပဲ ကွာကြ တာ။

အောင်ဝင်း ဆုံးသွားတာ ဘာလိုလိုနဲ့တစ်ပတ်ရှိသွားပြီ။

တပ်ထဲမှာ ဘာမှ ထူး ထူးခြားခြားတော့ မဖြစ်ခဲ့ ဘူး။ နောက်တန်းပြန်နား တုန်း အောင်ဝင်းက မော်တော် ယာဉ်မှာ ရိန်းဂျားကြီး မောင်း နေတယ်ဆိုပေမဲ့ ဆရာသမား ခိုင်းချင်တာ ခိုင်းလို့ရအောင် ဆိုပြီး ကားရပ်ထားတဲ့အချိန် ရုံးခန်းထဲမှာ အမြဲရှိနေတတ် တယ်။ သူ့ကို ဘာခိုင်း ခိုင်း မျက်နှာချိုချိုနဲ့ ဘယ်တော့မှ ငြင်းလေ့မရှိဘူး၊ အမြဲတမ်း ဖင်ပေါ့တယ်။ အတန်းပညာ ကလည်း ၉ တန်းအောင် ထားတယ်ဆိုတော့ ရုံးအလုပ် ကိုလည်း ကူပြီးလုပ်ပေး တတ်တယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်ကဆိုတော့ အဲဒီ အချိန်တုန်းက တပ်တွေက အရမ်းဆင်းရဲကြတယ်၊ ဖွဲ့ စည်းပုံမပြည့်ဘူး။ ဦး၊ ရေး၊ ထောက်အတွက် တပ်ကြပ် ကြီးစာရေး တစ်ဦးစီသာရှိပြီး အကူရဲဘော်တစ်ဦးစီတောင် မပေးနိုင်ဘူး။ မှတ်မှတ်ရရ ရုံးမှာ ရုံးအုပ်ရယ်၊ ဦး-ရေး- ထောက် တပ်ကြပ်ကြီးစာရေး ၃ ဦးရယ်၊ အကူရဲဘော်တစ် ဦးရယ်ပဲရှိတယ်။ အောင်ဝင်း က အားတဲ့အခါ ရုံးမှာလာ ပြီး လုပ်အားပေး။ တပ်မှူး အတွက် ရုံးအကူတစ်ဦးနဲ့ ဘမောင်တို့ အရာရှိ ၄ ဦး အတွက် ရုံးအကူတစ်ဦးပဲရှိတဲ့ တပ်ကလေး ဖြစ်ပါတယ်။

ခပ်အေးအေးနေတတ် ပြီး လူ့ဘဝထဲမှာကိုက သူများ ကို ဒုက္ခမပေးတတ်ခဲ့တဲ့ အောင်ဝင်းမို့လားမသိဘူး၊ အရိပ်အယောင်လေးတောင် တစ်စက်လေးမှ မပြခဲ့ပါဘူး။ ဘမောင်က ရေး/ ထောက် ကိုင်ထားရတော့ နေ့စဉ်နီးပါး လောက် ရုံးခန်းထဲမှာ ညဉ့် နက်သည့်နေ အလုပ်လုပ်ရတတ် တယ်။ အကူရဲဘော်လေးက ရေနွေးကြမ်းတစ်အိုးချပေး ပြီး ည ၁၀ နာရီလောက်ဆို ပြန်တယ်။ ညသန်းခေါင် လောက်အထိ ဘမောင်က ရေနွေးကြမ်းတစ်အိုး၊ ဆေး လိပ်တိုတစ်ချောင်းနဲ့ အလုပ် လုပ်လေ့ရှိပါတယ်။ ဘမောင် နဲ့ ဆရာအောင်ဝင်းတို့က လက်ပွန်းတတီး နီးစပ်ခဲ့ကြ တာဆိုတော့ တစ်ခုခုတော့ ထူးခြားမလားလို့ ဘမောင် လည်း မျှော်လင့်မိတယ်၊ ဒါ ကြောင့်လည်း သူ့ရက်လည် အတွင်း ရုံးခန်းထဲမှာတစ် ယောက်တည်းထိုင်ရင်း ညဉ့် နက်တဲ့အထိ အလုပ်လုပ်နေ ခဲ့တာ။

❑

ဇန်နဝါရီလ ဆောင်း တွင်းဆိုတော့ အအေးဓာတ်က အတော်သိသာတယ်။ အဲဒီ တုန်းက မင်္ဂလာဒုံဘက်မှာ လူနေကလည်း ကျဲသေးတော့ လေထုညစ်ညမ်းမှုကလည်း မရှိလို့၊ အပူချိန်ကလည်း သိပ်ပြီး မမြင့်တတ်သေးဘူး။ ဒါကြောင့် နိုဝင်ဘာလ၊ ဒီဇင် ဘာလ၊ ဇန်နဝါရီလနဲ့ ဖေဖော် ဝါရီလတွေမှာဆိုရင် မနက် စောစောနဲ့ ညဘက်တွေမှာ ဆိုရင် မြို့ထဲဘက်ထက် သိ သိသာသာကြီး အအေးပိုနေ ပါတယ်။

မနက်ဖြန်ဆို အောင်ဝင်း ရဲ့ ရက်လည်။

အနွေးအင်္ကျီလေး တစ် ထပ်ဝတ်ပြီး၊ ဘမောင်လည်း အခြားအဆင့်တွေနေတဲ့ လိုင်း ခန်းဘက် လျှောက်ခဲ့တယ်။ ညက မညဉ့်နက်သေးဘူး၊ ကိုးနာရီခွဲလောက်ပဲ ရှိပါ သေးတယ်။

'ဆရာကြီး အဆင်ပြေ ရဲ့လား'

'ဟုတ်ကဲ့ ဗိုလ်ကြီး အားလုံး အဆင်ပြေပါတယ်၊ သံဃာတွေလည်း ပင့်ထား ပြီးပြီ၊ ကျန်ခဲ့တဲ့သူ့ဇနီးကို လည်း ကျွန်တော်တို့အားပေး နေပါတယ်'

'အေးဗျာ ဒီကောင်က လူလိမ္မာဗျ၊ သူ့ဇနီးလိုအပ်တာ တွေလည်း ဆရာကြီးပဲမေး ပြီး ကျွန်တော့်ကို ပြောဦး'

လိုင်းခန်း ၂ ခုကြားမှာ မြေကွက်လပ်လေးရှိတယ်၊ အဲဒီမှာ ခွေးခြေပုလေးနဲ့ထမင်း စားစားပွဲဝိုင်းလေး သုံးလေး ခုလောက်ချထားတယ်။ စား ပွဲပေါ်မှာ ထုံးစံအတိုင်း ဆေး ပေါ့လိပ်ရယ်၊ ရေနွေးကြမ်း အိုးရယ်၊ လက်ဖက်သုပ်တစ် ပွဲရယ်၊ ကွာစိပန်းကန်ရယ် ပေါ့။ မြန်မာ့ဓလေ့အသုဘ အိမ်တွေမှာ တွေ့နေရတဲ့ပုံစံ လေးပါပဲ။

ရက်လည်အထိက တော့ ဝိုင်းပြီး အားပေးကြတဲ့ သူတွေနဲ့ဆိုတော့ လူက မပြတ် ဘူးလေ။ ဆုံးသွားသူအတွက် ကျန်တဲ့သူက စိတ်မကောင်း ဖြစ်ရပေမဲ့ လူတွေက ရှိနေ တော့ အတော်အသင့်လောက် တော့ စိတ်သက်သာရာရကြ ပါတယ်။ ရက်လည် ပြီးရင်

www.burmeseclassic.com

တော့တစ်ခါတည်း လူပြတ်သွားတတ်တာမို့ ကျန်ခဲ့တဲ့သူတွေမှာ နေမထိ ထိုင်မထိ ဖြစ်တတ်ကြတယ်၊ အဲဒီကာလက ကျန်ခဲ့တဲ့သူတွေ အတွက် အဆိုးဆုံးပဲ။ အိမ်ထောင်စုမှာ လူများများရှိနေရင် မထောင်းသာလှပေမဲ့ လူနည်းရင်တော့ ရင်ထဲမှာ ဟာတာတာနဲ့ အတော်ကြီး နေမထိ၊ ထိုင်မသာဖြစ်ရတတ်ပါတယ်။

အောင်ဝင်းမှာ လေး၊ ငါး နှစ်သားသာသာရှိတဲ့ သားလေးတစ်ယောက် ကျန်ခဲ့တယ်၊ ပြီးတော့ သူ့ဇနီး၊ အသုဘရက်လည်ပြီးရင် ကျန်ခဲ့ရမှာက သားအမိနှစ်ယောက်တည်း။ ပြီးတော့ ကလေးကသိပ်ငယ်သေးတာမို့ အောင်ဝင်းရဲ့ဇနီးဘက်က အတော်ကလေး ကိုယ်ချင်းစာကြည့်မိသွားတယ်။

'ဆရာကြီး ခင်ဗျား ဇနီးနဲ့ ဆရာ ကျော်စိန်ဇနီးကို ဒီမှာ နောက်ထပ်တစ်ပတ်၊ နှစ်ပတ်လောက် အလှည့်ကျထားပေးထားဦး၊ တော်ကြာ ကောင်မလေး စိတ်ဓာတ်သိပ်ကျသွားမယ်၊ ကလေးကလည်း ငယ်သေးတယ်မို့လား'

'ဟုတ်ကဲ့ ဗိုလ်ကြီး ကျွန်တော် စီစဉ်ထားပေးပါ့မယ်'

ဆရာကြီးထွန်းရှိန်က ဘမောင်ကို ရေနွေးကြမ်း ငှဲ့ပေးတယ်၊ ရာသီက နည်းနည်းအေးတာနဲ့ ဘမောင်က ဆေးပေါ့လိပ်တစ်လိပ်ကို ယူပြီး မီးညှိတယ်။ တပ်ထဲမှာ မပြောမပြီး၊ မတီးမမြည်ကိစ္စတွေ အတော်ရှိတယ်။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စတွေမှာ အချို့ဟာတွေကို ဘာသိဘာသာနေလိုက်ရင်လည်း ရတာတွေရှိသလို၊ တချို့ကျတော့လည်း သူတို့ကို ကိုယ်ချင်းစာပြီး ပူပေး၊ တွေးပေးရတာတွေ၊ စီစဉ်ပေးရတာတွေလည်းရှိရတတ်တယ်။ ပြီးခဲ့တဲ့ ၂ နှစ်လောက်က ရှေ့တန်းမှာ ရဲဘော်တစ်ယောက် ကျသွားတယ်။ ကျန်ခဲ့တဲ့ ဇနီးသည်က အသက်ကနှစ်ဆယ်ကျော်၊ တစ်သက်လုံး ဒီလိုပဲ ဆက်သွားမလား၊ အိမ်ထောင်ပြုရင်ရော ဘယ်လိုလူမျိုးနဲ့ ထပ်ပြုမှာလဲ ဘမောင်တို့ အရာရှိတွေက မိဘတွေလို စဉ်းစားပေးကြရပါတယ်။ ရဲဘော်မရှိတော့ သူ့ဇနီးက လိုင်းခန်းမှာ နေခွင့်မရှိရှာတော့ဘူး။ အဲဒီတော့ တပ်နားက ရွာလေးမှာနေဖို့ စီစဉ်ပေးရတယ်။ ပြီးတော့ တပ်ထဲက လူတွေက ဝိုင်းပြီး ကြည့်ပေါ့၊ မတော်တဲ့သူနဲ့တွေ့ရင်တား၊ တော်နဲ့ သူနဲ့တွေ့ရင်တော့ ဝိုင်းပြီး ကူညီစီစဉ်ပေါ့လေ။ အခုလည်းကျန်ခဲ့တဲ့ အောင်ဝင်းဇနီးကိုလည်း သူဆန္ဒရှိရင် အဲဒီလိုပဲ လုပ်ပေးရဦးမှာ။ အောင်ဝင်းဇနီးက အသားဖြူဖြူနဲ့ ရုပ်ရည်လေးနည်းနည်းရှိတော့ မတော်တဲ့သူနဲ့ဖြစ်သွားရင် ကျန်ခဲ့တဲ့ကလေးရဲ့ အနာဂတ်အတွက်လည်း စဉ်းစားရသေးတယ်။

'ဆရာကြီး ထုံးစံအတိုင်း ရွာထဲမှာကောင်မလေး နေဖို့စီစဉ်ပေးပါဦး၊ ပြီးတော့ ကလေးကျောင်းကိစ္စလည်း မပျက်စေနဲ့၊ ကျောင်းကားနဲ့ပဲ ခေါ်သွားပေးပါ။ ပင်စင်ကိစ္စ မပြီးခင်မှာ စားဝတ်နေရေးအတွက် ကျွန်တော်တတ်နိုင်သလောက် ကူပေးမယ်'

အမှန်အတိုင်း ပြောရရင် တပ်ထဲဝင်တုန်းက ဘမောင်လည်း အဲဒီလိုကိစ္စတွေကို မတွေးမိခဲ့ဖူးဘူး။ စည်းကမ်းတကျ လုပ်တတ်ကိုင်တတ်တဲ့ အလေ့အကျင့်ကို သဘောကျပြီးတပ်ထဲဝင်ခဲ့တာ။ ကိုယ်တိုင်ကိုယ်ကျရောက်တော့မှပဲ သေကြေ၊ ကျကြရတဲ့အပြင်၊ ကျန်ခဲ့တဲ့မိသားစုတွေရဲ့အရေးကိစ္စကိုပါစဉ်းစားပေးရင်စဉ်းစားပေးသလောက် ရှိတတ်တာကို ကြုံခဲ့ရပါတယ်။ တပ်ထဲဝင်ကတည်းက ဘမောင့်လစာကို တစ်ခါမှ အပြည့်အဝ မသုံးခဲ့ရဖူးသေးဘူး၊ ရိက္ခာဆိုတာတော့ ဝေလာဝေးပဲ။ ကျပ်တည်းတဲ့ ရဲဘော်တွေကို တစ်လှည့်စီ ပေးရင်းနဲ့ ဘမောင်ရဲ့အမေကရော၊ ဇနီးသည်ကပါ ရိက္ခာဆိုတာကို 'ဘာလဲဟင်' လို့ မေးယူရလောက်ခဲ့တယ်။ လစာကို အိမ်တစ်ခါမှ မပေးဖြစ်ခဲ့ဘူး၊ တပ်ထဲဝင်ကတည်းကနေ တပ်ကအငြိမ်းစားယူတဲ့အထိ အသုံးလိုရင်သာ အိမ်ကနေ ပြန်မှာရတာ။

ဆိုင်းမဆင့်၊ ဗုံမဆင့် ဆရာ ကျော်စိန်က ဘမောင်ကို ပြောလိုက်တယ်။

'ဗိုလ်ကြီး ဗိုလ်ကြီး တပည့်ကျော်ကတော့ အတော်လိမ္မာတယ်နော်၊ သေသွားတဲ့အထိပဲ'

'အေးဗျာ ဟုတ်တယ်၊ ကျွန်တော် တော်တော် စိတ်မကောင်းဘူး'

သူတို့ ဘာကိုဆိုလိုတယ်ဆိုတာ ဘမောင် သဘောမပေါက်သေးပါဘူး။ ဆရာကျော်စိန်က ခပ်ပြုံးပြုံးနဲ့...

'ဗိုလ်ကြီးရုံးခန်းထဲမှာ တစ်ယောက်တည်း အလု လုပ်နေတာ ဘာမှ မထူးခြားဘူးလား'

'ဟင့်အင်း ဘာမှ မထူးခြားဘူး'

'ဒါကြောင့် ပြောတာ ဗိုလ်ကြီးတပည့် သိပ်လိမ္မာတယ်လို့၊ ဒီကောင် မသေခင်ကလည်း ဘယ်သူ့ကိုမှ ဒု မပေးခဲ့ဖူးဘူး၊ သေပြီးသွားတော့လည်း ဘာမှအနှ အယောင်တောင် မပြခဲ့ ဖြ ဘူး'

'အေးဗျ၊ ကျုပ်လည်း ဒါကိုပဲ စဉ်းစားနေတာ၊ ချိုးချွတ်ချွတ်လေးများ ကြား မလားဆိုပြီး သတိထား ကြည့်မိသေးတယ်။ ဘာ ဘာမှ မထူးခြားတာဗျ'

'ဟုတ်တယ် ဗိုလ်ကြီး လိုင်းခန်းဘက်မှာလည်း ဘာမှ ထူးထူးခြားခြား မပြခဲ့ဘူး'

စားပွဲဝိုင်းပေါ်က ထည့်ထားတဲ့ ခပ်နွေးနွေး ရေနွေးကြမ်းကို ဘမောင်တစ် သောက်လိုက်ပါတယ်။ ပြီး အအေးဓာတ်ကြောင့် ထည့်ထားတဲ့ ရေနွေးကြမ်းက မိနစ်လောက်ဆိုရင် ခပ်နွေးနွေးလောက်ပဲ ကျန်ပါတော့တယ်။

'ကျွန်တော်တောင် စားဖြစ်သေးတယ်'

ဘမောင် ဆေးလိပ် ဖွာလောက် ဖွာလိုက်ပြီး စားမိတာလေး ပြော လိုက်ပါတယ်။

'အောင်ဝင်းကြီး ခါတည်း နှုတ်ပြည် သွားလို့ ကျွန်တော် တစ်ခုခုမပြနိုင်တော့ ဒါမှ မဟုတ်...'



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးထွန်းရှိန်နဲ့ ဆရာကြီးကျော်စိန်တို့က ဘမောင်ထပ်ပြောလာမယ့် စကားကို နားစွင့်နေတယ်။ ဆရာကျော်စိန်ကတော်က လည်း အတော်ကြီး စိတ်ဝင်စားဟန်နဲ့ပါ။ အောင်ဝင်းနဲ့ ဆရာကြီးကျော်စိန်ကတော်တို့ဟာ အတော်ကို ရင်းနှီးကြပါတယ်၊ ဆရာကြီး ကျော်စိန်က ပိန်သလောက် သူ့ဇနီးက အခုခေတ်မင်းသမီးတွေနဲ့ ပြောရရင် 'ပွင့်'လောက် နီးပါး 'ဝ' ပါတယ်။

'ဒါမှမဟုတ်ရင် ဒီကောင်ကြီး ကျွန်တော်တို့ အပေါ်ကို တကယ်ပဲသံယောဇဉ်မရှိတာလားဆိုတာ…'

ဘမောင်စကား အဆုံးသတ် မရောက်လိုက်ပါဘူး။

ရေနွေးကြမ်းအိုး တင်ထားတဲ့ စားပွဲဝိုင်းကို တစ်ဦးတစ်ယောက်က တစ်ဖက်က နေ ၄ လက်မလောက်ကြွအောင် 'မ' ပြီး လှုပ်ယမ်းလိုက်သလိုပါပဲ…

'ဟာ…'

'ဟင်…'

'ဗို လ် …ကြီး…အောင်…အောင်ဝင်း…ထင်တယ်'

ဆရာကြီးကျော်စိန်ရဲ့ ဇနီးအသံက တစ်မုဟုတ်ချင်း တုန်ခါသွားတယ်။

စားပွဲလှုပ်သွားတာကလည်း တစ်ချက်တည်း မဟုတ်၊ အနည်းဆုံး (၄-၅) ချက်လောက်ကို တဆတ်ဆတ်နဲ့ လှုပ်သွားတာမျိုး။ ဘမောင်လည်း အံ့သြသွားတယ်၊ စားပွဲဝိုင်းက ခြေရှည်စားပွဲဝိုင်း မဟုတ်ဘူး၊ မြန်မာဆန်ဆန်ကြမ်းပြင်ပေါ် ထိုင်စားရတဲ့ ထမင်းစား-စားပွဲဝိုင်းပုမျိုး၊ ဘယ်သူကမှလည်း တစ်ဖက်ဖက်မှ လက်တင်ထားတာ မရှိဘူး၊ ဟန်ချက်ပျက်စရာ မရှိဘူးပေါ့။

ဆရာကြီး ထွန်းရှိန်ဆို မျက်လုံးအဝိုင်းသား၊ ပါးစပ်အဝိုင်းသားနဲ့ စားပွဲကို ကြည့်နေလေရဲ့။ အဲဒီစားပွဲ(၄-၅) ချက်လောက် အထက်နဲ့အောက် ဆွဲမသလို လှုပ်သွားတာကို အားလုံးကတွေ့လိုက်ရတယ်။

'ဗိုလ်ကြီး ဗိုလ်ကြီး သံယောဇဉ်ရှိပါတယ်လို့ အောင်ဝင်းက ပြောနေတာ'

ဘမောင် အံ့သြရတာထက် စိတ်မကောင်းမှု ဖြစ်ရတဲ့ခံစားချက်က ချက်ချင်းဝင်လာပါတယ်။ အတွေးမဆုံးသေးခင်မှာဘဲ ဆရာကြီး ကျော်စိန်က…

'အောင်ဝင်းရေ မင်းတို့ကို ချစ်သေးတယ်ဆိုရင် ထပ်ပြပါဦးကွာ'

'ခွပ်…ခွပ်…ခွမ်း…'

ထမင်းစားပွဲပေါ်တင်ထားတဲ့ အကြမ်းပန်းကန် ၂ လုံးက တစ်စုံတစ်ယောက်က ညှစ်ချလိုက်သလို တစ်လုံးပြီးတစ်လုံး တခွပ်ခွပ်ကွဲသွားပါတယ်။ စုစုပေါင်း ၂ လုံး ဆက်တိုက် ကွဲသွားတာပါ။ တစ်ခွက်မှာ အကြမ်းရည်နည်းနည်းလေး ကျန်နေပြီး၊ တစ်ခွက်မှာတော့ အကြမ်းရည် ဘာမှမရှိပါဘူး။

'ဟာ'

အောင်ဝင်းကို မေးလိုက်တဲ့ ဆရာ ကျော်စိန်ကိုယ်တိုင် မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်သွားခဲ့ပါတယ်။ အုတ်အော်သောင်းနင်းဖြစ်သွားမှာစိုးတာနဲ့ ဘမောင်ကပဲ…

'ကဲ ကဲ တော်ပြီ ဆရာကြီးတို့ လျှောက်လည်း ပြောမနေနဲ့တော့၊ တော်ကြာ သူများတွေ လန့်နေဦးမယ်' ■

နေဇင်လတ်

Dictionary for All

သာလွန်

THALUN
Bookstore
Yangon

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၃၁၈၊ ၂၄၃၂၁၈

၅၂၅၊ ကုန်သည်လမ်းနှင့်၃၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၀၃၈၊ ၃၈၂၂၈၀

၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၁



www.burmeseclassic.com

www.burmeseclassic.com



# ရွှေနှလုံးသား နှင့် ရွှေအသစ်

## ဝတ္ထုတိုများမှ ပရိသတ်အကြိုက်ဆုံး ရွေးချယ်ခြင်း

နှစ်တစ်နှစ်လည်လာပြန်ပြီဆိုတော့ ပရိသတ်များ စိတ်ကြိုက်ရွေးပေးရမယ့် အချိန်ကို ရောက်ရှိလာပြန်ပါပြီ။ ဒီနှစ်မှာတော့ ကိုယ့်ကိုယ်ကို ပြန်ပြီးလက်ရေးမျိုးစုံနဲ့ အားပေးချီးမြှင့်တာမျိုး မရှိလောက်တော့ဘူးလို့ မျှော်လင့်ထားပါတယ်။ ရှိလာရင်လည်း …။

■ အယ်ဒီတာအဖွဲ့

### အကြိုက်ဆုံး ရွှေနှလုံးသားဝတ္ထု

ဝတ္ထုအမည် ……………………………………

ကလောင်အမည် ……………………………………

ဖော်ပြခဲ့သည့်လ ……………………………………

### အကြိုက်ဆုံး ရွှေအသစ်ဝတ္ထု

ဝတ္ထုအမည် ……………………………………

ကလောင်အမည် ……………………………………

ဖော်ပြခဲ့သည့်လ ……………………………………

**ဆန္ဒပြုသူ၏အမည်** ……………………………………

**နေရပ်လိပ်စာအပြည့်အစုံ** ……………………………………

**ထိုးမြဲလက်မှတ်** ……………………………………

### ရွှေနှလုံးသား

| | | | |
|---|---|---|---|
| ၁။ | ၁၂/ဒီဇင်ဘာ | မာတ်ခဲ | အချစ်ကြောင်းရေးတဲ့ ရုပ်ရှင် |
| ၂။ | ၁၃/ဇန်နဝါရီ | ရွှေကိုယ်နှတ်(UCSM) | ကျွန်မတို့နှစ်ယောက်အတွက် သူနှင့်ကျွန်မ |
| ၃။ | ၁၃/ဖေဖော်ဝါရီ | ဖူးသစ်မော် | ကမ်းလက်သင့်ရာ |
| ၄။ | ၁၃/မတ် | မိဇုစံ | သက်တမ်း |
| ၅။ | ၁၃/ဧပြီလ | ရှည့်ညိုလေး | ခုထိအောင်လည်း |
| ၆။ | ၁၃/မေ | ယွန်းမိုမို | စာမျက်နှာတစ်ဖက်တည်းမှာ ရေးခြစ်ခဲ့တဲ့ အချစ် |
| ၇။ | ၁၃/ဇွန် | နော်(ကျောက်တိုင်) | မြစ်တစ်စင်း၏ ချစ်ခြင်းအလင်္ကာ |
| ၈။ | ၁၃/ဇူလိုင် | ဆေးဆေ | အသံမဲ့ ဗာဒံပင် |
| ၉။ | ၁၃/ဩဂုတ် | သံလွင်သစ္စာ(သထုံ) | ချစ်ခြင်း၏ ခါးသက်သောအရသာ |
| ၁၀။ | ၁၃/စက်တင်ဘာ | ရဲစွမ်းနေ | ကြယ်စောင့်ကြည့်သူ |
| ၁၁။ | ၁၃/အောက်တိုဘာ | နေဇာခိုင် | ကျွန်မ၏ပေတံ |
| ၁၂။ | ၁၃/နိုဝင်ဘာ | ပိုင်ဒွေး(သချာ) | နွေနှင်းဆီ |



www.burmeseclassic.com

www.burmeseclassic.com



# ရွှေအသစ်ဝတ္ထုတို

| | | | |
|---|---|---|---|
| ၁။ | ၁၂/ဒီဇင်ဘာ | လူခါး | ဘနဖူးသိုက်တူးစို့ လိုက်ဦးမလား |
| | ၁၂/ဒီဇင်ဘာ | တင်လေးမောင်(မိုးရည်နိုင်) | ဂြိုဟ်သူ |
| | ၁၂/ဒီဇင်ဘာ | သူရခိုင် | သေမိန့် |
| ၂။ | ၁၃/ဇန်နဝါရီ | ဇေဦးယျာ | ကြယ်စင်သစ်တို့ လင်းတဲ့ရင်ခွင် |
| | ၁၃/ဇန်နဝါရီ | လူခါး | လူမိုက်က ကျွန်တော်၊ အဖော်က တီပက်ဖ် |
| | ၁၃/ဇန်နဝါရီ | သမိုင်းကိုကို | ကြိုး |
| ၃။ | ၁၃/ဖေဖော်ဝါရီ | လွန်းတင်ရ(ရေစကြို) | လက်စွပ်တစ်ကွင်းနှင့် လူနှစ်ယောက် |
| | ၁၃/ဖေဖော်ဝါရီ | နန်းကြာဖြူ(ဘားအံ) | ဖော်မစုံ သုညကလေးများ |
| | ၁၃/ဖေဖော်ဝါရီ | ရေအေး | လူ့တစ္ဆေ |
| ၄။ | ၁၃/မတ် | Aသဉ် | ကုလားထိုင်များ |
| | ၁၃/မတ် | ကြည်ထွန်းလူ | ကြွေသက်မျက်ရည်အလင်းဖြစ်စေ |
| ၅။ | ၁၃/ဧပြီ | ကျိုက်စကော ခင်စိုး | ကြောင်ဇရာနဲ့ မော်ဒယ်ကြွက် |
| | ၁၃/ဧပြီ | လူခါး | ရှို့မီး၊ ကမ္ဘာ့အနိမ့်ပိုင်းသို့ လောင်ကျွမ်းသည် |
| ၆။ | ၁၃/မေ | မောင်ဇိုဇေ(ကလေး) | တစ္ဆေ |
| | ၁၃/မေ | မောင်ကျော်လင်း | ခေါင်းငုံလိုက် |
| ၇။ | ၁၃/ဇွန် | မေ(လားရှိုး) | လမ်းခွဲမှအလှူ |
| | ၁၃/ဇွန် | သုဒ္ဓ | ညီစိုစို့ အနံ့များ |
| | ၁၃/ဇွန် | လင်းရိပ်ဖြူ | မုန်တိုင်းသင့် ပင်လယ်ရဲ့ ဦးတည်ရာ |
| | ၁၃/ဇွန် | ရိုးကိုလေး | ဂျိမ်းစ်ထွန်း |
| | ၁၃/ဇွန် | နတ်ရဲ(ရူပဗေဒ) | မျက်နှာဖုံးများ |
| ၈။ | ၁၃/ဇူလိုင် | ချစ်ပြည့်အိမ်ငယ်(ယောမြေ) | လောင်းရိပ်အက်ကြောင်း |
| | ၁၃/ဇူလိုင် | မြတ်သျှိုင်းသွင် | တိမ်ဖြူကို ခြံတဲ့ တိမ်မည်းညို |
| | ၁၃/ဇူလိုင် | နေ(ပင်လယ်ပြာ) | လက်ဖက်ရည် |
| ၉။ | ၁၃/ဩဂုတ် | ပန်းသွန်းခြယ်(ကော့မှူး) | ပုံသက္ကူ |
| | ၁၃/ဩဂုတ် | မိုးခကျော်သွင် | လမ်းဆုံ |
| | ၁၃/ဩဂုတ် | ကိုဂျီးအဲ | နွံလူး၍ ရွှံ့ဖူးသည် |
| | ၁၃/ဩဂုတ် | မေတ္တာစိုးမွန် | အရုပ်ကလေးများ |
| | ၁၃/ဩဂုတ် | မိုးထက်ကျော်(ကွင်းကောက်) | ကြီးမားတဲ့ ကျေးဇူး |
| ၁၀။ | ၁၃/စက်တင်ဘာ | မင်းတုန်း(မောင်စိမ်းလွင်) | ပန်းနိမိတ် |
| | ၁၃/စက်တင်ဘာ | ရေအေး | နှစ်ပွင့်ပန်း |
| | ၁၃/စက်တင်ဘာ | သုတအောင် | သရက်ကင်းလေးတွေ ကြွေနေပြီ |
| | ၁၃/စက်တင်ဘာ | လူစွာ | မျက်မှန်တစ်လက်အကြောင်း |
| | ၁၃/စက်တင်ဘာ | ဂြိမ်းမောင်(ပုဏ္ဏားကျွန်း) | သွေးတစ်လုံး အသက်တစ်ချောင်း |
| ၁၁။ | ၁၃/အောက်တိုဘာ | ခန့်ညီဖေ | မျှော်လင့်ခြင်းအသစ် ရင်တွင်းဖြစ်တည် |
| | ၁၃/အောက်တိုဘာ | ရေအေး | မွေးမေလေ့ |
| | ၁၃/အောက်တိုဘာ | နေ(ပယ်လယ်ပြာ) | သခင် |
| | ၁၃/အောက်တိုဘာ | မင်းညိုသွေး | ယိုင်နဲ့နဲ့ |
| | ၁၃/အောက်တိုဘာ | ပေါ်ဦးလင်း | မမြင်နိုင်သော နားရွက် |
| | ၁၃/အောက်တိုဘာ | အသင် | လှေကားသစ် |
| ၁၂။ | ၁၃/နိုဝင်ဘာ | မောင်ကျော်လင်း | အငိုမျက်လုံး အပြုံးမျက်နှာ |
| | ၁၃/နိုဝင်ဘာ | မလေးငယ် | ပြောင်းလဲနေသည့် ဘဝများ |
| | ၁၃/နိုဝင်ဘာ | နေ(ပယ်လယ်ပြာ) | နှစ်ကောင် |
| | ၁၃/နိုဝင်ဘာ | ခန့်ညီဖေ | ကယ်ပေါက်(ဂယ်ဗောက်) |
| | ၁၃/နိုဝင်ဘာ | သံလွင်ကို(မော်လမြိုင်) | အစိမ်းရင့်ရင့် ရသ |



www.burmeseclassic.com

www.burmeseclassic.com

# ရွှေအသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၂၈၈၊ နိုဝင်ဘာ၊ ၂၀၁၃

အခုနောက်ပိုင်း အရေးအသားပိုင်းမှာ တိုးတက်လာကြပေမဲ့ စာမျက်နှာအကန့်အသတ်ကြောင့် ပယ်ရတာမျိုး မဖြစ်အောင် စာမူအရေအတွက်ကို လျှော့ပြီးဖတ်ဖို့ ဆုံးဖြတ်ခဲ့ရပါတယ်။ ဒါပေမဲ့ ရွှေအသစ် အဝင်စာမူအရေအတွက် နည်းလာတဲ့အတွက် တစ်လနဲ့တစ်လ အလျဉ်မီတော့ဖို့ ပိုပိုပြီး နီးကပ်လာပြီဖြစ်ပါတယ်။ နောင်မှာ ဆရာ ဦးဝင်းငြိမ်းထံ တင်ပေးနိုင်မယ့် စာမူအရေအတွက် လုံလောက်ပြီဆိုရင် ပြန်ကြားချက်အတွက် ဖတ်နေတာကို အဲဒီလအတွက် ရပ်လိုက်တော့မယ်လို့ ဆုံးဖြတ်ပါတယ်။ အပုဒ်ရေများများ မဖတ်ပေးတော့တာကို နားလည်ကြမယ်လို့ ယူဆပါတယ်။

၁။ *မိုးသည်းည...*

ကေရီဝိုင်း

အကြောင်းအရာ ထူးခြားမှုမရှိသလို ဆွဲဆောင်မှုအားနည်းပါတယ်။

၂။ *ဘဝရဲ့အလင်းတံခါး*

မောင်သာနိုင်(မကွေး)

ပြန်လည်ပြုပြင်ပြီး ရောက်လာတဲ့စာမူဖြစ်ပါတယ်။ ဒီစာမူမှာတော့ ဆေးရုံအတွေ့အကြုံတွေကို အားလုံးအကောင်းချည်း ရေးထားတာမျိုး ဖြစ်နေပါတယ်။ ယုတ္တိအားနည်းတဲ့အတွက် အဆင်မပြေပြန်ပါဘူး။

၃။ *ကိုယ့်အစာ...သူ့အဆာ...အစာ*

မေမချစ်

ပြောချင်တာရှိပေမဲ့ အရေးအသား အားနည်းချက်ကြောင့် ပြောလိုရင်းကို ပီပြင်အောင် မရေးနိုင်တဲ့စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။

၄။ *မြောက်ကိန်းများတဲ့ အကျရာ*

ပန်းသွန်းခြယ်(ကော့မှူး)

အရေးအသား သင့်ပါတယ်။ အပြန်အလှန်စကားပြော... အားပြုထားပြီး မေတ္တာတွဲ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကာ အနည်း... ငယ်ရိုးစင်းနေပါတယ်။ ကြိုးစားပါဦး။

၅။ *လျှော့သွားသော အရှင်း*

ဟန်လင်းနောင်

သူငယ်ချင်းအချင်းချင်း ယုံကြည်စွာ လွှဲအပ်တဲ့က... တွေကို တန်ဖိုးမထား၊ အလေးအနက် မဆောင်ရွက်ရ... လိမ်ညာမှုတစ်ခုလို ဖြစ်သွားရတဲ့အကြောင်း ရေးဖွဲ့ထား... ဖြစ်ပါတယ်။ ဆောင်းပါးအနေနဲ့ ပိုပြီးသင့်လျော်မယ့် စာ... မျိုးပါ။

၆။ *ရသဝိရောဓိ*

ညီစောရန်နောင်

ပြောချင်တာတွေ ရှိပေမဲ့ အရေးအသားကို ရှင်းလ... အောင် မရေးနိုင်ဘဲ ဖောင်းပွတဲ့ ဝါကျတချို့ ပါဝင်တဲ့... တွေဖြစ်ပါတယ်။ ကြိုးစားပါဦး။

၇။ *စားကျက်တစ်ခု၏ အရှင်းအနှီး*

တောမြင့်မြေ(ကျွန်းလှယဉ်)

နွမ်းပါးတဲ့ကျေးလက်မှာ အလှူရလာပေမဲ့ လက်... အဆင်မပြေကြောင်း ရေးဖွဲ့ထားတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်... ပြောချင်တာကို စာဖတ်သူက ရိုးရိုးရှင်းရှင်း သဘောပေါ်... သွားနိုင်ခြင်း မရှိခဲ့ပါ။

၈။ *ဘယ်သူတွေ ဆုတောင်းပြည့်သလဲ*

၉။ *နိုင်ငံကျော်မင်းသား၏ ဇာတ်ဝင်ခန်း*

၁၀။ *ဆရာမကို လေ့လာခြင်း*

၁၁။ *အဆောင်နဲ့ အရောင်*

နေအောင်လင်း(စလေ)

တိုတောင်းလွန်းတဲ့ စာမူတွေ ဖြစ်ပါတယ်။ စကာ...



www.burmeseclassic.com

www.burmeseclassic.com

စကားပြော ရောနေသလို ဆောင်းပါးဆန်ဆန်၊ စာညွှန့်ဆန်ဆန် စာမူတွေဖြစ်ပြီး ကျေးလက်နောက်ခံ အကြောင်းအရာတွေချည်း ဖြစ်ပါတယ်။ စာများများဖတ်ပြီးမှ စာရေးပါ။

၁၂။ *အဖြူရောင်ဂျီကာ*

**ရွှေကိုယ်နှတ် (UCSM)**

အရေးအသား ပြေပြစ်ပြီး တီထွင်ဆန်းသစ်လိုတဲ့ ဆန္ဒရှိပေမဲ့ ပြောလိုရင်းကို အားမဖြည့်နိုင်တဲ့ ဇာတ်ကွက်ဆင်ထားမှုကြောင့် အားနည်းသွားရတဲ့ စာမူဖြစ်ပါတယ်။ ဒီစိတ်ကူးကိုပဲ တခြားဇာတ်ကောင်ရှုထောင့်နေရာက ပြောင်းပြီး ရေးကြည့်မယ်ဆိုရင် ပိုသင့်လျော်မယ်လို့ ထင်ပါတယ်။

၁၃။ *ကြယ်တာရာများဆီသို့ ချဉ်းကပ်ခြင်း*

**မြေလတ် မေစံပယ်**

စကားပြေ၊ စကားပြော ရောထွေးနေတဲ့ စာမူဖြစ်ပြီး အကြောင်းအရာ ရိုးစင်းလှပါတယ်။

၁၄။ *လသာသော်လည်း အလင်းပျောက်နေသည်*

**ရှိန်းခန့်ဇော်(ပင်းတယ)**

စကားပြေ၊ စကားပြော ရောထွေးလွန်းနေပြီး သင်ခန်းစာပေးလိုတဲ့ စိတ်တွေက များလွန်းတဲ့အတွက် ဝတ္ထုမဖြစ်ဘဲ ဆောင်းပါးဆန်နေပါတယ်။ ရသအားနည်းပါတယ်။

၁၅။ *ဥယျာဉ်မှူး စိတ်ဓာတ်*

**A မီ(အရှေ့တိုင်း)**

မိခင်မေတ္တာဘွဲ့စာမူတစ်ပုဒ်သာဖြစ်ပြီး အရေးအသား အားနည်းလွန်းကာ ဆွဲဆောင်မှု မရှိပါဘူး။

၁၆။ *အိပ်မက်ဒဏ္ဍာရီ*

**မိုးထက်ကျော်(ကွင်းကောက်)**

အရေးအသား ပြေပြစ်ပေမဲ့ အဖွဲ့အနွဲ့ အားနည်းလွန်းပြီး စိတ်ကူးယဉ်ဆန်နေတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။

၁၇။ *တိမ်မယောင်နှင့် နက်သော*

**ရည်ဝေ(လင်းရောင်ခြည်)**

ချစ်သူဟောင်းတို့ ပြန်ဆုံကြပြီး ဖြစ်လာတဲ့ဇာတ်ကို ရေးထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဇာတ်ကောင်စရိုက်ဖော်တဲ့ အနေနဲ့ ရေးသားရာမှာ သိပ်မနိုင်နင်းတဲ့အတွက် ပြောချင်တာကို စာဖတ်သူက လွယ်လွယ် မခံစားလိုက်ရပါဘူး။

၁၈။ *အရက်သမား ဇရပ်ဒကာ*

**သုတအောင်**

အရက်သမားပေမဲ့ ရပ်ရွာအတွက် ကောင်းပါတယ်လို့ ပြောချင်ပေမဲ့ ယုတ္တိအားနည်းတဲ့ဇာတ်ကွက်ကို ဆင်ထားတာမို့ အဆင်မပြေဖြစ်သွားရတဲ့ စာမူဖြစ်ပါတယ်။

၁၉။ *ကောင်းကင်ကြီးက သူနှင့် မဆိုင်သလို*

**ဂျူပီတာ**

အရေးအသား ပြေပြစ်ပေမဲ့ စာညွှန့်လိုလို စာမူကတိုလွန်းပြီး ဆွဲဆောင်မှုအားနည်းနေပါတယ်။

၂၀။ *ဆက်လျှောက်ကြမယ်*

**စိုး**

စကားပြေ၊ စကားပြော ရောထွေးနေပြီး ဆောင်းပါးဟန် အရေးအသားနှင့် မေတ္တာဘွဲ့ဇာတ်တစ်ပုဒ်သာ ဖြစ်ပါတယ်။

၂၁။ *သံသယစက်ကွင်း*

**ကနီ မင်းလွင်**

သော့ပျောက်တယ်ဆိုကာ ယောက်ယက်ခတ်မှုကြောင့် မိတ်ပျက်ဆွေပျက်ဖြစ်ရတဲ့အကြောင်း ရေးထားခြင်းသာဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။

၂၂။ *ဘဝတိုင်း မချစ်ရသောသူ ဖြစ်ရပါလို၏*

**နွေမိုးအိမ်(အောင်လံ)**

အရေးအသား သင့်တဲ့အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# ရွှေအသစ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၂၈၈၊ နိုဝင်ဘာ၊ ၂၀၁

အကြောင်းအရာ ရိုးစင်းလွန်းလှပါတယ်။ ထူးခြားမှုမရှိပါဘူး။

၂၃။ *ဖန်ဆင်းဖျက်ဆီးမရပါ*

**ဆန်းမြင့်**

နောက်ထပ် အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး အညာနောက်ခံ ရေးဖွဲ့ထားကာ အရေးအသား ပြေပြစ်ပေမဲ့ ဆွဲဆောင်မှု အားနည်းနေပါတယ်။

၂၄။ *မှန်တိုင်းထဲက ကဗျာ*

**ရင်ခွင်ဦး(ဟံဇား)**

သူငယ်ချင်းနှစ်ယောက်ကြားက အတွေ့အကြုံနဲ့ ခံစားချက်တွေကို ရေးဖွဲ့ထားပေမဲ့ ဆွဲဆောင်မှုအားနည်းပြီး အဖွဲ့အနွဲ့မှာ အားနည်းနေပါတယ်။

၂၅။ *ဘဝဆိုသည်မှာ...*

**နှိုင်း(ချင်းတွင်းမြေ)**

စကားပြေ၊ စကားပြောရောနေပြီး အပြန်အလှန်စကားပြောပုံကို အားပြုရေးသားထားပါတယ်။ ဆောင်းပါးတစ်ပုဒ်ဖြစ်ရမယ့်အကြောင်းအရာကို ရေးဖွဲ့ထားတာမို့ ဆွဲဆောင်မှု အားနည်းပါတယ်။

၂၆။ *ညည့်ငှက်ငယ်လား? မိုးနတ်မယ်လား?*

**ဖန်ခါးမောင်မောင်(စား/တွေ)**

စကားပြေ၊ စကားပြော ရောလွန်းနေကာ ဆောင်းပါးတစ်ပုဒ်လို၊ သတင်းတစ်ပုဒ်လို ရေးဖွဲ့ထားပြီး အဆုံးသတ်မှာ ဆုတောင်းစာတွေပါ ပါနေတဲ့အတွက် ဝတ္ထုမဖြစ်ပါဘူး။

၂၇။ *မေတ္တာရောင်ခြည်*

**နီနီပန်**

စကားပြေ၊ စကားပြော ရောနေပြီး ရှမ်းပြည်နယ်နောက်ခံ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ ရိုးစင်းလှပါတယ်။

၂၈။ *အလင်းမဲ့ချိန်*

၂၉။ *ပြောင်းလဲနေသည့် ဘဝများ*

**မလေးငယ်**

အရေးအသား ပြေပြစ်တဲ့စာမူတွေ ဖြစ်ပါတယ်။ အလင်းမဲ့ချိန် က ဆွဲဆောင်မှု အားနည်းနေပါတယ်။ **ပြောင်းလဲနေသည့်ဘဝများ** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

၃၀။ *အငိုမျက်လုံး အပြုံးမျက်နှာ*

၃၁။ *ကျွန်တော့်နာမည်...မောင်ဗ.ရီ*

**မောင်ကျော်လင်း**

**ကျွန်တော့်နာမည် မောင်ဗ.ရီ** က သင်ခန်းစာ ဆော ကြီးကြီးနဲ့ ရေးထားတဲ့စာမူဖြစ်ပြီး **အငိုမျက်လုံး အပြုံးမျက်နှာ** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

၃၂။ *ပုံရိပ်မှားသူများ*

၃၃။ *အစိမ်းရင့်ရင့်ရသ*

၃၄။ *အိုဘယ့်အရှင်*

**သံလွင်ကို(မော်လမြိုင်)**

အရေးအသား ပြေပြစ်ပါတယ်။ **အိုဘယ့်အရှင်** သရော်စာတစ်ပုဒ်ဖြစ်ပြီး အလွန်အကြူးဖွဲ့ထားတာ ပါနေပါတယ်။ ရသ အားနည်းပါတယ်။ **ပုံရိပ်မှားသူများ** ကလည်း ဆွဲဆောင်မှုအားနည်းတဲ့ အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပါတယ်။ **အစိမ်းရင့်ရင့်ရသ** ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

နောက်ထပ် ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ ဝတ္ထုတွေကတော့-

-မိုးနေ ရဲ့ *ညရွှေခင်း*

-ဆောင်းတိမ်ယံ ရဲ့ *နေဝင်သွားသော ညနေ*

www.burmeseclassic.com

www.burmeseclassic.com

-မြတ်သောခေတ် ရဲ့ မင်းသားအဖေ

-ခန့်ညီဖေ ရဲ့ ကယ်ပေါက်(ဂယ်ဗောက်)

-နေ(ပင်လယ်ပြာ) ရဲ့ လွတ်မြောက်ခြင်း နဲ့ နှစ်ကောင် တို့ ဖြစ်ပါတယ်။

❑

ဆရာမ မသီတာ(စမ်းချောင်း) ဆန်ခါတင်ရွေးချယ်ပေးလိုက်တဲ့ ဝတ္ထုတိုများထဲက ကျွန်တော် မျက်မှန်းတန်းမိနေတဲ့ မြတ်သောခေတ်ရဲ့ 'မင်းသားအဖေ'ဝတ္ထုကို အရင်ဖတ်ဖြစ်ပါတယ်။ စာအရေးအသား အတော်ကြီးတိုးတက်လာပြီး ရွေးမယ်ဆိုရင် ရွေးလို့ရလောက်တဲ့ အဆင့်ကို ရောက်လာပါပြီ။ ဒါပေမဲ့ အရင်တစ်လမှာ ကျွန်တော် မင်းတုန်းမောင်စိမ်းလွင်ကို ပြောခဲ့သလို စာတစ်ကြောင်း ရှေ့မှာ ရေးထားလိုက်တာက ဇာတ်သိမ်း ဘာဖြစ်မယ်ဆိုတာကို စာဖတ်ပရိသတ် ကြိုသိအောင် ပြောထားလိုက်သလို ဖြစ်သွားပါတယ်။ ဆရာ မြတ်သောခေတ်ရဲ့အမှားကတော့ မင်းသားအဖြစ် သရုပ်ဆောင်မယ့်ကိုကြာစိန်ရဲ့သား ခိုင်နေမိုးဝင်းက သူ့ရုပ်ရှင်ဇာတ်ကား ရုပ်မြင်သံကြား အစီအစဉ်ကနေ ထုတ်လွှင့်မယ့်နေ့မှာ တရားစခန်းဝင်ဖို့ ရှောင်သွားတယ်ဆိုတဲ့ ဝါကျတစ်ကြောင်းပါ။ ဒီလိုရေးထားတဲ့အတွက် ဇာတ်သိမ်းမှာ ဘာဖြစ်တော့မယ်ဆိုတာ မှန်းဆလို့ရသွားပါပြီ။ ဒါကြောင့် ကျွန်တော် ချန်ရစ်ခဲ့ပါတယ်။

နောက်တစ်ပုဒ်က ဆရာ ဆောင်းတိမ်ယံရဲ့ 'နေဝင်သွားသောညနေ'ဖြစ်ပါတယ်။ ကျေးရွာက မိန်းကလေးတစ်ယောက်ကို ငယ်စဉ်ကတည်းက ကျိတ်ပိုးနေတဲ့ အမျိုးသားကလေးတစ်ယောက်ရဲ့ လွမ်းချင်းဖြစ်ပါတယ်။ မိန်းကလေးက မြို့ပေါ်တက်သွားပြီး စားပွဲထိုးလုပ်ရာကနေ ပျက်စီးသွားပုံကို ရေးဖွဲ့ထားတာပါ။ ထူးခြားမှု မရှိပါဘူး။

ဆရာ နေ(ပင်လယ်ပြာ)ရဲ့ 'လွတ်မြောက်ခြင်း'ဝတ္ထုက ဝက်ခြံထဲကနေ အသက်ဘေးအတွက် လွတ်မြောက်လာအောင် ထွက်ပြေးလာတဲ့ ဝက်မလေးတစ်ကောင်အကြောင်း ရေးဖွဲ့ထားတာဖြစ်ပါတယ်။ အနာတွေ ဗရပွနဲ့ ရွာပြင်မှာ နေတဲ့သူတစ်ယောက်နဲ့ တွေ့ချိန်မှာ သူ့ကို ကယ်တင်ခဲ့ပေမဲ့ နောက်ဆုံးမှာတော့ ခြေနှစ်ချောင်းပါပြီး အသားစားတဲ့လူဟာ လူသာဖြစ်ကြောင်း အဆုံးသတ်ထားပါတယ်။ ဒီဝတ္ထုကလည်း သုံးမယ်ဆိုရင် သုံးလောက်ပါတယ်။ ဒါပေမဲ့ တခြားဝတ္ထုများနဲ့ ယှဉ်လိုက်တဲ့အခါမှာ အားပျော့သွားတာကြောင့် ကျန်ရစ်ခဲ့ရပါတယ်။

ဆရာ မိုးနေရဲ့ 'ညနေခင်း'ဝတ္ထုတိုက ကျေးရွာမှာ နေထိုင်ကြတဲ့ ကာလသားများရဲ့ ညနေခင်းအကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ အပြောမဟုတ်ဘဲ အပြနဲ့ ရေးဖွဲ့ထားတဲ့ ဝတ္ထုပါ။ ဒီဝတ္ထုကလည်း အားပျော့တာကြောင့် ကျွန်တော် ချန်ထားခဲ့ပါတယ်။ ဒီလ ရွှေအသစ်ဝတ္ထုတိုများအဖြစ် ဖော်ပြပေးမယ့် ဝတ္ထုတိုများကတော့ -

၁။ ခန့်ညီဖေ
    ကယ်ပေါက်(ဂယ်ဗောက်)

၂။ မလေးငယ်
    ပြောင်းလဲနေသည့် ဘဝများ

၃။ မောင်ကျော်လင်း
    အငိုမျက်လုံး အပြုံးမျက်နှာ

၄။ သံလွင်ကို(မော်လမြိုင်)
    အစိမ်းရင့်ရင့် ရသ

၅။ နေ(ပင်လယ်ပြာ)
    နှစ်ကောင် တို့ဖြစ်ပါတယ်။

■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

အားလုံး၏ မျက်လုံး အစုံပေါင်းများစွာက သူ့ထံ စုပြုံကျရောက်နေသည်။ သူ၏ခေါင်းကို ငုံ့ထားသဖြင့် မျက်နှာအနေအထားကို မမြင်နိုင်သော်လည်း ပခုံးအစုံ လှုပ်ခတ်နေသည်က ငိုကြွေးနေခြင်းဟု မှန်းဆရသည်။ လူအများကြီး ရှိနေသော ရုံးခန်းမှာ တဒင်္ဂ တိတ်ဆိတ်နေသလိုလို။ ခံစားချက်မျိုးစုံက လူအများ၏ မျက်ဝန်းထဲတွင် တွေ့မြင်နေရသည်။ သို့သော် တင်းမာ ခက်ထန်လွန်းနေသည့် မျက်နှာတစ်ခုက အထင်အရှား သီးခြားပေါ်လွင်နေ၏။ သူ၏ခေါင်းကို ငုံ့ထားရင်း လက်နှစ်ဖက်က စွပ်ကျယ် ဖြူညစ်ညစ်၏ အောက်အနားကို ဆွဲခြေမွနေသည်။ ရုံးခန်း၏အောက်ကြမ်းခင်းကို ကြည့်နေသော သူ့မျက်ဝန်းတွင် မျက်ရည်ကြည်များ ဝိုင်းစို့နေ၍ မှုန်ဝေဝါးနေ၏။ ဆက်လက် မထိန်းချုပ်နိုင်တော့သလို ရှိုက်သံတစ်ချက် အင့်ခနဲ ထွက်သွားပြီး…

‘ကျွန်တော် လုပြေးတာ မယ် မယ် မဟုတ်ပါဘူး၊ သူ့ခြင်းတောင်းထဲ…’

ဗလုံးဗထွေး အသံများအဆုံး ကြမ်းပြင်ပေါ် ခွေညွှတ်ကျသွားသော အသံကြောင့် လူအများ သက်ဝင်လှုပ်ရှားလာကြပြီး ဆူဆူညံညံဖြင့် ရုံးခန်းလေးမှာ အနည်းငယ် ဝရုန်းသုန်းကား ဖြစ်သွားလေတော့၏။

❑

အညာနွေ၏ ပူလောင်အိုက်စပ်သော ညချမ်းကို လူးလူးလွန့်လွန့် ကုန်လွန်စေပြီးနောက် နံနက်စောစော၏ အေးမြမှုအရသာကို



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၈၈ နိုဝင်ဘာ ၂၀၁၃

၂၀၁၃ နိုဝင်ဘာ ရွှေအမြုတေ မဂ္ဂဇင်း ၂၇

www.burmeseclassic.com

www.burmeseclassic.com

ခံစားရင်းအိပ်ရာထဲ၌ ဆက်မှိန်းကောင်းနေသည်။ သူ၏မျက်လုံးကိုမှိတ်ထားသော်လည်း အတွေးများက ဝေ့ဝဲနေပြန်၏။

မျက်လုံးကို မဖွင့်ချင်ဖွင့်ချင်ဖြင့် ဖွင့်ကြည့်ခိုက် ထရံပေါက်မှ တိုးဝင်လာသော နေရောင်တန်းကြောင့် မျက်စိကို အမြန်ပြန်မှိတ်လိုက်ရ၏။ ကျိန်းစပ်စပ်မျက်လုံးကို အသာပွတ်ရင်း နံဘေးကို လှမ်းကြည့်လိုက်မိပြန်သည်။ ဘေးတစောင်းခပ်ခွေခွေလေး အိပ်မောကျနေရှာသည့် သူ့ညီလေးကို မြင်တော့ သက်ပြင်းချလိုက်မိ၏။ သူ့အမေ၏ အရိပ်အယောင်ကို မမြင်တော့။ မြစ်ဆိပ်သို့ ဆင်းသွားလောက်ချေပြီ။ သူ ထအထိုင်လိုက် လှုပ်ခါသွားသော ဝါးကြမ်းခင်းကြောင့် သူ့ညီလေးက တစ်ချက် လွန့်သွား၏။ ခြေကို အသာဖော့နင်းပြီး အိမ်ရှေ့ရေအိုးတွင် မျက်နှာသစ်လိုက်သည်။ ရေအိုးဘေးမှ ဆားပန်းကန်ကို ယူလိုက်ပြီး သွားတိုက်နေရင်း တစ်စုံတစ်ခုကို သတိရသဖြင့် အမြန်လက်စသတ်လိုက်၏။ ပုဆိုးကို ဖြေလျှော့လိုက်၍ အပေါ်အနားဖြင့် မျက်နှာသုတ်လိုက်သည်။ အိမ်အနောက်ဖေးတွင် သူ့အဘွားက တံမြက်စည်းလှည်းနေရင်းက သူ့ကို လှမ်းကြည့်နေ၏။

'အဘွားရေ စားစရာဘာရှိလဲဗျ၊ ကျွန်တော် ဒီနေ့ မောင်စိုးတို့နဲ့ သွားစရာရှိတယ်။ စားပြီးရင် သွားမယ်နော်'

သူ့အဘွားက တံမြက်စည်းကို အိမ်နံရံတွင် ထောင်ထားခဲ့ပြီး သူ့ဆီလျှောက်လာ

**ခေါင်းကို
ငုံ့ထားရင်း
လက်နှစ်ဖက်က
စွပ်ကျယ်
ဖြူညစ်ညစ်၏
အောက်အနားကို
ဆွဲခြေမွနေသည်
ရုံးခန်း၏
အောက်ကြမ်းခင်းကို
ကြည့်နေသော
သူ့မျက်ဝန်းတွင်
မျက်ရည်ကြည်များ
ဝိုင်းစို့နေ၍
မှုန်ဝေဝါးနေ၏**

သည်။ပြီးနောက် သူ၏ခေါင်းကို ညင်သာစွာပွတ်ရင်း…

'အေးအေး ငါ့မြေး၊ မင်းအမေ ကောက်ညှင်းပေါင်း ဝယ်ထားခဲ့တယ်၊ ဒါနဲ့ နေပါဦးကွယ်၊ ငါ့မြေးက မောင်စိုးတို့နဲ့ ဘာပတ်သက်စရာရှိလို့တုံး၊ အဲ့ဒီကလေးတွေက အကျင့်တန်ပါတယ်ကွယ်၊ သူရို့က လစ်ရင်လစ်သလို ဟိုဟာဆွဲ၊ ဒီဟာယူနဲ့၊ သူရို့နဲ့ ပေါင်းလို့ ငါ့မြေးပါ လူအထင်သေးကြမှာပေါ့။ ကျောင်းပိတ်ရက်လေး အိမ်မှာကပ်ပါလား မြေးလေးရဲ့'

'အဘွားကလည်း သားအကြောင်း မသိတာကျနေတာပဲ၊ သားက သူတို့နဲ့ အလုပ်တစ်ခုလုပ်စရာရှိလို့ဗျ၊ မဟုတ်တာ ဘယ်တော့မှ မလုပ်ပါဘူး အဘွားရဲ့။ မနေ့က မောင်စိုးတို့အဖွဲ့ထဲက ဖိုးအောင် သားကိုလာပြောတယ်၊ သူတို့ကန်ပတ်လမ်းထိပ်က ရေနံရုံးဘေး ဝင်းထရံနားမှာ သံပိုက်အဟောင်းကြီးတွေ့ထားတာကို ဖော်ကြမှာတဲ့။ လမ်းဘေးကဟာဆိုတော့ အဘွားကလည်း ဘယ်သူမှ မပိုင်ပါဘူး၊ ပြီးတော့ မြေကြီးအောက်ထဲ ရောက်နေတာ ကြာကြာလှပေါ့။ သားတို့ ဖော်လိုက်တော့ အလကား မဖြစ်တော့ဘူးလေ၊ အသုံးတောင် ဝင်သွားပါသေးတယ် အဘွားရယ်။ ပြီးတော့ သူတို့က ဒီနေ့ မနက်ပိုင်းတင် အပြီးဖော်ချင်လို့ သားကိုခေါ်တာ၊ မုန့်ဖိုးရတာပေါ့ဗျ အဘွားကလဲ'

ကောက်ညှင်းပေါင်းအလုံးကို ပလုတ်ပလောင်း ဝါးစားနေသော သူ့ကိုကြည့်ရင်း သူ့အဘွားက သက်ပြင်းတစ်ချက်ချလိုက်၏။

'အေးပါ ငါ့မြေးရယ်၊ အကြာကြီးတော့ မနေနဲ့နော်၊ မင်းအမေ ပြန်မရောက်ခင် ရောက်အောင်ပြန်လာခဲ့။ တခြားလည်း မသွားနဲ့နော်၊ အင်း မင်းအမေသိရင် စိတ်ကောင်းမှာ မဟုတ်ဘူး'

သူက သူ့အဘွား၏ပါးကို ရွှတ်ခနဲ တစ်ချက်နမ်းပြီး အပြေးတစ်ပိုင်း ထွက်လာခဲ့တော့၏။

❑

သူတို့ ချိန်းထားသော ဆုံရပ်အရောက် လူကစုံနေပြီ။ မောင်စိုး၊ ဖိုးအောင်နှင့် သူ
တို့ရပ်ကွက်ထဲမှ တခြားနှစ်
ယောက်၊ သူနှင့်ပေါင်း ငါး
ယောက်သား စကားတပြော
ပြောနှင့် ကန်ပတ်လမ်းဆီ
ထွက်လာခဲ့ကြ၏။

'ဖိုးအောင်ရာ မင်းခေါ်
လာတဲ့ မောင်ကျောင်းသားက
အလုပ်ဖြစ်ပါ့မလားကွ၊ အေး
ခုကတည်းက ပြောထားမယ်
နော်၊ တို့နဲ့တန်းတူ မလုပ်နိုင်
ရင် ငါက တစ်ပြားမှမပေး
ဘူး၊ မင်း မကျေနပ်ရင် အခု
ပြန်လို့ရသေးတယ်'

သူ့ဘက်လှည့်ပြော
လာသော မောင်စိုးစကား
ကြောင့် သူ့ရင်ထဲ ဖျဉ်းခနဲ ဖြစ်
သွားသည်။ သို့သော် သူ
အတွေးထဲတွင် တစောင်းလေး
အိပ်နေသော သူ့ညီလေးပုံသွင်
နှင့် အမေနှင့်အဘွားတို့ တီး
တိုးပြောနေကြသော စကားသံ
များက ဖျတ်ခနဲ ရောက်လာ
သဖြင့် စိတ်ကိုထိန်းရင်း…

'အေးပါကွာ၊ မင်းတို့
တောင် လုပ်နိုင်ရင် ငါလည်း
လုပ်နိုင်ရမှာပေါ့၊ စောင့်ကြည့်
ပါကွာ၊ မင်းပြောသလို မလုပ်
နိုင်ရင် ငါတစ်ပြားမှ မယူဘူး'

'အေး ပြီးတာပဲ၊ ကဲ
မြန်မြန်လျှောက်ကြကွာ။ နေ
နည်းနည်းမြင့်သွားရင် လုပ်
မကောင်းဘူး'

မောင်စိုးက လောဆော်
ရင်း သွက်သွက်သွားနှင့်သည်။
သူတို့လည်း ခြေလှမ်းကိုမြှင့်
လိုက်ပြီး ကန်ပတ်လမ်းအတွင်း
ချိုးဝင်လာခဲ့ကြ၏။ စိမ်းညို
ပုပ်ရေပြင်ကို ဖြတ်သန်းတိုက်
ခတ်လာသည့် အနံ့ဆိုးဆိုး
လေညင်းက သူတို့ကို ဆီးကြို
နေသည်။ သစ်ပင်ရိပ်
က ပတ်လမ်းကို နေပြော



www.burmeseclassic.com

www.burmeseclassic.com

ထိုးအောင်ရစ်ခြုံထား၏။ လူသွားလူလာ ပြတ်သောလမ်းတစ်လျှောက်ကလည်း တိတ်ဆိတ်ငြိမ်သက်လွန်းလှသည်။

ကန်နှင့် မျက်နှာချင်းဆိုင် လူနေအိမ်များ မရှိဘဲ ရုံးဝိုင်းကြီးများ၏ နောက်ကျောဝင်းထရံကြီးများကသာ ကာဆီးထားသည်။ သူတို့နေသောရပ်ကွက်နှင့် မလှမ်းမကမ်းမို့နေရာက သိပ်မစိမ်း။ ရှေ့မှသွားနေသော မောင်စိုးက ရေနံရုံးဝင်းကြီး၏နောက်ကျော ဆူးချုံကြီးတစ်ခု ရှေ့အရောက်တွင် ရပ်လိုက်ပြီး…

'တို့ ဒီချုံအောက်မှာ တူးရမှာကွ၊ ငါတွေ့ထားတာ မကြာသေးဘူး။ သံပိုက်ကြီးက နည်းနည်းရှည်တော့ တို့လူညီမှဖြစ်မှာ၊ ရပြီးရင်တော့ အလေးချိန်က မနည်းလောက်ဘူး၊ မင်းတို့ လူညီရင် ခဏနဲ့ရမှာ။

အောက်ကမြေက နုန်းမြေတွေ တူးလို့လွယ်တယ်။ ခက်တာက ဒီဆူးချုံကြီးထဲတော့ တိုးမှ ရလိမ့်မယ်မောင်၊ ဒါကြီး ခုတ်နေရရင်လည်း ငါတို့ တစ်ပတ်ကြာတောင်ပြီးမှာ မဟုတ်ဘူးကွ။ ဒီတော့ ငါပြောမယ်ကွ၊ မင်းတို့ လူကောင်သေးတဲ့နှစ်ကောင် ရှေ့က အရင်လမ်းထွင်ပြီးတိုး၊ တို့က နောက်ကနေ မြေယက်ပြီး လမ်းဖော်ပေးမယ်။ ဒီတော့ ဟိုကောင် ကျောင်းသားနဲ့ ဖိုးအောင်က အရင်ဝင်ကြကွာ၊ ကဲကဲ စကြစို့ဟေ့'

မောင်စိုးက သူ့လွယ်အိတ်ထဲမှ ဓားမတိုနှစ်ချောင်းကို သူတို့အား ထုတ်ပေးပြီး ချုံဝင်သာမည့်နေရာကို ဝိုင်းဆွဲဖြဲပေးကြ၏။ လူတစ်ကိုယ်စာ မရှိတရှိ အပေါက်ပေါ်လာသောအခါ သူတစ်ချက် လှမ်းကြည့်လိုက်၏။ ထိုးထိုးထောင်ထောင် ဆူးချွန်ချွန်များက ကြက်သီးထစဖွယ် စောင့်ကြိုနေသလိုလို၊ အောက်ခြေတွင်လည်း အနေ့နေ့ အရက်ရက်က စွန့်ပစ်ထားသော အမှိုက်များက ဗရပွ။ မတတ်နိုင်၊ မခံချင်စိတ်နှင့် ပိုက်ဆံရချင်စိတ်က တွန်းပို့နေသဖြင့် ပုဆိုးကို ခါးတောင်းကျိုက်လိုက်ပြီး ရှေ့မှ စွတ်ဝင်သွားလိုက်တော့၏။ ဖိုးအောင်ကလည်း သူ့နောက်မှ ထက်ကြပ်မကွာ။

လူတစ်ကိုယ်စာ အပေါက်မှ တိုးတိုးချင်း မလွတ်တလွတ် နောက်ကျောကို ဆူးတစ်ချက်က ဗျစ်ခနဲ ခြစ်မိသွား၏။ စပ်ဖျဉ်းဖျဉ်း ခံစားချက်ကြောင့် အားတင်းပြီး ဒူးထောက်တိုးလိုက်ရ၏။ အောက်ခြေ မညီမညာ ကျောက်ပြုပ်(ဗျတ်)ကြမ်းကြောင့် ဒူးခေါင်းကလည်း နာလာသည်။သို့သော် အပေါ်ကဆူးထက် ဒူးက သက်သာပေလိမ့်မည် စိတ်ကူးပြီး ရှေ့သို့သာ ဝင်တိုးလိုက်တော့၏။ တော်သေးသည် သိပ်ဝေးဝေး မဝင်လိုက်ရ။ မောင်စိုးတွေ့ထားသည့် သံပိုက်အဟောင်းကြီး၏အစွန်းကို မြင်နေရသဖြင့် အားတက်သွားသည်။

သံပိုက်အဟောင်းကြီးက ထိပ်ဝ လေးလက်မခန့် ရှိလိမ့်မည်။ မြေကြီးပေါ် တစ်ပိုင်းတစ်စ ပေါ်နေသည်ကိုက သုံးပေကျော်ခန့်ရှိ၏။ သူတို့နှစ်ယောက်လည်း ဓားမတိုကိုယ်စီနှင့် ပိုက်ကြီးအခြေ တစ်လျှောက် တူးဆွရင်းလိုက်နေခဲ့သည်။ ကံကောင်းသည် ပြောရမည်။ ပိုက်ကြီးက အောက်ထိ သိပ်မမြုပ်။ အပေါ်ယံ နုန်းမြေပွပွမို့ တူးရသည်မှာ အနည်းငယ်တော့ သက်သာ၏။သို့သော် အမှိုက်အညစ်အကြေးများကြောင့် တစ်ချက်တစ်ချက် ပို့ချင်ချင်။ အဆိုးဆုံးက ခွေးချေးများ။ စူးစူးဝါးဝါး နံစော်နေသေးသည်။ စိတ်ကိုတင်းရင်း အားစိုက်လုပ်နေလိုက်၏။ အမေ့စကားသံနှင့် ညီလေးပုံကို တွေးမိတိုင်း အံကြိတ်တူးရသည်။ မောင်စိုးတို့ကတော့ အစောက ကူညီ၍ ချုံရှင်းပေးနေသော်လည်း ခုတော့ အသံမကြားရ။

အတန်ကြာကြာ ပိုက်ကြီးတစ်လျှောက် တူးခြစ်ရင်း ခြောက်ပေခန့်အရောက် ပိုက်က အဆုံးသတ်သွားသည်။ သူနှင့် ဖိုးအောင်လည်း လက်စသတ်တူးလိုက်ပြီး ချုံပြင်တိုးထွက်ခဲ့ကြ၏။

'ဟေ့ ပိုက်ကြီး အဆုံးထိတော့ ဘေးတွေ အကုန်တူးပြီးသွားပြီ၊ မင်းလာကြည့်လိုက်ဦး'

သူ့အော်သံကြောင့် သစ်ပင်အရိပ်တွင်ထိုင်ပြီး ရေခဲချောင်း ကိုယ်စီစုပ်နေကြသော မောင်စိုးတို့သုံးယောက် သူတို့ဆီပြေးလာကြသည်။ မောင်စိုးက သူစုပ်လက်စ ရေခဲချောင်းကို ဖိုးအောင်ဆီထိုးပေးလိုက်ရင်း…

'ရော့ မင်းတို့ ဒါစုပ်ပြီး ခဏနားဦး၊ ငါ ဝင်ကြည့်ပြီး ရလောက်ရင် ကြိုးနဲ့ချည်ပြီး ဝိုင်းဆွဲကြမယ်၊ ဟေ့ကောင် ငါ့လွယ်အိတ်ထဲက ကြိုးယူပေး'

တစ်ယောက်က လှမ်းပေးသောကြိုးကို ယူပြီး မောင်စိုး အထဲဝင်သွားသည်။ သူလည်း ဖိုးအောင်လှမ်းပေးသော ကုန်လုကုန်ခင် ရေခဲချောင်းလေးကို စုပ်လိုက်ရသဖြင့် ရေငတ်ပြေ၊ အမောပြေသွားသလိုလို။

'ကဲဟေ့ မင်းတို့အားလုံး ဝိုင်းဆွဲကြတော့၊ ငါအထဲက တွန်းပေးမယ်'

သူတို့လည်း ကြိုးကိုအားလုံးတစ်ပြိုင်တည်း ဝိုင်းဆွဲကြ၏။ ပထမပိုင်း တုတ်တုတ်မျှ မလှုပ်။ မောင်စိုး၏ ဩသံပေးအော်သံကြောင့် သာဆွဲနေရသည်။ စိတ်ဓာတ်က ကျချင်ချင်။ နောက်တစ်ချီ မောင်စိုး၏ ဩသံအတိုင်း ဆွဲ လိုက်ကြ၏။ အနည်းငယ်လှုပ်ပြီးတစ်ပေခန့်ပါလာသည်။ အားတက်ပြီး ဝိုင်းအဆွဲ တဖြည်းဖြည်းပိုက်ကြီးက ချုံအပြင်ပါလာသည်။

မောင်စိုးလည်း အပြင်ရောက်လာပြီ။ သူတို့လည်း ခြေပစ်လက်ပစ်ထိုင်ရင်း ပိုက်ကြီးကြည့် ပျော်နေသဖြင့် လက်မှ အပေါက်အပြဲများကိုပင် သတိမရတော့။ လက်တွေ၊ ဒူးတွေ၊ နောက်ကျောပါ ပေါက်ပြဲနေသော်လည်း သူပျော်နေမိ၏။ အားလုံး ဝိုင်းထမ်းပြီး သံရည်ကြိုစက်ဆီ ဦးတည်လိုက်ကြသည်။ အချိန်ကတော့ သိပ်နေမမြင့်သေး၊ ဆယ်နာရီခွဲခန့်တော့ ရှိပေလိမ့်မည်။

❑

နေအပူကိုပင် သတိမပြုနိုင်တော့။ ခြေလှမ်းသွက်သွက်ဖြင့် သူ လျှောက်ပြန်လာခဲ့သည်။ လက်ထဲမှ ငါးထ

www.burmeseclassic.com

တန်တစ်ရွက်နှင့် နှစ်ရာတန်လေးနှစ်ရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း သူ့ခြေလှမ်းများက ပေါ့ပါးသွက်လက်နေ၏။ မြစ်ဆိပ်တာပေါင်အတိုင်း ပြန်လာနေရင်း ရှေ့မှ ဈေးကလေးကိုပင် မြင်နေရပြီ။ သုတ်ခြေတင်လိုက်ပြီး ဈေးအတွင်း အမောတကော ဝင်လာခဲ့၏။ ဆယ့်တစ်နာရီထိုးလုလု အချိန်ဖြစ်သဖြင့် ဈေးကွဲစပြုနေပေပြီ။ သူလည်း ဆိုင်ခန်းများကြားမှ တိုးဝှေ့လာရင်း ရှေ့ဆီ မျှော်ကြည့်မိသည်။ အမဲသားသည် ဘာဘာကို မြင်လိုက်တော့မှ သူသက်ပြင်းချလိုက်နိုင်တော့၏။ ဘာဘာက ဆိုင်သိမ်းနေရင်း သူ့ကို လှမ်းမေးငေါ့ပြ၏။ သူ့ရှေ့ခုံတွင် အမဲသား အတုံးအစပုံ တစ်ပုံကို တွေ့လိုက်ရသည်။ သွေးမှ နီရဲနေသော အသားမြောင်းကြီးကို သူ မမြင်၊ စိတ်လည်း စိတ်မဝင်စား။

'ဘာဘာ ကျွန်တော့်ကို အမဲသားအစ ငါးရာဖိုးပေး'

သူ့စကားအဆုံး ဘာဘာက ဆိုင်သိမ်းနေရင်း သူ့ကိုမကြည့်ဘဲ…

'ကောင်လေး နင့်အမေ အရင်ယူထားတဲ့ အကြွေးတွေလည်း မဆပ်သေးဘဲနဲ့ ငါ ထပ်မပေးတော့ဘူး၊ သွားတော့'

'မဟုတ်ပါဘူးဗျာ၊ ဒီမှာ ပိုက်ဆံပါပါတယ်၊ အခုပေးမှာပါ။ ရော့ဗျာ'

သူက လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ပိုက်ဆံများထဲမှ ငါးရာတန်ကို ခုံပေါ်တင်ပေးလိုက်သည်။ ထိုစဉ်…

> လက်ထဲမှ ငါးရာတန် တစ်ရွက်နှင့် နှစ်ရာတန်လေး နှစ်ရွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း သူ့ခြေလှမ်းများက ပေါ့ပါး သွက်လက်နေ၏ မြစ်ဆိပ် တာပေါင်အတိုင်း ပြန်လာနေရင်း ရှေ့မှ ဈေးကလေးကိုပင် မြင်နေရပြီ

'ဘာဘာ ရေ၊ ဒီနေ့ နောက်ကျနေတာ၊ အလုပ်က ရှုပ်နေလို့ မလာတော့ဘူး နေနေတာ၊ နင့်ဆီ မှာထားတာရှိလို့လာခဲ့ရတာ၊ ဝူး ပူလိုက်တာဟယ်'

နောက်မှ အသံကြောင့် သူ လှည့်ကြည့်လိုက်မိသည်။ သနပ်ခါးနံ့၊ မိတ်ကပ်၊ ရေမွှေးနံ့ပြင်းပြင်းကို အနံ့ အရင်ရနေ၏။ ရွှေလက်ကောက် တစ်ကောင်လောက်နှင့် မိန်းမဝဝကြီးတစ်ယောက်ကို ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်လျက် သူ့အားဝင်လာရပ်သည်ကို တွေ့နေရသည်။ ဘာဘာကလည်း သိမ်းလက်စများကို အောက်ချရင်း…

'ဪ အစ်မကြီး ကျွန်တော်က မလာတော့ဘူးတောင် ထင်နေတာ၊ အစ်မမှာထားတာတော့ ရှိပါသေးတယ်၊ အသားက ကောင်းမှကောင်း ရဲစိုနေတာပဲ၊ တခြားသူ ယူမှာစိုးလို့ ဝှက်တောင်ထားရတာ'

'အေးပါဟယ် ကျေးဇူးပါ၊ ကဲ ချိန်လိုက် ချိန်လိုက်၊ အရှိအတိုင်း ယူရုံပေါ့'

သူတို့နှစ်ယောက် အပြန်အလှန်ပြောဆိုနေသည်ကို သူက စိတ်မှတ်မဲ့ ငေးနေမိသည်။ သူတို့ပြောဆို ချိန်တွယ်နေသည်ကို စိတ်ကမရောက်၊ အိမ်တွင် ကျန်နေသည့် သူ့ညီလေးမျက်နှာသာ ပေါ်နေသည်။ ထိုစဉ် သူတို့ပြောစကားအသံတစ်ခုကြောင့် ဖျတ်ခနဲ ဖြစ်သွားရ၏။

'ဟယ် ဘာဘာရေ၊ ဟိုအပုံလေးပါ ထည့်လိုက်ဦး၊ ငါ့အိမ်က အကောင်တွေက ဒါပါမလာရင် ဗြောင်းဆန်ကြတော့မှာ၊ ဒီကောင်တွေက ခုမှ ခြောက်လရှိသေးတာကို အစားက ပက်စက်တယ်၊ တစ်ရက် သုံးခါကျွေးရတာ အသားကောင်းနဲ့ဆို ဘယ်ခံနိုင်လိမ့်မတုံး'

'ဟုတ် အစ်မကြီးရေ၊ အကုန်ထည့်ပေးလိုက်မယ်၊ အဲ့ဒါအတွက်က ခုနစ်ရာပဲ ယူလိုက်မယ်နော်၊ အသားက သုံးထောင့်ရှစ်ရာနဲ့ အစ်မကြီး ပေါင်း လေးထောင့်ငါးရာ ပေးပါ'

ပိုက်ဆံလှမ်းပေးပြီး အသားထုပ်ကို ခြင်းတောင်းထဲထည့်၊ အစထုပ်ကို လက်ကဆွဲ၍ ထွက်သွားတော့မည့် မိန်းမကြီးကို သူ လှမ်းအော် လိုက်မိသည်။

'ဟိုး နေပါဦးဗျာ၊ ဘာ ဘာ လုပ်ပါဦးဗျ၊ ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

သူ့အသံကြောင့် လှမ်းခါစ ခြေလှမ်းကို ရပ်မလိုဖြစ်နေသော မိန်းမကြီးက စုတ်တီးစုတ်ပြတ် ဖြစ်နေသော သူ့ကို တစ်ချက်လှမ်းအကြည့်-

'အစ်မကြီး သွားပါ ဘာမှ မဟုတ်ပါဘူး၊ အားနာတယ် အစ်မကြီးကို။ ရတယ် သွားသွား၊ ဘာမှ မဟုတ်ပါဘူး အစ်မရဲ့'

မိန်းမကြီးကလည်း သူ့ အိပက်အိပက် ခန္ဓာကိုယ်ကြီးကိုသယ်ရင်း ထွက်သွားသည်။ ဘာဘာကလည်း ဘာမှ မပြောတော့ဘဲ သူ့ဆိုင် သိမ်းစရာရှိသည်များကို သိမ်းနေ၏။ ခံစားချက်မျိုးစုံကြောင့် သူ့ရင်မှာ ဗလောင်ဆူလာသည်။ ဘာဘာကို ကြည့်လိုက်၊ မိန်းမကြီးလက်ထဲမှ အထုပ်ကို ကြည့်လိုက်နှင့် သူ့မျက်စိထဲ ပြာဝေလာသည်။ အမြင်အာရုံများက ရှုပ်ထွေးပြီး သူ့ရင် တဒိန်းဒိန်းအခုန် မြန်လာသည်။ ဆာလောင်နေသော ဝမ်းဗိုက်ကပူလောင်လာသလို သူ့ညီလေး၏ မျက်နှာနှင့် မိန်းမကြီးလက်ထဲမှ အထုပ်တို့က တစ်လှည့်စီ မြင်ယောင်နေ၏။ ဖျတ်ခနဲ ပြေးထွက်သွားပြီး သူ ဘာ လုပ်မိမှန်း မသိတော့။ ဈေးထဲ တဝုန်းဝုန်း ဆူညံသွားပြီး မိန်းမကြီးအော်သံ၊ လူအများ ပြေးလွှားသံများအကြား သူ ဘာလုပ်မိမှန်းပင် မသိတော့ပေ။ ဆတ်ခနဲ နောက်ကျော စွပ်ကျယ်ကို ကိုင်ဆွဲခံ



www.burmeseclassic.com

www.burmeseclassic.com

ရသဖြင့် သူ့လည်ပင်း အောင့်သွားပြီး ရက်ကန်ရက်ကန် ဖြစ်သွား၏။ သူ အသိဝင်ချိန်မှာတော့ ဈေးရုံးထဲမှ လူအများရှေ့တွင် သူ ရောက်နေတော့သည်။

❑

ရေစက် ရေမှုန်အေးအေးများကြား သူပြန်သတိရလာသည်။ သူပထမဆုံး မြင်ရသည်က တဖြည်းဖြည်းချင်း လည်နေသည့် မျက်နှာကြက်မှ ပန်ကာ၊ နောက် သူ့အား ဝိုင်းအုံကြည့်နေသည့် လူအများ၏ မျက်နှာများ။ အစစအရာရာ သူ ပြန်သတိရလာ၏။ အမဲသားသည် ဘာဘာ၊ မိန်းမ၀၀ကြီး၊ ဈေးသူဈေးသားများ၊ ဈေးလူကြီး၏ မျက်နှာ အားလုံးကို တဖြည်းဖြည်း သူသိလာပြီ။

'ကဲ မဆိုင်တဲ့ သူတွေ နောက်နည်းနည်း ဆုတ်ပေးကြပါဗျာ၊ ဒီကလေးကို ကျွန်တော်မေးပါရစေဦး။ သူ့ကို ခင်ဗျားတို့လည်း သိကြတာပဲ၊ အဝတ်လျှော်တဲ့ မခင်စိန်ရဲ့သားလေးပါ။ အရင်ကလည်း ဘာနာမည်ပျက်မှ မရှိပါဘူး၊ ဒီကလေးကျောင်းသွားကျောင်းပြန် ဈေးရှေ့က အမြဲဖြတ်နေကျပါ။ သူ့အမေခိုင်းလို့ဈေးထဲ ဟိုဟာ ဒီဟာ လာဝယ်နေကျကလေးပါ၊ အရင် အလစ်သုတ်တဲ့ ကလေးတွေနဲ့ မတူပါဘူး။ ကျွန်တော် သေချာမေးပါရစေဦးဗျာ၊ ကဲ နောက်ဆုတ်ပေးကြဦး'

ဈေးလူကြီး၏ စကားကြောင့် လူအများ နောက်သို့ ရှဲသွားသည်။ သူလည်း ဈေးရုံးကြမ်းပြင်ပေါ် ထထိုင်လိုက်၏။ ခံစားချက်မျိုးစုံဖြင့် သူ့မျက်နှာမှာ ထူပူနေပြန်သည်။ ခုမှ မနက်က အဘွားပြောလိုက်သည်ကို ပြန်သတိရတော့ မျက်ရည်ပူများက အလိုလို စီးကျလာတော့သည်။ ဈေးလူကြီးက သူ့နံဘေးတွင် ထိုင်လိုက်ရင်း…

'ကဲ ကလေးမငိုနဲ့တော့၊ ဦးဦးတို့ မေးတာတွေကိုသာ မှန်မှန်ဖြေနော်၊ ခု မင်းက ကျောင်းနေသေးလား၊ နေသေးတယ်ဆို ကျောင်းဖွင့်ရင် ဘယ်နှတန်းတက်ရမှာလဲ'

သူက ခေါင်းတစ်ချက်ညိတ်ပြပြီး ခုနစ်တန်းဟု တိုးလျှစွာ ဖြေလိုက်သည်။

'ဩော် ဟုတ်ပါပြီ၊ ဒါဆို သားက ကျောင်းသားဖြစ်ပြီး ဘာလို့ သူများအထုပ်ကို ဆွဲပြေးရတာလဲကွယ့်၊ သားတို့ကျောင်းက ဆရာဆရာမတွေ၊ မိဘတွေက ဆုံးမတယ်မဟုတ်လား'

ဈေးလူကြီး၏ စကားအဆုံး သူ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်း မရှိတော့။ ချုံးပွဲချ ငိုလိုက်ရင်း ဗလုံးဗထွေး ပြန်ပြော လိုက်တော့သည်။

'ဟုတ် ဟုတ် ကျွန်တော်မှားပါတယ်၊ ဒါပေမဲ့ ဦးတို့ ပြောသလို မဟုတ် ဟုတ် ပါဘူး။ ကျွန်တော့်အဖေ မရှိတော့ပေမဲ့ အဘွားရော၊ အမေရော ကျွန်တော့်ကို ဆုံးမပါတယ်။ ဆရာတွေ ပြောတာတွေလည်း ကျွန်တော် နားထောင်ပါတယ်။ အခုဟာက ကျွန်တော့်ညီ ညီလေးအတွက်မို့ပါ၊ ညီလေးက နေ နေ မကောင်းဘူး၊ မနေ့က အမေနဲ့ အဘွားပြောနေတာ ကျွန်တော်ကြားတယ်။ သူ သူက သွေးအားနည်းတယ်တဲ့၊ အာဟာရချို့တဲ့ရင် မကောင်းဘူးတဲ့။ ဒါပေမဲ့ အမေ့မှာ ပိုက်ဆံမရှိဘူး၊ ဆေးဖိုးတောင် နေ့ပြန်အတိုးနဲ့ ချေးထားရတာဆိုတာ ကျွန်တော်ကြားတယ်။ ဒါနဲ့ ညီလေးအတွက် ပိုက်ဆံရအောင် မနေ့က သူငယ်ချင်း အကူအညီတောင်းပြီး ဒီနေ့ အလုပ် လိုက်လုပ်လာတာပါ။ ရတဲ့ပိုက်ဆံနဲ့လောက်မယ့် အမဲသားစတွေကို ကျွန်တော်ဝယ်တယ်၊ ဒါပေမဲ့ ဘာဘာက ဟိုမိန်းမကြီးကို အကုန်ရောင်းပစ်လိုက်တာ။ တကယ်ဆို ကျွန်တော်က အရင်ဝယ်တာပါ ဒါနဲ့ စိတ်မထိန်းနိုင်လို့ ဟိုမိန်းမကြီးဆီ ပြန်လုပြီး ဝယ်လိုက်တာပါ။ ကျွန်တော် အလကား မလုပ်ပါဘူး၊ မ မ ယုံရင် ဟိုမိန်းမကြီး ဈေးခြင်းတောင်းထဲကြည့်ပါ၊ ပိုက်ဆံ ဆံ ထည့်ထား'

ချုံးပွဲချ ငိုလိုက်ရင်း အသံက တိမ်ဝင်သွား၏။ သူ၏ကျောကို ဈေးလူကြီးက ကြင်နာစွာ ပွတ်သပ်ပေးနေရင်း တစ်ယောက်ကဈေးခြင်းတောင်းကို ယူလာပြသည်။ အားလုံး၏ရှေ့တွင် ခြင်းတောင်းကို သွန်ချလိုက်သောအခါ အမဲသားအိတ်အနီးတွင် ငါးရာတန်တစ်ရွက်နှင့် နှစ်ရာတန် နှစ်ရွက်အလိပ်လိုက်လေးက ထွက်ကျလာသည်။ တိတ်ဆိတ်သွားသော ဈေးရုံးထဲတွင် ရှိုက်သံမျှင်းမျှင်းလေးသာ ထွက်ပေါ်နေပြီး တဖြည်းဖြည်း တိုးဝင်သွားလျက် နောက်ဆုံးတွင် အားလုံး တိတ်ဆိတ်သွားလေတော့၏။

■

**ခန့်ညီဖေ**



**ကလောင်အမည်**
ခန့်ညီဖေ
**နာမည်ရင်း**-စိုးမိုးလှိုင်
**လိပ်စာ**-အမှတ် (၄၅)၊ (၁၇)လမ်း၊ (၈၁)လမ်းနှင့် (၈၂) လမ်းကြား၊ မန္တလေးမြို့။
**ဖုန်း** - ၀၉ ၂၀၀၁၉၀၅

၁၉၈၆-၈၇ ခုနှစ်မှ စ၍ကဗျာများကို ဝါသနာအရ အပျော်တမ်းရေးဖွဲ့ခဲ့သည်။ ပုံနှိပ်စာမူအဖြစ် ပထမဦးဆုံးဖော်ပြခံရသည်မှာ ၂၀၀၆ ခုနှစ် မေလ အတွေးသစ်ဂျာနယ်၊ အတွဲ (၆)၊ အမှတ် (၂၈၇) တွင် **ဗလာပါခင်ဗျာ**(ကလောင်အမည် စိုးမိုး) စာမူဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်မတ်လတွင် ပဉ္စမအကြိမ်မြောက် အဖေများနေ့ဝတ္ထုတိုပြိုင်ပွဲတွင်နှစ်သိမ့်ဆုရရှိခဲ့ပါသည်။ တခြားစာနယ်ဇင်းများတွင်စာမူများ ပေးပို့ခဲ့ဖူးခြင်းမရှိဘဲ ရွှေအမြုတေမဂ္ဂဇင်း ရွှေအသစ်ကဏ္ဍသို့သာ ၂၀၁၀ ခုနှစ် မတ်လတွင် **ခြသေ့အစိမ်းတစ်ကောင်ကို ငါးခွေ**၊ ၂၀၁၃ ခုနှစ် ဧပြီလတွင် **မျှော်လင့်ခြင်းအသစ် ရင်တွင်းဖြစ်တည်**၊ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် **ကယ်ပေါက်(ဂယ်ဖောက်)**၊ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် **အဖြူရောင်ပုလဲတစ်ပွင့်၏ ရာဇဝင်** စာမူတို့ကိုပေးပို့ထားခဲ့ပါသည်။ ၂၀၁၀ ခုနှစ် မတ်လထုတ် စာမူမှာ ဆရာမ မသီတာ(စမ်းချောင်း)၏ မှတ်ချက်နှင့် ရွှေချည်ခံရခြင်း မရှိပါ။ ■



www.burmeseclassic.com

www.burmeseclassic.com

'ဒီကောင့်ကို
တွေ့လိုက်တိုင်း
ဒီလိုချည်းပဲကွ။
အမြဲ ပျာယာခတ်နေတာ'
'ပျာယာခတ်တိုင်းလည်း
သူ့အဘကိစ္စချည်းပဲ
လေကွာ။
ဘာပဲပြောပြော
အဲဒါကြောင့်မို့လည်း
ဒီကောင်
ကြီးပွားနေတာပေါ့ကွ'
ပရာဒိုပေါ်သို့
ခပ်သုတ်
သုတ်တက်သွားသည့်
ဇော်မင်းကျောပြင်ကို
ကြည့်ရင်း

# ပြောင်းလဲနေသည့် ဘဝများ

မလေးငယ်

တစ်ယောက်တစ်စ်ပေါက်ပြောနေသော သူငယ်ချင်းနှစ်ယော
ကို စကားမပြန်နိုင်လောက်အောင်ပင် ကျွန်တော် အကြီးအကျယ်
အံ့အားသင့်နေမိသည်။

အထက်တန်းကျောင်းမှာတုန်းက ကျောင်းတက်ရင်း
မုန့်စားဆင်းချိန်ဆို သူ့အမေ မုဆိုးမကြီးနှင့်အတူ ကျောင်းရှေ
တန်းမှာ ဈေးကူရောင်းရသည့် ဇော်မင်း။ လွန်ခဲ့သည့် ခုနှ
နှစ် ကျွန်တော် မလေးရှားကို သွားခါနီးတုန်းက ကျွန်တော့်
အားကျတကြီး ငေးမောပြီး 'မင်းအဆင်ပြေရင် ငါ့ကိုလည်း
မမေ့ပါနဲ့ကွာ' လို့ တဖွဖွပြောနေခဲ့သည့် ဇော်မင်း။

အခုတော့ ကျွန်တော် မလေးရှားမှာ ခုနစ်နှစ်ရှာခဲ့
သည့်ပိုက်ဆံဟာ သူစီးနေသည့် ကားဘေးနားပင် မကပ်နိုင်
တော့သည့် အဆင့်။

'ဒီကောင် တော်တော် ပြောင်းလဲသွားတယ်နော်'

'ဟာ၊ ဒီကောင်က တယ်အောက်သက်ကျေတဲ့ ကောင်
ကိုးကွ။ တကယ် အောက်ကျနောက်ကျ ခံနိုင်တဲ့ကောင်။





www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ မကြီးပွားရင် နေ ပါကွာ။ ဒီကောင့်လိုတော့ သူများပုဆိုးစ၊ ထဘီစလိုက် မ မနေနိုင်သလို သူများပါး စပ်ထဲက ထမင်းလုတ်လည်း လိုက်နှိုက်မနေချင်ပါဘူး'

'ဟေ့ကောင်၊ ထမင်း လုတ် မနှိုက်တာကတော့ ထားပါတော့ကွာ။ ပုဆိုးစက တော့ မ သင့်ရင် မ ရမယ် ကွ။ ဘုရားတောင် အမှီရှိမှ ပွင့်တာလေ။ ဒီလိုခေတ်ကြီး ထဲမှာဆို အမှီကောင်းကောင်း ရှိဖို့က ပိုအရေးကြီးတယ်ဟ။ မင်းတောင်မှ အမှီမရှိလို့ နောက်ကို ခဏခဏ ပက် လက်လန် ကျနေတာ မဟုတ် လား'

ခေါင်းတခါခါ၊ လက် တခါခါနှင့် ဝင်ပြောလိုက်သည့် လင်းနိုင့်စကားကို လက်မခံ နိုင်ဟန်ဖြင့် အားပါးတရ နှိပ်ကွပ်လာသည့် ကျော်သူစိုး အပြောကြောင့် လင်းနိုင် မျက်လုံးကြီး ပြူးထွက်လာ ပြီး တစ်ခုခုပြန်ပြောရန် ဟန် ပြင်လိုက်စဉ်မှာပင် ခါးတွင် ချိတ်ထားသည့် ဟမ်းဖုန်းမှ ထအော်လိုက်သည့် အသံ ကြောင့် လင်းနိုင်၏ အာရုံမှာ

ဆယ်တန်းတုန်းက
အတန်းပိုင်ဆရာက
လင်းနိုင်ကို ခေါ်ပြီး
'လောကကြီးမှာ
ဖြောင့်လွန်းရင်
တောင့်နေ
တတ်တယ်ကွဲ့
မှတ်ထား'လို့တောင်
ဆုံးမခဲ့ဖူးသည်
အခုလည်း
ဒီကောင့်ပုံ
ကြည့်ရတာ
လိုက်လျောညီထွေမှု
မရှိဘဲ
တောင့်တောင့်ကြီး
ဖြစ်နေသလို
ပါပဲလား





www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆီသို့ ချက်ချင်း လက်ငင်း လွှဲပြောင်းရောက်ရှိ သွားတော့သည်။ လင်းနိုင်က တော့ မိဘက အရမ်းအချမ်းသာကြီး မဟုတ်ပေမဲ့ လူချမ်းသာ စာရင်းဝင်တွေမို့ ကျော်သူစိုး ပြောသလိုပင် သူများ ထမင်းလုတ်ကို မနှိုက်စားလည်း ထမင်းစားဖို့ကို မပူပင်ရတဲ့ လူပင်။

'ဘာ၊ အဲဒီလို လုပ်လို့ ရမလားကွ'

ဖုန်းပြောနေရင်းမှ ရုတ်တရက် ထအော်လိုက်သော လင်းနိုင့်အသံကြောင့် ကျွန်တော့်အတွေးတွေ လန့်ဖျပ်ထွက်ပြေးကုန်ရင်း လင်းနိုင်ကို လှမ်းကြည့်လိုက်မိသည်။

'ငါက ဒီကန်ထရိုက်ကို ငါရမှာ ကျိန်းသေပြီဆိုပြီး ဒီဘက်မှာတောင် လိုတဲ့ ပစ္စည်းတွေ အဆင်သင့်မှာထားပြီးသားကွ'

'ဘာ၊ သူ့ဆီက ပစ္စည်းမမှာလို့ မှာတဲ့လူကို လွှဲပေးလိုက်တာဟုတ်လား။ အဲဒီလို လုပ်လို့ရမလားကွ။ ပစ္စည်းမှာတယ်ဆိုတာလည်း ပစ္စည်းကောင်းမှ မှာမှာပေါ့'

'အေး၊ အဲဒါကြောင့်မို့လည်း အဲဒီဂရု(ပ)ကဆောက်တဲ့ တိုက်တွေ ဟိုနေရာပြိုကျ၊ ဒီနေရာပြိုကျဖြစ်နေတာပေါ့'

'ဘာလဲ၊ ဘာဖြစ်လို့ သွားကန်တော့နေရမှာလဲ ဘာမှမဆိုင်တာကို'

ဟိုဘက်ကတော့ ဘာတွေပြောနေသည် မသိ။ လင်းနိုင်ကတော့ တရှူးရှူး တရှဲရှဲ စိတ်ဆိုးမာန်ဆိုးနှင့် မျက်နှာကို ချက်ချင်းနီရဲတက်လာပါသည်။ ဖုန်းပြောပြီးပြီးချင်းမှာတော့ ကမန်းကတန်း

မလေးရှားမှာလည်း
အခုဆို
အလုပ်သမားတွေက
ဖောခြင်းသောခြင်း
ရသည့်
ပိုက်ဆံလေးတွေ
ကလည်း
မစို့မပို့
ဝင်ငွေ
ကောင်းသည့်
အလုပ်
ကျပြန်တော့လည်း
ဘာသာစကား
တတ်မှ
အတွေ့အကြုံ
ရှိပါမှ
ဒီပလိုမာတွေ
တစ်ထပ်ကြီး
ပြနိုင်ပါမှ

နှုတ်ဆက်ပြီး ပြူးပြူးပျာပျာ ထွက်သွားသော လင်းနိုင်ကို ငေးကြည့်ရင်း ကျွန်တော် သက်ပြင်းကိုသာ ခပ်ယဲ့ယဲ့ ချလိုက်မိပါတော့သည်။

လင်းနိုင်၊ လင်းနိုင်ဒီပုံစံနှင့် ဒီကောင် ဘယ်လိုစီးပွားရေးလုပ်လို့ရပါ့မလဲ။ လင်းနိုင်ဆိုတာ ကျောင်းမှာကတည်းက တကယ့်အမှန်အကန်သမား။ သူမှန်တယ်ထင်လျှင် အတန်းထဲက ဆရာ၊ ဆရာမတွေကိုတောင် ပြန်ပြန်ခံပြောလွန်းလို့ တချို့ ဆရာမတွေဆို လင်းနိုင်ကို တောင်ပြန်လန့်ရသည့်အဖြစ်။

မှတ်မှတ်ရရ ကျွန်တော်တို့ ဆယ်တန်းတုန်းက အတန်းပိုင်ဆရာက လင်းနိုင်ကို ခေါ်ပြီး 'လောကကြီးမှာ ဖြောင့်လွန်းရင်တောင့်နေတတ်တယ် ကွဲ့မှတ်ထား'လို့တောင် ဆုံးမခဲ့ဖူးသည်။ အခုလည်း ဒီကောင့်ပုံကြည့်ရတာ လိုက်လျောညီထွေမှု မရှိဘဲ တောင့်တောင့်ကြီးဖြစ်နေသလိုပါပဲလား။

'ဟေ့ကောင် မင်းအခြေအနေရော ဘယ်လိုလဲ။ ဒီမှာ ဘာတွေလုပ်ရှားဖို့ အစီအစဉ်ရှိလဲ'

ကျော်သူစိုးအမေးကြောင့် ကျွန်တော်တစ်ချက် တွေခနဲဖြစ်သွားမိပါသည်။ ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်း မသိဖြစ်နေတာပါ။ ကျွန်တော် မလေးရှားကို ထွက်စအခြေအနေနှင့် အခုဒီကအခြေအနေနှင့် တော်တော်ပြောင်းလဲကုန်ပါပြီ။ စစချင်း မလေးရှားကို ထွက်တုန်းကတော့ ပိုက်ဆံလေးစု အတန်အသင့်ရလျှင် မြန်မာနိုင်ငံပြန်ပြီး တစ်ခုခုလုပ်မည်ပေါ့။ ဒါပေမဲ့ မှန်းချက်နှင့် နှမ်းထွက်မကိုက်။ ထွက်ရေးကတော့ စက်သူဌေး၊ ထွက်ကြည်တော့မှ စက်မရှိဆိုတာ ကျွန်တော်မှ ကျွန်တော် အစစ်ပါ။

မလေးရှားမှာလည်း အခုဆို အလုပ်သမားတွေက ဖောခြင်းသောခြင်း။ ရသည့် ပိုက်ဆံလေးတွေကလည်း မစို့မပို့။ ဝင်ငွေကောင်းသည့် အလုပ်ကျပြန်တော့လည်း ဘာသာစကားတတ်မှ၊ အတွေ့အကြုံရှိပါမှ၊ ဒီပလိုမာတွေ တစ်ထပ်ကြီးပြနိုင်ပါမှ။ အခုတော့ ကျွန်တော် မလေးရှားမှာ အလုပ်သွားလုပ်ပြီး စုထားသည့်ပိုက်ဆံလေးက လက်ရှိမြန်မာ့ဈေးကွက်မှာ ဟိုမရောက် ဒီမရောက်၊ ဟို မမီ ဒီမမီနှင့်။ ကျော်သူစိုး တို့လို ရှုံးအလုပ်ဝင်လုပ်ဖို့ကျ တော့လည်း ကျွန်တော့်အသက် အရွယ်နှင့် အခုမှ စလုံးရေ အစကဝင်လုပ်ဖို့က မဖြစ်နိုင် ပြန်။ ကိုယ်က လုပ်ချင်လျှင် တောင် ဒီအရွယ်နှင့် လုပ်ငန်း အတွေ့အကြုံ မရှိသည့်လူ မည်သူမျှ မခန့်ချင်ကြ ကျွန်တော်ကလည်း အများ သူငါလို သာမန်ဘွဲ့ကလေး တစ်ခုသာ ရထားပြီး ထူးထူး ချွန်ချွန်တတ်ထားသည့် ပညာကလည်း မရှိပြန်ဆို တော့…။

'အမှန်အတိုင်းပြော ရင် ငါ ဒီမှာပြန်လိုက်လို့ မ တော့ဘူးကွ။ ငါ့ထက်စာရင် မင်းကမှ တော်ပါသေးတယ် ကွာ။ အလုပ်အကိုင်လေး ပြစရာ ရှိသေးတယ်'

ကျွန်တော့်စကား ကြောင့် ကျော်သူစိုးမျက်နှာ က လေလျော့သွားသော ဖောင်းတစ်လုံးလို တွန့်လိမ် သွားရင်း-

'အလုပ်အကိုင် ရှိ အထင်မကြီးနဲ့ ဟေ့ကောင် ရေ။ အဲဒီအလုပ်အကိုင်က ကိုယ်တစ်ယောက် စားဖို့တောင် အနိုင်နိုင်ကွ။ မိန်းမယူချင်တာ တောင် မယူရဲဘူးဟေ့။ အ အိမ်မှာတောင် ငါ့ညီမနဲ့ ယောက်ျားရှိနေလို့ အခြေအ မပျက်နေနိုင်တာကွ။ မဟုတ် ရင် အဖေကလည်း အိမ် ထဲလဲ၊ ငါ့အမေကလည်း ဘာမှမလုပ်တတ် မကိုင် နဲ့ ငါတို့မိသားစု တော်တ



www.burmeseclassic.com

www.burmeseclassic.com

တော်နေလောက်ပြီ'

'နေပါဦး။ မင်း ညီမဆိုတာ ငါ မလေးရှားမသွားခင်လေးမှာ အိမ်ထောင်ပြုသွားတဲ့တစ်ယောက်လား'

'အေးလေ။ ငါ့မှာ အဲဒီ ညီမတစ်ယောက်ပဲ ရှိတာပဲ ဟာကို'

ကျော်သူစိုးစကားကြောင့် အဲဒီတုန်းက အခြေအနေကို ကျွန်တော် ပြန်လည်မြင်ယောင်လာသည်။ သူ့ညီမက ဆယ်တန်းတောင် မအောင်သည့် ကွမ်းယာရောင်းသည့်ကောင်လေးနောက်ကို လိုက်သွားပါတယ် ဆိုပြီး ကျော်သူစိုးတို့ တစ်အိမ်သားလုံး ဝုန်းဒိုင်းကြဲပေါက်ကွဲကြတာလေ။ တစ်အိမ်လုံး ဘီလူးစီးနေသည့် အတိုင်းပါပဲ။

'အခု သူတို့လင်မယား ဘာလုပ်နေကြလို့လဲ'

'ကွမ်းယာရောင်းနေကြတာလေကွာ။ အံ့မယ်လေး ကွမ်းယာရောင်းတယ်ဆိုပြီး အထင်တော့မသေးနဲ့ ဟော့ကောင်ရေ။ သူတို့ကွမ်းယာဆိုင်က နေရာအကွက်အကွင်းကလည်းကောင်း၊ ငါ့ယောက်ဖကလည်း ထုံးစပ်ကောင်းတော့ တစ်နေ့တစ်နေ့ သိန်းဂဏန်းနားကပ်နေတာနော်။ ငါတောင်မှ တစ်ခါတလေ ကွမ်းရောင်းစားချင်တဲ့စိတ်တောင် ပေါက်တယ်ကွာ အဟုတ်။ ဒါပေမဲ့ ငါ့မှာ ဘွဲ့ရ ပညာတတ်ဆိုတဲ့ စားလို့မရတဲ့ ပေတံကြီးနဲ့ ဆိုပြန်တော့လည်းကွာ ကွမ်းရောင်းရမှာကို တစ်မျိုးကြီးလိုလိုကို ဖြစ်နေတာ'

'မင်းကလည်းကွာ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွပဲ ဟာကို။ ငါတောင် ရွာပြန်ပြီး လယ်ပြန်လုပ်ရင် ကောင်းမလား စဉ်းစားနေတာကွ။ ဒါပေမဲ့ အိမ်ကအဖေနဲ့အမေက ဟိုအထဲကို ရွံ့ခဲမဝင်စေချင်လို့ ဘွဲ့တစ်ခုရအောင် သင်ပေးထားတာ။ နဂိုထဲက လယ်လုပ်စေချင်ရင် ဘွဲ့ရအောင်တောင် တပင်တပန်း သင်ပေးမနေဘူးဆိုပြီး မကျေမနပ်နဲ့ ပွစိပွစိရွတ်နေလို့ လယ်လုပ်မယ်ဆိုတဲ့စကားကို ယောင်လို့တောင် မဟရဲဘူးဖြစ်နေတယ်။ ဒီအတိုင်းဆို မလေးရှားမဟုတ်ရင်တောင် တခြားနိုင်ငံတစ်ခုခုကို ထပ်ထွက်ရတော့မလားဘဲ'

'အေးပေါ့ကွာ။ မင်းအဖေက သူတို့ရွာမှာ မင်းဘွဲ့ရလို့ အရမ်းဂုဏ်ယူကျေနပ်နေတဲ့ဟာကို။ မင်းကို ဘယ်လယ်ထဲဆင်းစေချင်မလဲ'

'အေးကွာ။ ဒါပေမဲ့ အဲဒီဘွဲ့ကလည်း မင်း သိတဲ့အတိုင်း…'

ပြောလက်စ စကားကိုပင် ဆက်မပြောချင်လောက်အောင် ရင်ထဲမွန်းကျပ်လာသဖြင့် ခုံပေါ်တွင်ချထားသော လက်ဖက်ရည်ခွက်ကို ကောက်မော့လိုက်တော့ အေးစက်စက်လက်ဖက်ရည်က ရင်ထဲကို နွေးထွေးခြင်းကင်းစွာ ခပ်တင်းတင်းဝင်ရောက်သွားသည်။

ဘေးပတ်ဝန်းကျင်ကို ငဲ့ကြည့်လိုက်တော့ မိုးစက်မိုးမှုန်များကြောင့် အရာရာအားလုံးဟာ ဝိုးတိုးဝါးတား။

'နောင်ဆယ်နှစ်ကြာလို့ မင်းတို့သူငယ်ချင်းတွေ တစ်နေရာရာမှာ ပြန်ဆုံခဲ့ကြရင် ဘယ်သူတွေက ဘယ်လိုတွေ ပြောင်းလဲနေမှာလဲ။ အဲဒီအချိန်ရောက်ရင် ကိုယ့်သူငယ်ချင်းတွေကို ကိုယ်မော့ကြည့်ချင်လား၊ ငုံ့ကြည့်ချင်လား။ ဒါဟာ မင်းတို့လက်ထဲမှာရှိတဲ့ မင်းတို့ကိုယ်တိုင် ဖန်တီးရမယ့် ဘဝအပြောင်းအလဲတွေပဲ'

နောင်ဆယ်နှစ်
ကြာလို့
မင်းတို့သူငယ်ချင်းတွေ
တစ်နေရာရာမှာ
ပြန်ဆုံခဲ့ကြရင်
ဘယ်သူတွေက
ဘယ်လိုတွေ
ပြောင်းလဲနေမှာလဲ
အဲဒီ့အချိန်
ရောက်ရင်
ကိုယ့်
သူငယ်ချင်းတွေကို
ကိုယ်မော့
ကြည့်ချင်လား
ငုံ့ကြည့်ချင်လား
ဒါဟာ မင်းတို့
လက်ထဲမှာရှိတဲ့
မင်းတို့ကိုယ်တိုင်
ဖန်တီးရမယ့်
ဘဝအပြောင်း
အလဲတွေပဲ

အထက်တန်းကျောင်းဆင်းပွဲတုန်းက ဆရာမစကားတွေကလည်း နားထဲမှာ ဝါးတားတား၊ ကျွန်တော့်ရင်ထဲက အနာဂတ်အတွေးတွေကလည်း ခပ်ဝါးဝါး…။

■

**မလေးငယ်**



**ကလောင်အမည်**
မလေးငယ်
**နာမည်ရင်း**
မအေးမြတ်ခိုင်
**လိပ်စာ**
'ဟိန်း'ဖုန်းနှင့် အပိုပစ္စည်း ရောင်းဝယ်ရေး၊ တိုက် (၁)၊ အခန်း (၃)၊ ရတနာပုံအိမ်ရာ၊ (၁၀) ရပ်ကွက်ဈေးအနီး၊ သာကေတမြို့နယ်။

အင်တာနက်ကို အသုံးပြုပြီး မလေးငယ် ကလောင်အမည်ဖြင့် မြန်မာဆိုဒ်များတွင် အနည်းငယ်ပါဝင်ရေးသားဖူးခဲ့သည်။ my suboo ဆိုဒ်သုံးနှစ်ပြည့်အတွက် စာအုပ်ထုတ်ရန် စာမူရွေးချယ်ချိန်တွင် ဝတ္ထုတို တစ်ပုဒ်ရွေးချယ် ခံခဲ့ရသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထိုစာအုပ်မှာ ယခုချိန်တိုင်အောင် မထုတ်ဖြစ်သေးခဲ့။ teen မဂ္ဂဇင်းသို့ စာမူလှမ်းပို့ခဲ့ဖူးသော်လည်း ရပ်နားသွားသည့်အချိန်နှင့် တိုက်ဆိုင်ခဲ့။ အခြားမည်သည့်မဂ္ဂဇင်းကိုမှ စာမူလှမ်းပို့ခဲ့ခြင်း မရှိခဲ့ဖူးဘဲ ရွှေအမြုတေသို့ ပထမအကြိမ် စာမူနှစ်ပုဒ်လှမ်းပို့ခဲ့ရာတွင် **ပြောင်းလဲနေသည့် ဘဝများ** စာမူမှာ ရွေးချယ်ခံခဲ့ရခြင်းဖြစ်။ ■


www.burmeseclassic.com

www.burmeseclassic.com

# နှစ်ကောင်

**နေ၊ ပင်လယ်ပြာ၊**

သွားရသော လမ်းသည်
ချောမွေ့နေသောလမ်း မဟုတ်။
အဖုအထစ် အချိုင့်အခွက်များဖြင့်
ပြည့်နေသည်။ ချွဲကျိသော
အရည်ညစ်ညစ်များလည်း
လမ်းတစ်လျှောက် ပြန့်ကျဲနေသည်။
နှစ်ကောင်တွင် တစ်ကောင်က
တစ်ကောင်ကို ဖေးမလျက်
တွားသွားသွားကြသည်။
အထူးသဖြင့်
အထီးက အမကို အမြဲတစေ
စောင့်ဆိုင်း၍ ခေါ်ဆိုသည်။
တစ်နေရာအရောက်တွင် အမက

အထီးကို လှမ်းဆွဲသည်။ မောနေပြီ။ အထီးသည် ကျောပြင်ကို အောက်သို့ နှိမ့်ပေးသည်။ အမသည် ထိုချောမွေ့နေသော ကျောပြင်သို့ အခက်အခဲမရှိတက်သည်။ နှစ်ကောင်သည် တစ်ကောင်တည်း ဖြစ်သွားသည်။ အမသည် လက်များဖြင့် အထီး၏ ကျောပြင်ကို ကုပ်တွယ်ထားသည်။

အထီးက မောသည်ကို ဂရုမစိုက်နိုင်ဘဲ မရပ်မနား သွား နေသည်။ မကြာမီ နေဝင်တော့မည်။ တစ်ပတ်တိတိ ကိုယ် တိုင် ဆောက်လုပ် တူးဖော်ထားသော တွင်းဆီသို့ နေမဝင်ခင်





www.burmeseclassic.com

www.burmeseclassic.com



အရောက်သွားရမည်။ နေဝင်သွားသည်နှင့် အရာအားလုံးသည် ထိတ်လန့်ကြောက်ရွံ့စရာ ဖြစ်သွားလိမ့်မည်။ သစ်ရွက်လှုပ်နေသည်ကိုပင် စိုးရွံ့နေရမည်။ မည်သူ့ကိုမျှ ယုံကြည်၍ မဖြစ်။ လရောင်အောက်တွင် အရာအားလုံးသည် သူတို့၏ ဝမ်းစာအတွက် ဖြားယောင်း သွေးဆောင်နေမည်။ ထိုသို့ မရလျှင် အလုအယက် တိုက်ခိုက်ယူလိမ့်မည်။

အထီးက စိုးရိမ်ပူပန်စိတ်ဖြင့် ပြည့်နေချိန်တွင် အမသည် အိပ်ပျော်၍ လိုက်ပါခဲ့သည်။ အားနည်းနေပြီ။ အချိန်ကြာလာလျှင် လုံးဝ မလှုပ်မယှက်နိုင်ဘဲ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်နေလိမ့်မည်။ ထိုသို့ ဖြစ်လာမည်ကို အထီးက ကောင်းစွာ သဘောပေါက်သည်။ မကြာမီ သဘာဝ တရားတစ်ခုသည် အမဆီသို့ ရောက်လာလိမ့်မည်။ အမအတွက် အမှားအယွင်းခံ၍ မဖြစ်။





www.burmeseclassic.com

www.burmeseclassic.com

ရှေးက လမ်းညွှန်ခဲ့သော ဘိုးဘေးဘီဘင်များ၏ စကားအရ အထီးသည် ဖြစ်လာမည့် အန္တရာယ်ကိုကောင်းစွာသိသည်။ ထိုအန္တရာယ်များကိုကျော်လွှားသွားရသည်။ အမ၏ရှေ့မှ မားမားမတ်မတ် ရင်ဆိုင်၍ ကျော်လွှားသွားရမည်။

ရောက်တော့မည်။ အမ၏ အသက်အန္တရာယ်အတွက် စိတ်ချရမည့်နေရာသို့ ရောက်တော့မည်။ ခနိုပင်တန်းတစ်ခုကို ဖြတ်သွားပြီးနောက် ကွင်းပြင်တစ်ခုကို မြင်ရသည်။ ရွံ့နွံများပေါ်တွင် အထီးသည် ခုန်၍ ခုန်၍ ကျွမ်းကျင်စွာ သွားသည်။ အမမှာ လုံးဝ မလှုပ်နိုင်တော့။

အနောက်ဘက်ကမ်းတွင် နေလုံးကြီး လုံးဝမြုပ်သွားခဲ့သည်။ ခနိုရွက်များဖြင့် ဖုံးအုပ်ထားသော တွင်းအဝသို့ ရောက်လာခဲ့ပြီ။ အထီးသည် အိပ်ပျော်နေသော အမကို ဖြည်းညင်းစွာ ချသည်။ ထို့နောက် တွင်းအဝမှ အရွက်များကို ဖယ်သည်။ ဘေးပတ်ဝန်းကျင်မှ အခြေအနေများကို လည်းကြည့်ရသေးသည်။ မီးတောင်တစ်ခု၏ ထိပ်အဝနှင့်တူသော တွင်းအဝတွင် သေးငယ်သော ရွံ့လုံးလေးများ ရှိနေသည်။

အထီးသည် အမကို နိုးသည်။ အမမှာ အားအင်ကုန်ခမ်းစွာ အသံပြုသည်။ မကြာမီပင် အမ၏လက်ကို ဆွဲ၍ နှစ်ကောင်မှာ တွင်းထဲသို့ ဝင်သွားသည်။ ဂူကြီးတစ်ခုနှင့်တူသော တွင်းထဲတွင် ဝက်ပါကဲ့သို့ အကွေ့အကောက်များလည်း ရှိသည်။ အမ၏လုံခြုံရေးကို အဓိကထား၍ အထီးသည် တွင်းကို မအိပ်နိုင်မစားနိုင်ဘဲ ဆောက်ခဲ့ခြင်း ဖြစ်သည်။

**တွင်းဝသို့ ပြေးပြန်လာသောအခါ ရန်သူသည် ဆီးကြိုနေခဲ့ပြီ ချိုပြီးနူးညံ့သော မျိုးနွယ်တူ အမတစ်ကောင်၏ အသားများသည် တွင်းအထဲတွင် ရှိနေသည်ကို ပါးနပ်သော ရန်သူက သိနေခဲ့ပြီ**

မြေသားများကို အကာအကွယ်ပြု၍ ဆောက်ထားသော အခန်းတစ်ခုထဲသို့ ရောက်လာခဲ့သည်။ ပျော့ပျောင်းသော မြေသားကြမ်းပြင်ပေါ်တွင် အမကို ထားလိုက်သည်။ အားကိုးယုံကြည်သော မျက်လုံးများဖြင့် ကြည့်နေသော အမကို အထီးက 'စိတ်သာချ' ဆိုသော အဓိပ္ပာယ်ဖြင့် ပြန်ကြည့်သည်။ အမသည် စိတ်ချစွာ မှေးစက်လဲလျောင်းနေသောအခါ အထီးသည် ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

အပြင်ဘက်တွင် လရောင် အနည်းငယ်ရှိနေသည်။ အထီးသည် တွင်းဝတွင် တိတ်ဆိတ်စွာနေသည်။ လှုပ်ခတ်နေသော အရာများအားလုံးကို မြန်ဆန်ဖျတ်လတ်သော မျက်လုံးအစုံဖြင့် လိုက်ကြည့်နေသည်။ လေတိုက်၍ အဆက်မပြတ်ထွက်နေသော ခနိုဖက်သံများကြားတွင် အန္တရာယ်ကောင်များ၏အသံကို နားစွင့်သည်။ မည်သူလာလာ ရင်ဆိုင်တိုက်ခိုက်နိုင်ရန် အသင့်အနေအထားပြင်ဆင်ထားသည်။

လသည် တဖြည်းဖြည်း မြင့်တက်လာသည်။ ခနိုပင်ခြေရင်းများကြားတွင် အကောင်တစ်ကောင်သည် အထီးကို ချောင်းမြောင်းကြည့်နေသည်။ ထိုအကောင်သည် အိပ်စက်စရာ တွင်းတစ်တွင်းကို အင်အားစိုက်မထုတ်ရဘဲ လိုချင်နေသည်။ အထီးက ရင်ကိုကော့၍ ထိုအကောင်ကို ကြည့်နေသည်။ ရှည်လျားသော ထိုအကောင်သည် လေးတွဲ့သော တွန်သံကိုပြုကာ တဖြည်းဖြည်း လျောတိုက် လာဟန်ပြင်သည်။ အထီးသည် ချွန်ထက်စူးရှသော လက်အစုံကိုတစ်ခုနှင့်တစ်ခု ပွတ်တိုက်ပြလိုက်သည်။ ထက်နေသော လက်များကို ပို၍ ချွန်ထက်သွားအောင် သွေးပြလိုက်သည့် သဘောဖြစ်သည်။

သူ့ရဲဘောကြောင်သ အကောင်ရှည်သည် နော ဘက်သို့ ပြန်လှည့်သွားခဲ့ သည်။ အထီးသည် ပတ်ဝန်း ကျင်ပတ်ပတ်လည်သို့ တစ် ချက်ကြည့်၍ စစ်ဆေးသည် မသင်္ကာစရာ တစ်စုံတစ်ခု မတွေ့သောအခါ တွင်းထဲသို့ ပြန်ဝင်သည်။ အမ ထဲ လျောင်းရာ အခန်းထဲသို့ ရောက်သောအခါ အမ၏ ဘေးတွင် ပုံတူ အခြားတစ် ကောင်ကို မြင်ရသည်။ အထီးသည် ပထမတွင် စိတ် လှုပ်ရှားသွားခဲ့သည်။ မကြာမီ သဘောပေါက်စွာဖြင့် အမ ဘေးသို့ ဖြည်းညင်းစွာ တွား သွားသည်။

အမ၏ ခန္ဓာကိုယ်တစ် ခုလုံးသည် အကာအကွယ် မရှိတော့။ ပျော့ဖပ်တုန်ယင် သော အသားစိုင်များ တွင်းဖောက်၍ မြင်ရသည် နူးညံ့သော အသားစိုင်များ သည် မည်သည့်ထိခိုက်မှု ဒဏ်ကိုမှ ခံနိုင်မည်မဟုတ် အမသည် အောင်မြင်စွာဖြင့် အခွံဟောင်းကို ချွတ်နိုင်ခဲ့ပြီ နွမ်းလျစွာနှင့် အခွံသစ်ဖြစ် လာရန် စောင့်ဆိုင်းနေရ မည်။

အမဘေးတွင် အထီး ကြာနေပြီးသောအခါ အထီး သည် အပြင်သို့ ပြန်ထွက် သွားသည်။ ဤအချိန် အရေးကြီးဆုံးဖြစ်သည် အထီးက သဘောပေါက်ထား သည်။ အမကို ကာကွယ် မည်။ နူးညံ့သော အခွံ အသားများကို ရွံ့ကွင်းပြင် သတ္တဝါအားလုံးက နှစ် ကြသည်။ အမအား



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာရန်အတွက် စားသုံးရမည့်အစာကို ရှာရဦးမည်။

တွင်းအနီးမှ ရွှံ့ကွင်းပြင်တွင် အထီးသည် လှည့်ပတ်သွားကာ အစာရှာသည်။ အစာတစ်ခုရလျှင် အမဘေးသို့ သွားရောက်စုပုံသည်။ လရောင်ကို အဖော်ပြု၍ အခေါက်ပေါင်းများစွာ အတွင်းသို့ ဝင်ထွက်နေခဲ့သည်။ နောက်ဆုံးတွင် လရောင်ကွယ်ပျောက်သွားသောအခါ အရှေ့ဘက်ကုန်းပြင်မြင့်မှ နေထွက်လာခဲ့သည်။

မြောက်မြားစွာသော ကြီးကြီးသေးသေး ပုံသဏ္ဍာန်မျိုးစုံရှိသော အကောင်များသည် ဟိုမှသည်မှ ထွက်လာကြသည်။ ရွှံ့ကွင်းပြင်သည် သွားသွားသတ္တဝါများဖြင့် ပြည့်သွားသည်။ အထီးသည် တွင်းဝတွင် စောင့်ဆိုင်းခြင်း အလုပ်ကို ပြန်လည်လုပ်ဆောင်သည်။

သေးငယ်သော အကောင်များသည် အထီးရှိရာတွင်းဝသို့ သီသီလေးပင် မကပ်ဝံ့ကြ။ သို့သော် အထီးက စိုးရိမ်ပူပန်နေသည်။ လုံးဝန်းသော အကောင်များ အုပ်စုဖွဲ့၍ရောက်လာမည်ကို စိတ်ပူသည်။ ထိုအကောင်များကို တိုက်ခိုက်ရသည်မှာ အလွန်ခက်ခဲသည်။ သူတို့သည် လက်များကို ချိုးဖဲ့တတ်ကြသည်။ ကျောကုန်းခွံကို ကွဲအက်သွားအောင် ဖိခြေတတ်ကြသည်။ အထီးက နာကျင်မည်ကိုတော့ မကြောက်။ အမအတွက်သာ စိုးရိမ်သည်။ အခွံသစ် မဖြစ်ပေါ်ခင်အထိ အမသည် ပြေး

ဇနီးမယားကို ကာကွယ်သည့် သတ္တဝါ တစ်ကောင်နှင့် ဇာတ်တူသား စားချင်သော သတ္တဝါ တစ်ကောင်၏ တိုက်ပွဲသည် ပြင်းထန် လာခဲ့သည် လောင်းကြေးက အသက်ဖြစ်သည် ရရှိမည့် ဆုလာဘ်များ ကတော့ မတူညီကြ

ထွက်နိုင်မည် မဟုတ်။

သို့သော် ယခုအချိန်ထိ နှစ်ကောင်မှာ ကံကောင်းသေးသည်။ ထိုအကောင်များ အုပ်စုဖွဲ့ရောက်လာခြင်း မရှိသေး။ အပူချိန်က တဖြည်းဖြည်းမြားလာသည်။ အကောင်များသည် ရေစပ်ရှိရာဘက်သို့သွားနေကြသည်။ အထီးက ရေဆာလှပြီ။

လျှင်မြန်သော အဟုန်ဖြင့် အထီးသည် ရေရှိရာသို့သွားသည်။ ရေတဝ သောက်သုံးသည်။ သို့သော် တွင်းဝသို့ ပြေးပြန်လာသောအခါ ရန်သူသည် ဆီးကြိုနေခဲ့ပြီ။ ချိုပြီး နူးညံ့သော မျိုးနွယ်တူ အမတစ်ကောင်၏ အသားများသည် တွင်းအထဲတွင် ရှိနေသည်ကို ပါးနပ်သော ရန်သူက သိနေခဲ့ပြီ။

အထီးသည် တွင်းအနီးသို့ လျှင်မြန်စွာ ပြေးကာ တွင်းရှေ့တွင် ပိတ်ရပ်လိုက်သည်။ နှစ်ကောင်သား မီးဟုန်းဟုန်းတောက်နေသော မျက်လုံးများဖြင့် ကြည့်နေကြသည်။ မျိုးနွယ်အားဖြင့်ဖြစ်စေ၊ ဖွဲ့စည်းပုံအားဖြင့်ဖြစ်စေ နှစ်ကောင်လုံးမှာ ခွဲမရအောင် တူကြသည်။ ယှဉ်ပြိုင်ရမည်မှာ ခွန်အားသာ ဖြစ်သည်။

တဖြည်းဖြည်း နီးကပ်လာကြပြီ။ လက်များသည် မြေပြင်မှ အထက်သို့ မြင့်တက်လာကြသည်။ သေးငယ်သောဒေါသသံများသည် နှစ်ကောင်လုံးမှ ထွက်လာသည်။ နေရောင်အောက်တွင် နှစ်ကောင်သား ပူးကပ်သွားသည်။ ဇနီးမယားကို ကာကွယ်သည့် သတ္တဝါတစ်ကောင်နှင့် ဇာတ်တူသား စားချင်သော သတ္တဝါတစ်ကောင်၏တိုက်ပွဲသည် ပြင်းထန်လာခဲ့သည်။ လောင်းကြေးက အသက်ဖြစ်သည်။ ရရှိမည့် ဆုလာဘ်များကတော့ မတူညီကြ။

လက်အချင်းချင်းတို့သည် ထွေးယှက်၍ ညှပ်ကြသည်။ တစ်ခါတစ်ရံ နှစ်ကောင်လုံး မြေပြင်ပေါ်မှ အထက်သို့ မြောက်တက်သွားသည်။ လုံးထွေး၍ ရွှံ့အိုင်ထဲတွင် လိမ့်ကြသည်။ ခန္ဓာကိုယ်တွင် အရောင်အဆင်းများ ပျောက်ကာ ရွှံ့နွံများဖြင့် ပေကျံနေသည်။

ရှိသမျှ ခွန်အားများကို ထုတ်သည်။ ရန်သူကို ပြင်းထန်စွာ တိုက်စစ်ဆင်သော် ရန်သူကလည်း ပြင်းထန်သော ခံစစ်ဖြင့် တိုက်သည်။ အထီး၏ ထိုးချက်များသည် ရန်သူ၏ ဝမ်းဗိုက်ဘက်သို့ ကျလာဖန်များသောအခါ ရန်သူသည် ပရိယာယ်သုံးလာသည်။ ရှုပ်ထွေးသော ဓနိချုံခြေရင်းသို့ ဝင်ပြေးသည်။ ထို့နောက် အလစ်တိုက်ခိုက်သည်။ ဘေးနားရှိ အကောင်များက နှစ်ကောင်သတ်ပုတ်နေသည်ကို ဂရုမစိုက်ကြ။

သရေပွဲသည် အချိန်ကြာလာသော်လည်း အနိုင်အရှုံးမပေါ်ဘဲ ရှိနေသည်။ မောနေကြပြီ။ နိုင်မှဖြစ်မည်ဆိုသော စိတ်က အထီးတွင် အပြည့်ရှိသည်။ ရန်သူက အသက်တစ်ချောင်းကိုသာ လောင်းကြေးထပ်ထားသော်လည်း အထီးက အသက်နှစ်ချောင်းလုံး လောင်းကြေးထပ်ထားရသည်။ အထူးသဖြင့် အမ၏ အသက်အန္တရာယ်ကို ပို၍ စိုးရိမ်နေသည်။

နောက်ဆုံးတွင် အဆက်မပြတ်ထိုးနေသော အထီး၏ လက်ချွန်များသည် ရန်သူ၏ မျက်လုံးတစ်လုံးကို ထိုးဖောက်သွားသည်။ ရွှံ့ကွင်းပြင်တွင် ဇာတ်တူသားစားတတ်သော အကောင်သည် တုံးလုံးလဲကျသွားသည်။ အထီးက အနားသို့ တိုးကပ်သွားသည်။ ယခုအချိန်တွင် ရန်သူ၏ လက်များကို ချိုးဖဲ့နိုင်သည်။ ကျောကုန်းခွံများကို လှန်ပစ်လိုက်ကာ အသက်



www.burmeseclassic.com

www.burmeseclassic.com

ပျောက်သွားစေနိုင်သည်။ သို့သော် အထီးက တစ်ခုမှ မလုပ်။ ကျောခိုင်းကာ အမ ရှိရာသို့ သွားသည်။

အမသည် အားသစ်များ ဖြစ်နေလေပြီ။ နူးညံ့သော အသားတို့၏ အပေါ်ယံတွင် အလွှာလေးတစ်ခု ဖြစ်လာပြီ။ မကြာမီ ပုံမှန်အတိုင်း ထူထဲခိုင်မာသော အခွံသစ်တစ်ခု ဖြစ်လာတော့မည်။ အထီးသည် အမ၏လက်များကို ကိုင်သည်။ ကျန်ရှိနေသေးသော အစာများကို အမ၏ ပါးစပ်ရှေ့တွင် ချပေးသည်။ အန္တရာယ်မှ လွတ်သွားခဲ့ပြီ။ နှစ်ကောင်မှာ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီ။

ရက်အနည်းငယ်အတွင်းမှာပင် နှစ်ကောင်၏ ဘဝမှာ ပုံမှန်ပြန်ဖြစ်လာခဲ့သည်။ ရွှံ့ကွင်းပြင်တွင် အတူတကွ အစာရှာထွက်ကာ လှည့်ပတ်သွားလာကြသည်။ ရန်သူ မရှိ။ တိုက်ခိုက်သူ မရှိ။

သို့သော် အထီးသည် ဖြစ်လာမည့်ရှေ့ရေးကို ကြိုမြင်တတ်သည်။ တွင်းအဟောင်းကို ပြန်၍ မွမ်းမံလိုက်သည်။ ထိုတွင်းအထဲသို့ အစာများကို ယူဆောင်စုဆောင်းသည်။ အမမှာ ရွှံ့ကွင်းပြင်တွင် ပျော်ရွှင်စွာ လှည့်ပတ်ကစားလျက်ပင်။

မကြာမီ သဘာဝတရားက အထီးဆီသို့ ရောက်လာခဲ့သည်။ အထီးသည် တဖြည်းဖြည်း အားအင်ကုန်ခန်းလာသည်။ နေထွက်လာသော တစ်မနက်ခင်းတွင် အထီးသည် တွင်းထဲသို့ ဝင်

**အဆက်မပြတ်**
**ထိုးနေသော**
**အထီး၏**
**လက်ချွန်များသည်**
**ရန်သူ၏**
**မျက်လုံးတစ်လုံးကို**
**ထိုးဖောက်**
**သွားသည်**
**ရွှံ့ကွင်းပြင်တွင်**
**ဇာတ်တူသား**
**စားတတ်သော**
**အကောင်သည်**
**တုံးလုံး**
**လဲကျသွားသည်**

သွားသည်။ အခွံသည် လှုပ်ရွလာခဲ့ပြီ။

အချိန်အနည်းငယ်အတွင်းမှာပင် အခွံသည် ကျွတ်ထွက်သွားခဲ့သည်။ အထီးသည် တွင်းထဲတွင် ငြိမ်သက်နေသည်။ နာရီများစွာ မကြာလိုက်ပါ။ အမသည် ထိုအတွင်းထဲသို့ ဖြည်းညင်းစွာ ဝင်လာသည်။ စုဆောင်းထားခဲ့သော အစာပုံသည် အထီးဘေးတွင် ရှိနေသည်။ အမသည် အစာပုံဘေးမှ ဖြတ်သွားသည်။ အမှန်တကယ် ဗိုက်ဆာနေပြီ။ သို့သော် အစာပုံကို လုံးဝ မထိ။

အထီးဆီသို့ တည့်မတ်စွာ ဝင်သွားသည်။ ပျော့အိနေသော အထီး၏ လက်တစ်ဖက်ကို ဖြတ်ယူ၍ စတင်စားသောက်သည်။ အထီးသည် ရုန်းကန်နိုင်သည့် အင်အားမရှိ။ အရှင်လတ်လတ် ဖဲ့ယူစားသောက်ခြင်းကို ခံရသည်။ ချိုသောအသားကို အမသည် အရသာခံ၍ မြိန်ရှက်စွာ စားသုံးသည်။ ကိုယ်လုံး၏ အပေါ်ပိုင်းကို စားသောက်ပြီးနောက် အမသည် ဗိုက်ပြည့်သွားခဲ့သည်။ အထီးသည်လည်း ဇနီးမယား၏ စားသောက်မှုကြောင့် ထိုနေရာတွင်ပင် နာကျင်စွာ သေဆုံးသွားခဲ့သည်။

ကျန်ရှိနေသေးသော အရသာမရှိသည့် ခန္ဓာကိုယ် အစိတ်အပိုင်းများကို အမက လုံးဝ စားသောက်ခြင်း မပြုတော့။ ဇာတ်တူသား ခင်ပွန်းသည်၏ အသားကို စားပြီးနောက် တွင်းအဝဆီသို့ ပြန်တက်သွားသည်။ ထို့နောက် တွင်းအဝကို ရွှံ့နွံများဖြင့် ချက်ချင်းပင် ပိတ်ချလိုက်သည်။

မကြာမီပင် ရေအိုင်ငယ်တစ်ခုသို့သွား၍ ရွှံ့စေးများ ကပ်ငြိနေသော ခန္ဓာကိုယ်ကို ပြန်လည်ဆေးကြောသည်။ ပင်ကိုအရောင်သည် ချက်ချင်းပြန်ပေါ်လာသည်။ ထို့နောက် လှပသော အရောင်အသွေးဖြင့် ရွှံ့ကွင်းပြင်အတွင်းရှိ မျိုးတူ ပုရိသ မှန်သမျှကို ဆွဲဆောင်နေတော့သည်။

■

နေ၊ပင်လယ်ပြာ၊



**ကလောင်အမည်**
နေ(ပင်လယ်ပြာ)

**နာမည်ရင်း**
သော်ကိုကိုဦး

**လိပ်စာ**
အမှတ် (၅/၄၃)၊
မုရစ်ကလေးရွာ၊
ချောင်းဆုံမြို့နယ်၊
ဘီလူးကျွန်း၊
မွန်ပြည်နယ်။

**ရေးကြောင်း**
တက္ကသိုလ်
နှစ်လည်မဂ္ဂဇင်းမှာ
စာမူနှစ်ပုဒ်
ဖော်ပြခံရဖူးပါတယ်။
ဖူးငုံဆယ်ကျော်သက်
မဂ္ဂဇင်းတွင်
ခရီးသွားဆောင်းပါး
တစ်ပုဒ်ဖော်ပြ
ခံရဖူးပါတယ်။
အခြားပြင်ပ
မဂ္ဂဇင်းတွင်
ရေးသားခဲ့ဖူးခြင်း
မရှိပါ။
ရွှေအမြုတေမဂ္ဂဇင်း
ရွှေအသစ်သို့
စာမူတစ်ဆယ့်နှစ်ပုဒ်
ပေးပို့ခဲ့ပါတယ်။
လေးပုဒ်အပယ်ခံရဖူးပြီး
တစ်ပုဒ်ဖော်ပြခံရဖူးပါ
တယ်။
■



www.burmeseclassic.com

www.burmeseclassic.com

## ဆရာကျော် မဟိဒ္ဓိတိုင်းရင်းဆေး (ထုတ်လုပ်ရေး) မြစ်ပွားနာ ရင်သား၊ သားအိမ်၊ ဆီးကျိတ်၊ လည်ပင်း အကျိတ်အဖုများအတွက် နာမည်ကျော် တပင်တိုင်မြနန်းအနီ၊ နေ့ဆေး ညဆေး သုံးမျိုးတွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR၃၇၀၉

မဟိဒ္ဓိဆေး ဆရာကျော် ဆေးသုံးမျိုးတွဲ ကြိုတင်ဘာကွယ် သောက်သုံးပါ။



မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲ ရောင်ရမ်းနာများ လေဘာင်နာ ကျိုးပေါင်း၊ လေဖြတ် လေငန်း၊ ကိုယ်တစ်ခြမ်းသေခြင်းများနှင့် ခေါင်းကိုက်ခေါက်ကြောတက်ခြင်းများ ဖြစ်နေလျှင်

မဟိဒ္ဓိဆေး ဓါတ်ဆေး၊ လိမ်းဆေး အထူးထုတ်

"ဘိုးဘိုးရေ ... ဘိုးဘိုး"

"သဲသဲပါလား။ မတွေ့တာတောင်ကြာပြီနော်"

"မတွေ့ဆို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ သမီးတို့မိသားစု စိတ်တွေပူနေကြတယ်"

"အဖုအကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ကွယ်၊ အဖုအကျိတ် မြစ်ပွားနာနိုင်တဲ့ဆေး မဟိဒ္ဓိဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့မယ်"

ကျွန်မလည်း ဖေဖေ့ကိုခေါ်ပြီး မဟိဒ္ဓိဆေးတိုက်သို့သွားရာ ထိုဆေးတိုက်တွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့ရှိပါသည်။ ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီးနောက် ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ 'ဒီဆေးကတော့ အဖုအကျိတ် မြစ်ပွားနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာစိမ်းနာဆွေး၊ ဝက်ခြံကြီးများ၊ ကိုယ်တွင်းနာများကို အနိုင်ဆုံးဖြစ်တဲ့ တပင်တိုင်မြနန်းနီ ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်ပါတယ်။ တပင်တိုင်မြနန်းဆေးပင်ဟာ အဖြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီမျိုးက ပိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကိုပင် ပျောက်ကင်းကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ "လက်တွေ့အသုံးချဆေးဖက်ဝင်အပင်များ"မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာတွေကို သွေးလိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖုအကျိတ်မြစ်ပွားနာ ဝေဒနာရှင်တွေဟာ တပင်တိုင်မြနန်းအနီဆေးနဲ့အတူ ဆရာကြီးတို့ ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လုံသွေးသန့်ဆေးအေး၊ ဝမ်းပျော့အကြောပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် အချိန်တိုအတွင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း တွေ့ရှိရပါလိမ့်မယ်"

"ဟုတ်ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီးရှင်"

တပင်တိုင်မြနန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အနီးတွေကို ဖွင့်ပေးတယ်။ ရုပ်လုံသွေးသန့်ဆေးအေးက သွေးသားကို သန့်စင်စေပြီး ခန္ဓာကိုယ်အပူအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျော့အကြောပြေလေဆေးက (မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်၊ လေပုပ်တွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ဒီဆေးသုံးမျိုးကို အဖုအကျိတ် မြစ်ပွားနာ မဖြစ်ရလေအောင် ကာကွယ်ဆေး (အသက်ရှည်နုပျိုဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မှီဝဲသုံးဆောင်ပေးနိုင်ရန် အကောင်းဆုံးပါပဲ။ မြစ်ပွားနာအဖုအကျိတ်အပြင် နှလုံးလေးဖက်နာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်းရောဂါ၊ ဆီးချိုရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

"မဟိဒ္ဓိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်"

"ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်မြနန်းအနီစစ်စစ် ဆေးပြား၊ လတ်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သိရိဝပုနရုပ်လုံ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျော့အကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျော့အကြောပြေလေဆေး အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှူဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး၊ နှလုံးအားတိုးဆေး၊ မျက်စိကြည်ဆေးများပါးသစ်ခေါင်းများရည်၊ ရိုးမပျားရည်၊ ရခိုင်ပန်းမြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

"သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး"

ပင်ရင်းဆိုင်ကတော့ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း၊ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟိဒ္ဓိဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ၊ သိမ်ကြီးဈေး၊ City Mart ရန်ကုန်-မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်မြန်မာဆေးဆိုင်၊ လှုထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိမ်ကြီးဈေး၊ ကိုဝင်းမြင့်+မအောင် ၁၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လှုထုမေတ္တာဆေးဆိုင်၊ ကိုလှစိုးဆေးဆိုင်၊ စိန်စိန်မြန်မာ ၃၃ လမ်း၊ စေတနာဆေးဆိုင်၊ စူပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာရူပါစင်တာ၊ ဗစ်တိုးရီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ဈေးချိုမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မတူးမစူးဆေးဆိုင်၊ ပြင်ဦးလွင်နာရီစင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဇ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်းကိုယ်စားလှယ် ဆရာရန်နိုင်ဘုန်းမြင့်ဆေးကုခန်း၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဌေး၊ ဖိုးခွားလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေစွန်ညို၊ ရွှေဖီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း-၅၅၇၁၃၇ ကို ဆက်သွယ်ပြီး မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

**ဆရာကျော် မဟိဒ္ဓိတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။**
**ဖုန်း ၀၁- ၅၅၇၁၃၇**

www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၂၈၈ နိုဝင်ဘာ၊ ၂၀၁၃

# ဂျူး



ရှေ့မှတ်တိုင်တွင်
သူရှိနေမလားဟု
စိတ်ကူးယဉ်မိခြင်းသည်
အချိန်မှန် ဖြစ်ပေါ်နေသော
ကျွန်မ၏ ရူးသွပ်မှုတစ်ခု
ဖြစ်ပါသည်။
ထိုရူးသွပ်မှုသည်
ကျွန်မ၏စိတ်ဝိညာဉ်တွင်
ကြာမြင့်စွာ
တွယ်ကပ်နေခဲ့သော
ရောဂါတစ်မျိုး မဟုတ်ပါ။
ကျွန်မကိုယ်တိုင်
မသိသာစွာ
မက်မက်မောမော
ဖမ်းဆုပ်ထားမိသော
နှောင်ဖွဲ့ခြင်းသာဖြစ်သည်။
ဘတ်စ်ကားတစ်စီး၏
ရွေ့လျားခြင်းသည်
ကျွန်မအတွက်
စိတ်လှုပ်ရှားစရာ
ဖြစ်လာသည်မှာ
ဝေဝါးမှုန်ရီစွာ
ကျန်ရစ်ခဲ့သော
ပုံရိပ်များကြောင့်ဟု
နာမည်မတပ်ချင်ပါ။
ဖန်တီးမှုမပါသော
တိုးသက်ရိုးရှင်းသည့်
ကိုယ်သင်းရနံ့သည်
ကျွန်မအတွက်
တစ်ခုတည်းသော
အကြောင်းပြချက်
ဖြစ်သည်။
ကျွန်မ ကျောင်းမှ
အိမ်ပြန်ချိန်သည်
တိုးဝှေ့ငြင်းခုံမှုများဖြင့်
ချောင်ပိတ်နေတတ်သော
ညနေစောင်းဖြစ်သည်။
ပုံစံ မပျက်ယွင်းသည့်
မြင်ကွင်းများကို
မပျင်းမရိ ငေးမော
လိုက်ပါလာလေ့ရှိသော
ကျွန်မသည် အိမ်ပြန်
ရောက်သောအခါ

တိုးတိတ်
ညင်သာစွာ
စကားဖောင်ဖွဲ့ကာ
ရယ်မောရ
နေကြသော
ချစ်သူစုံတွဲကို
မြင်လျှင်
သူ့ကို သတိရသွား
မိသည့်အကျင့်မှာ
ကျွန်မကိုယ်တွင်
တမြည့်မြည့်
ကျွမ်းလောင်
လာသော
အစွဲအလမ်း
ဖြစ်သည်
ကျွန်မကိုယ်ကျွန်မ
အပြစ်တင်မရသည့်
ပျော်ဝင်မှုလည်း
ဖြစ်သည်

စွဲဝင်ရှူရှိုက်နေရသေး သည့်ရနံ့တစ်ခုအား မှတ်မှတ်ထင်ထင် ရှိနေသည်ကိုပင် ကိုယ့်ကိုယ်ကို သဘောကျစွာ လှောင်ရယ်ခဲ့မိသေးသည်။

ကျွန်မနှင့်အတူ အိမ်သို့ အစဉ်အမြဲ လိုက်ပါလာလေ့ရှိသော ထိုကိုယ်သင်းရနံ့သည် ကျွန်မ နံဘေးသို့ တတိယအကြိမ်မြောက်(နေ့စဉ်ရက် ဆက်တွေ့ကြုံရခြင်း မဟုတ်ပါ) ခြေချလာသည့် အချိန်တွင် ကျွန်မ၏မျက်လုံးများသည် မနေနိုင်စွာပင် ဘေးကို ငဲ့စောင်းကြည့်မိသွားတော့ သည်။ ထို့အတွက် ကျွန်မ၏နှာခေါင်းထဲသို့ တိုးဝင်လာသောလေထုကို ချက်ချင်းဘာသာပြန်နေ သော စိတ်မှတ်အား အပြစ်တင်ရပါမည်။ အခိုက်အတန့်တစ်ခုအထိ ကျွန်မ မှင်တက်သွားခဲ့ သည်။ ကျွန်မ ရင်ခုန်တတ်ခဲ့သည်မှာ ထိုအချိန်က ပထမဆုံး ဖြစ်သည်။

ကျွန်မ စွဲလမ်းနှစ်သက်သော The Artist ထဲမှ Jean Dujardin ၏ မခို့တရို့ မျက်မှောင်ကြုတ် မှုမျိုးသည် ကျွန်မကို စက္ကန့်အတော်ကြာ အသက်ရှူရန် မေ့လျော့စေခဲ့သည်ကို မရှက်မကြော



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံပါသည်။ ယောကျ်ား တစ်ယောက်နှင့် ပတ်သက်၍ ခံစားမှု တစ်စုံတစ်ရာ ရမိသည်မှာ ကျွန်မအတွက် အစိမ်းသက်သက်ဖြစ်သော အတွေ့အကြုံသာဖြစ်သည်။

ထိုအချိန်မှစ၍ ကျွန်မသည် Class ဝင်ရသော အချိန်အားလုံးကို ညနေခင်းတစ်ခုအဖြစ် ပြောင်းလဲပစ်ချင်နေခဲ့သည်။ ကျောင်းဆင်း



www.burmeseclassic.com

www.burmeseclassic.com

၍ဘတ်စ်ကားပေါ် ပြေးတက်ရသည်ကိုပင် ပျော်တတ်လာသည်။ ပြီး ကျွန်မကို ရင်ခုန်စေသော ကိုယ်သင်းရနံ့နှင့် Jean Dujardin နှင့် အတော်ဆင်တူသော မျက်နှာပိုင်ရှင်ကို တလင့်လင့် စောင့်မျှော်နေမိသည်။ ဤသည်မှာ ကျွန်မ၏ ရူးသွပ်မှုအစဖြစ်ပါသည်။

ကျွန်မ ကံကောင်းခဲ့သည်။ နေ့စဉ် မဟုတ်သော်ငြား ကျွန်မ သူနှင့် ဆုံခွင့်ရသည်။ ထိုထက်ပို၍ ကံကောင်းလျှင် ကျွန်မနား သူ ရောက်လာမည်။ ယောကျ်ားတန်မဲ့ဖြူသွယ်ရှည်လျားသော လက်ချောင်းများထက်မှ မွေးညင်းစိမ်းတချို့ကို (ခိုးကြောင်ခိုးဝှက်) ငေးခွင့်ရမည်။ ထိုလက်ချောင်းများ၏ ပန်းနုရောင်သွေးသော လက်သည်းများကိုတွေ့ရစဉ်က ကျွန်မ၏ ညိုမှောင်သောလက်များကို တိတ်တဆိတ် ကွယ်ဝှက်မိခဲ့သေးသည်။

တစ်ခါတစ်ရံ ကျွန်မနားတွင် သူ လာထိုင်တတ်သည်။ သူ့ကိုယ်သင်းရနံ့ကို တပ်မက်စွာ ရှူရှိုက်မိရုံမှလွဲ၍ ကျွန်မ၏ရင်ကို လှိုက်ဖိုအေးစက်စေသော သူ့မျက်နှာကို စေ့စေ့မျှ မကြည့်ဝံ့ခဲ့။ ကျွန်မနား သူပထမဆုံး လာထိုင်သောတစ်ရက်တွင် ကျွန်မ ဣန္ဒြေမဲ့စွာ သူ့ကို စောင်းငဲ့ငေးကြည့်မိခဲ့သည်။ ဖြောင့်တန်းသော သူ့နှာခေါင်းထံတွင် ကျွန်မမျက်လုံးများ အတော်ကြာ ရပ်တန့်နေခဲ့သည်။ ထိုမှ ပါးလျသေးသပ်သော နှုတ်ခမ်းများကို မြင်လိုက်ရသောအခါ ကျွန်မ ကမန်းကတန်းပင် မျက်နှာလွှဲလိုက်ရတော့သည်။

ထိုအချိန်တွင် ကျွန်မကို သူ အကဲခတ်လိုက်မှန်း မသိစိတ်က သိလိုက်သောအခါ ကျွန်မ အခိုးအငွေ့ဖြစ်ကာ ပျောက်ကွယ်သွားလိုသည်အထိ ရှက်ရွံ့နေသည်မှာ ခန္ဓာကိုယ်ပင် တဆတ်ဆတ်တုန်နေသေးသည်။ ကျွန်မ ခေါင်းကိုသာ တွင်တွင်ကြီး ငုံ့ထားမိသည်မှာ သူကားပေါ်မှဆင်းသွားသည်ကို မသိလိုက်သည်အထိ ဖြစ်သည်။ ထိုနေ့မှစ၍ သူ့မျက်နှာကိုကြည့်ရန် ကျွန်မ ကြောက်ရွံ့သွားခဲ့သည်။

ထိုညက စိုးရွံ့ထိတ်လန့်မှုများနှင့် ကျွန်မ အိပ်ရေးပျက်ခဲ့ရသည်။ ကျွန်မကို သူ ဘယ်လိုထင်သွားသလဲ ဟူသောအတွေးသည် ကျွန်မကို နှိပ်စက်နေခဲ့သည်။ အမှန်ဆိုလျှင် 'နောက် တွေ့ရမယ့်လူတွေမှ မဟုတ်တာ' ဟု စိတ်ဖြေလိုက်ဖို့ကောင်းသည်။ သို့သော် သူစိမ်းတစ်ယောက်ကို သာမန်အကဲခတ်သော အကြည့်မျိုးဟု သူထင်မှတ်သွားစေရန် ဆုတောင်းနေမိသည်။

နောက်နေ့မှစ၍ သူနှင့် မဆုံတော့သည်ကို စိတ်သက်သာရာ ရမိသော်လည်း သူ့ကိုယ်သင်းရနံ့ကို ကျွန်မ လွမ်းဆွတ်နေခဲ့သည်။ တစ်ပတ်ခန့် ကြာမြင့်သွားခဲ့သည်။ ကွဲပြားသော နောက်ထပ်အကြောင်းပြချက် အသစ်ဖြင့် ကျွန်မ အိပ်ရေးပျက်ခဲ့ရပြန်သည်။ ဘတ်စ်ကားပေါ်တွင် နေ့စဉ် မတွေ့ရသော၊ ကျွန်မနှင့် နှုတ်ဆက်စကားတစ်ခွန်းပင် မဆိုဖူးသောလူတစ်ယောက်အတွက် အနေအထိုင် ပျက်ရသည်မှာ ယုတ္တိမရှိလှသော်လည်း ဒါကိုပင် 'ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေ' ဟု ကျွန်မ ကဗျာတွေ ဆန်နေခဲ့သည်။ ကျွန်မ၏ရူးသွပ်မှုသည် တဖြည်းဖြည်း ရင့်သန်လာနေပြီဖြစ်သည်။

မှတ်မှတ်ရရ ထိုနေ့က မိုးသည် လွမ်းဆွတ်စရာကောင်းအောင် တသိမ့်သိမ့် ရွာနေခဲ့သည်။ ရွှဲရွှဲစိုသော ကိုယ်အစုံဖြင့် သူ ကားပေါ် ပြေးလွှားတက်လာသည်။ ကျွန်မနား သူ လာထိုင်ပါသည်။ သူ မိုး အတော်မိခဲ့ပုံရသည်။ ချမ်းစိမ့်တုန်ယင်နေသော သူ့ကိုကြည့်ကာ မဆီမဆိုင် သနားမိသေးသည်။ နီစိုသော သူ့နှုတ်ခမ်းများသည် အရောင်မဲ့ကာ ပြာနှမ်းနေပြီဖြစ်သည်။

သူ့ဆီမှ ရေစက်တချို့ ကျွန်မထံ ကူးစက်လာသည်ကို သူ အားနာသွားပုံရသည်။ ဘေးသို့ ခပ်ခွာခွာရွှေ့ကာ 'ဆောရီး' ဟု ပြောသည်။ သို့သော် တိုးကျပ်လာသောကားပေါ်တွင် ကျွန်မနှင့် အနီးကပ်ဆုံးပြန်ဖြစ်သွားခဲ့သည်။ အေးစက်နေသော သူ့ကိုယ်ဆီ နွေးထွေးမှု အနည်းငယ်ပေးသလိုဖြစ်နေသည်ကိုပင် ကျွန်မ ကျေနပ်နေခဲ့သည်။ ထိုအချိန် ကျွန်မရင်သည် အပြင်းထန်ဆုံးသောအားတစ်ခုဖြင့် လှုပ်ခတ်နေပါသည်။

သူ ကျွန်မကို မှတ်မိနေသည်ဟု ထင်မိသော်လည်း အပိုစကားထပ်မပြောပါ။ သို့သော် ကျွန်မကို မကြာခဏ ငဲ့ကြည့်နေခဲ့သည်။ ကျွန်မသည် အနေခက်စွာ မှန်သားပြင်ကိုဖြတ်၍ မျက်လုံးများကို ဟိုးအဝေးဆီ ပို့လွှတ်ထားမိသည်။ မြင်ကွင်းတွင် တဖွဲဖွဲ ရွာသွန်းနေသော မိုးစက်မိုးပေါက်များ ရှိမနေပါ။ ကျွန်မရင်ဆိုင် မကြည့်ဝံ့သော မျက်နှာတစ်ခုကိုသာ မြင်နေရသည်။ ထိုမျက်နှာသည် ဖျတ်ခနဲတစ်ချက် ပြုံးလိုက်သောအခါ ကျွန်မတကယ်ကို ရူးသွပ်သွားပါသည်။

ထိုညက ကျွန်မသည် အိပ်မပျော်ဘဲ အိပ်မက်သည်မှာ မိုးရေဖြင့် စိုထိုင်းနေသော သူ့ဆံပင်များနှင့် ပြုံးယောင်သန်းသော သူ့မျက်နှာကို ဖြစ်သည်။ ကျွန်မ၏ ညသည် နူးညံ့ပျော့ပျောင်းသော ခံစားမှုဖြင့် လျှင်မြန်စွာ မိုးလင်းသွားခဲ့သည်။ ပျော်ရွှင်မှုသည် ကျွန်မဆီ ဘယ်က လာမှန်း မသိဘဲ ရောက်ရှိလာခဲ့သည့် သူ့အငွေ့အသက်ပါသော အရိပ်တစ်ခုဖြစ်သည်။

ထို အတောအတွင်း ကျောင်းပိတ်ရက်တိုင်း အပြင်ထွက်ကာ လက်ဖက်ရည်ဆိုင် ထိုင်တတ်သောကျွန်မသည် အိမ်တွင်းပုန်းလုပ်ကာ အလွမ်းရုပ်ရှင်များကို ခံစားနေခဲ့သည်။ မင်းသားနှင့် မင်းသမီး ကွဲကွာရတိုင်း ကျွန်မ မျက်ရည် မကျသည်မှာ သေချာပါသည်။ သို့သော် အချစ်ဆိုသောအရာကို ရင်နှင့်အမျှ သိနေခဲ့သည်။

*အဖြူတွေ*
*မဖြူတော့တဲ့အခါ*
*ရင်ထဲက ကွက်လပ်*
*အားလုံး အငွေ့ပြန်*
*ကုန်တယ်*
*ပြီးတော့*
*ကိုယ်ကိုယ်တိုင်*
*မျိုးစေ့ မချဘဲ*
*ရှင်သန်လာတဲ့*



www.burmeseclassic.com

www.burmeseclassic.com

*ပျိုးခင်းတစ်ခုက*
*ဝေဝေဆာဆာ*
*အို…ရန့်တွေ သင်းလှ*
*ချည်လားကွယ်*

ခံစားမှု အစစ်အမှန်ဖြင့် ထုံခွမ်းထားသော ကဗျာတစ်ပုဒ် အခန်းနံရံပေါ် ရောက်ရှိသွားချိန်တွင် ကွက်လပ်ဖြစ်နေသည့် ကျွန်မ၏ ရင်ထဲ၌ အချစ်၏ ခိုင်မာစပြုလာသော သုထည်တစ်ခုကို ဖမ်းဆုပ်နေမိပြီဖြစ်သည်။

တိုးတိတ်ညင်သာစွာ စကားဖောင်ဖွဲ့ကာ ရယ်မောနေကြသော ချစ်သူစုံတွဲကို မြင်လျှင် သူ့ကို သတိရသွားမိသည့်အကျင့်မှာ ကျွန်မကိုယ်တွင် တမြည့်မြည့် ကျွမ်းလောင်လာသော အစွဲအလမ်းဖြစ်သည်။ ကျွန်မကိုယ် ကျွန်မ အပြစ်တင်မရသည့် ပျော်ဝင်မှုလည်း ဖြစ်သည်။

နေ့စဉ်ရက်ဆက် မဟုတ်သော သူနှင့် တွေ့ဆုံရခြင်းသည် ကျွန်မအတွက် ရင်ခုန်စိတ်လှုပ်ရှားစရာများဖြင့် ပြည့်နှက်နေခဲ့သည်။ ကျွန်မနှင့် သူ အသံတိတ် ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ လျှို့ဝှက်ညင်သာသော သူ့အပြုံးကို ကျွန်မ လက်ခံရရှိခဲ့သည်။ သူ့နဖူးထက်တွင် ဝဲဖြာကျနေသော ပျော့နွဲ့နွဲ့ ဆံပင်များကို ငေးမောခွင့် ရခဲ့သည်။

ထိုထက်ပို၍ ကျွန်မ မျှော်လင့်မိသည်မှာ သူ့ထံမှ လိုလိုလားလားရှိသော တောင်းဆိုမှုတစ်ခုခုကို ဖြစ်သည်။ ကျွန်မ၏ ဖုန်းနံပါတ်၊ ဒါမှမဟုတ် နေရပ်လိပ်စာ။ သို့သော် သူသည် တိတ်ဆိတ်မှုဖြင့် နေပျော်သော လူတစ်ယောက်ဖြစ်နေခဲ့သည်။

လိုက်ပါနေကျ ဘတ်စ်ကားပေါ်၌ ချိန်သားကိုက်စွာ တည်ရှိနေခဲ့ခြင်းကို မနှစ်မြို့သည့်အသိသည် ကျွန်မကို တုန်လှုပ်စေသော မြင်ကွင်း၏နောက်တွင် ဖြစ်ပေါ်လာသော နောင်တတရား ဖြစ်သည်။ ကျွန်မ မျှော်လင့်နေသည့်အတိုင်း သူ ကားပေါ်တက်လာပါသည်။ သို့သော် သူ့လက်မောင်းတွင် ကလေးငယ်တစ်ဦး တွဲခိုလိုက်ပါလာသည်။ ထိုကလေးငယ်ကို ကြည့်မိသောအခါ သူ့မျက်လုံးများကို ကျွန်မ သေချာမြင်လိုက်ရပါသည်။

ဆွံ့အနေသော ကျွန်မ၏ မျက်လုံးထဲတွင် သူ့နောက်မှ နွဲ့နှောင်းပျိုမျစ်သော ပုံရိပ်တစ်ခု ထပ်မံ ပေါ်လာသောအခါ ကျွန်မ၏ရင်ခုန်သံများ သေဆုံးသွားတော့သည်။ ကျွန်မနှင့် ခပ်လှမ်းလှမ်း တစ်နေရာတွင် သူတို့ ထိုင်လိုက်ကြသည်။ သူနှင့် ဆုံနေကျ မိန်းမတစ်ယောက်ကို တကူးတက သူ ရှာဖွေမနေပါ။ သူ ပွေ့ချီထားသော ကလေးငယ်ကိုသာ ဂရုစိုက်နေခဲ့သည်။

ကျွန်မ သတိလက်လွတ်ကြည့်နေစဉ်မှာပင် သူသည် မိန်းမပျိုနား တိုးကပ်ကာ တစ်စုံတစ်ရာကို တီးတိုး ပြောလိုက်သည်။

'ဒီလိုချစ်ဖို့ကောင်းတဲ့ သားလေးကို မွေးပေးလို့ ကျေးဇူးတင်ပါတယ်' ဟူသော စကားဖြစ်နိုင်သည်။ သို့မဟုတ် 'ကိုယ်တို့ နောက်ထပ် သမီးလေးတစ်ယောက်လောက် မွေးကြရအောင်' ဟူသော စကားလည်း ဖြစ်နိုင်သည်။

စကားအဆုံးတွင် မိန်းမပျိုသည် သူ့ရင်ဘတ်ကို အကဲပိုစွာ ရိုက်ပုတ်လိုက်သည်။ ထို့နောက် နှစ်ဦးစလုံး ကျေနပ်ပျော်ပါးစွာ ရယ်မောနေကြသည်။ ထိုတဒင်္ဂ၌ ကျွန်မသည် သူနှင့် ကမ္ဘာများစွာ ဝေးကွာသွားတော့သည်။

လည်ချောင်းထဲ ပျို့တက်လာသော တံတွေးများကို မျိုချလိုက်ရသည်။ ဆို့နင့်ဝမ်းနည်းမှုသည် ကျွန်မရင်ထဲတွင် အစားထိုးဝင်ရောက်လာသော ဝေဒနာ ဖြစ်သွားခဲ့သည်။ စိတ်ကူးနှင့် ရှုံးသွပ်ခဲ့ရသောအိပ်မက်များ ခေါင်းထဲ ဝင်လာသောအခါ ရှက်ရွံ့သိမ်ငယ်စိတ်ဖြင့် အော်ဟစ်ငိုကြွေးချင်လာသည်။ ပါးပြင်ပေါ် ကျမလာသေးသောမျက်ရည်များဖြင့် ကိုယ့်ကိုယ်ကို အသံထွက် ပြက်ရယ်ပြုလိုက်သောအခါ ဘေးနားက အမျိုးသမီးကြီးက ကျွန်မကို နားမလည်နိုင်စွာ အကဲခတ်သည်။ ထိုအချိန် ကျွန်မ ကြိုးစားအားထုတ်နေခဲ့သည်မှာ အရာရာကို ဥပေက္ခာပြုနိုင်ဖို့ ဖြစ်ပါသည်။

ထိုနေ့က ကျွန်မနှင့် အနီးဆုံး မဟုတ်သော်လည်း သူ့ကိုယ်သင်းရနံ့ကို ကျွန်မ ရနေခဲ့သည်။ ထို့ပြင် ကျွန်မနှင့် အနည်းငယ်မျှပင် မနီးစပ်တော့သော အရာတစ်ခုကို လွမ်းဆွတ်နေမိသည်။ ရနံ့တွေ ဝေနေလေ့ရှိသော ပျိုးခင်းကိုတော့ ကျွန်မ ခက်ခဲနာကျင်စွာ ဖျက်ဆီးလိုက်ပါသည်။

■

**သံလွင်ကို၊မော်လမြိုင်၊**



**ကလောင်အမည်**
သံလွင်ကို(မော်လမြိုင်)

**နာမည်ရင်း**
မောင်အောင်ဝင်းလှိုင်

**လိပ်စာ**
B-Store Up.
ကုံကော်ဆောင်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်မြို့၊ရန်ကုန်။

**ဖုန်း**
၀၉ ၄၂၅၂၆၁၆၀၁

ကျွန်တော်သည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် နှစ်ကြိမ် ပါဝင်ရေးသားခဲ့ဖူးပြီး စာမူများကို ရွှေအမြုတေမဂ္ဂဇင်းမှအပ အခြားမဂ္ဂဇင်းတိုက်များသို့ပေးပို့ထားခြင်း မရှိပါ။ ရွှေအမြုတေမဂ္ဂဇင်း၏ ရွှေအသစ်ကဏ္ဍသို့ စာမူ (၉)ပုဒ်ခန့် ပေးပို့ထားပြီး ဆရာမ မသီတာ(စမ်းချောင်း)က သုံးပုဒ်ပြန်ကြားပေးထားပြီဖြစ်သည်။ ဆရာမက အားနည်းချက်များကို ထောက်ပြထားပြီး သုံးပုဒ်စလုံး ဖော်ပြခံရခြင်း မရှိပါ။

■



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အငိုမျက်လုံး အပြုံးမျက်နှာ

မောင်ကျော်လင်း


အမှတ် ၂၀၈ နိုဝင်ဘာ ၂၀၁၃

'မင်းကို မွေးပြီး
မင်း ငိုသံကို
ကြားလိုက်ကြရတဲ့
အခါ ပတ်ဝန်းကျင်
တစ်ခုလုံး
ဝမ်းမြောက်ဝမ်းသာ
ဖြစ်သွားကြတယ်။
မင်းဘဝမှာ
ဒီပုံစံကလေးအတိုင်း
နေသွားနိုင်အောင်
ကြိုးစားပါ။
မင်းသေသွားတဲ့နောက်မှာ
ပတ်ဝန်းကျင်တစ်ခုလုံး
ငိုကြွေးနေရစ်ကြတာကို
မင်းမြင်ရခဲ့ရင်
ဝမ်းသာကျေနပ်မှာပါ'

၁။

ဦးနှောက်အာရုံ အားကောင်းမောင်းသန် အချိန်က အမြတ်တနိုးဖြင့် နှုတ်တိုက် ရွရွကျက်မှတ်ထားခဲ့သော စာတစ်ပိုဒ်သည် ယခုမှ မထင်မှတ် မမျှော်လင့်ဘဲ အာရုံထဲ စီးဝင်လာသည်။ မိမိ၏ခန္ဓာဟု ထင်မှတ်ထားခဲ့သော အပိုင်းအစတို့ကို မိမိသဘောဖြင့် စေခိုင်း၍ မရတော့ဘဲ မျက်ရိပ်မျက်ကဲမျှပြကာ ခိုင်းစေနေရသော ဘဝရောက်မှ ထိုအာရုံက အဘယ်ကြောင့် ဝင်လာခဲ့ရသနည်း။ ပက်လက်အနေအထားဖြင့် နေသားကျလာခဲ့သည့်ရက်များကို ရှုံ့မှုန်းစွာဖြင့် ကုန်ဆုံးနေရသည်။ ပြောစရာစကားတို့ကို စိတ်ထဲမှာသာ ပြောကြားနေရသော၊ သူများတို့ ပြောစကားသံများကိုသာ နာခံနေရသော အဖြစ်လောက် နာကြည်းဖွယ် အဖြစ်တို့ရှိမည် မထင်။ ဤအခြေအနေကို ရင်ဆိုင်နေစေဟု ဘယ်တန်ခိုးရှင်တို့ကများ စေခိုင်းထားပါလိမ့်။

မိမိသည် ဤသို့သော အနေအထားမျိုးဖြင့်ပင် ဘဝကို အဆုံးသတ်သွားရတော့မည်လော။ မဖြစ်နိုင်ပါ။ အဖြစ်လည်း မခံနိုင်သေးပါ။ သူများပြုမှ နေရသည့်ဘဝ၊ သူများကျွေးမှ ဝ,ရသည့်ဘဝ ဖြစ်နေရသည်ကို လည်း မကျေနပ်နိုင်။ ထို့ကြောင့် လိုအပ်ချက်ဆန္ဒများ ပေါ်လာသောအခါ ရှိသမျှအားကို သုံးပြီး လှုပ်နိုင်သမျှလေးကို လှုပ်ပြလိုက်ရုံဖြင့် မိမိဘေးနားသို့ ရောက်နေစေချင်သည်။ မရောက်လျှင် ဒေါသထွက်ပြီ။ ဤသို့သော နည်းလမ်းများကိုသုံးလာခဲ့သည်ဖြစ်ရာ အကျွင်





www.burmeseclassic.com

www.burmeseclassic.com

ရနေပြီးသားဖြစ်သည်။

'မင်းကို မွေးစက ဖောက်ထိုးဆွဲ၊ ကျောကို လက်သီးဆုပ်နဲ့ ထုလိုက်လို့ အူဝဲ ငိုတော့မှ တို့တစ်တွေ ပျော်လိုက်ရတာကွာ'

ငိုလိုက်ရသည့်အဖြစ်ကို တွေးမိတိုင်း မကျေမချမ်း ဖြစ်ရသည်။ လူ့လောကထဲကို အသစ်ဝင်လာသူသည် ငိုပြရမည်ဟူသည့် စည်းမျဉ်းများ ထားခဲ့ကြလေသလား။

ငယ်ဘဝကို ပြန်တွေးကြည့်သောအခါ ငိုစရာများ ရှိနေခဲ့လေသည်။ အမိအဖတို့သည် တောမကျ၊ မြို့မဟုတ်သော ရွာကြီးတစ်ရွာမှ ကုန်စုံဆိုင်ရောင်းသူများဖြစ်ကြသည်။ စားရေး၊ ဝတ်ရေး၊ နေရေးတို့အတွက် မပူမပင်ခဲ့ရသော အနေအထားမျိုးဖြင့် ရွာတွင် လူကြီးမဟုတ်သော ဩဇာတိက္ကမရှိသူများဖြစ်ကြသည်။ ထို့ကြောင့် မိမိ၏ငယ်ဘဝသည်လည်း ကျေနပ်စရာတို့ဖြင့်သာပြည့်နေခဲ့သည်။ လူဖြစ်ကျိုးနပ်ပြီဟူသော စကားမျိုး မပြောတတ်သေးသော်လည်း ထိုသို့သဘောမျိုးဖြင့် ပတ်ဝန်းကျင်တွင်နေလာခဲ့သည်ဟုထင်သည်။ အိမ်တွင် ဗိုလ်ကျနေကျဘဝကို ပတ်ဝန်းကျင်ကလေးများအကြားတွင် ကျင့်ကြည့်သောအခါ ဝိုင်းကြဉ်ခြင်းကို ခံလာသည်။

'မင်း မပါနဲ့ကွာ၊ မင်းနဲ့ မကစားချင်ဘူး၊ မင်း ညစ်တယ်' စသည်ဖြင့် ဖြစ်လာကြသည့်အခါ မိမိသည် ဒေါသမဖြစ်ဘဲ ငိုပဲငိုချင်လာသည်။ ဝမ်းနည်းပန်းနည်းဖြစ်ရသည်။ ထိုအခါ အိမ်ဆိုင်

**ငိုခြင်းနှင့်<br>ရယ်ခြင်းတို့၏<br>ဆန့်ကျင်ဘက်<br>သဘော<br>အတူတွဲနေသော<br>သဘောတို့ကို<br>သတိမူရန်<br>မလွယ်ခဲ့သော<br>ကြောင့်<br>အစွန်းရောက်ကာ<br>အရယ်အမော<br>ဘဝကိုသာ<br>ရှာဖွေခဲ့သည်<br>ယခု<br>အစွန်းတစ်ဖက်<br>ပန်းတိုင်ကိုရောက်မှ<br>မေ့လျော့နေခဲ့သော<br>အခြားတစ်ဖက်ကို<br>မြင်လာရသည်**

မှ မုန့်များပြ၍သော်လည်းကောင်း၊ အရုပ်ကလေးများပြ၍သော်လည်းကောင်း စည်းရုံးရသည်။ သူငယ်ချင်းများသည် ထိုခဏမျှ အရောဝင်ကြသော်လည်း မိမိအားရှောင်ဖယ်လိုကြသည်ကို ငယ်အသိဖြင့် သိနေခဲ့ပါသည်။

ယခု ပက်လက်ဘဝမှာလည်း ထိုခံစားချက်မျိုး မကြာခဏ ဖြစ်နေရသည်။ ဒေါသထွက်လာသည်။ ဒေါသထွက်ပြီး ငိုချင်လာသည်။ မိမိ မသိလိုက်မီမှာပင် ပါးပြင်မှာ မျက်ရည်စတို့ဖြင့် စိုစွတ်သွားတော့သည်။

အဘယ့်ကြောင့် ငိုချင်စိတ်သည် ရုတ်ခြည်းရောက်လာပါသလဲ။ စိတ်အစဉ်တွင် မှုန်မိုက်လာသည်ကို ဖျတ်ခနဲ သတိရပြီး နှုတ်က မထုတ်ဖော်လိုက်မီမှာ ဘာတစ်ခုမျှ မသိလိုက်ရတော့။ ရုတ်တရက် မှုန်မိုက်လဲကျသွားသည် ထင်သည်။ အချိန်မည်မျှ ကြာသွားသည် မသိ။

သတိရလာသည့်အခါ ဘေးဘီကို မျက်လုံးဝင့်ကြည့်မိရာ ပတ်ပတ်လည် လူတွေဝိုင်းနေသည်။ အစိုးရိမ်မျက်နှာများဖြင့် ကြည့်နေကြသော ဇနီး၊ သားသမီး၊ ဆွေမျိုးများ၊ အိမ်ပတ်ဝန်းကျင်မှ အသိမိတ်ဆွေများ စုံလင်စွာ တွေ့နေရသည်။ နှုတ်ဆက်စကားပြောလိုစိတ်ပေါ်လာ၍ ပြုံးပြကာ စကားဆိုလိုက်သည်။ မျက်နှာကြော တင်းသွားသလို ခံစားလိုက်ရပြီး မိမိ၏အသံကို မကြားရ။ မိမိသည်နှုတ်ဆက်စကားဆိုသည်။ အဘယ်ကြောင့် အသံထွက် မလာရပါလိမ့်။

'စကားပြောလို့ မရတော့ဘူးထင်တယ်' ဆိုသော စကားကို ကြားလိုက်ရသောအခါ အံ့သြတုန်လှုပ်သွားရတော့သည်။ မိမိ ဘာဖြစ်သွားတာပါလိမ့်။ ခဏလေး ပြန်မေ့နေပြီးမှ စိတ်ထဲတွင် ရေးရေးလေး ပေါ်လာသည်။ ထိုညက အရောင်းအဝယ်ကိစ္စတစ်ခုကြောင့် စားသောက်ဆိုင်တစ်ခုမှာ ချိန်းတွေ့ကြသည်။ လုပ်ဖော်ကိုင်ဖက်ချင်း လူရင်းများချည်းဖြစ်၍ အသားကုန်ပျော်လိုက်ကြသည်။ ဆိုင်ထဲမှ သောက်စရာ၊ စားစရာတို့ကို မကုန်

မချင်း စားကြေးဆိုပြီး ရှူးရှူး မိုက်မိုက် ပြိုင်ကြသည်။ ပြိုင် ပွဲဆိုလာလျှင် နိုင်ရမည်ဆို သည့် စိတ်အခံက ရှိနေပြီး သားဆိုတော့ အနည်း၊ အများ ဆိုသော တိုင်းတာမှုစက် သည် ပျက်စီးသွားရတော့ သည်။

ပြိုင်လာလျှင် အနိုင်ရမှ ကျေနပ်တတ်သောစိတ်က အပြည့်ရှိရာ ထိုနေ့ကလည်း အနိုင်နှင့်ပင် အိမ်သို့ ပြန် ရောက်သည်။ အနိုင်ဖြင့်ပင် ဗုန်းဗုန်းလဲကျသွားခြင်း ဖြစ်ရမည်။ လက်ကိုမြှောက် ကြည့်သည်။ နည်းနည်းမှ မလှုပ်။ ခြေကိုကွေးကြည့် သည်။ စန့်စန့်ကြီး ဖြစ်နေ တော့သည်။ ဇနီး၊ သားသမီး တို့မျက်ရည်စီးကျ လာသည် ကို မြင်ရသောအခါ မိမိ၏ ပါးပြင်မှာလည်း မျက်ရည် တွေ စိုစွတ်နေပြီ ထင်သည်။ အားလုံးပင် ငိုနေကြလေပြီ လား။

❑

၂။

အငိုဖြင့်စ၍ အငိုဖြင့် နေသွားတတ်လျှင်ဆိုသော တစ်ပိုင်းတစ်စ ဆိုလိုချက်ကို လုံးဝ လက်မခံနိုင်။ ဘာ ကြောင့် ငိုရမှာလဲ။ ငိုတတ် ခြင်းသည် စိတ်ဓာတ်ပျော့ည့် သူတို့၊ အရှုံးပေးလိုသူတို့၏ စိတ်ပိုင်းဆိုင်ရာ အားနည်း ချက်ဟု ယူဆသည်။ စိတ် နှလုံး ထိခိုက်ကြေကွဲရခြင်း ကြောင့် ငိုကြွေးရသည်။ ငို နေရုံဖြင့် ဘဝမှာ ဘာမျှ ပြီး အောင်မြင်မည် မဟုတ်။ ထို့ ကြောင့် ရယ်မောနေရမည်။ ရယ်မောနိုင်ဖို့ အနိုင်လိုသည်။ အနိုင်ရမှ စိတ်ချမ်းသာ ကြည်



www.burmeseclassic.com

www.burmeseclassic.com

...းသာဖြစ်မည်။ အနိုင်ရရေး အတွက် လုပ်ဆောင်ရာတွင် အနိုင်ရအောင်သာ လုပ်ဆောင် ခဲ့တတ်လေသည်။

ထိုခံယူချက်ကြောင့်ပင် ငယ်ငယ်နှင့် ငွေတွေ ကြွယ်ဝခဲ့လေသည်။ ပထမ ...ဘလက်ရင်းရွာကြီးတွင် ခြေစမ်းပွဲဝင်သည်။ ပွဲဝင် ...င် အနိုင်ဆိုသော ခံယူချက် ကြောင့် နိုင်အောင်ကစား သည်။ ထိုအခါ ရွာမှ အခြား ...သောဆိုင်ခွဲ၊ ဆိုင်သေးကလေး များပါမကျန် ပြုတ်ထွက် သွားသည်။ အနိုင်အတွက် ...အပ်သော အထောက်အကူ ...ကို နည်းမျိုးစုံသုံးခဲ့ရသည် ...တော့ ပြောရန် မလိုပေ။ နည်းမျိုးစုံသုံးတတ်ခြင်းကို 'ပညာ'ဟုထင်ကာ ဂုဏ်ယူ နေမိသေးသည်။ ထိုပညာ ...င် အာဏာလည်းပါသည်။ ...ဆိုသော ပါဝါလည်းပါ သည်။ သူများတကာ မဲ့ သည်၊ ရွဲ့သည်၊ ငိုသည်ဆို ...က မိမိနှင့်မဆိုင်သော ...စ္စများသာဖြစ်ချေသည်။ ရွာမှာ ဆရာကြီးဖြစ်သော အခါ ပျင်းလာသည်။ တစ် ဆင့်ပြီး တစ်ဆင့် မြင့်တက် သွားရတတ်သော သဘာဝ ကြောင့် မြို့ကြီးကိုတက်ပြီး ကစားသည်။ မိမိ မကျွမ်း သေးသည်တို့ကို တတ်အောင် လေ့လာနည်းနာ ခံယူသည်။ ကစားဖော်များထံမှ ပညာရ ပြီးသောအခါ ထိုကစားဖော် များနှင့်ပင် ပြိုင်ပွဲလုပ်သည်။ အနိုင်ယူရာတွင် တရားမှု၊ မတရားမှုတို့ကို ထည့်တွက် ၍ မဖြစ်။ ကျေးဇူးခံ၊ ကျေးဇူးစား ထားနေ၍ မရ။ ထို့ကြောင့်လည်း ပွဲတိုင်း နိုင် ခဲ့သည်။ ပွဲတိုင်းနိုင်၍ ဆု တွေ အများကြီးရလာသည်။ ကျေနပ်ဂုဏ်ယူဖွယ်ရာ ငွေ လှေကြီး ကို စီးနိုင်ခဲ့လေပြီ။

'မင်းလုပ်နေတာတွေ မဟုတ်သေးပါဘူးသားရယ်။ စီးပွားလုပ်တယ်ဆိုတာ စည်း ကမ်းရှိမှ၊ စည်းစောင့်မှ တရား တယ်ကွ'

ထိုစကားကို အဖေဆို သောအခါ ပြန်ပြောလိုက်ချင် သည့်စကားက လျှာဖျားနား လေးရောက်နေပြီ။ သို့သော် အဖေမို့လို့ ပြန်မပြောလိုက် တော့ပေ။

'အဖေတို့လို လှေကြီး ထိုးရိုးရိုးနဲ့ ဒီခေတ်မှာ ခရီး သွားလို့ မရတော့ပါ။ ဖြုတ် တန်ဖြုတ်၊ ထုတ်တန်ထုတ်နဲ့ မရရင် အုပ်တန်အုပ်ပြီး စီးပွားရှာကြရတဲ့ခေတ်ပါ အဖေရ'လို့ စိတ်ထဲကပြော ဖြစ်အောင် ပြောလိုက်မိသေး သည်။

စိတ်ထဲက ပြောစကား ကို အဖေ သိများနေသည် လား မပြောတတ်။ မိမိကား နားခါးခါးနှင့် ကြားလိုက်ရ သည်။

'သူများ စိတ်ဆင်းရဲမှ စားရတဲ့ ထမင်း၊ သူများ မျက်ရည်ပေါ်က ကြီးငယ်ကျ မှ သူဌေးဖြစ်ရတဲ့ဘဝကို မင်း မမက်မောစမ်းပါနဲ့'

အဖေ့စကားကို မှတ် သားစရာအဖြစ်သာ ယူလိုက် လို့ကတော့ ဘာဆိုတာမှ လုပ် ရမှာ မဟုတ်တော့။

ယခုခေတ် စီးပွားရေး လောကမှာ ပြိုင်ဘက်ဆိုသည် က အလွန်ကြောက်စရာ ကောင်းသည်။ ဦးသူ စား ကြေးဖြစ်ရာ ပညာပြိုင်နိုင်ဖို့ အဓိကဖြစ်သည်။ အရက် လည်း ပါရသည်။ မိန်းမချော ချောလှလှလည်း ပါရသည်။ လိုအပ်လျှင် ဆေးပြားအစ လက်နက်အဆုံး ပညာကုန် သုံးနိုင်မှ တန်ကာကျသည် မဟုတ်ပါလော။ မိမိက ထို ပညာရပ်များကို ပြိုင်ဘက် စီးပွားရေးကိစ္စများတွင်သာ သုံးသည်ဆိုသော်လည်း ကိုယ်တိုင်လည်း ယဉ်ပါးခဲ့ နေသည်ကို သတိပြုမိသည်။ အဖေပြောသော စည်းကမ်း တို့၊ စာရိတ္တတို့၊ ကျင့်ဝတ်တို့ ဆိုသော စကားများကလည်း မိမိကို လိုက်စားနေပြီဆိုသည် ကို ပြောစရာမလိုတော့ပေ။

ဇနီးမယား အချော အလှလေးကိုပင် ထိုထိုသော ပညာစုံတို့ဖြင့်ရအောင် ယူနိုင် ခဲ့ပြီဆိုသောအခါ မိမိကိုယ်မိမိ အထင်ကြီး၍ မဆုံးတော့ပေ။ အောင်နိုင်သူ၏ စည်းစိမ်ချမ်း သာတို့ဖြင့် မိသားစုအသိုက် အမြုံလှလှကို တည်ဆောက် နိုင်ခဲ့ချေပြီ။ လိုတရ ဘဝမှာ ငိုခြင်းဆိုသော ဝေါဟာရ၊ စိတ်ဆင်းရဲခြင်းဆိုသော ဝေါ ဟာရတို့ လုံးဝ ကင်းပနေကြ လေပြီ။ နိုင်အောင် အနိုင်ယူ ကစားတတ်သူတို့မှာ မေ့လျော့ နေတတ်သော အကြောင်းတရား များလည်း ရှိနေသေးသည် ကို မိမိ သတိမရခဲ့ပေ။ နိုင်ပြီး ရင်း နိုင်၊ ငွေပြီးရင်း ငွေနှင့် လုံးချာလည်လိုက်ကာ အရာ ရာကို ကျေနပ်နှစ်သက်နေ ပေတော့သည်။

ပြိုင်ပွဲဟုဆိုလိုက်သည် နှင့် နိုင်သူရှိသောအခါ တစ် ဖက်တွင် ရှုံးသူရှိနေသည်ကို သတိမမူတတ်ကြ။ နိုင်သူက သရဖူဆောင်းကာ ပျော်မြူး နေစဉ်မှာ တစ်ဖက်က ကျိတ် ၍ ငိုနေသူရှိသည်ကို အမှတ် မထား။ ဆန့်ကျင်ဘက် တရားတို့၏ အင်အားအတိုင်း အတာကို ခန့်မှန်းရခက်လှ သည်ကို သတိမမူဘဲ မိမိ မခန့်မှန်းလိုက်မိသောအခါ၊ မိမိ မတွက်ဆထားသောအခါ အောက်သို့ ပြုတ်ကျသွား တော့သည်။ ပက်လက်လန် လဲကျသွားရတော့သည်။

❑

၃။

မိမိ၏အဖြစ်သည် ဖြစ် ရိုးဖြစ်စဉ် လေဖြန်းရောဂါ မဟုတ်။ ဓာတုဆေးပယောဂ ပါသည်ဟုဆိုသည်။ ထို့ ကြောင့် သမားစုံပင် ကုသ သော်လည်း ထူးမခြားနား ရှိ နေသည်။ အနှိပ်ကျွမ်းကျင် သူများ၏ကျေးဇူးကြောင့် ဘယ်ဘက်လက်ကို လှုပ်ပြနိုင် သည်ဆိုရုံမျှရသည်။ စကား အသံကလည်း ဝူးဝူးဝါးဝါး နှင့် အသံပြုရုံမျှသာရသည်။ ထိုသို့သောအသံ၊ အလှုပ်တို့ ကြောင့်သာ မိမိတည်ရှိနေ သေးကြောင်းပြ၍ ရနေသေး သည်။ ဝူးဝူးဝါးဝါး အသံပြု လိုက်မှ တစ်ယောက်ယောက် အနားရောက်လာသည်။ မိမိ ဆန္ဒကို ပြသည်၊ ပြောသည်။ နားမလည်၍ အလွဲလုပ်ပေး ကြသောအခါ ဒေါသက လျှံကျလာသည်။ သို့သော် ဘာမျှ မလုပ်နိုင်ပေ။ ထိုအခါ မျက်ရည်ဖြိုင်ဖြိုင်ကျရတော့ သည်။

ဖြစ်စရက်များ၊ လ...



www.burmeseclassic.com

www.burmeseclassic.com

တွင် မိသားစုဝင်တို့ တစ်ဦး မဟုတ် တစ်ဦးက ဘေးနားမှာ ရှိနေတတ်သည်။ စိတ်လိုလက်ရ သူတို့၏ ပြောစကားများကို ကြားနေရတတ်သည်။ မိမိ ပြန်မပြောနိုင်သော်လည်း နားထောင်ရတတ်သည့် အရသာကို ခံစားတတ်လာသည်။ နားထောင်ရင်းက ပြန်ပြောချင်လာသည်။ ထိုအခါ ဝူးဝူးဝါးဝါး အသံများကြောင့် ဒေါသတို့ ပေါက်ကွဲထွက်လာသည်။ ဘာမှ လှုပ်မရသော ကိုယ်ခန္ဓာကြီးမှ မျက်ရည်တို့သာ ထွက်လာတော့သည်။ အစက ချော့မော့နှစ်သိမ့်သော စကား၊ ကိုယ်အမူအရာများတို့ကြောင့် ဒေါသတို့ ပြေပျောက်သွားရသည်။ ကာလအတန်ကြာလာသောအခါတွင်ကား အနားမှာ နေမည့်သူပင် မရှိပေတော့ပြီ။ အထီးကျန် ပက်လက်ဘဝတွင် ဘယ်ရွှေ့ဘယ်မျှ ခံနေရပါဦးမည်နည်း။ အချိန်တန်၍ သန့်ရှင်းရေးပင် လုပ်မပေးကြသောအခါမှ ဘဝဆိုသည်ကို အဆုံးသတ်လိုလာသည်။

အထီးကျန် ဘဝကို ကိုယ်တိုင် မခံစားဖူးလျှင် မသိတတ်ကြ။ လူဖြစ်လာစကပင် ပတ်ဝန်းကျင်ရှိနေသည်။ ငိုခြင်းဖြင့် လူ့ဘဝတစ်ခု အစပြုပြီဟု သိရသောအခါ ပတ်ဝန်းကျင်တွင် အရယ်အပြုံးတို့၊ အပျော်တို့ ဖုံးသွားတတ်ကြသည်။ ငိုခြင်းနှင့် ရယ်ခြင်းတို့၏ ဆန့်ကျင်ဘက်သဘော၊ အတူတွဲနေသော သဘောတို့ကို သတိမူရန် မလွယ်ခဲ့သောကြောင့် အစွန်းရောက်ကာ အရယ်အမောဘဝကိုသာ ရှာဖွေခဲ့သည်။ ယခု အစွန်းတစ်ဖက် ပန်းတိုင်ကို ရောက်မှ မေ့လျော့နေခဲ့သော အခြားတစ်ဖက်ကို မြင်လာရသည်။ အရာရာသည် လွန်လာခဲ့ပေပြီ။ ကလေးဘဝ မိမိ၏ အငိုသည် ပတ်ဝန်းကျင်ကို ရွှင်ပျရယ်မောစေခဲ့ရသကဲ့သို့ မိမိရယ်မောနေခဲ့သောကာလများတွင် မည်မျှသော သူတို့ ငိုကြွေးနေခဲ့ကြရပါလိမ့်။ မည်မျှလောက် သူတို့ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဘဝကို ရောက်ခဲ့ကြရပါလိမ့်။ ပြိုင်ပွဲသဘောအရ အနိုင်ရအောင်

> ကလေးဘဝ
> မိမိ၏အငိုသည်
> ပတ်ဝန်းကျင်ကို
> ရွှင်ပျ
> ရယ်မော
> စေခဲ့ရသကဲ့သို့
> မိမိ
> ရယ်မော
> နေခဲ့သော
> ကာလများတွင်
> မည်မျှသော
> သူတို့
> ငိုကြွေး
> နေခဲ့ကြရပါလိမ့်
> မည်မျှလောက်
> သူတို့
> စိတ်ဆင်းရဲ
> ကိုယ်ဆင်းရဲဘဝကို
> ရောက်ခဲ့
> ကြရပါလိမ့်

ယူလိုသူတို့ တွေးမိကောင်းမှ တွေးကြမည့်သဘောကို မိမိကိုယ်တိုင် ဆင်ခြင်မိလာသည်။

ပြိုင်ပွဲဆိုလျှင်ပင် အနိုင်၊ အရှုံးဟူ၍ လုံးလုံးခွဲခြားပြမှ တရားမျှတသည်ဟု မိမိ မခံယူလိုတော့။ တစ်ချိန်လုံး နိုင်လာခဲ့သော မိမိ၏ အရှုံးတစ်ခေါက်သည် လှုပ်၍မရအောင်ပင် ဖြစ်ခဲ့ချေပြီ။ မိမိ၏ သူဌေးဘဝ လိုချင်တောင့်တခြင်းသည် ယခုကဲ့သို့ဘဝတွင် ဘာမျှ တန်ဖိုးပြစရာ မရှိတော့ပေ။

'စီးပွားရေးလုပ်တယ်ဆိုတာ စည်းကမ်းရှိမှ၊ စည်းစောင့်ရမှ တရားတာကွ'

အဖေသည် မိမိအား တရားပြရန် လက်ယပ်ခေါ်နေပြီထင်လာသည်။ အလေး၊ အပေါ့တို့ဖြင့် လိမ်းကျံနေသော မိမိ၏ ကိုယ်ခန္ဓာကို သန့်ရှင်းရေးပင် လာမလုပ်ကြသေး။ မသတီစရာ အနံ့ဆိုးတို့ နှာခေါင်းထဲ တိုးဝင်လာနေသည်။ ရင်ထဲတွင် မွမ်းကျပ်လာသည်။ အနံ့ဆိုးကြောင့် အသက် မရှူရဲဘဲ အောင့်ထားသည်။ ဝင်လေတို့ ဝင်မှာကို ကြောက်လာရင်း အောင့်ထားသောအခါ မိမိ၏ ထွက်လေပါ ရပ်သွားလေတော့သည်။ မိမိ၏ မတွေ့နိုင်၊ မမြင်နိုင်တော့သော မျက်နှာကို ကိုယ်တိုင်တစ်ခေါက်လောက် မှန်ထောင်၍ ကြည့်ချင်ခဲ့သေးသည်။ အငိုမျက်လုံးနှင့် အပြုံးမျက်နှာ ရှိနေမှာ မဟုတ်သည်က သေချာနေပေသည်။ ■

**မောင်ကျော်လင်း**



**ကလောင်အမည်**
မောင်ကျော်လင်း

**နာမည်ရင်း**
ဦးကျော်စိန်

**လိပ်စာ**
အမှတ် (၁၂၀၀)၊
(ပထမအလွှာ)၊
လက်ဝဲမင်းဒင်လမ်း၊
မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊
ရန်ကုန်မြို့။

**ဖုန်း**
၀၉ ၅၁၈၁၃၂၇

-

အခြားမဂ္ဂဇင်းများတွင် ရေးသားဖူးခြင်း မရှိပါ။ ရွှေအမြုတေ မဂ္ဂဇင်းမှာစတင် ရေးသားခဲ့ပါသည်။

-

ရွှေအသစ်ကဏ္ဍသို့ စာမူ ၇ ပုဒ် ပေးပို့ထားပါသည်။

-

၂၀၁၃ မေလတွင် **ခေါင်းငုံ့လိုက်** စာမူ ရွေးချယ်ခံရပါသည်။ ၃ ပုဒ် အပယ်ခံရပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ဝတ္ထုတို

၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့မှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ ရက်နေ့အထိ

(၁) ဆွေဇင်ဦး *လိပ်ပြာရှိကိုက်သံ* ၊ပြည်၊
(၂) မင်းတင်သိန်း(ပွင့်လျက်) *ပုဏ္ဏားကြီးဦးဖိုးမောင်* ၊စစ်ကိုင်း၊
(၃) မင်းတင်သိန်း(ပွင့်လျက်) *ကန္တာလေ တောခြေဝယ်* ၊စစ်ကိုင်း၊
(၄) ကျင်ကိုချန် *မျှော်မျှော်သူ မောရှာပေါ့* ၊ရန်ကုန်၊
(၅) ငြိမ်းချမ်းဇော် *ကောက်သွားတဲ့ သံတစ်ချောင်း* ၊ရန်ကုန်၊
(၆) ပြာရည်မှိုင်း *မီးရောင်ဆိုးပြီး ပွင့်တဲ့တိမ်* ၊ဖားကန့်၊
(၇) ယောနေခြည် *စာမေးပွဲအောင်တဲ့ ည* ၊မြစ်ကြီးနား၊
(၈) ယောနေခြည် *ကောက်ပင်ကြားသို့ တိုးသောလေ* ၊မြစ်ကြီးနား၊
(၉) သီရိ(ဝတီမြေ) *အနွမ်းပန်း* ၊မုံရွာ၊
(၁၀) မင်းရက္ခ *သံသရာ ဤဘုံမှာ* ၊ကလော၊
(၁၁) ရှိန်းခန့်ဇော်(ပင်းတယ) *ငွေလရောင်ကိုဖုံးတဲ့ တိမ်ညို* ၊ပင်းတယ၊
(၁၂) မင်းဆက်လှမ်း(ဧည့်လမ်းညွှန်) *အညတရအောင်ပွဲ* ၊မန္တလေး၊
(၁၃) မြေလတ်မေစံပယ် *ဝက်သားခွက်နဲ့ မျက်ရည်စက်လက်* ၊ပဲခူး၊
(၁၄) ဥသြ(ချယ်ရီမြေ) *သောင်းတင်* ၊ပြင်ဦးလွင်၊
(၁၅) မောင်အင်း(ဥက္ကံ) *ပုပ်တိုင်း ပုတ်သင့် မပုတ်သင့်* ၊ဥက္ကံ၊
(၁၆) ဂျူပီတာ *အပြစ်မမြည်* ၊မင်းတပ်၊
(၁၇) မောင်ခိုင်စု *ရှေးအကျဆုံး ကြော်ငြာနည်း* ၊မကွေး၊
(၁၈) မြတ်သျှိုင်းသွင် *သံယောဇဉ်ကြိုးပေါ်မှာ မျက်ရည်ငှက်တွေနဲ့* ၊မကွေး၊
(၁၉) လှိုင်းထက်ရခိုင် *အလှည့်* ၊ကျောက်ဖြူ၊
(၂၀) ချယ်ဇာသွန်း *ယုံကြည်ချစ်ကြောင့်* ၊ပန်းတနော်၊
(၂၁) ရည်ဝေ(လင်းရောင်ခြည်) *စိတ်* ၊Email
(၂၂) ရည်ဝေ(လင်းရောင်ခြည်) *ပန်းပွင့်လေး မေ့နေမယ့် ဥယျာဉ်မှူး* ၊Email
(၂၃) သုတအောင် *ဒွိဟစိတ်အလွန်* ၊Email
(၂၄) သုတအောင် *မင်နီတားထားသော နာမည်လေး* ၊Email
(၂၅) ထော်ဦး(ဘားအံကွန်ပျူတာ)
*ကျောပြင်ပေါ်တက်စီးနေသည့် ဆင်ကြီးတစ်ကောင်* ၊Email
(၂၆) ပေါ်ဦးလင်း *ဒီလိုပုံနဲ့ မိုးကြီးချုပ်* ၊ကျောက်ဆည်၊
(၂၇) ခိုင်လေး(ရွှေတောင်) ကာမေသုမိစ္ဆာစာရကံနဲ့ ကျွန်တော် ၊Email
(၂၈) နတ်ရဲ(ရူပဗေဒ) *တိမ်ဖုံးနေတဲ့ ကြယ်ကလေးတွေ* ၊ထားဝယ်၊
(၂၉) ရွှေမြင့်မိုရ်ဦး *ငိုပွဲတွေစုတဲ့ သမုဒယနယ်* ၊ကျောက်မဲ၊
(၃၀) ယောနေခြည် *မေးခွန်းနံပါတ် ၅* ၊မြစ်ကြီးနား၊
(၃၁) လင်းရိပ်ဖြူ *ကောင်းကင်၌ တည်သော* ၊မန္တလေး၊
(၃၂) မြေပြင်ထက်လူ *ဟိုအရင်အချိန်နှင့် အခုလက်ရှိ* ၊မန္တလေး၊
(၃၃) မောင်ပိုင် *အမှောင်ကမ္ဘာထဲက ပိတ်ထားသောတံခါးများ* ၊မိတ္ထီလာ၊
(၃၄) လွှမ်းနောင် *မျက်ရည်စက်များ၏ အတ္တုပ္ပတ္တိ* ၊Email
(၃၅) မောင်ပိုင် *အညတရများမှသည်* ၊မိတ္ထီလာ၊
(၃၆) သံလွင်ကို(မော်လမြိုင်) *သတင်း* ၊သန်လျင်
(၃၇) မင်းညို့သွေး *ဖြောင့်မျဉ်းပေါ်မှ ထောင့်စွန်းမညီသော* ၊ရန်ကုန်၊
(၃၈) မြတ်ကိုကို(ရက္ခ) *ကြားချင်၍ နားဆင်နေရသည်* ၊ရန်ကုန်၊
(၃၉) မြတ်ကိုကို(ရက္ခ) *ဘဝများသည် ရောင်းရန်မဟုတ်ဟု ဆိုသော်လည်း* ၊ရန်ကုန်၊
(၄၀) မြတ်ကိုကို(ရက္ခ) *အလှည့်ရောက်တော့ နွဲ့ကြည့်ချင်သေးတယ်* ၊ရန်ကုန်၊
(၄၁) ပေါ်ဦးလင်း *တူနှစ်ကိုယ်တိုင်းပြည်* ၊ကျောက်ဆည်၊
(၄၂) ပွေးဒူးထူးကျော်(မင်းတုန်း) *အသေးအဖွဲလေးမှ စတတ်ပါသည်* ၊မင်းတုန်း၊

---

*အေးမြတ်မြတ်ချို ပြုစုသည်။*

---



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ထောင်ထဲမှာရှိနေတုန်းက ထောင်ဝန်ထမ်းလေးတွေဆီကနေ ဆုတစ်ဆု ရတယ်ဆိုတဲ့ သတင်းသဲ့သဲ့ကို ကြားလိုက်ရတယ်။ ဘာဆုလဲလို့ စပ်စုကြည့်တော့ ရွှေကလောင်ဆု၊ လွတ်လပ်စွာရေးသားခွင့်ဆု၊ အမေရိကန်ကပေးတဲ့ဆုဆိုပြီး အမျိုးမျိုး ပြောကြတယ်။ အမေတို့အဖေတို့လာမှပဲ သေသေချာချာ သိရမှာပဲဆိုပြီး အေးအေးဆေးဆေး နေလိုက်တယ်။ အဲဒီ့မတိုင်ခင်ကလည်း နယ်စည်းမခြားသတင်းထောက်များအဖွဲ့ (RSF)ကပေးတဲ့ Cyber Dissident ဆုကို ကိုဇာဂနာကြီးနဲ့အတူ ပူးတွဲရတုန်းကလည်း ဒီလိုပဲ ထောင်ဝန်ထမ်းလေးတွေက ဝမ်းသာအားရနဲ့ သတင်းလာပေးကြတယ်။ အဲဒီလိုနဲ့ အမေတို့ ထောင်ဝင်စာ လာတွေ့တော့မှ PEN America ကပေးတဲ့ PEN Barbara Goldsmith (Freedom to write Award - 2010) ဆုဆိုတာကို သိလိုက်ရတယ်။ စာရေးဆရာတွေစုပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့တစ်ခုက စာရေးဆရာတစ်ယောက်အဖြစ် အသိအမှတ်ပြုပြီးပေးတဲ့ဆုဖြစ်တဲ့အတွက် ပိုပြီးတော့ ဝမ်းသာမိတယ်။ PEN ဆိုတာက Poets (ကဗျာဆရာတွေ)၊ Essayists (အက်ဆေးရေးဆရာတွေ)၊ Novelists (ဝတ္ထုရေးဆရာတွေ)ဆိုတာကို ပေါင်းထားတာလို့ သိရတယ်။ နောက်ပိုင်းမှာတော့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့် (Freedom of Expression) ဘက်ကနေ ရပ်တည်တိုက်ပွဲဝင်နေကြတဲ့ အယ်ဒီတာတွေ၊ ထုတ်ဝေသူတွေ၊ ဂျာနယ်လစ်တွေပါ အကျုံးဝင်လာပြီး PENရဲ့အဓိပ္ပာယ်ဟာ ပိုပြီးတော့ ကျယ်ဝန်းလာခဲ့တယ်။ PEN America, PEN Norway, PEN Sweden, PEN Cambodia, PEN Iraq စသဖြင့် PEN International အဖွဲ့ဝင်ဖြစ်တဲ့ အဖွဲ့အစည်းတွေ ၁၄၀ ကျော်လောက် ရှိတယ်လို့လည်း ဖတ်ဖူးတယ်။ အင်းစိန် အထူးဝင်းထဲမှာနေရတုန်း ကိုဇာဂနာကြီးနဲ့ ခဏတွေ့တော့ သူကလည်း PEN အကြောင်းကို ပြောပြဖူးတယ်။ PEN ဟာ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့အကြောင်း၊ စာပေကို မြှင့်တင်ဖို့နဲ့ လွတ်လပ်စွာ

# နိုင်ငံအတွက် pen . . .
# ကမ္ဘာမြေအတွက် pen

နေဘုန်းလတ်



Pen Myanmar

www.burmeseclassic.com

www.burmeseclassic.com



**Pen Myanmar** ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းခဲ့ပုံများကို နေဘုန်းလတ်က ရှင်းလင်းပြောကြားပါတယ်

ထုတ်ဖော်ပြောဆို ရေးသားခွင့်တွေအတွက် ရပ်တည်လှုပ်ရှားနေတဲ့အကြောင်း၊ ကိုယ်တို့နိုင်ငံကိုလည်း PEN အဖွဲ့အစည်း အထူးသဖြင့် PEN Americaက တော်တော်လေးကို အကူအညီပေးတဲ့အကြောင်း၊ ကိုယ်တို့နိုင်ငံမှာလည်း PEN Myanmar ဆိုတာတစ်ခုရှိရင် သိပ်ကောင်းမှာပဲဆိုတဲ့အကြောင်းတွေ သူနဲ့ပြောဖြစ်ခဲ့တယ်။

၂၀၁၂ ကိုယ်ထောင်ကနေ ပြန်လွတ်လာပြီးနောက်မှာ PEN ဆိုတဲ့အဖွဲ့အစည်းနဲ့ပတ်သက်ပြီး ပိုပြီးစုံစုံလင်လင် လေ့လာခွင့်ရခဲ့တယ်။ အဲဒီတော့မှ PEN ဆိုတာက ကိုယ်တို့တွေ ဖွဲ့လေ့ဖွဲ့ထရှိတဲ့ အဖွဲ့အစည်းမျိုးနဲ့ မတူဘူး ဆိုတာကို နားလည်လိုက်ရတယ်။ ကိုယ်တို့နိုင်ငံမှာက စစ်အစိုးရလက်ထက်တစ်ခုလုံး လွှတ်လပ်တဲ့ လူမှုအခြေပြု အဖွဲ့အစည်းတွေ လွတ်လွတ်လပ်လပ် လွယ်လွယ်ကူကူနဲ့ ဖွဲ့စည်းခွင့်မရှိခဲ့ဘဲ အစိုးရကဖွဲ့စည်းပေးထားသော အစိုးမဟုတ်တဲ့အဖွဲ့အစည်း (Government organized Non-governmental Organization-GONGO) တွေပဲရှိခဲ့တာလေ။ ဒါပေမဲ့ နာဂစ်နောက်ပိုင်း နိုင်ငံတကာအဖွဲ့အစည်းတွေ ဝင်လာသလို လွတ်လပ်ခွင့်ကိုလည်း အထိုက်အလျောက်ရလာတဲ့အခါ လူမှုအခြေပြု အဖွဲ့အစည်းလေးတွေ တော်တော်များများ ဟိုတစ်စ ဒီတစ်စ ပေါ်ပေါက်လာခဲ့ကြတယ်။ အဲဒီလိုပေါ်ပေါက်လာကြတဲ့ အဖွဲ့အစည်းတွေရဲ့ အလုပ်လုပ်ပုံက အများအားဖြင့်တော့ ကိုယ်ရည်ရွယ်ရာ တစ်ခုခုကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်တူရာ လူအချို့နဲ့အတူတကွ အဖွဲ့ဖွဲ့ကြ၊ ပြီးတော့ နိုင်ငံတကာရဲ့ အကူအညီရနိုင်ဖို့ Proposal ရေးကြ၊ ပြီးတော့…ရလာတဲ့ပိုက်ဆံကို စနစ်တကျသုံးစွဲပြီး စာရင်းဇယားနဲ့တကွ ငွေကြေးလှူဒါန်းတဲ့ အဖွဲ့အစည်းတွေဆီ အစီရင်ခံစာ (Report) ပြန်တင်ကြ စသည်ဖြင့် ဒီလိုပုံစံမျိုးတွေနဲ့လှုပ်ရှားဆောင်ရွက်လာကြတယ်။ ဒီနေရာမှာ လူမှုရေးကို တကယ်လုပ်ကြသူတွေရှိသလိုပဲ လူမှုရေးလုပ်စားတဲ့ သူတွေလည်း ပေါ်လာတဲ့အတွက် အချို့တွေဆို လူမှုအခြေပြုအဖွဲ့အစည်းတွေကို တစ်မျိုးတစ်မည်တောင် မြင်လာတဲ့သူတွေ ရှိလာတယ်။ အဲဒီတော့ ကိုယ်က PEN Myanmar ပေါ်ပေါက်အောင် လုပ်မယ်လို့ စဉ်းစားကြည့်တဲ့အခါအထက်မှာ ပြောခဲ့သလိုမျိုး လွယ်လွယ်ကူကူ လုပ်လို့မရတာကို သွားတွေ့ရတယ်။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် PEN Center တစ်ခုတည်ထောင်ချင်တယ်ဆိုရင် ကိုယ့်သဘောနဲ့ကိုယ် PEN ဆိုတဲ့ စကားလုံးကို ယူသုံးလိုက်လို့ မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့ PEN စင်တာတစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့မယ်ဆိုရင် အဲဒီအဖွဲ့အစည်းဟာ PEN Internationalရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ဖြစ်လာမှာဆိုတော့ တစ်ကမ္ဘာလုံးက PEN စင်တာတွေပါဝင်တဲ့ အပြည်ပြည်ဆိုင်ရာ PEN အဖွဲ့ကြီးရဲ့သဘောတူညီမှုကိုသာမရခဲ့ဘူးဆိုရင် အဲဒီစင်တာဟာ ဖွဲ့တာပဲ ရှိပြီး တရားလည်း မဝင်သလို၊ တစ်ကမ္ဘာလုံးက အခြား PENစင်တာတွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေကို ဘယ်လိုမှ လုပ်လို့ရမှာ မဟုတ်တော့ဘူး ...။ ကုလသမဂ္ဂထဲဝင်ချင်ရင် ကုလသမဂ္ဂ ပဋိညာဉ်ကို သဘောတူလက်မှတ်ရေးထိုးရသလိုပဲ... PEN International ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်ချင်တဲ့ PEN Centerတစ်ခုဟာ PEN Internationalရဲ့ ပဋိညာဉ်ကို သဘောတူကြောင်း ကတိသစ္စာပြုရတယ်။ နောက်ပြီး နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့ နိုင်ငံတကာက PEN Center တွေပါဝင်တဲ့ PEN International ကွန်ဂရက်မှာ ကိုယ်စားလှယ်တစ်ယောက် တက်ရောက်ခွင့်ရှိပြီး အဲဒီကွန်ဂရက်ရဲ့အဆုံးအဖြတ်တွေကိုသဘောတူလက်ခံကြရတယ်။ ပြီးတော့ PEN Center မှာ အဖွဲ့ဝင်ချင်တဲ့သူတွေကလည်း အဖွဲ့ဝင်ကြေးပေးပြီး ဝင်ကြရသလို PEN Center တိုင်းကလည်း PEN International ကိုအသင်းဝင်ကြေးပေးကြရတယ်။ ဒါက ကိုယ်နားလည်ခဲ့တဲ့ PEN နဲ့ပတ်သက်တဲ့ အချို့သော အကြောင်းအရာတွေပါ။

အဲဒီနောက်မှာတော့ ကိုယ် PEN Myanmar ပေါ်ပေါက်လာဖို့ ကြိုးစားနေကြတဲ့ စာရေးဆရာအချို့နဲ့ဆုံဖြစ်ပြီး ကိုယ်တိုင်လည်း စွမ်းစွမ်းတမံ ပါဝင် ကူညီခွင့်ရခဲ့တယ်။ ဘယ်လိုလဲဆိုတော့... အစ်မ မသီတာ(စမ်းချောင်း)က PEN Internationalက အဖွဲ့ဝင်အချို့ရောက်နေပြီး မြန်မာနိုင်ငံက စာရေးဆရာတွေ၊ ထုတ်ဝေသူတွေနဲ့တွေ့တဲ့ ပွဲမှာလာခဲ့ပါဆိုတာကနေ စတာပဲ...။ အစ်မက PEN Myanmar ဆိုတာကို ဖွဲ့စည်းနိုင်ဖို့ကြိုးစားနေတာကြာပြီ။ ကိုယ်ကလည်း PEN America က ပေးတဲ့ဆု ရပြီးကတည်းက ကိုယ်တို့နိုင်ငံမှာလည်း PEN Myanmar ဆိုတာရှိရင် ကောင်းမယ်လို့ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့တဲ့သူ... ပြီးတော့ ပူးပေါင်းပါဝင်ကြမယ် လူငယ်စာရေးဆရာအချို့ကလည်း စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွဆိုတော့ကာ အစကတော့ ကောင်းနေပြီလို့ ပြောရမလိုပါပဲ။ PEN Myanmar ပေါ်ထွန်းလာဖို့အတွက် ကြိုးစားဆောင်ရွက်နေမှုတွေကို အဘ ဦးဝင်းတင်ဆီ သွားပြီးပြောပြဖြစ်တော့ အဘက 'ဒီအချိန်ဟာ ဒီလိုနိုင်ငံတကာနဲ့ ချိတ်ဆက်ဆောင်ရွက်တဲ့ အဖွဲ့အစည်းမျိုးဖွဲ့စည်းဖို့ အချိန်ကောင်းပဲ' လို့ ပြောလိုက်တဲ့အတွက် အားတက်ရတယ်။ PEN International ရဲ့ အမှုဆောင်အရာရှိ အပါအဝင် ကိုယ်တို့နိုင်ငံကို ရောက်လာကြတဲ့လူအချို့က စက်တင်ဘာလ ၉ ရက်ကနေ ၁၃ ရက်နေ့အထိ အိုက်စလန်နိုင်ငံမှာကျင်းပမယ့် PEN International ရဲ့ ကွန်ဂရက်ကို မြန်မာနိုင်ငံကိုယ်စားပြုတစ်ယောက်ယောက်တက်ပြီး PEN Myanmar ဖွဲ့စည်းချင်တဲ့အကြောင်း၊ ပြင်ဆင်ထားတာတွေအကြောင်းကို အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ ရှေ့မှာလာပြီး ပြောပြစေချင်ကြတယ်။ အဲဒီလို ပြောပြအပြီး အားလုံးက ထောက်ခံသဘောတူတယ်ဆိုရင် ကိုယ်တို့ရဲ့ PEN Myanmarဟာ တရားဝင် အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခွင့်ရလာမယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ခက်တာက အချိန်တော်တော်ကပ်နေပြီ။ ကွန်ဂရက်မှာ သွားရောက်တင်ပြဖို့ ဖွဲ့စည်းပုံတွေ၊ အဖွဲ့ဝင်တွေရဲ့ လက်မှတ်တွေစတဲ့ လိုအပ်ချက်တွေကို အချိန်တိုအတွင်း အမြန်ဖော်ဆောင်နိုင်ဖို့ဆိုတဲ့ ကိစ္စတွေမှာ စာရေးဆရာတွေအားလုံးကို ကျယ်ကျယ်ပြန့်ပြန့် အသိပေး ကြေညာပြီး လုပ်ဖို့ အခွင့်မသာတော့ဘူး။ အဲဒါနဲ့ ကိုယ်တို့လည်း လာမယ့် ၇၉ ကြိမ်မြောက် PEN International Congressမှာ အသင်းဖွဲ့စည်းပုံအကြမ်းကို အမီတင်ပြီး ဒီနှစ်အတွင်းမှာ PEN Myanmar ဖွဲ့စည်းခွင့်ရဖို့ကို ပထမဦးစားပေးအနေနဲ့ အရင်လုပ်ကြမယ်၊ ပြီးမှ အားလုံးကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖွဲ့စည်းကြမယ်လို့ စဉ်းစားဆုံးဖြတ်ခဲ့ကြတယ်။ တကယ်တမ်းကျတော့ ကိုယ်တို့အဖွဲ့က PEN Myanmar ပေါ်ပေါက်ရေးအတွက် အစပျိုးပေးတဲ့ အစုအဖွဲ့တစ်ခုနေရာကနေပြီး အဖွဲ့ဖွဲ့စည်းဖို့အတွက်

လိုအပ်တဲ့ အစပိုင်းအဆင့်တွေကို နော[illegible]
ထပ်တစ်နှစ် ထပ်မစောင့်ရအောင် မြ[illegible]
မြန်လေး ရှင်းပစ်လိုက်တဲ့ သဘောပါ[illegible]
PEN International ရဲ့သဘောတူ၊ အသိ
အမှတ်ပြုမှုကိုရပြီးမှ လာမယ့် နိုဝင်ဘာ
လအတွင်းမှာ PEN Myanmarရဲ့ညီလာ
ခံကိုကျင်းပပြီး ဒါရိုက်တာအဖွဲ့ဝင်တွေ
ကော်မတီအဖွဲ့ဝင်တွေကို ရွေးချယ်တင်
မြှောက်ကြမယ်လို့ ကိုယ်တို့စဉ်းစားခဲ့
ကြတယ်။ အဲဒီနောက်မှာတော့ PEN
Myanmarဖွဲ့စည်းနိုင်ဖို့အတွက် လိုအပ်
တဲ့ ဖွဲ့စည်းပုံတွေ၊ စာရေးဆရာတွေရဲ့
လက်မှတ်တွေကိုစပြီး ပြင်ဆင်စုဆောင်း
ခဲ့ကြတယ်။ ပြီးတော့ အိုက်စလန်က
ကွန်ဂရက်ကိုတက်ဖို့ အစ်မ မသီတာက
မအားတာနဲ့ ကိုယ်သွားရဖို့ အကြောင်း
ဖန်လာတယ်။ ကိုယ်တို့နိုင်ငံမှာ PEN
Myanmar ပေါ်ပေါက်လာဖို့ဆိုတာက
ကိုယ့်ရဲ့အိပ်မက်တစ်ခုပဲလေ။ အဲဒီအိပ်
မက် တကယ်ဖြစ်လာအောင် အကောင်း
ဆုံး ကြိုးစားဖို့ကလည်း ကိုယ့်ရဲ့တာ
ဝန်ပဲ မဟုတ်လား။ အဲဒီလိုနဲ့ အိုက်စ
လန်နိုင်ငံ ရေကျဗစ်မြို့လေးမှာကျင်းပတဲ့
၇၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ
PEN ကွန်ဂရက် ၂၀၁၃ကို တက်ရောက်
ခွင့်ရခဲ့ပြီး PEN Myanmar ကို အခြား
သော PEN စင်တာတွေ အကုန်ပါဝင်တဲ့
PEN International အဖွဲ့ကြီးကနေ
အသိအမှတ်ပြုဖို့အတွက် စကားပြော
ဖြစ်ခဲ့ပါတယ်။ ကိုယ်ပြောခဲ့တဲ့ စကား
ထဲမှာ နောက်ဆုံးပိတ်အနေနဲ့ အထူးပြု
ပြောဖြစ်ခဲ့တာက...

'PEN Myanmar ဟာ ကျွန်တော်
တို့ရဲ့အိပ်မက်ပါ။ အခု အဲဒီအိပ်မက်
တကယ်ဖြစ်လာဖို့အတွက် ရှေ့ဆက်
ကြဖို့ ကျွန်တော် ဒီနေရာကို ရောက်နေပါ
ပြီ။ အဲဒီအတွက် လူကြီးမင်းတို့ရဲ့
ထောက်ခံမှုတွေကို ကျွန်တော်တို့ လိုအပ်
ပါတယ်။ တစ်ယောက်ကို တစ်ယောက်
အပြန်အလှန် အကူအညီပေးကြရင်း
အပြန်အလှန် ထောက်ပံ့အားပေးကြ[illegible]
နဲ့ ငြိမ်းချမ်းသော ကမ္ဘာ့မိသားစု[illegible]
တည်ဆောက်ကြဖို့ဆိုတာ[illegible] လူသား



www.burmeseclassic.com

www.burmeseclassic.com

အားလုံးရဲ့တာဝန်ဖြစ်တယ်လို့ ကျွန်တော်တို့ အခိုင်အမာကို ယုံကြည်ပါတယ်။ ခါးသီးခဲ့သော အတိတ်ကာလတွေမှာ ကျွန်တော်တို့ဟာ ခံရသူ(Object)အဖြစ်နဲ့ အခြားသူတွေရဲ့ အထောက်အပံ့တွေကို လက်ခံရုံနဲ့သာ ရပ်တည်ခဲ့ရပါတယ်။ ပိုမိုတောက်ပလာမယ့် အနာဂတ်မှာတော့ ကျွန်တော်တို့ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ဒုက္ခရောက်နေသူတွေကို ကူညီထောက်ပံ့ပေးနိုင်သော ပြုလုပ်ဖန်တီးသူ(Subject) နေရာကို အရယူချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်မှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်အောင် ကြိုးစားနေရင်း တစ်ပြိုင်နက်တည်းမှာပဲ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံးရဲ့ ငြိမ်းချမ်းသော ကမ္ဘာသစ်တစ်ခုတည်ဆောက်ခြင်းဖြစ်စဉ်မှာလည်း တစ်တပ်တစ်အား ပါဝင်နိုင်အောင် ကြိုးစားသွားမယ်လို့ ကတိပြုပါတယ်'

ကိုယ် စကားပြောအပြီးမှာ ကိုယ့်ကို အစည်းအဝေးခန်းထဲက ခဏထွက်ခိုင်းပြီး ကျန်တဲ့ PEN စင်တာတွေက ကိုယ်တို့ကို အသိအမှတ်ပြုမပြု ဆွေးနွေးပြီး မဲပေးကြတယ်။ မဲပေးအပြီးမှာတော့ ကန့်ကွက်သူမရှိဘဲ ကိုယ်တို့ရဲ့ PEN Myanmar ကို နိုင်ငံတကာPEN Center တွေအားလုံးက အသိအမှတ်ပြုခဲ့ကြတယ်။ PEN International ရဲ့ အသိအမှတ်ပြုမှုတစ်ခုကို ပိုက်ပြီး ကိုယ်ပြန်လာခဲ့ပါပြီ။ PEN Myanmar ဆိုတဲ့အဖွဲ့အစည်းတစ်ခုကို ထူထောင်ဖို့အတွက် နိုင်ငံတကာက မိတ်ဆွေအဖွဲ့အစည်းတွေအားလုံးကတော့ သဘောတူလက်ခံလိုက်ပါပြီ။ ဒါပေမဲ့ ဆက်လုပ်စရာအလုပ်တွေ အများကြီးက ကိုယ်တို့ကို စောင့်ကြိုနေပါတယ်။ စိတ်ပါဝင်စားတဲ့ စာရေးဆရာတွေ၊ အယ်ဒီတာတွေ၊ ထုတ်ဝေသူတွေအားလုံး ပါဝင်နိုင်မယ့် PEN Myanmar ညီလာခံကြီးတစ်ခုကို နောက်လထဲမှာ လုပ်ကြရပါမယ်။ အဲဒီညီလာခံကြီးကနေ PEN Myanmar အဖွဲ့ရဲ့ အမှုဆောင်ဒါရိုက်တာအဖွဲ့နဲ့ ကော်မတီဝင်တွေကို ရွေးချယ်တင်မြှောက်ပေးသော ရွေးကောက်ပွဲကြီးတစ်ခုကိုပြုလုပ်ကြရပါမယ်။ အဲဒီနောက်မှာတော့ နိုင်ငံတကာက PEN စင်တာတွေနဲ့ချိတ်ဆက်ပြီး စာပေမြှင့်တင်ရေးနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ကို ကာကွယ်စောင့်ရှောက်ခြင်း အလုပ်တွေကို စွမ်းစွမ်းတမံလုပ်ကြရပါတော့မယ်။ အထက်မှာ ကိုယ်ပြောခဲ့တဲ့ စကားလေးထဲကအတိုင်းပါပဲ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးထဲမှာ ကိုယ်တို့တွေဟာ ကမ္ဘာ့မိသားစုကြီးထဲကို မိသားစုဝင်တစ်ယောက်အဖြစ် ဝင်ရောက်ချိတ်ဆက်ပြီး ကမ္ဘာသူကမ္ဘာ သားအချင်းချင်း အပြန်အလှန် ကူညီထောက်ပံ့နေကြသော၊ အပြန်အလှန် ထိမ်းကျောင်းနေကြသော ခေတ်သစ်ယဉ်ကျေးမှုကို ပျိုးထောင်ကြရတော့မယ့် အချိန်ရောက်နေပါပြီ။ ဆရာမြို့မငြိမ်း ရေးစပ်ခဲ့တဲ့သီချင်းလေးထဲက စာသားလေးတစ်ခုလိုပါပဲ။ ဝပ်ကျင်း



အိုက်စလန်နိုင်ငံ ရေကျဗစ်မြို့လေးမှာ ကျင်းပခဲ့တဲ့ PEN ကွန်ဂရက် ၂၀၁၃ ကို နေဘုန်းလတ် တက်ရောက်ခဲ့ပြီး PEN Myanmar ဖွဲ့စည်းနိုင်ရေး အဆိုပြုခဲ့ပါတယ်

အဟောင်းတွေထဲကနေထွက်ပြီး ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်ကြရမယ့်အချိန် ရောက်နေပါပြီ။ သိပ်မကြာခင်အချိန်မှာ ကမ္ဘာကြီးနဲ့ချိတ်ဆက်ပြီး နိုင်ငံအကျိုးရော ကမ္ဘာ့အကျိုးပါ ဆောင်ရွက်မယ့် PEN Myanmar ဆိုတဲ့ အဖွဲ့အစည်းတစ်ခု ကိုယ်တို့နိုင်ငံမှာ ပေါ်ပေါက်လာတော့မယ်လို့ ကိုယ်ယုံကြည်ပါတယ်။ စာပေကိုချစ်သော၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ကို မြတ်နိုးတန်ဖိုးထားသော အဲဒီအတွက် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းသော အဖွဲ့ဝင်တွေများစွာနဲ့အတူ PEN Myanmar ဟာ နိုင်ငံတကာအဆင့်အတန်းမီစွာနဲ့ ရှေ့ဆက်ချီတက်နိုင်လိမ့်မယ်လို့လည်း ကိုယ်ယုံကြည်ပါတယ်။

■

နေဘုန်းလတ်



www.burmeseclassic.com

www.burmeseclassic.com

# တောမင်းသမီး

**ခင်ခင်ထူး**

အမှတ် ၂၀၀၊ နိုဝင်ဘာ၊ ၂၀၁၃

ရွှေအမြုတေ


အခန်းဆက် ဝတ္ထုရှည်

*(ယခင်လမှအဆက်…)*

၂၃။

ဥပုသ်ထွက်။


ဥပုသ်နေ့ပြီးလို့ နောက်တစ်ရက်ကို 'ဥပုသ်ထွက်' ခေါ်ကြခြင်း ဖြစ်သည်။ ထိုနေ့ မနက်က မဖြစ်စကောင်း အခါရာသီမဲ့ မိုးများ ရွာတော့မလား ထင်ရပါ၏။ မနက်ကြီး စောစောလောက်ကတည်းက မိုးမှောင်ကြီးကျလာခဲ့ရာက တစ်ချီတစ်ချီ ပြန်လင်းလာလိုက်၊ အုံ့ကျသွားလိုက်။ ဥသြသံအေးက မနက် စောစောကပင် နိုးနေခဲ့သည်။ စိတ်က စောနေလို့ပဲလား။ အိပ်ရာကထ မျက်နှာသစ်ပြီးတော့ ရေနွေးအိုးတည်သည်။ အဖေကြီးနှင့် အမေကြီးသန်းရီတို့ပင် မနိုးကြသေး။ ဥသြသံအေးထတော့ အိမ်က ကလေးမကလေးကလည်း ကောက်ညှင်း ထပေါင်းသည်။ စားတော်ပဲ တစ်အိုး နပ်နပ်ကြီး ပြုတ်သည်။ ဥသြသံအေးက ညဦးကတည်းကထည့်ထားသော အဝတ်သေတ္တာကို အိမ်ပေါ်ကချကာ





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတွေကိုထပ် စစ်ကြည့်သည်။ ပြီးတော့ ကောင်မလေး ထည့်ပေးသည့် ကောက်ညှင်း ထွေးထွေး ဆီဆမ်းပဲပြုတ်လူးကို လက်နှင့်ဆုပ်ဆုပ်ပြီး ကလေးများစားသလို ပလုတ်ပလောင်း စားနေခဲ့သည်။ မိုးအုံ့အုံ့ လေအုံ့အုံ့ လှည်းနှင့်လိုက်ရမှာဆိုတော့ စိတ်ကမလန်းသလိုလို၊ လန်းသလိုလို။ မိုးလင်းကာနီးတော့ လူပြက် ကိုဒန်ချိုင့် ရောက်လာသည်။ ဥသြသံအေးက လူပြက် ကိုဒန်ချိုင့်ကို လေးဂျိုင့်(လေးချိုင့်)လို့ ခေါ်လေ့ရှိ၏။

'ဥသြ သွားဖြစ်ကဲ့လား'

'သွားဖြစ်သယ် လေးဂျိုင့်၊ လှည်း စောစော လွှတ်မယ် ပြောသာ မမြင်သေးဘူး'

'အေးဟာ၊ မိုးများ ချနေမလား မပြောတတ်ဘူး။ နေပါဦး ငါမသိလို့။ အခုပွဲက ဘာပွဲတုံးဟ'

'ပွဲငှားက ငိုပွဲလို့ပြောသာပဲ လေးဂျိုင့်ရဲ့။ ကျုပ်လည်းလိုက်လို့သာ လိုက်ရမှာ စိတ်စက်များ လေးချက်တော့'

'ငိုပွဲ၊ ဘာငိုပွဲတုံး။ နင့်ဟာက ဘာမှန်းမသိဘဲ လက်ခံရသလား'

'အမေသန်းရီ လက်ခံလိုက်သာ။ ကျုံးရွာက သူကြီးဦးသာဆော့ရဲ့သားဆိုလို့ အသိမို့ လက်ခံလိုက်သာတဲ့'

ခဏနေတော့ အမေသန်းရီ နိုးလာသည်။ ထူးထူးခြားခြား ဥတုပျက်သည့် မနက်ခင်းကို သတိထားမိသွားလို့ အနွေးထည်နှင့် ထီးဆောင်သွားဖို့မှာသည်။ ဥသြသံအေး ငုံ့ထားသော ရေနွေးကြမ်းတစ်ခွက်သောက်၊ ကောက်ညှင်းပေါင်းတစ်ဆုပ်စားနေသခိုက်မှာပင် အကြိုလှည်း ရောက်လာခဲ့ပါ၏။ လှည်းသမားက ပိန်ပိန်သေးသေးကလေးဖြစ်၍ နွားတွေကလည်း သန်သန်မာမာ မဟုတ်။ ခရီးက လှည်းခရီး ငါးနာရီစာလောက်ရှိမတဲ့။ ကိုဒန်ချိုင့်က လှည်းသမားနှင့် နွားတွေကိုကြည့်ပြီးထေ့သည်။ 'မင်းတို့ ကျုံးရွာက လူစာ၊ နွားစာ ရှားပါးပုံပါကော' ဆိုတော့ လှည်းသမား ငပိန်က မျက်နှာသေကြီးနှင့် ပြန်ကြည့်သည်။ အမေသန်းရီက ဘာစိတ်ကူးပေါက်သည် မသိ။ ဥသြသံအေးကို အိမ်ထဲခေါ်ပြီး သစ်သားအိမ်ကလေးပါသည့် ခါးမြှောင်တိုတစ်ချောင်း ထည့်ပေးသည်။

'ကိုယ်နဲ့မကွာထားအေ့၊ မင်းသမီးဆိုသာ အချိန်မရွေး ကျားဆွဲခံရတတ်သယ်'တဲ့။

မင်းသမီးကို လှည်းပေါ်ပွေ့တင်၊ ဂျစ်ကားပေါ်ပွေ့တင်ရာက လူဆိုးလုကြမ်းတို့၏ မယားဖြစ်ရတာကိုပြောမှန်း ဥသြသံအေး သိပါ၏။ လှည်းဆရာက သူ့နွားတွေကို ရေတိုက်သည်။ ပြောင်းရိုးတွေ ချကျွေးသည်။ နွားတွေကို နားစေချင်ပုံရလို့ ဥသြသံအေးတို့ကလည်း တစ်အောင့် ပြန်ထိုင်ရသည်။ ကိုဒန်ချိုင့်က လှည်းသမား ငပိန်ကို သိချင်တာတွေ မေးပေသိ လှည်းသမားက စကား ဟဟ,မပြောချင်သလို နှုတ်ဆွံ့နေသည်။

'မင်းတို့ရွာက ဘာရှိလို့တုံး'

'ဘာကိုပြောသာတုံး'

'အခု ငါနဲ့ မင်းသမီးနဲ့ လိုက်ရမှာ ဘာပွဲရှိလို့တုံး မေးသာ။ ဘုန်းကြီးပျံလား၊ မသာကြီးချလား'

'မဆိုနိုင်ဘူး'

'ဘာတုံးကွ မဆိုနိုင်ဘူးဆိုသာ'

'.....'

'မင်းနာမည် ဘယ်သူတဲ့တုံး'

'ပွေးလှ'

'သူကြီး ဦးသာဆော့က ဘာလုပ်ချင်လို့ ငှားသာတဲ့တုံး'

'မဆိုနိုင်ဘူး'

'ခက်တဲ့ကောင်ကွာ၊ ကိုယ့်ရွာ ဘာဖြစ်နေသယ်ဆိုသာတောင် မသိရေ့လား မင်းနယ်'

'.....'

လှည်းသမားက သူ့နာမည်ကလွဲလို့ မဆိုနိုင်ဘူးချည်းဖြေနေတော့ လူပြက် ကိုဒန်ချိုင့်ကလည်း အမေးရပ်လေ၏။ နာရီ သုံးမတ်လောက်နားပြီးကြတော့မှ လှည်းသမား ပွေးလှက လှည်းပြန်ကောက်သည်။ အမေသန်းရီကို အခု ဘယ်နနာရီရှိပြီလဲ မေးသည်။ မနက် ရှစ်နာရီဆိုတော့ လက်ချိုးရေပြန်၏။

'မွန်းတိမ်း တစ်ချက်၊ နှစ်ချက်လောက်တော့ ရောက်ကောင်းပါရဲ့'

'နေဦး ငါတို့က နေ့လယ်စာ ထမင်း ဘယ်မှာ စားရမှာတုံး'

'ရေအိုးကွဲရွာရောက်တော့ ထမင်းထုပ် ဝင်ယူရုံပါ။ ကာယကံရှင်က မှာပြီးသားပါ'

'ရေအိုးကွဲ၊ မင်းဟာက လမ်းမှာ သောက်စရာ ရေတောင်ရှိရဲ့လားကွာ'

'ရှိပါသယ်ဗျ'

လှည်းထွက်လာတော့ နေကလေး တစ်ချက်ပွင့်ပြန်ပါ၏။ ဘယ်လိုပဲဖြစ်ဖြစ် ဥသြသံအေးအဖို့ရာ ဇာတ်ခုံပေါ်မှာချည်း ဘဝလုပ်ခဲ့ရသည့်အချိန်တွေက များခဲ့လေတော့ သည်လို လွတ်လွတ်လပ်လပ်ခရီးသွားရတာကို ပျော်သလိုလိုတော့ ရှိသား။

ဇာတ်ခေါင်းကွဲခဲ့ပြီဆိုကတည်းက သည်လိုပွဲငှားတွေနောက် ချီကောက်လိုက်ခဲ့ရတာကလည်း များပါပြီ။ တချို့ပွဲတွေက စိတ်ချမ်းသာရသလို တချို့ပွဲတွေက ကသိကအောက်ဖြစ်ရတာလည်း ရှိသားပင်။ မိုးကလေး အုံ့ပျက်ပျက်ဆိုတော့ ခရီးအေးသည်။ ကိုဒန်ချိုင့်က လှည်းသမားကျောကုန်းနားကပ်ထိုင်ရင်းက သီချင်းတွေဆိုသည်။ လှည်းသမား ပွေးလှဆီက စကားနှိုက်ချင်လို့ ရောရောနှောနှော လုပ်နေမှန်း ဥသြသံအေး သိသည်။ လှည်းသမား ပွေးလှက မျက်နှာစူကြီးနှင့် သူ့လှည်းသူ မောင်းနေတာကလွဲလို့ ချီသည်၊ ခါးသည် မရှိ။ တစ်ခါတော့ ကိုဒန်ချိုင့်၏ ဆင်လုံးထဲ ဝင်လာခဲ့လေသည်။

'မယ်သြ'

'လေးဂျိုင့် ပြော'

www.burmeseclassic.com

'ငါတို့ဇာတ်ထဲ ပြဇာတ်မင်းသားတစ်ယောက် ရှာနေဆို'

'ဟုတ်ပါ့ လေးကျိုင့်ရယ်၊ ကျုပ်တို့ဇာတ်ထဲက ပြဇာတ်မင်းသားက တုတ်တုတ်ခိုင်ခိုင်ကြီးဆိုတော့ ပွဲကြည့်တွေက မကြိုက်ဘူးရယ်။ ကျုပ်ကလည်း မှန်သာပြောရရင် တွဲမကချင်ဘူး။ အခု အမေသန်းရီတို့က လူပိန်ပိန် ရှာနေကြသယ်လေ'

'ပြဇာတ်မင်းသားဆိုမှတော့ ကိုပွေးလှလို ပါးပါးလျားလျား အရွယ်တော်လောက်မှ ကောင်းမှာပေါ့ဟဲ့။ သဏ္ဌာန်လုပ်ရသာက လွယ်ပါသယ်ဟာ။ သင်ပေးရင် ဖြစ်ပါသယ်။ အရေးကြီးသာက သီချင်းဆိုတတ်ဖို့လိုသာပါ။ ငါလည်း ရွာတွေရောက်တိုင်း ကြည့်သာဟ။ ခုထိတော့ စိတ်တိုင်းကျ တွေ့သေးပေါင်ဟာ'

ကိုဒန်ချိုင့်က စကားရပ်ထားပြီး သီချင်းညည်းနေပြန်၏။ လှည်းသမား ပွေးလှက မလှုပ်။ ဥသြသံအေးက ကိုဒန်ချိုင့်ခါးကိုတို့ရင်း ရယ်ချင်စိတ်ကို မျိုချထားရတော့သည်။ တော်တော်ကြီးကြာမှ ပွေးလှက မေးလေသည်။

'မင်းသမီးက ပြဇာတ်ပါ ကသာလား။ ကျုပ်က ဇယင်ကျူး မင်းသမီးမှတ်သာ'

'ဟောတော် မင်းသမီးပါဆိုမှတော့ အကုန်တတ်ရသာပေါ့တော့်။ ငှားတဲ့ပွဲပေါ်လိုက်လို့ပေါ့ ကိုပွေးလှနယ်၊ ကျုပ်ပြဇာတ်မင်းသမီးကခဲ့သာ ကိုပွေးလှ တစ်ခါမှ မကြည့်ဖူးဘူးလား။ မကြားဖူးဘူးလား'

'ကျုပ်တို့ရွာ ဘာပွဲမှ မရှိဘူး။ ဘယ်ကမှလည်း ပွဲရယ်လို့ လာမကဘူး။ မင်းသမီးကို ကျုပ်က မသိဘူးရယ်'

'အယ်တော် ပွဲဆိုသာဘာမှန်း မသိတဲ့ရွာက ဘယ်လိုကြောင့် ပွဲငှားသာတုံး။ ကျုပ်က လိုက်ပြီး ဘာလုပ်ရမှာတုံး ကိုပွေးလှရဲ့။ မှန်သာပြောပါတော်၊ အခုကိစ္စက ဘယ်သူက ဘာကိစ္စအတွက် ငှားသာတုံး၊ သိချင်စမ်းပါ့'

လှည်းသမား ပွေးလှက စကားကျွံမိသွားသလို နှုတ်ဆိတ်သွားပြန်လေ၏။ လှည်းက တလှုပ်လှုပ်။ ဥသြသံအေးကတော့ နွားတွေကိုသနားနေမိတော့သည်။ ဇာတ်ထောင်အိမ်ကို မနက်ရောက်ဖို့ မနေ့ညသန်းခေါင်လောက်ကတည်းက မောင်းလာရလိမ့်မည်။ အခု အပြန် ငါးနာရီခရီး။ ရေအိုးကွဲမှာ ထမင်းထုပ်ဝင်ယူရင်း နွားချင်း လဲတပ်လေမလားဆိုတာတော့ ရေအိုးကွဲရောက်မှ ကြည့်ရတော့မည်။ တစ်လမ်းလုံး နှုတ်ဆိတ်လာသည့် လှည်းသမား၏ အမူအရာကလည်း ဝေခွဲရခက်လှသည်။ တကယ်လို့ဆိုလျှင် ကိုယ့်ရွာက ကိုယ့်ပွဲ ရွှန်းရွှန်းဝေအောင် ပြောရမည့်ကိစ္စ မဟုတ်လား။ လှည်းသမား ပွေးလှကတော့ ရိုးပုံရသည်။ တစ်ခုခုသိထားတာ ရှိလိမ့်မည်။ ဥသြသံအေးက လှည်းသမားဘေးက ကိုဒန်ချိုင့်ကို မျက်ရိပ်နှင့် နောက်ဆုတ်ခိုင်းပြီး ကိုယ်တိုင်က လှည်းသမားဘေး အသားချင်းထိအောင် ရွှေ့ထိုင်လိုက်သည်။ လှည်းသမား ပွေးလှက ဆတ်ခနဲ တုန်သွားလောက်အောင် လန့်သွားလေ၏။

ကိုဘရှင်
အပြောကို
ဥသြသံအေး
မကြိုက်တော့ပြီ
မင်းသမီး
ဆိုသာ
ခိုင်းသံပုံသံနဲ့
ပွဲခင်းကြီး
အလယ်မှ
လူတွေခဲနေမှ
ဆိုတတ်
ငိုတတ်
သာလားတဲ့
သည်စကား
ကြားတော့
ဥသြသံအေး
သွေးဆူချင်ပြီ
တစ်ခုခု
ပြောဖို့
ပြင်လိုက်စဉ်မှာပင်
ကိုဘရှင်က
စကား
ဆက်လေ၏

'ကျုပ်တို့ကို ငှားတဲ့သူကြီး ဦးသာဆော့ရဲ့သားဆိုသာ ဘယ်သူတဲ့တုံး။ ပွဲလာငှားသာ လူက တောက်ဆတ်ဆတ်နဲ့၊ သူက ဘာလုပ်သာတုံး'

လှည်းသမား ပွေးလှက ခပ်ဆဆဖြေသည်။

'နာမည်က ကိုဘရှင်တဲ့။ ဘာလုပ်သာတုံးဆိုသာတော့ ကျုပ်က မသိပေါင်ဗျာ။ ကျုပ်က ကျုံးရွာက မဟုတ်ရပါဘူး။ ကျုံးရွာအနောက်ထိန်ပင်ကပါ။ သူတို့ရွာက လှည်းမငှားသာက ငှားရသာ အောက်ကျလို့တဲ့။ ကျုပ်ကိုတော့ လှည်းခကောင်းကောင်းပေးသယ်။ မင်းသမီးကို ကျုံးရွာစပ်က သရက်ခြံဝိုင်းထဲ ခေါ်ခဲ့လောက်မှာသာပဲ ရှိသာဗျ'

'သူကဘာကိစ္စနဲ့ ကျုပ်တို့ကို ငှားသာတုံး'

'မဆိုနိုင်ဘူးရယ်'

သည်လိုနှင့် နေကြီးရင့်မှ ရေအိုးကွဲရွာကို ဝင်ခဲ့ကြသည်။ လှည်းသမားက အိမ်တစ်အိမ်ရှေ့မှာ လှည်းချွတ်ပြီး ထန်းလျှော်တောင်းတစ်လုံး ဝင်ယူသည်။ နွားနှစ်ကောင် လဲတပ်သည်။ တောင်းကိုလှည်းပေါ်တင်တော့ တောင်းထဲမှာ အင်ဖက်ကြီးကြီးနှင့် ထုပ်ထားသည့် ထမင်းထုပ်လေးထုပ်။ တစ်ထုပ် အပိုက လိုက်ပွဲဖြစ်ပုံရသည်။ လှည်းသမားက သောက်ရေအိုး တစ်လုံးပါတင်သည်။ ထမင်းပေးသည့် အိမ်က မိန်းမ နှစ်ယောက်၊ သုံးယောက်ကလည်းပေါ်က ဥသြသံအေးကိုလာ ကြည့်ကြသည်။ မျက်နှာတွေက မ



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက်အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ –) နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစွာချောင်
ဖုန်း၀၇၂–၂၂၀၃၄၊၀၇၂–၂၁၅၄၁၊၀၉–၆၄၆၁၆၉၉၊၀၉–၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉–၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉–၇၃၂၀၂၈၁၀)၊
ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉–၅၁၅၂၂၇၇)
ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉–၅၁၂၂၀၀၃)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁–၂၂၀၅၁၉၊၀၉–၇၃၀၇၂၄၉၂)
ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁–၅၁၉၅၀၉၊၀၉–၇၃၁၀၉၁၃၄)
ဒေါ်စန်းစန်းခိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ကျိုးဖြူရိပ်သာ၊ ကျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၈၂၂၄၃)
ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်–၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁–၂၃၀၀၄၂၇၊၀၁–၂၃၀၀၄၂၈)
ကလျာမဂ္ဂဇင်းတိုက်(ရုံးခွဲ)(အမှတ် ၁၆–ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၁–၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၇၆။ မိဘများဖြစ်သော ဦးတင်မောင်–ဒေါ်ခင်ညွန့်တို့အား ရည်စူးအလှူ ဆရာလေး ဒေါ်သုဇာဂရုဏ္ဍီ(အင်ဂျင်နီယာ–ဒေါ်ဝင်း)နှင့် မောင်ညီမမိသားစု ၄၅(သဇင်မြိုင်)၊ တေးနယဉ်လမ်းသွယ်၊ ၇ မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်။ — ၆၀၀,၀၀၀/- (ခြောက်သိန်း)

၇၇။ ဦးအောင်ကျော်ဇောအား ရည်စူး၍ ဒေါ်အေးအေးခိုင်၊ (သမီး)စိမ့်အောင်ကျော်ဇော၊ ညိမ့်အောင်ကျော်ဇော၊ (သား) အောင်ဘုန်းပြည့် မိသားစု တိုက် (၁)၊ အခန်း (၂၀၁)၊ အရှေ့ရန်ကင်းမြို့နယ်။ — ၅၅၀,၀၀၀/- (ငါးသိန်းငါးသောင်း)

၇၈။ မိဘများဖြစ်သော ဦးကြည်ဟုတ်–ဒေါ်တင်ရွှေတို့အား ရည်စူး၍ သမီး ဒေါ်ရင်ရင်နီ (ပွင့်ဦးရတနာ၊ ဗိုလ်ချုပ်ဈေး)ကောင်းမှု၊ ၃၂ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်။ — ၅၀၀,၀၀၀/- (ငါးသိန်း)

၇၉။ ဦးဘမှို–ဒေါ်သန်းသန်း မိဘနှစ်ပါးအား ရည်စူး၍ သမီး ဒေါ်ခင်မြင့်ကြည်(မတွတ်) မိသားစုကောင်းမှု၊ ၁၃၅(J-4), သံလွင်လမ်း၊ ဗဟန်းမြို့နယ်။ — ၁,၅၀၀,၀၀၀/- (ဆယ်သိန်း)

www.burmeseclassic.com

www.burmeseclassic.com

၈၀။ ကွယ်လွန်သူ မိဘများဖြစ်သော မိခင်ကြီး ဒေါ်သန်းတင်- ဖခင်ကြီး ဦးသောင်းဖေ၊ အစ်ကိုကြီး ဦးစောမောင်နှင့် အစ်မကြီး ဒေါ်အေးရီ၊ အစ်မလတ် ဒေါ်ညွန့်ရီတို့အား ရည်စူး၍ ဒေါ်နှင်းဆီ၊ ဒေါ်ခင်စိုးရီ၊ ဒေါက်တာ ဦးအေးလွင်၊ ဒေါက်တာ ခင်စောရီ ကောင်းမှု ၇၀(ဈ)၊ ငွေဝတ်မှုံ၊ ရွှေတောင်ကြား ၁ ရပ်ကွက်၊ ဗဟန်းမြို့နယ်။ — ၁,၀၀၀,၀၀၀/- (ဆယ်သိန်း)

၈၁။ ဘိုးဘွားမိဘများအား ရည်စူး၍ ဒေါ်လှတင် မိသားစု အမှတ် ၅၂၀၊ ဘီ-၂၊ ဥယျာဉ်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။ — ၁,၀၀၀,၀၀၀/- (ဆယ်သိန်း)

၈၂။ နှစ်ဖက်မိဘများဖြစ်သော ဦးကျင်ဟုတ်-ဒေါ်သောင်းစိန်၊ ဦးစိန်သက်-ဒေါ်ကျင်လွမ်တို့အား ရည်စူး၍ ဦးငွေးသိန်း(ခ)ဦးကြည်လွင်-ဒေါ်နွယ်နွယ်စိန်၊ (သား)သတိုးလွင်၊ စည်သူလွင်၊ (သမီး)အိဖြူလွင် မိသားစု။ ၁/၁၁၊ အင်းစိန်လမ်း၊ ၉ ရပ်ကွက်၊ လှိုင်မြို့နယ်။ — ၅၀၀,၀၀၀/- (ငါးသိန်း)

၈၃။ အငြိမ်းစား အင်ဂျင်နီယာချုပ် ဦးဘိုကျင်-ဒေါ်ခင်ရီ မိသားစု Duplex ၄-ဘီ၊ သဇင်လမ်းသွယ်၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ — ၅၀၀,၀၀၀/- (ငါးသိန်း)

၈၄။ ဦးသိန်းလှိုင်-ဒေါ်အုန်းမြင့်ကြည်၊ (သား) ကိုအောင်ဖြိုး မိသားစု၊ အမှတ် ၅၆၊ အေးရိပ်သာ ၁ လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်။ — ၅၀၀,၀၀၀/- (ငါးသိန်း)

၈၅။ မစိုးစိုးသန်း၊ မခင်ဥမ္မာကျော်၊ မစမ်းသီတာလှိုင်၊ မမိမိမိုး၊ မယဉ်ယဉ်နွယ်(ခင်သီစိုးမိုးနွယ်) သူငယ်ချင်းတစ်စု — ၅၀၀,၀၀၀/- (ငါးသိန်း)

၈၆။ ဦးယဉ်ထွေးသက်-ဒေါ်နန်းအမရာ (မွေးနေ့အလှူ) အမှတ် (၁၂၆)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်။ — ၅၀၀,၀၀၀/- (ငါးသိန်း)

၈၇။ ဦးစိန်မင်း(ပိုကောင်းကုမ္ပဏီ)-ဒေါက်တာ ဒေါ်သင်းသင်း၊ သား မောင်ဟိန်းထက် မိသားစု၊ ဒဂုံစင်တာ၊ မြေနီကုန်း၊ ရန်ကုန်။ — ၁,၅၀၀,၀၀၀/- (တစ်ဆယ့်ငါးသိန်း)

၈၈။ ဒေါ်လှဝါ (a) Alice W, Lam 1751 W. 8 th Street Brooklyn, NY.11223, U.S.A — ၆၀၀,၀၀၀/- (ခြောက်သိန်း)

၈၉။ အငြိမ်းစား တိုင်းရဲမှူးကြီး ဦးလှငွေအား ရည်စူး၍ ဒေါ်ယုယု (သား)ကိုမောင်မောင်ငွေ-နန်းဝင်းမာအေး(ခ)ဝါဝါ ၄၃ (E)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား ၂ ရပ်ကွက်၊ ဗဟန်းမြို့နယ်။ — ၁,၅၀၀,၀၀၀/- (တစ်ဆယ့်ငါးသိန်း)

၉၀။ ဦးကီဟင်း-ဒေါ်ကျင်ရိုး သားသမီးမြေးများမိသားစု ရွှေဟသာပွဲရုံ၊ ဘုရင့်နောင်။ — ၅၀၀,၀၀၀/- (ငါးသိန်း)

၉၁။ ဦးရဲမြင့်-ဒေါ်ခင်စိုးညွန့်မိသားစု အမှတ် (၄၀၃)၊ ဝေဇယန္တာတာဝါ၊ ဝေဇယန္တာလမ်း၊ သယ်င်္ကျွန်းမြို့နယ်။ — ၁,၀၀၀,၀၀၀/- (ဆယ်သိန်း)

၉၂။ ဦးလှဦး(အထွေထွေမန်နေဂျာ-ငြိမ်း၊ MOGE)အား ရည်စူး၍ ဒေါ်ခင်အုန်းကြိုင်(မာလာမြိုင်စိုက်ပျိုးရေး)မိသားစု အမှတ် (၅၃၁၊ ဘီ)ပြည်လမ်း၊ ကမာရွတ်မြို့နယ်။ — ၁,၀၀၀,၀၀၀/- (ဆယ်သိန်း)

၉၃။ ဦးစောလွင်ဦးအား ရည်စူး၍ ဒေါ်မိုးမိုးသာ (သား)နေမင်းလွင်၊ လမင်းလွင် မိသားစု၊ အမှတ် (၅၃၁၊ ဘီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။ — ၁,၀၀၀,၀၀၀/- (ဆယ်သိန်း)

၉၄။ အစ်မကြီး ဒေါ်စီစီ(ဒေါ်စန္ဒပဘာ)ကို အမှူးထား၍ ညီမ ဒေါ်ကျင်ကျင် (…၁၃ ကွယ်လွန်)မိသားစု၊ အမှတ် (၅၃၁၊ ဘီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။ — ၅၀၀,၀၀၀/- (ငါးသိန်း)

၉၅။ အငြိမ်းစား သံအမတ်ကြီး ဗိုလ်မှူးကြီးဘရွှေ(ငြိမ်း)နှင့် ဒေါ်မြသိန်းတို့အား ရည်စူး၍ သမီးဒေါ်ခင်မြရွှေ( ဒု-ညွှန်မှူး-ငြိမ်း)နှင့်သမီး ဒေါ်ခင်မြလွင်ကောင်းမှု။ အမှတ် (၂၅)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်။ — ၁၂,၀၀၀,၀၀၀/- (သိန်းတစ်ရာ့နှစ်ဆယ်)

## ၂၀၁၄ ခုနှစ် ဝါးချက် ပြက္ခဒိန် ထွက်ပါပြီ။

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

မချဉ်။ ဥညြသံအေးက ပြုံးပြတော့ တစ်ယောက်က မျက်လုံးဝိုင်းကြီးတွေနှင့် ပြန်ကြည့်နေသည်။ မျက်နှာကတော့ ကြည့်ပျော်ရှုပျော်ရှိရှာသား။ တစ်ယောက်က လှည်းထွက်ကာနီးမှ စကားတစ်ခွန်းပြောလေ၏။

'ငါ့ညီမက အချောကြီးပါကော။ ကိုင်း ကိုင်း ထမင်းဝဝစားသွားကြနော။ သွားရှေ့ သွားရှေ့ အချိန်တောင်လင့်ပြီ'

ရေအိုးကွဲရွာကိုကျော်မှ လမ်းဘေးသစ်ရိပ်မှာ ထမင်းစားကြသည်။ အင်ဖက်ထဲမှာ ထမင်းရောဟင်းပါ ရောပုံထည့်ထားသည်။ ဟင်းအရည်အနှစ်တွေပါ ဆမ်းထားသည့် ကြက်သားချက်ဖြစ်၏။ ကြက်သားက ရင့်လွန်းလို့ပဲလား၊ အသားက မကျက်တာဘဲလား မသိ။ ဝါးလို့၊ ဖဲ့လို့ပင် မရ။ ဟင်းက အဆင်မပြေပေသိ ငါးပိချက်နှင့် သရက်ချဉ်သုပ်ပါလို့ ထမင်းအမြိန်သားပင်။ ဆာဆာနှင့်စားလိုက်တော့ အင်ဖက်ထမင်းတစ်ထုပ်ကုန်လေ၏။

ဥညြသံအေးက ရေအိုးကွဲရွာမှာတွေ့ခဲ့ရသည့် မိန်းမတွေကိုတစ်လမ်းလုံး စဉ်းစားလာခဲ့သည်။ တကယ်ဆိုလျှင် အဝေးက လာသည့် ဧည့်သည်ကို အိမ်မှာ ခုံကလေးခင်းပြီး တည်တည်ပပ ကျွေးဖို့ကောင်းပါလျက် ထမင်းကို အင်ဖက်နှင့် ထုပ်ပေးလိုက်တာကို နားမလည်နိုင်။ ပြီးတော့ ဘဝင်ကိုင်တာ မဟုတ်ပေသိ၊ သူ့အဖို့ရာ သာမန်ဧည့်သည် မဟုတ်။ တကန် တကကြေးနှင့်ပေးငှားလာသည့်မင်းသမီး။ သွားလေရာ အမြို့မြို့အရွာရွာက ငွမ်းပေါက်နှင့် တို့မတတ် အရေးပေးခံခဲ့ရသူ။ အခုတော့ သည်မိန်းမတွေက လိုလိုလားလား မရှိကြသလို မျက်နှာအောက်ကြီးတွေနှင့်ဖြစ်သည်။ ပြောလိုက်သည့် စကားကလည်း 'ထမင်းဝဝ စားသွားကြနော'တဲ့။ ဘာစကားပါလိမ့်။ ထည့်ပေးလိုက်သည့်ထမင်း ဝအောင်စားကြပါလို့ပြောတာလား၊ အသက်ကို ဖက်နဲ့သာထုပ်ထားကြလို့ ပြောချင်တာလား။ မိုးတအုံ့အုံ့နှင့် ဝမ်းတနုံ့နုံ့သွားရသည့် ခရီးပင်။ ကိုဒန်ချိုင့်ကတော့ ထမင်းစားပြီးကတည်းက ဇက်ကျိုးအောင် ငိုက်ရင်းပါလာခဲ့၏။ ရေအိုးကွဲကကျော်တော့ ရွာဆက်ပြတ်လေပြီ။ လှည်းသမား ကိုပွေးလှက အားနာလို့လားမသိ။ ရောက်ပါတော့မယ်ပြောလို့ မျှော်ကြည့်မိသည်။ ခပ်ဝေးဝေး သစ်ပင်အုပ်ကြီးတွေဝိုင်းထားသည့်ရွာကို လှမ်းမြင်ရသည်။ အမြင်နီးပေသိ ခရီးက ဝေးသေးထင်ပါရဲ့။

'စောစောက မိန်းမတွေက ကိုပွေးလှနဲ့ သိကြသားပဲ။ ကျုပ်တို့ကို အိမ်ထဲဝင်ပါ၊ ထိုင်ကြပါဦး၊ သည်မှာပဲ စားလိုက်ကြပါလို့တောင် မရှိပါလားတော်။ ကျုပ်တို့ ရွာတွေနဲ့တော့ ကွာပါ့'

'ကျုပ်နဲ့ မသိဘူးဗျ။ ကိုဘရှင်က ရေအိုးကွဲမှာ အိမ်ကောင်းတစ်လုံးပဲရှိသယ်။ ဥပုသ်ထွက်ရက်မှာ နေ့ခင်းစာ ထမင်းထုပ်နှိုင်းထားသယ်။ မင်း အဲသည်အိမ်မှာ ဝင်ယူဆိုလို့ ကျုပ်က ဝင်ယူသာ။ နည်းနည်းငယ်သာက ကိုဘရှင်မယား ထင်ပါရဲ့။ ငါ့ယောက်ျားက ဘာမှာလိုက်သေးတုံးလို့ မေးနေသေးသာ။ ကိုဘရှင်က တစ်ရွာ တစ်ကျိ မိန်းမတွေ အများကြီးလို့ ကျုပ်တို့ ရွာတွေဘက်မယ် ကြားဖူးသာပဲ'

ဥညြသံအေးက သူ့ကို ငိုပွဲရယ်လို့ငှားလာသည့် သူကြီးဦးသာဆော့သားဆိုသူ ကိုဘရှင်အကြောင်း ရုပ်လုံးကလေး ပေါ်ချင်ချင်ဖြစ်ကာမှ ကျုံးရွာခြေကို လှည်းဝင်လာခဲ့ပြီ။ ဖြစ်လာတော့လည်းရင်ဆိုင်ရုံပေါ့လို့တွေးမိရာက ပွေ့ထားသော ဗယားအိတ်ကြီးထဲက သစ်သားရိုးတပ်ခါးမြှောင်ကိုပင် စမ်းလိုက်မိလေသည်။

❑

သူကြီးသား ကိုဘရှင်၏ဝိုင်းကို လှည်းဦးတိုက်ပြီဆိုသည်နှင့် ဥညြသံအေးရော လူပြက် ကိုဒန်ချိုင့်ပါ ကိုယ့်အထုပ်ကိုယ်ဆွဲကြရင်း လှည်းပေါ်က ဆင်းကြရသည်။ လှည်းသမား ပွေးလှက ခြံကြီးအတွင်းကို မဝင်ဘဲ လမ်းပေါ်က လှည့်ပြန်တော့ ဥညြသံအေးက ကျုပ်တို့ အပြန်ဘယ်သူပို့မှာတုံးလို့ လှမ်းမေးသည်။ ကိုပွေးလှက 'မဆိုနိုင်ဘူး' လို့တစ်ခွန်းလှည့်အော်ရာက ဒုန်းမောင်းလေတော့သည်။ ထိုအခိုက်မှာပင် မိန်းမကြီး တစ်ယောက်က သစ်သားခြံတံခါးကြီးကိုဖွင့်ပေးသည်။ တံခါးကြီးက မြေမှာ တရွတ်တိုက်နေသဖြင့် မကာ, မကာ တစ်ပေချင်း တစ်တောင်ချင်းရွှေ့နေရသည်။ ဝရန်တာပေါ်မှာတော့ ပွဲလာငှားသူ ကိုဘရှင်ဆိုသူက ငုတ်တုတ်ကြီးထိုင်လို့။ လှမ်းပြီးနှုတ်ဆက်ဖော်ပင်မရဘဲ ဥညြသံအေးကို စိုက်ကြည့်နေသည်။ မိန်းမကြီးက အမေပုတ်ကလေးတို့လောက် ရှိအံ့ထင်သည်။ ခြေတစ်ဖက်မသန်ရှာဘဲ တံခါးကြီးကို မနိုင့်တနိုင် ဖွင့်ပေးပြီး ဥညြသံအေးနှင့် ကိုဒန်ချိုင့်တို့ အထဲရောက်ကြပြီ ဆိုသည်နှင့် တံခါးကြီးကို ပြန်ပိတ်လေ၏။ ဥညြသံအေးတို့ အိမ်အောက် တံခါးမကဝင်တော့ သူကြီးသား ကိုဘရှင်က အိမ်အောက်ထပ်ကို ရောက်နေပြီ။

'ခရီးကလှမ်းလို့ ပင်ပန်းကြရော့မယ်။ နားကြဦး။ မအုန်းရင် ရေတကောင်းယူခဲ့ဟာ။ မင်းသမီးနဲ့လူပြက်ကို တိုက်လိုက်ဦး။ မုန့်ပေါက်တွေ၊ မုန့်ဆီကြော်တွေ၊ သလဲသီးမှည့်တွေ၊ မာလကာသီးတွေချ ဘာရှိသေးတုံး'

မအုန်းရင်ဆိုသူက ခြံတံခါးမကြီးကို မ,မပြီးဖွင့်သည့် မိန်းမကြီးဖြစ်၏။ ဥညြသံအေးနှင့် ကိုဒန်ချိုင့်က အနားက ရသေ့ကျောင်းပေါ် ထိုင်လိုက်ကြသည်။ ဥညြသံအေးက ခြံကြီးကိုမြင်ရသလောက် မျက်စိကစားကြည့်သည်။ ခြံထောင့်တစ်နေရာမှာ သလဲပင်တွေ တော်တော်များများ စိုက်ထားတာကိုတွေ့ရသလို၊ သရက်ပင်ကြီးတွေကလည်း တစ်ခြံလုံး အုပ်ဆိုင်းနေသည်။ မနီးမဝေးဆီက ကြေးမောင်းထိုးသံကြားရလို့ ဘုန်းကြီးကျောင်း တစ်ကျောင်း အနားမှာရှိမှန်း သိလိုက်သည်။ ခြံကြီးဘေးပတ်လည်မှာ ဝါးကိုရှစ်စိတ်ခွဲပြီး တစ်ချောင်းချင်း စိပ်စိပ်ရက်ထားသည့် အဖျားချွန်စည်းရိုးတွေကအတောင့် ဥညြသံအေးက ကိုဘရှင် အပေါ်ထပ် ပြန်တက်သွားခိုက် လူပြက်ကိုဒန်ချိုင့်ကို လက်တို့ပြီး ခပ်တိုးတိုး သတိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

'လေးဂျိုင့် သိပ်တော့ မဟုတ်လှဘူး။ ရွာဘက်က ဘာ ဟွန်းစက်သံမှလည်း မကြားရဘူး။ လမ်းပေါ်မှာပွဲလမ်းသဘင် ရှိတဲ့ အရိပ်အယောင်လည်း မတွေ့ရဘူး။ ပြီးတော့ လူကြီးက ရွာထဲမခေါ်ဘဲ သူ့ဝိုင်းတိုက်ထဲအတင်းသွင်းလိုက်သာကလည်း ဘာသဘောမှန်းမသိရဘူး။ လှည်းသမားကလည်း လစ်ပြေးပြီ ဆိုတော့ မမျှော်နဲ့တော့။ ကျုပ်တို့လိုက်လာသာမှားပြီ လေးဂျိုင့် ရေ'

'အေးဟ ငါလည်း စိတ်ထဲထင့်နေသာ ပွဲငှားတဲ့ ကိုဘရှင် ကြည့်ရသာ လူမိုက်နဲ့တူသယ်။ ငါက နင့်ပူသာ မယ်ဩ။ မတော်တရော်ဖြစ်မှာ ပူသာ၊ ငါ့တူမရေ။ အေးလေ ကြည့်သေးသာပေါ့။ လေးဂျိုင့် ပါပါသယ်'

ကိုဒန်ချိုင့်စကားကြောင့် ကြောက်စိတ်မပြေသည့်တိုင်အောင် အားတော့ရှိသွားရပါ၏။ ကိုဒန်ချိုင့်ကလည်း လူပြက်ဆိုပေသိ လက်စလက်န မသေးသူဆိုတာ ဥဩသံအေး သိထားလို့ဖြစ်သည်။ တစ်သက်နှင့်တစ်ကိုယ် သည်လိုပွဲလိုက်ရတာမျိုးလည်း မကြုံဖူးခဲ့။ တောမင်းသမီး ချီကောက်ဘဝကို ဝမ်းနည်းမိသလိုလို၊ စိတ်ကုန်သွားမိသလိုလိုဖြစ်ရသည်။ သည်တစ်နှစ် အဖေသီလတို့ ကျေးဇူးဆပ်ပြီးလျှင်တော့ ဇာတ်တစ်ဇာတ်ဇာတ်ကို ကူးဖြစ်အောင်ကူးတော့မည်။ ဘာပဲဖြစ်ဖြစ် သူတို့လို မင်းသမီးကလေးတွေဘဝက မီးရောင်အောက်က ဇာတ်ခုံပေါ်မှာ အလှံခြံဆုံး မဟုတ်လား။ ရသေ့ကျောင်း ခေါ်ကြသည့် ခုံတန်းရှည်ပေါ် အသာထိုင်ကြရင်းက ကိုဘရှင် ဆင်းအလာကို စောင့်ကြရသည်။ ဧည့်သည်တွေဖိတ်ထားပြီး ကိုယ်တော်က ဘာများ တက်လုပ်နေပါလိမ့်။ ထိုအခိုက်မှာပင် စူးရှသောအသံတစ်သံကို ကြားလိုက်ရသည်။

'မအုန်းရင် ရေတိုက်လိုက်၊ မအုန်းရင် ရေတိုက်လိုက်'

ဥဩသံအေးက ဘေးဘီကိုလိုက်ကြည့်သည်။ ပီပီသသကြီးစကားပြောလိုက်သူက လူမဟုတ်ဘဲ ကြက်တူရွေး တစ်ကောင်ဖြစ်နေသည်။ ဥဩသံအေးတို့ ထိုင်နေသည့် နောက်ဆီက အမြင့်မှာချိတ်ထားသည့် ငှက်လှောင်အိမ်တစ်လုံး ရှိသည်။ အတွင်းမှာ ဝဝဖီးဖီး ကြက်တူရွေးစိမ်းတစ်ကောင်က ခေါင်းကိုငုံ့ကာငုံ့ကာ အော်နေခြင်းဖြစ်ပါ၏။ ကိုဘရှင်က ခေါ်အုန်းရင်ကို ရေတကောင်းယူခဲ့ခိုင်းတာ မလာနိုင်လို့ ကြက်တူရွေးက လှမ်းအော်နေခြင်းဖြစ်သည်။ စိတ်ညစ်ရတဲ့ကြားထဲက ဥဩသံအေး ရယ်ချင်မိသည်။

'လာပြီ လာပြီ…ကိုဘရှင် ကိုဘရှင်'

ကြက်တူရွေးက လှေကားကဆင်းလာသည့် ကိုဘရှင်ကို မြင်လို့ ပီပီသသကြီး လှမ်းအော်ပြန်သည်။ ကိုဒန်ချိုင့်က လှေကားရင်းရောက်နေသည့် ကိုဘရှင်ကို တစ်ချက် အကဲခတ်လိုက်ရင်း အသံမာမာနှင့် လှမ်းမေးလေ၏။

'ကိုင်း၊ ကိုယ့်ဆရာ ကျုပ်တို့က ဘာလုပ်ရမှာတုံး။ ညပ်စရာမရှိရင်လည်း ပြန်ရုံပဲဗျို့။ ခင်ဗျားတို့ဟာက ဘယ့်နှယ့်ကြီးဗျာ။ အကျိုးမသိရ၊ အကြောင်းမသိရ။ ဗုံမရှိ၊ ဆိုင်းမရှိ၊

ကိုဘရှင်က
အင်္ကျီကြယ်သီး
ပေါက်က
တွဲလွဲကျနေသည့်
ရွှေကြယ်သီး
ကြိုးကို
တခဲခဲလုပ်ရင်းက
မျက်နှာကြီး
မဲ့လိုက်သည်
နားဝေးရန်ကော
ဆိုသည့်ပုံဖြင့်
အိမ်တွင်းနံရံမှာ
ချိတ်ထားသည့်
ဓားရှည်ကိုဖြုတ်ပြီး
ဓါးဦးကို
လူပြက်
ကိုဒန်ချိုင့်ဘက်
လှည့်သည်

ကိုင်း ပြောပါဦး။ ကျုပ်တို့က ဘာလုပ်ရမှာတုံး'

ကိုဘရှင်က ကိုဒန်ချိုင့်ကို အေးစက်စက်ပြန်ကြည့်တာကလွဲလို့ ဘာမှပြန်မပြော။ ဥဩသံအေးကလည်း စကားရောက်တုန်းဝင်ငေါက်တော့သည်။

'ဟုတ်သားပဲ၊ ဦးလေးက သူကြီး ဦးသာဆော့သားဆိုလို့ ဇာတ်ထောင်က ကျုပ်တို့ကို ထည့်ပေးလိုက်သာ။ ဦးလေးနာမည် ကိုဘရှင်ဆိုသာတောင်မှ လှည်းသမားပြောလို့သိရသာ။ သည်အနား တစ်ဝိုက်မယ် ဘာပွဲမှမရှိဘူးဆိုသာ ကျုပ်သိသယ်။ ကိုင်း၊ လှည်းတစ်စီးသာခေါ်ပါ ကျုပ်တို့ ပြန်မယ်။ ဦးလေး ပေးခဲ့တဲ့ မင်းသမီးငှားခပိုက်ဆံ လှည်းသမားနဲ့ ပြန်ထည့်ပေးလိုက်မယ်'

ကိုဘရှင်က မတုန်မလှုပ်။ မျက်နှာက ပြုံးနေပေသိ မျက်လုံးတွေက ကြောက်စရာကောင်းလှသည်။ အနားက သစ်သားကုလားထိုင်မှာ ထိုင်ရင်းက အော်လေတော့သည်။

'နင်တို့ကို လိမ်ထားသာ တစ်ခုမှမရှိဘူး။ ဘုန်းကြီးပျံ ဧယင်ကျူးရမယ်လို့လည်း ငါမပြောဘူး။ လူသေကျူးရမယ်လို့လည်း ငါမပြောဘူး။ ဒိုပွဲလို့ ငါပြောခဲ့သယ်မှုတ်လား။ ဒိုရမှာပေါ့။ နင်တို့ကျေနပ်လို့ လိုက်လာသာ မှုတ်ဘူးလား။ နင်တို့ ဆိုခငိုခ ရပြီးသားမှုတ်လား။ ငါမေးပါဦးမယ်၊ နင်တို့ မင်းသမီးတွေက ဆိုင်းသံဗုံသံနဲ့ ပွဲခင်းကြီးအလယ်မှာ လူတွေခဲနေမှ ငိုတတ်ဆိုတတ်



www.burmeseclassic.com

www.burmeseclassic.com

ကြသာလား။ ခက်ပါ့ကော။ ငါက လူတစ်မျိုးရယ်၊ ရွာကို ကြည့်မရလို့ ကွင်းထဲဝင်းခတ်ပြီးနေသာ ကြည့်တော့။ ငါ့အဖေ သူကြီးတောင် ငါက ထည့်တွက်သာ မှတ်ဘူး'

ကိုဘရှင်အပြောကို ဥညြသံအေး မကြိုက်တော့ပြီ။ မင်းသမီးဆိုသာ ဆိုင်းသံဗုံသံနဲ့ ပွဲခင်းကြီးအလယ်မှ လူတွေခဲနေမှ ဆိုတတ်၊ ငိုတတ်သာလားတဲ့။ သည်စကားကြားတော့ ဥညြသံအေး သွေးဆူချင်ပြီ။ တစ်ခုခုပြောဖို့ပြင်လိုက်စဉ်မှာပင် ကိုဘရှင်က စကားဆက်လေ၏။

'မြောင်ဘုရားပွဲမှာ မင်းသမီးလေး ကောင်းလှကောင်းလှနဲ့ ဘယ်သူများတုံးလို့ ဆိုးဖော်ဆိုးဖက်၊ သောက်ဖော်သောက်ဖက် သူငယ်ချင်းတွေကိုမေးတော့ ဥညြသံအေးတဲ့။ ငါကြိုက်သကွာ အသံလည်းကြိုက်သယ်၊ လူလည်း ကြိုက်သယ်၊ အမူအရာလည်း ကြိုက်သယ်၊ ဆိုသာလည်း ကြိုက်သယ်၊ ငိုသာလည်းကြိုက်သယ်ဆိုတော့ ရအောင် ၄ားပေါ့ကွ။ မင်းသမီးများ ပိုက်ဆံကောင်းကောင်းပေးရင် လိုက်သာပဲတဲ့။ ဟုတ်သားပဲလို့တွေးမိရာက စုံစမ်းတော့ နင်တို့ဇာတ်က ပျက်ပြီဆိုလို့လိုက်လိုက်သာ လမ်းဆုံးရော။ နောက်တော့ ဇာတ်ထောင်အိမ်မှာလို့ကြားသာနဲ့ လိုက်လာပြီး နင်ဟုတ်၊ မဟုတ် သေချာအောင် သီချင်းဆိုခိုင်းရသေးသာ။ ဟုတ်ပါ့ဗျား။ ငါကြိုက်တဲ့ မင်းသမီးအစစ်ပါပဲ။ ခုတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ငါ့အိမ်ပေါ်ရောက်ပါပြီ။ ကိုင်း ငိုဖို့သာပြင်ကြတော့'

ကိုဘရှင် စကားဆုံးတော့ ကြက်တူရွေးက 'ငိုကြ ငိုကြ ကိုဘရှင် ကိုဘရှင်'လို့ အော်ပြန်သည်။ ဥညြသံအေးက တဒိန်းဒိန်းခုန်နေသောနှလုံးကို ငြိမ်အောင်ထိန်းနေရသည်။ ကိုဘရှင်စကားထဲမှာ လူကိုအရချိုင်ချင်သည့်သဘောကို ရိပ်စားမိလိုက်ခြင်းကြောင့်ဖြစ်၏။ လွယ်လွယ်နဲ့တော့ ရနိုင်ရိုးလား ကိုဘရှင်ရယ်။ သူကလည်း အကြံသမားဆိုတော့ ဝိုင်းဝက လေးလံလှသည့်ခြံတံခါးကြီးကို ပိတ်ထားနှင့်ပြီ။ မအုန်းရင်ဆိုသည့် မိန်းမကြီးပင် တံခါးကို တစ်ရွေ့ချင်း တစ်ရွေ့ချင်း မကာ,မကာ ဖွင့်ရတာမြင်ခဲ့တော့ ဝိုင်းတိုက်ထဲက ရုတ်တရက် ထွက်ဖို့ဆိုတာ မဖြစ်နိုင်မှန်းလည်း သိပါ၏။ ပြီးတော့ အိမ်ကြီးထဲမှာ ကိုဘရှင်နှင့် မအုန်းရင်ကလွဲလို့ လူစသူစ မမြင်ရတာကလည်း ထူးဆန်းသလိုလို။ ဥညြသံအေးက အပျော့နှင့် ဝင်ကြည့်သည်။

'ဦးလေးကိုဘရှင်ရယ်၊ ကျုပ်ကို ဆိုသာ၊ ငိုသာကောင်းသယ်ဆိုလို့ ဝမ်းများသာပါရဲ့။ ဒါပေသိ ငိုစရာရှိမှ ငိုလို့ရမှာပေါ့။ ကျုပ်က ဘာကိုငိုရမှာတုံး။ ကနေ့က မိုးချုပ်လှပါပြီ။ ဘာကိစ္စအတွက် ကျုပ်က ဘာကို ငိုရမယ်ဆိုသာကိုပဲပြောပါ။ မနက်ဖြန်မနက် ကျုပ်တို့ လိုက်ခဲ့ရုံပေါ့။ သည်တစ်ညတော့ ကျုပ်တို့ ကျုံးရွာထဲ သွားအိပ်ပါရစီ'

ကိုဘရှင်က အင်္ကျီကြယ်သီးပေါက်က တွဲလွဲကျနေသည့် ရွှေကြယ်သီးကြိုးကို တဆဆလုပ်ရင်းက မျက်နှာကြီးမဲ့လိုက်သည်။ နားဝေးရန်ကောဆိုသည့်ပုံဖြင့် အိမ်တွင်းနံရံမှာ ချိတ်ထားသည့်ဓားရှည်ကိုဖြုတ်ပြီး ဓားဦးကို လူပြက် ကိုဒန်ချိုင့်ဘက် လှည့်သည်။

'မသာများ လွယ်လိုက်သာ မင်းသမီးရယ်၊ ဟောသည် လူပြက်ကောင်ကို နှစ်ချက် မပိုင်းရဘူး။ လူပြက်မသာတောင် ဖြစ်ရသေး။ နင်တို့နှစ်ယောက်က ခရီးအတူတူလာကြသူချင်း ဆိုတော့ ငိုလို့တောင် ပိုကောင်းလှသေးဗျာ။ ဘယ့်နှယ့်တုံး ပိုင်းလိုက်ရမလား'

ကြက်တူရွေးက တစ်ချိန်လုံးငြိမ်နေရာက ထအော်ပြန်သည်။ 'ပိုင်းလိုက် ပိုင်းလိုက်' တဲ့။ သည်စကားကြားတော့ ဥညြသံအေး ဝုန်းခနဲထရပ်လိုက်သည်။ ကိုဘရှင်ထိုင်နေသည့် ကုလားထိုင်အနားအထိ တိုးသွားကာ ကုလားထိုင်ကို ဆောင့်တွန်းလိုက်သည်။ ကိုဘရှင်ပင် ပြိုလဲလုမတတ် ဖြစ်သွားသည်အထိ ခပ်ပြင်းပြင်း တွန်းလိုက်ခြင်းဖြစ်သည်။ လက်ထဲကိုင်ထားသည့် ဓားရှည်ကတော့ လွတ်ကျမသွားဘဲ ဆုပ်မြဲဆုပ်လျက် ရှိလေ၏။

'ယောကျ်ားရင့်မာကြီးလုပ်ပြီး လူဝါးဝလှချည့်လား။ ကျုပ်တို့ကို ခေါ်လည်းခေါ်သေးသယ်။ နှမချင်းမစာနာ စော်လည်း စော်ကားသေးသယ်။ ဘာလဲ တော်က လူပြက်ကို မပိုင်းနဲ့။ ကျုပ်ကိုပိုင်း အခုဖြစ်နေသာက ကျုပ်သေမှ တော့်မယားငယ်ဘဝက လွတ်မှာ။ ရောက်ကတည်းက ခြိမ်းခြောက်နေသာ ဘာသဘောတုံး။ ကျုပ်ကို တစ်ရွာ မယားတစ်ယောက်ထားသလိုထားဖို့များ ယောင်လို့တောင် စိတ်မကူးလေနဲ့။ တော့်ထက် သတ္တိရှိလို့ လိုက်လာသာမှတ်ပါ။ လေးကျိုးသွားစို့။ ဝိုင်းတံခါးကြီး သွားဖွင့်ချေ'

လူပြက် ကိုဒန်ချိုင့်က ဆတ်ခနဲ ထသည်။ ကိုဘရှင်က ရုတ်တရက် ဘာမှမပြောနိုင်သလို ဥညြသံအေးကို ကြောင်အမ်းကြည့်နေလေ၏။ လက်ထဲကဓားရှည်ကို ကြမ်းပေါ် ဒုန်းခနဲ စိုက်လိုက်ပြီး မအုန်းရင်ကို လှမ်းခေါ်သည်။ မအုန်းရင် ထွက်လာတော့ 'ဧည့်သည်တွေကို တစ်ခုခုကျွေးထားစမ်း၊ ညနေသုံးနာရီထိုးရင် သည်အိမ်မှာပဲ ဖယင်ကျူးပွဲစမယ်'လို့ ပြောပြီး ရွာဘက်ထွက်ဖို့ပြင်သည်။ အိမ်ရှေ့ဝိုင်းတံခါးကြီးကို သော့ခလောက်အခတ်ခိုင်းပြီး ကိုဘရှင်က အပြင်ကနေ သော့လှမ်းယူကာ ခါးမှာချိတ်သွားလေ၏။ မအုန်းရင်က အေးနေပြီဖြစ်သည့် ဆီထမင်းနှင့် ကြက်သားကြော်ကို ဗန်းကြီးနှင့် ထည့်လာသည်။ ရေနွေးအိုးနှင့်ပန်းကန်တွေ နောက်ဖေးဘက် တစ်ခေါက်သွားယူပြီး ချထားပြန်သည်။ မအုန်းရင်က ချက်ချင်းထွက်မသွားသေးဘဲ ဥညြသံအေးကို သနားစိတ်နှင့်ငေးနေသည်။ ဥညြသံအေးက မေးစရာရှိတာ မေးလိုက်သည်။

'သည်နားမှာ ဘုန်းကြီးကျောင်းရှိသယ်မှတ်လား ဒွေးလေး။ ကျုံးရွာမနဲ့ သည်ဝိုင်းနဲ့ တော်တော်ဝေးသလား'

'ရှိသယ် ဝေးသယ်'

'ကျုပ်တို့ ပြန်ပါရစီ ဒွေးလေးရယ်။ ကျုပ်တို့ အမိသာမှားပြီ'

www.burmeseclassic.com

ကြက်တူရွေးက လိုက်အော်နေပြန်၏။ 'မှားပြီ…မှားပြီ' တဲ့။ မအုန်းရင်က ကြက်တူရွေးကို တစ်ချက်မော့ကြည့်ရာက ဥညြသံအေးကို လက်တို့ပြီး ကြက်တူရွေးကွယ်ရာ ခေါ်လာခဲ့သည်။ ကြက်တူရွေးကုန်းချောလို့ သူ့အရိုက်ခံရတာတွေများပြီ လို့လည်း ပြောရှာပါ၏။ မအုန်းရင်က အတော်ကြီးထိတ်လန့်နေသလိုပင်။ မအုန်းရင်က ကိုဘရှင်၏ငယ်ပေါင်း မယားကြီး ဖြစ်၍ ကိုဘရှင်ထက် နှစ်နှစ်လောက်ကြီးသည်။ ကိုဘရှင်က အလွန်ရက်စက်သူဖြစ်၍ သည်အိမ်ကြီးမှာ မအုန်းရင်ကိုယ်တိုင် ကျွန်တစ်ယောက်လို နေခဲ့ရသည်။ ဖအေသူကြီး အားကိုးနှင့် ရော သူ၏မိုက်ဂုဏ်နှင့်ပါ မိန်းမတစ်ယောက်လောက်များတော့ လက်ဖဝါးပေါ်တင်ပြီး ရွေးကြီး၊ ရွေးလေး ခွဲနေသူဟုဆို၏။ တစ်ရွာမယားတစ်ယောက်ထားပြီး ထိုမယားတွေကသူ့ကို အဝေးက အခွန်ဆက်သလို ဆက်နေရတယ်ဆိုတာလည်းပါ၏။

'အခုလည်း အရက်ပဲ သွားသောက်သာလား၊ သူ့အဖော် လူမိုက်တွေ သွားခေါ်သာလား မပြောတတ်ဘူး။ ရွာထဲ သွားသာနေမှာပဲ။ တစ်ခုတော့ရှိသယ်။ ကိုဘရှင်က ငယ်ငယ်က တည်းက ဇာတ်မင်းသားသိပ်ဖြစ်ချင်သာ မဖြစ်ရဘူး'

'သူက အခု ဘာလုပ်စားသာတုံး'

'နခိုး(နွားခိုး)ဂိုဏ်းခေါင်းဆောင်ပေါ့။ ကိုယ်တိုင်တော့ ရွာစဉ် လှည့်ခိုးသာ မရှိပါဘူး။ သူ့လူတွေပဲ မွေးထားတာ။ မိလို့ တရားတပေါင်ဖြစ်ရင် သူက နောက်ကနေ ရှင်းပေးရသာလေ။ နခိုး(နွားခိုး)တွေလည်းသူပဲ အုပ်စီးထားသာ။ လူတွေက သိကြပေသိ ဘယ်သူကမှ မပြောဝံ့ကြဘူးရယ်။ အခိုးခံရသူတွေက ကိုယ့်နွားကို အရှင်လိုချင်ရင် ပိုက်ဆံနဲ့ပြန်ရွေးကြရသေးသာ။ ကျုပ်ကလည်း တစ်ရက်ကလေးမှ စိတ်မချမ်းသာပါဘူး။ ကျုပ်ဟာကျုပ် တော်ရာမှာ လုပ်စားပါရစီဆိုတော့လည်း မရပါဘူးအေ။ အကြောင်းရှာပြီး နှိပ်စက်နေသာပါပဲ။ ခြေတစ်ဖက်လည်း ဒင်းကြောင့်ကျိုးခဲ့ပြီ။ ခေါင်းတစ်ခြမ်းကိုက်သာလည်း မပျောက်တော့ပါဘူး'

မအုန်းရင်က ပြောရင်းမျက်ရည်ကျတော့ မိန်းမသားချင်းကိုယ်ချင်းစာကာ သနားစိတ်ဝင်မိပါ၏။ မအုန်းရင်က ပြောတာတော့ သလဲပင်တောနှင့်ကပ်လျက်မှာ မြက်ရိုင်းပင်တွေ ခြောက်နေတာရှိသည်ဆို၏။ မြက်ခြောက်ပင်တွေနားက ဝင်းထရံတွေက အသစ်မလဲရသေးလို့ ဝါးခြမ်းဆွေးတွေကိုတွန်းဖယ်ပြီး ပြေးမည်ဆိုလျှင်ပြေးနိုင်ကြောင်းပြောရှာပါ၏။ တကယ်တမ်းလက်တွေ့မှာ မလွယ်ကြောင်းလည်းပြောပြန်သည်။ သူတို့ ပြေးနိုင်ဦးတော့ ရွာထဲလောက်ပင် ရောက်နိုင်မည်မထင်။ ထွက်ပြေးကာမှ အခြေအနေက ပိုဆိုးရှေ့မည်။ ဥညြသံအေးတို့ စကားကောင်းနေတုန်းမှာပင် ခြံဝက 'မအုန်းရင် မအုန်းရင်' နှင့် အော်ခေါ်သံကို ကြားလိုက်ရသည်။ ကိုဘရှင် ပြန်ရောက်လာခဲ့ပြီ။ သူနှင့်အတူ လူများများမပါလာဘဲ လူသုံးယောက်ပါလာခဲ့ပါ၏။ လေးယောက်စလုံး အရက်ခိုးတွေ ဝေကာမူးနေကြပုံ

> ဥညြသံအေး
> ခြေဖျား
> လက်ဖျားတွေ
> အေးစက်နေလေပြီ
> သည်လို
> ရက်စက်မှုမျိုး
> သည်လို
> ပမာမခန့်
> စော်ကားမှုမျိုး
> မကြုံဖူးခဲ့လေတော့
> ကြောက်ရွံ့ခြင်းနှင့်
> အတူ
> ဒေါသတွေကပါ
> အလိပ်လိပ်တက်
> လာခဲ့သည်
> ဗယားအိတ်ထဲက
> ဓားမြှောင်ကို
> ထုတ်ပြီး
> ကိုဘရှင်ရင်ဝကို
> စိုက်ပစ်
> လိုက်ချင်စိတ်တွေ
> ရှန်းကြွလာ
> ခဲ့သည်

ပေါ်သည်။ ဥညြသံအေး တစ်သက် ဘယ်တုန်းကမှ မကြောက်ခဲ့ဖူးသော ကြောက်ခြင်းတစ်မျိုးဖြင့် ရင်တွေ ဘောင်ဘင်ခတ်နေခဲ့သည်။ သူ့ဘဝ တကယ်ရေတိမ်နစ်ရတော့မှာလား။ ကိုဒန်ချိုင့်ကို လှမ်းကြည့်လိုက်တော့ ကိုဒန်ချိုင့်ကလည်း သည်အဓိပ္ပာယ်မျိုးနှင့်ပြန်ကြည့်သည်။ ဥညြသံအေး ညည်းဘာလုပ်မလဲ။ ဘုန်းကြီးကျောင်းဆီက ကြေးမောင်းသုံးချက်ထိုးပြီ။ ဥညြသံအေးကလည်း လက်ကဒန်နာရီကလေးကို ငုံ့ကြည့်သည်။ ညနေခင်း သုံးနာရီ။

'ကိုင်း လူပြက်နဲ့ မင်းသမီး အဝတ်လဲကြစမ်းဟေ့။ ငါလည်း နင်တို့ ယောင်ကျူးလို့ရအောင် မသာရှာပေးရတော့မှာပေါ့။ မအုန်းရင် မအုန်းရင်'

'မအုန်းရင် မအုန်းရင် မသာမ'

ကြက်တူရွေးကပါ သံပြိုင်အော်လိုက်တော့ ဥညြသံအေး ခေါင်းတွေပင် မိုက်ခနဲ ဖြစ်သွားရပါ၏။ ဘုရားဘုရား။ မအုန်းရင်ကိုများ။

မအုန်းရင် ဝင်လာတော့ ကိုဘရှင်က ကြက်တူရွေးလှောင်အိမ် ဖြုတ်ခဲ့စမ်းလို့ အသံမာမာနှင့် ခိုင်းလေ၏။ မအုန်းရင်က ခြေတစ်ဖက်မသန်သည့်ကြားက ခုံတစ်လုံးပေါ်တက်ပြီး ကြက်တူရွေးသံလှောင်အိမ်ကို ဖြုတ်ရရှာသည်။ ကြက်တူရွေးက အတောင်တဖျပ်ဖျပ်ခါရင်း ရူးရူးဝါးဝါးအော်သည်။ 'မအုန်းရင် မအုန်းရင်၊ ကိုဘရှင် ကိုဘရှင်' တဲ့။ ကိုဘရှင်က သူ့ရှေ့က



www.burmeseclassic.com

www.burmeseclassic.com

သံလှောင်ချိုင့်ကို ပေါင်ပေါ်တင်သည်။ လက်တစ်လှျိုစာ အပေါက်ထဲ လက်နှိုက်ပြီး ကြက်တူရွေးကို လည်ပင်းက ကိုင်ကာ အပြင်ကို ခပ်ကြမ်းကြမ်း ဆွဲထုတ်လိုက်သည့်အခါ ကြက်တူရွေးက အော်ပြန်ပါ၏။ 'ကိုဘရှင် ကိုဘရှင်' တဲ့။ သို့သော် ကြက်တူရွေးခမျာ သည်နှစ်ခွန်းပဲ အော်နိုင်လိုက်တော့သည်။ ကိုဘရှင်က လက်ထဲပါလာသော ကြက်တူရွေးကို လည်လိမ်ချိုးလိုက်ခြင်းကြောင့်ဖြစ်၏။ ဂွတ်ခနဲ လည်ရိုးကျိုးသံနှင့်အတူ ကြက်တူရွေးခမျာ လည်ငိုက်စိုက် ကျသွားတော့သည်။ ကိုဘရှင်က ကြက်တူရွေးသေကို ကြမ်းပေါ် ဖုတ်ခနဲ ပစ်ချလိုက်သည်။

'ကိုင်း ကြက်တူရွေးအသုဘ ယေင်ကျူးပေတော့ဗျား၊ ကျူးတတ်ကဲ့မှုတ်လား၊ ကိုင်း, အဝတ်အစားလဲချေတော့၊ အုန်းရင် အပေါ်ထပ်ခေါ်သွား အဝတ်လဲပြီး သုတ်သုတ်ပြန်ဆင်းခဲ့၊ ကိုင်း, မင်းသမီး ငါပေးတဲ့ငွေနဲ့တန်ပစီ'

ဉညြသံအေး ခြေဖျားလက်ဖျားတွေ အေးစက်နေလေပြီ။ သည်လိုရက်စက်မှုမျိုး၊ သည်လို ပမာမခန့် စော်ကားမှုမျိုး မကြုံဖူးခဲ့လေတော့ ကြောက်ရွံ့ခြင်းနှင့်အတူ ဒေါသတွေကပါ အလိပ်လိပ် တက်လာခဲ့သည်။ ဗယားအိတ်ထဲက ဓားမြှောင်ကိုထုတ်ပြီး ကိုဘရှင်ရင်ဝကို စိုက်ပစ်လိုက်ချင်စိတ်တွေ ရှန်းကြွလာခဲ့သည်။ ဉညြသံအေး ကြက်သေသေနေတာကို မြင်တော့ ကိုဘရှင်က အူပြုတ်အောင် ရယ်လေတော့သည်။

'ဟား ဟား ဟား ဟား၊ နင်ပဲ မသာရှိမှ ငိုချင်းချလို့ရဆို၊ ငိုလေ နင်တို့မင်းသမီးတွေက ဘုန်းကြီးပျံယေင်ကျူး၊ လူသေကျူးတွေလောက် တတ်သာမဟုတ်လား။ ကြက်တူရွေးမသာကျတော့ မကျူးတတ်တော့ဘူး မဟုတ်လား။ မကျူးတတ်လည်း ရပါသဗျာ၊ ငါက ပိုက်ဆံပြန်မတောင်းတော့ပါဘူး။ နင်တို့က ငိုစရာနဲ့မှ လုပ်ချင်သယ်ဆိုလို့ လုပ်ပြရသာပါ'

ဉညြသံအေးက ဖျဉ်းခနဲ တက်လာသော မာနကြောင့် ကြောက်စိတ်တွေ လွင့်သွားရလေပြီ။ လူစော်ကားရုံမက အနုပညာကိုပါ အစော်ကားခံရတာကတော့ တစ်ဆိတ်လွန်လွန်းလာပြီ။ ငုတ်တုတ်ထိုင်နေရာက ဆတ်ခနဲ ထလိုက်သည်။ အဝတ်အိတ်ကိုဖွင့်သည်။ ပါလာသည့် မင်းသမီးဝတ်စုံသုံးစုံထဲက စိမ်းပြာရောင်ဝတ်စုံကိုထုတ်လိုက်ပြီး 'လာ ဒွေးလေး' ဟုဆိုကာ အိမ်အပေါ်ထပ် လှေကားဆီ လျှောက်လာခဲ့လေ၏။ မအုန်းရင်က ဉညြသံအေးကို အပေါ်ထပ်အထိ လိုက်ပို့သည်။ ဉညြသံအေးက ကိုဘရှင် ညစ်ပြီဆိုတာကို သိလိုက်ပြီ။ မအုန်းရင်ကလည်း သူ့ကြက်တူရွေး သေရတာကို စိတ်ချမ်းသာပုံမရပေသိ သည်ကြက်တူရွေးက ကုန်းချောလို့ အရိုက်ခံရသည့် ဘဝကလွတ်ပြီလို့ ပြောရှာသည်။

ဉညြသံအေးက မျက်နှာကို မျက်နှာချေပိန်းပိန်းပုတ်သည်။ မျက်နှာချေပုတ်ရင်းက ကြက်တူရွေးအသုဘကို ဘယ်လိုယေင်ကျူးရပါ့မလဲ၊ မျက်လုံးကို စုံပိတ်ထားပြီး စဉ်းစားသည်။ မျက်စိထဲမှာ အဖေသီလ ပေါ်လာသည်။ နောက်ပိုင်း ဇာတ်ထုပ်တွေကို ကားလိပ်ကြားက ပရိသတ်နည်းတူ မအိပ်မနေထိုင်ကြည့်ခဲ့သော ဉညြသံအေး မျက်စိထဲမှာ အဖေသီလ၏ ဇာတ်ရုပ်တွေ ပေါ်လာသည်။ နားထဲမှာ အဖေသီလ၏ အဆို၊ အငို၊ အပြောတွေ၊ ငိုချင်းတွေ တစီစီ ကြားယောင်နေသည်။ မျက်နှာချေပုတ်ပြီး ဆံထုံးထုံးတော့ စိတ်နှင့်ဇာတ်ကွက်ချကြည့်သည်။ လူပြက် ကိုဒန်ချိုင့်ကတော့ အထူးပြောစရာမလို။ ဝါရင့်သဘင်သည်ပီပီ ဉညြသံအေးက သည်လိုသည်လိုဆိုသည်နှင့် အကင်းအညာရှိပြီးသား။ ဉညြသံအေးက တစ်ချက်ပြုံးလိုက်သည်။

စိမ်းပြာရောင် မင်းသမီးဝတ်စုံကို ဝတ်သည်။ ကြက်တူရွေးစိမ်းဝတ်စုံပါမလာလို့ အနီးဆုံးအရောင်ကို ဝတ်ရခြင်းဖြစ်သည်။ ပုံချထားခဲ့သော အဝတ်အစားတွေကို မအုန်းရင်က ခေါက်သိမ်းပေးသည်။ အောက်ထပ်ပြန်ရောက်တော့ ကိုဒန်ချိုင့်ကလည်း အဝတ်လဲပြီးပြီ။ ခေါင်းပတ်ပဝါကလေး ရစ်ပေါင်းပေါင်းပြီးပြီ။ ဘာဆိုင်းမှမပါဘဲ ကြက်တူရွေးအသေတစ်ကောင်ကို ကမ္ဘာ့ဒွန်းကောင်လုပ်ပြီး ဆိုရငိုရတော့မှာပါလား။ လူပြက် ကိုဒန်ချိုင့်နှင့် နှစ်ကိုယ်ကြား ဇာတ်ကွက်ရိုက်ကြည့်ကြသည်။ ကိုဒန်ချိုင့်ကလည်း ချက်ဆို နားခွက်က မီးတောက်ပြီးသားဆိုတော့ ဆိုကြငိုကြရုံသာ။ ဉညြသံအေးက ဘုရားစင်ရှိရာလှည့်ကာ ဘုရားရှိခိုးသည်။ ရတနာသုံးပါးကို ကြည်လင်သောအသံ၊ ချိုအေးသောအသံ၊ နူးညံ့သောအသံတို့ ပေါင်းစုလျက် ကြည်ညိုဖွယ်ကောင်းအောင် ကျကျနနကြီးရှိခိုးခြင်းဖြစ်၏။

'မရဏာသတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကထာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတော ဂဓါ အမတပရိယောသာနာ။ ဘိက္ခဝေ ရဟန်းတို့၊ ဘာဝိတာ ပွားစေအပ်သော၊ ဗဟုလီကတာ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သော၊ မရဏာသတိ သေခြင်းတရားကို အောက်မေ့ခြင်းသတိသည်၊ မဟပ္ဖလာ ကြီးသောအကျိုးရှိ၏၊ မဟာနိသံသာ ကြီးသော အာနိသင်ရှိ၏၊ အမတောဂဓါ အမြိုက်နိဗ္ဗာန်လျှင် တည်ရာရှိ၏၊ အမတပရိယောသာနာ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏တဲ့။ ဟုတ်ကဲ့မှုတ်လား၊ သူတော်ကောင်းတို့ရှင် ဘုရား, ဘုရားနေ့မြင် ညပျောက် ဖောက်ပြန်တတ်သောသဘောများ တယ်ဆန်းကြယ်ပါကလားရှင်။ ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်သူကို ရည်စူးလို့ပေးလှူတဲ့ ဒါနကုသိုလ်စေတနာ၊ ဆောက်တည်လတ္တံ့သော သီလကုသိုလ်စေတနာ၊ သေခြင်းတရားကို မျက်မှောက်ပြုဆင်ခြင်ခြင်း မရဏာသတိ ဘာဝနာကုသိုလ် စေတနာတို့၏ အကျိုးကြောင့် အဆုံးဘဝ မသေရာအမှန်ဖြစ်တဲ့ အမြိုက်နိဗ္ဗာန်ကို ရောက်လွယ်နိုင်ကြပါစေဆိုတဲ့ အတိုင်း သမီး ဉညြသံအေးက ဇာတ်လမ်းမစခင် မှတ်တမ်းပြုရပါတယ်။ ဟုတ်ကဲ့လား လေးဂျိုင့်ရေ'

'ဟုတ်ပ၊ ဉညြရေ၊ ဒါ့ထက် အခုက ဘာမသာတုံး'

'ဩော်, ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို ဆင်ခြင်နှလုံး

www.burmeseclassic.com

သွင်းနိုင်တဲ့ လူပုဂ္ဂိုလ် မဟုတ်ပါဘူး လေးဂျိုင့်ရယ်။ ခမျာ အကောင်းဘဝက ကံဆိုးမိုးမှောင်ကြီးကျရှာလို့ ချက်ချင်း မရဏကိန်းဆိုက်ရရှာတဲ့ ကျေးသားကလေးပါရှင်။ သတ္တဝါ ရယ်လို့ ဖြစ်လာမှတော့ အိုရမှု၊ နာရမှု၊ သေရမှု၊ ကုန်ခန်းမှု၊ ပျက်ယွင်းမှုတွေ ကြုံရသာလည်းမှန်ပါရဲ့။ အိုရတော့ ဆင်းရဲ သယ်။ နာရတော့ ဆင်းရဲသယ်။ သေရတော့ ဆင်းရဲသယ်။ ကုန်ခန်းပျက်ယွင်းတော့လည်း ဆင်းရဲသယ်။ ဒါကို တားလို့ မရသာလည်း သိပါရဲ့ရှင်။ အခုက ကျေးငှက်သာရကာ ဘာသာဘာဝ အေးမြချမ်းကြည် ငါးလီသောသီလနဲ့ ရုပ်နာမ် နှစ်တွေ ဓီဝိတိန္ဒြေတည် အသက်ကလေးရှည်နေတုန်းမှာ အကုသိုလ်ဓာတ်က နှိပ်စက်လို့ ဘဝတစ်ပါးခြားရတဲ့ အဖြစ် ကိုးရှင့်'

'ဘယ်လို အကုသိုလ်ကောင်ကများ အဟိတ်တိရစ္ဆာန် ကျေးသားကလေးကို ရက်ရက်စက်စက် သတ်လိုက်သာတုံး ဥညြရယ်။ မဟုတ်မှလွဲရော ငှက်လောက်မှ မလိမ္မာ မယဉ် ကျေးတဲ့ လူ့ခွေးချေးလိုကောင်က ဓီဝိန်ခြွေလိုက်သာများလား။ မိမဆုံးမ၊ ဖမဆုံးမသားသမီးများ တယ်ပြီးမိုက်သကိုး။ သေရင် ငရဲဇောက်ထိုး အိုးမဆုံ့မှာ မြင်ယောင်သေးရဲ့'

'ကိုင်းပါ လေးဂျိုင့်ရယ်၊ ဒါက သူ့အကုသိုလ်နဲ့သူ ကျင်းယက်ပြီး မဟာအဝီစိ ဆင်းပါလိမ့်မယ်။ မင်းသမီး ဥညြသံအေးက ကျေးမသာကို တေးကဗျာအမှုနဲ့ ဓာတ်လမ်း သင့်လို့ သဘင်စခန်းဖွင့်ရဦးမှာကိုးရှင်'

'ကောင်းပါ့ဗျား၊ ကောင်းပါ့'

ဥညြသံအေးက ထဘီအနားကလေးကိုခတ်ရင်း နေရာ ရွှေ့လိုက်သည်။ ခြေဆင်းတစ်ပိုဒ်ကို အသံမြှင့်ကာ ခြောက် ပေါက်သံ ပစ်ဆိုလိုက်သည်။ အသံဖြင့် အုပ်လိုက်ခြင်းပင်။

*'ဆောင်းလေကမြူး×××လေရူးငယ်က သုန်သုန်××× မြူနှင်းတွေ ဖုံလာပြန်တော့××××ဟို၊ ရဂုံမြိုင်အတွင်းဝယ် ×××သာမောငယ်စီ××××လွမ်းလေတယ်မှ လွမ်းလေတယ် ××××ကွယ် လွမ်းလောက်ဖွယ်'*

'အလို၊ သာယာလိုက်တဲ့တော ဘာပင်တွေရယ်လို့ တောင် မပြောနိုင်လောက်အောင် စုံလှချည့်ရဲ့၊ စုံတောရယ်သာ ထုံမောစွာနဲ့ ဗျာပါနှောင်ကျူး ဖော်အလို မျှော်သကို ခေါ်သလို ထင်ရမက်ကယ်နဲ့ ကျေးငှက်ကမြူးထူးလိုက်တဲ့မြိုင်၊ ပင်စခန်းနဲ့ ခင်တန်းလှိုင် မှိုင်တစ်ကိုယ်တည်း ထိုင်ငိုလို့ညည်းလောက် ကဲ့၊ အမြီးကော့ကော့ တစ်ထီတစ်ဉာဏ် ဝစီဖန် လည်ဆံကြော့ နဲ့ သော့တမြန်မြန် ရဂုံအမျိုး တစ်ဟုန်ထိုးပျံကြ စိုးထန်ရမက် ချိုးသံငှက်ကြက်ကတစ်ဖြာ၊ ခါကတစ်နှုန်း၊ ငုံးကတခြား၊ ကုံးပတ္တမြားငွေ လွှမ်းအားပွေ ရဝေတော ကြူစွာလှိုင်တဲ့ ရူကာ မြိုင် နံ့သာချောင်း တောအပေါင်းလှည့်လိုက်သာ ပြန်ချိန် တောင်ကျပါပေါ့လား။ သည်အချိန်ဆိုရင် ငါ့သခင် မျှော်လှ ချေ့မယ်၊ တောအလိုက်ဘာသာ ငှက်ကျေးသာရကာရယ်လို့ အတောင်ရှိသမျှ ပျံချင်ပေသိ အချိန်တန်တော့ သခင့်လှောင် အိမ်ပြန်ရသာပါပဲ။ အလို၊ သည်ကနေ့ အစာရှာရသာ ဟိုဟို သည်သည် ပျံရသာ စိတ်ရောကိုယ်ပါ လေးလံလိုက်သာ။ ဥတုရာသီကလည်း သည်ကနေ့မှ ဖောက်ပြန်လိုက်သာ မိုးမှောင် ကြီးကျ ခိုးကြောင်ထသလိုပါကောလေ။ မျက်လုံးတွေက လည်း ခါတိုင်းလို အမြင်မလင်းဘယ်သင်း၊ ဘယ်အရာ ကြောင့်များပါလိမ့်။ သခင့်အိမ်ဝရောက်ရပြန်တော့ ခါတိုင်းနဲ့ မတူ ထူးလှချေရဲ့၊ ကြည့်စမ်း၊ သခင့်အိမ်ကလည်း ပိတ်ထား လို့ပါလား။ ဘယ်ကိုများသွားလို့ပါလိမ့်။ ခါတိုင်းဆို အတောင် ကလေးရပ်ပြတင်းပေါ် ခြေကလေးကုတ်လိုက်ရင် သခင်ငုတ် တုတ် ရောက် လာနေကျပါ။ သခင်၊ သခင် အို ရွှေကျေးသခင် ရဲ့ခေါ်လို့လည်းမကြား၊ အော်လို့လည်း မထိရောက်။ သခင် ပျောက်ပုံထူးလိုက်ပါဘိ။ အိမ်တံခါးတွေ ပြတင်းတွေဟင်း လင်းပွင့်ပါ လျက်ကနဲ့ ဘာကြောင့်များ အိမ်တွင်းဝင်မရပါ လိမ့်နော်'

ဥညြသံအေးက သူ့အလှည့်နားလိုက်ပြီး ခုံရှည်မှာ ဝင် ထိုင်လိုက်သည်။ ကိုဘရှင်နှင့် ဧည့်သည်တွေက ဥညြသံအေး ကို စူးစူးဝါးဝါး ကြည့်နေကြလေ၏။ သည်လူတွေရှေ့မှာ ကြမ်းပေါ်စိုက်ထားသော ဓားရှည်တစ်ချောင်းနှင့် လည်ပင်း ကျိုးနေသည့် ကြက်တူရွေးသေတစ်ကောင် ရှိနေသည်။ အခြား ဘာမှ ထွေထွေထူးထူးမရှိ။ ကျယ်ဝန်းသော အိမ်ခန်းထဲမှာ ငှက်တစ်ကောင်လို ပြေးလိုက်လွှားလိုက်၊ ဟိုသည်ကြည့်လိုက်၊ စာတွေ ရွတ်လိုက်လုပ်နေရသည်။ အနုပညာဈာန်ကလေး ဝင် လာတော့ ကြောက်စိတ်ပင် မရှိတော့ပြီ။ ထိတ်ကျည်းလန့် ကျည်း မရှိတော့ပြီ။ ငှားသူဆီက အခကြေးငွေ ယူထားမိပြီ ဆိုတော့ သူ့ဘက်ကလည်း အနုပညာကိုပေးဆပ်ဖို့သာ ရှိသည် လို့ ဥညြသံအေး ခံယူမိပြီ။ ငှက်သေကို ကျူးရလို့ ကသိက အောက် ဖြစ်ရပေသိ ဓာတ်ခုံပေါ်ရောက်ပါပြီ ဆိုကတည်းက မိုးချုပ်က မိုးလင်း တောကား၊ တောင်ကား၊ ပုဏ္ဏားကွယ်ကြား မအိပ်မနေ ဆည်းပူးခဲ့ရသည့် ပညာကို သည်တစ်ခါ အသုံးချ ခွင့်ရပြီ။ ဥညြသံအေးဘဝမှာ သည်တစ်ခါ ကြုံရသည့်အဖြစ် က ထိတ်လန့်စရာလည်း ကောင်းပါ၏။ ရင်ခုန်စရာလည်း ကောင်းပါ၏။ ကြက်တူရွေးကို လည်လိမ်ချိုးပြီး ငှက်သေ ကိုကျူးတော့ဆိုကတည်းက သူ့ကိုယ်သူ ကျေးသားငှက်အသွင် သရုပ်ဆောင်ပြီး ငှက်နေရာက ကျူးဖို့စိတ်ကူးရခဲ့သည်။ ဆိုရ မည့်သီချင်း၊ ငိုရမည့်ငိုချင်း၊ ပြောရမည့်စကားတွေ။ အမူအရာ တွေ။ ကျရာ ဓာတ်ရပ်အပေါ် လုပ်လိုက်ရခြင်းပင်။ လူပြက် ကိုဒန်ချိုင့်ကလည်း သူ့နေရာ၊ သူ့အလှည့် ဘာလုပ်ရမလဲ မဲမတင်းရသူ။ ကိုဒန်ချိုင့်က ပုဆိုးတောင်ရှည် ခါးတောင်း ကျိုက်ရင်းက သူခိုးကြီးငထော် ဖောက်ထွင်းခန်းကို သူခိုး စကားနှင့်စလေ၏။

'လောကတစ်ခွင် စောရာဘုရင် ငါ ငထော်ကွဲ့နော် ရန် ပေါ်လျှင် ခေါင်တစ်လူပ တောင်ဇမ္ဗူ ဤနယ်တွင်း မဆိုင်သူ အရှင်းဆုတ်ကြကွဲ့နော်၊ ပျဉ်ထောင်အိမ်အထက် လရောင်ရှ

www.burmeseclassic.com

ရှောင်ပြီးတက်တော့ မိုးမှောင်မကျတကျ ခိုးကြောင်ထ တစ်မျိုး ဆောင်ရတဲ့ သိဒ္ဓိစွမ်းစရာ ကွမ်းယာမန်းကလေးဝါးပြီး ကမန်းကတန်းခိုးမှ တော်ကာကျတော့မှာကိုး’

‘သယ်,သောင်းသိဒ္ဓိနိုး ဆင်စွယ်ရိုးစားမြှောင်နဲ့ သန်းခေါင်ကျော် ခိုးတဲ့သူခိုး၊ အလို, ဟိုအိမ်ကြီးက မီးထိန်ထိန်ကျုံးရွာသူကြီးတို့အိမ်ပါလား၊ သူကြီးကလည်း ချမ်းသာလိုက်သာ၊ သူများပစ္စည်း မတရားသိမ်းထားသာနဲ့ တူပါရဲ့။ ရွှေအိုးကိုးလုံး၊ ကျွဲနွားတွေက တရုန်းရုန်း၊ သူကြီးကတော် ပုလဲပုတီးက ဆယ်ကုံး။ ငါဖြင့် လုံးလုံးကြီး ဟန်ကျကပြီ။ ပြောနေကြာပါရော့, ခြံစည်းရိုးစပ် အသာကပ်ပြီး ယခုပင် ဖွတ်တက် ချွတ်နှက်လို့ ပို့စမ်းရွာစား’

သူခိုးငထော်လုပ်သည့် လူပြက် ကိုဒန်ချိုင့်က ထိုင်ပြန်တော့ ဥညြသံအေးက ထရပြန်သည်။ သခင့်အိမ်ပြန်လာသည့် ကျေးငှက်က ခြံစည်းရိုးစပ်တွင် ကပ်ပြီး ချောင်းနေသည့် သူခိုးကိုတွေ့တော့ သခင်နိုးအောင် တောင်ပံတွေ တဖျပ်ဖျပ်ခတ်သည်။ အသံကုန်အော်သည်။ အတောင်တွေက ခတ်လို့မရဟန်၊ အသံမထွက်ဟန်ပြုရင်း ဆောက်တည်ရာမရ ဟိုဘက် သည်ဘက် ပြေးဟန်ပြုသည်။ သူခိုးငထော်က အိမ်ထရံခွာတာမြင်တော့ ကျေးသားက အိမ်စောင့်နတ်ကို တိုင်တည်ရသည့်အခန်း။ ဥညြသံအေးက နတ်ပင့်စာရွတ်လိုက်တော့ စောစောက သူခိုးငထော်လုပ်သည့် လူပြက် ကိုဒန်ချိုင့်ကပဲ အိမ်စောင့်နတ်လုပ်၍ ထွက်လာရပြန်သည်။ ဘုန်းကြီးပျံပွဲတွေမှာ နတ်လုပ်ထွက်နေကျအတိုင်း နတ်ဗောင်းဆောင်းနှင့် လည်ပင်းမှာ ဗာလီကွေးစွပ်ချလိုက်ခြင်းပင်။ နတ်က ကိုယ်ထင်ပြတော့ ဥညြသံအေးက အိမ်စောင့်နတ်ကို အကူအညီတောင်းသည်။ အိမ်စောင့်နတ်က အသက်ဝိညာဉ် ပျောက်နှင့်ပြီဖြစ်လို့ အိမ်ထဲဝင်ခွင့် မပြုနိုင်ကြောင်း ရှင်းပြတော့ ကျေးသားက သူမသေကြောင်း၊ သူ့သခင် အိမ်အတွင်း သူဝင်ခွင့်ရှိကြောင်း၊ အခုတော့ နတ်ကတားလို့ ရင်ကွဲရပြီဖြစ်ကြောင်း ပြောပြောပြီး ငိုတော့သည်။ သည်အခန်းမှာတော့ ဥညြသံအေး ကောင်းကောင်း ဆိုနိုင်၊ ငိုနိုင်ပြီ။

*‘ကြားရတဲ့စကားအလာ×××နားဝမှာ နင့်ကာဆို့လှချည်ရဲ့×××ဘဝင်မှူ အခက်ပွေ×××အမယ်လေး,အသက်ပါ သေရပြီပေါ့’*

‘နေပါဦး မောင်ကြီးနတ်ကယ်၊ ကျုပ်ကို သေပြီလို့ မပြောပါနဲ့၊ ကျုပ်က ငှက်ရှင်ပါ။ တောထဲ၊ တောင်ထဲ ဝေဟင်ခရီးက ခုတင် ပြန်ရောက်ပါသယ် နတ်မင်းရယ်။ သခင့်အိမ် သူခိုးကပ်လို့ သူခိုးမျက်လုံးတွေ နှုတ်သီးနဲ့ ထိုးဖောက်မယ်ကြံတော့ အတောင်ခတ်လို့မရဘူး။ နေစမ်းပါဦး၊ အိမ်စောင့်နတ်ကြည့်ရသာ စောစောက သူခိုးငထော်နဲ့ တူလိုက်သာနော်’

‘သူခိုးငထော်လည်းငါပဲ၊ နတ်ငထော်လည်းငါပဲ၊ နခိုးငထော်လည်းငါပဲ၊ သူကြီးသားငထော်လည်း ငါပဲ၊ အရက်သမားငထော်လည်း ငါပဲ၊ ငထော် ငါးကိုယ်ခွဲဟဲ့’

‘နေပါဦး မေးစမ်းပါရစီ၊ ကျေးသားဘဝနဲ့ ကျုပ်ဟာကျုပ် သူတကာအပေါ် မေတ္တာမပျက်ပါဘဲ အေးအေးချမ်းချမ်းနေပါလျက်ကနဲ့ ဘယ်လူယုတ်မာကများ ဘယ်အငြိုးနဲ့ သတ်ပါလိမ့် နတ်မင်းရယ်’

‘ဘယ်သူရှိလိမ့်မတုံး ကျေးသားရဲ့၊ နင့်သခင်ပေါ့။ နင့်လည်ပင်းကို ချိုးလိုက်သာများ ဂျွတ်ဆိုတောင် မြည်သေးဗျာ၊ အခုတော့ ကျေးသားရဲ့ နင်ကိုယ်တိုင် ကိုဘရှင်, ကိုဘရှင်လို့ မအော်နိုင်တော့ဘူးမှတ်လား၊ အော်ဦးလေ၊ မအုန်းရင်, မအုန်းရင်လို့’

သည်ပြက်လုံးကိုကြားတော့ အရက်တစ်ခွက် ရှေ့ချရင်း မျက်ထောင့်နီကြီးနှင့် ခပ်ပေပေကြည့်နေသည့် ကိုဘရှင်က အားရပါးရ ရယ်လေတော့သည်။ တံခါးဝမှာ ပေစုတ်စုတ် ထိုင်နေသည့် မအုန်းရင်ကလည်း မပွင့်တစ်ပွင့် ခပ်အုပ်အုပ်ရယ်သည်။ ကိုဘရှင်၏ လူတွေကလည်း ရယ်ကြပါ၏။ ကိုဒန်ချိုင့်အမူအရာ ကောင်းလွန်းလို့ ဇာတ်လမ်းအရ မျက်နှာကလေးညှိုးထားရသည့် ဥညြသံအေးပင် ရယ်ချင်မိလို့ မျက်နှာပိုးသတ်ထားရလေ၏။

‘မဟုတ်တဲ့စကား မပြောပါနဲ့နတ်မင်းရယ်၊ ကျုပ်သခင်က သူတော်ကောင်းပါ။ လူလူချင်း မဆိုထားနဲ့ ကျုပ်လို ကျေးသားတောင် သစ်စေ့သစ်ဆန်ကလေးတွေကျွေးလို့၊ ရေကြည်ရေအေးမပြတ်အောင်တိုက်လို့၊ ကျုပ်ကြိုက်တဲ့ ငရုတ်သီးမှည့်ကလေးတွေကျွေးလို့ ဘယ်တော့မဆို အသနားပိုရှာသူပါ။ စကားအလို မဆင်မခြင် မပြောပါနဲ့ မောင်ကြီးနတ်ကယ်’

*‘စကားအရာရယ် အသွားအလာ ဆင်ခြင်သင့်ပါရဲ့××× အို နတ်မင်းရယ်, အများပါရင် ခားပမာ ထက်ပါသတဲ့××× ပျားသကာရဲ့ပမာလိုပြော အောာ××× ပောာ××× ညော်, အခုတော့ သခင်ချစ်တဲ့ကျေးသား အိမ်နားတောင် မကပ်ရဘူးတဲ့ လားတော်တို့××× အင့် ဟင့်××× ရိပ်ဝနာတောခင်အကွေ့မှာ လ×××တစ်ဆိတ်စာ ဗျောတင်လို့ နက်သည့်နယ်×××ချောင်အတွက်ကယ်×××အလိုလေး, ခေါ်ပြင်လို့ ကျွေးကြပါဦး××× အုံး ဟုံး×××’*

‘ကျေးသူငယ်မ ငိုလို့လည်း အိမ်ထဲ မဝင်ရဘူး။ ကြက်တူရွေးတံခါးပိတ် ဂျိတ်’

‘ကောင်းပါပြီရှင်၊ သေပြီဆိုမှတော့ ကျွန်ုပ် ဝင်ခွင့်မတောင်းတော့ပါဘူး။ ကျွန်ုပ်သခင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းရှိအောင် စောင့်ရှောက်တော်မူပါ နတ်မင်းရယ်’

‘ငါတောင် အိမ့်မြောက်ဘက်က သလဲပင်တောထဲ တိုးနေရသာဟဲ့’

ဥညြသံအေးက ပဝါကလေးနှင့် မျက်ရည်ကို တို့တို့ပြီး ငိုချင်းဆက်သည်။

*‘သေသည် ငယ်မှအဆုံး×××ညော်, သေသည်ငယ်မှ အဆုံး××× တောင်ကုန်းရယ်မှ မိုးမှောင် တူရွှင်းထောင် ယွင်းနှောင် အခင်းကုန်အောင်ပြောကြပေါ့နော်×××မြည်သီငယ်မှ*

www.burmeseclassic.com

*×××သြော်၊ မြေညီငယ်မို့မို့ထင်သလို ဖို့ဖို့ပြီးတော့××× ကျေးသားကို မြှုပ်ကြတော့မယ်ပေါ့နော်××× အံမယ်လေး၊ ကျုပ်သခင်ကြားအောင်ပ ငိုလိုက်မယ်မှ ငိုလိုက်မယ်×××လေး'*

ဥသြသံအေးက ဘဝပြောင်းမှန်းသိလို့ ကြွေကြွေကွဲကွဲ ငိုရပုံဖြင့် စကားတွေပြောလိုက်၊ ငိုချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုလိုက်၊ သခင်နဲ့ခွဲရလို့ လူးလိုက် လှိမ့်လိုက်လုပ်နေတာကို ကိုဘရှင်က မျက်တောင် မခတ်စတမ်း ကြည့်နေခဲ့သည်။ သူ့အေးက သူ့လူတွေကလည်း မျက်ရည်တွေဝေလို့။ မအုန်းရင်က ကြက်တူရွေးကို လည်လိမ်ချိုးလိုက်ကတည်းက ငိုချင်ချင်ဆိုတော့ ကျေးသားအဖြစ် သရုပ်ဆောင်သူ ဥသြသံအေးကို ကြည့်ရင်း ငိုလေတော့သည်။

'ကောင်းပါပြီ နတ်မင်းရယ်၊ နောက်ဆုံးအနေနဲ့ ကျွန်ုပ်အိမ်ထဲကို မဝင်ရပေသိ ကျွန်ုပ်သခင်အိမ်မှာ ဖောက်ထွင်းနေတဲ့ သူခိုးငထော်ကို မျက်စိနှစ်ကွင်း အလင်းမရအောင် နှုတ်သီးကောက်ကောက်နဲ့ ထိုးဖောက်လိုက်ချင်ပါသေးရဲ့။

သို့ပေမဲ့လို့လည်းလေ ရန်ကိုရန်ချင်း မတုံ့နှင်းချင်တော့ပါဘူး။ ကျွန်ုပ်သခင်ကို အသိပေးဖို့ရာ ကျွန်ုပ်ကို ခွန်အားသာပေးတော်မူပါ'

'ဟဲ့၊ ကျေးသားရဲ့၊ နင့်လည်ပင်း ချိုးသတ်တဲ့လူကို နင် စိတ်မနာနိုင်သေးဘူးလား'

'သြော်၊ ပြုသူအသစ် ဖြစ်သူအဟောင်း၊ ဘဝကအကြောင်း ကြောင့်ဖြစ်ရသာ သံသရာအပါ မခံပါရစီနဲ့တော့။ သခင်က ရက်စက်စွာသတ်ခဲ့ပေသိ ကျွန်ုပ်က မေတ္တာမပျက်ပါဘူး နတ်မင်းရယ်။ ဤမှန်သော သစ္စာစကားကြောင့် ဘဝ ဘဝတိုင်းမှာ သူတစ်ထူးကို ညှဉ်းပန်းနှိပ်စက်တတ်သောသူ မဖြစ်မူဘဲ သူတစ်ထူးကို မေတ္တာပြုသူ မေတ္တာရှင်သာ ဖြစ်ပါရစီ'

'ပြည့်စေဗျား၊ ပြည့်စေဗျား၊ အင်း၊ အဟိတ်တိရစ္ဆာန်ပင် ဖြစ်သော်လည်း တယ်လည်း မေတ္တာအားကြီးသကိုး။ မေတ္တာရှင် ကျေးသား ခွန်အားပြည့်စေဗျား'

'အလို၊ ငါ့အတောင်တွေ ခွန်အားနှစ်ဆ ပြည့်ပြည့်ဝဝကြီးရပါပကော၊ နောက်ဆုံးခွန်အားနဲ့ သခင်နိုးအောင် နှိုးလိုက်မယ် သူခိုးမိရော့ဟယ်'

သည်အခန်းပြီးတော့ ကိုဒန်ချိုင့်က သူခိုးပြန်လုပ်ရပြန်သည်။ နတ်ဖောင်းဆောင်းတိုကိုချွတ်ချပြီး ခါးတောင်းပြန်ကျိုက်လေ၏။ ဥသြသံအေးအဖို့ရာ ညနေသုံးနာရီကတည်းက တစာစာရွတ်ရင်းဆိုရင်း ငိုရင်းညည်းရင်းဆိုတော့ ချွေးပြိုက်ပြိုက်ကျ ပင်ပန်းလှလေပြီ။ အချိန်လည်းလင့်လှပြီ။ ပြတင်းက မြင်ရသလောက် အပြင်မှာ နေစွယ်ပင်ကျပါပကော။ သူခိုးငထော်က သူ့အလှည့်ဝင်လေ၏။

'အောင်မယ်၊ အိမ်ရှင်နိုးပြီး သူခိုး၊ သူခိုးအော်ပြီး လိုက်လိုက်ကြသာ ရွာသားတွေ မနည်းပါလား။ ကတိုက်ကရိုက် ထိုးခုန်အချ ပုဆိုးခါးပုံစအစွန်း ထရံနှင့်ငြိပြီး ကျွမ်းပြန်ကာ အဝီစိကျသလို သူကြီးကိုသာဆော့ မီးခွက်နဲ့ အနားလာပြီးမားနဲ့ကပျာကယာ စောင်းကာတွက်လိုက်တော့ ခေါင်းက ဆံပင်ထိပြီး မှောင်စပ်အစ သျှောင်ပြတ်ကာ ကျပါပေါ့ကလား။ သည်ကြားထဲ အောင်မြတ်ဆိုတဲ့ ကတုံးအသားမည်းက ဖြုန်းခနဲ အတင်းကျုံးအော်လိုက်သာ ဗုံးကြိုသလားမှတ်ရ'

ဥသြသံအေးက သူခိုးပြေးတော့ ဇာတ်ပေါင်းပြီ။ ကျေးသားကလေးနေရာက ကျေးဇူးတရားထောက်ထားအပ်ပုံ၊ သတ္တဝါအချင်းချင်း မေတ္တာဖြင့် ထောက်ညှာအပ်ပုံ၊ ဆိုးစရိုက်ကို အဖိုးထိုက်သည့် အကျင့်သီလနှင့် ပြောင်းလဲအပ်ပုံတွေကို စာနှင့်ရွတ်ရင်း ဇာတ်ကိုသိမ်းလေ၏။ မကောင်းမှုသည် မကောင်းမှုအကျိုးကိုသာ ရေးရှုသည်ဖြစ်၍ ကောင်းအတိတ်၊ ကောင်းနိမိတ်၊ ကောင်းစိတ်ရှိကြဖို့လိုကြောင်း ဇာတ်စာတွေ ရွတ်ပြန်သည်။ ဥသြသံအေးက ဆိုင်းမပါ၊ ဝိုင်းမပါ အခြောက်ဆို၊ အခြောက်ငို ဆိုငိုနေရပေသိ လမိုင်းကြီးစီးသလို သူ့ကို ဝိုင်းထားသည့် အခြေအနေဆိုးကိုပင် မေ့လျော့နေတော့သည်။

'မြစ်ပင်ကောင်းလျက် စည်းသောင်ဖျက်၊ လူပင်ကောင်းလျက် အပေါင်းအဖော်ဖျက်၊ မင်းပင်ကောင်းလျက် မင်းမြောင်ဖျက်၊ ဓမ္မသတ်တရား ရှိပါငြားလျက် တိမ်းပါးငဲ့ကွက် လက်ဆောင်ဖျက်၊ ဆတ်သွားဖူး ဆူး၏အတွက် ပျားမမက်ပါတဲ့ရှင် စကားအရာ တရားပါလိုက်သာ လေးကျိုင့်ရေ။ ဒါကြောင့် သူတော်ကောင်းတရား ပွားများအားထုတ်နိုင်ကြသည်ဖြစ်၍ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ကာမစ္ဆန္ဒ ဟူသော သံယောဇဉ်တို့ကိုဖြတ်တောက်ကြပြီးလျှင် ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော အစွန်းငါးပါးက လွန်မြောက်၍…'

ဥသြသံအေးက တရားပြစာနှင့် ဇာတ်ကိုသိမ်းလိုက်သည်။ လူတစ်ကိုယ်လုံးလည်း ချွေးတွေနစ်နေပြီ။ ကိုဒန်ချိုင့်ကလည်း အခုမှ ဆေးလိပ်တစ်လိပ် ဖင်ခြစ်ပြီး မီးညှိရလေ၏။ အခန်းတွင်းမှာ ညနေခင်း အပူရှိန်ကတောက်လောင်လျက်ရှိလေသည်။ ကိုဒန်ချိုင့်နှင့် ဥသြသံအေးတို့ နှစ်ယောက်စလုံး ကိုယ့်အဝတ်ကလေးတွေကို မလဲနိုင်ကြသေးဘဲ ကိုဘရှင် စီရင်ချက်ချမှာကို စောင့်နေရသော တရားခံများလို ငြိမ်နေကြရလေ၏။ သူ့လက်ခုပ်တွင်းကရေသွန်လိုသွန်၊ မှောက်လိုမှောက်စေတော့။ ကိုယ့်တာဝန်တော့ ကိုယ်ကျေခဲ့လေပြီ။ အိမ်ကြီးထဲမှာ ပွဲကြည့်ပရိသတ်ဆိုလို့ငါးယောက်သာရှိသည်။ ပွဲကသူကနှစ်ယောက်။ ပြီးတော့ လည်ကျိုးနေသည့် ကြက်တူရွေး အသေတစ်ကောင်နှင့် ကြမ်းပေါ်စိုက်နေသည့် ဓားရှည်တစ်ချောင်း။

ကိုဘရှင်က လူစိတ်ပျောက်နေသလို မျက်လုံးကြီးတွေ လန်နေရာက အရက်မူးမူးနှင့် ထရပ်သည်။ ကြမ်းပေါ်စိုက်နေသည့်ဓားရှည်ကို ဆတ်ခနဲ နုတ်သည်။ ဥသြသံအေးက မြင်ကွင်းကို မကြည့်ရဲသလို အပြင်ကို လှမ်းကြည့်လိုက်သည်။ အပြင်မှာ မှောင်ရိပ်သန်းလေပြီ။ ထိုအခိုက်အတန့်ကလေးမှာပင်…။

*(ဆက်လက်ဖော်ပြပါမည်)*

■ ခင်ခင်ထူး